www.dhammadownload.com

ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ အမှတ်-၁တိုက်ခွဲ၌
(6.10.2007 မှ 13.10.2007ထိ) ကျင်းပပြုလုပ်သော
အကြိမ် ၄၀ မြောက် ဝါတွင်း မုံလယ် ၇-ရက် တရားစခန်း တွင်
ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ
မုံလယ်ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူအပ်သော
ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ်တရားတော် ၁၄-ပုဒ် ။

☆☆☆☆☆☆☆☆☆☆☆☆☆☆☆☆

မာတိကာ ။

(၁) ၆-၁၀-၂၀၀၇ ခုနှစ် ည(၇)နာရီအချိန်

www.dhammadownload.com

ဟောကြားဆုံးမတော်မူအပ်သော
မိလက္ခမုဆိုး အကြောင်း

(၂) ဂု-၁၀-၂၀၀၇ ခုနှစ် နေ့(၂)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော
မဟာပါလရွာအကြောင်း

(၃) ဂု-၁၀-၂၀၀၇ ခုနှစ် ည (၇)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော
ဒေဝီလ ရသေ့ကြီး အကြောင်း

(၄) ၈ - ၁၀ -၂၀၀၇ ခုနှစ် နေ့(၂)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော
အာရုံ အာရမ္မဏိကအကြောင်း ။

(၅) ၈ - ၁၀ -၂၀၀၇ ခုနှစ် ည (၇)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော
သန္တတိအမတ်ကြီးအကြောင်းဥပမာပြု

(၆) ၉-၁၀-၂၀၀၇ ခုနှစ် နေ့(၂)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော
အန္ဓဘာရ မြက်ရိတ်သမား အကြောင်း

(၇) ၉-၁၀-၂၀၀၇ ခုနှစ် ည (၇)နာရီအချိန်
ဟောကြားဆုံးမ တော်မူအပ်သော
လောသကတိဿ ရဟန်းအကြောင်း ။

www.dhammadownload.com

(၈) ၁၀-၁၀-၂၀၀၇ ခုနှစ် နေ့(၂)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော
သီလသုံးမျိုးအကြောင်း ။

(၉) ၁၁-၁၀-၂၀၀၇ ခုနှစ် နေ့(၂)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော တရားသိသောသူဌေး နှင့် တရားမသိဖ
သာသူဌေး နှစ်ဦးအကြောင်း

(၁၀) ၁၁-၁၀-၂၀၀၇ ခုနှစ် ည (၇)နာရီအချိန်
ဟောကြားဆုံးမ တော်မူအပ်သော ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေ အကြ
ကာင်း ။

(၁၁) ၁၂-၁၀-၂၀၀၇ ခုနှစ် နေ့(၂)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော ဒုဿီလရဟန်းနှင့် ရှင်ဘုရင်ကြီး အကြ
ကာင်း ။

(၁၂) ၁၂-၁၀-၂၀၀၇ ခုနှစ် ည (၇)နာရီအချိန်
ဟောကြားဆုံးမ တော်မူအပ်သော မာဃလုလင် နှင့် သုဇာတာဗျိုင်းမလေး
တို့ အကြောင်း ။

(၁၃) ၁၃-၁၀-၂၀၀၇ ခုနှစ် နေ့(၂)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော ကံ / ကံ၏ အကြောင်း အကျိုး ဥပမာပြ
။

(၁၄) ၁၃-၁၀-၂၀၀၇ ခုနှစ် ည (၇)နာရီအချိန်
ဟောကြားဆုံးမ တော်မူအပ်သော ဇောတိကသူဌေး
အကြောင်း ။( စခန်းသိမ်း)

www.dhammadownload.com

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ အနောက်ဂန့်ဂေါ၊ မုံလယ်တောရေကျောင်း၊ ပဓာနနာယက ဆရာတော်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရားကြီး ။

ပဲခူး ဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီး ပေါ်တွင်
၆-၁၀-၂၀၁၇ ခုနှစ် ည(၇)နာရီအချိန် ဟောကြားဆုံးမတော်မူအပ်သော
မိလက္ခမုဆိုး အကြောင်း ဥပမာပြ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ်
တရားတော်။

အဟမ်း အဟမ်း အဟမ်း....

ဘုန်းကြီးက မစရသေးဘူး ဟေ့
တရားက ပြနေပြီ အဟင်း အဟမ်းတဲ့
ဒါ တရားတွေပါတကား ဟေ့။
အဲဒါ သိဖို့လိုတာ ။

အဟင်း အဟင်း ဆိုတော့ ကောင်းတာ မဟုတ်ဘူး ဒကာကြီး။
မကောင်းတာတွေ ပေါ်နေတော့တာ။

အနန္တော အနန္တ ငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

www.dhammadownload.com

ဗုဒ္ဓသ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မသ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃသ-မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ကျွတ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုသ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယသ-ဂိုဟသနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့်ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော  နိဗ္ဗာန်သို့ လည်းကော

www.dhammadownload.com

ငး် တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာသုံးခေါက်။

(မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠုသုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။)၃ ပါဘုရား။

( နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ )၃

ဝိညာဏ်မြင် သမ္မတိသစ္စာအားဖြင့် ...
ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရမယ်လို့မဟောလား ... ။
ပါဏာတိပါတာအစ သုရာမေရယ အဆုံး ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ကျူးလွန်ရင် ကုသိုလ်လား အကုသိုလ်လား ... ။
အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက သေသည်ရဲ့အခြားမဲ့၌ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်လို့ မဟောလား ... ။ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား ...။ ဒါအကုသိုလ်ကံ ကြောင့်ဖြစ်တာနော် ယုံကြည်ဖို့မကောင်းလား ... ။

www.dhammadownload.com

ပါဏာတိပါတာအစ သုရာမေရယ အဆုံး ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌအ ဆုံး ကို ရှောင်ကြဉ်ရင် အကုသိုလ်လား ကုသိုလ်လား ... ကုသိုလ်ကံအကြောင်းကြောင့် အကျိုးတရားက လူ့ပြည် နတ်ပြည်ခြောက်ထပ် လို့မဟာလား ... ဆင်းရဲတဲ့တရားလား ချမ်းသာတဲ့တရားလား ဒါကုသိုလ်ကံ ကြောင့်ဖြစ်တာနော် ။ ယုံကြည်ဖို့မကောင်းလား ...

အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရင် ဗေဒင်မေးဦးမလား နတ်ကတော်မေး ဦးမလား ... ဝိဇ္ဇာတွေ မေးဦးမလား ... ဗေဒင်မေးတယ် နတ်ကတော်မေးတယ် ဝိဇ္ဇာမေး တယ် ဆိုတာ ကံကိုမယုံလို့ ပေါ့နော် ... ကံကိုယုံရင် မေးစရာလိုသေး ရဲ့လား ...

သက်ရှိသတ္တဝါတွဲ့။ ကမျဉ်းနီကစ ဆင်ကောင်ကြီးထိ သတ်မယ်ဆို ပါဏာတိပါတကံ မထိုက်ဘူးလား ... ပါဏာတိပါတကံ ထိုက်ရင် သေသည်ရဲ့အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား ... ။ အပါယ် ကိုကျ ငရဲကိုအားရအောင်ခံ။ ငရဲသက်စေ့ လူအဖြစ်ကို ရတယ်ထား ။ လူဖြစ်တဲ့ ဘဝမှာ မွေးမွေးချင်းသေတဲ့ ကလေးတွေ မရှိလား ... လသားနဲ့ သေတာမရှိလား ... ကျောင်းသားအရွယ်နဲ့သေတာ မရှိလား ... သူဌေးသားဘဲဖြစ်ဖြစ် သူဌေးသမီးဘဲဖြစ်ဖြစ် ငယ်ငယ် ရွယ်ရွယ်နဲ့သေတော့ သူဌေးရဲ့စည်းစိမ်ကို ခံစားရရဲ့လား ... အိုးပုတ် ချိုးရုပ်နဲ့ပျော်လို့ သေတော့တာနော် လူဖြစ်ကျိုး ရှုံးတာပေါ့ .. ။ အသက် တိုတယ်လို့မပြောလား ... အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား ... အသက်တိုတဲ့ အကြောင်းကို ရှာကြည့်တော့ သတ္တဝါ သက်ရှိ သတ္တဝါတွေ သတ်ခဲ့တာကိုးကွဲ့နော် ... အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား ... ဘယ်လောက်များထင်ရှားသလဲ ကြားရဲ့လား ။

www.dhammadownload.com

အရှေ့အိမ်က အဖိုးကြီး အဖွားကြီးတွေ... အသက် ၇၀ ကျော် ၈၀ စားနိုင်တယ် သွားနိုင်တယ် လုပ်နိုင်တယ် လို့မပြောကြဘူးလား .. သီလကုသိုလ် ကောင်းတာကိုးလို့အဖြေမပေးလား သီလကုသိုလ်ကွဲ့နော် ။ ယုံကြည်ဖို့မကောင်းလား ...။

သစ်သီး တစ်လုံး ပန်းတစ်ပွင့် ဟင်းတစ်ညွှန့် ကစ ရွှေ ငွေ ကျောက်သံ ပတ္တမြား အထိ ပိုင်ရှင်အခွင့် မပြု ဘဲနဲ့ယူရင် အဒိန္နာကံ မထိုက်ဘူးလား ... အဒိန္နာကံထိုက်ရင် သေသည်ရဲ့အခြားမဲ့၌ အပါယ်ကလွတ်ပါ့မလား ... အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ။ ငရဲသက်စေ့ လူအဖြစ်ရ... လူဖြစ်တဲ့ဘဝမှာ အငတ်ပြဿနာနဲ့ရင်ဆိုင်ရတယ်နော် ... ။ ဘယ်လိုဘဲလုပ်လုပ် စားဝတ်နေရေးပြေ ရဲ့လား ...။

ဒါမို့ ရှေးဆရာတော် သမားတော်တွေ ဘယ်လိုများ ဥပမာ ပေးတာလဲ ဖောင်စီးရင်းရေငတ်လို့ ဥပမာ မပေးလား.. ဖောင်ဆိုတာ သစ်ဖောင်တို့ ဝါးဖောင်တို့ ကြိမ်ဖောင်တို့ ရေပေါ်က သွားတာကွဲ့နော် .. အဲဒါ ဘယ်လိုများငတ်တာလဲ စိစစ်ဖို့ မကောင်းလား ... အောက်မှာ ကျောက်ဆောင် တွေရှိတယ်နော်။ သောင်တွေရှိတယ်နော် ။ရေသောက်လိုက်ရင် ကျောက်ဆောင်တိုက်တော့မှာပေါ့။ သောင်တင်မှာပေါ့ ။ တက်ကို ခပ်သုတ်သုတ် ဆွဲရတယ် ကြားလား ... ။ ဒါကြောင့် ဖောင်စီးရင်း ရေငတ်လို့ ဥပမာ မပေးလားဟဲ့ ... ။ အခုလည်း အလုပ်လုပ်ရင်း မတွန့် ငတ်တာကွဲ့ ... ။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ် တာလား ... ။ အဲလိုစိစစ်ဖို့မကောင်းလား ။ အဲဒါ လိုရင်းအချက်တွေကွဲ့နော် ။
န ယုံကြည်ဖို့ မကောင်းလား ... ။

သို့သော်လည်း ဆရာကောင်း သမားကောင်း အဆုံးအမကို ရတဲ့အတွက် အငတ်ပြဿနာနဲ့ ဘယ်လိုပင် ရင်ဆိုင်ဦးတော့ တံငါမုဆိုး လုပ်စားမယ်လို့

www.dhammadownload.com

ဖောက်ပြန် သေးရဲ့လား ... ။ သူခိုး ငတက်ပြား လုပ်စားမယ်လို့ ဖောက်ပြန်သေးရဲ့လား ... ဒါ ကံကိုယုံကြည်တယ်နော် ... ။ အဲဒီလို ယုံကြည်တဲ့ အတွက် ကြွေးဟောင်း မကျေဘူးလား ...။ ကြွေးသစ်တင်သေးရဲ့လား ... ။ အဲဒါ လိုတယ်ကွဲနော် ...။

လင်ရှိမယား မယားရှိလင် ကျူးကျော် စော်ကား လို့ ရှိရင် ကာမေသု မိစ္ဆာစာရကံ မထိုက်ဘူးလား ... ကာမေသု မိစ္ဆာစာရကံ ထိုက်ရင် သေသည် ရဲ့အခြားဌ အပါယ်ကလွတ်ပါ့မလား ... အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ငရဲသက်စေ့ လူ အဖြစ်ကိုရတယ် လူဖြစ်တဲ့ဘဝမှာ လူချင်းတူရဲ့လား ... ကွတ်ထိလိင် ပုလိင်ကြားလား ... လူဖြစ်ကျိုး ရှုံးတာပေါ့ ...

ခန္ဓာဝန် ထိန်းကျောင်းနဲ့ပတ်သက်လို့ မုသားကိုအမျိုးမျိုး မသုံးကြဘူးလား ... ။ မုသာဝါဒကံ မထိုက်လား ... ထိုက်ရင် သေသည်ရဲ့အခြားဌ အပါယ်ကလွတ်ပါ့မလား ... ။ အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ။ ငရဲသက်စေ့လို့ လူအဖြစ်ရလည်း လူဖြစ်တဲ့ ဘဝမှာ စားဝတ်နေရေးနဲ့ ပတ်သက်ပြီးတော့ ငွေကြေးကိစ္စ ဆန်စပါးကိစ္စ ချေး လို့ငှားလို့ လွယ်ကူစွာ ရရဲ့လား ... ဘယ်သူမှ အယုံအကြည်မရှိဘူးနော် ... အဲလို စိစစ်ဖို့မကောင်းလား။

ဘိန်း ဘင်း ကဇော် လော်စာ အရက် သေရည် သေရက်ကိုသောက်စားရင် သုရာမေရယကံ မထိုက်လား ... သေ သည်ရဲ့ အခြားဌ အပါယ်က လွတ်ပါ့မလား ... အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ငရဲသက်စေ့လို့လူ အဖြစ်ကိုရ ... လူဖြစ်တဲ့ ဘဝမှာ ရူးတဲ့ပုဂ္ဂိုလ်တွေမြင်ဖူးရဲ့လား ... လူဖြစ်တော့ လူရူး ခွေးဖြစ်တော့ခွေးရူး ဝက်ဖြစ်တော့ ဝက်ရူးပေါ့ ..
အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား ...
အကြောင်းကြောင့် အကျိုးတရား ပေါ်တာကွဲနော်
အဲလို စိစစ်ဖို့မကောင်းလား။

www.dhammadownload.com

... အဲဒါ ငါးပါး သီလ ပေးတာကွဲ့နော် ...
အဓိပ္ပါယ်သိအောင်လို့ပါဦးမထည့်တော့ဘူး ကြားလား ...
အဲဒါလေ့လာဖို့မကောင်းလား.. ။ အဲဒီငါးပါးထဲမှာ သုရာမေရယကံ... အင်မ
တန်ကြီးတယ် စိစစ်ဖို့မကောင်းလား ...

လူတယောက် အလုပ်တခု လုပ်လို့နေ့ခင်းကျတော့ ရိုးရိုးတန်းနှင့်လုပ် နှုတ်
ကလည်း နည်း အားနာလည်း ကြီးတယ်။ မေးတဲ့အခါ စကားကို အနိုင်ထူး
ရတာ နှုတ် နည်းတယ် ။ ညကြတော့ခါ နေဝင်မိုးချုပ် အလုပ်သိမ်းတဲ့ခါ အ
ရက်သောက် မူးတဲ့ခါ အိမ်နားပါးနီးတွေ မခံနိုင်ဘူးဆဲတော့တာကြား
ရဲ့လား .. ဟိုထိ သည်ထိ အကုန်ဆဲ မူးတဲ့အခါကြ မူလစိတ်တွေ ရှိသေး
ရဲ့လား ... မူလစိတ်တွေ မရှိတော့ဘူးနော် .. အဲဒါသုရာမေရယကံ ။

မူးတဲ့စိတ်တွေ ဟာ ဘယ်လောက် ထိ ကြောက်စရာကောင်းသလဲ။ သတ်
ချင်တဲ့စိတ်တွေ ပေါ်လာတော့တာ ကြားလား ... ခိုးချင်တဲ့စိတ်တွေ ပေါ်
လာတယ်နော် ... သူများ သား မယား ကိုဖျက်ဆီး ချင်တဲ့စိတ်တွေ ပေါ်တ
ယ်နော် ... ။ မဟုတ်မမှန် တဲ့ စကားတွေ သုံးမည့်ဟာတွေ ပေါ်တယ်ဒေ
နာ် ... သုရာမေရယတခုက အကုန်လုံးထိသွားတာကွဲ့ ... အဲသလောက်
အပြစ်ကြီးတယ်ကြားလား ... ကြောက်စရာ မကောင်းဘူးလား ... ကဲ လေ့
လာကြ ။

အဲဒီ ငါးပါးသီလ မကြောင်မကြား မကျိုးမပေါက်အောင် ထိမ်းသိမ်းမယ် ဆို
ရင်
သေခါနီး ဆဲဆဲမှာ ကိုယ်ထိမ်းခဲ့တဲ့သီလတွေကို သတိပြုဖို့ မကောင်း
လား ...

www.dhammadownload.com

အဲလိုဆိုတော့ခါ အဲဒီသီလကုသိုလ်စိတ်နဲ့ လူအဖြစ်ကိုရတယ် နတ်အဖြစ်ကိုရတာပေါ့ လေ့လာဖို့မကောင်းလား ...။

ဖြစ်တဲ့ဘဝမှာ စားတာ ဒါနကုသိုလ်ကွဲနော် ... လူဖြစ်တာ နတ်ဖြစ်တာ သီလကုသိုလ်ကြားရဲ့လား ... ။

အဲဒါ ငါးပါးသီလ ယုံကြည်ဖို့မကောင်းလား အဲဒါကျူးလွန်ရင်... အကုသိုလ် ရောင်ကြဉ်ရင်ကုသိုလ် ပေါ့

အဲဒါလိုရင်းအချက်တွေကွဲကြားလား ...

မကြားစဖူးကြားဖူးထပ်မံ ရှေးထက်ကျော်ကာရီကနေ မိလက္ခမုဆိုးတဲ့ မိလက္ခမုဆိုး ။

ခန္ဓာဝန်ထိန်းကျောင်းတာနဲ့ပတ်သက်ပြီးတော့ ဧချ သမင် စိုင် ဆတ် ဖွတ် ပုတတ် သတ်ပုတ်ပြီးတော့ရောင်းရတာနော် ... ရောင်းတော့ခါ တနေ့သ၌ ဖောက်သည်တွေက တိုးတိုးပြီးတော့မှ လာတော့တာပေါ့ ... အဲဒီအခါကြတော့ တနေ့တော့ စားနပ်ရိက္ခာ များများ ယူသွားတယ် ကြားလား ... စားနပ်ရိက္ခာများများယူသွားတဲ့ အပတ်ကြတော့ သားကောင်ကမရဘူးနော်... ရတဲ့သားကောင်ကလည်း ဧသးမွှားတဲ့ ယုန်လေးပေါ့ ။ အဲဒါ ကျပ်တိုက်ထားရတယ်ကွယ့်နော် ။ ကျပ်တင်ထားရတယ် ရတော့ဆန်က လည်း ကုန်စားစရာမရှိတော့ အဲဒီယုန်လေးကိုပြုတ် ဆားတို့ပြီးတော့စားရတယ် ကြားလား ... စားသုံးလို့ပြီးတော့ ရေကိုဖွင့် ရေသောက်ဖို့ကြည့်တော့ရေကမရှိသောက်ရေကမရှိ ခပ်နေကြ စမ်းတွင်းသွားခပ်တော့ ရေကခမ်း အင်း သည်နှစ်ရေခမ်းစော တာကိုး သားငါးဆေးတဲ့ရေအိုင်သွား သားငါးဆေးတဲ့ရေအိုင်ကလည်း ခမ်း ရေမရှိဘူး

www.dhammadownload.com

အဲဒါနဲ့ရေရှာရင်းထွက်လာခဲ့တာ ရွာနဲ့မနီးမဝေး ၇ ဖာလုံလောက် အကွာဝေ
လာက်မှာ တောရဆောက်တည်တဲ့ အာသဝေါကုန်ပြီးသား ရဟန္တာရှိတယ်
အဲဒီရဟန္တာ ကတပါးတည်း သီတင်းသုံးနေတာ
မနက်ပိုင်းကစောစော တဖက်ပခုံးနဲ့ထမ်းထားတာ ရေထမ်းတဲ့အခါမှာ ရဟ
န်းတို့မည်သည်မှာ တဖက်ပခုံးနဲ့သာ ထမ်းရတယ် ရှေ့ဆိုင်းနောက်ဆိုင်းထ
မ်းလို့မရဘူး အဲဒါနဲ့ ရေထည့်ပြီးတော့မှ ချမ်း... နေပွင့်တဲ့အခါ နေဆာလှုံနေ
တာပေါ့

မုဆိုးက မြောက်ဖက်ကဝင်တော့ ရေမှုတ်ကိုကိုင် အဖုံးကိုဖွင့်ပြီးတော့နှိုက်
လိုက်တာ မှုတ်နဲ့ရေအိုးနဲ့ ကျောက်ကျောက် ကျောက်ကျောက် ထိသွားတော့
တာပေါ့ ရေတစက်ပမတွေ့ဘူး အင်း...သည်သီတင်းသုံးနေတဲ့ ဘုန်းကြီးက
လည်း ဘုန်းကြီးပျင်းနဲ့တူပါတယ် ရေခပ်ဖော် တောင်မရဘူးလို့ ပြောပြော
ဆိုဆိုနဲ့ ထွက်သွားလေတော့တာ

လူသံကြားတဲ့အခါ ဟိုဘုန်းကြီးကထွက်လာခဲ့တော့တာလှည့် ကြည့် တော့
ခါမြင်တော့တာ ဥပါသကာ ဟဲ့ ဒကာဘာကိစ္စလဲ ရေဆာလို့ဘုရား ရေဝ
သာက်ဝင်ခဲ့တာ သောက်ရသလား ရေတစက်ပါ့ မရှိဘူးဘုရား

ဟင် ...မနက်စာ ငါထမ်းထားတာ ယိုလို့များကုန်တော့တာလား အဖုံးကို
သွားဖွင့်ကြည့်တော့ ရေကအပြည့် လာ လာ လာ လာ ခေါ်ပြီးတော့
သူ့ရှေ့တင်ရေဖုံးကိုဖွင့်ပြီးတော့ မှုတ်နဲ့ခပ်ပြီးတော့ ပေးရတယ်ကြားလား ဇ
ရရှိလျက်နဲ့ ရေတွေ့ရဲ့လား ... မသေခင်သူ့ကိုယ်သူဆုံးဖြတ်ပြီ အင်းငါမဇ
သဿေးဘူး မသေခင်က ငါပြီတ္တာဖြစ်နေပြီ ကြားရဲ့လား ... ရေတွေ့ရက်နဲ့ဇ
ရမမြင်တာ ကုသိုလ်လား အကုသိုလ်လား ကမ္မနိမိတ်ပေါ် တော့တာကွဲနော်
... ဂတိနိမိတ် ပေါ် တော့တာကွဲနော်... ပြီတ္တာဖြစ်နေပြီ သေခါ မြေကြီးလက်
ခတ်မလွဲဘူးပေါ့ တုန်လှုပ်ခြောက်ခြားသွားတော့တာ

www.dhammadownload.com

အရှင်ဘုရား အရှင်ဘုရား တပည့်တော် သနားသောအားဖြင့် သင်္ကန်းအဝ
ဟာင်းအနွမ်းလေးရှိရင် တပည့်တော်ချီးမြှောက်ပါဘုရား သင်္ကန်းဆိုးနဲ့
အရိုးထုတ်ပါရစေတဲ့ကြားလား ... အဲဒါ သင်္ကန်းဆိုးနဲ့ သင်္ကန်းဝတ်ပြီးတော့
ကိုရင်ကြီးအဖြစ် တရားလေ့လာတယ် ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သ
စ္စာတို့ ပဋိစ္စသမုပ္ပါဒ်တရားတွေကို ပရိညာသုံးပါးအားဖြင့်
ဉာတပရိညာ ရုပ်တစ်လုံး နာမ်တစ်လုံးပေါ်မှာ အဲဒါ ပုဂ္ဂိုလ်သတ္တဝါနဲ့ပိုင်း
ခားပြီးတော့ သိဖို့မလိုဘူးလား ...

ကိုယ်ထင်တာကလူနတ်ဗြဟ္မာ တွေ့တာက နာမ်နဲ့ရုပ် ထင်တာက လူနတ်ဗြ
ဟ္မာ တွေ့တာက နာမ်နဲ့ရုပ်ဖြန့် လိုက် ရင်ခန္ဓာငါးပါး ချုံ့လိုက်ရင် နာမ်နဲ့ရု
ပ်ပေါ့ ..
အဲဒီနာမ်ရုပ်ကို သိဖို့လိုတယ် ကြားလား ..

လက်တွေ့တဲ့ လျှာနဲ့ပတ်သက်ပြီး တော့မှ
နံ့သာပုင်္ဂပျာသီး ပင်ထက်မှည့်။ နွေး(ခွာ)ပြီးတော့ စားကြည့်လိုက် ဘ
ယ်လိုတွေ့မလဲ...ချိုတာတွေ့တယ်နော် ချိုတယ်လို့ စားသိတာ လူနတ်ဗြ
ဟ္မာလား ဇဝါဝိညာဏ် လား ... စားသိစိတ်ပေါ့နော် ... ဇဝါဝိညာဏ်စားသိစိ
တ်လို့ မဟောဘူးလား ... တစ်ဝိညာဏ်တည်း စားလို့သိလို့ဖြစ်ကဲ့လား ...

မဖြစ်ရင်သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာမပါလား .. ချိုတ
ယ်လို့ခံစား တာ ငါလားဝေဒနာလား .. လူလားဝေဒနာလား .. နတ်လားဝေ
ဒနာလား.. ဗြဟ္မာလားဝေဒနာလား ..
ထင်တာကသူတွေငါတွေ နော် ...
ခုတွေ့ တာကဝေဒနာဘဲတွေ့တယ် .. စိစစ်ဖို့မကောင်းလား ...

www.dhammadownload.com

ချိုတယ်လို့မှတ်တာလူနတ်ဗြဟ္မာလား သညာလား ... ခံစားနိုင်အောင် ဇ စ့်ဆော်တာ မှတ်နိုင်အောင်စေ့ဆော်တာ သူငါလားစေတနာလား ... ဝေဒ နာသညာစေတနာ သုံးခုပေါင်းတော့ နာမကွန္ဓာလေး ပါးမပြည့်လား... ဤလေးပါးပြည့်စုံမှ စားသိစိတ်ဖြစ်တာနော် ... လူနတ်ဗြဟ္မာလား နာမကွန္ဓာလေးပါးလား ... စိစစ်ဖို့မကောင်းလား ...

လျှာအကြည်ကား ငှက်ပျောသီးဟုတ်ကဲ့လား ... ချိုအရသာကားငှက်ပျော သီးဟုတ်ကဲ့လား... ခန္ဓာဖွဲ့ ကြည့်တော့ ရူပကွန္ဓာမရလား ... နာမကွန္ဓာဇ လေးပါးနဲ့ ရူပကွန္ဓာပေါင်း ... ခန္ဓာငါးပါး ချုံ့တော့နာမ်နဲ့ရုပ်ပေါ့ ... ဖြန့်လိုက်တော့ခန္ဓာငါးပါး စားရင်းနဲ့ခန္ဓာသိတော့တာကွဲ့ စိစစ်ဖို့မကောင်းလား ... မျက်စိ နား နာ လျှာ ကိုယ်စိတ် လို့မဟောဘူးလား .. သည်ခြောက်ဒွါရမှာ လုပ်ရမှာ ကဲထင်တာကနံ့သာပုငှက်ပျောသီး တွေ့တာက ခန္ဓာငါးပါး .. ထင်တာက နံ့သာပုငှက်ပျောသီး တွေ့ တာကနာမ်နဲ့ရုပ် ကြားလား .. အဲလိုစိစစ်ဖို့မကောင်းလား ..

အဲဒီ နာမ်ရုပ်တရားနှစ်ပါးသိတော့ ကိုယ်ထင်တဲ့ငှက်ပျောသီးတွေ့ သေးရဲ့လား .. ဘာဖြစ်လို့မတွေ့တာလဲ .. အဲဒါ ယုံကြည်ဖို့လိုတယ် .. ငှက်ပျောသီးမရှိရင် ငှက်ပျောသီးအနေနဲ့ စွဲစရာလိုသေး ရဲ့လား... ငှက်ပျောသီးပါ့ စွဲစရာမရှိရင် ကြက်သား ဝက်သား ကားစွဲစရာလိုသေးရဲ့လား .. သကြားတို့ကံသကာတို့ထန်းလျက် တို့စွဲစရာလိုသေးရဲ့လား .. စားစရာသောက်စရာပတ်သက်လို့ စွဲစရာလိုသေးရဲ့လား .. ရှိပါ့ မရှိဘဲကိုး တွေ့တာကနာမ်ရုပ်ဘဲတွေ့တယ်..

အဲဒီနာမ်ရုပ်တရားနှစ်ပါး ဌာနုပစာရ အားဖြင့် တင်စားပြီးတော့ နံ့သာပုငှက်ပျောသီးလို့မခေါ် ကြဘူးလား .. ခေါ်တာမြတ်စွာ ဘုရားပယ်ရဲ့လား မပ

www.dhammadownload.com

ယ်ဘူးနော်.. တကယ် အမြင်ခံ အရှုခံ အစားခံက နာမ်နဲ့ရုပ်ပေါ့ .. ငှက်ပျော သီးလားနာမ်နဲ့ရုပ်လား ..နာမ်ရုပ် ဘဲတွေ့တယ်နော် .. ငှက်ပျောသီးမတွေ့တာရှိလို့လားမရှိလို့လား .. မရှိရင်ဘယ်လိုစွဲမလဲ .. စွဲစရာမရှိဘူး .. ဒီလိုစိစစ်ဖို့မကောင်းလား ..

ကဲ အဲဒီ နာမ်ရုပ်ပေါ်မှာ ဌာနုပစာရအားဖြင့် တင်စားပြီးတော့ ငှက်ပျောသီး လို့မခေါ်ဘူးလား .. ကြံသကာ မြေပဲယို လို့မခေါ် ဘူးလား.. ကြက်သားဝက်သားတွေလို့မခေါ်ဘူးလား.. အခေါ်ရှိသမုတ်ရှိမြတ်စွာဘုရားပယ်ရဲ့လား.. ညီတော်အာနန္ဒာ လို့မခေါ် လား .. သားတော်ရာဟုလာလို့မခေါ်လား .. ချစ်သမီး ချစ်သားတို့လို့မခေါ်လား .. ဒါသမုတ်ရှိ အခေါ်ရှိနော် .. ကဲ...ခေါ်တာ ဘုရားပယ်ရဲ့လား .. ဘာတွေပယ်တာလဲ စိစစ်ဖို့မကောင်းလား ..

ငှက်ပျောသီးလို့မထင်လား .. ရှိတယ် လို့မယူလား .. စား ကြည့်တော့ဂေတွ့တာ ငှက်ပျောသီးလား ချိုတဲ့အရသာလား ... ချိုတဲ့အရသာကို ပကတိမျက်စိနဲ့ကြည့် မြင်ရပါ့မလား .. လက်နဲ့ ကိုင်စမ်းကြည့်ရင်ကားတွေ့ပါ့မလား .. နမ်းကြည့်ရင်ကားတွေ့ပါ့မလား ... လျှာနဲ့ကြတော့မသိနိုင်ဘူးလား ... လျှာနဲ့မှ သိနိုင်တာနော် ... အဲလိုစိစစ်ဖို့မကောင်းလား ...

ဒီလိုဆိုရင်ငှက်ပျောသီး လို့စွဲစရာလိုသေးရဲ့လား ... ကြက်သား ဝက်သား အနေနဲ့ စွဲစရာလိုသေးရဲ့လား.. စားစရာသောက်စရာ အနေနဲ့ စွဲစရာလိုသေးရဲ့လား ... လျှာပေါက်က ငှက်ပျောသီးစွဲပြုတ်ရင် လူစွဲ နတ်စွဲ ဗြဟ္မာစွဲကားစွဲဦးမလား .. မစွဲတော့ဘူးကွဲ့နော် .. ကဲဒီဌမပြုတ် ဘူးလား .. လူစွဲဒိဋ္ဌ နတ်စွဲဒိဋ္ဌ ဗြဟ္မာစွဲဒိဋ္ဌ ငှက်ပျောသီးစွဲဒိဋ္ဌပြုတ်ပြီ .. ရှိပါ့မရှိဘဲကို

www.dhammadownload.com

ခေါ်တော့မခေါ်ဘူးလား..လူနတ်ဗြဟ္မာလို့ခေါ်တယ်..တွေ့တာကလူနတ်ဗြဟ္မာလား နာမ်နဲ့ရုပ်လား...လူနတ်ဗြဟ္မာ မတွေ့တာ ရှိလို့လား မရှိလို့လား .. မရှိရင် ဘယ်လို စွဲမလဲ .. စွဲစရာ မလိုဘူး ကဲ့ မရှိဘူးလို့သိရင် စွဲစရာ လိုသေးရဲ့လား .. ခေါ်တော့ မခေါ်ရဘူးလား ... သားလို့ခေါ် သမီးလို့ခေါ် အဖေလို့ခေါ် အမေလို့ခေါ် မခေါ်ရဘူးလား ... အဲဒါစိစစ်ဖို့လိုတယ်နော်... အထင်နဲ့ အယူအဆကိုပယ်တာဗျ..

အဲလို ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သစ္စာတို့ ပဋိစ္စသမုပ္ပါဒ်တရားကို မိလက္ခ မုဆိုးကြီးကို ဘုန်းကြီး ကဟောလိုက်တာပေါ့ .. အာသဝေါ ကုန်တဲ့ ရဟန္တာကဟောလိုက်တာနော်.. ဟောလို့ လေး ငါး ခြောက်လလောက်ကြာလို့ပြီးတော့ ကဲ... တရား ကိုယ့်ဟာနဲ့ကိုယ် တရားထိုင်ခိုင်း တော့တာ ကြားလား .. တရား ထိုင်ခိုင်းတယ်နော်..

ဘုရားခန်းထဲမှာ တရား ထိုင်ပြီးတော့ ဘုရား တရား သံဃာ မိဘ ဆရာသမား ကန်တော့ အနမတဂ္ဂ သံသရာက စပြီးတော့ ဘုရားပေါ် မှာ မှားခဲ့တာ တရားပေါ်မှာ မှားခဲ့တာ သံဃာပေါ်မှာ မှားခဲ့တာ ကိစ္စ အပြစ်တွေကို တည်ပြီးတော့ ခွင့်လွှတ်တော်မူပါလို့ မပြောရ ဘူးလား .. ကိုယ့်ပေါ်မှာ ရှိတဲ့ အပြစ် တွေလည်း ဒါ ကိုယ်ကခွင့်လွှတ်တယ်နော် .. လူ နတ် ဗြဟ္မာ သတ္တဝါမှာ ရှိတဲ့ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကား အမျှ မပေးရဘူးလား .. အားလုံးလူနတ် ဗြဟ္မာ သတ္တဝါ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေ လို့မေတ္တာကား မပို့ရဘူးလား..ကိုယ့်ခန္ဓာကိုလည်း အပိုင်းအခြားမရှိ ဘုရားကို လှူရတယ်နော် .. အဲလို လှူပြီးတော့မှ တရား အားမထုတ်ရဘူးလား အဲသလို လေ့လာ အားထုတ်နေတာပေါ့ .. မိလက္ခမုဆိုး အား ထုတ်တယ်နော် ..

www.dhammadownload.com

အဲသလို အားထုတ်ရင်း အားထုတ်ရင်းနဲ့ သူ့စိတ်က တောထဲ ရောက်သွားပြီ ကြားလား .. သားကောင်တွေ လိုက်နေတော့တာ ။ ကိုယ်ကောင်ကြီးကတော့ ကျောင်းပေါ်မှာနော်..ဘုရားခန်းထဲမှာ ထိုင်တဲ့အတိုင်း ပေါ့ .. သူ့စိတ်က တောထဲ မှာသားကောင်တွေ လိုက်မနေဘူးလား .. အဲဒါ အကုသိုလ် ကမ္မနိမိတ်တွေ။ များနဲ့ပစ် အဆိပ်ပြန့်... လဲ ။ စိုင်တွေ ချေတွေ ဆတ်တွေ သားကောင်တွေဖျက် မိမိက တစ်ပိသာတွဲ နှစ်ပိသာတွဲ... တွဲ။ ဖောက်သည်တွေနဲ့ အရောင်းအချလုပ် ။

ကဲ ဘယ်လောက် ယူမှာလဲ ဘယ်နှစ်ပိသာ ယူမယ် နင်က ဘယ်နှစ်ပိသာ ယူမယ် ချိန်တွယ် အရောင်းအဝယ် မလုပ်ဘူးလား ...ရောင်းတော့ ငွေတွေ ဒါ ...အရင်ဖိုး လည်း ပေးဦး နောက်တစ်ပတ်မှ လုံးပြီးတော့ ရှင်းမယ်တဲ့ကြားလား အကြွေး အကြွေး ။ ဟိုနှစ်ယောက်ကတော့ မယူရင် အရှင်း ယူရင် လက်ငင်း ။ သူတို့ကအကြွေးမဟုတ်ဘူး လက်ငင်း သမားတွေ ဟိုကအကြွေးသမား ။

လက်စ သားတွေကို ချက် အရက်နဲ့မြည်း အရက်ပုလင်းထောင် သူငယ်ချင်းတွေက လာတဲ့အခါ... စားကြဟော့။ လက်ဖြစ် ဝယ်ရတာ မဟုတ်ဘူး ။ အဲဒီလိုတွေ ဇည့်ပြုတာပေါ့ ။ အရက်ပုလင်း ထောင် သောက်နေတော့တာနော် သူ့ခန္ဓာကိုယ်ကြီးကတော့ ဘုရားခန်းထဲမှာကွဲ့စိတ်က တော့ အရက်သောက်နေ တာ။အကုသိုလ်ကမ္မနိမိတ်တွေကြားရဲ့လား..ကြောက်စရာ မကောင်းလား..။ အခု လောလောဆယ် သတ်နေသလို သောက်နေသလို မြင်ရတော့တာနော်။ သေခါနီးရင် အဲဒီစိတ်တွေကြောက်စရာမကောင်းဘူးလား။ ကြောက်စရာကောင်းတယ် ။

အဲဒါနဲ့ဆရာတော် ကို လျှောက် ။ တပည့်တော် ဘယ်လိုပါ့လုပ်လုပ် စိတ်ပြောင်းလို့ မရဘူး ဘုရား ပြောင်းလို့ မရတော့ဘူး အဝတ်လဲတော့မယ် ။ သဲဒ

www.dhammadownload.com

ဏ် ရေဒဏ် သာပေးပေတော့ ။ ခဏနေဦး ခဏနေဦး ကျောင်းနားမှာရှိတဲ့ သဖန်းပင်ကြီး ရှိတယ် ။ မှန်းစမ်း ဘယ်နှစ်စီး ထွက်မလဲ။ လေး စီး တိုက် ထွက်မှာပေါ့ ။ ခုတ်စမ်းဟဲ့ ခုတ် ။ တတောင်စီဖြတ် ဖြတ်ပြီးပြီဘုရား ။

ခွဲစိတ်... ကြီးတာတွေကို ဖြတ် အကိုင်းအလက်တွေကို တတောင်စီဖြတ် ။ စုပုံထား ။ ပုံပြီးပြီ ဘုရား ။ သွား ဝါးယောင်းထင်း ခွေချေ။ အရှည်က ခြောက်တောင် လုံးပတ်က သုံးတောင်။ ဆယ့်နှစ်စီး လောက်ခွေခဲ့။ ခွေပြီးပြီ ဘုရား အနားမှာ ပုံထား ။ အနောက်ဘက်က သုံးစည်း အရှေ့ဘက်က သုံးစည်း တောင်ဘက်က သုံးစည်း မြောက်ဘက်က သုံးစည်း တော့ဆိုင်ပြီးတော့မှ သဖန်းသားမီးရှို့တာ ပြာချတာ ဝါးယောင်းထင်းသာ ကုန်သွားတယ် သဖန်းသားက အစိုကဖြစ် အစေးက ရှိတော့ လောင်ရဲ့လား ..မလောင်ဘူး ။

ဘယ်လိုပဲ ရှို့လို့ မလောင်ဘူး ။ ဘယ်လိုပဲ ရှို့လို့မလောင်ဘူးဘုရား ... မလျှောက်ရဘူးလား ။ ကဲ ခဏနေဦး ခဏနေဦး ။ အဲဒီပုဂ္ဂိုလ် ကရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်က ရောက်လာတယ် သဖန်းသား ပုံတဲ့နားမှာ မြေကြီးကို လက်ဝါးနဲ့ပုတ်ချတာ။ တန်ခိုးတော်နဲ့ ပုတ်ချတာ။ အက်ကွဲပြီးတော့ အဝီစိငရဲကို မြင်ရတော့တာ ။ ကဲ ကြည့်စမ်းပေ့ ကြည့် စမ်းလို့ မခိုင်းရဘူးလား ။

ဟာ မီးလောင်နေတာ ။ တပည့်တော်ရဲ့အဖေ ဘုရား ။ တပည့်တော်ရဲ့အဖေဖဘုရား မီးလောင်နေတာ ။ ငရဲ မီးလောင်နေတာ။ ကျောင်းနေဖက် သူငယ်ချင်းက သုံးယောက်လောက်ပါတယ်ဘုရား ။ မသိတာက တပုံကြီး ပေါ့ ။ မီးလောင်တာ ကယ်ပါ ယူပါနဲ့။ မီးတောက်ကြီးဟာ အကုန်လုံးမီးလောင်ခံရတာ ။ ဘယ်လိုပဲ့ လောင်လောင်။ ငရဲသက်မစေ့ရင် မသေဘူး ။ မသေဘဲနဲ့ခံရ တာ။ ကြားလား ။

www.dhammadownload.com

လူသာ ဆိုရင် နာရီဝက်လောက် ရှိ့ရင် သေတော့တာပဲ့။ နာရီဝက်ကြာ
လား ကဲ ...သေရဲ့လား။ မသေဘဲ ခံရတာ။ ရေနွေး ပွက်ပွက်ဆူထဲကိုချ။
အပြုတ်ခံရတာ ။ ဆီထဲထည့်။ အကြော်ခံရတာကြာလား... ။ လှံပြန်ထိုး ခံ
ရတာနော်.. အမျိုးမျိုးနှိပ်စက်ခံရတာ ကြောက်စရာမကောင်းဘူးလား ..။

အဲလို အဲဒါနဲ့ အာသဝေါကုန်တဲ့ ပုဂ္ဂိုလ်က ပိုးစုန်းကြူး လောက်ရှိတဲ့ ငရဲမီး
ကို တန်ခိုးတော်နဲ့ယူ လက်နဲ့ကိုင်ပြီးတော့မှ သဖန်းသား ငါးစီးတိုက်လော
က် ရှိတဲ့နေရာကို ပစ်ချလိုက်တာ ။ ဝါဂွမ်းပေါ်ကို ခါတ်ဆီကျပြီးတော့မှ မီး
ကျ လို့ ဝုန်းကနဲ တောက်ပြီးတော့ ပြာကျသွားသလို ပိုးစုန်းကြူးလောက်ရှိ
တဲ့ ငရဲမီးက လေးစီးတိုက် ငါးစီးတိုက်ရှိတဲ့ သဖန်းသား ချက်ချင်း ပြာကျ
သွားတာ။ဘယ်လောက်ပူသလဲ စိစစ်ဖို့မကောင်းလား ။

ကဲ ဟိုမှာ လူက လောင်နေတာ မသေဘူးကွဲ့နော် ။ ငရဲသက်စေ့မှသေ
တာ အဲလို လေ့လာဖို့ မကောင်းလား ကြောက်စရာ မကောင်းဘူးလား ။ ပိုး
စုန်းကြူး လောက်ရှိတဲ့ဟာ သံပုရာသီး လိုသာ ရှိလို့တော့ တစ်ကဒ္ဍာလုံး
ကျွမ်းလောက်ပြီကွာ ။ သံပုရာသီးလောက် ဆိုတော့ကာ တစ်ကဒ္ဍာလုံး ကျွ
မ်းလောက်တယ် ။
ဘယ်လောက်များပူသလဲနော် ။

အင်း အဲဒါနဲ့ ကဲ အဝတ်လဲတော့ ကြောက်ပြီ။ မလဲရဲတော့ဘူး။ မလဲရဲတော့
ဘူး ကြားလား.. မလဲရဲတော့ဘူး အဲဒါနဲ့ပိသာတဆယ် လောက်ထွက်တဲ့
မြေအိုးကြီး ရေအိုးကြီး ကြမ်းသံနဲ့ဖောက် ရေတွေ ထည့်တော့... တစက်စီ
တစက်စီ ယိုတာပဲ့။ သင်္ကန်းဆိုးတွေကို ခေါင်းခုလုပ် ။ ကိုယ်ရုံတွေလည်း
ရေတွေဆွတ် ခါးဝတ်ကိုလည်း ဆွတ် ခေါင်းခုဆွတ် ။

www.dhammadownload.com

ဘုရား တရား သံဃာ မိဘ ဆရာသမားကန်တော့ အနမတဂ္ဂ သံသရာက စလို့ ကိုယ်မှားခဲ့တဲ့ အပြစ်တွေကို တောင်းပန် ။လူနတ်ဗြဟ္မာ သတ္တဝါတွေ ကို အမျှပေး ။ ကိုယ်လျှခဲ့ တန်းခဲ့တာ မေတ္တာပို့ ။ ခန္ဓာကိုယ် ဘုရားကိုလျှ တင်ပျဉ်ခွေ ဆင်ပြီးတော့မှ ရေခိုးကြီးရွက်ပြီးတော့ တရားနလုံးသွင်းတာ ။

အသာသာ ပသာသာ ။ ထွက်တာသိ ဝင်တာသိ ။ ဝင်တယ်ဆိုတာ ထိပြီးခါမှ ဝင်တာ ထွက်တာလည်း ထိပြီးခါမှထွက်တာ ထိတာသက်သက်က ဝါဇေယာဓါတ် ။ ဝါဇေယာဓါတ်သိတာက ကာယဝိညာဏ်က နာမ်တရား ။ နာမ်ရုပ်နှစ်ပါး ။ လူလား နာမ်နဲ့ရုပ်လား ။ နတ်လား နာမ်နဲ့ရုပ်လား။ ဗြဟ္မာလား နာမ်နဲ့ရုပ်လား ။ နာမ်ရုပ်ဘဲတွေတယ်နော် ။ အဲလို စိစစ်ဖို့မကောင်းလား ။ နာမ်ရုပ်ဘဲတွေတယ် ။

ကိုယ် ထင်တာတွေ တွေ့သေးရဲ့လား ။ ဘာဖြစ်လို့ မတွေ့တာလဲ ။ မရှိလို့ ။ ကိုယ်ထင်တာတွေ တခုပဲ့ မရှိဘူး အဲလိုဆိုတော့ ယုံကြည်ဖို့မကောင်းလား ။ စွဲစရာလိုသေးရဲ့လား ဤနာမ်ရုပ်တရား နှစ်ပါးသိတာ သူငါကသိတာလား မဂ္ဂသစ္စာက သိတာလား။ ဘယ်မဂ်ကသိတာလဲ (သမာဓိမဂ်က သိတာပါဘုရား) ။သမာဓိကောင်းတယ်လို့ မပြောကြဘူးလား ။ သမာဓိကောင်းတာနော်။

ဘုန်းကြီးတို့ ဒေသန္တရမှာ ရှေးထက်ကျော်က စာတတ်ပုဂ္ဂိုလ် တရားပြ ။ သူ့ဆီမှာ တရား အားထုတ်ပြီးတဲ့ ပုဂ္ဂိုလ်တွေ ဟူသရွေ့သူခိုးချည်း ယိုးတာ(စွပ်စွဲတာ) ။ တရားအားမထုတ်တဲ့ လူတွေ မယိုးဘူး ။ တရားနာ ရိုးရိုးလာတဲ့လူတွေ မယိုးဘူး။ ဥပုသ်စောင့်သမားတွေ မယိုးဘူး ဝေယျာဝစ္စ လုပ်တဲ့လူတွေ မယိုးဘူး ။
တရား အားထုတ်ပြီးသားလူတွေ ယိုးတာ ။

www.dhammadownload.com

အဲဒီမှာ တိုတို ကျဉ်း ပြောရင် ကိုရင်ကြီးတစ်ပါး ရှိတယ် လူတွေ မရှိတဲ့အခါ ပိုက်ဆံခိုး ... ယိုးတာ။ ဟောဒီ ဖျာအောက် မှာ ထားတာ ။ သည်ဖျာအောက်မှာ ထားတာ ။ ဒီကျောင်းမှာ ဒဂျီး ဒဂျီးငွေသားတွေ ရေတွင်း တူးရအောင် လှူထားတာ ။ ယူရင်ပြန်ပေးဟဲ့ ။ မယူဘူးဘုရား။ မင်းမယူရင် ... ငါကွဲ့ ။ ငါမယူ ရင်မင်း။ နှစ်ပါးတည်း ရှိတာ။ အဲလို လူလာရင် ဒါ ရပ်သွားပြီ အဲလို ချည်းပဲ ယိုးတာ ။
မျက်နှာမပျက်ဘူး တနှစ်လောက်ကြာတယ် ယိုးတာ နင့်ကိုစိတ်ချပြီတဲ့ သမာဓိရသွားတာ

ခုဒီပြင်လူတွေ ယိုးတာ။ ဘုန်းကြီးတို့ယောကျ်မ ဆွမ်းပို့နေကြ။ ဆန်ခိုးယိုးတာနဲ့ ဆွမ်းပို့တောင် ဖျက် တော့တာ ။ ဆွမ်းပို့လည်း မသွားတော့ဘူး ပို့လည်း မပို့ဘူး ငါဆွမ်းပို့တာ ငှါယိုးရမလားလို့ ။ သမာဓိရှိ မရှိ။ စမ်းတာ ။ သူလုပ်တဲ့တရား သိ မသိ ။ စမ်း တာ။

ကျောင်းဆောက်ပေးတဲ့ မြို့ထဲက ကျောင်းဒကာ မနေ့က နင်လာလား လာတယ်ဘုရား ။ အဲဒီမှာ ထန်းလျက်ယူသလား ။ မယူဘူးဘုရား ။ မင်းသာ လာတာနော ။ ဘယ်သူမှ မလာဘူး။ ကျောင်းဒကာလည်း မလာဘူး[redacted]ကားလား ။ သမာဓိ ...သမာဓိ... ရှိ မရှိ စမ်းတာ

ကဲ ... ရုပ်နာမ်ကို တွေ့တဲ့ခါ သမာဓိ မဂ္ဂလို့မဟောလား ရုပ်နာမ်ကိုတွေ့တဲ့ခါ လူတွေ့ရဲ့လား နတ်ကားတွေ့ရဲ့လား ဗြဟ္မာကားတွေ့ ရဲ့လား အခု စိတ်ဆိုးတာ အယိုးခံတယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါ အနေနဲ့မြင်တာမဟုတ်လား ။ ရုပ်နာမ်ကိုမြင်တာလား ပုဂ္ဂိုလ်သတ္တဝါ မြင် တာလား ။ ဒါကြောင့်စိတ်ဆိုးတာပေါ့ဗျ ။

ရုပ်နာမ် မတွေ့...သမာဓိရှိပါ့မလား..

www.dhammadownload.com

ရုပ်နာမ်တွေ့မှ... သမာဓိရှိမှာကြားလား..
အဲလို သမာဓိ ကောင်းပြီဆိုတဲ့အခါ တဒင်္ဂနိရောဓပေါ့ ။

ဆက်ပြီးတော့ကြိုးစားတော့ ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား နာမ်တရား က သိပြီးတော့မပျက်လား ။ နိစ္စလား အနိစ္စလား ။

အနိစ္စမမြဲခြင်း တရားသည် ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား ။
ဆင်းရဲတဲ့ တရား ကို သုခလို့ ခေါ်မလားဒုက္ခလို့ခေါ်မလား ။

ဒီဒုက္ခတရားကို ပိုင်သူရှိရဲ့လား သတ္တဝါအလိုသို့ လိုက်ကဲ့လား အကြိုက်သို့ပါရဲ့ လား ။အနတ္တလို့မဟောဘူးလား။ အနိစ္စ ဒုက္ခ အနတ္တပေါ့ ။

အနိစ္စ တရားတွေ့တဲ့အခါ နာမ်ရုပ်တွေရဲ့သေးလား ။
ဒုက္ခတရားတွေ့တဲ့အခါ နာမ်ရုပ်တွေသေရဲ့လား ..။ အနတ္တတရား တွေ့တဲ့အခါ နာမ်ရုပ်တွေသေးရဲ့လား ။
အနိစ္စတရားနဲ့နာမ်ရုပ် နဲ့ပိုင်းခြားဖို့မလိုလား.. ။
ဒုက္ခ တရားနဲ့နာမ်ရုပ်နဲ့ပိုင်းခြားဖို့မလိုလား ။
အနတ္တတရားနဲ့နာမ် ရုပ်နဲ့ပိုင်းခြားဖို့မလိုလား။
တီရဏပရိညာလို့ မဟောဘူးလား ။

ကဲ အနိစ္စ ဒုက္ခ အနတ္တ တွေ့တယ်နော် ။ နာမ်ရုပ်မတွေ့တော့ဘူးပေါ့ ။
နာမ်ရုပ်ကိုတွေ့တဲ့အခါ လူတွေသေးရဲ့လား ။
နာမ်ရုပ်ကိုတွေ့တဲ့အခါ နတ်ကားတွေ့လား ။
နာမ်ရုပ်တွေ့တဲ့အခါ ဗြဟ္မာကားတွေ့လား ။

ဘာဖြစ်လို့မတွေ့တာလဲ ။ ဒါ... မရှိတာ ပညတ်လို့မဟောဘူးလား ။ မရှိ ပညတ် ။ ပညတ်...ဘာတွေလဲ လူနတ်ဗြဟ္မာသတ္တဝါ ။

www.dhammadownload.com

မရှိပညတ်က လူနတ်ဗြဟ္မာသတ္တဝါ ဘုရားအဆူဆူ မဟောလား ။ သည်လို ပဲ့ ဆရာတော်သမားတော်တွေမဟောလား ။ လူ မယုံကြည်ကြားလား မ ယုံကြည်တော့သက္ကာယဒိဋ္ဌိ ပြုတ်ကွဲလား မပြုတ်ဘူး ။ ဒါ ယုံကြည်ဖို့လို တာနော် ။

ဒါကြောင့်မို့လို့...မိုးကုတ် ဆရာတော်ဘုရားကြီးက ယုံကြည် ကျန်းမာ စိ တ်ဖြောင့်စွာနှင့် လွန်စွာ အားထုတ် နာမ်နှင့်ရုပ်ကို ဖြစ်ချုပ် ဉာဏ်မြင် ဤငါး အင် မှန်ပင်မဂ်ရကြောင်း လို့မဟောဘူးလား ။
ကဲ... မနက်စာအားထုတ် .... ညနေရတယ် နော် ။ ညနေအားထုတ် .... မန က်စာ ရတယ် ။
အဖေမိဘမွေးတဲ့ မျက်စိနဲ့ကြည့်ရင် လူတွေကိုမြင်တယ် အမျိုးသမီးတွေ မြ င်တယ် ။ အမျိုးသား တွေမြင်တယ် ။အဆောက်အဦ တွေမြင်တယ် ။ မြို့ရွာ တိုင်းပြည် တွေမြင်တယ်။ ရေမြေတောတောင် တွေမြင်တယ် ။

ဉာဏ်မျက်လုံး နဲ့ ကြည့်တဲ့ခါ အဆင်းဘဲမြင်တယ် အဲလိုလေ့လာဖို့မကော င်းလား ။ အဖေ မိဘမွေးတဲ့မျက်စိ နဲ့ကြည့်လို့ကတော့ ဘယ်လိုပဲ့ ကြည့်ြ ကည့်မပျောက်ဘူး ။ လူ မြင်တာဘဲ ။ ဘယ်လိုပဲ့ မပျောက်ဘူး ။ အမျိုး သမီး အမျိုးသားတွေမြင်တယ် အဆောက်အဦ တွေမြင်တယ် ။ ဖျောက် လို့မရဘူးကြားလား ။ အဲလိုစိစစ်ဖို့မကောင်းလား ဝိညာဏ်မြင်။

ဉာဏ်မျက်လုံးနဲ့ တပ်ကြည့်တဲ့ခါ လူလား အဆင်းဓါတ်လား အရှေ့ အနော က် တောင်မြောက် လေးမျက်နှာထက်အောက် ဖီလာ ကြည့်ချင်တာသာ ြ ကည့် ။ အဆင်းက လွဲလို့ရှိသေးရဲ့လား ။ ဒါအဆင်းကိုမြင်တာနော် ။

အဲဒီအဆင်းကို ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့် ... အဆင်း တွေ့မလား မာတာ တွေ့မလား ။

www.dhammadownload.com

ကိုင်လို့မရဘူးဗျ ။ ကိုင်လို့တွေ့ပါ့မလား.. ။
အဆင်းကို မျက်စိကမြင်တာ ... ကိုင်လို့မရဘူး ။
ကိုယ့်စိတ်ကတော့ ကိုင် ရင် ရလိမ့်မယ်လို့မထင်ထားဘူးလား ။ ကဲ ကိုယ်ဇ
တွတာ အဆင်း တွေ့တာလား မာတာတွေ့မလား။ မာတာ... ကာယဒွါရ ...
မာတယ်လို့ သိတာက ကာယဒွါရနော် ။ သူက နာမ်တရား မရလား ကာယ
အကြည်နဲ့ မာဆိုတဲ့ ပထဝီက ရုပ်တရား မရလား ။နာမ်ရုပ်နှစ်ပါးပေါ့ ။ အဲ
လိုလေ့လာဖို့မကောင်းလား ။

ကဲ အဲဒီ မာတာကို မျက်စိနဲ့ကြည့် ... မြင်ရပါ့မလား
မမြင်ရဘူး ။ သူ့ဒွါရနဲ့သူ့အာရုံကွဲ့နော် ။
အဲလိုစိစစ်ဖို့ မကောင်းလား ။
ဉာတပရိညာ ပိုင်းခြားလို့သိပါ ။
နာမ်ရုပ်ကလွဲလို့တွေ့သေးရဲ့လား။

ဖြန့်လိုက်ရင် ခန္ဓာငါးပါး အဲဒါထက်ဖြန့်မယ်ဆိုရင် ပဋ္ဌကတ်သုံးပုံ ။ပဋ္ဌကတ်
သုံးပုံဖြန့်လိုက်ရင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ကြားလား ။ အဲ
လို စိစစ်ဖို့မကောင်းလား ။ အဲဒါ ပဋ္ဌကတ်သုံးပုံ... ချုံ့ကြည့်တော့ ခန္ဓာဘဲရ
တယ်နော် ။
ခန္ဓာငါးပါး ချုံ့ကြည့်တော့ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ။ နိဗ္ဗာန်က အသင်္ခ
တ ပရမတ် ။ စိတ် စေတသိက် ရုပ် က သင်္ခတ ပရမတ်ကွဲ့နော် ။
အဲလိုလေ့လာဖို့မကောင်းလား ။
အဲဒါ သိဖို့လိုတယ် ..သိမှ ပယ်နိုင်တာနော်
စိစစ်ဖို့မကောင်းလား.. အဲဒါ လိုရင်းအချက်တွေတဲ့ ။

စားတဲ့ သောက်တဲ့အခါ လည်းဘဲ စိတ်ကိုနိုင်မှ ချမ်းသာရတယ် လို့မဟော
ဘူး လား ။ စဉ်းစားကြဦးစို့နော် ။

www.dhammadownload.com

သူငယ်ချင်းနှစ်ယောက် ခရီး သွားတယ် အိမ်တအိမ်မှာ တည်း ။ စားချိန်ြ
ကတော့ အိမ်ရှင်က ကျွေးတော့ ဟင်းကသုံးမယ် လေးမယ် ။ အဲဒီ တမာရွ
က်ကို ကတ်ကြေးနဲ့ သေချာ ကိုက်ပြီးတော့မှ သုပ် ထားတာ ။ အခါးမကြို
က်တဲ့သူ ကြိုက်တဲ့သူ ။

အခါးမကြိုက်တဲ့သူက လက်သုံးချောင်းနဲ့နှိုက်ပြီးတော့ ဝါးပြီးတော့ စားပစ်
တာ ခါးလွန်းလို့ထွေးပစ်တာ မျက်နာတွေ ပျက်လို့ သေပါလိမ့်မယ်ကွာ ။ ခါး
လိုက်တာ။ သေပါလိမ့်မယ်ကွာ ခါးလိုက်တာ ထွေးပစ်တာဘဲ ထွေးတယ်
ဆိုတာ ကောင်းလို့လား မကောင်းလို့လား မကောင်းလို့ ။

ဟို လူတယောက်က နောက်မှ သွားနှိုက်မိတာ ။ အခုမှခံတွင်း သာတယ်။
ကောင်းလိုက်တာ ။ အရသာ တွေ့လိုက်တာ ။ အခုမှခံတွင်း သာတယ်တဲ့ ။
ကဲ သူကကောင်းတယ်လို့မပြော ဘူးလား ။ ဟို တယောက်က မကောင်း
ဘူးတဲ့ ။ စဉ်းစားဖို့ မကောင်းဘူးလား ဒါထိထိမိမိလိုတယ်နော်။ သောမ
နဿဝေဒနာ စိတ်မှာပေါ် သည်။
ဒေါမနဿဝေဒနာ စိတ်မှာပေါ်သည် ။
ခန္ဓာ မှာဖြစ်တာလား စိတ်မှာဖြစ်တာလား ။

အဲဒီစိတ်က တမာရွက်အနေနဲ့မြင်တာ
ပုဂ္ဂိုလ် သတ္တဝါ အနေနဲ့ မြင်တာ စိစစ်ဖို့မကောင်းလား ။
အဲဒီတမာရွက်ဟာ လူမျိုး တစ်ရာ့တစ်ပါးတူရဲ့လား ။
ကုလားက တမျိုး တရုတ်ကတမျိုး အင်္ဂလိပ်ကတမျိုး နာမည်တမျိုးစီ နေ
မှာပေါ့ ။
ခါးတဲ့အရသာက လူမျိုးတစ်ရာ့တစ်ပါး တူ မတူ
။ ခါးတာ အကုန်လုံးတူတယ်ကွဲ့ ငြင်းလို့မရဘူးနော် ။

www.dhammadownload.com

ခါးတာသူ့သဘာဝ။ စိစစ်ဖို့မကောင်း လား ။ အဲဒီ ခါးတာဘဲရှိတယ်နော် ဒေကာင်းတာ ပါရဲ့လား ဆိုးတာကား ပါရဲ့လား ။ ဆိုးတာတွေ ကောင်းတာတွေ သူ့စိတ်မှာဖြစ်တာပါလား ။ ခန္ဓာမှာဖြစ်တာဟုတ်ကဲ့လား ။ အဲလိုသာ သိမယ်ဆိုရင် စားတိုင်း စားတိုင်းဟာ နိဗ္ဗာန်တဒိုင်းဒိုင်းပေါ့ ။

ဆိုးကောင်းနှစ်ပါးမ လွတ်ဘူးလား ။ ဥပေက္ခာဝေဒနာ လျှာမှာပေါ်သည်ဟာ မဟာ ။ ဒါဆိုးကောင်းနှစ်ပါးလွတ်တယ်နော် ။ မျိုကြည့်လိုက် ရှိသေးရဲ့ လား ။ အနိစ္စလို့မဟောလား။ ပေါ်တာလည်း ဥပေက္ခာဝေဒနာ လျှာမှာပေါ်တာနော် ။ ပေါ်တဲ့တရားက အနိစ္စလို့မပြဘူးလား ကဲ... ခါး တာကားတွေ့သေးရဲ့လား မတွေ့တော့ဘူးနော်။ တွေ့တာအနိစ္စ ။

အနိစ္စသိမှ စိတ်ချရတယ်လို့မဟောဘူးလား ။ ကဲအဲလိုဆို သူ့အပေါ်မှာ စွဲစရာ လိုသေးရဲ့လား အဲဒါလိုရင်းအချက်တွေနော် ။ အမှန်သိတော့ အမှားမပျောက်လား ။ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့နှလုံးသွင်း မှားတာ အဝိဇ္ဇာပေါ့ ။ ခါးအရသာ တမာရွက်အနေနဲ့ နှလုံးသွင်း မှားတာ အဝိဇ္ဇာပေါ့ စိစစ်ဖို့မကောင်းလား အဲလိုလေ့လာဖို့မကောင်းလား

ခါးရင်... ခါးတဲ့ အရသာထဲမှာ ဆိုးကောင်းနှစ်ပါး လွတ်ရင် စပ်တဲ့ဆီမှာကား မလွတ်ဘူးလား ချိုတဲ့ဆီမှာကား မလွတ်ဘူးလား ဆိမ့်တဲ့ဆီ မှာကားမလွတ်ဘူးလား ချဉ်တဲ့ဆီမှာကား မလွတ်ဘူးလား ငန်တဲ့ဆီမှာကား မလွတ်ဘူးလား လွတ်တယ်နော် အဲလိုဆိုရင်တော့ စားတိုင်းစားတိုင်းက ပြေပါတကားကွဲ့ ။

အဲဒါ အဲလိုသိပြီးတော့ အနေအထိုင် မူမပြောင်းဘဲနဲ့ သူ့သဘာဝ အတိုင်းရှိတာ သဘာဝဉာဏ် လို့မပြောဘူးလား သဘာဝဉာဏ် စိစစ်ဖို့မကောင်းဘူးလား ။

www.dhammadownload.com

အဲဒီလိုလေ့လာဖို့မကောင်းလား
ဒါမို့ ထမင်းစားတဲ့အခါ သတိပြုကြ သို့မဟုတ်ရင် သဘောကျတာ မကျတာ လာဦးမှာပေါ့ ။
လာရင်အကုသိုလ်ဖြစ်မယ် စဉ်းစားဖို့မကောင်းလား ။

အဲသည် ဉာဏ်ကိုသိတဲ့ ပုဂ္ဂိုလ်ဟာ...
မြင်တိုင်းမြင်တိုင်း နိဗ္ဗာန်တဒိုင်းဒိုင်း
ကြားတိုင်းကြားတိုင်း နိဗ္ဗာန်တဒိုင်းဒိုင်း
နံတိုင်းနံတိုင်း နိဗ္ဗာန်တဒိုင်း ဒိုင်း
စားတိုင်း စားတိုင်း နိဗ္ဗာန်တဒိုင်းဒိုင်း
ထိတိုင်း တွေ့တိုင်း နိဗ္ဗာန်တဒိုင်းဒိုင်း
ပဋ္ဌာန်ရ ငါးဌာန လေ့လာဖို့မကောင်းလား ။

မနောဒွါရ ဆိုတာဟာ ... စဉ်းစား ။
အဲဒီမျက်စိ နား နာ လျှာ ကိုယ် ကပို့ရတာ။
ပကတိမျက်စိနဲ့ ....မျက်စိ နား နာ လျှာ ကိုယ် ဒါဘဲရှိတယ် ။ မနော ဆိုတာ ကိုယ့်စိတ်မှာဖြစ်တာ ။ကဲ... ဟိုတုန်းကမြင်ဖူးတာတွေ ကြားဖူးတာတွေ နံဖူးတာတွေ စားဖူးတာတွေ ထိဖူးတာတွေ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ် ... တွေးတဲ့အခါ မပေါ် ဘူးလား ။ အဲဒါ... ဓမ္မလို့ခေါ်တယ် ရုပ်ဓမ္မ နာမ်ဓမ္မ ။ ရုပ်ဓမ္မာရုံ နာမ်ဓမ္မာရုံ ကြားလား ။

မရောက်ဘူးတာ မစားဘူးတာ တွေး... ရပါ့မလား ။
ဘုန်းကြီးတို့ အိန္ဒိယ မရောက်ဖူးဘူး တွေး
လို့ ပေါ်ပါ့မလား မပေါ် ဘူးကွဲ့ ။ ရောက်ဖူးတဲ့နေရာကြတော့ အာရုံပြု ရတယ် ။စိစစ်ဖို့မကောင်းလား လေ့လာ အဲဒါသိဖို့လိုတယ်နော် ဒါသိရင်သဘာပေါက်ဖို့ မလွယ်ဘူးလား

www.dhammadownload.com

ဒါကြောင့် ... ရှေးဆရာတော် သမားတော်တွေက ဘယ်လို ဥပမာပေးတာလဲလို့ သခ်ၤါရက္ခန္ဓာက ၄က်ပျောပမာဏ ၄က်ပျော ဆိုတာ အပင်ကိုပြောတာ မဟုတ် အသီးကို ပြောတာမဟုတ် ။ အရွက်ကိုပြောတာမဟုတ် အနှစ်မရှိတာပြောတာ ။

၄က်ပျောပင်တစ်ပင် အရင်းဖြတ် အဖျားဖြတ် ပြီးတော့မှ ၄က်ပျောဖတ်ကို ခွါကြည့် ။ အနှစ်တွေ့ပါ့မလား ။ ၄က်ပျောဖတ်သာကုန် သွားတယ်။ အနှစ်မရှိဘူးနော် ။ ဒါအဲဒီ၄က်ပျောပင်နဲ့တူခြင်းကြောင့် သခ်ၤါရက္ခန္ဓာ ၄က်ပျောပမာဏ။ ဘယ်သခ်ၤါရလဲ ပုညာဘိသခ်ၤါရ ။ ဒါန ကုသိုလ်မလုပ်ဘူးလား ။ သစ္စာသိလို့လုပ်တာနဲ့ သစ္စာမသိဘဲလုပ်တာ တူရဲ့လား ။

သစ္စာမသိဘဲနဲ့ လှူတဲ့ဒါနကြတော့ ဝဋ္ဌဒါန လို့မဟောဘူးလား ။ သစ္စာသိလှူတဲ့ခါ ဝိဝဋ္ဌ ဒါန လို့မဟောဘူးလား အဲဒါ သစ္စာသိလို့လှူတာနဲ့ မသိဘဲလှူတာ တူရဲ့လား ။ မသိ တာ... အဝိဇ္ဇာပေါ့ လှူတာက... သခ်ၤါရပေါ့ ။ အဲဒါပုညာဘိသခ်ၤါရ ။ အဲသည်သခ်ၤါရက လူခန္ဓာရတယ် နတ်ခန္ဓာရတယ် ။ ဝိညာဏ်မြင် သမ္မုတိသစ္စာ ။
လူခန္ဓာ အိုနာသေလွတ်ကဲ့လား နတ်ခန္ဓာ အိုနာသေလွတ်ကဲ့လား ဘာသစ္စာလဲ ။ လူချမ်းသာအစစ်ဟုတ်ကဲ့လား နတ်ချမ်း သာအစစ်ဟုတ်ကဲ့လား ဗဟ္မာချမ်းသာအစစ်ဟုတ်ကဲ့လား အတုတွေကွဲ့နော် ။

သို့မို့ ဒါ ဘာကြောင့် ချမ်းသာတယ်လို့ပြောတာလဲ စိစစ် ဖို့မကောင်းလား .. ။ သမ္မုတိသစ္စာအနေနဲ့ပြောရတာ ပရမတ္ထသစ္စာ မဟုတ်ဘူး .. ။ သမ္မုတိသစ္စာအနေနဲ့ ငရဲတိရစ္ဆာန် ပြိတ္တာ အသူရ ကာယ် ။ အပါယ်လေးဘုံမရှိဘူးလား..။ အပါယ်လေးဘုံကိုထောက် ကြည့်လိုက် ။
လူက မချမ်းသာဘူးလား ။

www.dhammadownload.com

လူနဲ့စာရင်တော့ နတ်က မချမ်းသာဘူးလား ။ နတ်တွေကုန်ရောင်းတယ်
လို့ရှိရဲ့လား လယ်ထွန်တယ်လို့ရှိရဲ့လား နတ်ဩဇာ စားတာကွဲ့ ။ ကိုင်း...
နတ်နဲ့စာ တော့ ဗြဟ္မာကမချမ်းသာဘူးလား ။ အဲဒါ သမ္မုတိသစ္စာအနေနဲ့ပြော
ဟရ တယ်နော်။ ပြောတာ

ပရမတ္ထသစ္စာဖက်ကကြတော့ ချမ်းသာ အစစ်ဆိုတာ ခုတော်တော်တုန်း
ကပြောတဲ့ မျက်စိ နား နာ လျှာနဲ့ပတ်သက်လို့ ဖြစ်တဲ့သဘာဝ ရုပ်တရားဖေ
ပါ်မှာ နာမ်တရားပေါ် မှာ ... ဆိုးကောင်းနှစ်ပါးလွတ်အောင် မြင်လို့ရှိရင် ဖေ
လာဘ ဒေါသ မောဟ ဖြစ်ပါ့မလား ။ မဖြစ်ဘူးနော် ။

အဲဒါကြောင့်...
ဥပေက္ခာဝေဒနာ မျက်စိ မှာပေါ် သည်
ဥပေက္ခာဝေဒနာ နားမှာပေါ် သည်
ဥပေက္ခာဝေဒနာ နာမှာပေါ် သည်
ဥပေက္ခာဝေဒနာ လျှာမှာပေါ် သည်
သုခဝေဒနာ ကိုယ်မှာပေါ် သည်
ဒုက္ခဝေဒနာကိုယ်မှာပေါ် သည်
သောမနဿဝေဒနာစိတ်မှာပေါ် သည်
ဒေါမနဿ ဝေဒနာ လျှာမှာပေါ် သည် ... မဟောဘူးလား ။

အဲဒါစိတ်မှာ ပညတ်အာရုံ ။ အဲဒီပညတ်အာရုံ ။ဘာနဲ့တူသလဲ စိစစ်ဖို့မဖေ
ကာင်းလား ။ မျက်လှည့်နဲ့တူတယ် မျက်လှည့်ပြတဲ့ရွှေတွေ... ကုန်သည်ဖေ
တွရောင်းတာနဲ့မတူဘူးလား ။ တူငြားသော်လည်း သုံးလို့စွဲလို့ဖြစ်ကဲ့လား ။
မျက်လှည့်ပြတဲ့ဆန်တွေ ချက်လို့ပြုတ်လို့ဖြစ်ကဲ့လား ။ ဒါ...
တကယ်ရှိလို့လား မရှိလို့လား ။
တူတော့ မတူဘူးလား ။ တကယ်မရှိဘူးနော် ။

www.dhammadownload.com

အခုလည်း လူချမ်းသာ နတ်ချမ်းသာဆိုရင်
လူပ့ါမရှိဘဲနဲ့ ချမ်းသာတယ်ရှိပ့ါမလား
နတ် မရှိဘဲနဲ့ ချမ်းသာတာရှိပ့ါမလား
ဗြဟ္မာမရှိဘဲနဲ့ ချမ်းသာတာရှိပ့ါမလား
တင်စားပြီးတော့ ... လူနတ်ဗြဟ္မာလို့မခေါ် ဘူးလား
အခေါ်ရှိ သမုတ်ရှိ ။ တကယ်ရှိ ...ဟုတ်ကဲ့လား ။
တကယ်ရှိတာနာမ်နဲ့ရုပ် ။ အဲလိုသိဖို့မကောင်းလား ။ အဲဒါလိုရင်းအချက်
တွေနော် ။

အဲဒီလိုတရား တပွဲမှာ ဒီလိုသိသွားမယ်ဆိုရင် ...
တမင်တဖိုလ်ရနိုင်တယ်.အဲလိုလေ့လာဖို့မကောင်းလား ။ တရားထိုင်တာ
စင်္ကြန်သွားတာ ဣရိယာ ပထလေးပါး နာမ်ရုပ်သိဖို့ ။ ခန္ဓာသိဖို့ အဓိက ။
ဘယ်လောက်ပ့ါ ထိုင်ထိုင်
တရားမသိ ခရီးရောက်ပ့ါမလား ။ တရားသိ... တရားထိုင် တမိနစ်နှစ်မိနစ်
သုံးမိနစ် တောင် ခရီးရောက်တယ်နော် ။ အဲလိုစိစစ်ဖို့မကောင်းလား

ဒါမျောက်ဥပမာပေးတဲ့တိတ်ခွေထဲမှာ ဆရာတော်ဘုရားကြီး ဟောတယ် ။
တရားထိုင်တာ အပါးမဝခင် ထိုင်ရတာ အပါးဝခါ ထိုင်စရာမလိုဘူးတဲ့ ။ စိစ
စ်ဖို့မကောင်းလား ။ အဲဒါအထိုင်လွတ်အောင် လုပ်ကြစမ်း ။ ကြားရဲ့လား ။
အပါးဝမှ... လွတ်မှာ ။ အပါးမဝ... ထိုင်ရဦးမှာ ကြားလား ။ အပါးဝမှလွတ်
မှာ အပါးမဝခင် ထိုင်ရမယ်လို့မပြော ဘူးလား ။ လူတွေကလည်း အပါးမဝ
နိုင်ပြီ ဟင် စိစစ်ဖို့မကောင်းလား။ လေ့လာကြ လေ့လာကြ လေ့လာကြ ။

တစ်ရက်ဟောလည်း ခန္ဓာ ငါးပါး။ နောက်တစ်ရက်လည်း ခန္ဓာငါးပါး ။ ခန္ဓာ
ချည်း ဟောနေရတာ ။ ခန္ဓာကပြောင်းလို့မရပြီ ။ မကြားစဖူး ကြားဖူးထပ်မံ။

www.dhammadownload.com

ရှေးထက်ကျော်ကာရီက ရွာတရွာမှာရှိတယ် ။ ဘုန်းကြီးကလည်းဘဲ ဇ
တ်တော်နဲ့ပင့်လို့မရ ။ ရတဲ့ဘုန်းကြီးကလည်း အဲဒါပြုတော့ သုံးနှစ်ကြာ
သွားပြီ ။ မင်္ဂလသုတ်ပဲ ဟောတာ ။သုံးနှစ် ။ ရွာသူရွာသားတွေ တိုင်ပင်
ကတော့တာ ။ တရားနာတဲ့ဟာတွေက တိုင်ပင်တယ် ။ ငါတို့ဘုန်းကြီးက မ
င်္ဂလသုတ်ပဲ ဟောတာကွယ် ။ သည်နှစ်တော့ခါအပြောင်းခိုင်းရအောင်ကွဲ့
။

အရှင်ဘုရားဟောတာက ... သည်နှစ်နဲ့ သုံးနှစ်ရှိပြီ မင်္ဂလသုတ်ကပြောင်းဇ
ပးပါတော့ ဘုရား ။ ဟာ စောစောကပြောပါတော့ကွယ် ကြာပါပြီကား။ ဟဲ့ ။
သုံးနှစ်ဆိုတာကြာပြီကွဲ့ စော စောကပြောပါတော့။ မင်းတို့တွေ ။
ကဲ... ကဲ... ကဲ မင်းတို့အားလုံးပြောင်းဖို့သဘောတူသလား ။ တူတယ်
ဘုရား ။ ကဲမင်းတို့မင်္ဂလသုတ်ပြန် ကြစမ်း ။ တစ်ယောက်ပဲ့မရတဲ့ ။ မင်္ဂလ
သုတ်ကို ကြားလား ။ တယောက်ပဲ့ မရ ပြောင်းလို့ဖြစ်ပဲ့မလားဟေ့ ။ တဇ
ယာက်ပဲ့ မရတာကိုး ကွဲ့ ။ ခုလည်း ခန္ဓာထဲဟောနေရတာ ပြောင်းလို့ဖြစ်ပဲ့
မလားဟေ့ ။ စဉ်းစားဦး လေ့လာကြ ။တနေ့လည်း ခန္ဓာငါးပါး တနေ့လည်း
ခန္ဓာငါးပါး စိစစ် ဖို့မကောင်းလား .. ။ အဲလိုစိစစ်ဖို့ လိုတယ်နော်.. ။

အဲဒါကြောင့်မို့လို့ မြင်ရာ ကြားရာ နံရာ လျက်ရာ ထိရာ ဟိုတုန်းကမမြင်ဖူး
ဘူး အင်း ဟိုတုန်းကမြင်ဖူးတာ မမြင်ဖူးတာ... မြင်ဖူးတာတွေ ကြားဖူး
တာတွေ နံဖူးတာတွေ စားဖူးတာတွေ ထိဖူးတာတွေ တွေးတဲ့အခါ မပေါ်
ဘူးလား.. ။ အဲဒါမနောအကြည် ကို ဓမ္မာရုံတိုက်တယ်လို့ခေါ်တာကြား
ရဲ့လား..တခါပဲ့မမြင်ဖူး မကြားဖူး မနံဖူး မစားဖူးတာတွေး လို့ပေါ်နိုင်ပဲ့မ
လား ..။ မပေါ်ဘူးကွဲ့ မြင်ဖူးကြားဖူးတာသာပေါ်တာနော်.. ။

www.dhammadownload.com

ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်တွေလည်း တွေးတဲ့အခါမပေါ် ဘူး လား .. ကုသို လ်တွေကား တွေးတဲ့အခါမပေါ် ဘူးလား.. အဲဒါကုသိုလ်ဓမ္မ အကုသိုလ်ဓမ္မ ပေါ့နော်
အဲလိုလေ့လာဖို့မကောင်းလား
ပုဂ္ဂိုလ်သတ္တဝါဟုတ်ကဲ့လား ရုပ်ဓမ္မ နာမ်ဓမ္မ ဒါဟုတ်တယ် ကြားရဲ့လား ..။
အဲလိုစီစစ်ဖို့မကောင်းလား .. အဲဒါလိုရင်းအချက်တွေ ပေါ့နော်..

မြတ်စွာဘုရား သားတော်ရာဟုလာ ပထဝီဓါတ်တလုံးတည်း နဲ့ အာသဝေါ ကုန်တာဗျ သားတော်ရာဟုလာလေ ။ပထဝီဓာတုံ ဓေါ ရာဟုလာ အနိစ္စ တာ ဇာနတော ပဿန္တော အာသဝါနံ ခယော ဟောတိ ။
နတ္ထိ ကိဉ္စိ ဉတ္တရိ ကရဏီယန္တိ ဝဒါမိ။

ချစ်သားရာဟုလာ ပထဝီဓါတ်တလုံးကို ပိုင်နိုင်အောင်လေ့လာလော့ .. ပ ထဝီဓါတ်ကို ပထဝီဓါတ်လို့အမှန်သိအောင်လေ့လာပါလို့ ကိုယ်ထင် တာ ကလူ တွေတာက မာတာပျော့တာ .. ဆံဖျားကခြေဖျားရောက်အောင်ကိုင် စမ်းကြည့် လူတွေ့မလားမာတာတွေ့မလား .. ။
လူတွေ့မလား ပျော့တာတွေ့မလား ..
ခြေတွေလက်တွေတွေ့မလားမာတာပျော့တာတွေ့မလား.. မာတာနဲ့ပျော့ တာဘဲတွေ့တယ် နော် ။
မာတာပထဝီ ပျော့တာပထဝီပေါ့ ..မာတယ်ပျော့တယ်သိတာသူငါလား ကာယဝိညာဏ်လား .. ကာယဝိညာဏ်ကနာမ်တရား မရလား.. မာတာ ပျော့တာ ကရုပ်တရားမရဘူလား.. နာမ်ရုပ်နှစ်ပါး ။

လူလားနာမ်နဲ့ရုပ်လား ..နတ်လားနာမ်နဲ့ရုပ်လား..ငြဟ္မာလား နာမ်နဲ့ရုပ်လား ..
ဘာဖြစ်လို့လူမတွေ့တာလဲ ..

www.dhammadownload.com

နတ်ဘာဖြစ်လို့မတွေ့တာလဲ ..
ဗြဟ္မာဘာဖြစ်လို့မတွေ့တာလဲ ..
မတွေ့ငြားသော် လည်းအဲဒီမာတာနဲ့ပျော့တာပေါ်မှာ လူလို့မသမုတ်ဘူး လား.. နတ်လို့မခေါ်ကြဘူးလား.. ဗြဟ္မာလို့မခေါ်ကြဘူးလား .. ခေါ်တာ ပ ယ်ရဲ့လား

ဘာတွေပယ်တာလဲ စိစစ်ဖို့မကောင်းလား.. လူလို့မထင်လား .. ရှိတယ် လို့မယူလား .. တွေ့တာကလူလားနာမ်နဲ့ရုပ် လား ..နတ်လားနာမ်နဲ့ရုပ်လား ..ဘာဖြစ်လို့လူနတ်ဗြဟ္မာမတွေ့တာလဲ..
အဲဒါယုံကြည်ဖို့လိုတယ်..

မရှိရင်ဘယ်လိုစွဲမှာလဲ ။
မရှိဘူးလို့သိတယ် လူလို့မခေါ်ဘူးလား ..။
သားလို့လို့မခေါ်ဘူးလား.. သမီးလို့မခေါ်ဘူးလား..အဖေအမေလို့မခေါ်ဘူး လား ..
ခေါ် တာပယ်ရဲ့လား ။အယူအဆ ... အထင်နဲ့အယူအဆပယ်တာ..လူ လို့ထင်တယ် ရှိတယ်လို့ယူတယ် တွေ့တာကနာမ်ရုပ် ကဲလူမတွေ့ တွေ့တာကနာမ်နဲ့ရုပ်..။ ဘာဖြစ်လို့လူမတွေ့တာလဲ..မရှိရင်ဘယ်လိုစွဲမ လဲ.. နာမ်ရုပ်ကလည်း အနိစ္စမျိုး ဒုက္ခမျိုး အနတ္တမျိုး ဆိုတော့ အစွဲခံ ရဲ့လား ..။

ဒါမို့ ကဲ
ပထဝီမာတုံ ခေါ် ရာဟုလာ အနိစ္စတော ဇာနတော ပဿန္တော အာသဝါနံ ခယော ဟောတိ ။
နတ္ထိ ကိဉ္စိ ဉတ္တရိ ကရဏီယန္တိ ဝဒါမိ။

www.dhammadownload.com

ချစ်သားရာဟုလာ ပထဝီဓါတ်တလုံးကို ပိုင်နိုင်အောင်လေ့လာလော့ ပထဝီဓါတ် ရဲ့ မမြဲခြင်းသဘောကိုသေချာဃဏာ နေရာက္ခ ပြီးရင် နောက်ထပ်တရား အားထုတ်စရာမလိုပြီလို့မဟောဘူးလား..။

ရုပ် ပထဝီက ရုပ်တရား ရတယ်နော် ..အာပေါလည်း ရုပ်တရားရ တယ်နော်..ဝါယောလည်း ရုပ်တရားရတယ်နော်.. တေဇောလည်း ရုပ်တရားရတယ်နော်..
ကဲ အဲလိုစိစစ်ဖို့မကောင်းလား
အဲဒါလေ့လာ ဖို့လိုတယ် ကြားလား..
အဲလိုစိစစ်ဖို့မကောင်းလား ..

ကဲရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား .. နာမ်တရားက သိပြီးတော့ မပျက်လား..
ကဲနာမ်ရုပ် တွေ့တာလား မရှိတာ တွေ့တာလား ..
။ကဲ ... မရှိဘူးလို့ အနိစ္စလို့သိရင် နောက်ထပ် တရားအားထုတ် စရာမလိုပြီလို့ဟောမဟော..။
ဘယ်လောက်များ လုံလောက်သလဲ ကြားလား ..
ဤနေရာရောက်အောင် ကြိုးစားအားထုတ်ဖို့လိုတယ်နော်.. ။သိမှပယ်နိုင်တာ.. မသိပယ်နိုင်ပါ့မလား ..အဲလိုစဉ်းစား ရာဟုလောဝါဒသုတ်က သက်သေခံတယ်ဗျ .. အဲဒါ သဘောပေါက်ဖို့လိုတယ်နော် .. ။

စားလို့ လျှာနဲ့ပတ်သက်ပြီးတော့မှ အဲသည်လျှာမှာ ဒိဋ္ဌပြုတ်မယ် ဝိစိကိစ္ဆာ ချုပ်မယ် ။
အနိစ္စလို့သိ မယ် ဒုက္ခလို့သိမယ် အနတ္တလို့သိမယ် ဆိုရင် ...လျှာနဲ့ပတ်သက်လို့အာသဝေါကုန်တယ်..
မကုန်ပေဘူးလား.. လေ့လာကြနော်..

www.dhammadownload.com

စိစစ်ဖို့မကောင်းလား ...။

အခုလူတွေက ခန္ဓာကို ဉာဏ် မရောက်တာ ကြားလား.. တရားဟောတယ် တရားဟောတယ်ဆိုတာ ပြန် စဉ်းစား ။ဘာတွေကို လိုရင်းအချက်တွေလဲ ။
ကိလေသဝင့် ကမ္မဝင့် ဝိပါကဝင့် ဘုရား မဟောဘူးလား.. ။
အဲသည် ဝင့်သုံးပါး မရှိရင် နိဗ္ဗာန်လို့ဟောမဟော.. ။
ကိလေသဝင့် ကမ္မဝင့် ဝိပါကဝင့်နော်။
ဝင့်သုံးပါး ကျွတ်တာ ... နိဗ္ဗာန်လို့မဟောဘူးလား.. ။

အဲသည်ဝိပါကဝင့် ဆိုတဲ့ကိစ္စက ကမ္မဝင့်ကြောင့်ဖြစ်ရတာ..ဝိပါက က ဝိ ဉာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာပေါ့..တနည်း ဇာတိဇရာမရဏာ ပေါ့ စိစစ်ဖို့မကောင်းလား..အဲသည်ဝင့်ဘယ်ကလာတာလဲ ကာယကံ ဝစီကံ မနောကံကလာတာ..
ကာယကံ ဝစီကံ မနောကံ ဘယ်ကလာတာလဲစီစစ်ဖို့မကောင်းလား..ဥပါဒါန် တဏှာ အဝိဇ္ဇာကြောင့်ဖြစ်တာစီစစ်ဖို့မကောင်းလား..
အဝိဇ္ဇာ တဏှာ ဥပါဒါန် ကြောင့်ဖြစ်တာနော်..
အဝိဇ္ဇာ တဏှာ ဥပါဒါန် ကိလေသဝင့်လို့မဟောဘူလား..

သို့မို့ တရား နာတယ် တရား အားထုတ်တယ် ဆိုတာ ကိလေသဝင့်ချုပ်ဖို့ အဓိက ဟုတ် မဟုတ်..
အဲလိုစဉ်းစားပါ..။
တရားတော့ ဟောတာ တရားအစပျောက်နေတယ်။ ကြားလား.. ။ အဝိဇ္ဇာ အစ ဇရာမရဏာ အဆုံးလို့ ဟော မဟော..။ တရားအစ ပျောက်နေကြတာယ်..။
ရုပ်တွေ နာမ်တွေတော့ မှန်တယ်ဗျား..။ အစ ပျောက်နေတယ် ။ နလုံးသွင်း မှန်တာနဲ့မှားတာ ။ သည်နှစ်ခုမရဘူးလား..နလုံးသွင်းမှန်ပြီ..။

www.dhammadownload.com

လက်တွေ့ရုပ်နာမ်ဆိုတော့ ...
နှုတ်ဖျားမှာ ပေါသွားတဲ့ရုပ်နာမ်။
ခန္ဓာနဲ့ ကပ်ပြီးတော့သွားတဲ့ရုပ်နာမ် မတူဘူး .. ။
မလေ့လာရင် အတူတူဘဲ ထင်တာ..
စိစစ်ဖို့မကောင်းလား ။

ကဲလက်တွေ့မျက်တွေ့မိမိကနေပြီးတော့မှ အင်မတန်ကြိုက်တဲ့
အရသာ ...
လူတို့မည်သည်မှာ ဘယ်မှာသာသလဲ ။ အစားနဲ့ဆင်းရဲ တာတမျိုး အဝတ်
နဲ့ဆင်းရဲတာတမျိုး ။
တချို့က အဝတ်ကို အားကျတယ် တချို့ အစားအားကျတယ် ။ အဲသည်
လူတွေက မွဲတော့တာ။
စိစစ်ဖို့ မကောင်းလား..
လျှာတချောင်းကြောင့် ခြေနှစ်ချောင်းပင်ပန်းတယ်လို့မဟောဘူးလား..

လက်တွေ့မျက်တွေ့ ကြက်သား စားကြည့် ။ ဝက်သားစားကြည့် ။ စားတုန်း
က ကြက်သားဝက်သား။
တွေ့တာက ကြက်သားဝက်သားတွေ့တာလား ဆိမ့်တာတွေ့ တာလား .. ။
ဆိမ့်တာတွေ့တယ်နော်..။

ဆိမ့်တာကို မျက်စိနဲ့ကြည့် မြင်ရပါ့မလား..ယုံရဲ့လား မျက်စိကြည့်လို့ မမြင်
ရဘူးနော်..
လက်နဲ့ကိုင်စမ်းကြည့်ရင်ကား တွေ့ပါ့မလား..
နမ်းကြည့်ရင်ကား တွေ့ပါ့မလား..
နားထောင်ကြည့်တွေ့ပါ့မလား..

www.dhammadownload.com

လျှာနဲ့ကြတော့ မသိနိုင်ဘူးလား..

ကဲစိတ်ထဲက... ငါးကြီးကြော်စားလိုက်နော် ။
ငါးကြီးကြော် တွေ့တာလား ဆိမ့်တာတွေ့တာလား.. ။
ဆိမ့်တာဘဲတွေ့ တယ်နော်..။
ဆိမ့်တယ်လို့စားသိတာ ငါလား ဝိညာဏကွန်ခွာလား..စားသိစိတ်ပေါ့
စားသိစိတ်က တဝိညာဏ်တည်း ... စားသိလို့ဖြစ်ပါ့မ လား ။ ဒါလျှာမှာ ဇ
နာ်..။

သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား ..ဆိမ့်တယ်
လို့ခံစားတာ ငါလားဝေဒနာလား.. ။ လူလား ဝေဒနာလား..နတ်လား ဝေဒ
နာလား..ဗြဟ္မာလား ဝေဒနာလား..။
ငါလည်း မတွေ့ လူလည်း မတွေ့ နတ်လည်း မတွေ့ ဗြဟ္မာလည်း မတွေ့ ။
ငါးကြီးကြော်လည်း မတွေ့။
တွေ့တာက... ဆိမ့်တဲ့အရသာ..။
စိစစ်ဖို့မကောင်းလား..လေ့လာဖို့မကောင်းလား..။

အဲလို ဆိမ့်တယ်လို့ခံစားတဲ့ ကိစ္စတွေလည်း စဉ်းစား ဖို့မကောင်းလား..လူန
တ်ဗြဟ္မာလား ဝေဒနာလား..
ဆိမ့်တယ်လို့ မှတ်တာ လူနတ်ဗြဟ္မာလား သညာလား.. ခံစားနိုင်အောင်ဇ
စ့်ဆော် တာ မှတ်နိုင်အောင်စေ့ဆော်တာ သူငါလားစေတနာလား ....
ဝေဒနာ သညာ စေတနာ ဤသုံးခုပေါင်းတော့ နာမကွန်ခွာလေးပါး မပြည့်
လား..အဲဒါမှစားသိစိတ်ဖြစ်တာ..
လူနတ်ဗြဟ္မာလား နာမကွန်ခွာလေးပါးလား..
လျှာအကြည်နဲ့ဆိမ့်အရသာ ... ခန္ဓာဖွဲ့ကြည့် တော့ ရူပကွန်ခွာမရလား...
နာမကွန်ခွာလေးပါးနဲ့ ရူပကွန်ခွာပေါင်း။

www.dhammadownload.com

(ခန္ဓာငါးပါးပါဘုရား) ဟော... လျှာမှာတွေ့တာနော်..

ထင်တာက သူတွေ ငါတွေပေါ့..တွေ့တာက ခန္ဓာငါးပါး..ထင်တာကလူနတ်ြ
ဗဟ္မာပေါ့..တွေ့တာကခန္ဓာငါးပါး..။ ထင်တာကငါးကြီးကြော်ပေါ့..တွေ့တာ
ကနာမ်နဲ့ရုပ်..ငါးကြီးကြော်လား နာမ်နဲ့ရုပ်လား..။
ဒီလိုဆို ငါးကြီးကြော်မတွေ့တာ ရှိလို့လားမရှိလို့လား..
မရှိရင်ငါးကြီးကြော်အနေ နဲ့ စွဲစရာလိုသေးရဲ့လား...
ငါးကြီးကြော်မှ မတွေ့ရင် လူနတ်ဗြဟ္မာကားတွေ့ရဲ့လား.. သတ္တဝါ တွေ့
ကားတွေ့ရဲ့လား..တွေ့တာက နာမ်နဲ့ရုပ် ဖြန့်လိုက်ရင် ခန္ဓာငါးပါး ငါစွဲဒိဋ္ဌမပြု
တ်လား..
လူစွဲဒိဋ္ဌမပြုတ်လား..

ဒိဋ္ဌပြုတ်ရင် ဗြဟ္မာကြီးလေးဦးက ဖန်ဆင်းတယ် ထာ ဝရဘုရား ဖန်ဆင်းတ
ယ် ဗိသနိုးနတ် ဖန်ဆင်းတယ် ယူဦးမလား..ဝိစိကိစ္ဆာ မချုပ်လား..ဝိစိကိ
စ္ဆာချုပ်ပြီ..အာသဝနဲ့ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ ချုပ်ပြီ ကြားလား..ဒါလေ့လာ
ဖို့မကောင်းလား...နှုတ်ကဟောသွားတဲ့ခန္ဓာနဲ့ ကပ်ပြီးတော့ဟောတာမတူ
ဘူး..သတိ ထားနော်

အဲဒါသတိထား..အခေါ်တူတယ် ခန္ဓာကပ်ပုံချင်းမတူဘူး..စိစစ်ဖို့မကောင်း
လား...
အဲသလိုလေ့လာဖို့မကောင်းလား..
အဲဒါလေ့လာဖို့လိုတယ်..ကဲမြို့ကြည့်လိုက် ရှိသေးရဲ့လား..နာမ်ရုပ်ဖ
တွသလား မရှိတာတွေ့သလား..
အနိစ္စလို့မဟောဘူးလား..
သိတာက မဂ္ဂလို့ မဟောဘူးလား..

www.dhammadownload.com

အနိစ္စတချက်မြင်ရင်ဒုက္ခဆိုတာ အကျုံးဝင်ပြီးသား..အနတ္တဆိုတာအကျုံးဝင်ပြီးသား.. ဘယ် လိုအကျုံးဝင်တာလဲ ။
အနိစ္စမမြဲခြင်းတရားသည် ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား..ဇာတာကြည့် အနိစ္စမြင်ရင် ဆင်းရဲ တာအကျုံးဝင်လာခဲ့တယ်။
အဲသည်ဆင်းရဲတဲ့တရား ပိုင်သူရှိရဲ့လား...ပိုင်သူမရှိလို့ခံနေရတာပေါ့ ကိုယ့်သဘောအတိုင်းဖြစ်ကဲ့လား.. အနတ္တ ....။

အနိစ္စ ဒုက္ခ အနတ္တ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဟောဒါမှ သစ္စာ အစစ်.. ဒုက္ခလက္ခဏာ ဒုက္ခသစ္စာဒါမှအစစ်.. အနတ္တ လက္ခဏာ ဒုက္ခသစ္စာကဲ... ဆင်းရဲတာကလွဲလို့ဘာများရှိသေးလဲ..အဲလိုသိဖို့မလိုလား..အဲဒါသိဖို့လိုတာနော်.. ဒါယုံကြည်ဖို့မလို လား..။ အမှန်သိ ... ယထာဘူတဉာဏ်..။

ဒုတိယဆက်ကြိုးစားကြည့် ဖြစ်ပျက်ဘဲတွေဦးမှာပေါ့..ဘာသစ္စာလဲ ။
ဒုတိယကြတော့ အသိဉာဏ်ကရင့်လာပြီ..
ခန္ဓာကလွတ်ချင်တဲ့စိတ်တွေ ကျွတ်ချင်တဲ့စိတ်တွေမပေါ်လား..လောကြီးပျင်းမုန်းငြီးငွေ့ပြီနော်..
အပြောအဆို အနေအထိုင်တွေ အခါတိုင်းနဲ့တူရဲ့လား..နှုတ်နည်းသွားပြီကွဲကားလား..နှုတ်နည်းသွားပြီနော် အပိုအလုပ်တွေ မလုပ်တော့ဘူးကြားလား..နှုတ်နည်းသွားပြီ..ဒါနိဗ္ဗိန္ဒ ဉာဏ် ။

တတိယဆက်ကြိုးစားကြည့် ဖြစ်ပျက်ဘဲ မတွေ့လား... ဘာသစ္စာလဲ ခြေအစခေါင်းအဆုံး တကိုယ်လုံး ရှာချင်သလိုရှာ သုခဆိုတဲ့တရား... အပ်ဖျားတစ်ထောက်စာတွေ့ရဲ့လား...။ အပ်ဖျားတစ်ထောက်စာပါ့ သုခမတွေ့တာရှိလို့လားမရှိလို့လား...။ မရှိရင်ဒုက္ခအတိုလို့မပိုင်းခြားလား.. ။
ပိုင်းခြားလိုက်တဲ့တချိန် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝ သီလမဂ္ဂင်သုံးပါး မဝင်လား...။

www.dhammadownload.com

ရှုဉာဏ်ငါးပါးနဲ့ ပေါင်းတော့ရှစ်ပါးမပြည့်လား...။
ရှစ်ပါးပြည့်တဲ့အခါ လောကုတ္တရာလို့မဟာဘူး လား..။

အဲသလိုကျေးဇူးပြုပြီးတော့မှ မိလက္ခမုဆိုးကြီးက အားထုတ်လိုက်တာ ။ ည ဦးက စပြီးတော့မှ မနက်လေးနာရီပြည့်တဲ့အခါမှာ အိုးထဲမှာ ထည့်ထားတဲ့ငွေ ရတွေကလည်း ခမ်း ။ သင်္ကန်းတွေလည်း အကုန်ခြောက်။
သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ရတယ် ကြားလား.. ။
ငါးနာရီထိုးတော့ သဒါဂါမ် အနာဂါမ် ရဟန်း ကိစ္စ မပြီးဘူးလား..ကဲ အဲဒီမှာ ရဟန်း ကိစ္စပြီးမသွားလားဟဲ့.. ။
ကဲဘယ်လောက်များ အားရစရာကောင်းလဲနော်..။

ကဲ... ဂတိနိမိတ်တွေ ငရဲမီးမြင်ကတည်းက သူသွားမည့်နေရာကြား ရဲ့လား..။ အဲသည်ငရဲမီးသာ မြင်တာ သူသွား မည့် နေရာက ငရဲသွားတော့ မှာ..။ ကမ္မနိမိတ်ဆိုတာက သူသတ်တာပုတ်တာတွေက ဒါ အခုလောလော ဆယ်သူသတ်သလိုမြင်နေရတာနော်. ။

သို့ပေမယ့် သူ့မှာ ဖောက်သည်နဲ့ ချင်လို့ ပြုလို့ ခုတ်လို့မနေဘူး လား..သူ့ခန္ဓာကိုယ်ကြီးက ဘုရားခန်းထဲမှာမနေဘူးလား.. ကဲစိတ်တွေ က အဲသည်လောက်အထိ ပြန့်တယ် ဥဒ္ဓစ္စ ကြားလား..စိစစ်ဖို့မကောင်းလား.. အဲလိုလေ့လာဖို့မကောင်းလား..
အဲသလောက်ဆို တော့ ဂတိနိမိတ်ပေါ်ပြီ ..
ကမ္မနိမိတ်တွေပေါ်ပြီ ..။
အဲဒါယုံကြည်တာ တရားအားထုတ်တာ ...ကဲ ရဟန်း ကိစ္စပြီးမသွားလား.. ။
ဤနေရာရောက်အောင်ကြိုးစားအားထုတ်ကြ ..။
မိလက္ခမုဆိုးလောက်တော့ မဆိုးဘူးကွဲ့နော် ..။

www.dhammadownload.com

အဲလိုလေ့လာဖို့မကောင်းလား..။

ကဲ... ထိဆဲခန္ဓာ ကဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)သိတာ က...(မဂ္ဂသစ္စာပါဘုရား)သေတာက...(သမုဒယသစ္စာပါဘုရား) နောက် ခန္ဓာ မလာတာ... (နိရောဓသ စ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ် ကွက်ရှိ... (လေးကွက် ရှိပါတယ်ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး(ငါးပါး ပါဘုရား) ငါးလေးလီ(နှစ်ဆယ်)
ဤရှစ်သွယ်ကို... (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှလွတ်ြကာင်း တည်း)

အရှေ့အရပ်မှာနေ များလှသတ္တဝါတွေ ။
ကျန်းမာချမ်းသာကြပါစေ ဒို့တောင်းဆုမေတ္တာဝေ ။
ကွစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

တောင်အရပ်မှာနေ များလှသတ္တဝါတွေ
ကျန်းမာချမ်းသာကြပါစေ ဒို့တောင်းဆုမေတ္တာဝေ
ကွစ္ဆိတံ လိုရာပြည့် တော့ ချမ်းသာခြင်းလက်ငင်းရပါစေ

အနောက်အရပ်မှာနေ များလှသတ္တဝါတွေ ။
ကျန်းမာချမ်းသာကြပါစေ ဒို့တောင်းဆုမေတ္တာ ဝေ ။
ကွစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်းလက်ငင်းရပါစေ။

မြောက် အရပ်မှာနေ များလှသတ္တဝါတွေ ။
ကျန်းမာချမ်းသာကြပါစေ ဒို့တောင်းဆုမေတ္တာဝေ ။
ကွစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်းလက်ငင်းရပါစေ ။

အထက်အရပ်မှာနေ များလှသတ္တဝါတွေ။

www.dhammadownload.com

ကျန်းမာ ချမ်းသာကြပါစေ ဒို့တောင်းဆုမေတ္တာဝေ ။
ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်းလက်ငင်းရပါစေ။

အောက်အရပ်မှာနေ များလှ သတ္တဝါတွေ ။
ကျန်းမာချမ်းသာကြပါစေ ဒို့တောင်းဆုမေတ္တာဝေ ။
ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်းလက်ငင်းရပါစေ။

ဒို့ကျောင်း ဝင်းအတွင်းမှာနေ များလှသတ္တဝါတွေ ။
ကျန်းမာချမ်းသာကြပါစေ ဒို့တောင်းဆုမေတ္တာဝေ ။
ဣစ္ဆိတံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

အောင်ပါစေ ။ ချမ်းကြည်အေးမြစေ ။
မဂ်စခန်း တက်လှမ်းနိုင်ပါစေ ။

ဤသို့ပြုရ ကုသလကြောင့် များလှဝေနေ အမျှ ပေးဝေသည် နတ်လူဗြဟ္မာ
သာဓုခေါ်စေသော် ။

(အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့
သာဓု သာဓု သာဓု)၃။

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တော
ရကျောင်း ၊ ပဓာနနာယကဆရာတော်။
ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရား ကြီး
ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ်တွင်
၇-၁၀-၂၀၀၇ ခုနှစ် နေ့နှစ်နာရီအချိန် ဟောကြားဆုံးမတော်မူအပ်သော
မဟာပါလရွာအကြောင်း ဥပမာပြ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ် တရားတော်။

www.dhammadownload.com

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

ဗုဒ္ဓဿ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မဿ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃဿ-မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုဿ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယဿ-ဂိုဟဿနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

(စက်ဝိုင်းလှည့်)

မူလနှစ်ဖြာ=အဝိဇ္ဇာ။တဏှာ။

သစ္စာနှစ်ခု=သမုဒယသစ္စာ။ဒုက္ခသစ္စာ။ သမုဒယသစ္စာ။ဒုက္ခသစ္စာ။

လေးခုအလွှာ=အတိတ်အကြောင်းတစ်လွှာ။ပစ္စုပ္ပန်အကျိုးတစ်လွှာ။ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ အနာဂတ် အကျိုးတစ်လွှာ။

အင်္ဂါတစ်ဆယ့်နှစ်ပါး =အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ကမ္မဘဝ။ဇာတိ။ဇရာမရဏ။

တရားကိုယ်များနှင့်= အဝိဇ္ဇာအစ ဇရာမရဏ အဆုံး။

www.dhammadownload.com

သုံးပါးအစပ်=သခ်ၤါရ နှင့်ဝိညာဏ် ကြားမှာ တစ်စပ်။ဝေဒနာ နှင့်တဏှာ ြ
ကားမှာ တစ်စပ်။ ကမ္မဘဝ နှင့်ဇာတိ ကြားမှာ တစ်စပ်။

နှ စ်ရပ်မူလ = တဏှာ နှင့် အဝိဇ္ဇာ။

ဝဋ်သုံးဝ=ကိလေသဝဋ်။ကမ္မဝဋ်။ဝိပါကဝဋ်။

ကာလ သုံးဖြာ=
လွန်လေပြီးသောအတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ ။

ခြင်းရာ နှစ်ဆယ်=
အတိတ်အကြောင်းခြင်းရာငါးပါး ။
ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး။
ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး။
အနာဂတ် အကျိုးခြင်းရာငါးပါး။

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အတိတ်အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
အဝိဇ္ဇာ သခၤါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၂)အဝိဇ္ဇာ သခၤါရ တဏှာ ဥပါဒါန် ဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာ
လဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ တဏှာ ဥပါဒါန်က ကိလေသဝဋ် ပါဘုရား။

www.dhammadownload.com

သခ်ၤရ နင့္ ဘဝက ကမၼဝင္ရ ပါဘုရား။
(၄)ကိလေသဝင္ရ နင့္ ကမၼဝင္ရ ကို အခြင္းအရာ အေနနင့္ ဘယ္အခြင္းအရာ ထဲ သင္းမွာလဲ။
အတိတ္အေကြာင္း အခြင္းအရာ ငါးပါး ပါဘုရား။
(၅)အတိတ္အေကြာင္း အခြင္းအရာ ငါးပါး ဆိုတာ ဘာဘာ ခ်ေတာလဲ။
အဝိဇၨာ သခ်ၤရ တဏွာ ဥပါဒါန္ ဘဝ ပါဘုရား။
(၆)အဝိဇၨာ သခ်ၤရ တဏွာ ဥပါဒါန္ ဘဝ သစ္စာဖဲ့ေတာ့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကၠက် အေနနင့္ ဘယ္အကၠက်မွာလဲ။
(၁)အကၠက်မွာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အေကြာင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ၤရ ပါဘုရား။
(၂) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ၤရ ဝင္ရအေနနဲ့ ဘယ်ဝင္ရထဲ သွင်းမှာလဲ။
ကိလေသဝင္ရ နင့္ ကမၼဝင္ရ ပါဘုရား။
(၃)ကိလေသဝင္ရ နင့္ ကမၼဝင္ရ ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန် အဝိဇ္ဇာက ကိလေသဝင္ရ ပါဘုရား။
ဘဝ နင့္ သခ်ၤရက ကမၼဝင္ရ ပါဘုရား။
(၄)ကိလေသဝင္ရ နင့္ ကမၼဝင္ရ ကို အခြင်းအရာ အနေနင့် ဘယ်အခြင်းအရာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အေကြာင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အေကြာင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ၤရ ပါဘုရား။

www.dhammadownload.com

(၆) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ၤါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၁)နှင့် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)-နှင့် (၃)ခြားနားပုံမှတ်ချက်။

*(၃)အကွက်က သမုဒယသစ္စာ ၊(၁)အကွက်က သမုဒယသစ္စာ၊အခေါ်မတူ
ဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း အတိတ်နဲ့ ပစ္စုပ္ပန် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အတိတ် ဆိုတော့ လွန်ခဲ့ပြီးပြီ အသုံးချလို့ရပါ့မလား။
မရပါဘုရား။
*အတိတ်က သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
အဝိဇ္ဇာဦးစီးပါတယ်ဘုရား။
*ပစ္စုပ္ပန်သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
တဏှာ ဦးစီးပါတယ်ဘုရား။
*ပိုင်းခြားသိဖို့ မလိုဘူးလား။
လိုပါတယ်ဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

www.dhammadownload.com

(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

ဝိပါကဝဋ် ပါဘုရား။

(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။

ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။

(၅) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။

ရပါတယ်ဘုရား။

(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

ဒုက္ခသစ္စာ ပါဘုရား။

(၈) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။

(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]

(၁) အနာဂတ် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

ဝိပါကဝဋ် ပါဘုရား။

(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။

www.dhammadownload.com

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့်
ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး
မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။

(၈)ဒုက္ခသစ္စာ ဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။
>>ရူပက္ခန္ဓာ-ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝေဒနာက္ခန္ဓာ-ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သညာက္ခန္ဓာ-မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သင်္ခါရက္ခန္ဓာ-စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝိညာဏက္ခန္ဓာ-သိတတ်သော သဘောအစု ဖြစ်ပျက်မှု။ပါဘုရား-
(၉)ခန္ဓာငါးပါး ဖြစ်ပျက်မရလား။
ရပါတယ်ဘုရား။
(၁၀)ဖြစ်ပျက် ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။

(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

www.dhammadownload.com

[စက်ဝိုင်းတွင်(၂)နှင့် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၂)-နှင့် (၄)ခြားနားပုံမှတ်ချက်။

*(၄)အကွက်က ဒုက္ခသစ္စာ ၊(၂)အကွက်က ဒုက္ခသစ္စာ၊အခေါ်မတူဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း ပစ္စုပ္ပန် နဲ့ အနာဂတ် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အနာဂတ်ရောက်ပြီလား။မရောက်သေးပါဘူးဘုရား။
မရောက်သေးရင် အသုံးချလို့ရပါ့မလား။
မရပါဘုရား။
*အခု ရောက်ဆဲ ဘယ်အကွက်မှာလဲ။
ပစ္စုပ္ပန် (၂)အကွက်မှာပါ ဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)လွန်လေပြီးသော အတိတ်ကာလ ကို ဖော်ပြပါ။

www.dhammadownload.com

အဝိဇ္ဇာ သခါရ ပါဘုရား။
(၂)အဝိဇ္ဇာ သခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ က ကိလေသဝဋ် ပါဘုရား။
သခါရ က ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်း
မှာလဲ။
လွန်လေပြီးသော အတိတ် ကာလ ပါဘုရား။
(၅) လွန်လေပြီးသော အတိတ် ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၆)အဝိဇ္ဇာ သခါရ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အတိတ် အကြောင်းတစ်လွှာ ပါဘုရား။
(၇) အတိတ် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၈)အဝိဇ္ဇာ သခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလ ကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ
တဏှာ ဥပါဒါန် ကမ္မဘဝပါဘုရား။
(၂)ယခုဖြစ်ဆဲကိုဖော်ပြပါ။

www.dhammadownload.com

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၃) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၄)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၅)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ကာလ အနေနှင့် ဘယ် ကာလ ထဲ သွင်းမှာလဲ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ပါဘုရား။
(၆) ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၇)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အလွှာ အနေနှင့် ဘယ် အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုးတစ်လွှာ ပါဘုရား။
(၈) ပစ္စုပ္ပန် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၉)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၁၀) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]

www.dhammadownload.com

(၁)ပစ္စုပ္ပန်ကာလ ကို ဆက်ပြီး ဖော်ပြပါ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၂)တဏှာ ဥပါဒါန် ကမ္မဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန်  က ကိလေသဝဋ် ပါဘုရား။
ကမ္မဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်း ကာလ ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၆)တဏှာ ဥပါဒါန် ကမ္မဘဝ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်းတစ်လွှာ ပါဘုရား။
(၇) ပစ္စုပ္ပန် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၈)တဏှာ ဥပါဒါန် ကမ္မဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ ကို ဖော်ပြပါ။
ဇာတိဇရာမရဏ ပါဘုရား။

www.dhammadownload.com

(၂) ဇာတိဇရာမရဏဝဋ္ဋအနေနဲ့ ဘယ်ဝဋ္ဋထဲ သွင်းမှာလဲ။
ဝိပါကဝဋ္ဋ ပါဘုရား။
(၃)ဝိပါကဝဋ္ဋဆိုတာ ဘာဘာခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၄)ဇာတိဇရာမရဏ ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး ကာလ ပါဘုရား။
(၅) အနာဂတ် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၆)ဇာတိဇရာမရဏ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုးတစ်လွှာ ပါဘုရား။
(၇) အနာဂတ် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၈)ဇာတိဇရာမရဏခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၉) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၀) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-

www.dhammadownload.com

နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

“ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ” ။
ကိလေသဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၃)ပါး ပါဘုရား။
ကမ္မဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၂)ပါးပါဘုရား။
ဝိပါကဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၈)ပါး ပါဘုရား။

#“ကိလေသဝဋ္ဋ (၃)ပါး” ကိုဖော်ပြပါ။
“အဝိဇ္ဇာ တဏှာ ဥပါဒါန်”ပါဘုရား။

သစ္စာလေးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ခန္ဓာငါးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
အာယတန(၁၂)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ဓါတ်(၁၈)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ပဋိစ္စသမုပ္ပါဒ် တရားတော် ကို မသိတာ---?

www.dhammadownload.com

အဝိဇ္ဇာ ပါဘုရား။
“သိသင့် သိ ထိုက်တဲ့ တရား ”ကို မသိလို့ “အဝိဇ္ဇာ”လို့ မခေါ်လား။
ခေါ်ပါတယ်ဘုရား။
သိ ရင် “ဝိဇ္ဇာ” ပေါ့။

ဤခန္ဓာ အာယတန ဓါတ် သစ္စာ တရားအပေါ်မှာ
လူ နတ် ဗြဟ္မာ သတ္တဝါလို့
ဓ့ လုံးသွင်းမှားတာကော---?
အဝိဇ္ဇာ ပါဘုရား။
ဓ့ လုံးသွင်းမှားတာ “အဝိဇ္ဇာ” နော်။

ဤခန္ဓာ အာယတန ဓါတ် သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်
လား----?
ပျက်ပါတယ်ဘုရား။
ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။
ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။
ထင်ရှားပါတယ်ဘုရား။

ဤဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ ဓ
လုံးသွင်းမှားတာကော ----?
“အဝိဇ္ဇာ” ပါဘုရား။

ဓ့ လုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ။
“တဏှာ” ပါဘုရား ။

www.dhammadownload.com

မရရင် မနေဘူးလို့ စွဲလမ်းတာ---?။
“ဥပါဒါန် ”ပါဘုရား။

အဝိဇ္ဇာ တဏှာ ဥပါဒါန် ၊ကျ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ်ဒို့ ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။

#ကမ္မဝဋ်ဒို့ (၂)ပါးကို ဖော်ပြပါ။
သခ်ၤါရ နှင့် ကမ္မဘဝပါ ဘုရား။

ပါးစပ်က ပြောတော့ ဘယ်သခ်ၤါရ တပ်မလဲ။
ဝစီသခ်ၤါရ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သခ်ၤါရ။
ကာယသခ်ၤါရ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်သခ်ၤါရ။
စိတ္တသခ်ၤါရ ပါဘုရား။

ပါးစပ်က ပြောတော့ ဘယ်ကံလဲ။
ဝစီကံ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။
ကာယကံ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်ကံလဲ။
မနောကံ ပါဘုရား။

ကာယကံ ဝစီကံ မနောကံ

www.dhammadownload.com

ဤ(၃)ပါး ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကမ္မဝဋ် ပါဘုရား။

ကိလေသဝဋ် နဲ့ ကမ္မဝဋ် ကို သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

ဝိပါကဝဋ် (၈)ပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဏှတိ ဇရာ မရဏ ပါဘုရား။
ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၄)အကွက် မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

www.dhammadownload.com

သာဓု သာဓု သာဓု။

မူလနှစ်ဖြာ တစ်ခေါက်။

(မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠုန်သုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။)

( နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ )၃

ဝိညာဏ်မြင် သမ္မုတိသစ္စာ အားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ... အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရမယ်လို့ မ ဟောလား...။

ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအဆုံးကို ကျူးလွန်ရင် ကုသိုလ်လား အကုသိုလ်လား...အကုသိုလ်ကံအကြောင်းကြောင့်အကျိုးတရားက သေသည်ရဲ့အခြားမဲ့၌ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လို့မဟောဘူးလား...ချမ်းသာတဲ့တရားလားဆင်းရဲတဲ့တရားလား...ဒါ..အကုသိုလ်ကံကြောင့်ဖြစ်တာနော်...ယုံကြည်ဖို့မကောင်း လား...

ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစမိစ္ဆာဒိဋ္ဌိအဆုံးကိုရှောင်ကြဉ်ရင်... အကုသိုလ်လား ကုသိုလ် လား...
ကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက လူ့ပြည် နတ်ပြည်ခြောက်ထပ်လို့မဟောလား...ဆင်းရဲတဲ့တရားလား ချမ်းသာတဲ့တရားလား...ဒါကုသိုလ်ကံကြောင့်ဖြစ်တာနော်...ယုံကြည်ဖို့ မကောင်းလား...

www.dhammadownload.com

အကုသိုလ်ကံ ကုသိုလ်ကံ တရား နှစ်ပါးကိုယုံကြည်ရင် ဗေဒင်မေးဦးမလား...နတ်ကတော်မေးဦးမလား.. ဝိဇ္ဇာတွေမေးဦးမလား...ဗေဒင်မေးတယ် နတ်ကတော် မေးတယ် ဝိဇ္ဇာမေးတယ် ဆိုတာ ကံကို မယုံလို့ပေါ့...ကံကို မယုံရင် သုံးဆယ့်တစ်ဘုံက ထွက်ဖို့လွယ်ပါ့မလား...ကံကို ယုံကြည်ရမယ်နော်.. ဉာဏ်ကို အားကိုးရမယ်...ကြားလား...

သက်ရှိသတ္တဝါတွဲ့..ကမျဉ်းနီကစ ဆင်ကောင်ကြီးထိ..သတ်မယ်ဆို ပါဏာတိပါတကံ မထိုက်ဘူးလား...ပါဏာတိပါတကံထိုက်ရင် သေသည်ရဲ့အြခားမဲ့၌ အပါယ်က လွတ်ပါ့မလား...အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့ တိရစ္ဆာန်ဖြစ်တာ များတယ်နော်...လူအဖြစ်ကို နည်းတယ်..ကြားလား...

ကဲ လူအဖြစ်ကို ရတယ်ထား လူဖြစ်တဲ့ဘဝမှာ မွေးမွေးချင်းသေတဲ့ ကလေးတွေ မရှိဘူးလား...လသားနဲ့သေတာမရှိလား...ကျောင်းသားအရွယ်နဲ့သေတာမရှိလား...သူငြေးသားဘဲဖြစ်ဖြစ် သူငြေးသမီးဘဲဖြစ် ဖြစ် ငယ်ငယ်ရွယ်ရွယ်နဲ့ သေတော့ သူငြေးရဲ့စည်းစိမ်ကိုခံစားရရဲ့လား ...အိုးပုတ်ချိုးရုပ်နဲ့ပျော်လို့သေတော့တာနော်...လူဖြစ်ကျိုးရှုံးတာ ပေါ့...

အသက်တိုတယ်လို့မပြောလား...အသက်တိုတာ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ်တာလား... ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့ပုဂ္ဂိုလ်တွေဟာ အကုသိုလ်ကံ ပါဏာတိပါတကံ အားကောင်းတာကွဲ့နော်... ရှေးထက်ဘဝ မှာ သတ္တဝါ အသီးသီးကို သတ်ခဲ့တော့ ကိုယ့်အလှည့် လွတ်ပါ့မလား..မလွတ်ဘူးကွဲ့နော်...အဲလို စိစစ်ဖို့မကောင်းလား...အရှေ့ အိမ်က အဖိုးကြီး အဖွားကြီးတွေ အသက် ခုနစ်ဆယ်ကျော်ရှစ်ဆယ် စားနိုင်တယ် သွားနိုင်တယ် လုပ်နိုင်တယ် မပြောကြဘူးလား...

www.dhammadownload.com

သီလ ကုသိုလ်ကောင်းတာကိုးလို့ အဖြေမပေးလား ... ဘယ်လောက်များ ထင်ရှားသလဲနော် ...

သစ်သီးတစ်လုံး ပန်းတစ်ပွင့် ဟင်းတစ်ညွှန့်ကစ ရွှေ ငွေ ကျောက်သံ ပတ္တမြား အထိ ပိုင်ရှင်အခွင့်မပြုဘဲနဲ့ယူရင် အဒိန္နာကံ မထိုက်လား...အ ဒိန္နာကံ ထိုက်ရင်သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား..အပါ ယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက် ဧစ့် လူအဖြစ်ရလူဖြစ်တဲ့ဘဝမှာ အငတ်ပြဿနာနဲ့ ရင်ဆိုင်ရတယ်နော်..ဘယ်လိုဘဲ လုပ်လုပ် စားဝတ်နေရေးပြရဲ့လား..စားဝတ် နေရေးမပြဘူးကွဲနော်...အဲဒါအလိုလိုဖြစ်တာ လား...အကြောင်းကြောင့်အကျိုးတရားပေါ်တာလား...

အငတ်ပြဿနာ ရင်ဆိုင်တဲ့ ပုဂ္ဂိုလ် ဟူသရွေ့အကြောင်းရှာကြည့်ဉ တာ့...အတိတ်ဘဝက သူများစားမည့် အစားအစာတွေ ခိုးခဲ့တာပေါ့နော် သူများဝတ်မည့် အထည်အဝတ်အစားတွေ ခိုးခဲ့တာပေါ့...အဲဒီအပြစ်ကြော င့် အပါယ်ကို မကျလား...ငရဲကိုအားရ အောင်မခံရလား...ငရဲသက်စေ့ လူ အဖြစ်ကိုရတယ်ထား ။ လူဖြစ်တော့အငတ်ပြဿနာနဲ့ရင်ဆိုင်ရတယ်..ြ ကားရဲ့လား... အဲလိုကံကံ၏အကျိုးကို ယုံကြည်ဖို့မကောင်းလား...ယုံကြ ည်လို့ရှိရင် အကုသိုလ်ကို ရှောင်ရမှာပေါ့။ ကုသိုလ်ကိုဆောင်ရမယ်..ကြား လား...။ သွားလေရာ အရပ်ကိုအမြဲ တမ်းခြေတလှမ်းချင်း သွားရင်း သွားရ င်း သတိရှေ့ထားပြီးတော့မှ ဆောင်ရမယ်နော်...အဲဒါကုသိုလ်စိတ်တွေ...။ ကုသိုလ် က ချမ်းသာတဲ့အမျိုးကွဲ့နော်...။

လင်ရှိ မယား မယားရှိလင် ကျူးကျော်စော်ကားလို့ရှိရင်..ကာမေသု မိ စ္ဆာစာရကံ မထိုက်လား...ကာမေသု မိစ္ဆာစာရကံထိုက်ရင် သေသည်ရဲ့အြ ခား၌ အပါယ်က လွတ်ပါ့မလား...အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ငရဲ

www.dhammadownload.com

သက်စေ့ လူအဖြစ်ရတယ် ။ လူဖြစ်တဲ့ ဘဝမှာ လူချင်းတူရဲ့လား ... ။ ကြုတ္ထိ လိင် ပုလ္လိင် ကြားလား ။
လူဖြစ်ကျိုး ရှုံးတာပေါ့ ...

စားဝတ်နေရေးနဲ့ ပတ်သက်လို့ မုသားကို အမျိုးမျိုး မသုံးကြဘူး လား...။ သုံးရင် မုသာဝါဒကံ မထိုက်လား...။ မုသာဝါဒကံ ထိုက် ရင် သေသည်ရဲ့အခြားဘဲ့ အပါယ်ကလွတ်ပါ့မလား...အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ငရဲသက်စေ့ လူဖြစ်ရတယ်ထား ဒါလူ ဖြစ်တဲ့ ဘဝမှာ စားဝတ်နေရေးနဲ့ ပတ်သက်ပြီးတော့ ငွေကြေးကိစ္စ ဆန်စပါးကိစ္စ ချေးလို့ ငှားလို့ လွယ်ကူစွာ ရရဲ့လား...ဘယ်သူမှ အယုံ အကြည် မရှိဘူးနော်...အလိုလိုဖြစ်တာလား။ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား... ။

ဘိန်း ဘင်း ကစော် လော်စာ အရက် သေရည် သေရက်ကို သောက်စားခြင်းကြောင့် သုရာမေရယကံ မထိုက်လား..သုရာမေရယ ကံထိုက်ရင် သေသည်ရဲ့အခြားဘဲ့ အပါယ်က လွတ်ပါ့မလား...အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့ လူအဖြစ်ရလည်း လူဖြစ်တဲ့ဘဝမှာ ရူးတဲ့ပုဂ္ဂိုလ်ဖြစ်တွ မြင်ဖူးရဲ့လား...လူဖြစ်တော့ လူရူး ခွေးဖြစ်တော့ ခွေးရူး ဝက်ဖြစ်တော့ ဝက်ရူးပေါ့... ။အလိုလို ဖြစ်တာလား အကြောင်း ကြောင့် အကျိုးတရား ပေါ်တာလား...။ အကြောင်းကြောင့်အကျိုးတရားပေါ်တာနော်...။

အဲဒါ ပါဏာတိ ပါတာ အစ သုရာမေရယ အဆုံးကို ရှောင်ကြဉ်ရင် ကုသိုလ်ပေါ့။ ကျူးလွန်ရင် အကုသိုလ်ပေါ့ အဲဒါ ကမ္မဿကတာ သမ္မာဒိဋ္ဌိ... ။ ကံလမ်း ကိုဟောရတာကွဲ့နော်...လူဖြစ်တဲ့ပေါ်မှာ..အဲဒါကုသိုလ် အကုသိုလ်လို့...သီလနဲ့ပြည့်စုံဖို့လိုတယ်ကြားလား...သီလနဲ့ ပြည့်စုံမှ အဆင်ပြေမှာနော်...။

www.dhammadownload.com

ထင်ထင်ရှားရှား ရှေးထက်ကျော်ကာရီက တောင်ကျွန်းတဲ့..မဟာပါလရွာလို့ရှိတယ်နော်...အဲသည်ရွာမှာ စူလပါလဆိုတာ တက္ကသိုလ်တိုင်းပြည်မှာ ကျောင်းထားတာပေါ့..တစ်ကျောင်းလုံး ပညာ အချွန်ဆုံး..စာရိတ္တ အကောင်းဆုံး..အကျင့်စာရိတ္တ ကောင်း တယ်..ပညာချွန်တယ်..တစ်ကျောင်းလုံးမှာ နာမည်ကြီးကျယ်တယ်..

တနေ့သ၌ ဒိသာပါမောက္ခ ဆရာကြီးရဲ့သား..ကျောင်းသား ကြီး အသက် နှစ်ဆယ့်ငါး နှစ်အရွယ် လတ်တလော ရောင်တခင် သေဆုံးသွားတယ် ကြားလား...။ သူ့ကိစ္စနဲ့ ပတ်သက်ပြီးတော့မှ ... စျာဝပနကိစ္စနဲ့ ပတ်သက်ပြီးတော့မှ သွားကြ လာကြ ပြုလုပ်ကြ ဆောင်ရွက်ကြ ၊စူလပါလက..အင်း..အသက်ငယ်ငယ်နဲ့ ဘယ်လိုများ သေပါ လိမ့်မလဲ..အသက်ငယ်ငယ်နဲ့ ဘယ်လိုများ သေပါလိမ့်မလဲ..

အဲလိုပြောဆိုတဲ့အခါတော့ ပတ်ဝန်းကျင်က အပေါင်းအဖော်တွေက..ဒီလို အသေအပျောက်တွေမရှိဘူးလားလို့ မမေးရဘူးလား...
အသေအပျောက်တော့ရှိတယ်တဲ့နော်..
အသက်တစ်ရာပြည့်မှသေတာ..သူတို့ရွာမှာလေ..အသက်တစ်ရာပြည့်မှ သေတာနော်... ပတ်ဝန်းကျင်ရွာတွေကတော့မွေး မွေးချင်းလည်း သေတယ်.. လသားလည်း သေတယ်..ကျောင်းသားလည်း သေတယ်..အပျိုလူပျိုဘဝနဲ့လည်း သေတယ်..
အသက်ကြီးမှလည်း သေတာပေါ့.. ဒီပြင် ရွာတွေနဲ့တူရဲ့လား... သူ့အသက်တစ်ရာပြည့်မှ သေတာ...

အဲဒီဒိသာပါမောက္ခဆရာကြီးက... သူပြောတဲ့စကားကို တဆင့်ကြား သွားတာပေါ့...ခေါ်ပြီးခါမှ သေချာ မမေးရဘူးလား... အဲဒီစကားမျိုးတွေ မင်းပြောလား..ပြောတယ် ဆရာတဲ့..မင်းတို့ ရွာမှာ အသေ အပျောက်တွေ မရှိ

www.dhammadownload.com

လား.. အသေ အပျောက်တော့ ရှိတယ် ဆရာတဲ့..အသက်တစ်ရာပြည့်မှ ဇ သတာတဲ့နော်..
အသက်တစ်ရာမပြည့် မသေဘူးပေါ့..

အဲဒါမယုံကြည်တာနဲ့..ဆိတ်ရိုးကို စက္ကူနဲ့ သပ်သပ်ရပ်ရပ်ထုတ် လွယ်အိတ်ထဲထည့်... ငါတပည့် ဆရာခရီးသွား စ ရာရှိတယ်..အသွားအပြန် ရှစ်ရက်ကာမယ်..အသွားသုံးညဲ့ အိပ် လေးရက်။ မိုင်ရှစ်ဆယ်..။
အပြန်သုံးညဲ့အိပ်လေးရက် မိုင်ရှစ်ဆယ် ...။
အဲဒါ..ငါ့နေရာမှာ မပျက်မကွက် စာပြရမှာပေါ့..။ သူတပည့်ကို လွှဲထားခဲ့တယ်နော်..။

အဲလိုသွားတော့ မဟာပါလရွာ ရောက်တော့ ဥပါသကာနဲ့တွေ့ ...တံခါးပေါက်မှာ...မဟာပါလအိမ်ကို ပြစမ်းလို့ မခိုင်းရဘူးလား...ခိုင်းတော့ အဲ ဟိုရောက်သွား...ရောက်မဆိုက် မိတ် ဆွေ ဘယ်အရပ်ကလဲ..အသင့်သား စူလပါလ..ဆရာ..ဒီသာပါမောက္ခဆိုတာ..ငါဆရာပေါ့..သြော် ဆရာကြီးလား..ဟုတ်ပါတယ်.. ကိစ္စ ....စားသုံးပြီးတော့ခါမှ အေးအေး ဆေးဆေးပြောပါရစေတဲ့နော်...ရောက်မဆိုက်ထမင်းပြင်ကြွေး..တယ်ကြားလား...

စားသုံး လို့ဝပြီဆိုတဲ့ခါ..လွယ်အိတ်ထဲက ဆိတ်ရိုးကိုထုတ်..အသင့်သား..တစ်ကျောင်းလုံး...ပညာအချွန်ဆုံး...စာရိတ္တအကောင်းဆုံး...လတ်တလော ရှောင်တခင် သေဆုံးသွားတယ်..ခရီးကဝေးတော့ အကြောင်းမကားနိုင်ဘူးပေါ့.. အခုလိုဖုန်းဆက်လို့လည်း မရဘဲကိုး..ကြေးနန်းတွေလည်း မပေါ်သေးဘဲကိုး..ကားတွေဘာတွေလည်း မရှိဘဲကိုး..အဲဒါနဲ့ သူ့အရိုးကို ကောက်ပြီးတော့မှ..သပ်သပ် ရပ်ရပ် ..လူကြုံ ပါးလို့မတော်လို့ ..ဆရာကိုယ်တိုင် ... အသင့်သား ရဲ့အရိုးလို့ လွယ်အိတ်က ထုတ်ပေးလိုက်တာနော်..

www.dhammadownload.com

လင်မယား နှစ် ယောက် ရီ(ရယ်)ကြတယ်တဲ့ကွဲ...
တစ်ကြိမ်ကနှစ်ကြိမ် သုံးကြိမ်တိုင် ရီတာပေါ့...ဘယ်လိုရီတာလဲလို့မမေးရ ဘူးလား...ငါတို့သားရဲ့အရိုး မဟုတ်ဘူးပေါ့..ခွေးရိုးဖြစ်မယ်..ဆိတ်ရိုးဖြစ် မှာပေါ့..ဘာဖြစ်လို့လဲလို့မမေးရဘူးလား...ငါတို့သား ဒီအရွယ်မှာ မသေ ကောင်းဘူး...ဘယ်အရွယ်မှာ သေမှာလဲလို့ပြန်မမေးဘူးလား ...အသက်တ စ်ရာပြည့်မှသေမှာ...

သားပြောတဲ့စကားနဲ့ မိဘပြောတဲ့စကား တထပ်တည်း မနေဘူးလားဗ ဟ့...ဝိသေသ ထူးတယ်နော်..အဲလို ဆိုတော့..ဒီသာပါမောက္ခဆရာကြီးက မြတ်စွာဘုရားဟောတဲ့ တရားနဲ့ မကိုက်ဘူးပေါ့...မြတ်စွာဘုရား ဟောတာ ဘယ်လိုဟောတာလဲလို့...ပြန်မမေးဘူးလား...သဗ္ဗ သခ်ါရ ာ အနိစ္စာ .. လို့ မဟောဘူးလား...မှန်လိုက်တာတဲ့..ဘုရား ဟောတာမှန်တယ်တဲ့နော်...

ကဲ အဲဒီ သခ်ါရကိုပြန်စစ်ဆေးပေါ့..ပုညာဘိသခ်ါရ ။ အပုညာဘိသခ်ါရ ဟော မဟော...ကဲ ငါတို့ အပုညာဘိသခ်ါရ မလုပ်ဘူးပေါ့...အပုညာဘိသ ခ်ါရ ဆိုတာက မိမိက သက်ရှိသတ္တဝါ ကို သတ်တာတွေ ခိုးတာတွေ စော် ကားတာတွေ သောက်တာ စားတာ လိမ်တာ ကောက်တာတွေပေါ့နော်.. စိ စစ်ဖို့ မကောင်းလား.. အဲဒါ ငါတို့မလုပ်ဘူးပေါ့..။ ကဲ ပုညာဘိသခ်ါရတော့ မလုပ်ဘူးလား..။ အင်း..ဒါနကုသိုလ် သီလကုသိုလ် လုပ်တယ်နော်...။ အ င်း ..အဲလို စိစစ်ဖို့မကောင်းလား..။ အပုညာဘိသခ်ါရမလုပ်ဘူးပေါ့..။ ဘု ရားဟောတာ မှန်တယ်လို့ မထောက်ခံဘူးလား...။ အကောက်အယူလွဲတာ ကွဲနော်...။ အဲလို စိစစ်ဖို့မကောင်းလား..လေ့လာကြ လေ့လာကြ ။

အသက်တိုတာတွေ ကျန်းမာရေး ချို့ယွင်းတာတွေ သီလအဂ်ါနဲ့ မပြည့်စုံ ဘူးလို့ပေါ့...သီလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်က ကျန်းမာရေးကောင်းတယ်နော်..။

www.dhammadownload.com

အဲလိုလေ့လာဖို့မကောင်းလား.. လေ့လာကြ..။ ကဲ... တခါပြန် တနည်း အားဖြင့် စိစစ်ဖို့ရှိသေးတယ်နော်...။

မကြားစဖူး ကြားဖူး ထပ်မံတဲ့...ရှေးထက်ကျော်ကာရိက ဦးဂုဏ ရသေ့ကြီး ရှိတယ်နော်..သူ့အကျင့်က အဝတ် မပါဘူးပေါ့..။ ဝတ်လစ်စလစ်ကိုး..။ အဲဒီအခါမှာ တိုင်းပြည်အုပ်ချုပ်တာ အင်္ဂတိ မင်းကြီး ။ စစ်သူကြီးက အလာတ စစ်သူကြီး။

ရသေ့ကြီးဆီသွားပြီးတော့ အသင်ရသေ့ကြီးတဲ့ ။
ကုသိုလ် လုပ်တာ ဘယ်လိုများ အကျိုးရှိသလဲလို့ မမေးရဘူးလား..။ အကုသိုလ် လုပ်တာက ဘယ်လို ခံရတာလဲလို့မမေးရဘူးလား..။ ကုသိုလ်လုပ်တိုင်းလည်း မရဘူးပေါ့..အကုသိုလ် လုပ်တိုင်းလည်း မခံရဘူးပေါ့..သူဖြစ်ချင်သလိုဖြစ်နေတာလို့မဟော ဘူးလား..။

အဲဒီမှာ အလာတ စစ်သူကြီးက..ဟာ..အလွန်မှန်တယ် တဲ့..ရသေ့ကြီးဟာတာ တကယ် မှန်တယ်တဲ့နော်..ကျုပ်ဟာ အတိတ်ဘဝကနွားသတ်သမား ဟုတ်တယ်..အဲဒီဘဝကသေသွား တော့ ကျုပ်ငရဲကိုသွားရမှာတဲ့..အခုကြည့်လေ စစ်ဗိုလ်ကြီးဖြစ်နေတာ စစ်ဗိုလ်ကြီးကကြီးကြီးပေါ့..မှန်တယ်တဲ့နော်..အင်္ဂတိ မင်းကြီးကကြားတယ်..
သမီးတော် ရုဏ မင်းသမီး...ညီတော် အာနန္ဒာ အလောင်း...နက်ဖြန် ကစ ( ဂေါတမမြတ်စွာဘုရားရဲ့) ရဟန်း တော်တွေ သံဃာတော်တွေ ကြွလာခဲ့တော့ ဆွမ်းမလောင်းနဲ့ပေါ့နော်..။ ဆွမ်းလောင်းတိုင်းလည်း ကုသိုလ်ရတာမဟုတ်ဘူးပေါ့..။ အကုသိုလ်လုပ်တိုင်းလည်း မခံရဘူးပေါ့..။ သူဖြစ်ချင်သလိုဖြစ်နေတာ..။

www.dhammadownload.com

အဲဒီခါရဏာ မင်းသမီးက..ဖခမည်းတော်တဲ့..။ အလာတ ကာ စစ်သူကြီး ကာ သူနစ်ဘဝမြင်တာပေါ့..။ ကျွန်မ ခုနစ်ဘဝမြင်တယ်..။ အခုအလာတ..စစ်သူကြီးဖြစ်တာ.. နွားသတ်သမားဘဝကိုမရောက်ခင်က အတိတ်ကသူပြုခဲ့တဲ့ ကုသိုလ်တွေရှိတယ်တဲ့။ ကြားလား..။ အဲဒီ ကုသိုလ်က အတိတ်တုန်းက အကျိုးပေးခွင့်မရနော်..အခုမှအကျိုး ပေးခွင့်ရတော့ခါ အပါယ်ကို ကျရမှာ လူအဖြစ်ကို လာရတာပေါ့...။အဲဒီကုသိုလ်တွေက စိစစ်တော့ စစ်ဗိုလ်ကြီး လာဖြစ်ရတယ်။ကြား လား..။
အဲဒီ အတိတ်ကုသိုလ်ကံ ကုန်တဲ့အခါနွားသတ်တဲ့ဘဝက ရောက်တော့မှာနော်..အဲလိုစိစစ်ဖို့မကောင်းလား...အဲဒါလိုရင်းအချက်တွေနော်...။
အဲဒါနဲ့မယုံလို့ သိကြားမင်းကလိုက်ပြီးတော့ရှင်းပေးရတယ်ကြားလား...အဂ်တိ မင်းကြီးကိုနော်..။

အခုလည်း လောကကြီးထဲမှာ အကုသိုလ် အလုပ်နဲ့ စား ဝတ် နေရေးပြေတဲ့ပုဂ္ဂိုလ်တွေ စိစစ်ကြည့်တယ်နော်..အဲဒါ စားဝတ်နေရေး ပြေတယ် ဆိုတာဟာ ဘယ်လိုလဲလို့ ပြန်စိစစ်ဖို့မကောင်းလား...
အကုသိုလ် အလုပ်ဟာဘုရား အဆူဆူ ချမ်းသာတယ်လို့ ဟောတာလား..ဆင်းရဲတယ်လို့ဟောတာလား..ဘုရားတပည့် သား မြေး သံဃာတော်အရှင်မြတ်တွေ ချမ်းသာတယ်လို့ ဟောတာလား..ဆင်းရဲ တယ်ဟောတာလား..ဆင်းရဲတယ်လို့ဟောတယ်နော်..။

ဆင်းရဲတဲ့အလုပ်ကို လုပ်... စားဝတ်နေရေးပြေတာ အတိတ်ကကုသိုလ်ကံကွဲ..။ အကုသိုလ်ကြောင့် စားရတာ မဟုတ် ဘူးနော်...။ အတိတ်ကုသိုလ်က ဝင်လာခဲ့တာ..။ အဲဒီ အကုသိုလ်သာ မလုပ်ဘူးဆိုရင်

www.dhammadownload.com

ပိုပြီးတော့ အကျိုးပေးသန်ဦးမှာ...စိစစ်ဖို့မကောင်းလား...။ အဲဒီ အတိတ်ကပြုတဲ့ ကုသိုလ်ကံ ကုန်တဲ့အခါ..ဟာ...သူပြုခဲ့တဲ့အကုသိုလ်က လှည့်ဖတ်မှာပေါ့..။

အဲဒီလို အတိတ်က ကုသိုလ်ကံက အကျိုးပေးတော့ စားဝတ်နေရေး မပြဘူးလား...။ တိုက်က နှစ်လုံးသုံးလုံး..ကားကနှစ်စီး သုံးစီး..မျက်နှာကြည့်ဖတ် စိန်တွဲလွဲ..လည်ဆွဲကြည့်တော့ ရွှေတွဲလွဲ..တံတောင်ဆစ်အောက်ကို [illegible] ကည့်တော့ လက်ကောက်တွေ ပြည့်နေတာပေါ့။ ဝတ်တာက ပိုးဖဲကတ္တီပါ စိန်ကတ္တီပါ မြကတ္တီပါ... စားတာက ဆီဦးထောပတ်.. အဲဒါ အတိတ်ကပြုတဲ့ကုသိုလ်ကွဲနော်။

အဲဒီ ကုသိုလ်ကုန်သွားတဲ့ အခါကြတော့ ဝက်က အရင့်သေ နွားက အရင့်သေ။ သေတော့ ရောင်း တဲ့ အသားကအကြွေး ၊ကြာတော့ လက်ဝတ်လက်စား ဖြုတ်၊တိုက်တွေတာတွေ ဖြုတ်၊ကားတွေ ဖြုတ်၊ရင်းစရာ မရှိတော့ဘူး ။ တိုက်ကြို့ တိုက်ကြား မနေရဘူးလား။ ဇရပ်ကြို့ ဇရပ်ကြား မနေရဘူးလား...။ သေတဲ့အခါ အပါယ်က လွတ်ပါ့မလား...။ အဲဒါယုံကြည် ဖို့မကောင်းလား...။

တစ်ယောက်သော ပုဂ္ဂိုလ်တဲ့ နံနက် အိပ်ယာ နိုးတဲ့အချိန်ကစ အိပ်ယာဝင်သည် အထိ ဆရာကောင်း သမားကောင်း အဆုံးအမကို ရတော့ ဘုရားဝတ်တက် သီလခံ ။ ငါးပါးသီလ မကြောင်မကြား မကျိုးမပေါက် ထိန်းသိမ်းတယ်နော်...အကုသိုလ်လား ကုသိုလ်လား.. အဲဒါ ကုသိုလ်ဘဲလုပ်တယ်နော်..

အဲဒီကုသိုလ်ပဲ လုပ်တယ်နော်။ ကုသိုလ် ချမ်းသာတယ်လို့ဘုရား အဆူဆူ မဟောလား ...အဲဒီပုဂ္ဂိုလ် စားဝတ်နေရေးပြေရဲ့လား...ဘယ်လိုပါ့ လုပ်လု

www.dhammadownload.com

ပ် ဖောင်စီးရင်း ရေငတ်ပေါ့..လုပ်ချင်သလိုလုပ် စားဝတ်နေရေး ပြေ
ရဲ့လား... အတိတ်ကသူပြုတဲ့ အကုသိုလ်က ဝင်လာပြီကွဲ့..။ ကုသိုလ်လုပ်
ရင်းနဲ့ အတိတ်က အကုသိုလ်က ဝင် လာပြီနော်... ။

အကု သိုလ်ကံ အကျိုးပေး မနေဘူးလား..ပေးငြားသော်လည်း ကံ ကံအ
ကျိုးကို ယုံကြည်တဲ့အတွက်ဘယ်လောက်ပဲ့ါ စားဝတ်နေရေးမပြေ ငြားဒေ
သာ်လည်း တံငါမုဆိုး လုပ်စားမယ်လို့ဖောက်ပြန်သေးရဲ့လား၊သူခိုးငတက်ပြ
ဟား လုပ်မယ်လို့ ဖောက်ပြန်သေးရဲ့လား...ကံ ကိုယုံကြည်ပြီနော်...အဲလိုကံ
ကိုယုံကြည်တော့ ကြွေးဟောင်းမကျဘူးလား...ကြွေးသစ် တင်သေး
ရဲ့လား..။

အဲဒီ အကုသိုလ်ကံ က...ဆယ့်ငါးနှစ် နှစ်လောက် အကျိုးပေးခွင့်ရှိတယ်ဒေ
နာ်...ဆယ့်ငါးနှစ် နှစ်ပြည့်တဲ့အခါ အကုသိုလ်ကံ ကုန်တော့တာကိုး ...အဲဒီ
အခါ.. မိတ်ဆွေ တစ်ယောက်က ထီတစ်စောင်ပေးတာ.. သိန်းငါးရာလော
က် ပေါက်လာတယ်ကွဲ့ကြားလား...ကဲ လောဘဖြစ်သေးရဲ့လား အကုသို
လ် ဝင်တုန်းကလည်း စားဝတ်နေရေး မပြေဘူး...ဒေါသဖြစ်ရဲ့လား...သိန်း
ထီပေါက်ပြန်တော့လည်း လောဘဖြစ်ရဲ့လား ...လွတ်၍.. လွတ် ၍မနေ
လားဟဲ့...အဲသလိုယုံကြည်ဖို့မကောင်းလား...လေ့လာကြ..ထိထိ မိမိ အဲဒါ
လိုရင်း အချက်တွေနော်...

ဇောတိကသူဌေးတို့ အတုလကာရီတို့ ဆိုတာ...ဘဝဆက်တိုင်း...ဘဝဆ
က်တိုင်း သူဌေးတွေပေါ့...ဖြစ်တဲ့ဘဝတွေမှာ ငါးပါး သီလ မကြောင်မကြား
မကျိုးမပေါက်ထိန်းသိမ်းခဲ့တယ်နော်..သူတို့ပစ္စည်းကို အစိုးရလည်း မသိမ်း
နိုင်ဘူးနော်...သူခိုးလည်း မခိုးနိုင်ဘူးကြားလား...အဲဒါယုံ ကြည်ဖို့မကောင်း
လား..သီလနဲ့ပြည့်စုံတာကိုးကွဲ့..အဲလိုလေ့လာဖို့မကောင်းလား...။ အဲဒါကု

www.dhammadownload.com

သိုလ်ကံ အကုသိုလ်ကံ ယုံကြည်ဖို့ လိုတယ်...အားကိုးရမှာက ဉာဏ်တဲ့ဓနာ်...။

ဉာဏ်ဆိုတာ ခန္ဓာသိတာ သစ္စာသိတာ ပဋိစ္စသမုပ္ပါဒ်ကိုသိ တာပေါ့...။ ဉာဏ်ဆိုတဲ့ ကိစ္စက..သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင်နှစ်ပါး ။ သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာသမာဓိ သမာဓိမဂ္ဂင်သုံးပါး ပေါင်းလိုက်တော့ ရှု ဉာဏ်မဂ္ဂင်ငါးပါးပေါ့... အမြင်ခံ အရှုခံက ခန္ဓာငါးပါးပေါ့... ရှုဉာဏ်က မဂ္ဂင်ငါးပါး..အာရုံ အာရမ္မဏ်က ပိုင်းခြားလို့ ရှိက ခန္ဓာငါးပါး က အာရုံတရားဓပေါ့... မဂ္ဂင်ငါးပါးက အာရမ္မဏ်က တရားပေါ့...အာရုံ အာရမ္မဏ်ကလို့မဟာဘူးလား...အဲဒါလိုတာနော်...။

တရား အားထုတ်တယ် တရား နာတယ် တရား လေ့လာတယ် ဆိုတာ လိုရင်းအချက်က ကိလေသဝင်္ဆချုပ်ဖို့ လိုတယ်..ကိလေသဝင်္ဆ ကမ္မဝင်္ဆ ဝိပါကဝင်္ဆလို့မဟာဘူးလား ..အဲသည် ဝင်္ဆသုံးပါး ချုပ်ဖို့ကို ဘုရားအဆူဆူ မဟာဘူးလား..အဲ ဒီထဲမှာစဉ်းစား ကြကွဲ့ နော်...

မြတ်စွာဘုရားဟောတာ...ကိလေသဝင်္ဆချုပ်ဖို့ အဓိက မထားဘူးလား...အဲဒီထဲမှာ သတ်သတ်လွတ် စားမှ နိဗ္ဗာန် ရတယ် လို့ပါရဲ့လား..။
အသားငါးစားမှ နိဗ္ဗာန်ရတယ်လို့ပါရဲ့လား..မပါဘူးနော်..။
အခုတော့အသားစားတာ၊သတ်သတ်လွတ်စားတာတွေ ကို တစ်ယောက်နဲ့တစ်ယောက် ပုတ်ခတ်ပြီးတော့ပြောတာတွေဟာအကုသိုလ်လား၊ကုသိုလ်လား...
လိုရင်းအချက်ကကိလေသာ ချုပ်ဖို့ကွဲ့..။
အဲလိုစိစစ်ဖို့မကောင်းလား...

www.dhammadownload.com

စားတဲ့အခါ မြတ်စွာဘုရား ဟောတာလည်း ပြန်ခန္ဓာဘက်ကို လှည့်ဖေ
နာ်...ချိုချဉ်စပ်ငန်ဖန်ခါး ရသာခြောက်ပါးလို့ဟော မဟော..အဲဒါ သိဖို့ လိုတ
ယ်နော်..

လက်တွေ့ သံပရာသီးတစ်လုံး အရည်ပေါပေါ မှည့်မှည့်ရင့်ရင့်စားကြည့် လို
က်နော်..။
ဘယ်လိုတွေ့မလဲ...။
သံပရာသီးတွေ့သလား ချဉ်တာတွေ့သလား...
ချဉ်အရသာပေါ့...
အဲဒါပကတိမျက်စိနဲ့ ကြည့် မြင်ရပုံမလား...
လက်နဲ့ကိုင်စမ်းကြည့်ရင်ကား... ချဉ်တာတွေ့ပုံမလား...
နမ်းကြည့်ရင်ကားတွေ့ပုံမလား...
နားထောင်ကြည့်တွေ့ ပုံမလား...
လျှာနဲ့ကြတော့မသိနိုင်ဘူလား...
အဲဒါသူများမေးရမှာလား ကိုယ်တွေ့တဲ့ တရားလား...

ကဲ သစ်သီးဝလံတွေ ပါရဲ့လား ...ကြက်သား ဝက်သားတွေပါရဲ့လား...ချဉ်
ဆိုတဲ့ ရသာဓါတ်ဘဲ ရှိတယ်ကွဲ...ချိုတဲ့ရသာဓါတ် ဆိမ့်တဲ့ ရသာဓါတ် ခါးတဲ့
ရသာဓါတ် စပ်တဲ့ရသာဓါတ် ငန်တဲ့ ရသာဓါတ် ဒီလိုဘဲ ရှိမယ်နော်
အဲလိုစိစစ်ဖို့ မကောင်းလား...
အဲဒါ လိုရင်းအချက်တွေ ကွဲ့ ကြားလား...လေ့ လာဖို့ မကောင်းလား...

သို့မို့လည်း စားတတ်တဲ့ ပုဂ္ဂိုလ် မစားတတ်တဲ့ ပုဂ္ဂိုလ်ရှိတယ်နော်...။ စားတ
တ်တဲ့ ပုဂ္ဂိုလ်ကတော့ ရှားလိမ့်မယ်ကွဲ့ စိစစ်ဖို့မကောင်းလား...လေ့လာကြ။
သဘာဝဥာဏ်ရတဲ့ ပုဂ္ဂိုလ်တွေ စားတတ်မှာပေါ့...

www.dhammadownload.com

သဘာဝဥာဏ် မရရင်စားတတ်ပါ့မလား... စိစစ်ဖို့ မကောင်းလား...သူသဘာ သဘာဝနော်..

ဒါ လူတိုင်း သိနိုင်တဲ့ တမာရွက်ကို ဝိညာဏ်မြင် သမ္မုတိသစ္စာနဲ့ တမာရွက်လို့ မခေါ်ကြဘူး လား...တမာရွက်ကိုသုပ်ပြီးတော့ စားကြည့်လိုက်နော်။
တမာရွက်တွေ့သလား ခါးတာ တွေ့သလား...ခါးတာ တွေ့တယ်နော်...
တမာရွက်ဆိုတဲ့ နာမည် လူမျိုးတစ်ရာ့တစ်ပါး တူရဲ့လား...
မတူရင် ဒါ... တမာရွက်ဟာ ရှိတဲ့တရား ဟုတ်ရဲ့လား...မရှိတဲ့ တရား...။
ခါးတဲ့ အရသာ ... လူမျိုးတစ်ရာ့တစ်ပါး တူ မတူ..အကုန် တူတယ်နော်..သဏ္ဌာန်နိမိတ်တွေ ပါရဲ့လား...။
လျှာနဲ့မှ သိတာနော်..ခါးတာဘဲ ရှိတယ် ..။

အဲဒီ အခါးကြိုက် တဲ့လူကတော့ ကောင်းတယ်လို့ မပြောဘူးလား..အခါး မစားနိုင် မကြိုက်တဲ့လူက မကောင်းဘူးလို့ မကန့်ကွက် ဘူးလား..ဒါလည်း စဉ်းစားကွဲနော်...
ခါးတဲ့အရသာကတော့ ဘယ်သူ့မျက်နှာမှ မလိုက်ဘူးပေါ့...ခါးတာ မထင်ရှားဘူးလား...
ခါးတဲ့ထဲ မှာဆိုးတာပါရဲ့လား..ကောင်းတာ ပါရဲ့လား..အဲလိုဆိုရင် ဒါ...
သူသဘော သဘာဝ သိတာပေါ့..ခါးတာဘဲ ရှိတယ်နော်...ကဲ ခါးတယ်လို့ခံစားတာ သူငါလား ဝေဒနာလား..ဝေဒနာ..
ဥပေက္ခာဝေဒနာ လျှာမှာ ပေါ် သည် မဟောဘူးလား..

ကဲ စားပြီးတော့ မြိုကြည့်လိုက် ရှိသေးရဲ့လား...အနီစွဲလို့မဟောဘူးလား...လျှာမှာပေါ်တာ။ လျှာမှာဘဲ ချုပ်တယ်နော်...။ ဟိုကို ဒီကိုရောက်သေးရဲ့လား... ။ မရောက်ဘူးကွဲ့ ကြားရဲ့လား...။ အဲလိုစိစစ်ဖို့မကောင်းလား...။ လေ့လာကြ...။ အဲဒါ အခါး မကြိုက်တဲ့လူက တော့ ဒေါမနဿဇ

www.dhammadownload.com

ပဲ့... ကြိုက်တဲ့ပုဂ္ဂိုလ် စားတော့ သောမနဿပေါ့...။ အဲဒါ ခန္ဓာမှာဖြစ်တာ လား စိတ်မှာဖြစ်တာလား...။ စိတ်ဆိုတာ ပညတ်အာရုံ...ပညတ် အာရုံဖြစ် တာနော်..။

ခါးတဲ့အရသာ တခုတည်းမှာ တစ်ယောက်က သဘောမကျဘူးပေါ့၊ တစ်ဇ ယာက်က ကြိုက်တဲ့လူက သဘောကျတာပေါ့...တကယ်သာဆို တူရမှာ ကိုး...။ တူရဲ့လား...။ မတူတာ မရှိလို့ပေါ့...။ တူတဲ့တရားက ရှိလို့ပေါ့...။ အဲ လို လေ့လာဖို့မကောင်းလား ...။ ခါးတာကြတော့ ထင်ရှားတယ်နော်...။ ဆိုးကောင်းနှစ်ပါးပါရဲ့လား...။

ခါးတာထဲမှာ ဆိုးကောင်းနှစ်ပါး လွတ်ရင် ...
စပ်တဲ့ထဲမှာကား ဆိုးကောင်း မလွတ်ဘူးလား...
စပ်တဲ့ထဲမှာ လွတ်ရင် ဆိမ့်တဲ့ ရသာမှာကား မလွတ်ဘူးလား...ဆိမ့်တဲ့ရ သာမှာ ဆိုးကောင်းနှစ်ပါး လွတ်ရင် ချိုတဲ့ ရသာမှာကား မလွတ်ဘူး လား...အဲသလို ခြောက်ဒါရမှာ လျှာနဲ့ပတ်သက်တာလည်း စဉ်းစား...ကျန် တဲ့ဒါရတွေလည်း စဉ် စားပေါ့...မျက်စိနဲ့ဆိုင်ရာ အဆင်းပေါ့နော်..အဲလိုစိစ စ်ဖို့မကောင်းလား...။

အင်း သူ့ကို မြင်ရတာ ရေစက်နီးတယ် မလာဘူးလား... တချို့က သူ့ကို မြ င်ရတာ မြင်ပြင်းကတ် တာပေါ့.. နှစ်မျိုးထွက် မလာဘူးလား...အမြင်ခံထဲ မှာ မြင်ပြင်းကတ်တာပါရဲ့လား...ရေစစ်နီး တာကား ပါရဲ့လား..အဆင်းက အဆင်းပေါ့..ဒါကြောင့် အဆင်းကို ပရမတ်လို့ မဟောလား...စဉ်းစားဇ နော် ... သဘောကျတာ မကျတာတွေ က ပညတ်တွေကိုးကွဲ...အဲလို လေ့ လာဖို့မကောင်းလား...။

www.dhammadownload.com

အဲဒါ အဲဒီ အဆင်းပရမတ်မှာ လူလို့ ဘယ်လို သမုတ် သမုတ် ခေါ်ချင်သ လိုခေါ်၊ နတ်လို့ဘဲ ခေါ်ခေါ်၊ ဗြဟ္မာလို့ဘဲ ခေါ်ခေါ်၊ဘယ်လိုပဲ့ ခေါ်ခေါ် ၊အ ဆင်းပရမတ်ကပြောင်းရဲ့လား...မပြောင်းဘူးကွဲ့နော် ...။

တခါ ပြန်ပြီးတော့ နည်းနည်း စဉ်းစားသာအောင် စိစစ်ဖို့လိုတယ်...အမျိုး သမီးနဲ့အမျိုးသား ဘဝရေစက်ဆုံပြီးတော့အကြင် လင်မယား ဖြစ်သွားကြ တယ်နော်...။ ငါးနှစ်လောက် ပေါင်းသင်းဆက်ဆံတော့ သားလေးယော က်မွေးတာပေါ့ ။ သားယောကျ်ားတွေချည်းဘဲ ကြားရဲ့လား...။ အကြီးဆုံး သားကို အဦးဆုံးကို ဘဦးပေါ့ ။ ဒုတိယကို ဘအောင်ပေါ့ ။ တတိယကို ဘမောင်ပေါ့ ။ စတုတ္ထကို ဘထွေး ..လေ့လာဖို့မကောင်းလား..။

အဲသည် ဘဦးတို့ ဘအောင်တို့ ဘမောင်တို့ ဘထွေးတို့ မွေးကတည်းက ပါ တာလား ။ မိဘတွေကပေးတဲ့ နာမည်လား...။ အဲဒါစဉ်းစား..ယုံကြည်ဖို့လို တယ်နော်..။

မွေးထဲက ပါ မပါ...မပါဘူးနော်...။ နို့မို့ မိဘတွေက ပေးတဲ့နာမည်..။ သို့ဇ သာ် တော်တော်လေး ကျောင်းထားတဲ့အရွယ်ရောက်။ လူပျိုကြီးဖားဖားဖြ စ်၊ အဲဒီခါကြတော့ ဦးဘဦးရှိသလား..ရှိပါတယ် ခင်ဗျား ။ မ ပြောရဘူး လား...။ ဘယ်လိုလဲ အလုံးပေါက်..။ အလုံးပေါက်က အလတ်စားပဲ့နော် ပုလည်း မပုဘူး အရပ်လည်း မရှည်ဘူးပေါ့ အသားက ညိုညိုပေါ့မပြောဘူး လား...စဉ်းစား..

အဲတော့ ဦးဘဦး ထင်လို့ဘုရားပေးတဲ့ ဝိဇ္ဇာ မျက်မှန် တပ်ကြည့် ။ ဦးဘဦးမြင်မလား အဆင်း ကိုမြင်မလား... ဟော... အမြင်ခံအဆင်းဘဲ မြင် မယ်နော်...။

အဲသည်အဆင်းကို စိစစ်ဖို့မကောင်းလား...။

www.dhammadownload.com

ဘာဖြစ်လို့ ဦးဘဦး မမြင် တာလဲ...မရှိလို့နော်...ကဲမျက်စိနဲ့ကြည့်လို့ မမြင်ဘူး ။

ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်သေးတာပေါ့...ဆံဖျားက ခြေဖျား ကိုင်စမ်းကြည့် ။ ဦးဘဦးတွေ့မလား..မာတာ တွေ့မလား...
မာတာ ဦးဘဦးဟုတ်ကဲ့ လား...မာတာပထဝီကွဲ့...။
စိစစ်ဖို့မကောင်းလား ...။ ထင်တာ တော့ဦးဘဦးနော်..။ တွေ့တာက မာတာနဲ့ပျော့တာဘဲ တွေ့တယ်..။ မာတယ်ပျော့တယ် သိတာ သူငါလား ကာယဝိညာဏ် လား..နာမ်တရား မရလား...။
မာတာ ပျော့တာက ရုပ်တရား မရလား...
နာမ်ရုပ် နှစ်ပါးပေါ့...။

ဦးဘဦးလား နာမ်နှင့်ရုပ်လား... ။ ဦးဘအောင်လား နာမ်နှင့်ရုပ်လား...။ ဦးဘမောင်လား နာမ်နှင့်ရုပ်လား... ။ ဦးဘထွေး လားနာမ်နှင့်ရုပ်လား...။ နာမ်ရုပ်ပဲ တွေ့တယ်နော် ...။
ဘာဖြစ်လို့ ဦးဘဦး မတွေ့တာလဲ...ဦးဘအောင် ဘာဖြစ်လို့မတွေ့တာလဲ ..ဦးဘမောင် ဘာဖြစ်လို့မတွေ့တာလဲ...ဦးဘထွေး ဘာဖြစ်လို့မတွေ့တာလဲ...မရှိလို့နော်...ကဲ... မရှိဘူးဆိုတာ ယုံကြည်ဖို့ မကောင်းလား...။
ဦးဘဦးလည်း မတွေ့ ဦးဘအောင်လည်း မတွေ့ ဦးဘမောင်လည်း မတွေ့ ဦးဘထွေးလည်း မတွေ့ ..မတွေ့ရင် မရှိလို့ပေါ့...။

အဲဒါ ယုံကြည်ရင် လူကား ရှိရဲ့လား...လူဆိုတာ လည်း မွေးထဲက ပါတာ ဟုတ်ကဲ့လား...။ အိမ်း နာမည်ပေးတာတွေကွဲ့နော်...။
မျက်စိနဲ့ကြည့်ရင် လူကို မြင်တာလား အဆင်းကိုမြင်တာလား...။ကဲ... ဓမွေးထဲ ကမပါဘူး..။ လူလို့ခေါ်ကြတာကြားလား...တိရစ္ဆာန်လို့ခေါ်တာ တိရ

www.dhammadownload.com

စ္ဆာန်အစားစားပေါ့...လူအစားစားပေါ့...နတ်အစားစားပေါ့ ...ဗြဟ္မာအစား စားပေါ့...အဲလိုလေ့လာဖို့မကောင်းလား...။

မိုးကုတ် ဆရာတော်ဘုရားကြီး ဟောတာ။ မွေးကတည်းက အရိယာမွေး တာ မရှိဘူးနော်...အဲဒါ ဆရာကောင်းသမားကောင်းနဲ့တွေ့မှ လိမ္မာရတာ ကွဲကြားလား...လေ့လာဖို့မကောင်းလား ... အဲလိုစိစစ်ဖို့မ ကောင်းလား...။ အဲဒီတော့ အကုသိုလ် ကုသိုလ်တရားတွေ သိဖို့လိုတယ်နော်... ။

မသိခင်ကတော့ ကာယကံနဲ့ ပတ်သက်တဲ့ အကုသိုလ် ကာယကံနဲ့ ပတ်သ က်တာ ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရ မပြုကြပေဘူး လား...ပြုကြတယ်နော် ...။ ဝစီကံနဲ့ ပတ်သက်တဲ့ အကုသိုလ် မုသာဝါဒါ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ။ (ဝါစာ) ။ဝစီကံနဲ့ပတ်သက်တဲ့ အကု သိုလ် မပြုဘူးလား..မနောကံနဲ့ ပတ်သက်လို့ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌမပြု ကဘူးလား..ဟာ.. မသိခင်ကပြုကြတယ်နော်...ဆရာကောင်း သမားကော င်းနဲ့တွေ့ ... အဆုံးအမကိုရတယ်။ တရားကိုနာရ ကြားရ ထိုင်ရပြုရ လို့တွေ့တဲ့အခါ သိပယ်လို့ မဟောဘူးလား ... ။

အင်္ဂုလိမာလကြီးက... ကိုင်း..ဘုရားရှင်နဲ့တွေ့တော့ သစ္စာတရား ခန္ဓာ တရား ပဋိစ္စသမုပ္ပါဒ်တရားကို ကြားရနာရတော့ တစ်မင်္ဂတစ်ဖိုလ် မရ လား..သတ်သေးသလား...သိတော့ မပယ်လား...။
ဆက်ပြီးတော့ ကြိုးစားတော့ သကဒါဂါမ် အနာဂါမ် ရဟန်းကိစ္စမပြီးလား... သူပြုတဲ့အကုသိုလ်တွေက အကျိုးပေးခွင့်ရသေးလား..သိတဲ့အခါ ရှောင် ရတော့တာနော်..။

အဲလိုသာ မရှောင်ဘူး မပြုဘူး မလုပ် ဘူးဆိုရင် ခဝဘုံက ထွက်ပါ့မလား...။ အပါယ်ကျသွားမယ်နော်...အပါယ်ကျသွားတယ်ဆိုတာနိုင်ရာစားဘဝ

www.dhammadownload.com

ပါ့...။ နိုင်ရာစားဘဝ ဆိုတာအကုသိုလ်တွေပေါ့...။ အကုသိုလ် ထပ်မနေပဘူးလား...လူအဖြစ်ကို ရဖို့လွယ်ပါ့မလား...။ အဲဒါယုံကြည်ဖို့လိုတယ်... အဲတော့ သက္ကာယဒိဋ္ဌိ ဖြုတ်တာတွေ...စဉ်းစားနော်။ အဲလို စိစစ်ဖို့မကောင်းလား ..။

မသိခင်က ပြုတာနော်..သိတဲ့အခါ ပယ်တာပေါ့..သိပယ် လို့မဟောဘူးလား..

အခု တရားနာတယ် တရားပြောတယ် တစ်ယောက်နဲ့တစ်ယောက် ပြောတာ ဆိုတာတွေ တရားပေါက်တဲ့ ပုဂ္ဂိုလ် ရိပ်မိတဲ့ ပုဂ္ဂိုလ်တွေ အပြောအဆိုလေးတွေက အခါတိုင်းနဲ့ မတူတော့ဘူးနော်..။ မူပြောင်းမလာဘူးလား...။ အနေအထိုင်တွေ တမျိုး ဖြစ်မလာဘူးလား...နှုတ်ပြောတာလေးတွေက နှုတ်က နည်းတော့ ယဉ်ကျေးမှုရှိလာခဲ့တယ်နော်..
အဲဒါတရားကသက်သေမခံ လား..။

ပါးစပ်က တတွတ်တွတ် ရုပ်တွေ နာမ်တွေ အနိစ္စ ဒုက္ခ အနတ္တ ပြောချင်သလိုပြော။ ရုပ်နာမ် မတွေ့ရင် မူပြောင်းပါ့မလား... သူပြောတာတော့ မှန်တယ်နော်...မှန်ပေမယ့် သူပြောတာ သူသိရဲ့လား... မူပြောင်းရဲ့လား ... ။ အဲဒါမူမပြောင်းတာက သက်သေခံ တယ်...အဲလိုလေ့လာဖို့မကောင်းလား... အဲဒါကိုယ်ပြောတာနဲ့ဆိုတာနဲ့ နေတာ ထိုင်တာနဲ့တိုက် ကြည့်လိုက်တာပေါ့...

အဲတော့ ကိုယ့်ကို တရား သိတယ် မသိတယ် ကိုယ့်ကို မှန် မမှန် ရူပါရုံနဲ့တို့ကည့် သဒ္ဒါရုံနဲ့တို့ကြည့် ဂန္ဓာရုံနဲ့ တို့ကြည့် ရသာရုံနဲ့တို့ကြည့် ဖောဋ္ဌဗ္ဗာရုံနဲ့တို့ကြည့် ဓမ္မာရုံ နဲ့ တို့ကြည့် ။

www.dhammadownload.com

အဲလို တို့လို့ ... ချစ်ခြင်း မုန်းခြင်း လွတ်ရင်မှန်ပြီ ..ကြားလား...။ စားတဲ့အခါ ဆိုးကောင်းနှစ်ပါး လွတ်ရင်မှန်ပြီကြားလား...အဲသလိုလေ့လာဖို့မကောင်းလား...။

ကဲ တခါပြန်ပြီးတော့ အစ အလနဲ့တခါပြန်ပြီးတော့ လေ့လာတာ ၊ ပညတ်ကိုပြန်ပြီးတော့ အာရုံ ပြုလို့ လုပ်တဲ့တရားလည်း ရှိတယ်နော်...
ဆိုးကောင်းနှစ်ပါး ခံစားတယ် ဆိုထဲက ဒါ ပညတ်ကို အာရုံ ပြု တာ...စားတဲ့ ရသာထဲမှာ ဆိုးကောင်းနှစ်ပါး ပါရဲ့လား... ဒါ ဆိုးကောင်းနှစ်ပါးကိုအာရုံပြုလို့ဖြစ်တာနော်...ဒါပညတ်အာရုံပေါ့..
ပေါ် တဲ့စိတ်လေးကတော့ ပရမတ်ပေါ့...
အဲလို လေ့လာဖို့မကောင်းလား...။

အဲလိုပေါ်တဲ့အခါ ဆိုးတာလေးကလည်း မျိုးကြည့်လိုက်ရှိသေးရဲ့လား...ကောင်းတာလေးကလည်း မျိုးကြည့်လိုက်ရှိသေးရဲ့လား...ဘယ်မှာ လမ်းဆုံးသလဲ...
ဩော် ဒီလိုဆိုတော့ခါ မြတ်စွာဘုရားက သဗ္ဗ သခ်ါရာ အနိစ္စာလို့မဟောဘူးလား...
ဒီလိုဆို ပေါ် ချင်တဲ့ တရားပေါ် စမ်းပါ..ပေါ် ချင်တဲ့တရား ပေါ် နာမ်ရုပ်လို့သိစမ်းပါ...စိစစ်ဖို့ မကောင်းလား...အာရုံအနေနဲ့ကတော့ သဘောကျတာမကျတာ ပညတ်အာရုံ ပေါ့..ပေါ် တဲ့စိတ်လေးကပရမတ်ဘဲကြားလား... အဲဒါမှ အနိစ္စမရောက်ဘူးလား...

အရပ်သုံးနဲ့ပြောရင် သူဌေးကြီးကလည်း အိုနာသေ လွတ်ကဲ့လား.. ။ မွဲတဲ့လူကလည်း အိုနာသေ လွတ် ကဲ့လား..စဉ်းစားဖို့မကောင်းလား..ကဲ အလတ်စားကား အိုနာသေ လွတ်ကဲ့လား...ဘာသစ္စာလဲ..

www.dhammadownload.com

ဆင်းရဲတဲ့ တရားတော့ တူမနေ ဘူးလား..တူတယ်ကွဲနော်..အဲလို လေ့လာဖို့မကောင်းလား..။

အဲဒါ သစ္စာဖက်က ဟောတာ..ကံကြတော့ မတူဘူးပေါ့...။ သူဌေးကြီး ကစားဝတ်နေရေး ပြေတယ်နော်...။ ဆင်းရဲတဲ့လူက စားဝတ်နေရေးပြေရဲ့လား...။ သူက အကုသိုလ်ဖက်က လှည့်တာကိုး... ။ သည် ကကုသိုလ်ဖက်က လှည့်တာကိုး ။ သစ္စာကြတော့မတူဘူးလား..။ အဲသလိုလည်း စိစစ်ကြ...။

နားလည်ဖို့ နားလည်အောင် စီရင်တတ် ဖို့လိုတယ်နော်..။

အဲဒါ သဘောမကျဘူး ဆိုတဲ့ခါ ဒုက္ခဝေဒနာတွေ ပေါ်တာပေါ့..သဘောကျတဲ့ခါလည်း သုခ ဝေဒနာပေါ်မှာပေါ့... အဲဒါ ငါဟုတ်ကဲ့လား..ဝေဒနာလို့မဖေးဘူးလား..တကယ်စိစစ်ကြည့်တော့ ... ခန္ဓာကိုယ်မှာ ရှာကြည့်ခန္ဓာငါးပါးကလွဲလို့ တခြားတွေ့ရဲ့ လား... ။ မတွေ့ဘူးနော်...။ အရင် ရသာတခုကို စားကြည့်လိုက်တာပေါ့...ချဉ်ရသာဆိုတာ စိစစ်ဖို့လိုတယ်နော်...။

အရပ်သုံးနဲ့ သံပုရာသီးတစ်လုံး စားလိုက်တော့ ဘယ်လိုတွေ့မလဲ...ချဉ်တယ်လို့စားသိတာက လူလား...ဝိညာဏက္ခန္ဓာလား ...စားသိစိတ် ပေါ့ ...ဝိညာဏက္ခန္ဓာနော်...။

တစ်ဝိညာဏ်တည်း ခံစားလို့ဖြစ်ကဲ့လား..မဖြစ်သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား ...ချဉ်တယ်လို့ခံစားတာ ငါလားဝေဒနာလား ..လူလားဝေဒနာလား..နတ်လားဝေဒနာလား..ဗြဟ္မာလား ဝေဒနာလား.. ဝေဒနာ တွေ့တယ်နော်...ချဉ်တယ်လို့ မှတ်တာ လူ နတ် ဗြဟ္မာလား သညာက္ခန္ဓာလား...။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာလား...

www.dhammadownload.com

ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါးမပြည့်လား..ဤလေးပါးပြည့်စုံမှ စားသိစိတ်ဖြစ်တာနော်...

ကဲ... သံပရာသီး လား နာမက္ခန္ဓာလေးပါးလား...လူနတ်ဗြဟ္မာလား နာမက္ခန္ဓာလေးပါးလား ...လျှာအကြည်ကား သံပရာသီးဟုတ်ကဲ့လား..ချဉ်ဆိုတဲ့ ရသာကား သံပရာသီးဟုတ်ကဲ့လား...ခန္ဓာဖွဲ့ ကြည့်တော့ ရူပက္ခန္ဓာ မရလား...နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း... ကဲ ခန္ဓာဘဲတွေ့တယ်နော်... အဲဒါခန္ဓာယုံကြည်ဖို့မကောင်းလား...

ယုံကြည် ရင် ကောင်းတယ်လို့ ခံစားတာ ငါလား ဝေဒနာလား...ဆိုးတယ်လို့ခံစားတာ ငါလား ဝေဒနာလား..ဒါကြောင့်ဝေဒနာ၊ သုခဝေဒနာ ကိုယ်မှာပေါ် သည် ဒုက္ခဝေဒနာ ကိုယ်မှာပေါ် သည် ဟော မဟော...စဉ်းစားဇနော်...
ကဲ ဥပေက္ခာဝေဒနာ မျက်စိမှာ ပေါ် သည် နား မှာပေါ် သည် နှာမှာပေါ် သည် လျှာမှာပေါ် သည် မဟောဘူး လား..
သောမနဿဝေဒနာ စိတ်မှာပေါ် သည် ဒေါမနဿဝေဒနာ စိတ်မှာပေါ် သည်လို့ မဟောဘူးလား...။လူမပါ ပါတကားကွဲ့...

လူ ပါရဲ့လား...မပါဘူး...ဝေဒနာလို့ ဟောတာ... ။ အဲဒီခန္ဓာကို ခဏ ခဏ ဟောပြောသော်လည်း ငါက မပျောက်..လူရှိတယ်လို့ဘဲ ထင်နေကြ တာ...။ အဲဒါ အဲဒီအထင်တွေ ပပျောက်အောင် လို့ ခဏခဏ ခန္ဓာကပ် ကပ်ပြီးဇတ့် ဟောရတာကြောင်းရဲ့လား...။ စိစစ်ဖို့မကောင်း လား...

ကဲ... လက်တွေ့ သမီးလေး ထင်လို့ ပွေ့ပြီး တော့မှ နမ်းကြည့်နော်..အခါလည် သမီးလေး အခါလည် သားလေးပေါ့...သမီး တွေ့မလား အနံ့တွေ့မလား... သားတွေ့မလား အနံ့တွေ့မလား...။ အနံ့လို့နံသိတာ ဃာနဝိညာဏ်

www.dhammadownload.com

နော်...သူက နာမ်တရား မရလား ... အနံ့က ရုပ်တရား မရလား...နာမ်ရုပ်နှစ်ပါး ပေါ့ ... ။ သမီးလား နာမ်နဲ့ရုပ်လား...သားလား နာမ်နဲ့ရုပ်လား...။

ထင်တော့ သားလို့ မထင်လား...သမီးလို့ မထင်လား... ရှိတယ်လို့ မယူလား...တွေ့တာက ဘာတွေ တွေ့တာလဲ...သားလား နာမ်နဲ့ရုပ်လား...သမီးလား နာမ်နဲ့ရုပ်လား...ကဲ သမီးမတွေ့တာ သား မတွေ့တာ ရှိလို့လား မရှိလို့လား...မရှိရင်ဘယ်လို စွဲမလဲ...ခံစားတာက သမီးဟုတ်ကဲ့လား..သားဟုတ်ကဲ့လား...ဝေဒနာလို့ဟော မဟော..။ အဲဒါထပ်ခါ ထပ်ခါ ခန္ဓာဟောတဲ့ထဲက ပါ့ ငါက မပျောက်တာ ခက်တယ်ကွဲ့နော်..အဲလိုစိစစ်ဖို့မကောင်းလား..အဲဒါလိုရင်း အချက်တွေ...။

သက္ကာယဒိဋ္ဌိ ဖြုတ်တဲ့နေရာ .... အဲဒါ ခန္ဓာ ကပ်ဖို့လိုတယ်ဗျ... စဉ်းစားဖို့မကောင်းလား...သိမှ ပယ်နိုင်တာနော်... သဘောမကျတာလည်း ငါ ငါခံပြင်းတယ် ။ ငါ့စိတ်ကိုမစမ်းနဲ့ ဒီလိုမလာဘူးလား...စိစစ်ဖို့မကောင်းလား...ငါဟုတ်ကဲ့လား... ။ အင်း ဒါ အလိုမကျတာဒေါမနဿလို့မဟောဘူးလား...ငါပါရဲ့လား...အဲလိုလေ့လာကွဲ့ နော်...အဲဒီဟာလည်း အာရုံ နဲ့တိုက်မှပေါ်တာ... စိစစ်ဖို့မကောင်းလား...သဘောကျတာလည်း အာရုံ နဲ့တိုက်မှ ပေါ်တာနော်...အဲလိုလေ့လာဖို့မကောင်းလား...အဲဒါသဘောပေါက်ဖို့လိုတယ်..။

ဆိုးတာဘဲ ပေါ်ပေါ်ကောင်းတာဘဲ ပေါ်ပေါ်အလတ်စားဘဲပေါ်ပေါ် ။ သဇ ဗွ သခ်ါရာ.... (အနိစ္စာ) အနိစ္စ ကြတော့ဆိုးကောင်း နှစ်ပါးတွေရဲ့လား...မဂ္ဂလို့ဟော မဟော...။ အဝိဇ္ဇာချုပ် မချုပ်...။ တဏှာသေ မသေ... ။ အဝိဇ္ဇာချုပ်တာနဲ့တဏှာသေတာက လွဲလို့ ဘာများရှိသေးသလဲ...အမှန်သိတော့ အမှား မပျောက်လား..အဲဒါ အဝိဇ္ဇာ ချုပ်ပြီ...ကဲ တဏှာ လာသေးရဲ့လား..တဏှာ မလာရင် ဥပါဒါန် ကံဘယ်က လာမှာလဲကွဲ့..။

www.dhammadownload.com

အရင်းလဲတော့အဖျားထင်းဖြစ်တယ် မဟာဘူးလား..။ ဤနေရာ ရော က်အောင်ကြိုးစား အား ထုတ်ကြ...။

ကဲ... စားဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာ က... (မဂ္ဂသစ္စာပါဘုရား) သေတာက ... (သမုဒယသစ္စာပါ ဘုရား) နောက် ခန္ဓာ မလာတာက...(နိရောဓသစ္စာပါဘုရား)

ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက်ရှိပါတယ် ဘုရား) တစ် ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား) ငါးလေးလီ(နှစ်ဆယ်) ဤရှစ်သွယ် ကို (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)

သာဓု သာဓု သာဓု။

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တော ရကျောင်း ၊ ပဓာနနာယကဆရာတော်။
ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရား ကြီး ။
ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ်တွင် ဂု-၁၀-၂၀၀၇ ခုနှစ် ည (ဂု)နာရီအချိန်ဟောကြားဆုံးမတော်မူအပ်သော ဒေ ဝီလ ရသေ့ကြီး အကြောင်း ဥပမာပြု ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် ပဋိစ္စသမု ပ္ပါဒ် တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

www.dhammadownload.com

ဗုဒ္ဓသ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မသ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃသ-မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ကျွတ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုသ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယသ-ဂိုဟသနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့်ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော  နိဗ္ဗာန်သို့ လည်းကော

www.dhammadownload.com

ငိး တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာတခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္ဘာ၊ အဂ်ီတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠှသုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တရား နာတယ်တဲ့ တရား အားထုတ်တယ် တရား လေ့လာတယ်ဆိုတာ မိမိခန္ဓာမှာ ရှိတဲ့တရားနဲ့ အသိဉာဏ်နဲ့ထပ်သွားဖို့ လို တယ်နော်...။ ရှိတဲ့ တရား ဆိုတာ အာရုံနဲ့ဒွါရ တိုက်ပြီးတော့ ပေါ်လာတဲ့ ခန္ဓာငါးပါးကို ပြောတာနော်...။

မျက်စိ အကြည်ရှိရင် ရူပါရုံ အဆင်း မတိုက်လား...မြင်သိစိတ် မပေါ်လား...။ ငါ မြင်တာလား မြင်သိစိတ်လား...။

www.dhammadownload.com

နားအကြည် ရှိတော့ အသံ မတိုက်လား... ကြားသိစိတ် မပေါ်လား...ငါ့ကားတာလား ကြားသိစိတ်လား...။

နာခေါင်းအကြည် ရှိတော့ အနံ့ မတိုက်လား... နံသိစိတ် မပေါ် လား...သူတို့တွငါတွေ့ လား နံသိစိတ်လား...။

လျှာအကြည်ရှိတော့ ချို ချဉ် စပ် ငန် ဖန် ခါး ရသာခြောက်ပါး မတိုက်လား... စားသိစိတ် မပေါ် လား...သူတွေ့ ငါတွေ့လား စားသိစိတ်လား...။

ကာယ အကြည် ရှိတော့ ပထဝီဖောဋ္ဌဗ္ဗ၊ တေဇောဖောဋ္ဌဗ္ဗ၊ ဝါယောဖောဋ္ဌဗ္ဗ မ တိုက်လား...ထိသိစိတ်မပေါ်လား...လူနတ်ဗြဟ္မာလား၊ ထိသိစိတ် လား...။

အဲလို စိစစ်ဖို့မကောင်းလား...။

ပဉ္စဒွါရ ငါးဌာနကွဲ့ နော်...မျက်စိနားနှာလျှာကိုယ်ပေါ့...သူ့ဒွါရနဲ့ သူ့အာရုံ လို့မဟောဘူးလား...။

ဉာတပရိညာ စာအုပ်မှာ ... အလေးချိန် သုံးဆယ် လေး ဆယ် ရှူလို့ မရဘူးပေါ့နော်... အာရုံနဲ့ဒွါရတိုက်လို့ ပေါ်တဲ့ခန္ဓာကို ဖြစ်ပျက်ရှုပါ လို့မဟောဘူးလား...အဲဒီဖြစ်ပျက်ကလည်း နားလည်ဖို့လိုတယ်ကွဲ့..ကြားလား... ဖြစ်ပျက်လို့ မေးကြတဲ့အခါ ဖြစ်ပျက်ကတော့ အသုံးများတယ်နော်...။

ဘာတွေ ဖြစ်တာလဲ လို့မေးရင် ခက်တော့တာကွဲ့..စိစစ်ဖို့မကောင်းလား...တကယ့် အမြင်ခံအရှုခံကခန္ဓာငါးပါးလို့ဟော မဟော...။

ငါးပါးမှာ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာပေါ့...စိစစ်ဖို့မကောင်းလား...။

ရုပ်ဖြစ် ရုပ်ပျက်မှာပေါ့..ဝေဒနာဖြစ်ရင် ဝေဒနာပျက်မှာပေါ့...သညာဖြစ်ရင် သညာပျက်မှာပေါ့...စေတနာဖြစ်ရင် စေတနာပျက်မှာပေါ့...ဝိညာဏ်ဖြစ်ရင် ဝိညာဏ် ပျက်မယ်...။

www.dhammadownload.com

အဲဒီ ခန္ဓာငါးပါး မပါဘဲနဲ့ ဖြစ်ပျက်လုပ်ရင် အဘာဝပညတ်ပေါ့...ရုပ်ပါမလား..စဉ်းစား...။

ဥတပရိညာ လို့ဟော မဟော...
ဥတပရိညာဆိုတာ..ဒါခန္ဓာနဲ့ ပုဂ္ဂိုလ် သတ္တဝါနဲ့ ပိုင်းခြားတာနော်...ပညတ်နဲ့ ပရမတ် ပိုင်းခြားတာနော်...။ ခန္ဓာငါးပါးက ပရမတ် လို့မဟောဘူးလား...။ ပုဂ္ဂိုလ်သတ္တဝါက ပညတ်လို့မဟောဘူးလား...။ အဲဒါပညတ် ပရမတ် ပိုင်းခြားသိဖို့ လိုတယ်... ။ စိစစ်ဖို့မ ကောင်းလား...။

လက်တွေ့ပေါ်ကွယ်နော်...။
လူထင်လို့ ဘုရားပေးတဲ့ ဥဏ်လက်နဲ့ ကိုင်စမ်းကြည့်နော်...။ ဆံဖျားကခြေခဖျား... ခြေဖျားကဆံဖျား ။ အနလုံ ပဋိလုံ  လူ တွေ့မလား မာတာ တွေ့မလား...။
လူတွေ့မလား ပျော့တာတွေ့မလား...။ မာတယ်ပျော့ တယ်လို့သိတာ သူငါလား ကာယဝိညာဏ်လား...။

တစ်ဝိညာဏ်တည်း ထိလို့ သိလို့ဖြစ်ကဲ့လား...။ မဖြစ်သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား ..။ မာတယ်လို့ခံစားတာ ငါလား ဝေဒနာလား...လူလား ဝေဒနာလား...နတ်လား ဝေဒနာလား... ဗြဟ္မာလား ဝေဒနာလား... ။
မာတယ် ပျော့တယ်လို့မှတ်တာ လူနတ်ဗြဟ္မာလား သညာလား...။
ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာလား...။
ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါး မပြည့်လား...ဣန္ဒြေးပါးပြည့်စုံမှ ထိသိစိတ်ဖြစ်တာနော်...။ လူနတ်ဗြဟ္မာ လား နာမက္ခန္ဓာလေးပါးလား...နာမက္ခန္ဓာ လေးပါးဘဲ တွေ့တယ်နော်..။

www.dhammadownload.com

နာမက္ခန္ဓာ လေးပါး အလိုလိုဖြစ်တာလား..အကြောင်းကြောင့် အကျိုး တရား ပေါ်တာလား..။ နာမက္ခန္ဓာ လေးပါး အကြောင်း ရှာတော့ ကာယဒွါရ နဲ့ပထဝီဖောဋ္ဌဗ္ဗပေါ့...။
ရုပ်နှစ်ခုက အကြောင်းတရား မရလား...
နာမက္ခန္ဓာလေးပါးက အကျိုး တရားမရလား...

အကျိုးတရား သိတော့ ဘာအကျိုးရှိသလဲ စိစစ်ဖို့မကောင်းလား...သူတွေ ငါတွေ ထင်တာ တွေ့သေးရဲ့လား ...။ ပုဂ္ဂိုလ်သတ္တဝါလား နာမက္ခန္ဓာ လေးပါးလား...။ လူနတ်ဗြဟ္မာလား နာမက္ခန္ဓာ လေးပါးလား...။ ကဲ လူစွဲဒိဋ္ဌ နတ်စွဲဒိဋ္ဌ မပြုတ်လား ...။နာမက္ခန္ဓာ လေးပါး အကြောင်း ရှာတော့ ရုပ်နှစ်ခုနော်...။
အဲဒါ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ပြန်ကြည့်တော့ ...
ရုပ်နှစ်ခုက ပဋိစ္စသမုပ္ပါဒ် ။ နာမက္ခန္ဓာလေးပါးက ပဋိစ္စသမုပ္ပန္န လို့မဟာလား...။

အကျိုး တရား သိတော့ ဒိဋ္ဌမပြုတ်လား
အကြောင်း တရားသိတော့ ဝိစိကိစ္ဆာမချုပ်လား...
အကြောင်းနဲ့ အကျိုး သိတော့ ဒိဋ္ဌ ဝိစိကိစ္ဆာမပြုတ်လား...အသိနဲ့ပြုတ်ရင်စူဠသောတာပန်ပေါ့...။
အပွား နဲ့ အပယ်နဲ့ပြုတ်ရင် မဟာသောတာပန်လို့မဟောဘူးလား...။ အဲလိုလေ့လာဖို့လိုတယ်နော်...။ အဲတော့ခန္ဓာသိဖို့ အရေးကြီးတယ်..။ ချုံ့လိုက်ရင်နာမ်နဲ့ရုပ်ပေါ့...အဲလို လေ့လာဖို့မကောင်းလား...ထင်တာနဲ့ တွေ့တာပိုင်းခြားနော်...။

www.dhammadownload.com

ဘုရားအဆူဆူ ဟောတာ... မရှိပညတ်က လူနတ်ဗြဟ္မာသတ္တဝါ ။ မရှိ ပညတ်၊လူနတ်ဗြဟ္မာ သတ္တဝါ ။ ဘာတွေမရှိတာလဲ စိစစ်ဖို့မကောင်းလား...။ လူမရှိဘူး ပေါ့...နတ် မရှိဘူးပေါ့...ဗြဟ္မာ မရှိဘူးပေါ့...ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးပေါ့...စိစစ်ဖို့မကောင်းလား...ရှိပရမတ်က ခန္ဓာငါးပါးနော်... နာမ်နဲ့ရုပ်နော်..။

အဲဒီနာမ်ရုပ်ပေါ်မှာ ဌာနုပစာရအားဖြင့် တင်စားပြီးတော့လူအစားစား၊နတ်အစားစား၊ဗြဟ္မာအစားစား၊တိရစ္ဆာန်အစားစား၊ ပြိတ္တာ အသူရကာယ် အစားစား၊ငရဲအစားစားလို့မခေါ်ကြဘူးလား ...မသမုတ်ကြဘူးလား...ဒါသမုတ်ရှိအခေါ်ရှိ ပေါ့ နော်..။ မသမုတ်လည်း ရှိ သမုတ်လည်း ရှိတာ နာမ်ရုပ်တရားနှစ်ပါးပေါ့...။

ဘယ်ပုံဘယ်နည်း ရှိတာလဲ စိစစ်ဖို့မကောင်းလား... ။
အနိစ္စ အနေနဲ့ ရှိတာပေါ့...ဒုက္ခ အနေနဲ့ ရှိတာပေါ့...အနတ္တ အနေနဲ့ရှိတာယ်...ကြားလား... အဲလိုလေ့လာဖို့မကောင်းလား... ။ အဲဒါ လိုရင်းအချက်ေတွနော်... ။နာမ်ရုပ်လို့သိ လူလို့ခေါ် ။ နာမ်ရုပ်လို့သိ နတ်လို့ခေါ် ။နာမ်ရုပ်လို့သိ ဗြဟ္မာလို့ခေါ်။ နာမ်ရုပ်လို့သိ အဖေလို့ခေါ် အမေလို့ခေါ် သားလို့ခေါ် သမီးလို့ခေါ်ပေါ့...
ခေါ်တာတွေမြတ်စွာဘုရား ပယ်ရဲ့လား...မပယ်ဘူးနော်...။

အဲဒါ နာမ်ရုပ်ကလည်း ဘယ်ပုံဘယ်နည်းရှိတာလဲ... ။ အနိစ္စ ဒုက္ခ အနတ္တ အနေနဲ့ရှိတယ် ..ကြားလား...။
လူနတ်ဗြဟ္မာသတ္တဝါဆိုတော့ သမုတ်ရှိ အခေါ်ရှိပေါ့နော်..အမြင်ခံ အရှုခံနဲ့ရှိတာ ဟုတ်ကဲ့လား...။ အဲလိုဆိုလူအနေနဲ့ ဘယ်လိုလုပ်စွဲမလဲ...နတ်အနေနဲ့ စွဲစရာ လိုသေးရဲ့လား...ဗြဟ္မာအနေနဲ့စွဲစရာ လိုသေရဲ့လား.. အဲလို လေ့လာဖို့မကောင်းလား..အဲဒါနာမ်ရုပ်သိဖို့ လိုတာကွဲကြား လား...။

www.dhammadownload.com

ဒါကြောင့်မို့ ဆရာတော် သမားတော်တွေ ရုပ်နာမ် သုညတလို့မဟောဘူး လား...ရုပ်ထဲမှာ ရှာချင်တာရှာ ပုဂ္ဂိုလ် သတ္တဝါ တွေ့ရဲ့လား...နာမ်ထဲမှာ ရှာ ချင်တာရှာ ပုဂ္ဂိုလ်သတ္တဝါ တွေ့ရဲ့လား... ဘာဖြစ်လို့ မတွေ့သလဲ... အဲ သလိုဆို ကျေနပ်လောက် အောင် သိဖို့ကောင်းတယ်နော်...ယုံကြည်ဖို့ ကောင်းတယ်နော်...။

ဒါအခု ယုံကြည်တဲ့ သဒ္ဓါတရားက နည်းတဲ့အတွက် သက္ကာယဒိဋ္ဌိ မပြုတ်နိုင်တာပေါ့..။
ယုံကြည်တဲ့ သဒ္ဓါတရား လိုတယ်ကြားလား..အဲလို စိစစ်ဖို့မကောင်းလား...။
ဒါကြောင့်မို့လို့ ထိထိမိမိ အဲဒီ ခန္ဓာသိအောင်လို့ခန္ဓာဖွဲ့ရတယ်၊ သစ္စာဖွဲ့ရတ ယ်ကြားလား...။
ကာယဒွါရမှာ အဲလို အကျိုး အပြစ်တွေကို သိရင် ကျန်တဲ့ ဒွါရတွေ မှာလ ည်း ထိုနည်းဌင်းပေါ့နော်... ။
အဲဒါ လိုရင်းအချက်တွေ ကွဲ။ ကြားလား...။

ကဲ... လက်တွေ့ မျက်တွေ့ အားဖြင့် လျှာနဲ့ပတ်သက်ပြီး တော့မှ ကိုယ်ကြို က်တဲ့၊ အချို့ကြိုက်တဲ့ လူက ငှက်ပျောသီး ပင်ထက်မှည့် စားကြည့်လိုက်ဒ နော်... ။
ပင်ထက်မှည့် စားလိုက်တော့ခါ ငှက်ပျောသီးစားလိုက်တာ ဘယ်လိုဒ တွေ့မလဲ...။ ချိုအရသာတွေ့တယ်နော်...။ စားတုန်းကတော့ ငှက်ပျောသီး စားတာပေါ့... တွေ့တာက ချိုတဲ့အရသာတွေ့တယ်...။

အဲဒီချိုတဲ့အရသာ ...
မျက်စိနဲ့ကြည့်၊ ပကတိမျက်စိနဲ့ကြည့်မြင်ရပါ့မလား..
လက်နဲ့ ကိုင်စမ်းကြည့်ရင်ကားတွေ့ပါ့မလား...
နမ်းကြည့်ရင်ကားတွေ့ပါ့မလား...

www.dhammadownload.com

နားထောင်ကြည့်ရင်ကားတွေ့ပါ့မလား...
လျှာနဲ့ ကြတော့မသိနိုင်ဘူးလား ...အဲလိုလေ့လာဖို့ကောင်းတယ်နော်...

ကိုယ်ထင်တဲ့ ငှက်ပျောသီးတွေ့သေးရဲ့လား...စားတုန်းက တော့ ငှက်ပျော သီးစားတာ..တွေ့တော့ ချိုတဲ့အရသာဘဲ တွေ့တယ်..။ အကောင်အထည် ဟုတ်ကဲ့လား..ပုံပန်းသဏ္ဌာန်ဟုတ်ကဲ့ လား...။ သဘောအနေနဲ့မထင်ရှား ဘူးလား..။ တစ်ဝိညာဏ်တည်း စားသိလို့ဖြစ်ကဲ့လား..မဖြစ်... သူနဲ့သဟ ဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာမပါလား ...ချိုတယ်လို့ခံစားတာ ဝေ ဒနာနော်... လူနတ်ဗြဟ္မာလား ဝေဒနာလား...ဝေဒနာလို့သိဖို့ မလိုဘူး လား... ဒါခံစားတာ ဝေဒနာပေါ့...ချိုတယ်လို့မှတ်တာ လူနတ်ဗြဟ္မာလား သညာလား... ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာလား...ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမ ကွန်ဓာလေးပါး မပြည့်လား..ဣလေးပါးပြည့်စုံမှ စားသိစိတ်ဖြစ်တာဇ နော်...လူနတ်ဗြဟ္မာလား နာမကွန်ဓာ လေးပါးလား...ဟော...လျှာအကြည် ကား ငှက်ပျောသီး ဟုတ်ကဲ့လား...ချို ရသာကားငှက်ပျောသီးဟုတ်ကဲ့ လား...ခန္ဓာဖွဲ့ ကြည့်တော့ ရူပကွန်ဓာမရလား...နာမကွန်ဓာလေးပါးနဲ့ ရူပ ကွန်ဓာပေါင်း...။

ဣခန္ဓာငါးပါး ချုံ့ကြည့်တော့ နာမ်နဲ့ရုပ်ပေါ့...
စိစစ်ဖို့မကောင်းလား...ချိုတယ်လို့ ခံစားတာ ငါလားဝေဒနာ လား...လူနတ် ဗဟ္မာလား ဝေဒနာလား...နာမ်တရား မရလား...ချို ရသာကား ရုပ်တရားမ ရလား...နာမ်ရုပ်နှစ်ပါးပေါ့...အဲလိုလေ့လာဖို့မကောင်းလား... ဝေဒနာပစ္စယာ တဏှာ ဆို ဘယ်လိုများကူးတာလဲ...စိစစ်ဖို့မကောင်း လား...

www.dhammadownload.com

ဝေဒနာမြင်လို့ကူး တာလား...ပုဂ္ဂိုလ်သတ္တဝါနဲ့မြင်လို့ကူးတာလား..အဲစဉ်းစားဖို့ကောင်းတယ်နော်..
အဲလိုလေ့လာဖို့မကောင်းလား...ဒါကြောင့် မို့ဝေဒနာပစ္စယာ တဏှာ လို့မေဟာဘူးလား...

ဝေဒနာလို့သိရင် ပုဂ္ဂိုလ်သတ္တဝါ တွေ့သေးရဲ့လား...ဆိုးကောင်းနှစ်ပါး ခံစားတာ ငါလား ဝေဒနာလား...အကောင်အထည် ဟုတ်ကဲ့လား... အကောင်အထည်... မဟုတ်ငြား သဘောအနေနဲ့ခံစားတာ မထင်ရှားလား...ဒီလို ဆိုဝေဒနာပေါ့... ဝေဒနာ သက္ကာယလို့ဟော မဟော...ငါပါသေးရဲ့လား...ဒိဋ္ဌမပြုတ်လား...အသိနဲ့ပြုတ်ရင်စူဠဋီကာတာပန် ပေါ့...အဲဒီဝေဒနာခံစားပြီးတော့ မပျက်လား...ပျက်ရင် ကဲ့ ဆဝေဒနာ တွေ့တာလား မရှိတာတွေ့တာလား...မရှိတာ အနိစ္စလို့မဟောဘူး လား...သိတာ မဂ္ဂလို့မဟောဘူးလား...ကဲ့နစ်ကသုံးကိုကူးသေးရဲ့လား...အဲလိုလေ့လာဖို့မကောင်းလား...။ အနိစ္စမြင်မှ စိတ် ချရတယ်နော်...

ကဲ့ အနိစ္စမြင်တော့ တဏှာလာသေးရဲ့လား...ဥပါဒါန်လာသေးရဲ့လား...အာသဝအနေနဲ့ ကာမာသဝနဲ့ဘဝါသဝ မချုပ်လား...ရှေ့ပိုင်းက ဝေဒနာသိတော့ ဒိဋ္ဌမပြုတ်လား...ဝိစိကိစ္ဆာမချုပ်လား...ဒိဋ္ဌာသဝနဲ့အဝိဇ္ဇာသဝ ချုပ်တယ်... ဝေဒနာ အနိစ္စ သိတော့ တဏှာမသေလား... ဥပါဒါန် မပြုတ်လား...ကာမာသဝနဲ့ဘဝါသဝမချုပ်လား...ရှေ့ပိုင်းက ခန္ဓာသိ ဝေဒနာသိ တော့ ဒိဋ္ဌ ဝိစိကိစ္ဆာ မပြုတ်လား...အဲဒါလိုရင်းအချက်တွေနော်...အဲဒါထိထိမိမိသဘောပေါက်ဖို့လိုတာပေါ့... ။

ဒိဋ္ဌ ဝိစိကိစ္ဆာ ပြုတ်သွားပြီကြားလား...အသိနဲ့ပြုတ်ရင်စူဠဋီကာတာပန်နော်...အပွားနဲ့အပယ်နဲ့ပြုတ်ရင်မဟာသောတာပန်ပေါ့...ဒါဝေဒနာ အနိစ္စလို့သိ သညာအနိစ္စလို့သိ သင်္ခါရအနိစ္စလို့သိ ဝိညာဏကွန္ဓာ အနိစ္စလို့သိ ရူ

www.dhammadownload.com

ပက္ခန္ဓာအနိစ္စလို့သိ နှစ်က သုံးကို ကူးသေးရဲ့ လား...မကူးတော့ဘူးကွဲ့နော်...

ကဲ စားတဲ့ အခါမှာ ခုမိမိက နေပြီးတော့မှ ဟင်းလျာနဲ့ပတ်သက်တဲ့ကိစ္စ ဆားငန်လွန်း လို့ရှိရင် စား လို့မဖြစ်ဘူးနော်..ရေနွေးတွေ့ မတောင်းရဘူး လား..ရေနွေးတောင်းတာ ဒါ ဝေဒနာပစ္စယာ တဏှာကူးတော့တာပေါ့..။ ဆားပေါ့တော့ခါ ဆား မတောင်းရဘူးလား...
ဝေဒနာပစ္စယာ တဏှာလို့မကူးပေဘူးလား...။
ကူးသွားတော့တာနော်...။

အဲဒါ ဆိုးဆိုး ကောင်းကောင်း ပေါ့တာဖြစ်စေ ငန်တာဖြစ်စေ မိမိစိတ်မှာဖြစ်တာနော်..။
ရသာဓါတ်ထဲမှာတော့ ပါရဲ့လား...ပါဘူးကွဲ့နော်...။ အဲလို စိစစ်ဖို့မကောင်းလား..။ ပေါ့တယ် ငန်တယ်ဆိုတာ သညာကွန္ဓာနော်...။ တကယ်စင်စစ်ကတော့ ဖောက်ပြန်နေတာပေါ့...လေ့လာဖို့မကောင်း လား...။
ဆားပေါ့တယ်ဆိုတာ... ဖောက်ပြန်တာနော်...။
ငန်တယ်ဆိုတာဖောက်ပြန်တာနော်...။
ဖောက်ပြန်ပြီးမပျက်လား..။
ပျက်ရင် ဝေဒနာတွေ့သေးရဲ့လား...။
မတွေ့ရင်နှစ်က ဘယ်လို ကူးမလဲ...
အဲသလိုလိုတာနော်...။

ဒါဝေဒနာခံစား တာ ဝေဒနာ ပျက်မှာပေါ့ သညာ မှတ်ရင် သညာ ပျက်မှာပေါ့ စေတနာ စေ့ဆော်ရင် စေတနာပျက်မှာပေါ့ ဝိညာဏ် ဒါသိတဲ့ ဝိညာဏ်ပါ ရင်ဝိညာဏ်ပျက်မှာ ပေါ့...။ ရုပ်ဖြစ်တော့ ရုပ်ပျက်တယ်လို့မဟောဘူးလား...။ အဲသလို ဖြစ်ပျက်ကို သိဖို့လိုတာ... ။ ခုတော့ ဖြစ်ပျက် ဖြစ်ပျက်။

www.dhammadownload.com

ဝေဒနာ လည်း မတွေ့ သညာလည်း မတွေ့ ကြားလား...ခန္ဓာလွတ်မနေဘူး လား..။ လွတ်နေတယ်..။ ဒါကြောင့် ခန္ဓာ ဖွဲ့ရတယ်နော်...သစ္စာဖွဲ့ ရ တယ်နော်...။

မရသေးတဲ့ပုဂ္ဂိုလ် ရလေအောင်။ ရပြီးသားပုဂ္ဂိုလ် လိုရင်းကိစ္စပြီးအောင် ခန္ဓာဖွဲ့။

"မျက်စိ..."

စက္ခု အကြည်ကို အဆင်း တိုက်တော့ စက္ခုဝိညာဏ် ပေါ် ပါသည်။
စက္ခုဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ် လို့ ဖြစ်ပါသလား။ မ ဖစ်နိုင်ပါ။
စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ င်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
စက္ခု အကြည်နှင့် အဆင်း ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ် ပါသည်။
အဆင်း ကို မြင်သိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
မျက်စိ အကြည်နှင့် အဆင်းက ရုပ်။
စိတ် စေတသိက် ရုပ်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ် ပါသည်။
အဆင်း ကို မြင်သိတာ က နာမ်တရား ၊

www.dhammadownload.com

မျက်စိ အကြည်နှင့် အဆင်းက ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"နား"

သောတ အကြည်ကို အသံ တိုက်တော့ သောတဝိညာဏ် ပေါ်ပါသည်။
သောတဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။ မဖြစ်နိုင်ပါ။
သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးဝေပါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
သောတ အကြည်နှင့် အသံ ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။
အသံ ကို ကြားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
နား အကြည်နှင့် အသံ က ရုပ်။
စိတ် စေတသိက် ရုပ်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။
အသံ ကို ကြားသိတာ က နာမ်တရား ၊
နား အကြည်နှင့် အသံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

www.dhammadownload.com

.....==========.....

"နာ"

ယာန အကြည်ကို အနံ့ တိုက်တော့ ယာနဝိညာဏ် ပေါ် ပါသည်။
ယာနဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ် လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ယာနဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ
င်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ယာန အကြည်နှင့် အနံ့ ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ဓ ၅အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ် ပါသည်။
အနံ့ ကို နံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဓ ၅ အကြည်နှင့် အနံ့ က ရုပ်။
စိတ် စေတသိက် ရုပ်။

ဓ ၅အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ် ပါသည်။
အနံ့ ကို နံသိတာ က နာမ်တရား ၊
ဓ ၅ အကြည်နှင့် အနံ့ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"လျှာ"

www.dhammadownload.com

ဇဝါ အကြည်ကို ချို ချဉ် စပ် ငန် ဖန် ခါး ရသာ(၆)ပါး တိုက်တော့ စားသိစိတ်ဆိုတဲ့ ဇဝါဝိညာဏ် ပေါ် ပါသည်။
ဇဝါဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ် လို့ ဖြစ် ပါသလား။ မပြဖစ်နိုင်ပါ။
ဇဝါဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ဇဝါအကြည်နှင့် ရသာ ၆ပါး ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

လျှာ အကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ် ပါသည်။
ရသာ ၆ပါး ကို စားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
လျှာအကြည်နှင့် ရသာ ၆ပါး က ရုပ်။
စိတ် စေတသိက် ရုပ်။

လျှာအကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ် ပါသည်။
ရသာ ၆ပါး ကို စားသိတာ က နာမ်တရား ၊
လျှာ အကြည်နှင့် ရသာ ၆ပါး က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

ကိုယ်

www.dhammadownload.com

ကာယ အကြည်ကို မာမှု ပျော့မှု ပထဝီ ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ဆိုတဲ့ ကာယဝိညာဏ် ပေါ်ပါသည်။
ကာယဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ကာယဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ကာယအကြည်နှင့် မာမှု ပျော့မှု ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ် ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ကိုယ် အကြည်ကို ပူမှု အေးမှု တေဇော ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။
ပူမှု အေးမှု ကို ထိသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ကိုယ် အကြည်နှင့် ပူမှု အေးမှု က ရုပ်။
စိတ် စေတသိက် ရုပ်။

ကိုယ် အကြည်ကို ထောက်ကန် လှုပ်ရှားမှု ဝါယော ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။
ထောက်ကန် လှုပ်ရှားမှု ကို ထိသိတာ က နာမ်တရား ၊
ကိုယ် အကြည်နှင့် ထောက်ကန် လှုပ်ရှားမှု က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

စိတ်

www.dhammadownload.com

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ဆိုတဲ့ မနောဝိညာဏ် ဖေ
ပါ်ပါသည်။
မနော ဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာက္ခန္ဓာ စေတသိက် သညာ
က္ခန္ဓာ စေတသိက် သခါရက္ခန္ဓာ စေတသိက် သုံးပါးပေါင်းတော့ နာမက္ခန္ဓာ
လေးပါး ဖြစ်ပါသည်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်။
စိတ် စေတသိက် ရုပ်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က နာမ်တရား
၊
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။
.....

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား နတ်အစားစား ဗြဟ္မာ
အစားစား တိရစ္ဆာန်အစားစား ပြိတ္တာ အသူရကာယ် အစားစား တွေ့တာ

www.dhammadownload.com

လား၊ခန္ဓာငါးပါးတွေသလား..။ လူနတ်ဗြဟ္မာသတ္တဝါ မတွေ့တာ ရှိလို့လား မရှိလို့လား...။ မရှိရင် လူစွဲ၊နတ်စွဲ၊ဗြဟ္မာစွဲ စွဲစရာလိုသေးသလား...တွေ့တဲ့ တရားက လူနတ်ဗြဟ္မာလား ခန္ဓာငါးပါးလား...

ဤခန္ဓာငါးပါး ဘယ်ပုံ ဘယ်နည်း ရှိတာလဲ ။
စိစစ် ဖို့မကောင်းလား...။
ရူပက္ခန္ဓာ ဘယ်သဘော ရှိသလဲ...
ဝေဒနာက္ခန္ဓာ ဘယ်သဘော ရှိသလဲ...
သညာက္ခန္ဓာ ဘယ်သဘော ရှိသလဲ...
သင်္ခါရက္ခန္ဓာ ဘယ်သဘော ရှိသလဲ...
ဝိညာဏက္ခန္ဓာ ဘယ်သဘော ရှိသလဲ...
ဤခန္ဓာငါးပါးက မြင်ပြီးရင် ပျက်၊ကြားပြီး ရင် ပျက်၊နံပြီးရင် ပျက်၊စားပြီးရင် ပျက်၊ထိပြီးရင် ပျက်၊သိပြီးရင် ပျက်၊ဆိုတော့ ခန္ဓာငါးပါး တွေ့သလား ၊မရှိတာ တွေ့သလား... မရှိရင် ဘယ်လို စွဲမလဲ...

လူနတ်ဗြဟ္မာသတ္တဝါက အစကတည်လို့ မရှိခြင်းကြောင့် စွဲစရာ လိုသေးရဲ့လား...ရှိတယ် ဆိုတဲ့ ခန္ဓာက ဖြစ်ပြီး တော့ မပျက်လား...အစွဲခံရဲ့လား...။ ဒီလိုဆိုရင် သက္ကာယဒိဋ္ဌိပြုတ်တာပေါ့..သက္ကာယဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ် ကာယကံနဲ့ပတ်သက် တဲ့အကုသိုလ်၊ ဝစီကံနဲ့ပတ်သက်တဲ့ အကုသိုလ်၊ မနောကံနဲ့ပတ်သက်တဲ့ အကုသိုလ်ပြဉီးမလား...မပြုတော့ဘူးနော်...ဒါ ကြောင့် "သက်သတ်၊ခိုးမှု၊ကာမေသု မုသား၊ မိစ္ဆာ ကင်းပြတ်ကွာ မှတ်ပါ သောတာပန်" တဲ့ကွဲ...ဘယ်လောက်များ အားရစရာ ကောင်းလဲနော်... ။ ကဿာလဆန်းကစ ကိုယ်တင်ခဲ့တဲ့ အကုသိုလ်ကံဟောင်း ကြွေးဟောင်း အနန္တ ကဿာပထဝီမြေကြီးနဲ့အမျှ ရှိတဲ့အကုသိုလ် ကံတွေ အကုန်လုံး ပြာကျသွားတော့တာကွဲ... အကျိုးပေးခွင့် မရတော့ဘူးနော်..

www.dhammadownload.com

ဒါကြောင့် ခန္ဓာဖွဲ့၊ ခန္ဓာဖွဲ့ဆိုတဲ့ ကိစ္စတွေ ဟာ၊ အဲဒါ တရားအလုပ်လုပ်တယ်လို့ ခေါ်တာ၊ကိုယ်ထင်တာက ပုဂ္ဂိုလ်သတ္တဝါကိုး၊တွေ့တာက ခန္ဓာငါးပါးနော်...။ ထင်တာကလူ၊ နတ်၊ ဗြဟ္မာနော် တွေ့တာက ခန္ဓာငါးပါး...ဒါ တွေ့တာကို အမှန်မယူရဘူးလား...လူ၊နတ်၊ဗြဟ္မာမတွေ့တာ မရှိလို့ပေါ့... ။ အဲဒါ ခန္ဓာပေါ်မှာ ဌာနုပစာရအားဖြင့် တင်စားပြီးတော့ လူအစားစား၊နတ်အစားစား၊ ဗြဟ္မာအစားစား၊ တိရစ္ဆာန်အစားစား၊ပြိတ္တာ အသူရကာယ်အစားစား၊ငရဲ အစားစားလို့မခေါ်ကြဘူးလား...အဲဒါသမုတ်ရှိ အခေါ်ရှိနော်...

အခုလည်း ခန္ဓာငါးပါးလို့သိ လူလို့ ခေါ်ပေါ့၊ နာမ်ရုပ်လို့သိ နတ်လို့ခေါ်ပေါ့၊ နာမ်ရုပ်လို့သိ ဗြဟ္မာလို့ခေါ်ပေါ့၊ သားလို့ခေါ် သမီး လို့ခေါ် ခေါ်တာပယ်ရဲ့လား။ ဘာ တွေပယ် တာလဲ။ စိစစ်ဖို့မကောင်းလား...။ လူလို့မထင်လား...ရှိတယ်လို့မယူလား...။ ခု ခန္ဓာဖွဲ့ကြည့်တော့ ကိုယ်ထင်တာ တွေ့ ဒေသးရဲ့လား ...။ ဒါ မရှိလို့...ကဲ တရားက သက်သေ မခံဘူးလား...ဒီလိုဆိုရင်စွဲစရာ လိုသေးရဲ့လားဟော့...။ ဤနေရာရောက် အောင်ကြိုးစား အားထုတ်နော်...အသိနဲ့ပြုတ်ရင် စူဠဒေသာတာပန်ပေါ့...အပွားနဲ့အပယ်နဲ့ပြုတ်ရင် မဟာသောတာပန်လို့ မ ဟောဘူးလား ... ။ အဲဒါလိုရင်းအချက်တွေကွဲ ကြားလား..ဒါကြောင့်မို့လို့ ခန္ဓာတွေဖို့လိုတယ်။ သိဖို့လိုတယ်နော်..။

ရှေး လယ်တီ ဆရာတော်ဘုရား ကြီးက ပရမတ်ကိုနေ့စဉ်မြင်လျက် မတွေ့ကြ၊ပရမတ်ကို နေ့စဉ်မြင်လျက် မတွေ့ ကြ၊နေ့စဉ် တွေ့လျက် မသိကြတဲ့ကြားလား ...။ ဒါ မတွေ့တာလဲ စဉ်းစား၊တွေ့ပြန်တော့လည်း မသိဘူးဒေါ့...မသိ သက္ကာယဒိဋ္ဌိ ပြုတ်ပုံမလား... အေး အဲဒီလိုလေ့လာကြည့် ပေါ့... ။ ခန္ဓာငါးပါး မသိငြား ငါးပါးမှောက်မည်သာ၊ ခန္ဓာငါးပါး မသိငြား ငါးပါးမှောက်မည်သာ၊ ခွေဝက် ကျွဲနွား မှောက်လျက်သွား ငါးပါးမှောက်ကြရာလို့မဂေ

www.dhammadownload.com

ဟာဘူးလား...အဲဒီ ခန္ဓာပေါ်မှာ နလုံးသွင်းမှားတာနော်...မှန်တာ ... ခန္ဓာငါး ပါးလို့သိရင်နလုံးသွင်းမမှန်ဘူးလား၊ အနိစ္စလို့သိရင် နလုံးသွင်း မမှန်ဘူး လား၊ခုတော့ ပုဂ္ဂိုလ်သတ္တဝါ အနေနဲ့မှားနေတာ နော်...။

ခန္ဓာက လွဲလို့ အမြင်ခံ အရှု ခံရှိရဲ့လား။ ခန္ဓာငါးပါးက လူဟုတ်ကဲ့ လား...ခန္ဓာက လွဲလို့တခြား သမုတ်စရာရှိရဲ့လား... အဲ သည်ခန္ဓာပေါ်မှာ သမုတ်တာကွဲ့ နော်...သမုတ်ရုံတော့ မမှန်ဘူးလား...ခေါ်ရုံမမှန်ဘူး လား...မသမုတ်လည်း ရှိ သမုတ်လည်း ရှိ တာ ခန္ဓာငါးပါးပေါ့... အဲလိုလေ့ လာဖို့ မကောင်းလား...လေ့လာ၊ လေ့မှ လာတာနော်...လေ့လာကြည့်ဉ တာ့ ကိုယ်ထင်တာတွေ တွေ့သေးရဲ့လား...။ ဒါမတွေ့တာ မရှိ လို့ပေါ့...မရှိ ရင်အစွဲပြုတ်ပြီကွဲ့... ။
ဤနေရာရောက်အောင် ကြိုးစားအားထုတ်ပေါ့... အဲဒါ လိုရင်းအချက်ဉ တွေနော်...။

မကြားစဖူး ကြားဖူးထပ်မံတဲ့..ရှေးက ဒေဝီလ ရသေ့ကြီးဆိုတာ မြေလျှိုးမိုး ပန်နိုင်တာပေါ့၊ ရှေ့ကမ္ဘာ လေးဆယ်နောက်ကမ္ဘာလေးဆယ် မြင်တယ် လို့မပြောကြဘူးလား...မြေလျှိုးနိုင်တယ် မိုးပြန်နိုင်တယ် ရှေ့ကမ္ဘာလေးဆ ယ် နောက်ကမ္ဘာလေးဆယ် မြင်တယ်နော်...။ နန်းတော်မှာရှိတဲ့ သုဒ္ဓါဓနမ င်းကြီးတို့ မယ်တော်မာယာတို့ ကိုးကွယ်ထားတဲ့ ရသေ့ကြီးပေါ့...နန်းတော် မှာအမြဲဆွမ်းပင့်ပြီးတော့ကပ်ကြပြုကြ ကျွေးကြတာပေါ့...။

တနေ့သ၌ ဘုရားလောင်းမွေးဖွားတဲ့ခါ ကြာခံပြီးတော့ လမ်းသွားတော့ တာနော်..သုဒ္ဓါဓန မင်းကြီးက ရသေ့ကြီးကို ဦးတိုက်ပြီးတော့ ရှိခိုးခိုင်းတ ယ်ကြားလား... ရသေ့ကြီးရဲ့ဦးခေါင်းပေါ် တက်သွားတော့တာ...ရှိမခိုးဘူးဉ နော်ဦးခေါင်းပေါ် မှာခြေစုံရပ်ပြီးတော့နေတယ်နော်...။

www.dhammadownload.com

ရသေ့ကြီးက အာရုံပြုလိုက်တာပေါ့..နာရီဝက်လောက်ကြာသွားတယ်နော်...ပြီးပြီးတော့ လာတာပေါ့...တကြိမ်ပြန်ပြီးတော့ အာရုံ မပြုဘူးလား...နောက်တကြိမ် အာရုံပြုတော့ပို တော့တာနော်... သုဒ္ဓါဓန မင်းကြီးကပြီး တာကဘယ်လိုလဲ ငိုတာက ဘယ်လိုလဲ အတိတ်ကို ဆောင်တော်မူပါ ဘုရားလို့ မလျှောက်လား...

အသင့်သား ဘုရား စင်စစ်ဖြစ်မှာပေါ့ လူနတ်ဗြဟ္မာ သတ္တဝါတွေ ကျွတ် တမ်းဝင်မှာနော်...အဲဒါ အားရလွန်းလို့ ဝမ်းမြောက်လွန်းလို့ ပြီးမိတယ်တဲ့ ကားလား...ငိုတာက အခြား မဟုတ်ဘူးပေါ့နော်... အသင့်သား ဘုရားဖြစ်တဲ့အချိန် ငါရသေ့ မရှိတော့ဘူးပေါ့...အသေစာ မသွားဘူးလား...ဘုရားတရားကို ကြားရနာရပါ့မ လား...အဲဒီရသေ့ကြီး သေတော့ ဘယ်ရောက်သလဲ စိစစ်ဖို့မကောင်းလား...အရှုပဘုံတဲ့..နာမ်သာ ရှိလို့ ရုပ်မရှိဘူးကွဲ့... တရား ဟာလို့ဖြစ်ပါ့မလား...ကြောက်စရာ မကောင်းလား...မြေလှျိုးနိုင်တယ် မိုးပြန်နိုင်တာလည်း သက္ကာယဒိဋ္ဌမပြုတ်ဘူး ကွဲ့...။ သက္ကာယဒိဋ္ဌပြုတ်ဖို့ အရေးကြီးတယ်ကြား လား။

အဲဒါ သက္ကာယ သက္ကာယဆိုတာ အခုခန္ဓာဖွဲ့တာ၊
ခန္ဓာငါးပါး သက္ကာယ လို့မဟာဘူးလား...နာမ်ရုပ်တရားနှစ်ပါး သက္ကာယလို့မဟာဘူးလား... အဲသလိုလေ့လာဖို့ လိုတယ်နော်...ဒါကြောင့် လျှာနဲ့ပတ်သက်လို့...လူတွေဟာ ဒါအရေးကြီးတယ် ကြားလား ...စားသုံးတဲ့အခါ ဆိုးကောင်းနှစ်ပါး ခံစားတာ လူလား ဝေဒနာလား.. နတ်လားဝေဒနာလား....ဒါဝေဒနာလို့ သိဖို့မကောင်းလား... ဝေဒနာလို့သိရင်ဝိညာဏ်ကားမပါဘူး လား...စေတနာကားမပါဘူးလား...သညာကား မပါဘူးလား...ကဲသူတို့သုံးခုပေါင်းမှ ခန္ဓာဖြစ်တာ...အဲဒါမှစားသိစိတ်ဖြစ် တာနော်...။

www.dhammadownload.com

အဲဒါ စာအနေနဲ့ ကြည့်တဲ့ အခါ နှစ်က သုံးကို ကူးသေးရဲ့လား... ဝေဒ နာလို့သိဖို့လိုတယ် နော်... နှစ်ကသုံးကိုကူး တော့ဝေဒနာမှာ ပုဂ္ဂိုလ်သတ္တဝါ နဲ့ နလုံးသွင်းမမှားလား... စားစရာသောက်စရာနဲ့နလုံးသွင်းမမှားလား...မှား လို့ရှိရင်ဒါ ဝေဒနာပစ္စယာတဏှာပေါ့...လေ့လာဖို့မကောင်းလား...တဏှာဝ င်ရင်ဥပါဒါန်နေပါ့မလား... ဥပါဒါန်ရှိရင် ကာယကံ၊ ဝစီကံ၊ မနောကံ၊မလာ ဘူးလား... ကမ္မဘဝပစ္စယာ ဇာတိပေါ့... ဇာတိဆိုတော့ ခန္ဓာရရင်အိုနာဇ သလွတ်ကဲ့လား...ဘာသစ္စာလဲ... အဲလိုစိစစ်ဖို့မကောင်းလား...ဒါကြောင့်မို့ ဝေဒနာလို့သိ၊အနိစ္စလို့သိ၊ဝေဒနာလို့သိတော့ဒိဋ္ဌမပြုတ်လား... အနိစ္စ လို့သိတော့ တဏှာမသေလား..ဝေဒနာအနိစ္စဆိုတော့ သညာအနိစ္စပေါ့ သ ခ်ါရ အနိစ္စ ပေါ့ ဝိညာဏကွန္ဓာ အနိစ္စပေါ့ ရူပကွန္ဓာ အနိစ္စ အဲ လိုလေ့လာ ဖို့မကောင်းလား...အဲဒါလိုရင်းအချက်တွေနော်...သိမှ ပယ်နိုင်တာ မသိ ပ ယ်နိုင်ပါ့မလား...

ဒီလို ဆိုတော့ စက်ဝိုင်းလှည့် တာလေးက အဲဒီစားတဲ့အခါမှာ နှစ်ကို မကူး ဖို့လိုတာပေါ့ ။ မိမိက ဆား ပေါ့တာဖြစ်စေ ငန်တာ ဖြစ်စေ အဲဒီပညတ်အဇ နနဲ့ က တော့ ဆားပေါ့တယ် ဆားမပါ မပြောရဘူးလား...စင်စစ်က လေ့ လာကြ နော်...။ အဲဒါ တကယ် ထိထိမိမိ သဘောပေါက်မယ်ဆို ရင် အခါ တိုင်းနဲ့မတူတာ ဖောက်ပြန်လို့ပေါ့... စိစစ်ဖို့မကောင်းလား ... ။ အဲဒါသညာ အနေနဲ့တော့ခါ ဆားပေါ့တယ် ငန်တယ်ပြော ရတာပေါ့..။ လေ့လာဖို့မဇ ကာင်းလား..အဲဒါလိုချင်တဲ့ကိစ္စလေးက ဝေဒနာပေါ်မှာပုဂ္ဂိုလ်သတ္တဝါအနေ နဲ့ ဖြစ်လာတယ်၊စားစရာ သောက်စရာဖြစ်ပြီးတော့မှ ဝေဒနာပစ္စယာ တ ဏှာလို့ကူးတော့တာပေါ့ကွဲ့...။

ဝေဒနာလို့သိ အနိစ္စသိ၊ခံစားတာ လူလား ဝေဒနာ လား...ဒါ ဝေဒနာလို့သိ ရင် ဒိဋ္ဌမပြုတ်လား...အနိစ္စသိတော့ တဏှာ မသေလား...နှစ်က သုံးကို

www.dhammadownload.com

ကူးသေးရဲ့လား... ။ အဲတော့ ဝေဒနာ သိတော့ စားတိုင်း စားတိုင်းဘာပဲ စားစား ပေါ့နော်။ ဝေဒနာလို့သိ၊အနိစ္စလို့သိ၊သညာလို့သိ၊အနိစ္စလို့သိ၊ သင်္ခါရလို့သိ၊ အနိစ္စလို့သိ၊ ဝိညာဏကွန္ဓာလို့သိ၊ အနိစ္စလို့သိ၊ ရူပကွန္ဓာလို့သိ၊ အနိစ္စလို့သိပေါ့...ဒီဋ္ဌကား မပြုတ်ဘူးလား... ဝိစိကိစ္ဆာ မချုပ် ဘူးလား..။ အနိစ္စသိတော့ တဏှာမသေလား...ဥပါဒါန်မပြုတ်လား...ကာမာသဝနဲ့ ဘဝါသဝချုပ်တာပေါ့..

ရှေ့ပိုင်းက နာမ်ရုပ် သိတော့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တာပေါ့... အနိစ္စလက္ခဏာ ဒုက္ခသစ္စာလို့သိတော့ ကာမာသဝနဲ့ဘဝါသဝချုပ်တာပေါ့ ... အာသဝေါတရားလေးပါးမကုန်လား...ကုန်ရင်သမုဒယ သစ္စာမသေလား...နောက်ခန္ဓာဇာတ်မသိမ်းလား...နိရောဓ လို့ မဟောဘူးလား...အဲဒါလိုတယ်ကွဲ့နော်..

ကဲ မရသေး တဲ့ ပုဂ္ဂိုလ်ရလေအောင် သစ္စာဖွဲ့... ။

ဝေဒနာကွန္ဓာ
*ဝေဒနာကွန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝေဒနာကွန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သညာကွန္ဓာ
*သညာကွန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သညာကွန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။

www.dhammadownload.com

* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သခ်ါရက္ခန္ဓာ
*သခ်ါရက္ခန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သခ်ါရက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ဝိညာဏက္ခန္ဓာ
*ဝိညာဏက္ခန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ရူပက္ခန္ဓာ
*ရူပက္ခန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သစ္စာလေးပါးသိမှ သောတာပန်၊သစ္စာလေးပါး သိမှ သကဒါဂါမ်၊သစ္စာလေးပါး သိမှ အနာဂါမ်၊သစ္စာလေးပါးသိမှ ရဟန္တာနော်... ။

www.dhammadownload.com

သစ္စာလေးပါးကိုမသိရင် သောတာပန်ဖြစ်ပါ့မလား...
သောတာပန် မဖြစ်ရင် ဘုရားရဟန္တာဖြစ်ပါ့မလား...သောတာပန်က စရတာယ်နော်...

သစ္စာလေးပါးကိုမသိတာ...(အဝိဇ္ဇာပါဘုရား) ခန္ဓာငါးပါးကို မသိတာ... (အဝိဇ္ဇာပါဘုရား) အာယတန တစ်ဆယ့်နှစ် ပါးကို မသိတာ(အဝိဇ္ဇာပါဘုရား) ဓါတ် တစ်ဆယ့်ရှစ် ပါး ကို မသိတာ(အဝိဇ္ဇာပါဘုရား)ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မသိတာ(အဝိဇ္ဇာပါဘုရား) သိသင့်သိထိုက်တဲ့ တရားကိုမသိလို့အဝိဇ္ဇာ လို့ခေါ်တာပေါ့..

ဤခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ လူနတ်ဗြဟ္မာ သတ္တဝါလို့နလုံး သွင်းမှားတာကော(အဝိဇ္ဇာပါဘုရား) နလုံးသွင်းမှားတော့ လိုချင်တာဘယ်သူလဲ(တဏှာပါဘုရား) မရရင်မနေဘူးလို့ စွဲ လမ်းတာ(ဥပါဒါန်ပါဘုရား) အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်နော်..
သစ္စာဖွဲ့တော့ဘာသစ္စာလဲ(သမုဒယသစ္စာပါဘုရား)

လူလား သမုဒယသစ္စာလား...နတ်လားသမုဒယသစ္စာလား...ဗြဟ္မာလား သမုဒယသစ္စာလား..သားတွေသမီးတွေလား သမုဒယ သစ္စာလား... သမုဒယသစ္စာလို့ အမှန်သိ... သူငါလားမဂ္ဂသစ္စာလား..မဂ္ဂသစ္စာကသိတာနော်..

သမုဒယ အကြောင်းရှိသမျှ အကျိုးခန္ဓာမပေါ်လား... ပေါ်နေတာ လူနတ်ဗြဟ္မာလား ခန္ဓာငါးပါးလား...ပေါ်နေတာလူနတ်ဗြဟ္မာလား ခန္ဓာငါးပါးလား ...ဟော..ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟူသရွေ့အိုနာသေ လွတ်ကဲ့လား...ဘာသစ္စာလဲ...လူချမ်းသာလား ဒုက္ခသစ္စာလား... နတ် ချမ်းသာလား ဒုက္ခသစ္စာလား... ဗြဟ္မာချမ်း သာလား ဒုက္ခသစ္စာလား...ဒုက္ခသစ္စာလို့အမှန်ပိုင်းခြား

www.dhammadownload.com

သိ သမ္မာဒိဋ္ဌိ လို့မဟော ဘူးလား...နလုံးသွင်းမှားတဲ့မိစ္ဆာဒိဋ္ဌိမချုပ်လား ..သ မ္မာဒိဋ္ဌိက အလင်းရောင်နဲ့တူတယ်နော်..မိစ္ဆာဒိဋ္ဌိကအမှောင်နဲ့တူတယ် ဒ နော်...အလင်းရောင်ပေါ်တော့အမှောင်မပျောက်လား...

ကဲအမှောင် ပျောက်သွားရင် သမုဒယဖြစ်ပါ့မလား...တဏှာလာ သေး ရဲ့လား...ဥပါဒါန်လာသေးရဲ့လား...ကံလာသေးရဲ့လား...ပဋိစ္စသမုပ္ပါဒ် သုံး မျိုးပြတ်တာပေါ့...တဏှာ ပဋိစ္စသမုပ္ပါဒ် ဥပါဒါန် ပဋိစ္စသမုပ္ပါဒ် ကံပဋိစ္စသမုပ္ပါ ဒ် သုံးမျိုးပြတ်တယ်နော်...နောက်ခန္ဓာ ဇာတ် မသိမ်းလား...နိရောဓလို့မ ဟာဘူးလား ...နိရောဓဆိုတာ ကိလေသာ ချုပ်တာကွဲ...ခန္ဓာ ချုပ်တာ နော်...ရှိတဲ့ခန္ဓာကတော့ အကျိုး တရား ဝိပါကဝဋ္ဋ ခန္ဓာပေါ့... အဲလို စိစစ် ဖို့မကောင်းလား...အဲဒါ အကျိုးတရား ဝိပါကဝဋ္ဋခန္ဓာ သိဖို့လိုတယ်...သူက သိရမှာနော် ...သိမှ ပယ်နိုင်မှာ... အဲလိုစိစစ် ဖို့မကောင်းလား...ဒါကြောင့် "သိပယ် ဆိုက်ပွား လေးပါးကိစ္စ မဂ်တစ်ခဏ" လို့မဟောဘူးလား...

ဒါ ကြောင့်သစ္စာဖွဲ့ သစ္စာဖွဲ့ နလုံး သွင်းမှားတာလည်း သိတယ်နော်...မှန် တာလည်း သိပြီနော်... နလုံးသွင်းမှားတော့ သမုဒယဖြစ်တာ ပေါ့...မှန်ရင် မဂ္ဂနိရောဓ...မဂ္ဂ ဆိုတာ ဒုက္ခသစ္စာ ပိုင်းခြားတာနော်...ပိုင်းခြားသိတော့ တ ဏှာလာသေးရဲ့လား... ဥပါဒါန်လာ သေးရဲ့လား ...ကံလာသေး ရဲ့လား..။ ဒါမို့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးမပြတ်လား...ဒါလိုရင်းအချက်ပေါ့...။ အဲဒါထိထိ မိ မိကိလေသာချုပ်ဖို့ အဓိကကွဲနော်...။ ဒါ ကိလေသာချုပ်ဖို့ အဓိကလို့မ ဟာဘူးလား...။

ကိလေသာက ဘယ်တရားလဲ စိစစ်ဖို့ မကောင်းလား...။ အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်ပေါ့ ...ဒါကိလေသာဝဋ္ဋလို့မဟောဘူးလား...။ ကိလေသာဝဋ္ဋရှိတော့ ကမ္မဝဋ္ဋဖြစ် တာပေါ့...။ ကမ္မဝဋ္ဋဖြစ်တော့ ဝိပါကဝဋ္ဋ ဖြစ်တာပေါ့...။ ကိလေ သာချုပ်မယ်ဆို ကမ္မဝဋ္ဋလာဦးမလား...နောက်ခန္ဓာလာဦးမလား ...အဲဒါနိဗ

www.dhammadownload.com

ရာဓ...အဲလိုလေ့လာဖို့ မကောင်းလား...သိမှပယ်နိုင်တာနော်...မှန်တာလ
ည်း သိဖို့ မှားတာလည်း သိဖို့ပေါ့...

အဲဒီခန္ဓာပေါ်မှာ ဌာနုပစာရ အားဖြင့် တင်စား ပြီးတော့လူအစားစား နတ်
အစားစား ဗြဟ္မာအစားစား တိရစ္ဆာန်အစားစား ပြိတ္တာ အသူရကာယ်
အစားစားလို့မခေါ်ကြဘူး လား...။ အဲဒါသမုတ်ရှိ အခေါ်ရှိပေါ့..မသမုတ်လ
ည်း ရှိ သမုတ်လည်း ရှိတာ ခန္ဓာငါးပါး ဘယ်ပုံ ဘယ်နည်းရှိတာလဲ။ အနိစ္စ
ဒုက္ခ အနတ္တ အနေနဲ့ရှိတယ်ကြားလား...ဒီခန္ဓာက လွဲလို့ တခြားပွားစရာရှစ
ရာရှိသေးရဲ့လား...ရှိဘူးကွဲ့ နော်...။

အဲဒီခန္ဓာပေါ်မှာ ဌာနုပစာရ အားဖြင့် တင်စားပြီးတော့မှ လူလို့မခေါ်ရဘူး
လား...တွေ့တာက လူလား နာမ်နဲ့ရုပ်လား...တွေ့တာက နတ်လား နာမ်နဲ့ရု
ပ်လား... ဗြဟ္မာလားနာမ်နဲ့ရုပ်လား... နာမ်ရုပ်ဘဲ တွေ့တယ်နော်...ကဲ သမု
ဒယဖြစ်စရာ လိုသေးရဲ့လား ... နာမ်ရုပ်တရားနှစ်ပါးလို့သိတာ သူငါက သိ
တာလား မဂ္ဂသစ္စာက သိတာလား...ဘယ်မင်္ဂက သိတာလဲ...။ ဟော
သမာဓိရသွားပြီ...

သမာဓိ အားကောင်းတဲ့အခါ အပုပ်ရည် သွင်းတဲ့ စကားမျိုးပြောကြည့်။ စိ
တ်ဆိုးဦးမလား...ကဲတွေ့နေတာကနာမ်ရုပ်ဘဲ တွေ့တယ်... ။ ပုဂ္ဂိုလ်သတ္တ
ဝါပဲ့ါ မတွေ့ ဘဲကိုး..။ စိတ်ဆိုးတယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ နလုံးသွ
င်း မှားလို့ဖြစ်တာနော်..။ နာမ်ရုပ်လို့သိတဲ့အချိန်မှာ ပုဂ္ဂိုလ် သတ္တဝါ တွေ့ပါ
မလား...အာရုံကနှစ်ခုပြိုင်လို့ရရဲ့လား...။

ကောင်းကင်ယံ မော့ကြည့်တဲ့အခါ ကောင်းကင် အောက်မှာရှိတဲ့ ရေမြေ
တာ တောင်တွေမြင်ရပဲ့ါမလား...အောက်ကို လှည့်ကြည့်တဲ့အခါ လကို မြင်

www.dhammadownload.com

ရပ့ါမလား...ကောင်းကင်ကိုမြင်ရပ့ါမလား..ဟော  အဲ လိုစိစစ်ဖို့ မကောင်း လား... အဲလိုစိစစ်ဖို့လိုတယ်နော်...
ဒါမို့လို့ ခန္ဓာဖက်ကို လှည့်တဲ့အခါ သက္ကာယဒိဋ္ဌိပြုတ်တာ ပေါ့... အနိစ္စသိတဲ့ အခါ တဏှာသေတယ်။ တဏှာသေရင် ဥပါဒါန်ချုပ်တယ်ကွဲ့ကြား လား...အဲဒီ ရာဂ ဒေါသ မောဟဖြစ်ပ့ါ မလားဟေ့... ။ အဲဒါလိုရင်းအချက်တွေကွဲ့နော်...ဒါကြောင့် သိအောင်ကြိုးစား...အဲဒါ ထပ်ခါထပ်ခါ သိဖို့လိုတယ်ကွဲ့ကြားလား ..လေ့လာဖို့မကောင်းလား...။

ဒါကြောင့် ဖြစ်တယ်ဆိုတဲ့ စကားကိုလည်း စဉ်းစားနော်...ဘာတွေ ဖြစ်တာ လဲလို့မေးဖို့မကောင်းလား ...။
ခံစားတယ်ဆိုတာ ဝေဒနာတွေဖြစ်တာ...လူတွေဖြစ်တာလား ဝေဒနာဖြစ်တာလား...။
မှတ်တယ်ဆိုတာ လူတွေလား သညာကွန္ဓာလား...။
စေ့ဆော်ပြုပြင်တယ်ဆိုတာ လူတွေလားစေတနာလား...။
ဖောက်ပြန်တာသိတာ ခံစားတာသိတာ မှတ်တာ သိတာ စေ့ဆော်တာ သိတာ ဆိုတာသူတွေငါတွေလား ဝိညာဏ်လား...။
ရုပ်ဖြစ်တော့ ရုပ်ပျက်တယ်လို့မဟောလား...။
ဝေဒနာ ဖြစ်တော့ဝေဒနာမပျက်လား...
သညာဖြစ်တော့သညာမပျက်လား...
စေတနာဖြစ်တော့ စေတနာမပျက်လား...
ဝိညာဏ် ဖြစ် တော့ ဝိညာဏ် မပျက်လား...
ရုပ်ပျက်တော့ ရုပ်အစားထိုးတယ် မဟောဘူးလား...အဲသလိုလေ့လာဖို့လိုတယ်နော်... ။

ခန္ဓာကို လွှတ်ထားလို့ ရပ့ါမလား...အဲလိုသိ။

www.dhammadownload.com

ဝေဒနာလို့သိ အနိစ္စလို့သိ။ ဖြစ်တော့ မပျက်လား...အဲဒါဖြစ်ပျက်လို့ မဟာဘူးလား... အ ဖြစ်ကို သိတဲ့အတွက် စိစစ်ဖို့မကောင်းလား...ကဲ..အရှိတရားလား အဖြစ်တရားလား...အဲဒီအဖြစ်တရားသိတော့ ဘာများ အကျိုးရှိမလဲမေးဖို့မကောင်းလား...အသက်ရှိတယ်လို့ယူဉီးမလား... လိပ်ပြာရှိတယ်လို့ယူဉီးမလား...လူ ရှိတယ်လို့ယူဉီးမ လား...သက္ကာယဒိဋ္ဌိမပြုတ်လား...ဒါအဖြစ်တရားကို သိတာနော်...။

ဖြစ်ပြီးရင် မပျက်လား...အပျက်တရား သိတော့ ခိုင်တယ် မြဲတယ်ယူဉီးမလား...သဿတဒိဋ္ဌိ မပြုတ်လား...ကဲအဲလိုစိစစ်ဖို့လိုတယ်နော်...နောက် အစားထိုးမလာဘူးလား...အစား ထိုးတဲ့ခါ ဘဝပြတ်တယ်လို့ယူဉီးမ လား...ဥစ္ဆေဒအယူ မပြုတ်လား...အဲဒါကိုထပ်ခါထပ်ခါလေ့လာပေါ့... ဒါကလွဲလို့ မရှိဘူး ကွဲနော်...။ ဖြစ်ပျက်လို့မဟောဘူးလား...အဲဒီလိုအဓိပ္ပါယ်ခန္ဓာရဲ့အဓိပ္ပါယ်နှစ်ခုတိုက်မှပေါ်တာကိုလည်း သိ၊ သိပြီးတော့မှလဲ ဒါအဖြစ်တရား အပျက်တရားကိုပိုင်းခြားဖို့ မလိုဘူးလား...အဲဒီအခါမှစိတ်ချရတယ်ကြားလား

သို့မဟုတ်ဘဲနဲ့ ခန္ဓာလဲမတွေ့ ...သစ္စာလဲမတွေ့...ဖြစ်ပျက်ဖြစ်ပျက်ဆိုတော့ အဘာဝပညတ်ဖြစ်နေမှာပေါ့...စိစစ်ဖို့မကောင်းလား...အမှန်သိမှ အမှား ဖျောက်တာနော်...အဲလိုလေ့လာ...အဲဒီမှာ ဝတ္ထုထုတ်ပြီးခါမှအမျိုးမျိုး ဟောကတာပေါ့...စင်စစ်က ရုပ်တစ်လုံးနာမ်တစ်လုံးကို သုညတဆိုက်ဖို့လိုတာပေါ့...။

လက်တွေ့စဉ်းစားနော်...ကဲသံပုရာသီး အရည်ပေါပေါ ရင့်ရင့်ကြီး ဝါးစားကြည့် ဘယ်လို တွေ့မ လဲ...ချဉ်တယ်လို့သိတဲ့ စိတ်လေးဟာ လျှာအကြည့်နဲ့သံပုရာသီးဆိုတဲ့ချဉ်အရသာ မတိုက်ခင် သိတဲ့စိတ်ကလေးက ဘယ်ဆီမှာနေတယ်လို့ လက်ညှိုးညွှန်ပြခြင်းငှာ ထိုက်ကဲ့လား...ဟော နှစ်ခုတိုက်မှဖ

www.dhammadownload.com

ပါတာနော်...အဲလိုဆိုတော့နှစ်ခုတိုက်မှ ပေါ်တဲ့ တရားမို့လို့အကောင်အထည်ဟုတ်ကဲ့လား...သဘောအနေနဲ့မထင်ရှားဘူးလား...စဉ်းစားကွဲနော်...။

ကဲချဉ်တာသိတာလေးကမထင်ရှားဘူးလား...နှစ်ခုမတိုက်ခင်ရှိရဲ့လား...ကဲအဲလို ချဉ်တယ်လို့သိတဲ့အချိန် လေးမှာလောဘဖြစ်ပါ့မလား...ဒေါသဖြစ်ပါ့မလား...မောဟဖြစ်ပါ့မလား...အဲဒါမြင်ရင်သတိလို့မဟာဘူးလား...ဟာ..သတိပြုဖို့မကောင်းလား...ဒါ သတိပြုတဲ့ခါဒါဝေဒနာတွေ့ ဝေဒနာသတိပေါ့...စိတ်ကြည့်ရင်စိတ်သတိပေါ့...နာမ်ရုပ်ပေါ့... အဲလိုလေ့လာဖို့မကောင်းလား... နာမ်ရုပ်ကို သိတဲ့သတိကွဲနော်... အနိစ္စသိတာ ပညာ သတိပညာလို့မဟောဘူးလား... အဲဒါလိုရင်းအချက်တွေကွဲနော်...။

သတိရှိတော့ သက္ကာယဒိဋ္ဌ မပြုတ်ဘူးလား...အသိနဲ့ပြုတ်တယ်ကွဲ...ကြားလား...အပုပ်ရည် သွင်းတဲ့စကားမျိုးပြောကြည့် ဒေါသစိတ်တွေ ဖြစ်သေးရဲ့လား...ဒါ သမာဓိကောင်းလို့ပေါ့...သမာဓိသာ မရှိရင်သက္ကာန်နိမိတ်တွေပေါ်တော့မှာနော် သက္ကာန်နိမိတ်တွေပေါ် တော့ခါ လောဘဖြစ်မှာဓပါ့...အလိုမကျတော့ ဒေါသ ဖြစ်မှာပေါ့...ဒီနှစ်ခုဖြစ်တာ သိလို့လား မသိလို့လား...မောဟပေါ့...

မောဟစိတ်နဲ့သေရင် တိရစ္ဆာန်ပေါ့...ဒေါသစိတ်နဲ့ သေရင် ငရဲပေါ့...လောဘစိတ်နဲ့သေရင် ပြိတ္တာလို့ မဟောဘူးလား... ဘယ် လောက်များ ဆင်းရဲသလဲကွဲနော်... အဲဒါထပ်ခါထပ်ခါ လေ့လာဖို့လိုတယ်...
အဲဒီစိတ်နဲ့ ခန္ဓာလို့သိ အနိစ္စလို့သိ ရူပက္ခန္ဓာလို့ သိ၊ အနိစ္စလို့သိ...အထိုင်ကာတော့ ညောင်းတယ်၊ကျဉ်တယ်၊ကိုက်တယ်၊မူးတယ် ဝေတယ်၊အောင့်တယ်၊အင့်တယ်၊ယားတယ် လို့မပြောဘူးလား...မပြောမဖြစ်လို့ ပြောရတာနော်...စင်စစ်ကတော့ ကျင်တာလား ဖောက်ပြန်တာလား... နာတာ

www.dhammadownload.com

လား ဖောက်ပြန်တာလား...အောင့်တာလား ဖောက်ပြန်တာလား...ပူတာ လား ဖောက်ပြန်တာလား...အေးတာလား ဖောက်ပြန်တာလား... ယားတာ လား ဖောက်ပြန်တာလား... ဖောက်ပြန်တဲ့ သဘောနဲ့သိတဲ့ သဘောက လွဲ လို့တခြား တွေ့သေးရဲ့လား ...ဒါဘဲရှိတယ်နော်... အဲလိုစိစစ်ဖို့မကောင်း လား...အနိမိတ္တ အနိစ္စလို့မဟာဘူးလား...အဲ..ကဲစွဲစရာ လိုသေး ရဲ့လား..အဲဒါ ထိထိမိမိ သဘောပေါက်ဖို့လိုတယ်ကွဲ...သိမှ ပယ်နိုင် မှာ...မသိ... ပယ်နိုင်ပါ့မလား...သိအောင်ကြိုးစားနော်...

ကဲ ခန္ဓာတွေ့တာ က သက္ကာယဒိဋ္ဌ ပြုတ်တာပေါ့... ခန္ဓာရဲ့အကျိုးအပြစ်ကို တကယ် စိစစ်ကြည့်တော့ ခါ တစ်ခုပါ့ကောင်းတာ မရှိဘူးပေါ့... ရုပ်တရား ကီးကလည်း ဖောက်ပြန်ပြီးတော့ ပျက်တယ်နော်...ဝေဒနာဆိုတဲ့ခံစားမှုက လည်း ခံစားပြီးတော့ပျက်တယ်နော်...သညာကလည်း မှတ်ပြီးတော့ပျက် တယ်နော်...စေတနာကလည်း စေ့ဆော် ပြီးတော့ပျက်တယ်နော်...ဝိညာ ဏကွန္ဓာလည်း သိပြီးတော့ ပျက်တယ်...ကောင်းတာ ပါရဲ့လား...တခုပါ့ကောင်းတာ မပါဘူးနော်...

အဲလိုသိ...
ခန္ဓာသိတော့ သက္ကာယဒိဋ္ဌပြုတ်တာပေါ့...
အနိစ္စသိတော့ တဏှာသေတယ်...
ဒါကြောင့်မို့လို့ တဏှာသေတယ် ဆို ... ဥပါဒါန်လာသေးရဲ့လား...ဒီတဏှာ ကြောင့်ဥပါဒါန်ဖြစ်ရတာ...ဥပါဒါန်ကြောင့် ကံဖြစ်ရတာ...ကံကြောင့် ဇာတိ ဇရာ မရဏဖြစ်တာပေါ့ အကျိုး ဝိပါကဝဋ်ခန္ဓာမရ ဘူးလား...လေ့လာ...။
အဲလိုသိဖို့လိုတယ်နော်...ဒါမြင်ဆဲကို ရှုရမှာနော်...ကြား ဆဲကိုရှုရမှာနော်...လေ့လာဖို့မကောင်း လား...တွေးစရာ မလိုဘူး...။

www.dhammadownload.com

စားတဲ့ အခါတိုင်းမှာ ချဉ်တယ်လို့သိတဲ့ စိတ်ကလေးကို စဉ်းစားနော်...သူ
တွ ငါတွေ ဟုတ်ကဲ့ လား...နှစ်ခုတိုက်မှ ပေါ်တာနော်...အဲဒါ သံပရာသီးလို့
သိရင် မှန်ပါ့မလား...စားဆဲမှာ သတိပြုတဲ့ အခါ ချဉ်တာဘဲ တွေ့တာပေါ့...
စားသိစိတ်လေးပေါ့...ဟာ သူက နာမ်တရား မရလား...ချဉ်တယ် ဆိုတဲ့
ရသာက ရုပ်တရား မရလား...နာမ်ရုပ်နှစ်ပါးပေါ့...။

သံပုရာသီး လားနာမ်နဲ့ရုပ်လား...နာမ်ရုပ်ဘဲတွေ့တယ်နော်...ကဲ အဲဒီနာ
မ်ရုပ်လို့သိတော့ သံပုရာသီးလို့မခေါ်ဘူးလား...ဘုရားပယ်ရဲ့ လား...အဲလို
စဉ်းစားဖို့မကောင်းလား...နာမ်ရုပ်လို့သိ သံပုရာသီးလို့ခေါ်...နာမ် ရုပ်လို့သိ
လူလို့ခေါ် နာမ်ရုပ်လို့သိ နတ်လို့ခေါ် နာမ်ရုပ်လို့သိ ဗြဟ္မာလို့ခေါ်ပေါ့...အဲ
လို မခေါ်ရဘူးလား... ခေါ်တာ ဘုရား ပယ်ရဲ့လား...ကဲခေါ်တော့ မခေါ်
ဘူးလား...။ မရှိဘူး လို့သိတော့ စွဲသေးရဲ့လား...။ အဲဒါ ခေါ်လည်း ခေါ်။ မ
ရှိဘူးလို့သိဖို့တာ... ။

မရှိ ရင်စွဲစရာလိုသေးရဲ့လား...စဉ်စားနော်...လေ့လာဖို့မကောင်းလား...။
အနိစ္စမြင်ဖို့ လိုတယ်နော်...ရုပ်နာမ်တွေ့ဖို့လိုတယ်နော်... လေ့လာဖို့ မ
ကောင်းလား...စဉ်းစားကြ...။ ထိထိမိမိ လေ့လာဖို့မကောင်းလား...နာမ်ရုပ်
လို့သိတော့ လူပျောက်တယ်လို့ မပြောဘူးလား... တကယ့်... လူရှိရင် ....
လူ ရှိတာမှ မဟုတ်ဘဲနဲ့ပျောက်ပါ့မလားကွဲ့...စိစစ်ဖို့ မကောင်းလား... အဲ
ဒါတွေက ရှိသေးတာ ...နာမ်ရုပ်လို့သိ ကဲ ကိုယ်ထင်တာတွေ တွေ့သေး
ရဲ့လား...မတွေ့တာ အစက တည်လို့ မရှိလို့ပေါ့...မရှိသူ ပျောက်စရာ လိုရဲ့
လား...မရှိဘူးလို့ သိတော့ခါ အမှန်သိတော့ အများမပျောက်လား...ဒါဘဲ
ကွဲ့...။

ဟာ..ဟိုက ပျောက်သွားတာ မဟုတ်ဘူး နော်...။ရှိပါ့မရှိဘဲနဲ့...လေ့လာ
ဖို့မကောင်းလား... အဲလိုစိစစ်ကြ။ သိမှပယ်နိုင်တာနော်...ခုတော့ပျောက်

www.dhammadownload.com

သွားတယ် ဆိုတာ တွေကရှိတယ် ကြားလား...ဒါလူက အစကတယ်လို့ရှိရင် တော့ဟုတ် မှာပေါ့။ အစကတယ်လို့မရှိတော့ ပျောက်ပါ့မလား ... အမှန်သိတော့ အမှားပျောက်တာ..။
လူပျောက်တာလား အမှားပျောက်တာလား...။ အဲလိုစဉ်းစားမှဗျ...အဲဒါလိုရင်းအချက်တွေနော်...။

ကဲ အဲဒါ ထပ်ခါ ထပ်ခါ ရုပ်တစ်လုံး နာမ်တစ်လုံးကို လေ့လာဖို့ လိုတယ်..။ .အဲဒါဝေဒနာရှိရင် ဝေဒနာရှု ။
စိတ်ရှိရင်စိတ်ရှု ရုပ်ရှိရင် ရုပ်ရှု..။
ရုပ်ရှု နာမ်ပါတယ်...နာမ်ရှုတော့ရုပ်ပါတယ်လို့မဟောဘူးလား..။

ကဲနာရီက စေ့သွားပြီနော်..။

ကဲ... ကြားဆဲခန္ဓာက ဖြစ်ပျက် ပေါ့ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက(မဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယသစ္စာပါ ဘုရား) နောက်ခန္ဓာ မလာတာ(နိရောဓသ စ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နစ် ကွက်ရှိ (လေးကွက်ရှိပါတယ် ဘုရား) တကွက်လျှင် ဘယ်နစ်ပါး (ငါးပါးပါဘုရား) ငါးလေးလီ(နစ်ဆယ်) ဤရုစ်သွယ်ကို (အလွယ်ကျက်မှတ်သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း) ။

ဣမာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရားကိုးပါးအားဇလျက်သော၊ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ မြတ်စွာဘုရားကို၊ပူဇေမိ၊ဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့်၊ပူဇော်ပါ၏အရှင်ဘုရား။

www.dhammadownload.com

ကျွမာယ၊ခမ္မာန္၊ခမ္မပဋိပတ္တိယာ၊ကျွလောကုတ္တရာတရား၊ကိုးပါးအားလျော်ဒေသာ၊ကျင့်ဝတ်ပဋိပတ်ဖြင့်၊ခမ္မံတရားတော်မြတ်ကို၊ပူဇေမိဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့်၊ပူဇော်ပါ၏အရှင်ဘုရား။

ကျွမာယ၊ခမ္မာန္၊ခမ္မပဋိပတ္တိယာ၊ကျွလောကုတ္တရာတရား၊ကိုးပါးအားလျော်ဒေသာ၊ကျင့်ဝတ်ပဋိပတ်ဖြင့်၊သံဃံ၊သံဃာတော်အရှင်မြတ်ကို၊ပူဇေမိဒုက္ခသစ္စာသိတဲ့ ဉာဏ်ဖြင့်၊ပူဇော်ပါ၏အရှင်ဘုရား။

ကျွကဲ့သို့ ပြုလုပ်အပ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ အဓိဋ္ဌာန်ကုသိုလ်၊ ပါရမီကုသိုလ်၊ ဝိပဿနာ မဟာကုသိုလ်တို့၏အကျိုးအားကြောင့်၊ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရပါလို၏အရှင်ဘုရား။

ထို ကုသိုလ်၏အကျိုးကိုလည်း မိခင်ဖခင် ကျေးဇူးရှင်တို့အားငှင်း၊ အနမတဂ္ဂ သံသရာမှစ၍ တော်စပ်ခဲ့ဘူးသော မိခင်ဖခင် ကျေးဇူး ရှင်အပေါင်းတို့အားငှင်း ၊အာစရိယာနဥ္စ ဆရာသမားတို့အားငှင်း၊ ကျွမာသံ ပရိသာနဥ္စ တရားနာအစည်းဝေးသို့ကြွ ရောက်လာကြကုန်သော တရားနာ ပရိသတ်တို့အားငှင်း၊ ဇရေမြေသနင်းပြည့်ရှင်မင်း တို့အားငှင်း၊ ငရဲသနင်း ယမမင်းတို့အားငှင်း၊
ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ မမွာရုံစောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုး နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်၊ စတုလောကပါလ နတ်မင်းကြီးမှစ၍ ဉဒဘုံကျင်လည်ကြကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား ဘာဇေယျာမ အမျှ အမျှ အမျှ အမျှပေးဝေပါကုန်၏ အမျှရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ လိုအင်

www.dhammadownload.com

ဆန္ဒ တလုံးတဝတည်း ပြည့်ဝကြပြီးလျှင် သူတော်ကောင်း တရား ကြိုးစား ပါးများအားထုတ်နိုင်လွယ် ကြသည်ဖြစ်စေ...

အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့... သာဓု...သာဓု...သာဓု
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့... သာဓု...သာဓု...သာဓု
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့... သာဓု...သာဓု...သာဓု

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တော ရကျောင်း ၊ ပဓာနနာယကဆရာတော်

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရား ကြီး။
ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ်တွင်
၈ - ၁၀ -၂၀၀၇ ခုနှစ် နေ့နှစ်နာရီအချိန် ဟောကြားဆုံးမတော်မူအပ်သော
အာရုံ အာရမ္မဏိကအကြောင်း ဥပမာပြ
ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ်တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

ဗုဒ္ဓဿ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ် သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com

ဓမ္မသ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

သံဃသ-မဂ်ဌိတည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်ဌိတည်သော ပုဂ္ဂိုလ်လေးပါး ကျိရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုသ-မိဘနစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယသ-ဂိုပသနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုးချီ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော  နိဗ္ဗာန်သို့ လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ  ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့

www.dhammadownload.com

မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာ=အဝိဇ္ဇာ။တဏှာ။

သစ္စာနှစ်ခု=သမုဒယသစ္စာ။ဒုက္ခသစ္စာ။ သမုဒယသစ္စာ။ဒုက္ခသစ္စာ။

လေးခုအလွှာ=အတိတ်အကြောင်းတစ်လွှာ။ပစ္စုပ္ပန်အကျိုးတစ်လွှာ။ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ အနာဂတ် အကျိုးတစ်လွှာ။

အင်္ဂါတစ်ဆယ့်နှစ်ပါး =အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ကမ္မဘဝ။ဇာတိ။ဇရာမရဏ။

တရားကိုယ်များနှင့်= အဝိဇ္ဇာအစ ဇရာမရဏ အဆုံး။

သုံးပါးအစပ်=သင်္ခါရ နှင့်ဝိညာဏ် ကြားမှာ တစ်စပ်။ဝေဒနာ နှင့်တဏှာ □ ကားမှာ တစ်စပ်။ ကမ္မဘဝ နှင့်ဇာတိ ကြားမှာ တစ်စပ်။

နှ စ်ရပ်မူလ = တဏှာ နှင့် အဝိဇ္ဇာ။

ဝင်္ဂသုံးဝ=ကိလေသဝင်္ဂ။ကမ္မဝင်္ဂ။ဝိပါကဝင်္ဂ။

ကာလ သုံးဖြာ=
လွန်လေပြီးသောအတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ ။

www.dhammadownload.com

ခြင်းရာ နှစ်ဆယ်=
အတိတ်အကြောင်းခြင်းရာငါးပါး ။
ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး။
ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး။
အနာဂတ် အကျိုးခြင်းရာငါးပါး။

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အတိတ်အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၂)အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ တဏှာ ဥပါဒါန်က ကိလေသဝဋ် ပါဘုရား။
သင်္ခါရ နှင့် ဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
အတိတ်အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅)အတိတ်အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၆)အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

www.dhammadownload.com

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၂) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာ လဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန် အဝိဇ္ဇာက ကိလေသဝဋ် ပါဘုရား။
ဘဝ နှင့် သင်္ခါရက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၆) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၁)နှင့် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)-နှင့် (၃)ခြားနားပုံမှတ်ချက်။

*(၃)အကွက်က သမုဒယသစ္စာ ၊(၁)အကွက်က သမုဒယသစ္စာ၊အခေါ်မတူ ဘူးလား။
တူပါတယ် ဘုရား။

www.dhammadownload.com

*အခေါ်တူငြားသော်လည်း အတိတ်နဲ့ ပစ္စုပ္ပန် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အတိတ် ဆိုတော့ လွန်ခဲ့ပြီးပြီ အသုံးချလို့ရပ့ါမလား။
မရပါဘုရား။
*အတိတ်က သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
အဝိဇ္ဇာဦးစီးပါတယ်ဘုရား။
*ပစ္စုပ္ပန်သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
တဏှာ ဦးစီးပါတယ်ဘုရား။
*ပိုင်းခြားသိဖို့ မလိုဘူးလား။
လိုပါတယ်ဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ ပါဘုရား။
(၂) ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ ဝင့်အနေနဲ့ ဘယ်ဝင့်ထဲ သွင်းမှာလဲ။
ဝိပါကဝင့် ပါဘုရား။
(၃)ဝိပါကဝင့် ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ ပါဘုရား။

www.dhammadownload.com

(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၈) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အနာဂတ် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

www.dhammadownload.com

ဒုက္ခသစ္စာ ပါဘုရား။

(၈)ဒုက္ခသစ္စာ ဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။
>>ရူပက္ခန္ဓာ-ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝေဒနာက္ခန္ဓာ-ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သညာက္ခန္ဓာ-မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သင်္ခါရက္ခန္ဓာ-စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝိညာဏက္ခန္ဓာ-သိတတ်သော သဘောအစု ဖြစ်ပျက်မှု။ပါဘုရား-
(၉)ခန္ဓာငါးပါး ဖြစ်ပျက်မရလား။
ရပါတယ်ဘုရား။
(၁၀)ဖြစ်ပျက် ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။

(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၂)နှင့် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၂)-နှင့် (၄)ခြားနားပုံမှတ်ချက်။

*(၄)အကွက်က ဒုက္ခသစ္စာ ၊(၂)အကွက်က ဒုက္ခသစ္စာ၊အခေါ်မတူဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း ပစ္စုပ္ပန် နဲ့ အနာဂတ် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အနာဂတ်ရောက်ပြီလား။မရောက်သေးပါဘူးဘုရား။
မရောက်သေးရင် အသုံးချလို့ရပါ့မလား။
မရပါဘုရား။

www.dhammadownload.com

*အခု ရောက်ဆဲ ဘယ်အကွက်မှာလဲ။
ပစ္စုပ္ပန် (၂)အကွက်မှာပါ ဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)လွန်လေပြီးသော အတိတ်ကာလ ကို ဖော်ပြပါ။
အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၂)အဝိဇ္ဇာ သင်္ခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ က ကိလေသဝဋ် ပါဘုရား။
သင်္ခါရ က ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
လွန်လေပြီးသော အတိတ် ကာလ ပါဘုရား။
(၅) လွန်လေပြီးသော အတိတ် ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။

www.dhammadownload.com

အဝိဇ္ဇာ သခ်ၤါရ ပါဘုရား။
(၆)အဝိဇ္ဇာ သခ်ၤါရ အလ္ဟာ အနေနဉ့် ဘယ်အလ္ဟာ ထဲ သွင်းမှာလဲ။
အတိတ် အကြောင်းတစ်လ္ဟာ ပါဘုရား။
(၇) အတိတ် အကြောင်းတစ်လ္ဟာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခ်ၤါရ ပါဘုရား။
(၈)အဝိဇ္ဇာ သခ်ၤါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနဉ့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလ ကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ
တဏှာ ဥပါဒါန် ကမ္မဘဝပါဘုရား။
(၂)ယခုဖြစ်ဆဲကိုဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၃) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၄)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၅)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ကာလ အနေနဉ့် ဘယ် ကာလ ထဲ သွင်းမှာလဲ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ပါဘုရား။
(၆) ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။

www.dhammadownload.com

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၇)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အလွှာ အနေနှင့် ဘယ်
အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုးတစ်လွှာ ပါဘုရား။
(၈) ပစ္စုပ္ပန် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၉)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၁၀) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ပစ္စုပ္ပန်ကာလ ကို ဆက်ပြီး ဖော်ပြပါ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၂)တဏှာ ဥပါဒါန် ကမ္မဘဝ ဝင်္ဆအနေနဲ့ ဘယ်ဝင်္ဆထဲ သွင်းမှာလဲ။
ကိလေသဝင်္ဆ နှင့် ကမ္မဝင်္ဆ ပါဘုရား။
(၃)ကိလေသဝင်္ဆ နှင့် ကမ္မဝင်္ဆ ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန်  က ကိလေသဝင်္ဆ ပါဘုရား။
ကမ္မဘဝက ကမ္မဝင်္ဆ ပါဘုရား။
(၄)ကိလေသဝင်္ဆ နှင့် ကမ္မဝင်္ဆ ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်း
မှာလဲ။
ပစ္စုပ္ပန် အကြောင်း ကာလ ပါဘုရား။

www.dhammadownload.com

(၅) ပစ္စုပ္ပန် အကြောင်း ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၆)တဏှာ ဥပါဒါန် ကမ္မဘဝ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်းတစ်လွှာ ပါဘုရား။
(၇) ပစ္စုပ္ပန် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၈)တဏှာ ဥပါဒါန် ကမ္မဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ ကို ဖော်ပြပါ။
ဇာတိဇရာမရဏ ပါဘုရား။
(၂) ဇာတိဇရာမရဏဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၃)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၄)ဇာတိဇရာမရဏ ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး ကာလ ပါဘုရား။
(၅) အနာဂတ် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၆)ဇာတိဇရာမရဏ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုးတစ်လွှာ ပါဘုရား။

www.dhammadownload.com

(၇) အနာဂတ် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏာ ပါဘုရား။
(၈)ဇာတိဇရာမရဏာခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၉) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၀) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

“ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်” ။
ကိလေသဝဋ် ဘယ်နှစ်ပါးလဲ။
(၃)ပါး ပါဘုရား။
ကမ္မဝဋ် ဘယ်နှစ်ပါးလဲ။
(၂)ပါးပါဘုရား။

www.dhammadownload.com

ဝိပါကဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၈)ပါး ပါဘုရား။

#“ကိလေသဝဋ္ဋ (၃)ပါး” ကိုဖော်ပြပါ။
“အဝိဇ္ဇာ တဏှာ ဥပါဒါန်”ပါဘုရား။

သစ္စာလေးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ခန္ဓာငါးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
အာယတန(၁၂)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ဓါတ်(၁၈)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ပဋိစ္စသမုပ္ပါဒ် တရားတော် ကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
“သိသင့် သိ ထိုက်တဲ့ တရား ”ကို မသိလို့ “အဝိဇ္ဇာ”လို့ မခေါ်လား။
ခေါ်ပါတယ်ဘုရား။
သိ ရင် “ဝိဇ္ဇာ” ပေါ့။

ဤခန္ဓာ အာယတန ဓါတ် သစ္စာ တရားအပေါ်မှာ
လူ နတ် ဗြဟ္မာ သတ္တဝါလို့
ဓာ့ လုံးသွင်းမှားတာကော---?
အဝိဇ္ဇာ ပါဘုရား။
ဓာ့ လုံးသွင်းမှားတာ “အဝိဇ္ဇာ” နော်။

www.dhammadownload.com

ဤခန္ဓာ အာယတန ဓါတ် သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်လား----?
ပျက်ပါတယ်ဘုရား။
ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။
ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။
ထင်ရှားပါတယ်ဘုရား။

ဤဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ နှလုံးသွင်းမှားတာကော ----?
“အဝိဇ္ဇာ” ပါဘုရား။

နှ လုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ။
“တဏှာ” ပါဘုရား ။

မရရင် မနေဘူးလို့ စွဲလမ်းတာ---?။
“ဥပါဒါန် ”ပါဘုရား။

အဝိဇ္ဇာ တဏှာ ဥပါဒါန် ၊ဤ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။

#ကမ္မဝဋ် (၂)ပါးကို ဖော်ပြပါ။
သခ်ါရ နှင့် ကမ္မဘဝပါ ဘုရား။

ပါးစပ်က ပြောတော့ ဘယ်သခ်ါရ တပ်မလဲ။

www.dhammadownload.com

ဝစီသခ်ီရ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သခ်ီရ။
ကာယသခ်ီရ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်သခ်ီရ။
စိတ္တသခ်ီရ ပါဘုရား။

ပါးစပ်က ပြောတော့ ဘယ်ကံလဲ။
ဝစီကံ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။
ကာယကံ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်ကံလဲ။
မနောကံ ပါဘုရား။

ကာယကံ ဝစီကံ မနောကံ
ဤ(၃)ပါး ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကမ္မဝဋ် ပါဘုရား။

ကိလေသဝဋ် နဲ့ ကမ္မဝဋ် ကို သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

ဝိပါကဝဋ် (၈)ပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဏှတိ ဇရာ မရဏ ပါဘုရား။
ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။

www.dhammadownload.com

သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၄)အကွက် မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

သာဓု သာဓု သာဓု။

မူလနှစ်ဖြာ တစ်ခေါက်။

(မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠုသုံးဖနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

www.dhammadownload.com

ဝိညာဏ်မြင် သမ္မုတိသစ္စာအားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကုသိုလ်
ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရမယ် လို့မဟောလား...။
ပါဏာတိပါတာ အစ သုရာမေရယအဆုံး။ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအ
ဆုံးကိုကျူးလွန်ရင် ကုသိုလ်လား၊ အကု သိုလ်လား...။ အကုသိုလ်ကံအကြောင်း
ကောင်းကြောင့် အကျိုးတရားက သေသည်ရဲ့အခြားမဲ့၌ ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ
အသူရကာယ် လို့ မဟောလား... ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရား
လား...။
ဒါ..အကုသိုလ်ကံကြောင့်ဖြစ်တာနော်...ယုံကြည်ဖို့မကောင်း လား ...

ပါဏာတိပါတာ အစ သုရာမေရယအဆုံး။ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအ
ဆုံးကိုရှောင်ကြဉ်ရင်အကုသိုလ်လားကုသိုလ် လား...ကုသိုလ်ကံအကြော
င်းကြောင့်အကျိုးတရားက လူ့ပြည်၊နတ်ပြည်ခြောက်ထပ်လို့မဟော
လား...ဆင်းရဲတဲ့တရားလား၊ ချမ်းသာတဲ့တရားလား...ဒါကုသိုလ်ကံကြော
င့်ဖြစ်တာနော်...ယုံကြည်ဖို့မကောင်းလား...

အကုသိုလ်ကံ၊ကုသိုလ်ကံ၊ယုံကြည်တဲ့ပုဂ္ဂိုလ်။ဗေဒင်မေးဦးမလား...နတ်
ကတော်မေးဦးမလား...ဝိဇ္ဇာတွေမေးဦးမလား...ဗေဒင်မေးတယ်။နတ်ကဗေ
တာ်မေးတယ်။ဝိဇ္ဇာမေးတယ်ဆိုတာကံကိုမယုံလို့ပေါ့...ကံကိုယုံတဲ့ပုဂ္ဂိုလ် ဗေ
မေးစရာမလိုဘူးနော်...။

သက်ရှိသတ္တဝါတဲ့..ကမျဉ်းနီကစ ဆင်ကောင်ကြီးထိ..သတ်မယ်ဆို ပါဏာ
တိပါတကံမထိုက်လား...ပါဏာတိပါတကံထိုက်ရင် သေသည်ရဲ့အခြားမဲ့၌
အပါယ်ကလွတ်ပါ့ မလား ...အပါယ်ကိုကျ။ငရဲ ကိုအားရအောင်ခံ။ငရဲသ
က်စေ့။လူအဖြစ်ကိုရတယ်ထား ။

www.dhammadownload.com

လူဖြစ်တဲ့ဘဝမှာ မွေးမွေးချင်းသေတဲ့ ကလေးတွေမရှိလား...လသားနဲ့သေတာမရှိလား...ကျောင်းသားအရွယ်နဲ့သေတာမရှိလား...သူဌေးသားဘဲဖြစ်ဖြစ်။သူဌေး သမီး ဘဲဖြစ်ဖြစ်။ငယ်ငယ်ရွယ်ရွယ်နဲ့ သေတော့ သူဌေးရဲ့စည်းစိမ်ကိုခံစားရရဲ့လား...အိုးပုတ် ချိုးရုပ်နဲ့ပျော်လို့သေတော့တာနော်... လူ ဖြစ်ကျိုးရှုံးတာပေါ့...

အသက်တိုတယ် လို့မပြောလား...အသက်တိုတာ အလိုလိုဖြစ်တာလား၊ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား...အသက်တို တဲ့အကြောင်းရာကြည့်တော့ သက်ရှိသတ္တဝါတွေကို သတ်ခဲ့တာကိုးကွဲ့...ကိုယ်ချင်းစာဖို့မ ကောင်းလား...ကိုယ့်ကိုသတ်ရင်ကား ခံနိုင်ပါ့မလား...သူ့ကိုသတ်ရင်ကား ခံနိုင်ပါ့မလား...အဲသလိုကိုယ်ချင်းစာဖို့ လိုတယ်ကွဲ့နော်... သီလနဲ့ပြည့်စုံမှ၊
ကိုယ်ချင်းစာမှ...သီလနဲ့ပြည့်စုံမှာကြားလား...

အရှေ့အိမ်ကအဖိုးကြီးအဖွားကြီးတွေ အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်စားနိုင်တယ်သွားနိုင်တယ်လုပ်နိုင်တယ်မပြောကြဘူးလား...သီလကုသိုလ်ကောင်းတာကိုးလို့အဖြေမပေးလားဟဲ့...ဘယ်လောက်များထင်ရှားသလဲကွဲ့ နော် ...

သစ်သီးတစ်လုံး ပန်းတစ်ပွင့် ဟင်းတစ်ညွှန့်ကစ ရွေ့ ငွေ ကျောက်သံပတ္တမြား အထိ ပိုင်ရှင်အခွင့်မပြုဘဲနဲ့ယူရင် အဒိန္နာကံ မထိုက်လား...အဒိန္နာကံ ထိုက်ရင်သေသည်ရဲ့အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား..အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့ လူအဖြစ်ရတယ်ထား ။

လူဖြစ်တဲ့ဘဝမှာအငတ်ပြဿနာနဲ့ရင်ဆိုင်ရတယ်နော်..ဘယ်လိုဘဲလုပ်လုပ် စားဝတ်နေရေးပြေရဲ့လား...အလိုလိုဖြစ်တာလား...အကြောင်းကြောင့်

www.dhammadownload.com

အကျိုးတရားပေါ် တာလား...အငတ်ပြဿနာရဲ့အကြောင်းရှာကြည့်ဗေ
တာ့...အတိတ်ဘဝကသူများစားမည့် အစားအစာကိုခိုးခဲ့တာပေါ့။သူများဝ
တ်မည့် အထည်အလိပ်တွေ ခိုးခဲ့တာပေါ့...အဲဒီအပြစ်ကြောင့် ငရဲကိုကျတာ
ယ် နော်...

ငရဲကလွတ်တော့...လူအဖြစ်ကို ရတယ်ထား အငတ်ပြဿနာနဲ့ရင်ဆိုင်ရ
တယ်..ကြားရဲ့လား...အကြောင်းရှိလို့အကျိုး တရားပေါ် တာ...ကြားဖူးဗေ
တာ့ နားဝ။နားဝတော့တရားရ။လို့အဲသလိုအကျိုးအပြစ်ကို စိစစ်လို့ အကြောင်
ကောင်းကျိုးသိရင် အသစ်အကုသိုလ်ဖြစ်သေးရဲ့လား... ကြွေးဟောင်းမဗေ
ကျလား... ကြွေးသစ်တင်သေးရဲ့လား... အဲလိုလေ့လာဖို့လိုတယ်ကြား
လား...

လင်ရှိမယား မယားရှိလင် ကျူးကျော်စော်ကားလို့ရှိရင်..ကာမေသု မိစ္ဆာစာ
ရကံ့ မထိုက်လား...ကာမေသုမိစ္ဆာစာရကံ့ ထိုက်ရင် သေသည်ရဲ့အခြားဌ
အပါယ်က လွတ်ပါ့မလား...အပါယ်ကိုကျ။ငရဲကိုအားရအောင်ခံ။ငရဲသက်ဗေ
စ့်လူအဖြစ်ရတယ်ထား။ လူဖြစ်တဲ့ဘဝမှာလူချင်းတူရဲ့လား ... ။ ကွတ်ထိလိင်
ပုလိင် ကွဲနော်။ လူဖြစ်ကျိုးရှုံးတာပေါ့ ...။

စားဝတ်နေရေးနဲ့ပတ်သက်လို့ မုသားကို အမျိုးမျိုးမသုံးကြဘူးလား...မုသာ
ဝါဒကံ့ မထိုက်လား..မုသာဝါဒကံ့ထိုက်ရင်သေသည် ရဲ့အခြားမဲ့ဌ အပါယ်
ကလွတ်ပါ့မလား...အပါယ်ကိုကျ။ငရဲကိုအားရအောင်ခံ။ငရဲသက်စေ့။ လူ
အဖြစ်ရတယ်ထား။

လူဖြစ်တဲ့ဘဝမှာစားဝတ် နေရေးနဲ့ပတ်သက်လို့ ငွေကြေးကိစ္စ ဆန်စပါးကိ
စ္စ ချေးလို့ငှားလို့လွယ်ကူစွာရရဲ့လား...ဘယ်သူမှအယုံအကြည်မရှိဘူးဗေ

www.dhammadownload.com

နာ်... စားဝတ်နေရေးပြေရဲ့လား...အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ် တာလား... ဒါမှသာဝါဒကံ ကိုးကွဲ့...

ဘိန်း၊ဘင်း၊ကစော် ၊လော်စာ၊အရက်။သေရည်သေရက်ကိုသောက်စား ကျူးလွန်လို့ ရှိရင်၊သုရာမေရယကံမထိုက်ဘူးလား...သုရာမေရယ ကံထိုက်ရင် သေသည်ရဲ့အခြားဥ္စ အပါယ်ကလွတ်ပါ့မလား...အပါယ်ကိုကျ။ငရဲကိုအားရအောင်ခံ။ငရဲသက်စေ့။လူဖြစ်ရ တယ်ထား ။

လူဖြစ်တဲ့ဘဝမှာ ရူးတဲ့ပုဂ္ဂိုလ်တွေမြင်ဖူးရဲ့လား...လူဖြစ်တော့ လူရူး။ခွေးဖြစ်တော့ ခွေးရူး။ဝက်ဖြစ်တော့ ဝက်ရူးပေါ့ ...အလိုလိုဖြစ်တာလား အကြောင်းကြောင့်အကျိုးတရား ပေါ် တာလား...

အဲဒါပါဏာတိပါတာ အစ သုရာမေရယ အဆုံး။ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအဆုံးကိုကျူးလွန်ရင်အကုသိုလ်ပေါ့...ရှောင်ကြဉ်ရင် ကုသိုလ်ပေါ့...အဲဒါကြောင့် ဝိညာဏ်မြင် သမ္မုတိ သစ္စာမှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ။တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ တရားနှစ်ပါးကို၊ယုံကြည်ဖို့မကောင်းလား...ယုံကြည်ရင် အကုသိုလ်ကိုရှောင်ပေါ့။ကုသိုလ်ကို သွားလေရာ အရပ် အိပ်ရာနိုးတဲ့အချိန်ကစ အိပ်ရာဝင်သည်အထိ အမြဲဆောင်ဖို့ကောင်းတယ်နော်...အဲလိုစိစစ်ဖို့မ ကောင်းလား..။

အဲဒါ ကုသိုလ်က လူတွေ မဆောင်နိုင်ကြကွဲ့ကြားလား...တစ်ယောက်နဲ့တစ်ယောက်ပြေတဲ့အခါပြေ။မပြေတဲ့အခါက များတယ်နော်...မျက်နှာတွေအိုး၊ အိုမသွားကြဘူးလား...အဲဒါမူပြောင်းပြီးတော့သွားတာ။
အကုသိုလ်စိတ်ဓါတ်တွေကွဲ့ကြားလား...
အဲဒါကမ္မဿကတာ သမ္မာဒိဋ္ဌိ တောင် လူတွေကနားမလည်ဘူးကွဲ့နော်...။

www.dhammadownload.com

ဟော...မျက်နှာအိုတယ်ဆိုတာ ဒါအကုသိုလ်စိတ်တွေကွဲနော်...ရွှင်ပြတယ်ဆိုဒါကုသိုလ်စိတ်တွေပေါ့...စိတ်ဆိုးတာ အကုသိုလ်...ချုံးလိုက်ရင်နော်...စိတ်မဆိုးတာ ကုသိုလ်...ရန် တွေ့တာ အကုသိုလ်... ရန်မတွေ့တာ ကုသိုလ်... စိစစ်ဖို့မကောင်းလား... စိတ်ဆိုးတာအကုသိုလ်.. စိတ်မဆိုးတာကုသိုလ်...

အဲဒါကုသိုလ်လုပ်ဆိုတာ စိတ်မဆိုးအောင်နေပေါ့...ရန်မတွေ့နဲ့ပေါ့...စိတ်မဆိုးနဲ့ပေါ့...အဲဒါစိတ်မဆိုးတာ ကုသိုလ်။ ချမ်းသာတဲ့ တရားနော်...အဲလိုလေ့လာဖို့မကောင်းလား...အကုန်လုံး ကိုယ်ချင်းသာ စာကွဲနော်...ကိုယ်ချင်းစာရင် မရိုင်းဘူးလို့မပြောဘူး လား...မေတ္တာ သဒ္ဒါ အနန္တောတဲ့ဗျားကြားလား...ကိုယ်ချင်းစာလို့ရှိရင် မေတ္တာတွေမဝင်ဘူးလားဟဲ့...အဲလိုစိစစ်ဖို့လိုတယ်...ဒါကြောင့် ကံကိုယုံကြည်ရမယ်။ ဉာဏ်ကိုအားကိုးရမယ်ကြားလား...

ဒါကြောင့်ကံဆိုတဲ့ကိစ္စလည်း စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ စေတနာအတိုင်း အကျိုးပေးကြတာနော်...အကုသိုလ်လည်း စေတနာ၊ကုသိုလ်လည်း စေတနာ...စိစစ်ဖို့မကောင်းလား...။
သီလနဲ့ပြည့်စုံပြီးတော့ ရရှိတဲ့ပစ္စည်းက မသန့်ရှင်းဘူးလား...အဲဒီဟာနဲ့လှူမယ် တန်းမယ်ဆိုရင်တော့ခါ..ဟော...ညောင်စေ့လောက်လှူ ညောင်ပင်ကြီးလောက်ရတာပေါ့...။

ရတဲ့ပစ္စည်းက မသန့်ရှင်းဘူးဆိုလို့ရှိရင်တော့ ဒါအကုသိုလ်ပေါ့နော်...ဒါမိုးကုတ်ဆရာတော်ဘုရားက..ရတဲ့ပစ္စည်းက..ဒါအမဲပေါ့....ရလာတော့ပစ္စည်းများတော့ လှူချင်တဲ့စိတ်တွေ မပေါ်လား...အဲဒါက အဖြူကွဲနော်...
အမဲနဲ့အဖြူရောရာ အကျိုးပေးတယ်လို့မဟောဘူးလား...ရောရာအကျိုးပေးတယ်။ဒါ အသူရကာယ်ပေါ့...နေ့ကိုစံလို့ ညခံရတာအသူရကာယ်ဖေ

www.dhammadownload.com

နာ်...ညကိုခွေးစားခံရတာပေါ့...မီးလောင်ခံရတာပေါ့...အသူရကာယ်။အသူရကာယ်...။

အဲလိုကိုယ်ရတဲ့ပစ္စည်းလေးက သန့်သန့်ရှင်းရှင်းနဲ့ပြုလို့ကိုယ်သီလနဲ့ပြည့်စုံမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာဘယ်ဆီမှာဘဲနေနေ သွားလေရာမှာပျော်တယ်။ သီလနဲ့ပျော်နိုင်တယ်နော်...ကျောင်းမှာဝေယျာဝစ္စလုပ်တဲ့ကုသိုလ်တွေ။ သီလ ထိန်းသိမ်းတဲ့ကုသိုလ်တွေ။တရားနာတဲ့ကုသိုလ် တွေ။အဲဒါသတိပြုပြီးတော့သွားမယ်ဆိုရင်ကုသိုလ်စိတ်တွေနဲ့ပျော်လို့နေတာပေါ့...အဲဒါသီလနဲ့ပျော်အောင် နေဖို့၊သမာဓိနဲ့ပျော်ဖို့အရေးကြီးတယ်နော်...အဲလိုလေ့လာဖို့မကောင်းလား... အဲဒါလိုရင်းအချက်တွေကွဲနော်...။

ဒါကြောင့်မို့လို့မိမိက ရထားစီးတဲ့ အခါလည်း စီးတတ်ဖို့။ကားစီးတဲ့ခါလည်း စီးတတ်ဖို့။လေယာဉ် စီးတဲ့ခါလည်း စီးတတ်ဖို့။ကားမစီးတတ်တဲ့လူတွေများတယ်
စီးတတ်တဲ့ လူက နည်းတယ်ကွဲနော်...

ဘယ်လူတွေလဲလို့..ကားပေါ်တက်ပြီးတော့သွားမယ်..ပဲခူးကနေပြီးတော့ မန္တလေးသွားမှာပေါ့နော်...။ တက်ကတည်းကစပြီးတော့ ဗုဒ္ဓါနုဿတိဓေပါ့...ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ဓမ္မံ သရဏံ ဂစ္ဆာမိ၊သံဃံ သရဏံ ဂစ္ဆာမိ။ရတနာသုံးပါးဦးထိပ် ပန်ဆင် ပေါ့ ...ဘုရားရတနာ။တရားရတနာ။သံဃရတနာဓနော်...ကဲ လမ်းတောက်လျှောက်မှာရှိတဲ့ ဘုမ္မစိုးနတ်။ရုက္ခစိုးနတ်။အာကာသစိုး နတ်။မရှိပေဘူးလား...

ရွာနဲ့ပတ်သက်ပြီး ရွာစောင့်နတ်တွေရှိတယ်နော်...အိမ်စောင့်နတ်တွေ ရှိတယ်နော်...မြို့နဲ့ပတ်သက် တော့ခါမြို့စောင့်နတ်တွေရှိတာပေါ့...ကိုယ်ပြုတာလေးကို အမျှမပေးရဘူးလား...ကားပေါ်ကနေပြီးတော့မှ လမ်းတောက်

www.dhammadownload.com

လျှောက်မှာ အမျှပေးသွားတယ်နော်...ကိုယ်ပြုတဲ့မေတ္တာလေး လည်း အမျှပေးရတယ်နော်...အဲလိုပြုလို့ မတော်လို့ကားမှောက်ရင် နတ်ပြည်ရောက်မယ်ကြားလား...ကုသိုလ်စိတ်ကိုးကွဲ့...။

အရပ်စကား ဇာတ်စကားတွေပြောပြီးတော့မှရောင်းတာချတာတွေပြောလိုက်။ ရန်တွေ့တာတွေပြောလိုက်။ ဘာတွေပြောလိုက် ဆိုတော့ကုသိုလ်လား။အကုသိုလ်လား...ကားမှောက်ရင်အပါယ်သွားတော့မှာ... အဲဒါမစီးတတ်တာကွဲ့...ကားမစီးတတ်ဘူးကြားလား... လေယာဉ်ဘဲ စီးစီး ဗုဒ္ဓါနုဿတိနော်... ကားစီးလည်း ဗုဒ္ဓါနုဿတိနော်... ရထားစီးလည်း ဗုဒ္ဓါနုဿတိနော်...သတိတစ်လုံးရှေ့ကထားရင်ချမ်းသာတယ်ကွဲ့...အဲလိုလေ့လာဖို့မကောင်းလား...။

ဘုန်ကြီးတို့ ဒေသန္တရမှာ အဲဒီလမ်း..အဲ...သစ်တောအရေးပိုင်...ထီးလင်းဖက်ကိုလာပြီးတော့မှ ကျွန်းမျိုးစေ့တွေလာယူတာ၊သူ့နမဝမ်းကွဲ တွေလည်းပါတယ်....အဲဒီကျွန်းသီးတွေတင်လို့ထီးလင်းဖက်က ထွက်ပြီးတော့မှဆေးမင်းတောရဲ့အလွန်လေးမှာ မိုးလေးကလည်း နည်းနည်းရွာလို့လမ်းချောတာ့ ဘေးနည်းနည်း စောင်း ယိမ်းပြီးခါမှမှောက်သွားတာ ရွံ့အိုင်ထဲမှာ၊အိုင်တစ်ခုရှိတယ်နော်...အဲဒီအိုင်ထဲမှာဘဲကျွန်းသီးက ပါပြီးတော့မှရေတွေမွန်းလို့လူသုံးယောက်ကသေသွားတယ်

သေပြီးတော့ဆယ်ပြီးတော့ ယူတယ်အသေကောင်လူတစ် ယောက်လိုတယ်လို့သွားပြီးတော့မှလျှောက်ရမ်းကြည့်တဲ့အခါကြတော့ တွေ့တယ်ဦးကြည်ဇင် ရဲ့နမ။
ဘယ်လိုပါ့မဖြစ်ဘူးသူ့မှာ...ကားစီးတာ ခုဘုန်းကြီးပြောသလိုဗုဒ္ဓါနုဿတိကိုး...ဘုန်းကြီးကိုလည်း အာရုံပြုတယ်သူက...အဲလို ပြုသွားတဲ့ခါဘာမှမဖြစ်ဘူးသူ...ဟိုလူသုံးယောက်ကတော့သေတော့တာ...စိစစ်ဖို့မကောင်း

www.dhammadownload.com

လား...အဲဒါက အခုထိရှိသေးတယ်ကြားလား...အထောက်အထားတွေပြ
ဟပြတာပါ...။

အမှတ်တမဲ့စီးလို့တော်ပါ့မလား...အကုသိုလ်စိတ်နဲ့သာကားမှောက်သေရင်
အပါယ်သွားတော့မှာ၊ကုသိုလ်စိတ်နဲ့သာ သေမယ်ဆိုရင်ဒါနတ်ပြည်ရောက်
မယ်နော်၊လူ့ပြည်ရောက်မယ်နော်...အဲတော့ ဗုဒ္ဓါနုဿတိဆိုတာ ရတနာ
သုံးပါးဦးထိပ်ပန်ဆင်တာမထင်ရှားဘူးလား...ကိုယ်စောင့်နတ်ကအမြဲတ
မ်းစောင့်ရှောက်တယ်...သာသနာစောင့်နတ်က စောင့်ရှောက်တယ်...သ
မ္မာဒေဝနတ်ကစောင့်ရှောက်တယ်...ကြားလား... ယုံယုံကြည်ကြည်နဲ့လေ့
လာဖို့မကောင်းလား...ဒါ ကြားဖူးတော့နားဝ နားဝ တော့တရားရတယ်ဖေ
နာ်...။

ဒါကြောင့်မို့လို့ မိုးကုတ်ဆရာတော်ဘုရားကြီးက သုတဝါအရိယာသာဝေ
ကာ၊သုတအကြား အမြင်ရှိရင်အရိယာဖြစ်တယ်လို့မဟောဘူးလား...အဲ
သလိုလိုတယ်ကွဲနော်...လေ့လာကြ...အမှတ်တမဲ့နေလို့တော်ပါ့မလားဟေ့
...အဲဒါကံဖက်ကပြောရတာနော်...
ဉာဏ်ဆိုတဲ့ကိစ္စက ခန္ဓာသိတာ၊သစ္စာသိတာ၊ပဋိစ္စသမုပ္ပါဒ်သိတာ၊ဉာဏ်ဖေ
နာ်...
သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ပညာမဂ္ဂင်နှစ်ပါး
သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာသမာဓိ။ သမာဓိမဂ္ဂင်သုံးပါးပေါင်းလိုက်ဖေ
တာ့ မဂ္ဂင်ငါးပါးပေါ့...
အမြင်ခံ အရှုခံက ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာ
ဏက္ခန္ဓာနော်...အဲဒီ ခန္ဓာငါးပါးကအရှုခံတရား...အဲဒီခန္ဓာ ကို သိဖို့လိုတယ်ြ
ကားလား...

အဲဒါခန္ဓာဆိုတာ ...

www.dhammadownload.com

မျက်စိအကြည်ရှိရင် ရူပါရုံအဆင်းမတိုက်လား...မြင်တဲ့စိတ်ပေါ် မပေါ် ...ငါ့မင်တာ လားမြင်သိစိတ်လား... တစ်ဝိညာဏ်တည်း မြင်သိလို့ဖြစ်ကဲ့လား.. မဖြစ်သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာ၊သညာ၊စေတနာမပါလား... အဆင်းလို့ခံစားတာ ငါလား ဝေဒနာလား...လူလားဝေဒနာလား...နတ်လားဝေဒနာလား..ဗြဟ္မာလားဝေဒနာလား... အဆင်းလို့ မှတ်တာ လူ နတ် ဗြဟ္မာလား သညာလား...ခံစားနိုင်အောင်စေ့ဆော်တာ မှတ်နိုင်အောင်စေ့ဆော်တာသူ ငါလား စေတနာလား ...ဝေဒနာ၊သညာ၊စေတနာသုံးခုပေါင်းတော့နာမ ကွန္ဓာလေးပါးမပြည့်လား...အပေါင်းက ခန္ဓာနော်...ဝိညာဏကွန္ဓာ...နာမ ကွန္ဓာလေးပါး မပြည့်လား...ဣလေးပါးပြည့်စုံမှမြင်သိစိတ်ဖြစ်တာ...အလို လိုဖြစ်တာလား အကြောင်းကြောင့်အကျိုးတရား ပေါ်တာလား...

ကဲ နာမကွန္ဓာလေးပါး အကြောင်းရှာကြည့်တော့ ရုပ်နှစ်ခုပေါ့...စာလိုတော့ အာရုံနဲ့ဒွါရပေါ့...မျက်စိအကြည်နှင့် ရူပါရုံ နော်...ဣနှစ်ခုကြောင့်နာမ ကွန္ဓာလေးပါးဖြစ်တာ...ရုပ်နှစ်ခုက အကြောင်းတရားမရလား..နာမကွန္ဓာလေးပါးက အကျိုးတရားမရလား...အကျိုးတရားသိတော့ဒိဋ္ဌမပြုတ်လား...အကြောင်းတရား သိတော့ဝိစိကိစ္ဆာမချုပ်လား...အကြောင်းအကျိုးသိတော့ဒိဋ္ဌဝိစိကိစ္ဆာ မချုပ်လား...အသိနဲ့ပြုတ်ရင်စူဠဥသောတာပန်ပေါ့... အပွားနဲ့အပယ်နဲ့ပြုတ်ရင်မဟာသောတာပန်လို့မဟာဘူးလား...အဲဒါမျက်စိမှာ ဖြစ်တာ...အဲဒီခန္ဓာသိဖို့လိုတယ်ကြားလား...လေ့လာဖို့မကောင်းလား..

နားအကြည်ရှိရင် အသံတိုက်မယ်ကြားသိစိတ်မပေါ်လား...ကြားသိစိတ်က တစ်ဝိညာဏ်တည်း ကြားသိလို့ဖြစ်ကဲ့လား...မဖြစ်သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာသညာစေတနာမပါလား...အသံလို့ခံစားတာ...လူလားဝေဒနာလား...နတ်လားဝေဒနာလား...ဗြဟ္မာလားဝေဒနာလား...ဟော...စိစစ်ဖို့မ

www.dhammadownload.com

ကာင်းလား...အသံလို့မှတ်တာလူနတ်ဗြဟ္မာလား သညာလား...ခံစားနိုင်ဇ
အာင်စေ့ဆော်တာ။မှတ်နိုင်အောင်စေ့ဆော်တာ။သူငါလားစေတနာ
လား...ဝေဒနာသညာစေတနာ သုံးခုပေါင်းတော့နာမက္ခန္ဓာလေးပါးမပြည့့
လား...ဤလေးပါးပြည့့စုံမှကြားသိစိတ်ဖြစ်တာနော်...အဲလိုစိစစ်ဖို့မကောင်း
လား...

အဲဒီလေးပါးဟာ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုရတယ်နော်...အဲ..သူ့ပင်ကိုယ်
အနေနဲ့ဝေဒနာ ကလည်း သူ့ကိစ္စသူပြန်ပြီးတော့မှ ခံစားနိုင်တဲ့ သတ္တိမရှိ
ဘူးနော်...သူလည်း သုညတဓမ္မဘဲ...သညာကလည်း သူ့ဟာနဲ့သူ မှတ်နိုင်
တဲ့သတ္တိမရှိဘူးနော်...သုညတဓမ္မဘဲ...စေတနာကလည်း သူ့ဟာနဲ့သူပြုပြ
င်လို့ဖြစ်ကဲ့လား...ဝိညာဏ်ကလည်း သိလို့ဖြစ်ကဲ့လား...ဤလေးခု ပြည့့စုံ
မှကြားသိစိတ်ဖြစ်တာ...လေ့လာဖို့မကောင်းလား...ပင်ကိုသဘောကိုက
သုညတဓမ္မလို့မဟောဘူးလား...

အဲလို အ ကြောင်းလေးခုပြည့့စုံမှ ကြားသိစိတ်ဖြစ်တာပေါ့...အဲဒီလေးပါး
ဟာ အလိုလိုဖြစ်တာလား အကြောင်းကြောင့်အကျိုးတရားပေါ် တာ
လား...နာမက္ခန္ဓာလေးပါးအကြောင်းရှာကြည့့်တော့ ရုပ်နှစ်ခုပေါ့...သောတ
အကြည်နဲ့အသံပေါ့...နှစ်ခုတိုက်မှ ပေါ်တာနော် ...ခန္ဓာဖွဲ့ကြည့့်တော့ ရူပ
ကွန္ဓာမရလား...နာမက္ခန္ဓာလေးပါးနဲ့ရူပကွန္ဓာပေါင်း...ကဲ ကိုယ်ထင်တာဇ
တွ တွေ့သေးရဲ့လား...တွေ့တာကလူလား ခန္ဓာငါးပါးလား...နတ်လားခန္ဓာ
ငါးပါးလား...ဗြဟ္မာလား ခန္ဓာငါးပါးလား...ခန္ဓာဘဲတွေ့တယ်နော်...

အဲဒီ ခန္ဓာဖက်ကို ဉာဏ်လှည့်နေတဲ့အချိန်က ပုဂ္ဂိုလ်သတ္တဝါဇ
တွ့ရဲ့လား...တွေ့တာက လူနတ်ဗြဟ္မာလား ခန္ဓာငါးပါးလား...ကဲ ပုဂ္ဂိုလ် သ
တ္တဝါ မ တွေ့တာရှိလို့လား မရှိလို့လား...မရှိရင်ရာဂစိတ်။ဒေါသစိတ်။မော
ဟစိတ်။ဘယ်လိုဖြစ်မလဲ အဲဒီခန္ဓာကလည်း ကိလေသာ အာရုံ ဟုတ်ကဲ့

www.dhammadownload.com

လား...ကိလေသာ အာရုံမဟုတ်ဘူးနော်...ကိလေသာ အာရုံ မဟုတ်ဘူးဆို တာပြန်ဆန်းစစ်ဖို့လိုတာပေါ့...ရူပက္ခန္ဓာ ကြီးက ဖောက်ပြန်ပြီးတော့ မပျက် လား...ဝေဒနာခံစားပြီးတော့ မပျက်လား...သညာမှတ်ပြီးတော့ မပျက် လား...စေတနာစေ့ ဆော်ပြီးတော့မပျက်လား...ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား...နိစ္စလားအနိစ္စလား...

ကဲ... အနိစ္စလို့မြင်နေတဲ့အခါ ... အနိစ္စမြင်မှ စိတ်ချရတယ်မဟောလား...မ ရှိတာအနိစ္စ သိတာမဂ္ဂလို့မဟောဘူးလား...ကိလေသာအာရုံဟုတ်ကဲ့ လား...

အနိစ္စ တစ်ချက်ကို မြင်ဖို့လိုတာနော်...ရှေးဆရာတော်သမားတော်တွေ အနိစ္စမြင်ရင်အောက်မင်္ဂလာ အထက်မင်္ဂလာတဲ့ကွဲကြားလား...စိစစ် ဖို့မကောင်းလား...အနိစ္စမြင်မှစိတ်ချရတယ်နော်...အနိစ္စတစ်လုံး သိသွားရ င်မမြဲဘူးဆိုတဲ့တရားကိုစမ်းသပ်ဖို့မကောင်းလား...

အနိစ္စမမြဲခြင်းတရားသည် ချမ်းသာတဲ့တရားလားဆင်းရဲတဲ့တရား လား...အနိစ္စသိတာနဲ့ဆင်းရဲဆိုတဲ့တရားအကျုံး ဝင်မလာဘူးလား...အဲဒီ ဆင်းရဲတဲ့တရားကိုပိုင်သူရှိရဲ့လား...သတ္တဝါအလိုကားလိုက်ကဲ့လား...အ ကိုက်သို့ပါရဲ့လား...အနတ္တလို့မဟောလား...ကဲအနတ္တဝင်မလာဘူး လား...အနိစ္စတစ်လုံးသိတာနဲ့ဒုက္ခလည်း အကျုံးဝင်တယ်။အနတ္တလည်း အကျုံးဝင်တယ်နော်...ကဲ ကိလေသာ ဘယ်လိုဝင်မှာလဲဟေ့...အဲလိုလေ့ လာဖို့မကောင်းလား...

အာရုံအာရမ္မဏိက...အာရုံမှန်မှ သဒ္ဓါ မှန်တယ်ကွဲကြားလား...အာရုံက ရူပ ကွန္ဓာ ဝေဒနာကွန္ဓာ သညာကွန္ဓာ သင်္ခါရကွန္ဓာ ဝိညာဏကွန္ဓာနော် အဲဒါခန္ဓာငါးပါး အာရုံတရားပေါ့...လူလား ခန္ဓာငါးပါးလား...နတ်လား ခန္ဓာ ငါးပါးလား...ဗြဟ္မာလားခန္ဓာငါးပါးလား...ခန္ဓာဘဲတွေတွေနေတယ်နော်...

www.dhammadownload.com

မျက်စိဖက်က ရှာကြည့် ခန္ဓာဘဲတွေ့ တယ်...နားဖက်ကရှာကြည့် ခန္ဓာဘဲ တွေ့တယ်...နာခေါင်းဖက်က ရှာကြည့်ခန္ဓာဘဲတွေ့တယ်...လျှာဖက်က ရှာ ကည့် ခန္ဓာဘဲတွေ့တယ်...ကာယဖက်ကရှာကြည့် ခန္ဓာဘဲတွေ့တယ်ဒေ နာ်...ပဥ္စဒွါရ ငါးဌာန...အဲဒီခန္ဓာဘဲ တွေ့တယ် ဒီပြင်ပဂိုလ်သတ္တဝါဘာဖြစ် လို့မတွေ့တာလဲ...မရှိဘူးနော်...ကဲ ကိလေသာအာရုံဟုတ်ကဲ့လား...အဲ လိုလေ့လာဖို့မကောင်းလား...ဒါကြောင့် အာရုံမှန်တော့ သဒ္ဓါ မှန်တယ်ဒေ နာ်...ခန္ဓာငါးပါးဆိုတာယုံကြည်ပြီပေါ့...

အဲဒီခန္ဓာကိုတွေ့လို့ ယုံကြည်တဲ့ပုဂ္ဂိုလ်... လူရှိတယ်လို့ပြော။နတ်ရှိတယ် လို့ပြော။ ဗြဟ္မာရှိတယ်လို့ပြော။သုံးဆယ့်တစ်ဘုံရှိတယ်လို့ပြော။သူလက်ခံ ပါမလား...လက်မခံတော့ဘူးနော်...မသိခင်တုန်းကတော့ လက်ခံတာဒေ ပါ့...သိတဲ့ခါ မပယ်ဘူးလား...အဲလိုစိစစ်ဖို့မကောင်းလား...အဲဒါလိုရင်းအချ က်တွေနော်...
အာရုံမှန်တော့ သဒ္ဓါ မှန် တယ်ကွဲ...

ဒါကြောင့်ခန္ဓာငါးပါးကိုချုံ့လိုက်တော့နာမ်နဲ့ရုပ်ပေါ့...ဖြန့်လိုက်ရင်ခန္ဓာငါး ပါး...ချုံ့လိုက်ရင်နာမ်နဲ့ရုပ်လို့မဟောလား...ဒါကြောင့်ရုပ်ထဲမှာရှာချင်တာ ရှာ ပုဂ္ဂိုလ်သတ္တဝါတွေ့ရဲ့လား...နာမ်ထဲမှာရှာချင်တာရှာ လူနတ်ဗြဟ္မာဒေ တွ့ရဲ့လား...ရုပ်နာမ်သုညတ လို့မဟောလား...အဲလိုဂဏန်းကို ချလို့ကိုမရ ဘူးကွဲ...ယုံကြည်ဖို့မကောင်းလား...အဲဒါလိုရင်းအချက်တွေကွဲနော်... ဒါတော့ ခန္ဓာတွေ့အောင်လို့တရားနာကြတာပေါ့...

ကဲစဉ်းစားကြ။စဉ်းစားကြနော်...တရားထိုင်တယ်၊တရားထိုင်တယ်လို့မပြော ဟကြဘူးလား...ကဲတရားထိုင်တာ ကြရိယာပထလေးပါး၊သွားခြင်း၊ရပ်ခြင်း၊ ထိုင်ခြင်းလျောင်းခြင်းပေါ့နော်... ခန္ဓာမသိရင် သက္ကာယဒိဋ္ဌ ပြုတ်ပါ့မ

www.dhammadownload.com

လား...ခန္ဓာသိမှပြုတ်မှာ...ဒီလိုဆိုတော့ကာ တရားထိုင်တာအဓိကလား ခန္ဓာသိဖို့အဓိကလား...စကြံ့ သွားတာအဓိကလား ခန္ဓာသိဖို့အဓိကလား...ရပ်တာအဓိကလားခန္ဓာသိဖို့အဓိကလား...လျောင်းအဓိကလားခန္ဓာသိဖို့အဓိကလား...

ဘယ်ဆီ မှာပါ့ဖြစ်ဖြစ်အိပ်ပျော်တဲ့အချိန်ကတော့ဘဝင်စိတ်မရဘူးနော်၊နိုးတဲ့အချိန်ခန္ဓာကပေါ် နေတာဘဲ...လေ့လာဖို့မကောင်းလား... ဒါကြောင့် တရားထိုင်မယ်၊တရားနာမယ်မပြောကြဘူးလား...လူထိုင်မယ်လို့မကြားမိဘူးနော်...တရားထိုင်မယ်လို့ဘဲကြားဘူးတယ်...လူနာမယ်လို့မကြားမိ တရားနာမယ်လို့ကြားဘူးတယ်...စိစစ်ဖို့မကောင်းလား...

ထိုင်နေတာ လူလား ထောက်ကန်ဝါ ယောလား... ရပ်တာ လူလားထောက်ကန်ဝါယောလား... သွားတာလူလားလူပ်ရှားဝါယောလား...ဝါယောဓါတ်လို့သိတာ သူငါ လားကာယဝိညာဏ်လား... ကာယဝိညာဏ်ကားနာမ် တရားမရလား...ဝါယောက ရုပ်တရားမရလား...နာမ်ရုပ်နှစ်ပါးပေါ့...ဖြန့် လိုက်တော့ ခန္ဓာငါးပါး...ချုံ့လိုက်တော့ နာမ်နဲ့ရုပ်ကြားလား... ကဲစိစစ်ဖို့မကောင်းလား...

စိတ်ထဲ ဉာဏ်ထဲက ထိုင်လိုက်ကြသေး တာပေါ့နော်...
ထိုင်တဲ့အခါ ကြမ်းနဲ့တင်ပါးထိနဲ့ထိမသွားလား...ထိတဲ့အခါသတိမပြုရဘူးလား...ထိသိသတိလို့မဟောဘူးလား...သတိပြုတဲ့အခါကြမ်းတွေ့တာလား မာတာတွေ့တာလား...တင်ပါးတွေ့တာလားကာယအကြည်လား... ဟော...သတိပြုလိုက်တာနော်...သိတဲ့စိတ်ကလေး မပေါ် လား...အဲဒါလေ့လာဖို့လိုတယ်နော်...
မာတယ်လို့သိတာလူလားကာယဝိညာဏ်လား...တစ်ဝိညာဉ်တည်း ထိလို့သိလို့ဖြစ်ကဲ့လား..

www.dhammadownload.com

မဖြစ်သူနဲ့သဟဇာတဖြစ်တဲ့ဝေဒနာ သညာစေတနာမပါလား...မာတယ်လို့လို့ခံစားတာငါလားဝေဒနာလား...လူလားဝေဒနာလား...နတ်လားဝေဒနာလား..ဗြဟ္မာလားဝေဒနာလား...
မာတယ်လို့မှတ်တာလူနတ်ဗြဟ္မာလားသညာလား...
ခံစားနိုင်အောင်စေ့ဆော်တာမှတ်နိုင်အောင်စေ့ဆော်တာသူငါလားစေတနာလား...
ဝေဒနာသညာစေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါးမပြည့်လား...
ဤလေးပါးပြည့်စုံမှထိသိစိတ်ဖြစ်တာနော်...လူနတ်ဗြဟ္မာလား နာမက္ခန္ဓာလေးပါးလား...
ကာယအကြည်ကား တင်ပါးဟုတ်ကဲ့လား...
မာဆိုတဲ့ပထဝီကား ကြမ်းဟုတ်ကဲ့လား...
ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာမရလား...
နာမက္ခန္ဓာလေးပါးနဲ့ရူပက္ခန္ဓာပေါင်း(ခန္ဓာငါးပါးပါဘုရား)ဒါတရားထိုင်လို့တွေ့တာ...

အခု တရားထိုင်တာ ခန္ဓာ မတွေ့နာမ်ရုပ်လည်း မတွေ့ ဟင်း...ထိုင်တဲ့ကုသိုလ်တော့ဖြစ်မှာပေါ့...သက္ကာယဒိဋ္ဌိပြုတ်ပါ့မလား...စဉ်းစားဦး...ပိဋ္ဌကတ်သုံးပုံချုံ့ကြည့်ခန္ဓာငါးပါး။ အဲဒီခန္ဓာကလွဲလို့တရားပွားစရာ ရှုစရာတခြားရှိရဲ့လား...မရှိဘူးကွဲ့...ဒီခန္ဓာကို သိဖို့လိုတာ...လေ့လာဖို့မကောင်းလား...အဲဒီလို ကွက်ကွက်ကွင်းကွင်းရှင်းရှင်းလင်းလင်း အပ်ကျမပ်ကျ သိရင် ကိုယ်ထင်ခဲ့တဲ့လူနတ်ဗြဟ္မာတွေ တွေ့သေးရဲ့လား...မတွေ့ရင် သံသယတွေစိတ်ထဲမှာ ရှင်းကနဲလင်းကနဲမသွားဘူးလား...တွေ့တဲ့တရားက သက်သေမခံလား...အဲလို လေ့လာဖို့လိုတယ်ကွဲ့ နော်...အဲဒါလိုရင်းအချက်တွေပေါ့...

www.dhammadownload.com

အဲလို စားတဲ့အခါလည်းဘဲ ခန္ဓာတွေဖို့လိုတယ်နော်...အခု လူတွေက ထိုင်တာရပ်တာသွားတာတွေတော့ပါတယ်..စားတဲ့အခါတော့ မလုပ်ကြတော့ဘူးကြားလား...လေ့လာဖို့မကောင်းလား...

လျှာနဲ့ပတ်သက်ပြီး တော့မှအင်မတန်ထင်ရှားတဲ့ အရည်ပေါပေါရင့်ရင့် သံပုရာသီးစားကြည့်လိုက်နော်...
အရည်ပေါပေါရင့်ရင့်လို့ပြောရတာနော်၊
သံပုရာသီးစားကြည့်ဆိုတော့ ချဉ်တယ်မဟုတ်လား ဆိုတော့ခါးတယ်လို့ပြောရတာဗျ...ချဉ်ပါတယ်ဆိုတာ။အနုလေးစားတာတဲ့...ခါးတယ်တဲ့...
အင်း... အဲသလိုကတ်သပ်တဲ့လူကရှိသေးတာ...ဟုတ်လည်း ဟုတ်တယ် သူဖြေတာက...သည်က စာကမစုံဘဲကိုး...စားတာမချဉ်ဘဲခါးတာတဲ့...ကဲ ချဉ်ပါတယ်ကွဲ့ဆို ဒါအနုလေးတဲ့ကဲ...အဲဒါကြောင့်မို့လို့အရည်ပေါပေါရင့်ရင့်လို့ပြောရတာဗျား...စိစစ်ဖို့မကောင်းလား...အေး...ကပ်သပ်တဲ့လူရှိတာယ်...ဟင်း..ဟင်း...ဟင်း...

ကဲစားတာကသံပုရာသီးစားတာနော်...တွေ့တာကဘယ်လိုတွေ့သလဲ...အဲဒီနေရာလေး ထပ်ခါထပ်ခါစဉ်းစား...ချဉ်တယ်လို့သိတဲ့စိတ်လေးဟာ လျှာအကြည်နဲ့သံပုရာသီးရသာခါတ်မ တွေ့ခင်သိတဲ့စိတ်ကလေး ဘယ်ဆီ မှာနေတယ်လို့လက်ညှိုးညွှန်ပြခြင်းငှာ ထိုက်ကဲ့လား...နှစ်ခုထိခါမှ စားလိုက်တဲ့ကာမှ ချဉ် တယ် လို့သိတဲ့စိတ် ပေါ်တာနော်...

အဲဒီသိတဲ့စိတ်ဟာအကောင်အထည်ဟုတ်ကဲ့လား...ခြေတွေလက်တွေ ပါရဲ့လား...ပုံပန်း သဏ္ဌာန်ရှိရဲ့လား...အနီမိတ္တ...အနီမိတ္တဆိုတာ သဏ္ဌာန်မရှိဘူးကွဲ့နော်...အဲလိုလေ့လာဖို့မကောင်းလား...ကဲ တခါစိစစ်ဖို့လို သေးတယ်...ချဉ်တယ်လို့သိတဲ့အချိန်လေးမှာချဉ်တယ်လို့ သိတဲ့ခါ လူလို့ သိလို့ဖြစ်

www.dhammadownload.com

ကဲ့လား...ပုဂ္ဂိုလ်သတ္တဝါသိလို့ဖြစ်ကဲ့လား...ကဲချဉ်တယ်လို့သိတာလေးက သူ့သဘာဝတရားတွေနော်...

ချိုချဉ်စပ်ငန်ဖန်ခါး ရသာခြောက်ပါးလို့မဟာဘူးလား...ကဲအဲဒီချဉ်တယ် လို့သိတဲ့အချိန်လေးမှာ ပုဂ္ဂိုလ်သတ္တဝါ ပါရဲ့လား...သံပုရာသီးကားဇ တွဲရဲ့လား...လူနတ်ဗြဟ္မာကားတွေရဲ့လား... ချဉ်တယ် လို့ သိတဲ့စိတ်ဘဲရှိ တယ်...စိစစ်ဖို့မကောင်းလား...အဲဒီလို စိစစ်ဖို့မကောင်းလား...ခန္ဓာဖွဲ့လိုက် မယ်ဆိုတော့ခါ ချဉ်တယ်လို့စားသိတာ တဝိညာဏ် တည်း စားသိလို့ဖြစ်ကဲ့ လား...

မဖြစ်ရင်... သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား ...ချ ဉ်တယ်လို့ခံစားတာ ငါလားဝေဒနာလား..လူလားဝေဒနာလား..နတ်လားဇ ဝဒနာလား..ဗြဟ္မာလားဝေဒနာလား..ဟောဝေဒနာဘဲတွေတယ်...
ငါ လည်း မတွေ့ ၊ လူလည်း မတွေ့ ၊နတ်လည်း မတွေ့ ၊ ဗြဟ္မာလည်း မတွေ့ ၊တွေ့တာကလူနတ်ဗြဟ္မာလား ဝေဒနာလား... လူနတ်ဗြဟ္မာဘာဖြစ်လို့ မဇ တွေ့တာလဲ...ဝေဒနာကသက်သေမခံလား...ကဲ ငါပါသေးရဲ့လား...

ကဲ... ချဉ်တယ်လို့မှတ်တာလူ နတ် ဗြဟ္မာလား သညာလား ...ခံစားနိုင်ဇ အောင်စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာ လား...ဝေဒနာ သညာ စေတနာ လို့မဟာ ဘူးလား...
ဤ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါးမပြည့်လား...အဲဒါမှ စားသိစိတ်ဖြစ် တာနော်...လူ၊နတ် ဗြဟ္မာလားနာမက္ခန္ဓာ လေးပါးလား...လျှာအကြည်ကား သံပုရာသီးဟုတ်ကဲ့လား..ချဉ်ရသာကား သံပုရာသီး ဟုတ်ကဲ့လား...ခန္ဓာဖွဲ့ ကြည့်တော့ ရူပက္ခန္ဓာ မရလား...နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာပေါ် ငး်...ချုံ့လိုက်ရင် နာမ်နဲ့ရုပ်ပေါ့...ဖြန့်လိုက်တော့ ခန္ဓာငါးပါးပေါ့... သံပုရာ

www.dhammadownload.com

သီးလားနာမ်နဲ့ရုပ်လား...ဘာဖြစ်လို့သံပုရာသီး မတွေ့တာလဲ...ဒါမရှိလို့နော်...

သံပုရာသီး မတွေ့ရင် စားတဲ့ခါ ကြက်သား ဝက်သားကားတွေ့ပါ့မလား...ငှက်ပျော သစ်သီးကားတွေရဲ့လား...ချိုချဉ်စပ်ငန်ဖန်ခါး ရသာခြောက်ပါးလို့မဟာဘူးလား...ဘုရားဟာတာနော်... အဲလိုလေ့လာဖို့မကောင်းလား... စဉ်းစားကွဲ့ စဉ်းစား... လေ့လာဖို့မကောင်းလား...အဲလိုစိစစ်ဖို့လိုတယ်နော်...

ချဉ်တယ်လို့ သိတဲ့အချိန်လေးမှာ ပုဂ္ဂိုလ်သတ္တဝါတွေသေးရဲ့လား...သဏ္ဌာန်နိမိတ်တွေခြေတွေ လက်တွေကားတွေသေးရဲ့လား...ကဲ အဲဒါလေး စိစစ်ဖို့မကောင်းလား...ချုံ့လိုက်တော့နာမ်နဲ့ရုပ်နော်...အဲဒီနာမ်ရုပ်ကိုသိတာသူငါကသိတာလား မဂ္ဂသစ္စာက သိတာလား...မဂ္ဂသစ္စာကသိတာကွဲ့...ဘယ်မဂ်လဲ...(သမာဓိမဂ်ပါဘုရား)

ဩော် သမာဓိရပြီလို့မပြောဘူးလား...ကဲသမာဓိရတဲ့ပုဂ္ဂိုလ်မိုးကြိုးပစ်တာဇတင်မကြားဘူးတဲ့ကွဲ့...ကဲဆဲတာဆိုတာကားကြားဦးမလား...မိုးကြိုးပစ်တာမှ မကြားတာဆဲတာဆိုတာဘယ်ကြားမလဲကွယ်...စင်စစ်ရှိပါ့မရှိဘဲကို...စိစစ်ဖို့မကောင်းလား...အဝိဇ္ဇာနားနဲ့ထောင်တော့ကြားတော့တာဇပါ့...စိစစ်ဖို့မကောင်းလား...ဉာဏ်ဖက်က လှည့်ကြည့်တော့ တွေ့သေးရဲ့လား...သမာဓိကောင်းတာ...နော်...အဲလိုစိစစ်ဖို့မကောင်းလား...လေ့လာကြလေ့လာကြ...

ရှေးထက်ကျော်ကာရီက ဘုန်းကြီးတို့ဆီမှာ ဆရာတော် ဦးသဒ္ဓမ္မ ဆိုတာ ဇယာထဲမှာ တရားဦး ဆုံးပြတယ်...သူ့ဆီမှာ တရားဝင်တဲ့ ပုဂ္ဂိုလ်တွေ ဟူသရွေ့သူခိုးချည်း ယိုး(စွပ်စွဲ)တာ...ဥပုသ်စောင့်သမားတွေကို မယိုးဘူး။

www.dhammadownload.com

တရားနာ ရိုးရိုးလာတဲ့လူ မယိုးဘူး။တရား ထိုင်တဲ့ပုဂ္ဂိုလ် စခန်းဝင်တဲ့ ပုဂ္ဂိုလ် ယိုးတာ...။

ကျောင်းဒကာကြီး တစ်ယောက်၊မနေ့က နင်လာလား လာတယ် ဘုရား။ အဲဒီအပေါ်မှာ ထန်းလျက် သုံးလုံးထားတာ နင်ယူသလား။မယူဘူး ဘုရား။ သုံးလုံးပျောက်တယ်ဟေ့ ။ဘယ်သူမှ မလာဘူးနော်။ နင်သာလာတာ...အဲဒီနေ့ကစ ကျောင်းဒကာ မလာတော့ဘူး ကျောင်းကို...ကြားလား...သမာဓိ ရှိသလား မရှိလား။ စမ်းကြည့်တာကြည့်...။

အဲလိုပြောတော့ စိတ်မဆိုးဘူးလား...ကိုယ့်သူခိုး ယိုးရမလားလို့ စိတ်မဆိုးဘူးလား...ကဲ ခန္ဓာဘက်ကိုဉာဏ်လှည့်လို့လား မလှည့်လို့လား...ခန္ဓာဘက်ကို ဉာဏ်လှည့်တဲ့ အခါ အဲဒါသူခိုး ယိုးတာတွေ ပါသေးလား...အဲဒါသမာဓိ ရှိလို့ပေါ့ကွဲ...ခုသမာဓိ မရှိတော့ စိတ်ဆိုးတော့တာ...ဒါခန္ဓာကို ဉာဏ်မရောက်တာ ထင်ရှားတယ်နော်...ဒါ သူတပည့်တွေကို စမ်းတာကွဲ... အဲလိုလေ့လာဖို့မကောင်းလား... ။

ကဲ ကိုရင်ကြီးတစ်ပါး သူ့ဆီမှာ နေတာနှစ်နှစ် သုံး နှစ်။ ပိုက်ဆံသူခိုးချည်း ယိုးတာ၊တစ်နှစ်ကြာတယ်တဲ့သူ သူခိုး ယိုးတာ...ဟော..ကဲ ဗျာအောက်မှာ ထားတာ ငွေသားဘဲ ။ငွေသား ပဲ။ ဒိန်ဒိန်နဲ့ တီးရတာ။အဲဒီခေတ်က။ မယူဘူးဘုရား။မင်းမယူရင်ငါကွဲ့။ငါမယူရင်မင်း။နှစ်ပါးရှိတာ။ ရေတွင်းတူးရအောင်လို့စုထားတာ ။
မင်းငရဲလားမယ်၊ယူခဲ့ကြားလား....
မယူဘူးဘုရား။မယူဘူးသာပြောနေတာ မျက်နှာမပျက်ဘူး...တနှစ်ကြာတော့ နင့်ကိုစိတ်ချပြီတဲ့ကြားလား...ဒါသမာဓိရှိပြီပေါ့...စိတ်ချသွားပြီတဲ့ဗျား...
စိစစ်ဖို့မကောင်းလား...

www.dhammadownload.com

အဲလိုလေ့လာဖို့မကောင်းလား...။

ကဲ ခန္ဓာဘက်ကို လှည့်တဲ့အခါ သူတွေ ငါတွေ တွေ့သေး ရဲ့လား...တွေ့တာက နာမ်ရုပ်ဘဲ တွေ့တယ်နော်...အဲလိုလေ့လာဖို့မကောင်းလား...ကဲ ချဉ်တယ်လို့သိတဲ့ အချိန်လေးဟာ ပုဂ္ဂိုလ်သတ္တဝါပါ ရဲ့လား...သဘောကျတာတွေ မကျတာတွေ ပါရဲ့လား...ဒီအချိန်လေးမှာ ရာဂ စိတ် ဒေါသစိတ် မောဟစိတ်ဖြစ်ကဲ့လား...သမာဓိကောင်းလို့ပေါ့...

ဆက်ပြီးတော့ ကြိုးစား...ရူပက္ခန္ဓာကြီးကဖောက်ပြန်ပြီး တော့မပျက်လား...ဝေဒနာခံစားပြီးတော့မပျက်လား...သညာမှတ်ပြီးတော့မပျက်လား...စေတနာစေ့ဆော် ပြီးတော့မပျက် လား...ဝိညာဏက္ခန္ဓာသိပြီးတော့ မပျက်လား...အာရုံ အာရမ္မဏိက...။
အာရုံကအနိစ္စလို့မပြလား... ရူပက္ခန္ဓာ အနိစ္စ။ ဝေဒနာက္ခန္ဓာ အနိစ္စ။ သညာက္ခန္ဓာ အနိစ္စ။ သင်္ခါရက္ခန္ဓာ အနိစ္စ ။ဝိညာဏက္ခန္ဓာ အနိစ္စ ။

ကဲအာရုံက အနိစ္စလို့ပြတာနော်...သိတဲ့ ဉာဏ် က အနိစ္စလို့မသိဘူးလား...အာရုံက ဒုက္ခလို့မပြလား...သိတဲ့ဉာဏ်က ဒုက္ခလို့မသိလား...အာရုံက အနတ္တလို့မပြလား...သိတဲ့ ဉာဏ်က အနတ္တလို့မသိလား...အာရုံအာရမ္မဏိက...

အာရုံမှန်တော့ သဒ္ဓါ မမှန်လား...ယုံကြည်ပြီကြားလား...အာရုံမှန်တော့ သဒ္ဓါ မှန်တယ်နော်...
အနိစ္စ ဒုက္ခ အနတ္တ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား...အနိစ္စဒုက္ခအနတ္တ စုလိုက်တော့ဖြစ်ပျက် လို့မဟာလား...အဲဒါရှေ့ပိုင်းက ခန္ဓာရဲ့အကျိုးအပြစ်ကို ... အကျိုးအပြစ်တွေ အကြောင်းအကျိုးကိုတွေ ဟောရ

www.dhammadownload.com

တာနော်... နောက်ပိုင်းကြတော့ အနိစ္စ ဒုက္ခ အနတ္တ ကိုကျေးဇူးပြုရတယ်နော်...

ချုံးလိုက်တဲ့အခါတော့ဖြစ်ပျက်ပေါ့...
ရုပ်ကိုမသိ နာမ်မသိ ဘဲနဲ့ဖြစ်ပျက်လုပ်တော့ ပညတ်ဖြစ်နေမှာပေါ့ကွဲ...အဲသလိုလည်း စဉ်းစားဦး...လေ့လာဖို့မကောင်းလား...အင်းဘာလုပ်သလဲဖြစ်ပျက်။ ဘာလုပ်သလဲ ဖြစ်ပျက်။ ရုပ်ကမပါ။နာမ်ကမပါ။
ဘယ့်နယ်လုပ်မလဲ...

ရှေ့ပိုင်းက ဉာတပရိညာလို့ဟော မဟော...
တီရဏပရိ ညာလို့ဟောမဟော...
ပဟာနပရိညာလို့ဟောမဟော...
ပရိညာသုံးပါးကသက်သေခံတယ်ဗျာ့...အဲလိုစိစစ်ဖို့မကောင်းလား...ကဲအာရုံ အာရမ္မဏိကနော်...အနိစ္စဒုက္ခအနတ္တစုလိုက်တော့ဖြစ်ပျက်လို့မဟာလား...ဘာသစ္စာလဲ...လူချမ်းသာလား ဒုက္ခသစ္စာလား...နတ်ချမ်းသာလား ဒုက္ခသစ္စာလား...ငြဟ္မာချမ်းသာလား ဒုက္ခသစ္စာလား...ဆင်းရဲတာကလွဲလို့ခန္ဓာမှာဘာများရှိသလဲ...ဆင်းရဲတာဘဲ တွေ့တယ်နော်...

ဒါကြောင့် အာရုံမှန်လို့သဒ္ဓါ မမှန်လား...တစ်ဦးတစ်ယောက်က လူချမ်းသာရှိတယ်၊ နတ်ချမ်းသာ ရှိ တယ်၊ငြဟ္မာချမ်းသာရှိတယ် ဘယ်လိုပဲ့ပြောပြော သူတွေ့တာကဆင်းရဲတာဘဲတွေ့တယ်နော်....ဒါကြောင့်မို့လူချမ်းသာ၊နတ်ချမ်းသာ၊ငြဟ္မာချမ်းသာရှိတယ်ပြော သူလက်ခံပါမလား...တွေ့တာက ဆင်းရဲတာတွေ့ထားပြီ...အာရုံမှန်တော့သဒ္ဓါ မမှန်လား...ယုံကြည်ပြီကွဲကြားလား...အဲလိုစိစစ်ဖို့မကောင်းလား...အဲဒါလိုရင်းအချက်တွေကွဲနော်...

www.dhammadownload.com

အာရုံအာရမ္မဏိက...အာရုံမှန်တော့ သဒ္ဓါ မှန်တယ်ကြားလား...အဲဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက "ယုံကြည်၊ကျန်းမာ၊စိတ်ဖြောင့်စွာနှင့်၊လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ဖြစ်ချုပ် ဉာဏ်မြင်၊ဤငါးအင်မှန်ပင်မင်္ဂလာကောင်း" လို့မဟောဘူးလား...ယုံကြည်ဖို့လိုတယ်နော်...

"နာမ်နှင့်ရုပ် ကို " လို့မပါဘူးလား...
"ဖြစ်ချုပ်" လို့မပါဘူးလား...စဉ်းစား...
ခုနာမ်ရုပ်ကမပါ။ပျက်တာ ရုပ်ဘဲ ပျက်မယ်၊နာမ်ဘဲပျက်မှာပေါ့...ခန္ဓာဘဲပျက်မှာပေါ့...ခန္ဓာမပါဘဲနှင့်ဖြစ်ပျက်လုပ်လို့ဖြစ်ပါ့မလား...ဖြစ်တာရုပ်တွေကွဲ...ပျက်တာနာမ်တွေကွဲ...စိစစ်ဖို့မကောင်းလား...ရုပ်ဖြစ်တော့ရုပ်မပျက်လား...ဝေဒနာဖြစ်တော့ဝေဒနာမပျက်လား...သညာဖြစ်တော့သညာမပျက်လား...စေတနာဖြစ်တော့ စေတနာမပျက်လား...ဝိညာဏ်ဖြစ်တော့ဝိညာဏ်မပျက်လား...ဒါကလွဲလို့ရှိသေးရဲ့လား..။

ကဲ ရှေးထက်ကျော်က လယ်တီဆရာတော်ဘုရားဟောတဲ့ တရားကိုပြန်စစ်ဆေး...စက္ခုဝိညာဏ် အနိစ္စံ၊မြင်ပြီးပျက်တယ်မဟောဘူးလား...သောတဝိညာဏ် အနိစ္စံ၊ကြားပြီးပျက်တယ်မဟောဘူးလား...ဃာနဝိညာဏ် အနိစ္စံ၊နံပြီးပျက်တယ်မဟောဘူးလား...ဇိဝှါဝိညာဏ် အနိစ္စံ၊စားပြီးပျက်တယ်မဟောဘူးလား...ကာယဝိညာဏ် အနိစ္စံ၊ထိပြီးရင်ပျက်တယ်မဟောဘူးလား...မနောဝိညာဏ်အနိစ္စံလို့၊ကြံသိရင်ပြီးပျက်တယ်မဟောဘူးလား...ကဲဘယ်လောက်များထင်ရှားသလဲ...ခန္ဓာကိုယူကြည့်တာ၊

ဒါကြောင့်မို့ "ရှိရာက မရှိရာ" လို့မဟောဘူးလား...အဲဒီလိုဆိုမှမှန်မှာပေါ့...သို့မို့ပညတ်သက်သက် အဘာဝဖြစ်မယ်ကြားလား...အဲသည့်လူတွေမလုပ်ရင်ရှေ့ကိုလည်း မမှီနောက်ကလဲ ဘဲ ဟိုဒင်းမပြုကြားလား...စိစစ်ဖို့မကောင်းလား...ရှေ့လည်း မရောက် နောက်က လည်း လိုက်လို့မဖြစ်

www.dhammadownload.com

ကားလား...အဲလိုလေ့လာဖို့မ ကောင်းလား...အဲဒါတင် ချာချာလည်နေတော့တာကွဲ့...

အဲဒါရင်းရင်းနှီးနှီးနဲ့ခန္ဓာအကျိုးအပြစ်ကိုသိအောင်လို့ ဉာတပရိညာအ နေနဲ့လေ့လာရတယ်...
ဉာတပရိညာမှာသက္ကာယဒိဋ္ဌိပြုတ်လို့ စိတ်ချလောက်ပြီဆိုရင် တီရဏပရိညာလေ့လာရတယ်၊တီရဏပရိ ညာ ခန္ဓာအကျိုးအပြစ်ကိုလေ့လာရတာ... ဉာတပရိညာကိုယ်ထင်တဲ့လူဟာ လူလား ခန္ဓာလားလို့ပြန်စိစစ်တာ...

စိစစ်လို့တွေ့ နေတာကလူတွေ့တာလား နာမ်နဲ့ရုပ်တွေ့တာလား...သံပုရာသီးတွေ့တာလားနာမ်ရုပ်တွေ့တာလား...ဒီလို လေ့လာဖို့မကောင်းလား...ကဲနာမ်ရုပ်ဘဲတွေ့တယ်နော်...တွေ့တဲ့ခါလူစွဲဒိဋ္ဌိ နတ်စွဲဒိဋ္ဌိ မပြုတ်ဘူးလား...အဲဒါ ဉာတပရိညာနဲ့ စိတ်ချရတာ... အဲဒါ ပြီးမှ အနိစ္စ ဒုက္ခ အနတ္တ ပေါ့နော်... ရူပက္ခန္ဓာ အနိစ္စ ဝေဒနာက္ခန္ဓာ အနိစ္စ သညာက္ခန္ဓာ အနိစ္စ သင်္ခါရက္ခန္ဓာ အနိစ္စ ဝိညာဏက္ခန္ဓာ အနိစ္စပေါ့...

ဒါအနိစ္စမမြဲခြင်း တရားသည်၊ချမ်းသာတဲ့ တရားလား၊ဆင်းရဲတဲ့ တရားလား...ဆင်းရဲတဲ့ တရားကို သုခလို့ခေါ်မလား ဒုက္ခလို့ခေါ်မလား... ဤဒုက္ခတရားကိုပိုင်သူရှိရဲ့လား... သတ္တဝါအလိုသို့လိုက်ကဲ့လား... အကြိုက်သို့ပါရဲ့လား...အနတ္တ... ။ အနိစ္စ ဒုက္ခဖွားလို့သိတာ အနိစ္စတွေ့တဲ့အချိန် ဒုက္ခတွေ့တဲ့အချိန် အနတ္တ တွေ့တဲ့အချိန်နာမ်ရုပ်တွေ့သေးလား...တီရဏ ပရိညာ... အနိစ္စဒုက္ခအနတ္တချုံ့လိုက်တော့ဖြစ်ပျက်လို့မဟောဘူးလား...ဘာသစ္စာလဲ...ဆင်းရဲတာကလွဲလို့တခြားတွေ့သေးရဲ့လား... ဒုက္ခအတိုလို့ မပိုင်းခြားလား...ပဟာနပရိညာ... ဤနေရာရောက်အောင်ကြိုးစားအားထုတ်ပေါ့... ။ ကဲနာရီစေ့ပြီကွဲ့နော်...။

www.dhammadownload.com

စား ဆဲ ခန္ဓာကဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက(မဂ္ဂ သစ္စာပါဘုရား) သေတာက (သမုဒယသစ္စာပါ ဘုရား) နောက်ခန္ဓာ မလာတာက(နိရောဓသ စ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ (လေးကွက်ရှိပါတယ် ဘုရား) တစ်ကွက်လျှင်ဘယ်နှစ်ပါး (ငါးပါးပါဘုရား) ငါးလေးလီ(နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ်သိစေအပ်သည် သံသရာ မှလွတ်ကြောင်းတည်း)

သာဓု သာဓု သာဓု

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တောရကျောင်း ၊ ပဓာနနာယကဆရာတော်
ကျေးဇူး တော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရားကြီး။
ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာဓမ္မာရုံ ကြီး ပေါ်တွင် ၈ - ၁၀ -၂၀၀၇ ခုနှစ် ည (၇)နာရီအချိန်
ဟောကြားဆုံးမတော်မူအပ်သော
သန္တတိအမတ်ကြီးအကြောင်းဥပမာပြ
ခန္ဓာဉာဏ်ရောက် ဒီဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

www.dhammadownload.com

ဗုဒ္ဓသ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မသ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃသ-မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ကျွတ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုသ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယသ-ဂိုဟသနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့်ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော  နိဗ္ဗာန်သို့ လည်းကော

www.dhammadownload.com

ငါး တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာတစ်ခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္ဘာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠုသုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တရားနာတယ်တဲ့ တရားအားထုတ်တယ် တရားလေ့လာတယ်ဆိုတာ ...
မိမိခန္ဓာမှာရှိတဲ့တရားနဲ့ အသိဉာဏ်နဲ့ ထပ်သွားဖို့ လိုတယ် နော်...။
ရှိတဲ့တရား ဆိုတာ... အာရုံနဲ့ဒွါရတိုက်ပြီးတော့ ပေါ်လာတဲ့ ခန္ဓာငါးပါးပြောတာနော်...။ အာရုံ ဆိုတာ ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ ၊ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံ ပေါ့...။ ဒွါရဆိုတာ... မျက်စိအကြည်၊နားအကြည်၊နှာခေါင်းအကြည်၊လျှာအကြည်၊ကိုယ်အကြည် ၊မနောအကြည် ပေါ့နော်...။

www.dhammadownload.com

ရုပ်နှစ်ခုတိုက်တိုင်း၊တိုက်တိုင်း ဆိုင်ရာ ဝိညာဏ် မပေါ်လား...မျက်စိ အကြည်ရှိတော့ ရူပါရုံ အဆင်း မတိုက်လား...မြင်သိ စိတ်မပေါ်လား... ငါမြင်တာလား မြင်သိစိတ်လား...လူကို မြင်တာလား။ အဆင်းကိုမြင်တာလား...။ ပုဂ္ဂိုလ် သတ္တဝါမြင်တာလား အဆင်းကိုမြင်တာလား...တစ်ဝိညာဏ်တည်း မြင်သိလို့ဖြစ်ကဲ့လား...

မဖြစ်ရင်... သူနဲ့ သဟဇာတဖြစ်တဲ့ဝေဒနာ၊သညာ၊စေတနာ မပါလား... အဆင်းလို့ခံစားတာ... ငါလား ဝေဒနာလား...လူလား ဝေဒနာလား...နတ်လားဝေဒနာလား...ဗြဟ္မာလားဝေဒနာလား...
အဆင်းလို့ မှတ်တာ လူနတ်ဗြဟ္မာလား သညာလား...
ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာလား...

ဝေဒနာ၊သညာ၊စေတနာ သုံးခု ပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား...ဣန္ဒြေလေးပါး ပြည့်စုံမှ မြင်သိစိတ်ဖြစ်တာနော်...။ လူနတ် ဗြဟ္မာလား နာမက္ခန္ဓာ လေးပါးလား...။ ဣန္ဒြေနာမက္ခန္ဓာ လေးပါး အလိုလိုဖြစ်တာလား..အကြောင်းကြောင့် အကျိုး တရား ပေါ်တာလား..။ နာမက္ခန္ဓာ လေးပါး အကြောင်းရှာကြည့်တော့ ရုပ်နှစ်ခုပေါ့...။ စာလို အာရုံ နဲ့ဒွါရပေါ့...။

မျက်စိအကြည် ရုပ် ရှိတော့ ရူပါရုံ အဆင်းမတိုက်လား... မြင်သိစိတ် မပေါ်လား...ပေါ်ရင် နာမက္ခန္ဓာ လေးပါးနော်။ ရုပ်နှစ်ခုက အကြောင်း တရား မရလား..နာမက္ခန္ဓာ လေးပါးက အကျိုး တရား မရလား...။ အကျိုး တရား သိတော့ လူစွဲဒိဋ္ဌ၊ နတ်စွဲဒိဋ္ဌ ၊ဗြဟ္မာစွဲဒိဋ္ဌ၊ မပြုတ်လား...။ အကြောင်း တရား သိတဲ့အတွက် ဝိစိကိစ္ဆာ မချုပ်လား...ဗြဟ္မာကြီး လေးဦး ဖန်ဆင်းတယ်၊ ထာဝရဘုရား ဖန်ဆင်းတယ်၊ဗီဿနိုး နတ် ဖန်ဆင်းတယ် ယူဦးမလား..ဝိစိကိစ္ဆာပြုတ်တာပေါ့...

www.dhammadownload.com

အကျိုးသိတော့ ဒိဋ္ဌပြုတ် ။ အကြောင်းသိတော့ ဝိစိကိစ္ဆာပြုတ် တယ်ဇ နာ်...နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာ ပေါင်း... (ခန္ဓာငါးပါး)။ ဒါမျက်စိမှာပေါ် တာ...။ အဲလိုစိစစ်ဖို့မကောင်းလား...။ ဒါမြင်လို့သိတာနော်...ထိုင်လို့သိတာ လား မြင်လို့သိတာလား...။ အဲလိုစိစစ်ဖို့မကောင်းလား...။

ဒါ "တရား ပျောက်တော့ ကိုယ်မှာရှာ၊ကိုယ်မှာ ရှာတော့တရား တွေ့တယ် " လို့မဟောဘူးလား... ပြန်ပြီးတော့မှ တခါလယ်တီ ဆရာတော် ဘုရားကြီး "ပရမတ်ကို နေ့စဉ်မြင်လျက် မတွေ့ကြ " တဲ့နော်... "နေ့စဉ် တွေ့လျက် မသိ" တဲ့ကြားလား...။ "ခန္ဓာငါးပါး မသိငြား ငါးပါး မှောက်မည်သာ၊ခန္ဓာငါး ပါး မသိငြား ငါးပါး မှောက်မည်သာ၊ခွေး၀က် ကျွဲ၊နွား မှောက်လျက်သွား ငါး ပါး မှောက်ကြရှာ" လို့မဟောဘူးလား..

အဲဒီ ခန္ဓာကို ခန္ဓာလို့မသိဘူးပေါ့။ အဲဒီခန္ဓာ အပေါ်မှာ ပုဂ္ဂိုလ်သတ္တ၀ါ နှလုံး သွင်း မမှားလား..။.နှလုံးသွင်းမှားတာ အ၀ိဇ္ဇာပေါ့...အ၀ိဇ္ဇာပစ္စယာ သခါရာ လို့မဟောဘူးလား...အတိတ်ကို သခါရနော်...ပစ္စုပ္ပန်ကြတော့ ကံပေါ့...။ ကာယကံ၊၀စီကံ၊မနောကံပေါ့၊ ကမ္မဘ၀ပစ္စယာ ဇာတိလို့မဟောဘူး လား...ဇာတိဆိုတာ ခန္ဓာရ... အိုနာသေလွတ်ကဲ့လား...ဘာသစ္စာလဲ...။ အဲ လိုစိစစ်ဖို့မကောင်းလားဟေ့...။ ဒါကြောင့် မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊စိတ် ခြောက်ဒွါရမှာ ဒီခန္ဓာ သိဖို့လိုတယ်ကြားလား...။ အဲလို လေ့လာဖို့လိုတ ယ်နော်...။

ဒါကြောင့် ခန္ဓာ၊ခန္ဓာလို့ဆိုတဲ့ ကိစ္စတွေဟာ ခြောက်ဒွါရမှာ ရုပ်နှစ်ခု တိုက် တိုင်း၊တိုက်တိုင်း ပေါ်တာကွဲကြားလား...။ ဒါကြောင့်မို့လို့ နာမက္ခန္ဓာ လေး ပါး အကြောင်း ရှာကြည့်တော့ ရုပ်နှစ်ခုပေါ့...။ ရုပ်နှစ်ခုက အကြောင်းရှာ ကည့်တော့ ကံ၊စိတ်၊ဥတု၊အာဟာရပေါ့...။ ကံကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြော

www.dhammadownload.com

ငှ်ဖြစ်တဲ့ ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်၊စိတ်ကြောင့်ဖြစ်တဲ့ရုပ် တွေ နော်...။

အပူလွန်ကဲတဲ့အခါကြတော့ ခန္ဓာကိုယ်ကြီးက တမူထူးခြားပြီးတော့ မူပြောင်း မလာဘူးလား...မျက်နှာတွေ ညှိုးငယ် သွားတယ်နော် ..အဲဒါ အပူကြောင့်ဖြစ်တာ...မွေးတည်းက ပါတာဟုတ်ကဲ့လား...အပူကြောင့်ဖြစ်တာ....

ဆောင်းအခါ အအေးလွန်ကဲတဲ့အခါလည်း  မျက်နှာတွေ ကျုံ့ပြီးတော့ မနေဘူးလား...မွေးတည်းကပါတာ ဟုတ်ကဲ့လား...အဲဒါ အအေးကြောင့်ဖြစ်တာနော်...ဒါ ကြောင့်မို့လို့ ဥဇော့နာပိ ရုပ္ပတိ။ သီတေနာပိ ရုပ္ပတိ ... အပူကြောင့် ဖြစ်တယ် အအေးကြောင့်ဖြစ်တဲ့ ရုပ်တွေပေါ့...မွေးတည်းကပါတဲ့ရုပ်တွေဟုတ်ကဲ့လား...

အာဟာရကြောင့်ဖြစ်တဲ့ရုပ်တွေဆိုတာ....
လူတစ်ယောက်ဟာ ဆယ်နာရီမှန်မှန် ထမင်းစားနေကြပုဂ္ဂိုလ်၊ဆွမ်း စားနေကြ ပုဂ္ဂိုလ်ပေါ့နော်...သူ့အချိန်နဲ့သူမစားရတော့ ဆာလောင်မွတ်သိပ်လို့ မျက်နှာလေးတွေ ညှိုးပြီးတော့ မနေဘူးလားဟေ့...ဒါအာဟာရ မှီဝဲနေကြ သူ့အချိန်နဲ့သူ မမှီရတော့ မျက်နှာတွေ ညှိုးသွားတော့တာပေါ့...လေ့လာဖို့ မကောင်းလား...

နောက် တခါ တစ်နာရီလောက်ကြာခါမှ စားရတယ်နော်...အဲဒါစားသောက်တဲ့ အခါ မျက်နှာတွေ လန်းဆန်းပြီးတော့ မလာဘူးလား...စားပင်သီးပင် ဖတ်ပျိုးပင်တွေစိုက်ပြီးတော့ အပင်ပြောင်းတဲ့ အခါမှာ အပင်တွေညှိုးတယ်ကွဲနော်...ရေလောင်းပေးတဲ့ခါ လန်းဆန်းမလာဘူးလား..အဲ ညကြတော့လည်း ဒါလန်းဆန်းလာတယ်နော်...နေ့ကြတော့ နေပူလို့ညှိုးမသွားဘူးလား...အောက်က အမြစ်မတွယ်သေးဘဲကိုးကွဲ...

www.dhammadownload.com

ဤပမာဏကဲ့သို့ အာဟာရကြောင့်ဖြစ်.....၊ အာဟာရမှီဝဲရတဲ့ခါ လန်းဆန်းတယ်၊မမှီဝဲရတဲ့ခါ ညှိုးတာပေါ့နော်...အဲလိုလေ့လာဖို့မကောင်းလား...

အမျိုးသမီးလေးဖြစ်စေ၊ အမျိုးသားလေးဖြစ်စေ မျက်စိပေါက်က ကျဉ်းကျဉ်းလေးကွဲနော်။ ကျန်တဲ့ခန္ဓာကိုယ်အ စိတ်အပိုင်းကတော့ အကုန်လုံး လှတာပေါ့...အင်မတန်ကျဉ်းတဲ့ မျက်စိပေါက်လေးကို ဥတုနဲ့ပြင်ရင်ရပါ့မလား...အာဟာရနဲ့ပြင် ရင် ရပါ့မလား...စိတ်နဲ့ပြင်ရင်ရပါ့မလား...ဘာကြောင့် မရတာလဲ...ကံကြောင့်ဖြစ်တာ...လေ့လာဖို့မကောင်းလား...အဲလိုစိစစ်ဖို့လိုတယ်နော်...။

စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ ဆိုတာလည်း ရှိတယ်နော်...။ မကြားစဖူးကြားဖူးထပ်မံတဲ့ ရှေးထက်ကျော်ကာရီက သားအမိ သားအဖသုံးယောက်ပေါ့ကွဲနော်...မိခင်ကြီးက သားလေး သုံးနှစ်လေးနှစ်အရွယ်မှာ သေဆုံးသွားတာပေါ့...သေဆုံးတော့ခါ သားအဖနှစ်ယောက်ဘဲနေရတယ်ကြားလား...

သားလေးကလည်း ဒါငါးနှစ်ခြောက်နှစ်ကြတော့ ကျောင်းထား၊ကျောင်းထားတဲ့အခါ ကြတော့ ပညာကလည်း တော်တော်လေးကောင်း အနေအထိုင်လေးကလည်း ကောင်းနှစ်စဉ် တစ်တန်းစီ တစ်တန်းစီ ပထမဘဲ ရသွားတယ် နော်... အတန်းတိုင်းမှာ သူ ပထမရတာပေါ့...စကောလား သွင်းလိုက်တာ အောင်သွားတော့တာပေါ့။ ဘွဲ့လွန်အထိ အစိုးရထောက်ပံ့ကြေးနဲ့နေရတာနော်...။ ဘွဲ့လွန်လို့ကျောင်းက ဆင်းတဲ့ခါဗိုလ်သင်တန်းတက်ရတာ့တာ ကွဲ ဝါသနာပါပြီနော်...စစ်ဖက်ကို ဝါသနာရှိတယ်...။

ခြောက်လလောက်ကြာတော့ခါ ဒါ... ဗိုလ်ဖြစ်လာခဲ့တယ်ကြားလား...နောက် တနှစ်ကြာပြန်တက်ပြန်တော့ခါဖြစ်လာခဲ့ တယ်နော် ။ အင်း သုံးပွင့်ရသွားတော့တာပေါ့...ဗိုလ်ကြီး...။ လခက ထောင့်နှစ်ရာ ရတယ်ကြားလား...

www.dhammadownload.com

ထောင့်နှစ်ရာ ၊ထောင့်နှစ်ရာ ။ မိဘကို တစ်လကိုငါးရာ၊အဖေကို ငါးရာ ပို့တယ်နော်။ သူကလည်း ဘဏ်မှာ ငါးရာ စုထားတယ်နော်...နှစ်ရာက အရေးပေါ် သုံးဖို့ပေါ့...။

အဖေရေ လောကကြီးမှာ ဘယ်နေရာပဲ့ကြည့်ကြည့် အားကိုးစရာ အားထားစရာ တယ် မရှိဘူးပေါ့နော်... ရတနာ သုံးပါးက လွဲလို့အားထား စရာ မရှိဘူးပေါ့...အဲတော့ တရားကို သာ လေ့လာဖို့ကောင်းတယ်လို့သား က သတိမပေးဘူးလား...အဲဒါ တရားကျောင်းတို့ ဘာ တို့သွားလို့လေ့ လာပေါ့နော်... တရားစာနဲ့ပတ်သက်လို့ အဖေလိုတာရှိရင် မှာပေါ့နော်..သူ ပို့မှာပေါ့...အဲတော့ခါ ဟိုကလည်းသားကလည်း ပြောတယ်၊သားကိုလည်း ချစ်၊ချစ်တဲ့အတွက် ဒါ သားပြောတဲ့စကား မိဘက နားထောင်တယ်ဖေ နော်...တရားစခန်းဝင်တာပေါ့...အပေါင်းအဖော်တွေနဲ့မိမိကနေ ဆွေးနွေး ကာ၊တိုင်ပင်ကြ၊ရုပ်တွေနာမ်တွေကို အချီအချပြောလိုက်ကြ ဆိုလိုက်ကြဖေ ပါ့...

အဲလိုနဲ့လေးငါးခြောက်လလောက် ကြာသွားတော့ခါ၊သားဆီက ကြေးနန်း တစ်စောင် ရောက်လာတယ်... အဖေ အခု မကျန်းမာလို့ တောင်ကြီး ဆေးရုံမှာ တက်နေရတယ် နော်...သေမှာနဲ့ရှင်မှာ။ သေမှာက များတယ် လို့ကြေးနန်းမှာ မပါဘူးလား...။ အဖေဖြစ်တဲ့သူကမျက်လုံး ပြူးသွား တော့ တာ ပေါ့ကွဲ.. အဲဒါမွေးတည်းကပါတာ လား အခုကြေးနန်းစာတွေလို့ဖြစ် တာလား...

ဟော...ကြံရာ ကားနဲ့ အမြန်လိုက်ခဲ့ တဲ့နော်...ကားကိုရှာကြည့်တော့လ ည်း ကားက မတွေ့ဘူးကွဲ၊ရှိတဲ့ ကားကလည်း ပျက်နေတာ ကိုး...အဲဒါနှစ်ရ က် သုံးရက်စောင့်ဘယ် ကားပဲ့ မဝင်ဘူးကွဲနော်...လေးရက်ငါးရက်ကြာဖေ

www.dhammadownload.com

တာ့ခါ ကျုပ် ကားကောင်းသွားပြီပေါ့နော်၊နက်ဖြန်ခါဘယ်အချိန် ထွက်မှာ ပေါ့၊လိုက်မယ်ဆို အဆင်သင့်ပြင်ဆင်ထားပေါ့...ဟာ လိုက်ပါရစေပေါ့ကွာ...

ကဲ ပြင်ဆင်လို့ တရားဆွေးနွေးဖက် သူငယ်ချင်းတွေ အားထုတ်ဖက် တွေ မနက်ဖြန်သွားမှာတဲ့ ဆိုတော့နူတ်ဆက် လာတာ ပေါ့...ငါတို့ထဲမှာ မင်းအဖေ တော်ဆုံး ပေါ့နော်...အဲငါတို့က သတိတစ်လုံးဘဲ ပေး နိုင်တယ်ကြားလား...မ ပူဘဲ လည်း မရှိနဲ့၊ပူလည်း မပူနဲ့၊မပူဘဲလည်း မရှိနဲ့ပေါ့နော်...သတိတစ် လုံးရှေ့ကထား ။ သွားပေတော့ပေါ့...။ အဲလိုပြော ပြောဆိုဆိုနဲ့ကြေးနန်းတ စ်စောင်ဝင်လာခဲ့တော့တာ...ကြေးနန်း တစ်စောင်ဝင်လာခဲ့တော့...မဖတ် ရဲတော့ဘူး။ မဖောက်ရဲဘူး ကြား လား... ။

ကဲ မင်းတို့ဖောက်ပြီးတော့ ဖတ်ကြစမ်းကွာ မပြောရဘူးလား...ကြေးနန်း စာဖောက်ကြည့်တော့ အသွား အလာကောင်း တယ်နော်...အားလုံးနားဝ ထာင်ကြ၊ကြေးနန်းစာဖောက်ပြီးရင် ။ ဖတ်ကြည့်တဲ့ခါ၊အဖေတဲ့ ဆေးရုံမှာ ငါးရက်ကြာတယ်၊ဆရာဝန် ကောင်းနဲ့သွားတွေ့တယ်... ဆေး ကောင်း နဲ့သွားတွေ့ ဆေးနှစ်လုံးထိုးတာပျောက်သွားပြီပေါ့၊ ခု အိမ်ကိုပြန်ရောက်နေ ပြီ၊

လာမည့်လ မှာ... အခု လကုန်ပြီးတော့ လာမည့်လမှာ အခွင့်တစ်လရတ ယ်နော်၊အစိုးရသိန်းထီက ငါးသောင်းပေါက်တယ်...ကြေးနန်းမှာလေ မျက် နှာတွေရွှင်ပြီးတော့ပြုံး မလာဘူးလားဟေ့...ကဲ မွေးတည်းက ပါတာ ဟုတ် ကဲ့လား...

ကြေးနန်း။ သေမှာ ဖက်က များတော့မျက်နှာ ကြီးတွေ အိုမသွားဘူး လား...ကျန်းမာရေးလည်း ကောင်းတယ် အစိုးရသိန်းထီလည်း ပေါက်ဖ တာ့ မျက်နှာကြီးတွေပြုံးလို့ မလာဘူးလား...မွေးတည်းက ပါတာ ဟုတ်ကဲ့ လား...စိတ်ကြောင့် ဖြစ်တာ...။ ဒါကြောင့် ကံ၊စိတ်၊ဥတု၊အာဟာရ နော်...။

www.dhammadownload.com

ကံ၊စိတ်၊ဥတု၊အာဟာရ...အဲဒီကံကြောင့်ဖြစ်တဲ့ရုပ်၊ဥတုကြောင့်ဖြစ်တဲ့ ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်၊စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေပေါ့...အင်း ရုပ်နှစ်ခု ရဲ့ အ ကြောင်း ရှာကြည့်တော့ ကံ၊စိတ်၊ဥတု၊အာဟာရနော်...နာမကွန္ဓာ လေးပါး ရဲ့ အကြောင်း ရှာကြည့်တော့ ရုပ်နှစ်ခုပေါ့...အကျိုးတရား သိတော့ ဒိဋ္ဌိမပြုတ်လား...အကြောင်းတရား သိတော့ ဝိစိကိစ္ဆာမချုပ်လား...အကြောင်း အကျိုးသိတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာမပြုတ်လား...အသိနဲ့ပြုတ်ရင် စူဋ္ဌသောတာပန်ပေါ့...အပွားနဲ့အပယ်နဲ့ပြုတ်ရင်မဟာ သောတာပန်လို့မဟော ဘူးလား...အဲဒီနေရာရောက် အောင်ကြိုးစားအားထုတ်ဖို့လိုတယ်နော်...။

ဒါကြောင့် မရသေးတဲ့ ပုဂ္ဂိုလ်ရလေအောင် ။
ရပြီးသား လိုရင်းကိစ္စပြီးအောင်
မျက်စိ ပေါက်ကစ မနောဒွါရထိ မှန်မှန်လေးခန္ဓာဖွဲ့ကြ....။

"မျက်စိ..."

စက္ခု အကြည်ကို အဆင်း တိုက်တော့ စက္ခုဝိညာဏ် ပေါ်ပါသည်။
စက္ခုဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား။ မဖစ်နိုင်ပါ။
စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမကွန္ဓာ လေးပါး ဖြစ်ပါသည်။
စက္ခု အကြည်နှင့် အဆင်း ကို ခန္ဓာဖွဲ့တော့ ရူပကွန္ဓာ ဖြစ်ပါသည်။
နာမကွန္ဓာ လေးပါး နှင့် ရူပကွန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။
အဆင်း ကို မြင်သိတာ က စိတ် ၊

www.dhammadownload.com

ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
မျက်စိ အကြည်နှင့် အဆင်းက ရုပ်။
စိတ် စေတသိက် ရုပ်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။
အဆင်း ကို မြင်သိတာ က နာမ်တရား ၊
မျက်စိ အကြည်နှင့် အဆင်းက ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"နား"

သောတ အကြည်ကို အသံ တိုက်တော့ သောတဝိညာဏ် ပေါ်ပါသည်။
သောတဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါ
သလား။ မဖြစ်နိုင်ပါ။
သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးဝေ
ပါင်းတော့ နာမကွန်ဓာ လေးပါး ဖြစ်ပါသည်။
သောတ အကြည်နှင့် အသံ ကို ခန္ဓာဖွဲ့တော့ ရူပကွန်ဓာ ဖြစ်ပါသည်။
နာမကွန်ဓာ လေးပါး နှင့် ရူပကွန်ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။
အသံ ကို ကြားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
နား အကြည်နှင့် အသံ က ရုပ်။

www.dhammadownload.com

စိတ် စေတသိက် ရုပ်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။
အသံ ကို ကြားသိတာ က နာမ်တရား ၊
နား အကြည်နှင့် အသံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"နှာ"

ဃာန အကြည်ကို အနံ့ တိုက်တော့ ဃာနဝိညာဏ် ပေါ်ပါသည်။
ဃာနဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ဃာနဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ
င်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ဃာန အကြည်နှင့် အနံ့ ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ဇ ၅အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။
အနံ့ ကို နံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဇ ၅ အကြည်နှင့် အနံ့ က ရုပ်။
စိတ် စေတသိက် ရုပ်။

ဇ ၅အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။

www.dhammadownload.com

အနံ့ ကို နံသိတာ က နာမ်တရား ၊
ဒ္ဗ ၁ အကြည်နှင့် အနံ့ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"လျှာ"

ဇိဝှါ အကြည်ကို ချို ချဉ် စပ် ငန် ဖန် ခါး ရသာ(၆)ပါး တိုက်တော့ စားသိစိတ်ဆိုတဲ့ ဇိဝှါဝိညာဏ် ပေါ် ပါသည်။
ဇိဝှါဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ် လို့ ဖြစ် ပါသလား။ မပြဖစ်နိုင်ပါ။
ဇိဝှါဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ဇိဝှါအကြည်နှင့် ရသာ ၆ပါး ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

လျှာ အကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ် ပါသည်။
ရသာ ၆ပါး ကို စားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
လျှာအကြည်နှင့် ရသာ ၆ပါး က ရုပ်။
စိတ် စေတသိက် ရုပ်။

လျှာအကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ် ပါသည်။
ရသာ ၆ပါး ကို စားသိတာ က နာမ်တရား ၊
လျှာ အကြည်နှင့် ရသာ ၆ပါး က ရုပ်တရား၊

www.dhammadownload.com

နာမ် ရုပ်နှစ်ပါး။

.....==========.....

ကိုယ်

ကာယ အကြည်ကို မာမှု ပျော့မှု ပထဝီ ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ဆိုတဲ့ ကာယဝိညာဏ် ပေါ်ပါသည်။
ကာယဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ကာယဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ကာယအကြည်နှင့် မာမှု ပျော့မှု ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ် ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ကိုယ် အကြည်ကို ပူမှု အေးမှု တေဇော ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။
ပူမှု အေးမှု ကို ထိသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ကိုယ် အကြည်နှင့် ပူမှု အေးမှု က ရုပ်။
စိတ် စေတသိက် ရုပ်။

ကိုယ် အကြည်ကို ထောက်ကန် လှုပ်ရှားမှု ဝါယော ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။
ထောက်ကန် လှုပ်ရှားမှု ကို ထိသိတာ က နာမ်တရား ၊
ကိုယ် အကြည်နှင့် ထောက်ကန် လှုပ်ရှားမှု က ရုပ်တရား၊

www.dhammadownload.com

နာမ် ရုပ်နှစ်ပါး။

.....==========.....

စိတ်

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ဆိုတဲ့ မနောဝိညာဏ် ဖေ
ပါ်ပါသည်။
မနော ဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာကွန်ဓာ စေတသိက် သညာ
ကွန်ဓာ စေတသိက် သခါရကွန်ဓာ စေတသိက် သုံးပါးပေါင်းတော့ နာမကွန်ဓာ
လေးပါး ဖြစ်ပါသည်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ ကို ခန္ဓာဖွဲ့တော့ ရူပကွန်ဓာ ဖြစ်ပါသည်။
နာမကွန်ဓာ လေးပါး နှင့် ရူပကွန်ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်။
စိတ် စေတသိက် ရုပ်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က နာမ်တရား
၊
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်တရား၊

www.dhammadownload.com

နာမ် ရုပ်နှစ်ပါး။

.....

ခြောက်ဒွါရခန္ဓာဖွဲ့ကြည့်တော့ လူအစားစား နတ်အစားစား ငြဟ္မာ အစားစား တိရစ္ဆာန်အစားစား ပြိတ္တာ အသူရကာယ် အစား စားတွေ့တာ လား၊ခန္ဓာငါးပါး တွေ့တာလား..လူ နတ် ငြဟ္မာ သတ္တဝါ မတွေ့တာ ရှိလို့လား မရှိလို့လား...မရှိရင် လူစွဲ၊နတ်စွဲ၊ငြဟ္မာစွဲ စွဲစရာ လိုသေး သလား...တွေ့တဲ့တရားက လူနတ်ငြဟ္မာလား ခန္ဓာငါးပါးလား...။ ဘယ်လောက်များ ထင်ရှားသလဲနော်...

အဲဒီ ခန္ဓာ သိအောင်လို့ တရားနာရတာကွဲ့...ခန္ဓာသိအောင်လို့ တရားထိုင်ရတာနော်...စကြံ့ သွားတာ ခန္ဓာသိဖို့၊ရပ်တာခန္ဓာသိဖို့ လျောင်း တာ ခန္ဓာသိဖို့၊ထိုင်တာ ခန္ဓာသိဖို့ခြောက်ဒွါရမှာ ခန္ဓာတွေ အာရုံ ဒွါရ တိုက်တိုင်း တိုက်တိုင်း ခန္ဓာတွေ မပေါ် ဘူးလား...။ ကိုယ်ထင်တာကလူပေါ့၊ထင်တာက နတ်ပေါ့၊ထင်တာကငြဟ္မာပေါ့၊ထင်တာက သုံးဆယ့်တစ်ဘုံပေါ့ တွေ့တာက ခန္ဓာငါးပါး၊ဒါထက် ထင်ရှားတာ မရှိဘူးနော်...အဲဒါ ထပ်ခါ ထပ်ခါလေ့လာဖို့လိုတယ်...အဲဒီအလေ့အကျင့် မလုပ်ရပေဘူးလား...။

ယုံကြည်တဲ့ သဒ္ဓါ တရားရှိမှလည်း လေ့ကျင့်လို့ဖြစ်တာနော်...။ ဒါကြောင့် တရားအစ သံဝေဂ ဆိုတာ ယုံကြည်မှုလိုတယ်ကွဲ့ ကြားလား...လေ့လာဖို့မကောင်းလား... ဒါ ကြောင့်မိုးကုတ်ဆရာတော်ဘုရားကြီး ... သူ့လက်ာထဲမှာပါတယ် ။ ယုံကြည်...တဲ့နော်...
"ယုံကြည်ကျန်းမာ စိတ်ဖြောင့်စွာနှင့် လွန်စွာ အားထုတ် နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင် ဤငါးအင် မှန်ပင်မဂ်ရကြောင်း" လို့မဟောဘူးလား...ခန္ဓာငါးပါးချုံ့ကြည့်တော့နာမ်နှင့် ရုပ်ပေါ့...ယုံကြည်ဖို့ မလိုဘူးလား...

www.dhammadownload.com

ခန္ဓာကိုတွေ့မှ ယုံကြည်မှာပေါ့...
မတွေ့ရင် မယုံကြည်ဘူး...
ခု ဘာကြောင့် မယုံကြည်တာလဲ.... မတွေ့ဘဲကိုး ...

အဲဒီဘုန်ကြီးဟာတာ ခန္ဓာကို ဒီလောက်ဟာလို့မှ မယုံကြည်ရင် ...
ဘုန်းကြီး တာဝန်ကျေပြီကွဲ့ကြားလား...
ဒကာတို့တာဝန်သာ ကျန်တော့တာနော်...ခြောက်ဒါရမှာခန္ဓာဖြစ်တာတွေ လို့ဟောထားတာ...အဲဒီ ခန္ဓာငါးပါးကိုသက္ကာယလို့ ဟောမဟော... ပိဋ္ဌက တ်သုံးပုံ ချုံ့ကြည့်ခန္ဓာငါးပါးပေါ့...ဖြန့်လိုက်ရင် ပိဋ္ဌကတ်သုံးပုံပေါ့...အဲဒါထ က်ဖြန့်ရင် ဓမ္မခန္ဓာပေါင်း ရှစ်သောင်း လေးထောင်...စိစစ်ဖို့မကောင်း လား...ခန္ဓာဘဲလေ့လာဖို့လိုတယ်နော်...အဲဒါယုံယုံကြည်ကြည်နဲ့ ဒီခန္ဓာကို လက်တွေ့မျက်တွေ့စဉ်းစားကြည့်နော်...

စက်ဝိုင်းဒေသနာအနေနဲ့ကလည်းဘဲ လှည့်ပြီးတော့ပြခဲ့တယ်နော်...အဲဒီမှာ ပါတာ သစ္စာနှစ်ပါးသာပါတယ်...လေးပါး မပါဘူး...။
တစ်က သမုဒယ၊နှစ်က ဒုက္ခ၊သုံးက သမုဒယ၊လေးက ဒုက္ခ...သစ္စာနှစ်ပါး နဲ့လာခဲ့တာ...။
သမုဒယသစ္စာ၊ဒုက္ခသစ္စာ။ သမုဒယသစ္စာ၊ဒုက္ခသစ္စာမဟောဘူးလား...မဂ္ဂ၊ နိရောဓပါရဲ့လား...
မပါလို့နှစ်ကသုံးကိုကူးတာပေါ့...စိစစ်ဖို့မကောင်းလား...

အဲဒါကြောင့်မို့လို့ " ဝေဒနာနဲ့တဏှာကြားမှာ တစ်စပ်"လို့ မဟောဘူး လား...ဝေဒနာနဲ့တဏှာ" ကြားမှာ"နော်... မှာ...မှာတပ်ထားတာကြား လား.."ဝေဒနာနဲ့တဏှာ တစပ် " မဟုတ်ဘူး နော်...ဝေဒနာနဲ့တဏှာ တစ ပ်ဆိုတာကြားဝင်လို့ မရတော့ဘူး...ဝေဒနာနဲ့တဏှာ ကြားမှာတစပ်...အဲဒ တာ့ မဂ္ဂသစ္စာဝင်လို့မရပေဘူးလား...ဝေဒနာလို့ သိလာရင် သမာဓိမဂ်လို့

www.dhammadownload.com

မဟောဘူးလား...အနိစ္စသိတာပညာ ပေါ့...ဒီလိုလေ့လာဖို့မ ကောင်းလား...သတိပညာ...။

ကဲဝေဒနာလို့သိတော့ ဒိဋ္ဌမပြုတ်လား...ဒိဋ္ဌပြုတ်ရင်ဗြဟ္မာကြီး လေးဦးက ဖန်ဆင်းတယ် ထာဝရဘုရား ဖန်ဆင်းတယ် ဗိသ္သနိုးနတ် ဖန်ဆင်းတယ် ယူဦးမလား..ဝိစိကိစ္ဆာ မချုပ်ဘူးလား... ဒိဋ္ဌပြုတ်ရင် ဝိစိကိစ္ဆာပါပြီကွဲကြားလား...

အနိစ္စသိတော့ တဏှာ လာသေးရဲ့လား...ဥပါဒါန်လာသေးရဲ့လား...အာသဝအနေနဲ့ ကာမာသဝနဲ့ ဘဝါသဝမချုပ်လား...ရှေ့ပိုင်းက ဝေဒနာကွန်ဒါသိတော့ ဒိဋ္ဌာသဝနဲ့အဝိဇ္ဇာသဝ မချုပ်လား...အာသဝေါတရား လေးပါး မကုန်လား...သမုဒယသစ္စာမသေလား...ကဲနှစ်က သုံးကိုကူးသေးရဲ့လား...။ နိရောဓော နိဗ္ဗာန်လို့မဟောဘူးလား...အဲလို လေ့လာဖို့ကောင်းတယ်နော်...

ခုတွေ့နေတာ ခန္ဓာဘဲတွေ့တယ်...အဲဒီခန္ဓာ ဘယ်ပုံဘယ်နည်း ရှိတာလဲ စိစစ်ဖို့ မကောင်းလား...အနိစ္စအနေနဲ့ရှိတယ် ဒုက္ခအနေနဲ့ရှိတယ် အနတ္တအနေနဲ့ရှိတာပေါ့... အဲဒီခန္ဓာကို စိစစ်ဖို့မကောင်းလား...။
ကဲ... ရူပက္ခန္ဓာ ဘယ်သဘောရှိသလဲ...
ဝေဒနာက္ခန္ဓာဘယ်သဘောရှိသလဲ...
သညာက္ခန္ဓာ ဘယ်သဘောရှိသလဲ...
သင်္ခါရက္ခန္ဓာ ဘယ်သဘောရှိသလဲ...
ဝိညာဏက္ခန္ဓာဘယ် သဘောရှိသလဲ...

ဤခန္ဓာငါးပါးက မြင်ပြီးရင်ပျက်၊ကြားပြီးရင်ပျက်၊နံပြီးရင်ပျက်၊စားပြီးရင်ပျက်၊ထိပြီးရင်ပျက်၊သိပြီးရင်ပျက်၊ဆိုတော့ခန္ဓာငါးပါး တွေ့တာလား၊မရှိတာဇ

www.dhammadownload.com

တွတာလား..မရှိရင်ခန္ဓာအနေနဲ့ဘယ်လိုစွဲမလဲ...လူနတ်ဗြဟ္မာသတ္တဝါက အစက တည်လို့ မရှိခြင်းကြောင့် စွဲစရာလိုသေးရဲ့လား... ရှိတယ်ဆိုတဲ့ ခန္ဓာကဖြစ်ပြီးတော့ မပျက်လား...အစွဲခံရဲ့လား...အဲဒါ သက္ကာယဒိဋ္ဌိပြုတ်တာကွဲ့...အဲလိုစိစစ်ဖို့မကောင်း လား...

သက္ကာယဒိဋ္ဌိပြုတ်တော့ ဘာတွေ အကျိုးရှိသလဲ
စိစစ်ဖို့မကောင်းလား...
"သက်သတ်၊ခိုးမှု၊ကာမေသု၊မုသား၊မိစ္ဆာကင်း ပြတ်ကွာမှတ်ပါ သောတာပန်" တဲ့ကွဲ့...အဲလိုလေ့လာတော့ခါ ကာယကံနဲ့ပတ်သက်တဲ့အကုသိုလ်ပြဉီး မလား...ဝစီကံနဲ့ပတ်သက်တဲ့ အကုသိုလ်ပြဉီးမလား...မနောကံနဲ့ပတ်သက်တဲ့အကုသိုလ်ပြဉီးမလား...အပါယ်က လွတ်ပြီကွဲကြားလား...အဲလိုလေ့လာဖို့မကောင်းလား...အဲဒါလိုရင်းအချက်တွေနော်...အဲဒါသဘောပေါက်ဖို့လိုတယ်...

ဒါကြောင့်ခြောက်ဒွါရမှာ လေ့လာနေပေါ့... မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊စိတ်ဝေပါ့နော်...
အဲဒါလက်တွေ့မျက်စိကတော့ အင်မတန်နူးညံ့သိမ်မွေ့တယ်ကြားလား...နားကလည်း ထင်ရှားတယ်နော်...လျှာကလည်း ထင်ရှားတယ်နော်...ကိုယ်မှာလည်း ထင်ရှားတာပေါ့...ဒီလိုလေ့လာဖို့မကောင်းလား...စဉ်းစား။

အဲဒီသူသဘော သဘာဝမှာပြန်စိစစ်ကြတဲ့အခါကြတော့မကြားစဖူးကြားဖူးထပ်မံ ငြုတ်သီး (ငရုတ်သီး) စားနိုင်တဲ့ပုဂ္ဂိုလ်နဲ့မစားနိုင်တဲ့ပုဂ္ဂိုလ်...မစားနိုင်တဲ့ပုဂ္ဂိုလ်တွေမရှိဘူးလား...စားနိုင်တဲ့ပုဂ္ဂိုလ်ကားမရှိဘူးလား...စားနိုင်တဲ့ပုဂ္ဂိုလ်က ထမင်းဟင်းစားတဲ့ခါငြုတ်သီးမပါရင် သူစိတ်ထဲမှာကျေကို မကျေနပ်ဘူးနော်...စားသာ စားလိုက်ရတယ်သူစိတ်ထဲမှာဟာတာတာ ပေါ့တော့ဝေ

www.dhammadownload.com

တာ့နေတာပေါ့...နှစ်နှစ်ကာကာ မဖြစ်ဘူး..အဲဒါနဲ့စိစစ်ဖို့ကောင်းတယ်နော်...

ဟင်းတစ်ခုကလည်း ဒီလိုငြုတ်သီးကိုထောင်းပြီးတော့မှ ငြုတ်သီးထောင်းတယ်ဆိုတော့အစေ့တွေကစ ရှာမတွေ့တော့ဘူးပေါ့...အခွံတွေလည်း မတွေ့တော့ဘူးပေါ့...ညက်ညက်လေးနေတော့ခါ ဟင်းမှာသုပ်တဲ့ထဲမှာ ထည့်ထားတာကိုး...လူတစ်ယောက်ကငြုတ်သီး မစားနိုင်တဲ့ပုဂ္ဂိုလ်က လက်သုံးချောင်းနဲ့နှိုက်ပြီးရင် ပါးစပ်ထဲခွံဝါးပြီးတော့ ထွေးလိုက်တာပေါ့...စပ်လွန်းလို့ ပြန်မထွေးဘူးလား...ထွေးတယ်ဆိုတာ ကောင်းလို့လား မကောင်းလို့လား...မကောင်းလို့၊

ဟိုတစ် ယောက်က ဒီပြင်ခွက်နှိုက်တော့ မတွေ့ဘူးပေါ့နော် နောက်မှ သွားနှိုက်တော့ အခုမှ အရသာတွေ့တယ်လို့မပြောဘူးလား...သူ့အတွက်ဖတ္တ ကောင်းတာပေါ့...ဟိုမစားနိုင်တဲ့ ပုဂ္ဂိုလ်က မကောင်းဘူးပေါ့...ဒါကြောင့် သောမနဿ ဝေဒနာ စိတ်မှာပေါ် သည်မ ဟောဘူးလား...ဒေါမနဿဝေဒနာ စိတ်မှာပေါ် သည်မဟောဘူးလား...ဟောစိတ်မှာဖြစ်တာနော်...ခန္ဓာမှာဖြစ်တာဟုတ်ကဲ့ လား...လေ့လာနော်...

ကဲ အဲဒီမှာ စပ်တယ် ဆိုတဲ့ ရသာဓါတ်ကတော့ လူမျိုးတစ်ရာ့တစ်ပါး တူမတူ...ငြုတ်သီးဆိုတဲ့ အမည်နာမက လူမျိုးတစ်ရာ့ တစ်ပါးတူရဲ့လား...မတူတာ မရှိလို့ပေါ့...နာမ ပညတ်နော်...အဲဒါစပ်တဲ့ သဘောကတော့ ခါ မင်းကို စပ်စေ မင်းကို မစပ်စေနဲ့ပါရဲ့လား..စပ်တာ တူ မတူ.. အဲဒီစပ်တဲ့ထဲမှာ ဆိုးတာပါရဲ့လား၊ကောင်းတာ ပါရဲ့လား..ဆိုးကောင်းနှစ်ပါး မလွတ်ဘူးလား...

www.dhammadownload.com

သဘောကျတာ မကျတာက ခန္ဓာမှာဖြစ်တာလားသူ့စိတ်မှာ ဖြစ်တာလား...အဲဒီစိတ်က ပုဂ္ဂိုလ်သတ္တဝါ သဏ္ဌာန်အနေနဲ့မြင်တာပေါ့... ငြုတ်သီးအနေနဲ့သဏ္ဌာန်အနေနဲ့ မြင်တာပေါ့...စိစစ်ဖို့ မကောင်းလား...စပ်တဲ့သဘောကို မျက်စိနဲ့ကြည့်မြင်ရပါ့မလား...လက်နဲ့ ကိုင်စမ်းကြည့်ရင်ကားတွေ့ပါ့မလား...နမ်းကြည့်ရင်ကား တွေ့ပါ့မလား...လျှာနဲ့ကြတော့မသိနိုင်ဘူးလား... ဘယ်သူ့မျက်နှာမှ မလိုက်ဘူးနော်... ဒါသဘာဝ...

ကဲ ... ဆိုးတာ ပါရဲ့လား ကောင်းတာ ပါရဲ့လား...ဒါဥပေက္ခာဝေဒနာ လျှာမှာ ပေါ်သည် မြတ်စွာဘုရား ဟော မဟော...ကဲ ဆိုးကောင်းနှစ်ပါး မလွတ်ဘူးလား...မြို့ကြည့်လိုက် ရှိသေးရဲ့လား...လျှာမှာ ပေါ်တာ လျှာမှာဘဲချုပ်သွားတယ် ဘယ်မှမရောက်ဘူးနော်...မျက်စိကမြင်တာ မျက်စိမှာဘဲချုပ်မှာပေါ့၊နားကကြားတာ နားမှာဘဲချုပ်မှာပေါ့၊ဘာတွေဖြစ်လို့ ဘာ တွေပျက်တာလဲ စိစစ်ဖို့မကောင်းလား..ရုပ်တွေဖြစ်လို့ ရုပ်တွေပျက်နေတာ၊ဝေဒနာဖြစ်လို့ ဝေဒနာပျက်တာ၊သညာဖြစ်လို့သညာပျက်တာ၊စေတနာဖြစ်လို့စေတနာပျက်တာ၊ဝိညာဏ် ဖြစ်လို့ဝိညာဏ် ပျက်တာ။ဒီလိုစိစစ်ဖို့မကောင်းလား...

ကဲခန္ဓာငါးကိုဖယ်ထား ဖြစ်ပျက်ရှာစမ်း တွေ့ပါ့မလား... တွေ့ဘူးကွဲ..လေ့လာဖို့မကောင်းလား...အဲဒီခန္ဓာပေါ်မှာ လေ့လာရတယ်...စိစစ်ဖို့မကောင်းလား...ခန္ဓာသိရင် ဒိဋ္ဌ မပြုတ်လား...ခန္ဓာသိလို့ပြုတ်တယ်နော်...စိစစ်ဖို့မကောင်းလား...လေ့လာကြ...
အနိစ္စမြင်တော့ခါ ကဲ တဏှာ လာသေးရဲ့လား...အနိစ္စမြင်တဲ့ခါ ခန္ဓာတွေသေးရဲ့လား...အဲသလိုလေ့လာဖို့လိုတယ်ကွဲ...အဲဒါသဘောပေါပေါက်ဖို့လိုတယ် နော်...

www.dhammadownload.com

ဒါကြောင့်ခန္ဓာ အကျိုးအပြစ်ကို ခန္ဓာဖွဲ့နှုတ်တက်ရအောင် ဆောင်ကြ...နှုတ်တက်ရပြီးရင် စာအုပ်ကို မီးလောင် သွား ဦးတော့၊စုတ်ပြတ်ပြီးတော့ သွား ဦးတော့ အရေးမကြီးတော့ဘူးပေါ့...အဲလို သွားတိုင်းသွားတိုင်း ကားစီးတိုင်း ရထား စီးတိုင်း စိတ်ထဲက ခန္ဓာဖွဲ့လေးကိုရွတ်သွားမယ်ဆိုအကုသိုလ်လား ကုသိုလ်လား...ဒါတရားစာကို နလုံးသွင်းနေတာနော်...ခန္ဓာဖွဲ့ရင်း နဲ့ကိုယ့်ဟာနဲ့ကိုယ် အာရုံပြုပြီးတော့ တရားနာနေတာ...အဲဒါကိုသာသနာစောင့်တဲ့နတ်တွေက မသိဘူးလား...ကိုယ်စောင့်နတ်ကလည်း မသိဘူးလား...သမ္မာဒေဝနတ်တွေက မသိဘူးလား...အကုန်လုံး စောင့်ရှောက်တယ်...ဒီလိုလေ့လာဖို့မကောင်းလား...အဲဒီစိတ်နဲ့သာသွား

ဟော...အင်မတန် တစ္ဆေခြောက်တဲ့နေရာ တောင် မခြောက်ဘူးကြားလား...ဘာကြောင့်မခြောက်တာလဲမေးဖို့မကောင်းလား...ကုသိုလ်စိတ်ဆိုတာ သာသနာစောင့်နတ်မရှိဘူးလား...ကိုယ်စောင့်နတ်တွေ မရှိဘူးလား...ဟိုကဆိုးတဲ့ နတ်တွေက အနားကိုမကပ်နိုင်တာ...ယုံကြည်ရဲ့လား... အဲလို စိစစ်ဖို့လိုတယ်...

ကဲမရသေးတဲ့ ပုဂ္ဂိုလ်ရလေအောင်သစ္စာဖွဲ့...

ဝေဒနာကမ္မဋ္ဌာန

*ဝေဒနာကမ္မဋ္ဌာန တရားပေါ်မှာ ငါ သူတစ်ပါး ယောကျ်ား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝေဒနာကမ္မဋ္ဌာန တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သညာကမ္မဋ္ဌာန

www.dhammadownload.com

*သညာက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သညာက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သခၤါရက္ခန္ဓာ
*သခၤါရက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သခၤါရက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ဝိညာဏက္ခန္ဓာ
*ဝိညာဏက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ရူပက္ခန္ဓာ
*ရူပက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

www.dhammadownload.com

သစ္စာလေးပါးသိမှ သောတာပန်၊သစ္စာလေးပါးသိမှ သကဒါဂါမ်၊သစ္စာလေးပါးသိမှ အနာဂါမ်၊သစ္စာလေးပါးသိမှ ရဟန္တာနော်...
သစ္စာလေးပါးမသိရင် သောတာပန်ဖြစ်ပဲ့ါမလား...သောတာပန်မဖြစ်ရင် ဘုရား ရဟန္တာဖြစ်ပဲ့ါမလား...သောတာပန်ကစရတယ် နော်...

သစ္စာလေးပါးကို မသိတာ(အဝိဇ္ဇာပါဘုရား)ခန္ဓာ ငါးပါးကိုမသိတာ(အဝိဇ္ဇာပါဘုရား)ဤခန္ဓာငါးပါး တစ်ပါးပါးအပေါ် မှာလူ နတ်၊ ဗြဟ္မာသတ္တဝါလို့နလုံးသွင်းမှားတာ(အဝိဇ္ဇာ ပါဘုရား)နလုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ(တဏှာပါဘုရား) မရ ရင် မနေဘူးလို့စွဲလမ်းတာ(ဥပါဒါန်ပါဘုရား)အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်။
ဤသုံးခုသစ္စာဖွဲ့တော့ဘာသစ္စာလဲ(သမုဒယသစ္စာပါဘုရား)

လူလား သမုဒယသစ္စာလား...နတ်လား သမုဒယသစ္စာလား...ဗြဟ္မာလား သမုဒယသစ္စာလား...သမုဒယ သစ္စာလို့အမှန်သိတာ သူငါလား မဂ္ဂသစ္စာလား...မဂ္ဂသစ္စာကသိတာနော်...

သမုဒယ အကြောင်းရှိသမျှ အကျိုးခန္ဓာ မပေါ်လား...ပေါ်နေတာ လူလား ခန္ဓာငါးပါးလား...နတ်လားခန္ဓာငါးပါးလား...ဗြဟ္မာလား ခန္ဓာငါးပါးလား...ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟူသရွေ့ အိုနာသေ လွတ်ကဲ့လား... ဘာသစ္စာလဲ...လူချမ်းသာလား ဒုက္ခသစ္စာလား...နတ်ချမ်းသာလား ဒုက္ခသစ္စာလား...ဗြဟ္မာ ချမ်းသာလား ဒုက္ခသစ္စာလား...

ဒုက္ခသစ္စာလို့ အမှန် ပိုင်းခြားသိ သမ္မာဒိဋ္ဌိလို့မဟာဘူးလား...မိစ္ဆာဒိဋ္ဌိ မချုပ်လား...သမ္မာဒိဋ္ဌိက ဝိဇ္ဇာနော်...မိစ္ဆာဒိဋ္ဌိက အဝိဇ္ဇာနော်... အဝိဇ္ဇာ ချုပ်ကတည်းက တဏှာ မသေလား...ဥပါဒါန် လာသေးရဲ့လား...မလာရင် ကိလေ

www.dhammadownload.com

သဝင်္ဆချုပ်ပြီ...ဒါ တရားအားထုတ်တယ်ဆိုတာကိုလေသာချုပ်ဖို့ အဓိက လို့မဟောဘူးလား...အဲဒါကိုလေသာ ချုပ်တာ။ စိစစ်ဖို့လိုတယ်ကွဲ့ကြား ရဲ့လား..။

ဘာကိုမြင်လို့ ချုပ်တာလဲလေ့လာဖို့ မကောင်းလား... ဒုက္ခသစ္စာ ပိုင်းခြား သိတော့ လူချမ်းသာ၊နတ်ချမ်းသာ၊ဗြဟ္မာချမ်းသာနလုံးသွင်း မှားတဲ့ အဝိဇ္ဇာ မချုပ်ဘူးလား...စဉ်းစားနော်...အဝိဇ္ဇာချုပ်ကတည်းက တဏှာလာသေး ရဲ့လား၊ဥပါဒါန် လာသေးရဲ့လား၊အမှန်မြင်တော့ အမှား မပျောက်လား... အမှန်သိတော့ အမှားပျောက်တယ်နော်...အဲလို လေ့လာဖို့မကောင်း လား...သိ ပယ် ဆိုက် ပွား လေးပါးကိစ္စ မဂ်တစ်ခဏပေါ့။

ဆင်းရဲတယ်လို့ သိကတည်းက အဝိဇ္ဇာချုပ်ပြီကွဲ့...အဝိဇ္ဇာချုပ်ရင် တဏှာဇ သ ဥပါဒါန်ပြုတ်တယ်၊ကိလေသဝင်္ဆချုပ်တာက လွဲလို့တခြားရှိသေးရဲ့လား။ အဲလို လေ့လာဖို့မကောင်းလား...နှလုံးသွင်းမှန်တာနဲ့မှားတာနော်... သမုဒယ ဘယ်လိုဖြစ်တာလဲ နှလုံးသွင်းမှားလို့ဖြစ်တာ...အမြင်ခံဟာ အ ဆင်းရှုပက္ခန္ဓာ မဟောဘူးလား...အဆင်း ရှုပက္ခန္ဓာ တရားအပေါ်မှာအမျိုး သမီးလေးအနေနှင့်လိုချင်မှုနှစ်သက်မှု စွဲလမ်းမှုကလောဘ တဏှာ သမုဒယသစ္စာ မဟောဘူးလား... လောဘ တဏှာ သမုဒယသစ္စာအ ေ ကာင်းရှိရင် အကျိုးခန္ဓာ မရလား... ခန္ဓာရတဲ့ပုဂ္ဂိုလ် အိုနာသေ လွတ်ကဲ့ လား...ဘာသစ္စာလဲ...ဒါသမုဒယကြောင့် ဒုက္ခပေါ့... စိစစ်ဖို့မကောင်း လား...

ရှုပက္ခန္ဓာဆိုတဲ့ တရားကို ကွက်ကွက်ရှင်းရှင်းလင်းလင်းရေမြူပ်ကြီး ပမာဏ သိထားဖို့လိုတယ်နော်... ချောင်းထဲမြစ်ထဲရှိတဲ့ ရေမြူပ်ကြီးကဲ့သို့ပေါ့...အဲဒီ ရှုပက္ခန္ဓာ တရားအရှုခံတရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား...ဖြစ်

www.dhammadownload.com

ပျက် ဘာသစ္စာ လဲ...ဒုက္ခသစ္စာအမှန်ပိုင်းခြားသိ သမုဒယသစ္စာသေ
မသေ...သေရင်နောက်ခန္ဓာလာဦးမလား...နိရောဓသစ္စာပေါ့...
ရူပက္ခန္ဓာတရား၏ဖြစ်ခြင်း ပျက်ခြင်းကဘာသစ္စာလဲ...
ပိုင်းခြားလို့သိတာက...
သမုဒယသစ္စာသေတာနှင့်နောက်ခန္ဓာမလာတာ....
ဒါမဂ္ဂ နိရောဓလို့မဟာဘူးလား...

အဲလိုအဆင်းရူပက္ခန္ဓာအပေါ်မှာ မဂ္ဂ နိရောဓ ဝင်သလို၊အသံရူပက္ခန္ဓာ၊
အနံ့ရူပက္ခန္ဓာ၊ရသာရူပက္ခန္ဓာ၊ဖောဋ္ဌဗ္ဗရူပက္ခန္ဓာ၊ အဲလို စိစစ်ဖို့မကောင်း
လား...အဲဒါသိဖို့လိုတယ်ကွဲနော်.. သိတော့ ပယ်တာပေါ့၊သိပယ် ဆိုက်ပွား
လေးပါးကိစ္စ မဂ်တစ်ခဏလို့မဟာဘူးလား...နလုံးသွင်းမှန်တာနဲ့ မှားတာ
ကွဲနော်...ဒါ အာရုံ အနေနဲ့ ပညတ်အာရုံ ပေါ့၊ ဒါနလုံးသွင်းမှားတာ ပည
တ်နော်...မှန်တာ မဂ္ဂလို့မဟာဘူးလား...အဲဒါပရမတ်အာရုံ ပညတ်အာရုံ
ကွဲနော်...

ပရမတ်အာရုံဆို တာ ခန္ဓာငါးပါးကပရမတ်ကိုး...နာမ်ရုပ် တရားနှစ်ပါးက ပ
ရမတ်ကိုး၊နာမ်ရုပ်လို့သိ လို့ လူစွဲဒိဋ္ဌ၊နတ်စွဲဒိဋ္ဌ၊ဗြဟ္မာစွဲဒိဋ္ဌ၊ မပြုတ်ဘူး
လား...ဒိဋ္ဌပြုတ်တော့ဝိစိကိစ္ဆာ ချုပ်မသွားဘူးလား...ဆက်ပြီးတော့ကြည့်ဖေ
တာ့ရုပ် တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား...နာမ်တရားကလ
ည်း သိပြီးတော့မပျက်လား...နိစ္စလား အနိစ္စလား...ဟော...အနိစ္စလက္ခဏာ
ဒုက္ခသစ္စာမဟာဘူးလား...ဒုက္ခ လက္ခဏာ ဒုက္ခသစ္စာမဟာဘူး
လား...အနတ္တလက္ခဏာ ဒုက္ခသစ္စာမဟာဘူးလား...ကဲ ကိလေသာဝင်ဖ
သးရဲ့လား...အဲဒါပရမတ်အာရုံကွဲ့...

ပညတ်အာရုံ ပရမတ်အာရုံ နော် စိစစ်ဖို့မကောင်းလား...ဒါကြောင့် ပညတ်
အာရုံ နှစ်သက်ကြုံ ဖြစ်မည်ကိလေသာ၊ ပညတ်အာရုံ နှစ်သက်ကြုံ ဖြစ်မ

www.dhammadownload.com

ည်ကိလေသာ မဟောဘူးလား...ဒါအဝိဇ္ဇာ အုပ်ချုပ်သွားတာကွဲ့နော်...ဒါပ ညတ်ကို လိုက်တော့ သမုဒယပေါ့...သမုဒယ ဒုက္ခမဖြစ်ဘူးလား...

ဒါ ပရမတ်အာရုံ ဆိုတာ ခန္ဓာငါးပါးလို့သိတာနော်...ရူပက္ခန္ဓာလို့သိ အနိစ္စ လို့သိ၊ဝေဒနာက္ခန္ဓာလို့သိ အနိစ္စလို့သိ၊သညာက္ခန္ဓာလို့သိ အနိစ္စလို့သိ၊သင်္ခါ ရက္ခန္ဓာလို့သိ အနိစ္စလို့သိ၊ဝိညာဏက္ခန္ဓာလို့သိ အနိစ္စလို့သိပေါ့ အဲဒါ ပရမ တ်အာရုံနော်...
အာရုံကအနိစ္စလို့မပြလား...အာရုံကဒုက္ခလို့မပြလား... အာရုံက အနတ္တ လို့မပြလား...

ကဲ အနိစ္စ ဒုက္ခ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့ မဟောဘူးလား...ဘာသ စ္စာလဲ...ကိလေသာအာရုံဟုတ်ကဲ့လား...ဒုက္ခသစ္စာလို့ အမှန်သိဖို့မ လိုလား..." ပရမတ်အာရုံသိခဲ့ကြ၊ ပြတ်ပုံ ကိလေသာ၊ ပရမတ်အာရုံ သိခဲ့ြ ကံ၊ ပြတ်ပုံကိလေသာ" ၊ဒုက္ခသစ္စာ ပိုင်းခြားလို့သိတော့ တဏှာလာသေး ရဲ့လား...ဥပါဒါန်လာသေးရဲ့လား...ကာမာသဝနဲ့ဘဝါသဝချုပ်တယ်ကွဲ့ြ ကားလား...အဲလိုစိစစ်ဖို့မကောင်းလား...သိမှပယ်နိုင် တာနော် မသိပယ်နို င်ပါ့မလား...

မကြားစဖူး ကြားဖူးထပ်မံ။
ရှေးထက်ကျော်ကာရီကနေပြီးတော့ တိုင်းပြည်အုပ်ချုပ်တာ သန္တတိအမတ်ြ ကီး ဆိုတာ ခုနစ်ရက် ရှင်ဘုရင်ဖြစ်တယ်နော်...ရှင်ဘုရင်ဖြစ်တော့ သူက တိုင်းခန်းလှည့်လည်ဖို့ တာဝန်ရှိတာပေါ့..ဆင်တပ်၊ မြင်းတပ်တွေ စစ်သည် ဗိုလ်ပါတွေ တိုင်းခန်း လှည့်လည်တယ်ကြားလား...ဆင်ပေါ် ကစီးပြီးတော့ လှည့်တာနော်...

www.dhammadownload.com

မြတ်စွာဘုရားကလည်း ကြွလာခဲ့တော့ လမ်းဆုံလမ်းမလမ်းလေးခွကြေ
တာ့သန္တာတိအမတ်ကြီးနဲ့သွားတွေ့တာပေါ့...မြို့သူမြို့သားတွေက ဘုရားဖူး
လာကြတာနော်...အဲဒီမှာ လမ်းဆုံလမ်းမလမ်းလေးခွမှာ ဆုံမိတော့မြတ်စွာ
ဘုရားကို လက်အုပ်ချီပြီးတော့ ရှိမခိုးနိုင်ဘူးကြားလား...ဆင်ပုခက်ကိုကိုင်ပြ
ပီးတော့ ပုတ်သင်ကဲ့သို့ခေါင်းသုံးခါငြိမ့်တာပေါ့...

အဲဒီအခါကြတော့မြတ်စွာဘုရားက ပြုံးတယ်။ အတိတ်ကို ဆောင် တော်မူ
ပါဘုရားလို့မလျှောက်ဘူးလား...ညီတော်အာနန္ဒာက လျှောက်တယ်နော်...နေမဝင်မီ ရဟန်းကိစ္စပြီးမယ်...မူးနေတာကွဲ့...နေမဝင်မှီရဟန်းကိစ္စပြီး
မယ်လို့ဗျာဒိတ်မပေးဘူးလား...ဘုန်းကြီးလည်း မယုံဘူးကွဲ့ ။ ဘယ့်နယ် ခေ
ခါင်းပါ့မထောင်နိုင်ဘဲနဲ့...စိစစ်ဖို့မကောင်းလား...မယုံဘူး...စိစစ်ဖို့မကောင်း
လား...ဘုရားဉာဏ်မို့လို့သိတာ...သဗ္ဗညုတဉာဏ်တော် ရတာနော်...ရ
ဟန္တာ တွေတောင် မသိဘူးဟော့...ရွှေဉာဏ်တော်မို့လို့၊သဗ္ဗညုတရွှေဉာ
ဏ်တော်ရလို့သိတာဟော့...မြတ်စွာဘုရားကြွသွားတော့တာပေါ့...

ဝါးနှစ်ပြန်လောက် အကွာကြတော့ နန်းတော်ကအမတ်ကြီးတစ်ယောက်က
မိဖုရား ကံတော်ကုန်လို့နတ်ရွာစံပြီလို့သံတော်ဦးတင်တော့တာ။ တပ်ခေါ
ကပြီးတော့မပြန်ဘူးလား...နန်းတော်ကြတော့ ငိုလားရယ်လားပေါ့အဲဒါ
အခါ သတိထားတော်မူပါဘုရား ၊သတိထားတော်မူပါဘုရားအမတ်ကြီးတွေက ပေါ့နော်...မင်းတို့သတိထားတွေလုပ်မနေနဲ့ကွမြတ်စွာဘုရားတရား
သဘင် ဆင်ယင် ကျင်းပတဲ့ နေရာ ငါ့ကိုပို့လို့မခိုင်းဘူးလား...။

မြတ်စွာဘုရားတရားဟောကြွတာကိုး...အဲဒီတရားသဘင်ဆင်ယင်ကျင်းပ
တဲ့ဆီကိုတွဲပြီးတော့သွားတာ၊သူ့ကိုယ်ကို မသွားနိုင်ဘူးကြားလား...မူးနေ
တာ...တရားပွဲရောက်တဲ့အခါ လူနှစ်ယောက်ကကိုင်ပေးရတယ်မရပ်နိုင်
ဘူး...အဲဒီလောက်တောင်မူးတာကွဲ့...စိစစ်ဖို့ မကောင်းလား...အဲတော့

www.dhammadownload.com

ခန္ဓာတို့၊ အာယတနတို့၊ဓါတ်တို့၊သစ္စာတို့ ခန္ဓာဖွဲ့နည်း သစ္စာဖွဲ့နည်းတွေ မဇ ဟာရပေဘူးလားဟေ့...ဟောတယ်နော်...။

အဲဒီမှာ ဥာတပရိညာ ဟောတဲ့ ကိစ္စ ပထမသောတာ ပန်တည်သွားတယ် [ ကားလား...အရက်နဲ့ မပျောက်သေးဘူး...အရက်နဲ့မပျောက်ဘူး...ပရိသ တ်တွေက သန္တတိအမတ်ကြီးကိုကြည့်နေတော့တာပေါ့...အစသူကြည့်တာ [ မတ်စွာဘုရား တရားကို မရောက်ဘူးကြားလား...သန္တတိအမတ်ကြီးချည်း [ ကည့်နေကြ တော့တာ...အားလုံး တရားနာပရိသတ်တွေတဲ့...မင်းတို့အကု န်လုံး အပါယ်ကျမယ်တဲ့ ကြားလား... အဲ..သန္တတိအမတ်ကြီးကို မကြည့်နဲ့ဇ ပါ့နော်...တရားကို နာကြလို့သတိမပေးရဘူးလား...ဟိုတုန်းက သန္တတိအမ တ်ကြီး ငါဘုရားသားတော်ဖြစ်ပြီတဲ့...ဒေသာတာပန်တည်ရင်ဘုရားသားဖြ စ်တော့တာကွဲ့...စိစစ်ဖို့မကောင်းလား... အဲဒါပရိသတ်တွေ ကြောက်ပြီးဇ တာ့ တရားကိုအာရုံ စိုက်တယ်နော်...

ဒုတိယခန္ဓာတို့၊အာယတနတို့၊ဓါတ်တို့၊သစ္စာတို့မဟောရဘူးလား။ ပရိညာ အနေနဲ့ပညတ် ပရမတ်ပိုင်းခြားဟောတယ်နော်...။ အဲဒီခါနောက်တခါ အနိ စ္စ ဒုက္ခ အနတ္တအနေနဲ့ မဟောရဘူးလား...အဲသလို ဟောတာ ဒုတိယကြဇ တာ့သန္တတိ အမတ်ကြီးရဲ့ခြေထောက်ဟာ လူ့တစ်ရပ်လောက်မှာမြေကြီးနဲ့ မထိတော့ဘူးကြားလား...စိစစ်ဖို့မကောင်းလား...တတိယ တကြိမ်ဟောလို က်တာ လူနှစ်ပြန်လောက်မှာ၊စတုတ္ထ ဟောတဲ့အခါလေးကြိမ်မြောက်ကြဇ တာ့ခါ ဟော ထန်းတဖျားလောက်မှာသန္တတိအမတ်ကြီးက နော်...စိစစ် ဖို့မကောင်းလား...အဲဒီမှာတေဇောဓါတ်လောင်ပြီးတော့ ပရိနိဗ္ဗာန်ပြုတာ။ ဘုရားထက်အရင်ကြသေးတယ်ဗျား... ထင်းတစ်ချောင်းမှမပါဘူး...

တေဇောဓါတ်လောင်လိုက်တာ ပရိနိဗ္ဗာန်ပြုတာ မထင်ရှားဘူးလား...ဘ ယ်လောက်များ အားရစရာ ကောင်းလဲကွဲ့နော်...အဲလိုစိစစ်ဖို့မကောင်း

www.dhammadownload.com

လား...ခန္ဓာဘက်ကို ဉာဏ်လှည့်တာ...အဲလိုလေ့လာဖို့လိုတယ်ကြား လား...ဒါဘယ်လောက်များ ထင်ရှားသလဲနော်...ထင်းမပါဘဲနဲ့များတော့ဇော ဓါတ်လောင်တာအံ့သြလို့မကုန်ကွာ...စိစစ်ဖို့ မကောင်းလားဟော့...အကုန် လုံးဓါတ်တော်ကျတာဗျား.. အားရပါးရ...စိစစ်ဖို့မကောင်းလား...ဒါကြောင့် ယုံယုံကြည်ကြည်နဲ့လေ့လာဖို့လိုတယ်ကြားလား...

ဒါကြောင့် သမုဒယသစ္စာ နားလည်ဖို့ သစ္စာလေးပါးသိမှသောတာပန်၊သ စ္စာလေးပါးသိမှသကဒါဂါမ်၊သစ္စာလေးပါးသိမှ အနာဂါမ်၊သစ္စာလေးပါးသိမှ ရဟန္တာ၊သစ္စာလေးပါးသိပြီဆို သောတာပန်ဖြစ်မယ်နော်...သောတာပန်ဖြစ် ရင်နိဗ္ဗာန်ကိုမြင်ပြီကွဲ့ ကြားလား...စိစစ်ဖို့မကောင်းလား...တချို့က ဘုရားရ ဟန္တာဖြစ်မှနိဗ္ဗာန်ရောက်တယ်ထင်တာကိုး...သောတာပန်လည်း မြင်တယ် ကြားလား...စိစစ်ဖို့မကောင်းလား...။

ဘယ်လို အထောက်အထားပြမလဲလို့မြတ်စွာဘုရားတရား သဘင်ဆင်ယ င်ကျင်းပတဲ့အခါ ပရိသတ်မြောက်များစွာ တရားနာကြတယ်နော်...အဲဒီမှာ သုရာမုခဆိုတဲ့အသောက်သမားကြီး၊ဘယ်တော့မှ တရားမနာဖူးဘူးပေါ့၊ဒီဇ နဲ့တော့ တရားနာချင်တဲ့စိတ်တွေ ပေါ်လာတာပေါ့...အတိတ်က သူပြုလုပ် ခဲ့တဲ့ ကုသိုလ်ကံက ထောက်မလာတော့တာနော်၊ ပရိသတ်ထဲ ဝင်ဖို့ရာ ရှု က်တာကိုးကွဲ့...

ရှက်တော့ခါ လူသူလေးပါး မမြင်အောင် တနေရာကပုန်းလျှိုးပြီးတော့ မနာ ဘူးလား... ခန္ဓာတို့၊အာယတနတို့၊ဓါတ်တို့၊သစ္စာတို့၊ပဋိစ္စသမုပ္ပါဒ်ကို မဇ ဟာရဘူးလား...တရားပွဲ ဆုံးတဲ့အခါ သောတာပန်မတည်ဘူးလား... မြတ် စွာဘုရား တရားနာပရိသတ် သိစေခြင်းငှာသုရာမုခရတဲ့နိဗ္ဗာန်နဲ့ ငါ ဘုရား ရတဲ့နိဗ္ဗာန်နဲ့အတူတူလို့မဟောလား...သုရာမုခ သောတာပန်နော်...ကဲ ဟို

www.dhammadownload.com

ကဘုရား။ငါဘုရားရတဲ့နိဗ္ဗာန်နဲ့အတူတူတဲ့ဗျား...ကဲဘယ်လောက်များ ထင်ရှားသလဲကြားလား...

ကဲသောတာပန်ဖြစ်ရင် ချမ်းသာအစစ်ကိုရပြီ ကြားလား...အဲဒါမေ့မေ့ဇေ လျော့လျော့နဲ့ ကာမဂုဏ်ပျော်ပါးမိတဲ့ဝိသာခါ ကျောင်းအမတို့၊ အနာထပိဏ်သူဌေး တို့၊ဗိမ္မိသာရမင်းကြီးတို့က ဘုံစဉ်စံ ကွဲနော်...ဓမ္မဒိန္နာကြတော့တစ်ဘဝနဲ့ရဟန်းကိစ္စမပြီးလား...ဥဂ္ဂါသေနလိုဝါးအတောင်ခြောက်ဆယ် ကလို့ မတ်စွာဘုရားအောက်က သတိပေးတော့ခန္ဓာဘက်လှည့်တော့ သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊ရဟန်းကိစ္စမပြီးလား... သန္တတိအမတ်ကြီးလိုတစ်ဘဝနဲ့ရဟန်းကိစ္စမပြီးလား...ဘယ်လောက်များအားရစရာကောင်းလဲနော်...ယုံကြည်ဖို့မကောင်းလား...

ဒါတစ်မင်္ဂ တစ်ဖိုလ်ရ နိဗ္ဗာန်မြင် ဘုရားရတဲ့နိဗ္ဗာန်နဲ့အတူတူ..ဘာတွေခြားနားတာလဲလို့မေးဖို့မ ကောင်းလား... ကိလေသာကျန်တာကြတော့ မခြားနားဘူးလား
သောတာပန်က ကိလေသာထူသေးတယ်နော်...။
သကဒါဂါမ်ကတော့ နည်းနည်းတော့ သက်သာသွားပြီနော်...အနာဂါမ်ကြတော့ငွေ့ငွေ့လေး ကျန်သေးတာပေါ့...ဘုရားရဟန္တာကြတော့ ကိလေသာကုန်ပြီကြားလား...နိဗ္ဗာန်မြင်တာတူတယ်နော်...ကိလေသာကုန်တာနဲ့ကျန်တာကြတော့မခြားနားဘူးလား...ဘုရား ရဟန္တာ ကိလေသာကုန်ပြီဟိုကနိဗ္ဗာန်မြင်ကကိလေသာကျန်သေးတယ်ကွဲနော်...အဲလိုလေ့လာဖို့မကောင်းလား...

အခုလည်း ဤနေရာ ကြိုးစား အားထုတ်ဖို့လိုတယ်ကြားလား...ယုံယုံကြည်ကြည်နဲ့လေ့လာဖို့မကောင်းလား...သန္တတိအမတ်ကြီးကသက်သေခံတယ်နော်...ဥဂ္ဂါသေနတို့က သက်သေခံတယ်နော်...ဓမ္မဒိန္နာတို့က သက်ဇေ

www.dhammadownload.com

သခံတယ်ကြားလား...အဲလိုစိစစ်ဖို့မကောင်းလား...သိမှပယ်နိုင်တာ...မသိ...ပယ်နိုင်ပါ့မလား...။

ကဲကြားဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ(ဒုက္ခသစ္စာပါဘုရား)သိတာက(မဂ္ဂသစ္စာပါဘုရား) သေတာက(သမုဒယသစ္စာပါဘုရား) နောက်ခန္ဓာ မလာတာ(နိရောဓသစ္စာပါဘုရား)ပဋိစ္စသမုပ္ပါဒ်အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက်ရှိပါတယ်ဘုရား)တစ်ကွက်လျှင် ဘယ်နှစ်ပါး(ငါးပါးပါဘုရား)ငါးလေးလီ(နှစ်ဆယ်)ကျွှန်ုစ်သွယ်ကို(အလွယ်ကျက် မှတ်သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း) ။

ကျမာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ၊ ကြွလောကုတ္တရာတရားကိုးပါးအားဇလျာသော၊ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ မြတ်စွာဘုရားကို၊ပူဇေမိ၊ဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့်၊ပူဇော်ပါ၏အရှင်ဘုရား။

ကျမာယ၊ဓမ္မာန္၊ဓမ္မပဋိပတ္တိယာ၊ကြွလောကုတ္တရာတရား၊ကိုးပါးအားဇလျာသော၊ကျင့်ဝတ်ပဋိပတ်ဖြင့်၊ဓမ္မံတရားတော်မြတ်ကို၊ပူဇေမိဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့်၊ပူဇော်ပါ၏အရှင်ဘုရား။

ကျမာယ၊ဓမ္မာန္၊ဓမ္မပဋိပတ္တိယာ၊ကြွလောကုတ္တရာတရား၊ကိုးပါးအားဇလျာသော၊ကျင့်ဝတ်ပဋိပတ်ဖြင့်၊သံဃံ၊သံဃာတော်အရှင်မြတ်ကို၊ပူဇေမိဒုက္ခသစ္စာသိတဲ့ ဉာဏ်ဖြင့်၊ပူဇော်ပါ၏အရှင်ဘုရား။

ကြွကဲ့သို့ ပြုလုပ်အပ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ အဓိဋ္ဌာန်ကုသိုလ်၊ ပါရမီကုသိုလ်၊ ဝိပဿနာ မဟာကုသိုလ်တို့၏အကျိုးအားကြောင့်၊ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရပါလိုဘုရား။

www.dhammadownload.com

ထို ကုသိုလ်၏အကျိုးကိုလည်း မိခင်ဖခင် ကျေးဇူးရှင်တို့အားငှင်း၊ အနမ တဂ္ဂ သံသရာမှစ၍ တော်စပ်ခဲ့ဘူးသော မိခင်ဖခင် ကျေးဇူး ရှင်အပေါင်း တို့အားငှင်း ၊အာစရိယာနဉ္စ ဆရာသမားတို့အားငှင်း၊ ဣမာသံ ပရိသာနဉ္စ တရားနာအစည်းဝေးသို့ကြွ ရောက်လာကြကုန်သော တရားနာ ပရိသတ် တို့အားငှင်း၊ ရေမြေသနင်းပြည့်ရှင်မင်း တို့အားငှင်း၊ ငရဲသနင်း ယမမင်းတို့ အားငှင်း၊

ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ ဓမ္မာရုံစောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုး နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်၊ စတုလောကပါလ နတ်မင်းကြီးမှစ၍ ဉဒဘုံကျင်လည်ကြကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား ဘာဇေယျာမ အမျှ အမျှ အမျှ အမျှပေးဝေပါကုန်၏ အမျှရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ လိုအင်ဆန္ဒ တလုံးတဝတည်း ပြည့်ဝကြပြီးလျှင် သူတော်ကောင်း တရား ကြိုးစားပွါးများအားထုတ်နိုင်လွယ် ကြသည်ဖြစ်စေ...

အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့... သာဓု...သာဓု...သာဓု
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့... သာဓု...သာဓု...သာဓု
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့... သာဓု...သာဓု...သာဓု။

မင်္ဂလာတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တောရကျောင်း ၊ ပဓာနနာယက ဆရာတော်။

ကျေးဇူး တော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရားကြီး၊

ပဲခူးဆယ်မိုင်ကုန်း၊မုံလယ်တောရဓမ္မရိပ်သာ၊ဓမ္မာရုံ ကြီး ပေါ်တွင်
၉-၁၀-၂၀၀၇ ခုနှစ် နေ့နှစ်နာရီအချိန် ဟောကြားဆုံးမတော်မူအပ်သော

www.dhammadownload.com

အန္ဓဘာရ မြက်ရိတ်သမား အကြောင်း ဥပမာပြ
ခန္ဓာဉာဏ်ရောက် ဒီဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

ဗုဒ္ဓဿ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မဿ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃဿ-မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုဿ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယဿ-ဂိုဟဿနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်

www.dhammadownload.com

ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာ=အဝိဇ္ဇာ။တဏှာ။

သစ္စာနှစ်ခု=သမုဒယသစ္စာ။ဒုက္ခသစ္စာ။ သမုဒယသစ္စာ။ဒုက္ခသစ္စာ။

လေးခုအလွှာ=အတိတ်အကြောင်းတစ်လွှာ။ပစ္စုပ္ပန်အကျိုးတစ်လွှာ။ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ အနာဂတ် အကျိုးတစ်လွှာ။

အင်္ဂါတစ်ဆယ့်နှစ်ပါး =အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ကမ္မဘဝ။ဇာတိ။ဇရာမရဏ။

တရားကိုယ်များနှင့်= အဝိဇ္ဇာအစ ဇရာမရဏ အဆုံး။

www.dhammadownload.com

သုံးပါးအစပ်=သခ်ၤါရ နှင့်ဝိညာဏ် ကြားမှာ တစ်စပ်။ဝေဒနာ နှင့်တဏှာ ြ
ကားမှာ တစ်စပ်။ ကမ္မဘဝ နှင့်ဇာတိ ကြားမှာ တစ်စပ်။

နှ စ်ရပ်မူလ = တဏှာ နှင့် အဝိဇ္ဇာ။

ဝဋ်သုံးဝ=ကိလေသဝဋ်။ကမ္မဝဋ်။ဝိပါကဝဋ်။

ကာလ သုံးဖြာ=
လွန်လေပြီးသောအတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ ။

ခြင်းရာ နှစ်ဆယ်=
အတိတ်အကြောင်းခြင်းရာငါးပါး ။
ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး။
ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး။
အနာဂတ် အကျိုးခြင်းရာငါးပါး။

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အတိတ်အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
အဝိဇ္ဇာ သခၤါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၂)အဝိဇ္ဇာ သခၤါရ တဏှာ ဥပါဒါန် ဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာ
လဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ တဏှာ ဥပါဒါန်က ကိလေသဝဋ် ပါဘုရား။

www.dhammadownload.com

သခ်ၤရ နင့္ ဘဝက ကမၼဝင္ရ ပါဘုရား။
(၄)ကိလေသဝင္ရ နင့္ ကမၼဝင္ရ ကို အခြင္းအရာ အေနနင့္ ဘယ္အခြင္းအရာ ထဲ သင္းမွာလဲ။
အတိတ္အေကြာင္း အခြင္းအရာ ငါးပါး ပါဘုရား။
(၅)အတိတ္အေကြာင္း အခြင္းအရာ ငါးပါး ဆိုတာ ဘာဘာ ခ်ေတာလဲ။
အဝိဇၨာ သခ်ၤရ တဏွာ ဥပါဒါန္ ဘဝ ပါဘုရား။
(၆)အဝိဇၨာ သခ်ၤရ တဏွာ ဥပါဒါန္ ဘဝ သစ္စာဖဲ့ေတာ့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကၠက် အေနနင့္ ဘယ္အကၠက်မွာလဲ။
(၁)အကၠက်မွာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အေကြာင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ၤရ ပါဘုရား။
(၂) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ၤရ ဝင္ရအေနနဲ့ ဘယ်ဝင္ရထဲ သွင်းမှာလဲ။
ကိလေသဝင္ရ နင့္ ကမၼဝင္ရ ပါဘုရား။
(၃)ကိလေသဝင္ရ နင့္ ကမၼဝင္ရ ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန် အဝိဇ္ဇာက ကိလေသဝင္ရ ပါဘုရား။
ဘဝ နင့္ သခ်ၤရက ကမၼဝင္ရ ပါဘုရား။
(၄)ကိလေသဝင္ရ နင့္ ကမၼဝင္ရ ကို အခြင်းအရာ အနေနင့် ဘယ်အခြင်းအရာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အေကြာင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အေကြာင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ၤရ ပါဘုရား။

www.dhammadownload.com

(၆) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ၤါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၁)နှင့် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)-နှင့် (၃)ခြားနားပုံမှတ်ချက်။

*(၃)အကွက်က သမုဒယသစ္စာ ၊(၁)အကွက်က သမုဒယသစ္စာ၊အခေါ်မတူ
ဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း အတိတ်နဲ့ ပစ္စုပ္ပန် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အတိတ် ဆိုတော့ လွန်ခဲ့ပြီးပြီ အသုံးချလို့ရပါ့မလား။
မရပါဘုရား။
*အတိတ်က သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
အဝိဇ္ဇာဦးစီးပါတယ်ဘုရား။
*ပစ္စုပ္ပန်သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
တဏှာ ဦးစီးပါတယ်ဘုရား။
*ပိုင်းခြားသိဖို့ မလိုဘူးလား။
လိုပါတယ်ဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

www.dhammadownload.com

(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

ဝိပါကဝဋ် ပါဘုရား။

(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။

ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။

(၅) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။

ရပါတယ်ဘုရား။

(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

ဒုက္ခသစ္စာ ပါဘုရား။

(၈) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။

(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]

(၁) အနာဂတ် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

ဝိပါကဝဋ် ပါဘုရား။

(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။

www.dhammadownload.com

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့်
ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး
မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။

(၈)ဒုက္ခသစ္စာ ဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။
>>ရူပက္ခန္ဓာ-ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝေဒနာက္ခန္ဓာ-ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သညာက္ခန္ဓာ-မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သင်္ခါရက္ခန္ဓာ-စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝိညာဏက္ခန္ဓာ-သိတတ်သော သဘောအစု ဖြစ်ပျက်မှု။ပါဘုရား-
(၉)ခန္ဓာငါးပါး ဖြစ်ပျက်မရလား။
ရပါတယ်ဘုရား။
(၁၀)ဖြစ်ပျက် ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။

(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

www.dhammadownload.com

[စက်ဝိုင်းတွင်(၂)နှင့် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၂)-နှင့် (၄)ခြားနားပုံမှတ်ချက်။

*(၄)အကွက်က ဒုက္ခသစ္စာ ၊(၂)အကွက်က ဒုက္ခသစ္စာ၊အခေါ်မတူဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း ပစ္စုပ္ပန် နဲ့ အနာဂတ် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အနာဂတ်ရောက်ပြီလား။မရောက်သေးပါဘူးဘုရား။
မရောက်သေးရင် အသုံးချလို့ရပါ့မလား။
မရပါဘုရား။
*အခု ရောက်ဆဲ ဘယ်အကွက်မှာလဲ။
ပစ္စုပ္ပန် (၂)အကွက်မှာပါ ဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)လွန်လေပြီးသော အတိတ်ကာလ ကို ဖော်ပြပါ။

www.dhammadownload.com

အဝိဇ္ဇာ သခါရ ပါဘုရား။
(၂)အဝိဇ္ဇာ သခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ က ကိလေသဝဋ် ပါဘုရား။
သခါရ က ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်း
မှာလဲ။
လွန်လေပြီးသော အတိတ် ကာလ ပါဘုရား။
(၅) လွန်လေပြီးသော အတိတ် ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၆)အဝိဇ္ဇာ သခါရ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အတိတ် အကြောင်းတစ်လွှာ ပါဘုရား။
(၇) အတိတ် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၈)အဝိဇ္ဇာ သခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလ ကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ
တဏှာ ဥပါဒါန် ကမ္မဘဝပါဘုရား။
(၂)ယခုဖြစ်ဆဲကိုဖော်ပြပါ။

www.dhammadownload.com

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၃) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၄)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၅)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ကာလ အနေနှင့် ဘယ် ကာလ ထဲ သွင်းမှာလဲ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ပါဘုရား။
(၆) ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၇)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အလွှာ အနေနှင့် ဘယ် အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုးတစ်လွှာ ပါဘုရား။
(၈) ပစ္စုပ္ပန် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၉)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၁၀) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]

www.dhammadownload.com

(၁)ပစ္စုပ္ပန်ကာလ ကို ဆက်ပြီး ဖော်ပြပါ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၂)တဏှာ ဥပါဒါန် ကမ္မဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန်  က ကိလေသဝဋ် ပါဘုရား။
ကမ္မဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်း ကာလ ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၆)တဏှာ ဥပါဒါန် ကမ္မဘဝ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်းတစ်လွှာ ပါဘုရား။
(၇) ပစ္စုပ္ပန် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၈)တဏှာ ဥပါဒါန် ကမ္မဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ ကို ဖော်ပြပါ။
ဇာတိဇရာမရဏ ပါဘုရား။

www.dhammadownload.com

(၂) ဇာတိဇရာမရဏဝဋ္ဋအနေနဲ့ ဘယ်ဝဋ္ဋထဲ သွင်းမှာလဲ။
ဝိပါကဝဋ္ဋ ပါဘုရား။
(၃)ဝိပါကဝဋ္ဋဆိုတာ ဘာဘာခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၄)ဇာတိဇရာမရဏ ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး ကာလ ပါဘုရား။
(၅) အနာဂတ် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၆)ဇာတိဇရာမရဏ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုးတစ်လွှာ ပါဘုရား။
(၇) အနာဂတ် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၈)ဇာတိဇရာမရဏခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၉) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၀) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-

www.dhammadownload.com

နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

“ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ” ။
ကိလေသဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၃)ပါး ပါဘုရား။
ကမ္မဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၂)ပါးပါဘုရား။
ဝိပါကဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၈)ပါး ပါဘုရား။

#“ကိလေသဝဋ္ဋ (၃)ပါး” ကိုဖော်ပြပါ။
“အဝိဇ္ဇာ တဏှာ ဥပါဒါန်”ပါဘုရား။

သစ္စာလေးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ခန္ဓာငါးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
အာယတန(၁၂)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ဓါတ်(၁၈)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ပဋိစ္စသမုပ္ပါဒ် တရားတော် ကို မသိတာ---?

www.dhammadownload.com

အဝိဇ္ဇာ ပါဘုရား။
“သိသင့် သိ ထိုက်တဲ့ တရား ”ကို မသိလို့ “အဝိဇ္ဇာ”လို့ မခေါ်လား။
ခေါ်ပါတယ်ဘုရား။
သိ ရင် “ဝိဇ္ဇာ” ပေါ့။

ဤခန္ဓာ အာယတန ဓါတ် သစ္စာ တရားအပေါ်မှာ
လူ နတ် ဗြဟ္မာ သတ္တဝါလို့
ဓ့ လုံးသွင်းမှားတာကော---?
အဝိဇ္ဇာ ပါဘုရား။
ဓ့ လုံးသွင်းမှားတာ “အဝိဇ္ဇာ” နော်။

ဤခန္ဓာ အာယတန ဓါတ် သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်
လား----?
ပျက်ပါတယ်ဘုရား။
ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။
ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။
ထင်ရှားပါတယ်ဘုရား။

ဤဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ ဓ
လုံးသွင်းမှားတာကော ----?
“အဝိဇ္ဇာ” ပါဘုရား။

ဓ့ လုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ။
“တဏှာ” ပါဘုရား ။

www.dhammadownload.com

မရရင် မနေဘူးလို့ စွဲလမ်းတာ---?။
“ဥပါဒါန် ”ပါဘုရား။

အဝိဇ္ဇာ တဏှာ ဥပါဒါန် ၊ကျ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ်ဒို့ ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။

#ကမ္မဝဋ်ဒို့ (၂)ပါးကို ဖော်ပြပါ။
သခ်ၤါရ နှင့် ကမ္မဘဝပါ ဘုရား။

ပါးစပ်က ပြောတော့ ဘယ်သခ်ၤါရ တပ်မလဲ။
ဝစီသခ်ၤါရ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သခ်ၤါရ။
ကာယသခ်ၤါရ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်သခ်ၤါရ။
စိတ္တသခ်ၤါရ ပါဘုရား။

ပါးစပ်က ပြောတော့ ဘယ်ကံလဲ။
ဝစီကံ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။
ကာယကံ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်ကံလဲ။
မနောကံ ပါဘုရား။

ကာယကံ ဝစီကံ မနောကံ

www.dhammadownload.com

ဤ(၃)ပါး ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကမ္မဝဋ် ပါဘုရား။

ကိလေသဝဋ် နဲ့ ကမ္မဝဋ် ကို သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

ဝိပါကဝဋ် (၈)ပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဏှတိ ဇရာ မရဏ ပါဘုရား။
ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၄)အကွက် မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

www.dhammadownload.com

သာဓု သာဓု သာဓု။

မူလနှစ်ဖြာ တစ်ခေါက်။

(မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အဂ်ါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠုန်သုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝိညာဏ်မြင် သမ္မုတိသစ္စာ အားဖြင့် ... ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရမယ် လို့မဟောလား...။ ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအဆုံးကို ကျူးလွန်ရင် ကုသိုလ်လား အကုသိုလ်လား...။ အကုသိုလ်ကံအကြောင်းကြောင့် အကျိုးတရားက သေသည်ရဲ့အခြားမဲ့၌ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လို့မဟောဘူးလား...။ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား...။ ဒါအကုသိုလ်ကံကြောင့် ဖြစ်တာနော်...။ယုံကြည်ဖို့မကောင်းလား... ။

ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအဆုံးကို ရှောင်ကြဉ်ရင် အကုသိုလ်လား ကုသိုလ်လား... ကုသိုလ်ကံအကြောင်းကြောင့် အကျိုးတရားက လူ့ပြည် နတ်ပြည် ခြောက်ထပ် လို့မဟော

www.dhammadownload.com

လား...ဆင်းရဲတဲ့တရားလား ချမ်းသာတဲ့တရားလား...။ ဒါကုသိုလ်ကံကြောင့်ဖြစ်တာနော်...။ ယုံကြည်ဖို့ မကောင်းလား...။

အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရင် ဗေဒင်မေးဦးမလား... နတ်ကတော်မေးဦးမလား... ဝိဇ္ဇာတွေမေးဦးမလား...ဗေဒင်မေးတယ် နတ်ကတော်မေးတယ် ဝိဇ္ဇာမေးတယ် ဆိုတာ ကံကို မယုံလို့ပေါ့နော်... ကံကိုယုံကြည် တဲ့ပုဂ္ဂိုလ် မေးဖို့မလိုဘူးပေါ့... အဲလိုစိစစ်ဖို့မကောင်းလား...။

သက်ရှိသတ္တဝါတဲ့...။ ကမျဉ်းနီကစ ဆင်ကောင်ကြီးထိ...သတ်မယ်ဆို ပါဏာတိပါတကံ မထိုက်ဘူးလား...ပါဏာတိပါတကံ ထိုက်ရင် သေသည်ရဲ့ အခြားမဲ့၌ အပါယ်ကလွတ်ပါ့မလား...အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ။ ငရဲသက်စေ့ လူအဖြစ်ကို ရတယ်ထား ။

လူဖြစ်တဲ့ဘဝမှာ မွေးမွေးချင်းသေတဲ့ ကလေးတွေမရှိလား...လသားနဲ့သေတာမရှိလား...ကျောင်းသားအရွယ်နဲ့ သေတာမရှိလား... ။ သူဌေးသားဘဲဖြစ်ဖြစ် သူဌေးသမီးဘဲဖြစ်ဖြစ် ငယ်ငယ်ရွယ်ရွယ်နဲ့ သူဌေးရဲ့စည်းစိမ်ကို ခံစားရရဲ့လား... ။ အိုးပုတ်ချိုးရုပ် နဲ့ပျော်လို့သေတော့တာနော်...။ လူဖြစ်ကျိုးရှုံးတာပေါ့...။ အသက်တိုတယ်လို့မပြောလား...အသက်တိုတာ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ်တာလား... ။ အသက်တိုတဲ့အကြောင်း ရှာကြည့်တော့ သက်ရှိ သတ္တဝါတွေကိုသတ်ခဲ့တာကိုးကွဲ့... ။

အသက်သတ်ခဲ့တော့အသက်တိုတယ်နော်... အဲဒီအကုသိုလ်ကံကြောင့် အပါယ်ကိုကျ ရတယ်...ကြားလား...ငရဲမှာခံရတယ်နော်...ငရဲကလွတ်ပြန်တော့ခါလည်းဘဲ အသက်တိုတာပေါ့... စိစစ်ဖို့မကောင်းလား...။ လူအဖြစ်ကို

www.dhammadownload.com

ရပြန်တော့ခါလည်းဘဲ အသက်တိုတယ်နော်...မွေးမွေးချင်းသေတဲ့ကလေးတွေ...လသားနဲ့သေတာတွေ... ကျောင်းသားအရွယ်နဲ့ သေတာတွေ .... တိရစ္ဆာန်အသီးသီးတွေ ညှဉ်းဆဲတဲ့အတွက် ရောဂါအမျိုးမျိုး တွေလည်း ဖြစ်တတ်တယ်နော်.. ဒါယုံကြည်ဖို့မကောင်းလား..

အရှေ့အိမ်ကအဖိုးကြီး အဖွားကြီးတွေ အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်စားနိုင်တယ် သွားနိုင် တယ် လုပ်နိုင်တယ် မပြောကြဘူးလား...သီလကုသိုလ်ကောင်း တာကိုးလို့အဖြေမပေးဘူးလား... သီလကုသိုလ်ကွဲနော်... ဘယ်လောက်များထင်ရှားသလဲကြားလား...။

သစ်သီးတစ်လုံး ပန်းတစ်ပွင့် ဟင်းတစ်ညွှန့်ကစ ရွှေ ငွေ ကျောက်သံပတ္တမြားအထိ ပိုင်ရှင်အခွင့်မပြုဘဲနဲ့ယူမယ်ဆိုရင် အဒိန္နာကံ မထိုက်ဘူးလား...အဒိန္နာကံထိုက်ရင် သေသည်ရဲ့အခြားဌ အပါယ်က လွတ်ပါ့မလား..အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲ သက် စေ့လူအဖြစ်ရတယ်ထား

လူဖြစ်တဲ့ဘဝမှာ အငတ်ပြဿနာနဲ့ ရင်ဆိုင်ရတယ်နော်...ဘယ်လိုဘဲ လုပ်လုပ် စားဝတ်နေရေး ပြေရဲ့လား ...စားဝတ်နေရေး မပြေဘူးကွဲနော်...အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား... အငတ်ပြဿနာရဲ့ အကြောင်းရှာကြည့်တော့...အတိတ်ဘဝက သူများစားမည့် အစားအစာတွေ ခိုးခဲ့တာပေါ့နော် သူများဝတ်မည့် အထည်အဝတ်အစားတွေခိုးခဲ့တာပေါ့... အဲဒီအပြစ်ကြောင့် ငရဲကိုကျရတယ်နော်... ငရဲကလွတ်ပြန်တော့ခါလည်း အငတ်ပြဿနာ နဲ့ရင်ဆိုင်ရတယ်...အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ်တာလား...

www.dhammadownload.com

အဲဒီလိုအကျိုးအပြစ် အကြောင်း အကျိုး ကိုသိမယ်ဆိုရင်သိတဲ့အချိန်ကစ၊ ပီးတော့ အသစ်အကုသိုလ်ပြုသေးရဲ့လား... မပြုရင်ကြွေးဟောင်းမကျေဘူးလား... ကြွေးသစ်တင်သေးရဲ့လား... အဲလိုစိစစ်ဖို့လိုတယ်ကွဲ့နော်...

လင်ရှိ မယား မယားရှိလင် ကျူးကျော်စော်ကားလို့ရှိရင်..ကာမေသုမိစ္ဆာစာရကံ မထိုက်လား...ထိုက်ရင်သေသည်ရဲ့အခြား ၌ အပါယ်ကလွတ်ပါ့မလား...အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့ လူအဖြစ်ရတယ်ထား

လူဖြစ်တဲ့ဘဝမှာ လူချင်း တူရဲ့လား.. ကွတ်ထိလိင် ပုလိင် ကွဲ့နော်ဘယ်လောက်များ ကြောက်စရာကောင်းလဲ...လေ့လာစရာကောင်းလဲနော်... စိစစ်ဖို့မကောင်းလား... ငရဲမှာလည်း အားရအောင် ခံရတယ်နော်...လူဖြစ်တော့ခါလည်း လူချင်းမတူဘူးပေါ့...

စားဝတ်နေရေးနဲ့ပတ်သက်လို့ မုသားကိုအမျိုးမျိုး မသုံးကြဘူးလား...မုသာဝါဒကံမထိုက်လား...ထိုက်ရင်သေသည်ရဲ့ အ ခြား၌ အပါယ်ကလွတ်ပါ့မလား...အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့လူဖြစ်ရတယ်ထား

လူဖြစ်တဲ့ဘဝမှာ စားဝတ် နေရေးနဲ့ပတ်သက်လို့ ငွေကြေးကိစ္စ ဆန်စပါးကိစ္စ ချေးလို့ငှားလို့လွယ်ကူစွာရရဲ့လား...ဘယ်သူမှအယုံအကြည်မရှိဘူးနော်... စားဝတ်နေရေးပြေရဲ့လားဟော့...အလိုလိုဖြစ်တာလား အကြောင်းကောင့်အကျိုးတရားပေါ်တာလား... အကြောင်းကြောင့် အကျိုးတရားပေါ်တာ... ။

www.dhammadownload.com

ဘိန်း ဘင်း ကဇော် လော်စာ အရက် သေရည်သေရက်ကို သောက်စားကျူးလွန်ရင် သုရာမေရယကံမထိုက်လား..သုရာမေ ရယကံထိုက်ရင် သေသည်ရဲ့အခြားဌ အပါယ်ကလွတ်ပါ့မလား...အပါယ်ကိုကျ ငရဲကိုအား ရအောင်ခံ ငရဲသက်စေ့ လူအဖြစ်ရတယ်ထား

လူဖြစ်တဲ့ဘဝမှာ ရူးတဲ့ပုဂ္ဂိုလ်တွေမြင်ဖူးရဲ့လား...လူဖြစ်တော့လူရူး ခွေးဖြစ်တော့ ခွေးရူး ဝက်ဖြစ်တော့ဝက်ရူးပေါ့...အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ် တာလား...အဲဒါအကြောင်းအကျိုးတွေကွဲနော်...အဲဒါ ပါဏာတိပါတာအစ သုရာမေရယအဆုံးမှာ အပြစ်အကြီးဆုံးသုရာမေရယ...။

မသောက်ခင်မစားခင်မမူးခင် ရိုးရိုးလေးပင်ကိုယ်စိတ်တွေ ပေါ့ကွဲနော်... ဇသာက် လို့စားလို့မူးတဲ့အခါကြတော့ သတ်ချင်တဲ့စိတ်တွေမပေါ် လား... ခိုးချင်တဲ့စိတ်တွေမပေါ် လား... သူများသားမယားတွေ ကိုဖျက်ဆီးချင်တဲ့စိတ်တွေမပေါ် လား...အင်း..မုသားသုံးချင်တဲ့စိတ်တွေမပေါ် လား...သူ့အပြစ်အင်မတန်ကြီးတယ်ကွဲနော်...အဲဒါကြောင့်ဆင်ခြင်ဖို့မကောင်းလား... ဆင်ခြင်ဖို့ကောင်းတယ်... လေ့လာဖို့မကောင်းလား... လေ့လာကြ...

အဲဒီအကုသိုလ်ကံ ငါးပါးကျူးလွန်ရင် ကျူးကျော်စော်ကားလို့ရှိက အပါယ်ဇလေးဘုံပေါ့နော်... လောဘစိတ်နဲ့သေရင် ပြိတ္တာအသူရကာယ်ပေါ့... ဒေါသစိတ်နဲ့သေရင်ငရဲပေါ့...မောဟစိတ်နဲ့ဆိုတိရစ္ဆာန်ကွဲနော်...အဲလိုလေ့လာဖို့မကောင်းလား...လေ့လာကြ... ။

အဲဒါကြောင့် သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်တဲ့ဘဝမှာ လူအဖြစ် နတ်အဖြစ်နဲ့နေရတယ်ကြားလား... အဲလိုစိစစ်ဖို့မကောင်းလား...လူဖြစ်တာ နတ်ဖြစ်တာ ကုသိုလ်ကံနော်... ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်လေးဘုံကျတာ အကု

www.dhammadownload.com

သိုလ်ကံနော်...လူအဖြစ် နတ်အဖြစ်က ကုသိုလ်ပေါ့...သီလကုသို
လ် ...သီလနဲ့ပြည့်စုံဖို့မလိုဘူးလား...အပါယ်ကိုသာ ကျသွားမယ်ဆိုရင်နိုင်
ရာစားဘဝပေါ့...အကုသိုလ် တွေထပ်ပြီးတော့မနေပေဘူးလား... အဲအကု
သိုလ်တွေထပ်နေတော့တာကွဲနော်...လူ့အဖြစ်ကိုရဖို့လွယ်ပါ့မလား...မလွ
ယ်ဘူး... ။

မိုးကုတ်ဆရာတော်ဘုရားကြီး တိတ်ခွေက ဟောတယ် လူတစ်သိန်းသေ
တယောက်ပြန်မဖြစ်ဘူးတဲ့ တသိန်းသေတာနော်... တယောက်ပြန်မဖြစ်
ဘူးတဲ့...။

မြတ်စွာဘုရားရှိတဲ့ ညီတော်အာနန္ဒာက လျှောက်တယ်...နောင်တော်
ဘုရား လူ နတ် ဗြဟ္မာသတ္တဝါ မှာရှိတဲ့ကုသိုလ်တရားနဲ့ အကုသိုလ်တရား
ဘယ်က များသလဲဘုရားလို့ မလျှောက်ဘူးလား...လူအရိယာ နတ်
အရိယာ ဗြဟ္မာ အရိယာ ကိုချန် ။ လူအခွ နတ်အခွ ဗြဟ္မာအခွ မှာရှိတဲ့ကု
သိုလ်တရား ငါဘုရားလက်သည်းပေါ်တင်တဲ့ မြူမှုန့်ပမာဏနော်... မြတ်စွာ
ဘုရား လက်သည်းပေါ်မှာဆိုတော့ခါ တစ်ရွေး ရွေးကြီး တစ်ရွေးသားရှိမှာဇ
ပ့ါ... ဘယ်လောက်ပါ့ မရှိပါလားကွာ... အကုသိုလ် က ကမ္ဘာပထဝီမြေကြီး
နဲ့အမျှလို့မဟောဘူးလား...ကမ္ဘာပထဝီမြေကြီးနော် နှိုင်းယှဉ်လို့ မရဘူးဇ
ပ့ါ...လူ့အဖြစ်ကို ရဖို့လွယ်ပါ မလား...

ရတဲ့ဘဝလေးမှာ အရင်းရဖို့လိုတယ်နော်...သီလနဲ့ပြည့်စုံမှ အရင်းရ
မှာ...အဲဒီသီလက နေပြီးတော့မှ သမုဒ္ဓေဒသီလ ဖြစ်မှ အမြတ်ထွက်မှာဇ
နော်... သမုဒ္ဓေဒ သီလဆိုတာ ရုပ်တစ်လုံး နာမ်တစ်လုံးကို သုညတ ဆိုက်ဇ
အောင်သိမှ သမုဒ္ဓေဒ ဖြစ်မှာ... အဲလိုလေ့လာဖို့မကောင်းလား...။

www.dhammadownload.com

မြတ်စွာဘုရား သာသနာထဲမှာ လူဖြစ်တာနဲ့ သာသနာပလူဖြစ်တာ တူရဲ့လား... မိုးကုတ် ဆရာတော် ဘုရားကသာသနာပမှာ ထမင်းရည် ချောင်းစီး အောင် လှူတဲ့အလှူထက် သာသနာတွင်းမှာ တကြွေးဖွန်း တစ်ယောက်မ လှူရတာ ပိုအကျိုးရှိတယ်လို့မဟောဘူးလား...ဘယ်လောက် များခြားနားသလဲနော်...

ခန္ဓာတရား အာယတနတရား ဓါတ်တရား သစ္စာတရား ပဋိစ္စသမုပ္ပါဒ် တရားဆိုတာ ဘုရားပွင့်မှ ကြားရတာကွဲနော်...ဘုရားမပွင့်ရင်ကြားဖို့လွယ်ပါ့မလား ...အဲဒါသိပြီဆို... ရတနာအစစ်ကို ရတော့တာကွဲ...ဘုရားရတနာ၊ တရားရတနာ၊သံဃာရတနာနော်... အဲဒီ ရတနာသုံးပါး အရေးကြီးတယ်... ဒါအစစ်တွေကွဲကြားလား...

အခုတော့ မိမိက လူတွေဟာ ကျော်ကျော်သွားကြတယ်...ကြားလား...ရတနာ အစစ်ကို မရှာဘဲနဲ့ အတုတွေရှာကြတာ။ ကျောက် သံ ပတ္တြမား ရတနာ ရွှေ ငွေ ဆိုတာတွေဟာ အတုတွေနော်... အိုနာသေ လွတ်ပါ့မလား...မလွတ်ပါဘူး...အတုတွေကြားလား...ကဿကသုံးလို့ အများကသုံးလို့ အဖိုးတန်တာပေါ့... လက်တွေ့ ထမင်း ဆာလို့အဲဒီ ပတ္တြမြားကို စားကြည့်...ဖြစ်ပါ့မလား...ရွှေတွေကား စားလို့ရပါ့မလား...မရပါဘူး...စားကောင်းတာတစ်ခုပါ့မပါဘူး... ။

ကန်စွန်းဥစားကြည့်...ရတယ်...ပိန်းဥ မြောက်ဥစားကြည့်...ရတယ်...ပြောင်းဖူး စားကြည့်ရတယ်...ထမင်းဟင်းတွေ စားကြည့် ရတယ်နော်...ဒါကြောင့်မို့လို့ သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ လို့ မဟောလား... တိရစ္ဆာန်ဖြစ် ဖြစ် လူဖြစ်ဖြစ် အာဟာရ မမှီဝဲဘဲနဲ့နေနိုင်ပါ့မလား...အာဟာရ အဖိုးအတန်ဆုံးကွဲ...အဲလိုစိစစ်ဖို့မကောင်းလား... အဲဒါ လိုရင်းအချက်တွေနော်...လေ့လာဖို့ မကောင်းလား...စဉ်းစားကြ...

www.dhammadownload.com

ဘုရားအစ အရိယာသူတော်ကောင်းတွေ တိုင်းပြည်နဲ့ထီးနန်းစွန့်သွားတာ ရတနာ အတုတွေကို မလို ချင်လို့စွန့်သွားတာကွဲ့...ရှင်သာရိပုတ္တရာတို့ ရှင်မဟာမောဂ္ဂလာန်တို့ သူဌေးသားတွေကွဲ့နော်...သူတို့အိမ်မှာ ဒါ ငွေတိုက် ဂ ရွှတိုက် တွေပေါ့ ...မလိုချင်လို့ထွက်သွားလေတာကြားလား...စိစစ်ဖို့မ ကောင်းလား...လေ့လာကြ...

အဲဒါလိုချင်တာနဲ့ မလိုချင်တဲ့ ဉာဏ် ဘယ်လောက်များခြားနားသလဲနော်... စိစစ်ဖို့မကောင်းလား...မိုးနဲ့မြေကြီးစပ်လို့ မရသလို အဲဒီလောက်ခြားနား တာကွဲ့ ...လေ့လာဖို့မကောင်းလား...လိုချင်တာလောဘ မလိုချင်အလော ဘ စိစစ်ဖို့မကောင်းလား...ဒါအရိယာသူတော်ကောင်း တွေစွန့်မသွားဘူး လား...အဲလိုကြည့်ရင် ဒါရတနာ အတုတွေ ပါကားကွဲ့...အိုနာဃေ မလွတ် ဘူးနော်...အိုနာဃေ လွတ်ကဲ့လား... အဲလို လေ့လာဖို့လိုတယ်ကွဲ့ကြား လား...

သည်တရား ဒါ ခန္ဓာသိဖို့လိုတယ် ၊ သစ္စာ သိဖို့လိုတယ်၊ ပဋိစ္စသမုပ္ပါဒ်ကြား ဖို့သိဖို့လို တယ် နော်...အဲလိုထိထိ သဘောပေါက်ဖို့လိုတယ်...လှူတယ် ဒါန်းတယ် ဆိုသော် ငြားလည်း ရှေးက ဆရာတော် သမား တော်တွေ ညော င် စေ့လောက် လှူငြားသော်လည်း ညောင်ပင်ကြီးလောက်အကျိုးပေးတ ယ်လို့မဟောဘူးလား... ညောင်ပင်ကြီးလောက် လှူငြား သော်လည်း ဂ ညောင်စေ့လောက်အကျိုးပေးတာ တဲ့နော်... ဘယ်လောက်များခြားနား သလဲ... စိစစ်ဖို့မကောင်းလား... အဲဒါစိစစ် ဖို့လိုတယ်...

မကြားစဖူး ကြားဖူးထပ်မံ။ ထပ်ခါ ထပ်ခါ ထပ်ခါဟောရတာ...ရှေးထက်ဂ ကျော်ကာရီက သူဌေးကြီးရဲ့ အိမ်နောက်ဖေး တန်းလျား မှာ နေတဲ့ အန္နဘာ ရ မြက်ရိတ်သမားရှိတယ်နော်...ညကိုဘုရားဝတ်တက်တယ်၊ သီလခံတယ်

www.dhammadownload.com

မနက်လင်း အိပ်ယာထ ဘုရားဝတ်တက်တယ်၊ သီလခံတယ်၊ ငါးပါးသီလ မကြောင်မကြား မကျိုးမပေါက်ထိန်းသိမ်းတယ်နော် ...သူ့အလုပ်က မြက် ရိတ်ပြီးတော့ မြက်ကိုရောင်း စားတာကွဲ့၊ ခန္ဓာဝန်ထိန်းဖို့မြက်ရိတ်ပြီးတော့ရောင်းစားတယ်ကြားလား...

ရာသီဥတုကဆောင်း ရာသီနော်...မနက်စာ ချမ်းလို့မီးလုံ့တာပေါ့...လုံ့တဲ့အခါ သူစဉ်းစားတယ်...အိမ်း...ငါမီးလုံ့တော့ ထင်းကုန်တာဘဲ...မီးလည်းလုံ့ရ အောင် ထမင်းလည်း ချက်ဦးမှဘဲ...ထမင်းအိုး တည် ။ အိုးတန်ဆန်ခတ် ချက်လိုက်တာပေါ့...ကျက်တဲ့ခါကျတော့ဘေးနားမှာမီးကျီး လေးနဲ့နှပ်...ငါးပိလေး စလောင်းမှာကပ်ကင်တာပေါ့နော်... နည်းနည်းလေးဝေလီဝေလင်း မမြင့် တမြင်ကြတော့ခါ ထပြီးတော့မှ တောသွားတော့တာကြားလား...တောရောက်တဲ့ခါမြက်တွေ ဘာတွေရိတ် ရိတ်လို့ပြန်လာခဲ့တဲ့ခါမှာကိုးနာရီလောက်ပေါ့၊

မြို့ဝင်ခါနီးမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်နဲ့သွားတွေ့တယ်...ဟိုကဖလသမာပတ်က အထွက် ဆွမ်းခံကြွလာခဲ့တယ်။ အရှင်ဘုရား၊ အရှင်ဘုရား တစ်ပြမြို့လုံးမှာကြည့်ချင်သလိုကြည့်။ တပည့်တော် လောက်ဆင်းရဲတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ့မရှိဘူးပေါ့... ဒီနေ့တော့ တပည့်တော်ချီးမြှောက်တော်မူပါဘုရားလို့မလျှောက်ဘူးလား...ခပ်ဆိတ်ဆိတ်နဲ့သူ့နောက်ကိုလိုက်သွားတယ်နော်...

သူ့အိမ် ဝင်းပေါက်ကိုရောက်တော့ လမ်းဖက်ကရပ်နေတာပေါ့...မြက် စည်းကိုချ ပုဆိုး အဝတ်အစားတွေလဲ ၊ မျက်နှာသစ်၊ ပလုပ်ပလဲကျင်း၊ပန်းကန်ခွက်ယောက်ကိုသပ်သပ်ရပ်ရပ်ဆေးပြီးတော့ မှ သူချက် ပြုတ်တဲ့ထမင်းခူး တော့ တာပေါ့...မနက်ခပ်စောစောက ချက်ထားခဲ့တဲ့ ထမင်းဆောင်းရာသီဆိုတော့ အေးတာပေါ့ကွဲ့ နော်...ငါးပိဖုတ်ကလည်း စလောင်းကပ်

www.dhammadownload.com

ထား ငါးပိကစလောင်းကပ်ထားတာ ဆီပါတယ် မပါတယ်မသိဘူးပေါ့...အဲ ဒါလျှုလိုက်လောင်း လိုက်တယ်...

အရှင်ဘုရား ဒီနေ့ဆွမ်းလျှုရတဲ့ ကုသိုလ်ကံ စေတနာကြောင့် ဒီနေ့ကစ မရှိ မလှ မဝ ဆိုတာ တပည့်တော် မကြားပါရစေနဲ့ ဘုရားလို့မလျှောက်ဘူး လား...အသင်တောင်းတဲ့ဆုအတိုင်းပြည့်စေတဲ့ကြားလား...အဲဒီမှာထီးချ က်စောင့် နတ်သမီးက သာဓု သုံးကြိမ်ခေါ်တယ်ကြားလား...အသံကလည်း ကောင်း သူဌေးကြီးကကြား အခုသာဓုခေါ်တာ ဘယ်သူလဲ လို့မမေးရဘူး လား... ငါထီးချက်စောင့် နတ်သမီးတဲ့...ဘယ်သူ့အလှူ သာဓုခေါ်တာလဲ လို့မမေးရဘူးလား...အန္နဘာရ မြက်ရိတ် သမား ရဲ့ဆွမ်း အလှူ ငါသာဓုခေ ါ်တာတဲ့ ကြားလား...

အခါ တိုင်းက ငါလှူခဲ့တာ ရှင်ပြုခဲ့တာ အပါးဘယ်နှစ်ထောင်သုံးထောင်ပေါ့ နော်... ရဟန်း ခံခဲ့တာနှစ်ထောင်သုံးထောင်နော်... ဘုရားတည်ခဲ့တာ ဆ ယ်ဆူ ဆယ့်ငါးဆူပေါ့...ရေတွင်းရေကန်လည်း မနည်းဘူး တူးခဲ့တာတွေ နော်... နှစ်စဉ်လည်း ကထိန်ခင်းတယ်နော်... ဆွမ်းလည်း ကျွေးတယ်နော်... အမျိုးမျိုးကုသိုလ်တွေ မလုပ်ဘူးလား...

လုပ်တဲ့ခါ ပရိသတ်ကို သောင်းချီပင့်တာကွဲ...ပထမ ညဦးမှာ ဗလာတီး ဆို င်း အင်မတန် အတီးကောင်းတဲ့ဗလာတီး ငှားတာ ပေါ့... ဒုတိယကြတော့ အငြိမ့်ပေါ့...တတိယကြတော့ ဇာတ်ပေါ့...အမျိုးမျိုးတွေ ပရိသတ်တွေ ကျေ နပ်အောင်နော်... ကုန်းသတ္တဝါ မစား ရေသတ္တဝါ ၊ ရေသတ္တဝါမစား ကုန်း သတ္တဝါ။ ကုန်းသတ္တဝါ လည်း မစား ရေသတ္တဝါလည်း မစားလို့ ပါတဲ့ပုဂ္ဂိုလ် က တော့ခါ ခုပြောတဲ့ အာလူးတို့ ခရမ်းသီးတို့ ဗူးသီးတို့ ဖရုံသီးတို့ ဒါချ က်ကျွေးတာပေါ့... အဲ...အဲဒီလိုတွေ အမျိုးမျိုး ပရိသတ် ကျေနပ်လောက်ေ အာင်ကျွေးတာကွ... စိစစ်ဖို့ မကောင်းလား...လေ့လာဖို့လိုတယ်နော်...

www.dhammadownload.com

ဘာဖြစ်လို့သာဓု မခေါ်သလဲ လို့မမေးရဘူးလား... သူဌေး ကြီးရဲ့အလှူငါ သာဓု မခေါ်နိုင်ဘူးတဲ့...ဘာဖြစ်လို့လဲလို့ပြန်မမေးလား...ဆန်တစ်တင်းမှာ နို့ဆီနှစ်လုံး လျော့တယ်တဲ့မပြည့်ဘူးတဲ့ ...ဆန်တစ်တင်း မှာလေ...ပိသာ နဲ့ချိန်တဲ့ခါလည်း နှစ်ကျပ်သားလျော့ သုံးကျပ်သားလျော့တယ်တဲ့... ကျပ်ချိ န်မပြည့်ဘူးပေါ့...ကျပ်ချိန်မပြည့်ရင် ... ဒါ သီလနဲ့ပြည့်စုံပါ့မလား...မပြည့်စုံ ဘူး... စိစစ်ဖို့မကောင်းလား... အန္နဘာရ ရဲ့ဆွမ်း အလှူက အင်မတန်သ န့်ရှင်းတာနော်... သီလနဲ့ပြည့်စုံတယ်... စိစစ်ဖို့မကောင်းလား...တစ်ပါးစာ ထဲ ။ တစ်ပါးစာထဲ...ပရိသတ် သူဌေးကြီးက ပရိသတ်သောင်းချီပြီး တော့ ဓ ကျွးတာကွဲ...ကျကျနန ကျွေးတာနော်... အဲလိုစိစစ်ဖို့ မကောင်းလား...

ဘယ်လို ခြားနားတာလဲလို့လေ့လာဖို့ မကောင်း လား...သူဌေးကြီးက သီလနဲ့မပြည့်စုံဘဲကိုး...ဥပမာပြောမယ် ဆိုရင် လမ်းခင်းတဲ့ ကျောက်ကြီးဓ တွ နဲ့တူတယ်နော်...ကားပေါင်း အစီး နှစ်ထောင် တိုက်ထားတာ...တစ်စီး တစ်စီးမှာ ဆယ်တန် လောက်နိုင်တဲ့ကားကြီးတွေပေါ့... အစီးနှစ်ထောင် ကားလား...လမ်းတွေ မှာစီပြီးတော့ ထားတာ နည်းတဲ့ကျောက်တွေ မဟု တ်ဘူး နော်... အန္နဘာရ ကကျောက်က လက်သန်း တဆစ်လောက်ရှိတ ယ် မိုးကုတ် က ပတ္တာမြားကျောက်နဲ့မတူလား... အရည်နဲ့ပြည့်စုံ တာကိုး... အဖိုးမတန်လား...

ဟိုက သူဌေးကြီးရဲ့အလှူက ကြီးကျယ် ငြားသော် လည်း လမ်းခင်းကျော က်နဲ့တူတယ်နော်... အရည်ပါရဲ့လား...မပါရင် အဖိုးတန်ရဲ့လား...အဖိုး မ တန်ဘူးကွဲနော်...ဟိုက ပတ္တာမြား ဆိုတာ အဖိုးတန်တာပေါ့... ပကတိမျက် စိ နဲ့ကြည့် သေးငြားသော်လည်း အရည်တွေပြည့်စုံတဲ့ သီလအခြေခံတာ ကိုးကွဲ...ဟိုကသီလပါ့မရှိဘဲကို...အဲလို စိစစ်ဖို့မကောင်းလား... အဲသဓ လာက် ထိအကျိုးပေးကောင်းတယ်ကြားလား...

www.dhammadownload.com

အဲဒါနဲ့သူဌေးကြီးက ဟော့ အန္နဘာရ မင်းအလှူ ငါ့ ကိုရောင်း အသပြာတစ်ထောင်ပေးမယ် မရောင်းနိုင်ဘူးတဲ့ ကျုပ်မွဲတယ်တဲ့ မရောင်းနိုင်ဘူးတဲ့ ဘုန်ကြီးသာဆိုရင်တော့ ရောင်းလိုက်တော့မှာ မင့်မရောင်းချင် အမျှပေးပါတဲ့ကြားလား...သူဌေးကြီးကိုအမျှပေးရင်ငါ့ဟာတွေ လျော့ကုန်မလား မသိဘူးပေါ့...ငါလှူတဲ့အရှင်သခင်ကိုသွားမေးဦးမယ်တဲ့နော်...လျော့ မလျော့ကိုငါလှူတဲ့အရှင်သခင်ကိုသွားမေးမယ်...

သူလှူတဲ့ အရှင် ပစ္စေကဗုဒ္ဓါ ကိုသွားပြီးတော့...( နေတဲ့ )တောကျောင်းကိုသွားတော့တာပေါ့...ဒီလို ဒီလိုပါတပည့်တော် အလှူကို အသပြာ တစ်ထောင်ပေးတယ်ဗျား... တပည့်တော်က မွဲလို့မရောင်းနိုင်ဘူးပေါ့... မင့်မရောင်းနိုင် အမျှပေးပါလို့တောင်းတယ်။ အမျှပေးရင်လျော့မလား မလျော့ဘူးလား လို့မလျှောက်ရဘူးလား... မလျော့ဘူးတဲ့ ပေးသာပေးလိုက်တဲ့နော်...

အရှင်ဘုရားက မလျော့ဘူးလို့ပြောတာ တပည့်တော် နား မလည်ဘူးတဲ့... မလျော့တာ တပည့်တော် နားမလည် အဲဒါမလျော့တာလေး ဟာ သိချင်တယ်တဲ့...မလျော့တာလေးဟာ ရှင်းပေး စမ်း ပါဦးတဲ့ကြားလား... မလျော့ဘူးဆိုတာ တပည့်တော် နားမလည်ဘူးတဲ့...အကာလညအခါမီးထွန်းပေါ့...ညဆိုတော့မှောင် မနေဘူးလား...မီးထွန်းတော့ လင်းမလာဘူးလား...

မြောက်က အိမ်က လာမီး ညှိထွန်းတယ်နော်...မြောက်က အိမ်ယူသွားတာ မီးမလင်းလား...သူ့မီးလျော့ရဲ့လား...တောင်က အိမ် ကလာ ညှိထွန်းတောင်ကအိမ်ကယူသွားတာ မီးမလင်းလား... သူ့မီးကားလျော့ ရဲ့လား... အနောက်ကအိမ်ကလာညှိထွန်း အနောက်ကအိမ်မီးမလင်းလား... သူ့မီးလျော့ရဲ့လား... အရှေ့ကအိမ်ကလာညှိ ထွန်းအရှေ့မှာအိမ်မီးမလင်းလား... သူ့မီး လျော့ရဲ့လား... တစ်ရွာလုံးကညှိထွန်းလည်း တစ်ရွာလုံး မီးမလင်း

www.dhammadownload.com

လား...မင့်မီး လျော့သ လားလို့မမေးရဘူးလား...မလျော့ဘူးတဲ့...ကျနပ်ပြီ တဲ့ကြားလား...

အဲသလို ပြန်မေးတတ်ဖို့လိုတာ...အဓိပ္ပါယ်မသိဘဲနဲ့ ပေးသာ ပေးလိုက်တာ ပေးလိုက်တော့
အဓိပ္ပါယ်မသိတော့ သဒ္ဓါ တရားနည်းတာပေါ့...
သဒ္ဓါ တရား ထက်ထက်သန်သန်ဖြစ်မှ အကျိုး ပေးသန် တာ...

အဲဒီဘဝက သေသွားတဲ့ခါ အနုရုဒ္ဓါ မင်းသား သွားဖြစ်တယ်ကြားလား...သူ တောင်းတဲ့ ဆုပြည့်သွားတာပေါ့... အဲတော့ သား က တစ်ဆယ် ဆယ့်နှစ်နှ စ်ရွယ် ရွယ် ကျောင်းထား ကျောင်းမှာနေ အား ကျောင်းမှာ စာသင်လို့အား တဲ့ခါ ဒိုးထိုးကစား ပေသီး ပေါက် ကစား  ဂျင်ကစား ဆာလောင်မွတ်သိပ် တဲ့ အခါ မိခင်ဆီမှာ သူငယ်ချင်းသွား စားစရာတောင်း ချလို့မခိုင်းရဘူး လား... ဒါစားစရာသွား တောင်းရတယ်နော်...ဟိုကတောင်းတဲ့အခါ အဆင် သင့်ကျွေးဖို့မွေးဖို့ ပေးဖို့ အဆင်သင့် လုပ်ထားတယ်ကြား လား ...အဲသ လိုနေ့စဉ် နဲ့တကွ ဂရုစိုက်ပြီးတော့ ကျွေးဖို့လုပ်ထားတာပေါ့...

တနေ့တ၌ရပ်ဝေးကဧည့်သည်တွေ ရောက်လာတော့ ဧည့်ဝတ်ပြုရတာနဲ့ သားအတွက် သွားရည်စာ မလုပ်မိဘူးပေါ့...ဒါနဲ့တောင်းလာတဲ့ခါ ဒီနေ့တော့ခါ စားစရာမရှိဘူးပေါ့... စားစရာမရှိဘူးလို့ မပြောရပေဘူး လား...အဲဒီ မရှိတဲ့မုန့်ကို တောင်းချလို့ပြန်မခိုင်းဘူးလား... မရှိတဲ့မုန့်ကို တောင်းချ လို့ခိုင်း တော့တာ...အဲဒီ မရှိတဲ့မုန့်ကိုပေး လိုက်ပါတဲ့အမေရယ်လို့မပြောရ ဘူးလား...

ဩော် ငါ့သား...ငါ့သား... မရှိဆိုတာ သူနားမလည် ဘဲကိုး...ဒီတခါ မရှိတဲ့ အကြောင်း သိစေရမယ်လို့ အုပ်ခွံပဲ ထည့်ပေးလိုက်တော့တာကြား

www.dhammadownload.com

လား...လူမင်းဘုန်းကြီးနတ်မင်းမနေ နိုင်... လမ်းခရီးကနတ်တွေကအုပ် ကို ဖွင့်ပြီးတော့နတ်သြဇာထည့်လိုက်တော့တာကြားလား... ဟိုရောက်တော့ဖွ င့်ပြီး တော့ စား လိုက်တာပေါ့...စောစောကပေးပါတော့ ဗျာ...မရှိတဲ့မုန့်က သာလို့ ကောင်းတာတဲ့ကြားလား...နတ်သြဇာကိုးကွဲ... လူမင်း ဘုန်းကြီးတော့နတ်မင်းမနေနိုင်နော်...

ကဲ သူတောင်းတဲ့ဆုတွေပြည့်မနေဘူးလား...ပြည့်မှာပေါ့ သီလနဲ့ပြည့်စုံတာကိုး... ကိုယ်က သီလပါ့ မပြည့်စုံလို့မသားကအမျိုးမျိုး ကို သုံးကြားလား...မုသားကိုရေလဲနဲ့မသုံးကြဘူးလား..တကယ်အရေး အရေးအ ကြောင်းနဲ့ပတ်သက်ပြီးတော့ အစိုးရနဲ့ပတ်သက် ပြီးတော့မှ အလုပ်အကောင်းတွ ရမည့် နေရာမှာ ကိုယ်ပြောတဲ့စကားတွေက မအောင်ရာဘူးကြားလား...ဒါပြင်နဲ့ပြောဦးတော့ မ အောင်ရာဘူးနော်...

အဲဒါတွေ သူတို့ လူတွေ မစဉ်းစားဘူးပေါ့... ဟိုလူတွေက တစ်ခွန်းပြောနဲ့ တစ်ခွန်း အောင်သွားတာနော်...သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေဖြစ်မယ်ကွဲ... အဲလိုလည်း လေ့လာဖို့မကောင်းလား... လေ့လာကြ ။ ကံ ကံရဲ့အကျိုးကို ယုံကြည်ဖို့လိုတယ်... ယုံကြည်ဖို့မကောင်းလား...ဒါစဉ်းစားကြနော်... အဲဒါ အကုသိုလ်ကံ ကုသိုလ်ကံယုံကြည်ဖို့မလိုဘူးလား...

အလျှုမင်္ဂလာနဲ့ပတ်သက်လို့မြို့လည်း မြို့အလျောက် ရွာလည်း ရွာအလျောက် ကုသိုလ်လုပ်တဲ့ အခါ မှာ ကျွေးတဲ့ မွေးတဲ့အခါမှာ အပေါင်းအဖော်တွေ ဖိနပ် ပျောက်တာတွေ မရှိဘူးလား...ဖိနပ်ပျောက်တယ် ငါ့ဖိနပ်ပျောက် တယ်မပြောဘူးလား...“ ဘယ်လောက်ပေးရသလဲ ”... “ ငါး ထောင်ပေးရတာ”ဘယ်သူ့ဆိုင်က ဝယ်ခဲ့တာပေါ့... အင်း... အဲလိုပြောတော့... ဘယ်သူက ဖိနပ်ပျောက်တယ်ဆိုတာ လူတွေ အကုန်ကြားသိတယ်နော်...

www.dhammadownload.com

တရားသမား တရားသိတဲ့ ပုဂ္ဂိုလ်က ဩဇာ...အဲဒီဖိနပ်ပျောက်တယ်ဆို တာ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ်တာ လား... ဖိနပ် ပျောက်တာအကြောင်းရှာကြည့်တော့ ဟိုဘဝကနေ သူခိုးခဲ့ တာတွေကိုး...သူခိုးပေါ်တော့တာပေ့... စိစစ်ဖို့မကောင်းလား. ..ကဲကြား ဖူးတော့ နားဝ နားဝတော့ တရားရတာနော်... စိစစ်ဖို့မကောင်းလား... နား ဝတော့ တရားရတော့ ဖိနပ်ပျောက်သွားဦး သူများကိုအသိပေးဦးမလား... ကိုယ့်ကိုယ်ကို ... မှိန်းပြီးတော့... ။

မှန်ကို... ကိုယ့်မျက်နှာကို မြင်ချင် တော့ မှန်ထောင်ကြည့်ရတာနော်... မှန် ထဲ မှာ ကိုယ့်မျက်နှာရိပ် မပေါ်ဘူးလား...အခုလည်း ဖိနပ်ပျောက်တယ်ဆို တာ မှန်ရိပ် မှာ ကိုယ့်မျက်နှာရိပ် ပေါ်သလို ကိုယ်ခိုးတာတွေ ပေါ်ကုန် တော့တာဗျား...ဘယ်သူမှအသိမပေးတော့ဘူးနော်...အဲလိုဆိုတော့ကိုယ့် ကိုယ် ကိုကျေနပ်ပြီးတော့မှ မနေဘူးလား... ကြွေးဟောင်းမကြေဘူး လား...ကြွေးသစ်တင်သေးရဲ့လား...အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား...

ဘဝအဆက်ဆက်က ခိုးခဲ့တော့ ကိုယ့်အလှည့် လွတ်ပါမလား... ဘဝအဆ က် ဆက် ကိုယ်က လိမ်ခဲ့တော့ ကိုယ့်အလှည့်ကား လွတ်ပါ့မလား... အလို လိုဖြစ်တာလား အကြောင်းကြောင့်အကျိုးတရားပေါ်တာလား... အလိမ်ခံ ရတယ် အလိမ်ခံရတယ် ဆိုတာအကြောင်းရှိလို့ အကျိုးတရားပေါ်တာ... အလိုလိုဖြစ်တာမဟုတ်ဘူးကွဲ့နော်... ဇော်တိက သူဌေး တို့ အတုလကာရီ တို့ ဘဝဆက်တိုင်းဘဝဆက်တိုင်း သူဌေးပဲ ဖြစ် တာပေါ့... သူတို့ပစ္စည်း ကို ဘယ်သူမှမလိမ်ဘူးနော်... ဘယ်သူပါ့မခိုးနိုင်ဘူးနော်...ဘယ်မင်းမှ မ သိမ်းနိုင်ဘူးကွဲ့...ဒါသီလနဲ့ပြည့်စုံလို့ ရခဲ့တဲ့ ပစ္စည်းကိုး...အခုအသိမ်းခံရ တာတဲ့ ဘာတဲ့ ညာတဲ့ မပြောကြဘူးလား...ကိုယ်ကသီလပါ့ တစ်ပါးလော

www.dhammadownload.com

က်ပ့ါ မရှိတာကိုခံရမှာပ့ါဟ...စိစစ်ဖို့မကောင်းလား...အဲလိုလေ့လာကြ
ဦး...အလိုလိုဖြစ်တာလား အကြောင်းကြောင့်အကျိုးတရားပေါ် တာလား...

အိမ်း...အဲဒါကိုသူခိုး တွေ ပေါ်မှန်း သိတော့တာနော် ... အဲလိုကြားဖူး
လို့နားဝတော့ခါ သိပယ်လို့မဟောဘူးလား...အင်း သိတဲ့အခါမရှောင်ရဘူး
လား... သိတဲ့အခါမပယ် ရဘူးလား... မသိခင် ကတော့ပြုလုပ်ကြတာဇ
ပ့ါ...မသိခင်ကြတော့ဘယ်သူပ့ါ အကုသိုလ်မကင်းဘူးလို့ယူဆ... သိမှ အ
ကုသိုလ် တရားပြတ်တာ...ဘယ်သူတွေပြတ်တာလဲ သက်သေတွေ အဇ
ထာက်အထားတွေ လိုတယ်နော်...

အင်္ဂုလိမာလကြီးဟာ လူသတ် ယောကျ်ားကြီး ပေ့ါ ကြားဖူးသလား...လူ
သတ်ယောကျ်ားနော်...မြတ်စွာဘုရားနဲ့တွေ့ သစ္စာတရား ၊ ခန္ဓာတရား ၊ ပ
ဋိစ္စသမုပ္ပါဒ်တရား ကို ကြားရနာရတော့ တစ်မဂ်တစ်ဖိုလ်မရလား...ကဲလူ
သတ်သေးရဲ့လား...သောတာပန်တည် မသွားလား... ဆက်ကြိုးစားတော့
သကဒါဂါမ် အနာဂါမ် ရဟန်းကိစ္စ မပြီးလား...ကဲသိမှပယ်နိုင်တာကွဲ...စိစစ်
ဖို့မကောင်းလား... အင်္ဂုလိမာလ က သက်သေမခံ လား...ခုဇ္ဈတ္တရာ ကျွန်မ
ဆိုတာ နေ့စဉ်နဲ့တကွ ပန်းဖိုး အသပြာတစ်ဝက် တစ်ဝက်ခိုးတယ်နော်...
ဘုရားရှင်ကိုယ် တော်နဲ့တွေ့တော့ သစ္စာတရား ၊ ခန္ဓာတရား ၊ ပဋိစ္စသမုပ္ပါဒ်
တရား ကို ကြားရနာရတော့ တစ်မဂ်တစ်ဖိုလ်မရဘူးလား... ကဲခိုးသေး သ
လားဟော့... မခိုးဘူးကွဲနော်...မသိခင်ကတော့ ခိုးတာပေါ့...သိတဲ့အခါ မဇ
ရှာင်ဘူးလား...သိတဲ့အခါ မခိုးတော့ဘူးနော်...သုရာမုခ ဆိုတာ အသောက်
သမားကြီးပေ့ါ ကဲ... ဘုရား တရားကိုကြားရ နာရတော့ တစ်မဂ်တစ်ဖိုလ် မ
ရလား... သောက်သေးသလား... သိမှ ပယ်နိုင်တာနော်...မသိခင်ပြုကြ
တာပေ့ါ...သိတဲ့တချိန်ဖြတ်ရတယ် ရှောင်ရတယ် ပယ်ရတယ်...ကြားလား..

www.dhammadownload.com

အဲလိုစိစစ်ဖို့ မကောင်းလား...အဲဒါကမွသသကတာ သမ္မာဒိဋ္ဌိ ယုံကြည်ဖို့လို တယ်နော်...အားကိုးရမှာက ဉာဏ်ပေါ့

ဉာဏ်ဆိုတာ ခန္ဓာကိုသိ တာ သစ္စာသိတာ  ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးသိ တာပေါ့... သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ပညာမဂ္ဂင်နှစ်ပါး ။ သမ္မာဝါယာမ၊ သမ္မာ သတိ၊ သမ္မာသမာဓိ။ သမာဓိမဂ္ဂင်သုံးပါးပေါင်းလိုက်တော့ ရှု ဉာဏ်မဂ္ဂင်ငါး ပါးပေါ့...အဲဒီငါးပါးက ခန္ဓာကိုသိတယ် အာယတနကို သိတယ်  ဓါတ်ကိုသိ တယ် သစ္စာသိတယ် ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုသိတယ်...ကြား လား...အမြင်ခံအရှုခံက ခန္ဓာငါးပါး ။
ပိဋကတ်သုံးပုံချုံ့ကြည့် ခန္ဓာငါးပါးဘဲရှိတယ်... ခန္ဓာငါးပါးချုံ့ကြည့် နာမ်နဲ့ရူ ပ်ဘဲရှိတယ်... အဲဒါအမြင်ခံအရှုခံ တရား...ရှု ဉာဏ် ကမဂ္ဂင်ငါးပါး...လေ့ လာဖို့မကောင်းလား...အဲဒါ အာရုံ အာရမ္မဏိက ပိုင်းခြားက အရှုခံ (မဂ္ဂ င် )....ခန္ဓာငါးပါးက အာရုံတရားပေါ့.. မဂ္ဂင်ငါးပါးက အာရမ္မဏိကတရားဖ ပါ့... အဲဒါလိုတယ်ကွဲနော်...

လက်တွေ့ မျက်တွေ့စိစစ်ဖို့ကောင်း တယ်ကြားလား... မျက်စိ အကြည်ရှိရ င် ရူပါရုံအဆင်း မတိုက်လား...မြင်တဲ့စိတ် မပေါ်လား... ငါမြင်တာလား မြင် သိစိတ်လား... လူကိုမြင်တာလား အဆင်း ကိုမြင်တာလား...အဲဒီမြင်တဲ့စိ တ်လေးဟာ မျက်စိအကြည်နဲ့ရူပါရုံအဆင်း မတိုက်ခင် ဘယ်ဆီ မှာနေတ ယ်လို့ လက်ညှိုး ညွှန် ပြခြင်းငှာ ထိုက်ကဲ့လား...နှစ်ခု တိုက်ဆိုင်တဲ့အခါ မြင် တဲ့စိတ်ပေါ်တာနော်...အဲဒါ လူကိုမြင်တာလား အဆင်းကိုမြင်တာလား... အဆင်းကိုမြင်တဲ့အချိန်မှာ လူတွေသေးရဲ့လား...လူမတွေ့ရင် နတ်ကားဇ တွ့ရဲ့လား... ဗြဟ္မာ ကား တွေ့ရဲ့လား...ပုဂ္ဂိုလ်သတ္တဝါ တွေ့ရဲ့လား...

www.dhammadownload.com

အဲဒီအချိန်မှာ ရာဂစိတ် ဒေါသစိတ် မောဟစိတ်ဖြစ်ပါ့မလား...အဲလို ပရမတ် အာရုံလို့မဟာဘူလား... စိစစ်ဖို့ မကောင်းလား...အဲဒီမြင်သိစိတ်ကိုပြန်စိစစ် ။

အကောင်အထည်ဟုတ်ကဲ့လား...ချိန်ကြည့် တစ်ပိသာရှိတယ် နှစ်ပိသာရှိတယ်ချိန်လို့ရပါ့မလား...တစ်ရွေးသားရှိတယ် နှစ်ရွေးသားရှိတယ်ချိန်လို့ရပါ့မလား...ချိန်လို့မရ သဘောအနေနဲ့ မြင်တာလေးက မထင်ရှားလား...ဒါမြင်သိစိတ်လို့ သူက စက္ခုဝိညာဏ် နာမ်တရားမရလား...မျက်စိအကြည်နဲ့ အဆင်းကရုပ် တရား မရလား... နာမ်ရုပ်နှစ်ပါး... လူလား နာမ်နဲ့ရုပ်လား...နတ်လား နာမ်နဲ့ရုပ်လား...ဗြဟ္မာလား နာမ်ရုပ်လား ။

အဲဒီနာမ်ရုပ်ကို သိတာ သူငါက သိတာလား မဂ္ဂသစ္စာကသိတာလား...ဘယ်မင်္ဂက သိတာလဲ...သမာဓိရသွားပြီနော်...သမာဓိမင် လို့မဟာဘူးလား...အဲဒီသမာဓိရတော့ သမာဓိတည်လို့ အားကောင်းနေတဲ့အချိန် တဒင်္ဂနိရောဓ ။ ရာဂဒေါသမောဟဖြစ်ခွင့်ရလား... ။ အဲဒီ အချိန်မှာ မိုးကြိုးပစ်သံတောင်မကြားဘူးတဲ့နော်...ကဲဟိုကဆဲတဲ့ အပုပ်ရည် သွင်းတဲ့စကားတွေကြားပါ့မလား...ဒါသမာဓိကောင်းနေတာပေါ့... ခန္ဓာဖက်ကို ဉာဏ်လှည့်တာနော်... ရာဂစိတ် ဒေါသစိတ် မောဟစိတ်ဖြစ်တယ် ဆိုတာ ခန္ဓာမှာဖြစ်တာလား ပုဂ္ဂိုလ်သတ္တဝါ မှာဖြစ်တာလား...ဩော်... ပုဂ္ဂိုလ်သတ္တဝါက ပညတ်အာရုံကွဲနော်... ခန္ဓာက ပရမတ်အာရုံကွဲနော်... အဲလို လေ့လာဖို့မကောင်းလား... ။

ဥပမာ အကာလညအခါ လထွက်ပြီးတော့ ... လတွေ ထွက်ပြီးတော့ ပေါ်လာတဲ့အချိန်မှာ ကောင်းကင်မော့ကြည့်နော်...လကိုမမြင်ရဘူးလား...လကိုမြင်တဲ့အချိန် လကိုကြည့်တဲ့အချိန်မှာ လအောက်မှာရှိတဲ့ ပင်လယ် သမုဒ္ဒရာ ရေမြေတောတောင်တွေမြင်ရပါ့မလား...မမြင်ရဘူးနော်...မျက်လွှာချ

www.dhammadownload.com

ပီးတော့ အောက်ကို ငုံ့လို့ ကြည့်တဲ့ခါ ရေမြေတောတောင်တွေမမြင်ရဘူး လား... ရေမြေတောတောင် မြင်တဲ့ခါ လကိုမြင်ရပါ့မလား... အာရုံနှစ်ခုပြိုင် လို့ ရပါ့မလား...လ ကိုမြင်တဲ့အခါလည်း ရေမြေတောတောင်တွေမြင်ရပါ့မ လား...

ဤပမာဏကဲ့သို့ ရုပ်နာမ်ကိုတွေ့တဲ့အခါ ပုဂ္ဂိုလ်သတ္တဝါတွေသေးရဲ့လား ... လူနတ်ဗြဟ္မာသတ္တဝါတွေသေးရဲ့လား...အဲဒီအချိန်လေးမှာ ဉာဏ်အလုပ် လုပ်တဲ့ အခါနော် ။ အဲဒီစိတ်လေးနဲ့ ဝိညာဏ်ချုပ် ဖို့မလိုလား...။
အဲဒါ မဂ္ဂင်ငါးပါးနဲ့ ဝိညာဏ်ချုပ်ရင် စူဠဒေသောတာပန် လို့မဟာဘူး လား...အိပ်ပျော် ယောက်ျားနိုးသော်လား ကဲ့သို့ လို့ နတ်ပြည်ကြမှ နတ် သမီးရင်ခွင်ထဲမှာ မဟာသောတာပန်ဖြစ်တယ် လို့ မဟာဘူးလား... လူ့ပြ ည်က ရှစ်ပါးပြည့်မယ်ဆိုရင် မဟာသောတာပန်ပေါ့... အဲလိုဆက်ပြီးတော့ ကြိုးစားတဲ့အခါကြတော့ ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက် လား... နာမ်တရားကသိပြီးတော့မပျက်လား...နိစ္စလားအနိစ္စလား... အနိစ္စ မမြဲခြင်း တရားသည် ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့ တရားလား...အဲဒီ အနိစ္စကိုနားလည်ဖို့ လိုတယ်ကွဲ့နော်...

အနိစ္စ မမြဲဘူးဆိုတဲ့ ကိစ္စဟာ စိစစ်ဖို့မကောင်းလား... ရူပက္ခန္ဓာ ဝေဒနာ က္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာနော်... ရုပ်တရားကြီးကလ ည်း ဖောက်ပြန်ပြီး တော့ မပျက်လား...ကဲ စိစစ်ဖို့မကောင်းလား...ဝေဒနာခံ စား ပြီးတော့ မပျက်လား...သညာမှတ် ပြီးတော့ မပျက်လား... စေတနာ ဇ စ့်ဆော် ပြီးတော့ မပျက်လား... ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက် လား...အဲဒါ သိဖို့လိုတာပေါ့... လေ့လာဖို့မကောင်းလား...

ဒါကြောင့်ရုပ်ဖြစ် တော့ ရုပ်ပျက်တာပေါ့...ဝေဒနာ ဖြစ်တော့ ဝေဒနာပျက် တာပေါ့...သညာ ဖြစ်တော့ သညာ ပျက်တာပေါ့... သင်္ခါရက္ခန္ဓာ ဖြစ်တော့

www.dhammadownload.com

သခ်ၤိရက္ခန္ဓာ ပ်က္တာေပါ့... ဝိညာဏကၡန္ဓာ ျဖစ္ေတာ့ ဝိညာဏကၡန္ဓာ ပ်က္တာေပါ့... ကဲ ... ရုပ္နာမ္ကို ဖယ္ ထား အနိစၥရွိ သေးရဲ့ လား...အနိစၥဆို အဘာဝျဖစ္မွာေပါ့... ပညတ္အာရုံ...ျဖစ္ပ်က္ ျဖစ္ပ်က္နဲ့ ရုပ္မပါဘဲနဲ့ ရပ့ါမ လားဟဲ့... နာမ္ မရွိဘဲနဲ့ရပ့ါမလားဟဲ့... ခန္ဓာမတ္ေဘဲနဲ့ျဖစ္ပ်က္ရပ့ါမ လား...

ဥတပရိညာလို့ဘုရား ေဟာ မေဟာ... ပညတ္ ပရမတ္ ပိုင္းျခားဖို့မ လိုလား... နာမ္ရုပ္က ပရမတ္ လူကပညတ္ နာမ္ရုပ္ကပရမတ္ နတ္ကပည တ္ နာမ္ရုပ္က ပရမတ္ ျပဟ္မာ ကပညတ္ ကြားလား...ပညတ္ ဆိုတာ သမုတ္တာ ခေါ၊တာ ရွိတာ မဟုတ္ဘူး... စိစစ္ဖို့မေကာင္းလား... အဲဒါအျမင္ခံ အရွုခံက လူလား နာမ္နဲ့ရုပ္...အဲဒီ နာမ္ရုပ္ေပါ၊မွာ လူလို့နလုံးသြင္း မမွား လား...နာမ္ရုပ္ကို ဖယ္ထား နလုံးသြင္း မွားစရာ လိုေသးရဲ့လား... နာမ္ရုပ္ ေပါ၊မွာ မွားတာကြဲ့ ။

နာမ္ရုပ္ လို့သိတာ့ခါ မမွန္ဘူးလား... နာမ္ရုပ္လို့သိတဲ့ခါ လူတြဲေသး ရဲ့လား... အမွန္သိတာ့ အမွားမေျာက္ လား...နာမ္ရုပ္ေပါ၊မွာ လူ လို့နလုံးသြင္းမွားတာေနာ္...ေလ့လာဖို့ မေကာင္းလား...အနိစၥ ... နာမ္ရုပ္ကိုဖ ယ္ထား အနိစၥရွိပ့ါမလား...အဲလိုေလ့လာဖို့မေကာင္း လား...ျဖစ္တာ ရုပ္ေ တြေနာ္ ပ်က္တာလည္း ရုပ္ေတြေပါ့... ျဖစ္တာလည္း နာမ္ ပ်က္တာလည္း နာမ္ေပါ့ေနာ္...

ဒါေၾကာင့္မို့ မိုးကုတ္ဆရာ ေတာ္ၾကီးက တဇ္ဇာရီ ပညတ္တဲ့ ရွိရာက မရွိတာ လို့မေဟာဘူးလား...မရွိတာသက္သက္သာဆို အဘာဝပညတ္ လို့မေဟာ ဘူးလား...အဲဖြစ္ပ်က္ ျဖစ္ပ်က္နဲ့ ရုပ္နာမ္ကို လြတ္ထား ရပ့ါမလားဟဲ့... ဒါ ျဖစ္ပ်က္တာ့ အေပြာ ကတာ့ မွန္မေနဘူးလား... အေပြာအဆို အေနအ

www.dhammadownload.com

ထိုင်တွေ မူပြောင်းရဲ့လား...ပြောင်းဘူး ကိလေသာက လှုပ်ကိုမလှုပ်ဘူး နော်... စိစစ်ဖို့မကောင်းလား...

လောဘလည်း မလျော့ ဒေါသလည်း မလျော့ မောဟလည်း မလျော့ဘူးပေါ့... လေ့လာဖို့မကောင်းလား ... တကယ့်အမြင်မှန်ကြရင် ရော့ရမှာပေါ့ .... အဲလိုသိအောင်ကြိုးစားကြ...
ထိထိမိမိ သဘောပေါက်ဖို့လိုတယ်နော်...

လက်တွေ့တဲ့ တခါပြန်ပြီးတော့ လျှာနဲ့ပတ်သက်ပြီးတော့ ထင်ရှားတာလေး ငှက်ပျောသီး...။
နံ့သာပု ငှက်ပျောသီး ပင်ထက်မှည့်ကို စားကြည့် လိုက်နော်... ဘယ်လိုတွေ့မလဲ...
အဲဒီ မစားခင်က ချိုတယ်လို့ သိတဲ့စိတ်ကလေးဟာ ဘယ် မှာနေတယ်လို့လက်ညှိုး ညွှန်ပြခြင်း ငှာထိုက် ကဲ့လား...မထိုက်ဘူးနော်... လျှာအကြည် နဲ့ ချိုအရသာထိတဲ့အခါမှ ချိုတယ်လို့သိတဲ့ စိတ်လေးပေါ်တာ... ချိုတယ်လို့သိတဲ့ အချိန်မှာ ငှက်ပျောသီးလို့သိလို့ဖြစ်ကဲ့လား...တခြားတွေ သိလို့ဖြစ်ကဲ့လား...ချိုတာက လွဲလို့တခြား တွေ့သေးရဲ့လား...အဲလိုစိစစ်ဖို့မကောင်းလား...အာရုံ အာရမ္မဏိက ကွဲ့နော်...

အဲဒီအချိန်လေးမှာ ငှက်ပျောသီးတွေ့သေးရဲ့လား... ချိုတဲ့သဘော တရားလည်း မျက်စိနဲ့ကြည့်မြင်ရပါ့မလား...လက်နဲ့ကိုင် စမ်းကြည့်တွေ့ရဲ့လား...နမ်းကြည့်တွေ့ရဲ့လား... နားထောင်ကြည့် တွေ့ရဲ့လား ...လျှာနဲ့ကြတော့ ချိုတယ်လို့ မသိနိုင်ဘူးလား...

သိပင် သိငြားသော်လည်း အကောင်အထည် ဟုတ်ကဲ့လား... သဏ္ဌာန်နိမိတ် တွေဟုတ်ကဲ့လား...အနိမိတ္တနော်...သဘောအနေနဲ့ မထင်ရှားဘူး

www.dhammadownload.com

လား...ထင်ရှားတယ်... ချိန်ကြည့် တစ်ရွေးသားရှိတယ် နှစ်ရွေးသားရှိတယ် ချိန်လို့ရရဲ့လား...ကဲ သဘောအနေနဲ့ ချိုတယ် သိတဲ့စိတ်မထင်ရှားဘူး လား... နာမ်တရားမရလား... လျှာအကြည်နဲ့ချိုအရသာကားရုပ်တရားမရ လား...နာမ်ရုပ်နှစ်ပါး... ငှက်ပျောသီးလားနာမ်နဲ့ရုပ်လား... နာမ်ရုပ်လို့သိ ငှ က်ပျောသီးလို့ခေါ်...တွေ့တာ ငှက်ပျောသီးလား နာမ်နဲ့ရုပ်လား...ဘာဖြစ် လို့ငှက်ပျောသီးမတွေ့တာလဲ...မရှိရင်ငှက်ပျောသီး အနေနဲ့စွဲစရာ လိုသေး ရဲ့လား...လေ့လာကြည့်နော်...

တနည်းအားဖြင့် လူထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်ဒေ နာ်...
ပူနွေးနွေး မတွေ့လား...တွေ့တာ လူလား တေဇောဓါတ်လား...ပူတာ ဥဏှဒေ တဇောပေါ့
တနည်းအားဖြင့်အေးတာ မတွေ့လား... လူလားတေဇောဓါတ်လား...အေး တာ သီတတေဇောပေါ့ပူတယ်အေးတယ်သိတာသူ ငါလား ကာယ ဝိညာ ဏ်လား... သူက နာမ်တရားမရလား...ပူတာ အေးတာက ရုပ်တရား မရ လား...နာမ်ရုပ်နှစ်ပါး...လူလား နာမ်နဲ့ ရုပ်လား... နတ်လား နာမ်နဲ့ရုပ် လား...ဖြဟ္မာလား နာမ်နဲ့ရုပ်လား...နာမ်ရုပ်ဘဲတွေ့တယ်နော်...လူမတွေ့ နတ်မတွေ့ ဖြဟ္မာမတွေ့ ပုဂ္ဂိုလ် သတ္တဝါ မတွေ့ပေါ့... ဘာဖြစ်လို့မတွေ့တာ လဲ...အဲဒါယုံကြည်ဖို့လိုတာ...

တွေ့တဲ့တရားက လူလားနာမ်နဲ့ ရုပ်လား...ကဲ နာမ်ရုပ်ဘဲ တွေ့တယ်နော်... လူနတ်ဖြဟ္မာ သတ္တဝါ မတွေ့တာရှိလို့လား မရှိလို့လား...ဒါကြောင့် ဘုရား အဆူဆူ က...
မရှိပညတ်က လူနတ်ဖြဟ္မာသတ္တဝါ

www.dhammadownload.com

မရှိပညတ်က လူနတ်ဗြဟ္မာသတ္တဝါ လို့မဟောဘူးလား... မရှိပညတ် လူမရှိနတ်မရှိ ဗြဟ္မာမရှိ ပုဂ္ဂိုလ်သတ္တဝါ မရှိနော်...ရှိပရမတ်က နာမ်နဲ့ရုပ်...။

ဘယ်ပုံ ဘယ်နည်းရှိတာလဲ စိစစ်ဖို့မကောင်းလား...
ဖောက်ပြန်ပြီးတော့ မပျက် လား...သိပြီးတော့ မပျက်လား...ဖြစ်ပျက်လို့မဟာလား... အဲလိုလေ့လာဖို့မကောင်းလား...ဥာတပရိညာပြီးမှ အနိစ္စ ဒုက္ခ အနတ္တ ကိုလေ့လာရတယ်... လေ့လာဖို့မကောင်းလား... အဲလိုလေ့လာဖို့လိုတယ်နော်...

အနိစ္စမမြဲခြင်းတရားသည် ချမ်းသာ တဲ့တရားလား ဆင်းရဲတဲ့တရားလား... ဆင်းရဲတဲ့တရားကိုသုခလို့ခေါ်မလား ဒုက္ခလား... ဣဒုက္ခတရားကိုပိုင်သူရှိရဲ့လား... သတ္တဝါအလိုသို့လိုက်ကဲ့လား... အကြိုက်သို့ပါရဲ့လား...အနတ္တ...လို့မဟောဘူးလား... အနိစ္စ ဒုက္ခ အနတ္တ ပေါ့... ဒါပွားလို့ သိတာနော်...

အနိစ္စတရားတွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးရဲ့လား... ဒုက္ခ တရားတွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးရဲ့လား... အနတ္တတရား တွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးရဲ့လား...
အနိစ္စတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့မလိုလား...
ဒုက္ခ တရားတွေ့တဲ့ အခါ နာမ်ရုပ်တွေ့သေးရဲ့လား... အနတ္တတရားတွေ့တဲ့အခါနာမ်ရုပ်တွေ့သေးရဲ့လား... အဲလိုစိစစ်ဖို့မကောင်းလား... တီရဏပရိညာပေါ့...

အနိစ္စ ဒုက္ခ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့မဟောဘူးလား...ဘာသစ္စာလဲ... ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား... ဆင်းရဲတယ်လို့အမှန်သိ နောင်တဖန်ဒီ ခန္ဓာမျိုး ရချင်သေးရဲ့လား...လက်ရှိ ခန္ဓာ မတွယ်တာ

www.dhammadownload.com

ဘူးနော်... လက်ရှိ ခန္ဓာ မတွယ်တာ နောင် ခန္ဓာ တောင့်တပါ့မလား...ဆင်း ရဲတယ်လို့သိနေပြီကိုး...

ဆင်းရဲတယ်လို့ သိကတည်းက ချမ်းသာတယ်လို့သိတဲ့ အဝိဇ္ဇာမချုပ်ဘူး လား... အဝိဇ္ဇာချုပ်ရင် လိုချင်နှစ်သက်တဲ့တဏှာ လာသေးရဲ့ လား...စွဲလ န်းတဲ့ ဥပါဒါန် လာသေးရဲ့လား...အာသဝနဲ့ ကာမာသဝ နဲ့ ဘဝါသဝ မချုပ် လား...ရှေ့ပိုင်းက နာမ်ရုပ်သိတော့ ဒိဋ္ဌာသဝနဲ့အဝိဇ္ဇာသဝမချုပ် လား...အာသဝေါတရားလေးပါးမကုန်လား...ကုန်ရင် သမုဒယသစ္စာမဖ သလား... နောက်ခန္ဓာဇာတ်မသိမ်းလား... နိရောဓသစ္စာ.... ။

ကဲ... ထိဆဲခန္ဓာကဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက(မ ဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယသစ္စာပါ ဘုရား) နောက်ခန္ဓာ မလာ တာက(နိရောဓသ စ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (ဖ လေးကွက်ရှိပါတယ် ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါ ဘုရား) ငါးလေးလီ(နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ် သည် သံသရာမှလွတ်ကြောင်းတည်း)

သာဓု သာဓု သာဓု

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တော ရကျောင်း ၊ ပဓာနနာယက ဆရာတော်

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရား ကီး ။

ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ် တွင် ၉-၁၀-၂၀၀၇ ခုနှစ် ည (၇)နာရီအချိန် ဟောကြားဆုံးမ တော်မူအပ်သော

www.dhammadownload.com

လောသကတိသ ရဟန်းအကြောင်း ဥပမာပြ
ခန္ဓာဉာဏ်ရောက် ဒီဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓသ။နမော ဓမ္မသ။နမော သံဃသ။နမော မာတာပိတုသ။နမော အာစရိယသ။

ဗုဒ္ဓသ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဒါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မသ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဒါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃသ-မဂ်ဌတည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်ဌတည်သော ပုဂ္ဂိုလ်လေးပါး ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်အား။နမော-ရည်ညွှတ်သဒ္ဒါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုသ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဒါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယသ-ဂိုဟသနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဒါ စေတနာဖြင့်

www.dhammadownload.com

ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာတစ်ခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝင့်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

www.dhammadownload.com

တရားနာတယ်တဲ့ တရားအားထုတ်တယ် တရားလေ့လာတယ်ဆိုတာ မိမိ ခန္ဓာမှာ ရှိတဲ့ တရားနဲ့ အသိဉာဏ်နဲ့ ထပ်သွားဖို့လိုတယ်နော် .. ရှိတဲ့တရား ဆိုတာ ရုပ်နှစ်ခုတိုက်မှ ပေါ်တဲ့ ခန္ဓာငါးပါး ကိုပြောတာနော် .. စာလို တော့ အာရုံနဲ့ဒါရပေါ့ ရုပ်နှစ်ခု တိုက်တဲ့ခါ ဆိုင်ရာဝိညာဏ် မပေါ်လား ..

မျက်စိအကြည်ရှိရင် ရူပါရုံအဆင်း မတိုက်လား မြင်သိစိတ်မပေါ်လား ။နား အကြည်ရှိရင် အသံ မတိုက်လား ကြားသိစိတ်မပေါ်လား။ နာခေါင်းအကြ ည်ရှိရင် အနံ့မတိုက်လား နံသိစိတ်မပေါ်လား ။ လျှာအကြည်ရှိရင် ရသာ ခြ ခက်ပါးမတိုက်လား စားသိစိတ်မပေါ်လား ။ ကိုယ်အကြည်ရှိရင် ပထဝီဇ ဖောဋ္ဌဗ္ဗ တေဇောဖောဋ္ဌဗ္ဗ ဝါယောဖောဋ္ဌဗ္ဗ မတိုက်လား .. ထိသိစိတ်မပေါ် လား .. ။ မနောအကြည်ရှိရင် ဓမ္မာရုံတိုက်မယ်နော် .. ကြံသိစိတ်မပေါ်လား ။

မျက်စိအကြည် ရှိတော့ ရူပါရုံ အဆင်း မတိုက်လား မြင်တဲ့စိတ် မပေါ်လား ငါမြင်တာလား မြင်သိစိတ်လား .. ။ ရုပ်နှစ်ခု မတိုက်ခင် မြင်တဲ့စိတ်ကလေး ဟာ ဘယ်ဆီမှာနေတယ်လို့ လက်ညှိုးညွှန်ပြခြင်းငှာ ထိုက်ကဲ့လား ..။ နှစ်ခု တိုက်တော့ ဖွားကနဲပေါ်မလာဘူးလား .. ။အကောင်အထည်ဟုတ်ကဲ့ လား .. ။ ပုံပန်းသဏ္ဌာန်ပါရဲ့လား ။ သဘောအနေနဲ့ မထင်ရှားဘူးလား .. ။ ချိန်ကြည့် ။ တစ်ပိသာရှိတယ် နှစ်ပိသာရှိတယ် ချိန်လို့ရပါ့မလား ။ တ စ်ရွေးသားရှိတယ် နှစ်ရွေးသားရှိတယ် ချိန်လို့ရကဲ့လား .. ။ ချိန်လို့မရငြား သဘောအနေနဲ့ မြင်တဲ့စိတ် မထင်ရှားဘူးလား.. ။ အဲဒီမြင်တဲ့စိတ်ဟာ ငါ ပါတ်ဖို့လိုတာကွဲနော်.. ရုပ်နှစ်ခု တိုက်မှ ပေါ်တယ်လို့ သိဖို့လိုတာပေါ့ ..။

မြင်တယ် ဆိုငြားသော်လည်း တစ်ဝိညာဏ်တည်း မြင်သိလို့ဖြစ်ကဲ့လား .. ။ မဖြစ် ... သူနဲ့သဟဇာတ ဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား .. ။ အဆင်းလို့ခံစားတာ ငါလား ဝေဒနာလား ..လူလား ဝေဒနာလား .. နတ်

www.dhammadownload.com

လားဝေဒနာလား ..ဗြဟ္မာလားဝေဒနာလား .. ။အဆင်းလို့မှတ်တာ လူနတ်ဗြ
ဟ္မာလား သညာလား .. ခံစားနိုင်အောင်စေ့ဆော်တာ မှတ်နိုင်အောင်စေ
စ့ဆော်တာ သူငါလားစေတနာလား ..။

ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါး မပြည့်
လား .. ။ ဤလေးပါးပြည့်စုံမှ မြင်သိစိတ်ဖြစ်တာနော် .. ။ လူနတ်ဗြဟ္မာ
လား နာမက္ခန္ဓာလေးပါးလား .. မျက်စိအကြည်ကား လူဟုတ်ကဲ့လား .. ။
ရူပါရုံအဆင်းကား လူဟုတ်ကဲ့လား .. ။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာမရ
လား .. ။ နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း .. ။ လူလား ခန္ဓာငါးပါးလား ..
။ နတ်လား ခန္ဓာငါးပါး လား ..။ ဗြဟ္မာလား ခန္ဓာငါးပါးလား .. ။ ခန္ဓာဘဲဝ
တ္တတယ်နော် .. ။

ပဋိကတ်သုံးပုံ ချုံ့ကြည့်တော့ ခန္ဓာငါးပါးပေါ့ ၊ ခန္ဓာငါးပါးချုံ့ကြည့်တော့ နာ
မ်နဲ့ရုပ်ပေါ့ .. ။ အဲလိုစိစစ်ဖို့မကောင်းလား .. ။ တရားထိုင်တာ ဒီခန္ဓာသိဖို့ဝ
နော် စကြံသွားတာ ခန္ဓာသိဖို့နော် ။ ရပ်တယ်ဆိုတာ ခန္ဓာသိဖို့နော်။ လျောင်း
တာ ခန္ဓာသိဖို့ပေါ့ ။ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ပေါ့နော် .. ။

အဲဒီခန္ဓာပေါ်မှာ မသိကြလို့ ။ ခန္ဓာလို့မသိလို့ ။
ခန္ဓာပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါနဲ့ နလုံးသွင်းမမှားလား .. လူအနေနဲ့ နလုံးသွင်း
မမှားလား .. နတ်အနေနဲ့ နလုံးသွင်းမမှားလား .. ဗြဟ္မာအနေနဲ့ နလုံးသွင်း
မမှားလား .. ။နလုံးသွင်းမှားလို့ သက္ကာယဒိဋ္ဌိ ဖြစ်တာပေါ့။ နလုံးသွင်း ခန္ဓာ
ငါးပါးလို့ သိမယ်ဆိုရင် သက္ကာယဒိဋ္ဌိပြုတ်တယ် နော် .. ။ အဲလိုစိစစ်ဖို့မ
ကောင်းလား .. ။ တကယ့် အမြင်ခံအရှုခံက လူနတ်ဗြဟ္မာလား ခန္ဓာငါးပါး
လား .. ခန္ဓာကို ခန္ဓာမှန်း သိဖို့လိုတယ်ကြားလား ..။ လေ့လာဖို့မကောင်း
လား .. ။

www.dhammadownload.com

လက်တွေ့မျက်တွေ့ပေါ်ကွဲနော် ။ လူထင်လို့ ဘုရားပေးတဲ့ ဝိဇ္ဇာမျက်မှန်နဲ့တ
ပ်ကြည့် လူကိုမြင်တာလား အဆင်းကိုမြင်တာလား .. လူထင်လို့လက်နဲ့ ပု
တ်ကြည့် တီးကြည့် လူတွေသလား အသံလား .. ။ လူထင်လို့နမ်းကြည့်
လူတွေ့မလား အနံ့တွေ့မလား .. ။ လူထင်လို့ လျှာလေးနဲ့လျက်ကြည့် ။
လူတွေ့မလား ရသာဓါတ်တွေ့မလား .. လူထင်လို့ ဘုရားပေးတဲ့ဉာဏ်
လက် နဲ့ကိုင်စမ်းကြည့် လူတွေ့မလား မာတာတွေ့မလား .. လူတွေ့မလား ဇ
ပျာ့တာတွေ့မလား ..

မာတယ် ပျော့တယ်လို့သိတာ သူငါလား ကာယဝိညာဏ်လား .. တစ်ဝိညာ
ဏ်ထဲ ထိလို့သိလို့ ဖြစ်ကွဲလား .. မဖြစ်သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ
သညာ စေတနာမပါလား ။ မာတယ်ပျော့တယ်လို့ ခံစားတာ ငါလား ဝေဒ
နာလား .. ။ လူလားဝေဒနာလား .. ။နတ်လားဝေဒနာလား ..။ ဗြဟ္မာလားဇ
ဝဒနာလား .. ။မာတယ်ပျော့တယ် လို့မှတ်တာ လူနတ် ဗြဟ္မာလား သညာ
လား .. ခံစားနိုင်အောင်စေ့ဆော်တာ မှတ်နိုင်အောင်စေ့ဆော်တာ သူငါ
လားစေတနာလား ..။

ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါးမပြည့်
လား .. ဤလေးပါးပြည့်စုံမှ ထိသိစိတ် ဖြစ်တာနော် ..လူနတ်ဗြဟ္မာလား နာ
မက္ခန္ဓာလေးပါးလား ..။ ဘယ်လောက်များ ထင်ရှားသလဲနော် .. ကာယအ
ကည်ကား လူဟုတ်ကွဲလား .. မာဆိုတဲ့ ပထဝီကား လူဟုတ်ကွဲလား ..
ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာမရလား .. နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း
(ခန္ဓာငါးပါး ပါဘုရား)

တရားပျောက်တော့ကိုယ်မှာရှာ ကိုယ်မှာရှာတော့တရားတွေ့တယ် မဟော
ဘူးလား .. တွေ့တာက လူလား ခန္ဓာငါးပါးလား .. နတ်လားခန္ဓာငါးပါး
လား .. ဗြဟ္မာလားခန္ဓာငါးပါးလား .. လူလည်း မတွေ့ နတ်လည်း မတွေ့ ဗြ

www.dhammadownload.com

ဟ္မာလည်း မတွေ့နော် ဘာဖြစ်လို့မတွေ့တာလဲ .. အဲဒါယုံကြည်ဖို့လိုတာ ကွဲ့ .. တွေ့တာကို အမှန် မယူရဘူး လား ..အဲဒါယုံကြည်ဖို့လိုတယ်ဒေ နာ် ..အခုယုံကြည်တဲ့ သဒ္ဓါ တရားက နည်း တာကိုးကွဲ့ကြား လား ... အဲလိုစိ စစ်ဖို့ မကောင်းလား ..

ဒါတရားပျောက်တော့ ကိုယ်မှာရှာ ကိုယ်မှာရှာတော့ တရားတွေ့ ၊ တွေ့တာ ခန္ဓာဘဲတွေ့ တယ် .. ထင်တာကလူ တွေ့တာကခန္ဓာငါးပါး ၊ ထင်တာက နတ် တွေ့တာကခန္ဓာငါးပါး ၊ ထင်တာကဗြဟ္မာ တွေ့တာကခန္ဓာငါးပါး .. ကဲ ခန္ဓာဘဲ တွေ့တယ်နော် ချုံ့ကြည့် နာမ်နဲ့ရုပ်ပေါ့ .. ဖြန့်ကြည့်ရင် ခန္ဓာငါးပါးဒေ ပါ့ ။ ဒါသက္ကာယ လို့မဟာဘူးလား .. ငါစွဲဒိဋ္ဌ မပြုတ်လား .. အဲလိုလေ့လာ ဖို့ လိုတယ်ကွဲ့ ကြား လား ..

ဒါကြောင့် မို့လို့ မကြားစဖူး ကြားဖူး ထပ်မံတဲ့ ။ ခဏ ခဏ ရှေးက သားအမိ သားအဖ သုံးယောက် ။ သားလေးတစ်နှစ်နဲ့ ခြောက်လအရွယ်မှာ ဖခင်ဖြစ် တဲ့လူက သေသွားတာပေါ့ ။ အဲတစ်နှစ်နဲ့ခြောက်လ ဆိုတာ သွားနိုင် လာနို င် ပြောနိုင်ပြီနော် .. ။ အဖေမှန်း အမေမှန်းသိပြီနော် .. နှစ်နှစ်သားလောက် ကျတော့ မိခင်က အိမ်ထောင်ပြု တော့တာပေါ့။ နောက်ရတဲ့ ယောကျ်ားကို သားလေးကို အဖေလို့အခေါ် မခိုင်းလား .. ။ အဖေလို့ခေါ် အဖေလို့ ခေါ်လို့ ခိုင်းလို့ခေါ်ရတယ်နော်... ။

သူ့အဖေဟုတ်ကဲ့လား .. သူ့အဖေမဟုတ်ဘူးလို့မသိဘူးလား .. ဒါအဖေ မ ဟုတ်တော့ အဖေအနေနဲ့စွဲဦးမလား .. ခေါ်တော့မခေါ်ဘူးလား .. ဘာဖြစ် လို့မစွဲတာလဲ .. အဖေ မဟုတ်လို့ .. အခုတော့ လူလို့မခေါ်ဘူးလား .. နတ် လို့မခေါ်ဘူးလား .. ဗြဟ္မာလို့မခေါ်ဘူးလား .. ညီတော် အာနန္ဒာလို့ မခေါ် လား .. သား တော် ရာဟုလာလို့မခေါ်လား .. ချစ်သမီးချစ်သားတို့လို့မခေါ် လား .. ကဲ စွဲစရာလိုသေးရဲ့ လား ..

www.dhammadownload.com

ဘာဖြစ်လို့မစွဲတာလဲ လူမရှိလို့ နတ်မရှိလို့ ဗြဟ္မာမရှိလို့ ကြားလား ..မရှိတာ စွဲစရာလိုသေးရဲ့လား .. ခေါ်တော့ မခေါ်ဘူးလား .. မရှိဘူးလို့သိ ခေါ်ပါ ။ လူ မရှိ တွေ့တာက နာမ်နဲ့ရုပ် ..နာမ်ရုပ်လို့သိ လူလို့ခေါ် နာမ်ရုပ်လို့သိ နတ်လို့ခေါ် နာမ်ရုပ်လို့သိ ဗြဟ္မာလို့ခေါ် သားလို့ခေါ်သမီးလို့ခေါ် အဖေလို့ခေါ် အမေလို့ခေါ် တယ်နော် ..

အဲလိုသိပြီးတော့ လူမရှိ နတ်မရှိလို့သိတော့ ခေါ်တော့ခေါ်တယ် စွဲစရာလိုသေးရဲ့လား .. အဲလို ဆိုရင် သက္ကာယဒိဋ္ဌ ပြုတ်ပါပြီကားကွဲ့ ယုံကြည်ဖို့လိုတော့တာနော် .. ဒါကလွဲလို့ တရားပွါးစရာ ရှုစရာ ရှိသေးရဲ့လား .. ရှိကိုမရှိဘူးဗျ .. ဒိဋ္ဌိပြုတ်ပြီကွဲ့ကြားလား ..

အဲဒီနာမ်ရုပ်တရား နှစ်ပါးပေါ်မှာ လူလို့နှလုံးသွင်း မှားတာနော် နတ်လို့မှားတာပေါ့ .. ဗြဟ္မာလို့နှလုံးသွင်းမှားတာပေါ့ .. အဲဒါနှလုံးသွင်း မှားတာ အဝိဇ္ဇာလို့ မဟောဘူးလား .. နှလုံးသွင်း မှားတော့ သူ့အပေါ်မှာ လိုချင်နှစ်သက်တဲ့ တဏှာမဖြစ်ဘူးလား .. စွဲလန်းတဲ့ ဥပါဒါန် မဖြစ်ဘူးလား .. သစ္စာဖွဲ့ဇေတာ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဘာသစ္စာ လဲ .. ဟော .. သမုဒယအကြောင်းရှိတော့ အကျိုးခန္ဓာမရလား ..

အဲဒီခန္ဓာအလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ်တာလား .. အကြောင်း ရှာကြည့်တော့ အဝိဇ္ဇာ တဏှာ ဥပါဒါန်ပေါ့ ။ သစ္စာဖွဲ့ဇေတာ့ သမုဒယပေါ့ .. သမုဒယကြောင့် ခန္ဓာ မရဘူးလား .. ခန္ဓာရရင် အိုနာဇသ လွတ်ကဲ့လား .. ဘာသစ္စာလဲ .. ဒါသမုဒယ ဒုက္ခလို့ မဟောဘူးလား .. သမုဒယ ဒုက္ခနော် .. အဲလိုစိစစ်ဖို့မကောင်းလား .. ။ ဒါလူလား သမုဒယလား .. နတ်လား သမုဒယလား .. ဗြဟ္မာလား သမုဒယလား .. သမုဒယဘဲ

www.dhammadownload.com

ကွဲနော် .. အမည် နာမတပ်တော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ပေါ့ .. ။ သူတွေ ငါတွေ တွေ့သေးရဲ့လား .. ။

အဲဒီသမုဒယကြောင့် ခန္ဓာရတာနော် .. ခန္ဓာရရင် အိုနာသေလွတ်ကဲ့ လား .. ဘာသစ္စာလဲ .. ဘုန်ကြီးတို့ လာခဲ့တာ သမုဒယ ဒုက္ခပေါ့ မဂ္ဂနိရော ဓ မပါဘူး .. သမုဒယသစ္စာသိမှ မဂ္ဂဖြစ်မှာ နော် .. ဒုက္ခသစ္စာသိမှ မဂ္ဂဖြစ် မှာနော် .. အဲလိုလေ့လာဖို့မကောင်းလား .. သမုဒယလို့သိတော့ လူတွေ့ဇေ သးရဲ့လား .. မတွေ့ရင်ဒီဋ္ဌပြုတ်တယ် .. စိစစ်ဖို့မကောင်းလား .. ။ ဒုက္ခသ စ္စာသိတော့ တဏှာ လာသေးရဲ့လား .. ။ တဏှာမလာရင် ဥပါဒါန်ပြုတ်တ ယ်ကွဲ့ .. အဲလို လေ့လာဖို့မကောင်းလား .. အဲဒါလိုရင်း အချက်တွေကြား လား ..

ဒါကြောင့် ခန္ဓာဖွဲ့ ခန္ဓာဖွဲ့ ဆိုတာတွေဟာ သက္ကာယဒိဋ္ဌ ဖြုတ်တာနော် .. အဲ ဒီခန္ဓာ မသိဘဲနဲ့ တရားထိုင်ရင် ခန္ဓာလည်း မတွေ့ နာမ်ရုပ်လည်း မတွေ့ဘူး ဆိုရင် သက္ကာယဒိဋ္ဌ ပြုတ်ပါ့မလား .. ကုသိုလ်တော့ မရပေဘူးလား .. တရားထိုင်တဲ့အချိန်ဆိုတော့ ကာယကံနဲ့ ပတ်သက်တဲ့အကုသိုလ် ဝစီကံ နဲ့ပတ်သက်တဲ့အကုသိုလ် က မပြုဘဲကိုနော် .. ကုသိုလ်ရတယ် .. သက္ကာ ယဒိဋ္ဌပြုတ်ကဲ့လား .. သက္ကာယဒိဋ္ဌ မပြုတ်ရင် စိတ်ချရပါ့မလား ..စိတ်မချရ ဘူးကြားလား .. စိတ်မချဘူးဆိုရင် သာမန်မပြောနဲ့

ရှေးကသပ မြတ်စွာဘုရား သာသနာတော်က ဇရကပတ္တရဟန်း ဆိုတာရှိ တယ်နော် ..အနှစ် နှစ်သောင်း သီလတရား အားထုတ်တာပေါ့ .. အနှစ် နှ စ်သောင်း .. တနေ့တဌ် မြစ်ကျဉ်းဆုံ ကိုဆွမ်းခံကြွမသွားဘူးလား .. ဆွမ်းခံ ကွ သွားတဲ့အခါ ရေကတိုး လှိုင်းတွေကပုတ် ဗွက်တွေကမှုတ် လေမှောက် မှာစိုးလို့ကမ်းဖက်ကို ရမ်းကြည့်တော့ ပိန်းဖတ်လေး ကိုင်မိတော့ ပြုတ်ပါ လာတာပေါ့ .. သေးမွှားတဲ့အာပတ်လေးပေါ့ ..

www.dhammadownload.com

အဲဒါနဲ့လေပေါ်က ဆင်းကြည့်တော့ ပတ်ဝန်းကျင် အရပ်လေးမျက်နှာကြည့် ရဟန်းက တစ်ပါးမှ မတွေ့ဘူးနော် .. ဒေသနာ မကြားရဘူးပေါ့ .. အဲဒေတာ့ လေးငါးခြောက်လလောက်ကြာတော့ မကျန်းမမာဖြစ်လာခဲ့တယ်နော် .. ဖြစ်တဲ့ခါမှာ ရောဂါ တနေ့တစ်ပါး တိုး တိုး တိုး တိုး မလာလား .. သူ့ကိုယ်သူ စဉ်းစားတယ် အကဲခတ်တယ်နော် .. ဒီဝေဒနာနောက်မဆုတ်ဒေတာ့ ဘူးပေါ့ .. ဒီဝေဒနာနဲ့ခန္ဓာ ဇာတ်သိမ်းတော့မှာ .. ငါ ဘာအပြစ်တွေများ ရှိသလဲလို့ ပြန်ပြီးတော့ မစိစစ်လား ..

ဆွမ်းခံကြွတုန်းက ပိန်းကောလေပေါ်က ပိန်းဖတ်လေးကိုင်လို့ ပြတ်ပါလာတာ။ သေးမွှားသောအာပတ်ပေါ့ .. အဲဒါဒေသနာ မကြားလိုက်ရပါလားလို့ သူစိတ်ထဲမှာ သံသယတွေ မဖြစ်ဘူးလား.. ကုက္ကုစ္စ နီဝရဏ မဝင် ဘူးလားဟေ့ အဲဒီစိတ်နဲ့ ဝိညာဏ်ချုပ်သွားတာ ဂဂ်ါမြစ်ထဲမှာပိန်းကောလေ ဒေလာက်ကြီးတဲ့ နဂါးကြီးဖြစ်သွား တယ်ကြားလား .. ဇရကပတ္တနဂါးနော် .. သီလတရား အနှစ်နှစ်သောင်း အားထုတ်ခဲ့တာကွဲ့ ..သက္ကာယဒိဋ္ဌိ မပြုတ်ဒေတာ့ စိတ်မချရဘူးကြားလား ..

သိရိမဓာသောက မင်းကြီးလည်း ဒါနအရာမှာ ရှာရင်ရှားတယ်နော် .. သူပြုခဲ့တဲ့ဒါနကိုလည်း သတိမရ ထိန်းသိမ်းတဲ့သီလလည်း သတိမရ စိတ်အလိုလိုက်ပြီးတော့ ဝိညာဏ်ချုပ်သွား တာ မောဟစိတ် ဦးစီးတော့ တိရစ္ဆာန်ဖြစ်တာ မထင်ရှားဘူးလား ..

သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ပုဂ္ဂိုလ်တွေ စိစစ်ဖို့မကောင်းလား .. ကဲ အင်္ဂုလိမာလကြီးတို့တွေ ဘယ်လောက်များ ထင်ရှားသလဲနော် .. ကဲ သူပြုတဲ့ အကုသိုလ်တွေ အကျိုးပေးခွင့်ရသေးရဲ့လား .. အကုန်လုံး ပြတ်ကြ သွားတော့တာကွဲ့ .. အဲဒါ သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ အရေးကြီးတာ ဘယ်လောက်ထင်ရှားသ

www.dhammadownload.com

လဲနော်.. ခန္ဓာသိမှုပြုတ်မှာ .. ခန္ဓာကို ဖယ်ထား သက္ကာယဒိဋ္ဌိ ဖြုတ်စရာ ရှိပါ့မလား .. ဒါကြောင့် မရဏေးတဲ့ပုဂ္ဂိုလ် ရလေအောင် မျက်စိပေါက်ကစ မနောဒွါရထိ မှန်မှန်လေးခန္ဓာဖွဲ့ကြ ..

"မျက်စိ..."

စက္ခု အကြည်ကို အဆင်း တိုက်တော့ စက္ခုဝိညာဏ် ပေါ် ပါသည်။
စက္ခုဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ် လို့ ဖြစ်ပါသလား။ မ
ဖစ်နိုင်ပါ။
စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ
င်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
စက္ခု အကြည်နှင့် အဆင်း ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ် ပါသည်။
အဆင်း ကို မြင်သိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
မျက်စိ အကြည်နှင့် အဆင်းက ရုပ်။
စိတ် စေတသိက် ရုပ်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ် ပါသည်။
အဆင်း ကို မြင်သိတာ က နာမ်တရား ၊
မျက်စိ အကြည်နှင့် အဆင်းက ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

www.dhammadownload.com

"နား"

သောတ အကြည်ကို အသံ တိုက်တော့ သောတဝိညာဏ် ပေါ် ပါသည်။
သောတဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ် လို့ ဖြစ် ပါသလား။ မဖြစ်နိုင်ပါ။
သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
သောတ အကြည်နှင့် အသံ ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ် ပါသည်။
အသံ ကို ကြားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
နား အကြည်နှင့် အသံ က ရုပ်။
စိတ် စေတသိက် ရုပ်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ် ပါသည်။
အသံ ကို ကြားသိတာ က နာမ်တရား ၊
နား အကြည်နှင့် အသံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"နှာ"

www.dhammadownload.com

ဃာန အကြည်ကို အနံ့ တိုက်တော့ ဃာနဝိညာဏ် ပေါ်ပါသည်။
ဃာနဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ဃာနဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ
င်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ဃာန အကြည်နှင့် အနံ့ ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ဓာ၁အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။
အနံ့ ကို နံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဓာ၁ အကြည်နှင့် အနံ့ က ရုပ်။
စိတ် စေတသိက် ရုပ်။

ဓာ၁အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။
အနံ့ ကို နံသိတာ က နာမ်တရား ၊
ဓာ၁ အကြည်နှင့် အနံ့ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"လျှာ"

ဇိဝှါ အကြည်ကို ချို ချဉ် စပ် ငန် ဖန် ခါး ရသာ(၆)ပါး တိုက်တော့ စားသိစိ
တ်ဆိုတဲ့ ဇိဝှါဝိညာဏ် ပေါ်ပါသည်။

www.dhammadownload.com

ဇဝါဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။ မ
ဖစ်နိုင်ပါ။
ဇဝါဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းဇ
တာ့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ဇဝါအကြည်နှင့် ရသာ ၆ပါး ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

လျှာ အကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ်ပါသည်။
ရသာ ၆ပါး ကို စားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
လျှာအကြည်နှင့် ရသာ ၆ပါး က ရုပ်။
စိတ် စေတသိက် ရုပ်။

လျှာအကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ်ပါသည်။
ရသာ ၆ပါး ကို စားသိတာ က နာမ်တရား ၊
လျှာ အကြည်နှင့် ရသာ ၆ပါး က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

ကိုယ်

ကာယ အကြည်ကို မာမှု ပျော့မှု ပထဝီ ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ဆို
တဲ့ ကာယဝိညာဏ် ပေါ်ပါသည်။
ကာယဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။

www.dhammadownload.com

ကာယဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ကာယအကြည်နှင့် မာမှု ပျော့မှု ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ် ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ကိုယ် အကြည်ကို ပူမှု အေးမှု တေဇော ဖောဋ္ဌပ္ပ တိုက်တော့ ထိသိစိတ် ဖေါ်ပါသည်။
ပူမှု အေးမှု ကို ထိသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ကိုယ် အကြည်နှင့် ပူမှု အေးမှု က ရုပ်။
စိတ် စေတသိက် ရုပ်။

ကိုယ် အကြည်ကို ထောက်ကန် လှုပ်ရှားမှု ဝါယော ဖောဋ္ဌပ္ပ တိုက်တော့ ထိသိစိတ် ဖေါ်ပါသည်။
ထောက်ကန် လှုပ်ရှားမှု ကို ထိသိတာ က နာမ်တရား ၊
ကိုယ် အကြည်နှင့် ထောက်ကန် လှုပ်ရှားမှု က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

စိတ်

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ဆိုတဲ့ မနောဝိညာဏ် ဖေါ်ပါသည်။
မနော ဝိညာဏ် ဖေါ်သောအခါ တစ်ဝိညာဏ်တည်း ဖေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။

www.dhammadownload.com

မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာကွန်ဓာ စေတသိက် သညာ ကွန်ဓာ စေတသိက် သခါရကွန်ဓာ စေတသိက် သုံးပါးပေါင်းတော့ နာမကွန်ဓာ လေးပါး ဖြစ်ပါသည်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ ကို ခန္ဓာဖွဲ့တော့ ရူပကွန်ဓာ ဖြစ်ပါသည်။
နာမကွန်ဓာ လေးပါး နှင့် ရူပကွန်ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်။
စိတ် စေတသိက် ရုပ်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က နာမ်တရား
၊
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား နတ်အစားစား ဗြဟ္မာ အစားစား တိရစ္ဆာန် အစားစား ပြိတ္တာ အသူရကာယ် အစားစား တွေ့တာလား ခန္ဓာငါးပါး တွေ့တာလား .. ထင်တာက လူနတ်ဗြဟ္မာနော် တွေ့တာက ခန္ဓာငါးပါး။ တွေ့တာကို အမှန်မယူရဘူးလား .. အမှန်သိတော့ အမှားမဖျက်လား .. ။

www.dhammadownload.com

အဲဒီခန္ဓာသိအောင်လို့ တရားနာရတာ နော် .. တရားထိုင်တာ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ကျရိယာပထလေးပါး ခန္ဓာ သိဖို့အဓိကကွဲ့ .. ။ အဲဒီခန္ဓာကိုဖယ်ထား တရားပွားစရာ ရှုစရာရှိရဲ့လား .. ခန္ဓာဘဲ ရှုရတယ်နော် .. အဲဒီခန္ဓာ ကွက်ကွက် ကွင်းကွင်း ရှင်းရှင်း လင်းလင်း ကိုယ်ထင်ခဲ့တဲ့လူနဲ့ တွေ့တာနဲ့ပိုင်းခြားဖို့ လိုတာပေါ့ .. ဒါကြောင့် တွေ့တာက ခန္ဓာငါးပါးနော် .. အဲဒီခန္ဓာငါးပါးကို ပရမတ်လို့မဟောဘူးလား .. လူကပညတ်နော် .. ခန္ဓာငါးပါး ကပရမတ် နတ်ကပညတ် ခန္ဓာငါးပါးကပရမတ် ဗြဟ္မာကပညတ် ခန္ဓာငါးပါးကပရမတ် ။

ပရမတ် ဆိုတာ ဘယ်လိုကြောင့် ပရမတ်လို့ ခေါ်တာလဲ ပြန်စိစစ်ဖို့မကောင်းလား .. အဲဒီ ခန္ဓာပေါ်မှာ လူလို့မသမုတ်ကြဘူး လား .. လူလို့မခေါ်ကြဘူးလား .. ဘယ်လိုဘဲသမုတ် သမုတ် ခေါ်ချင်သလိုခေါ် ခန္ဓာက လူဖြစ်ကွဲ့လား .. နတ်ဖြစ်ကွဲ့လား .. ဗြဟ္မာဖြစ်ကွဲ့ လား .. မပြောင်းဘူးနော် .. ဒါကြောင့်ပရမတ်ပေါ့ .. ။

ဒါပညတ် ပရမတ်သိဖို့ မလိုဘူးလား .. ကဲပရမတ်သိတော့ ပညတ်ရှိသေးရဲ့လား .. ။ စဉ်းစားနော် .. အဲဒီခန္ဓာပေါ်မှာ ဌာနုပစာရ အားဖြင့်တင်စားပြီးတော့ လူမျိုးတစ်ရာ့တစ်ပါး သိအောင် လူအစားစား နတ်အစားစား ဗြဟ္မာအစားစား တိရစ္ဆာန်အစားစား ပြိတ္တာအသူရ ကာယ်အစားစား ငရဲအစားစားလို့မသမုတ်ကြဘူးလား .. သမုတ်ရှိ အခေါ်ရှိ နော် .. မြတ်စွာဘုရားပယ်ရဲ့ လား ..

ဘာတွေပယ်တာလဲ စိစစ်ဖို့မကောင်းလား ..
လူလို့မထင်လား .. ရှိတယ်လို့ မယူလား .. အဲဒါ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်နော် ..ဆံဖျားကခြေဖျား ခြေဖျားက ဆံဖျား ကိုင်စမ်းကြည့်။ ပူတာနဲ့အေးတာ ဘဲတွေ့မယ် .. ပူတာဥဏှတေဇောပေါ့ အေးတာသီ

www.dhammadownload.com

တတေဇောပေါ့ ပူတယ်အေးတယ် လို့သိတာ သူငါလား ကာယဝိညာဏ်လား .. နာမ်တရားမရလား .. ပူတာအေးတာက ရုပ်တရားမရလား .. နာမ်ရုပ်နှစ်ပါးပေါ့ .. ကဲတွေ့တာက နာမ်နဲ့ရုပ်ဘဲ တွေ့တယ်နော် ..

ကိုယ်ထင်တာတွေ ဘာဖြစ်လို့ မတွေ့တာလဲ .. မရှိဘူးလို့ တကယ်ယုံကြည်ရင် စွဲဦးမလား .. ရာဂစိတ် ဒေါသစိတ် မောဟစိတ် ဆိုတာတွေဟာ နာမ်ရုပ်ပေါ်မှာဖြစ်တာလား .. ပုဂ္ဂိုလ်သတ္တဝါ မှာဖြစ်တာလား .. ပုဂ္ဂိုလ်သတ္တဝါ အနေ နဲ့ နလုံးသွင်းမှားလို့ ရာဂ ဒေါသ မောဟ ဖြစ်တာ .. နာမ်ရုပ်လို့သိတဲ့ ခါ ဖြစ်ခွင့်ရပါ့မလား ..

နာမ်ရုပ်လို့သိ အနိစ္စလို့သိပေါ့ .. နာမ်ရုပ်လို့သိ ဒုက္ခလို့သိပေါ့ .. နာမ်ရုပ်လို့သိ အနတ္တလို့သိပေါ့ .. အဲလိုလေ့လာဖို့ မကောင်းလား .. နာမ်ရုပ်ကလွဲလို့ တခြားပွားစရာရှိသေးရဲ့လား .. ဒါရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား... နာမ်တရားက သိပြီးတော့ မပျက်လား .. ကဲ နာမ်ရုပ်တွေ့တာလား မရှိတာ တွေ့တာလား ..အနိစ္စ လို့မဟောလား .. သိတာ မဂ္ဂလို့မဟောဘူးလား ..နှစ်ကသုံးကိုကူးသေးရဲ့လား .. မကူးတော့ဘူးနော် .. အဲလိုခြောက်ဒွါရမှာ လေ့လာဖို့လိုတယ်ကွဲကြားလား .. အဲဒီစိတ်လေးနဲ့ ဝိညာဏ်ချုပ်မယ် ... မင်္ဂစိတ်တွေ ဖိုလ်စိတ်တွေ ပေါ့ စိစစ်ဖို့မကောင်းလား .. အင်း အဲဒါလိုရင်းအချက်တွေနော် ..

ဒါကြောင့်သောတာပန် ဖြစ်ပြီးဆို စိတ်ချရပြီကွဲ့ ကြားလား .. ဆက်ပြီးတော့ ကိုးစားမယ်ဆိုရင် သကဒါဂါမ် အနာဂါမ် ရဟန္တာပေါ့ .. အဲ သောတာပန်ဖြစ်ဖို့ အရေးကြီးဆုံးကွဲ့နော် .. ဒါယုံယုံကြည်ကြည်နဲ့ လေ့လာဖို့လိုတာပေါ့ .. ဒါယုံကြည်မှ အားထုတ်လို့ဖြစ်တာနော် .. မယုံကြည်ရင် ခပ်ပေါ့ပေါ့ နေရင်ရပါ့မလား .. မရဘူး

www.dhammadownload.com

ဒါကြောင့် မျက်စိက ကြည့်လိုက် ။ မျက်စိအကြည်ရှိရင် ရူပါရုံ အဆင်း တို့ က်မယ် ။ တိုက်ရင် မြင်တဲ့စိတ် ပေါ်မပေါ် လူကိုမြင်တာလား အဆင်းကိုမြင် တာလား .. ။ အဆင်းမြင်တဲ့ခါ ရာဂ ဒေါသ မောဟဖြစ်ပါ့မလား .. လူကိုမြင် လို့ ပုဂ္ဂိုလ် သတ္တဝါ မြင်လို့ ။ စားစရာအနေမြင်လို့ ဝတ်စရာအနေမြင်လို့ ဇ လာဘ ဒေါသ မောဟဖြစ်တာနော် .. ။ အဆင်းမြင်ဖြစ်ပါ့ မလား .. ဒါကြော င့်မို့လို့ ဥပေက္ခာဝေဒနာ မျက်စိမှာပေါ် သည် မဟောဘူးလား .. ။ ဆိုးကော င်းနှစ်ပါး မလွတ် လား .. အဲလိုစိစစ်ဖို့လိုတယ်ကွဲ့ .. ဆိုးကောင်းနှစ်ပါး လွ တ်တယ်နော် ..

လွတ်တဲ့ထဲမှာ ကဲ မြင်ပြီးမပျက် လား .. ပျက်ရင်နာမ်ရုပ်တွေ့တာလား မရှိ တာတွေ့တာလား .. အနိစ္စလို့မဟောဘူးလား .. ပေါ် ချင်တဲ့တရား ပေါ် သဗ္ဗ သခါရာ အနိစ္စာ လို့မဟောဘူးလား .. အနိစ္စမြင်မှ စိတ်ချရတယ်နော် .. ကဲတဏှာလာသေးရဲ့ လား .. ဥပါဒါန်လာသေးရဲ့လား .. အာသဝ ကာ မာသဝနဲ့ ဘဝါသဝ မချုပ်လား .. နာမ်ရုပ်ကိုသိတုန်းက ဒိဋ္ဌာသဝ နဲ့အဝိဇ္ဇာ သဝ မချုပ်လား .. အာသဝေါတရားလေးပါး မကုန်လား .. သမုဒယသစ္စာ မသေလား .. နောက်ခန္ဓာ ဇာတ်မသိမ်းလား .. နိရောဓ လို့မဟောဘူး လား .. အဲဒါလိုရင်းအချက်တွေနော် ..

ရှိတဲ့ခန္ဓာ အကျိုးတရား ဝိပါကဝဋ်ခန္ဓာက ဘယ်လိုပါ့မတတ်နိုင်ဘူးနော် .. ဘယ်တစ်ပြန် ညာတစ်ပြန် ခံရမှာပေါ့ .. ဒါ ကိလေသာ မဟုတ်ဘူးကွဲ့ဇ နော် .. အဲလိုစိစစ်ဖို့မကောင်းလား .. အဲဒါလိုရင်းအချက်တွေကွဲ့ သိမှ ပယ်နို င်တာ .. မရသေးတဲ့ပုဂ္ဂိုလ် ရလေအောင် ရပြီးသား ပုဂ္ဂိုလ် လိုရင်းကိစ္စပြီးဇ အောင် သစ္စာဖွဲ့ ..။

ဝေဒနာကမ္မဋ္ဌာ

www.dhammadownload.com

*ဝေဒနာက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လို
ချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝေဒနာက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သညာက္ခန္ဓာ
*သညာက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချ
င်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သညာက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သင်္ခါရက္ခန္ဓာ
*သင်္ခါရက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချ
င်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သင်္ခါရက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ဝိညာဏက္ခန္ဓာ
*ဝိညာဏက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လို
ချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

www.dhammadownload.com

ရူပက္ခန္ဓာ
*ရူပက္ခန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သစ္စာလေးပါးသိမှ သောတာပန် သစ္စာလေးပါးသိမှ သကဒါဂါမ် သစ္စာလေးပါးသိမှ အနာဂါမ် သစ္စာလေးပါး သိမှ ရဟန္တာနော် .. ။
သစ္စာလေးပါးမသိရင် သောတာပန်ဖြစ်ပါ့မလား .. သောတာပန်မဖြစ်ရင် ဘုရားရဟန္တာ ဖြစ်ပါ့မလား .. သောတာပန်က စရတာနော် ..

သစ္စာလေးပါးကို မသိတာ(အဝိဇ္ဇာပါဘုရား) ခန္ဓာငါးပါးကိုမသိ တာ (အဝိဇ္ဇာပါဘုရား) အာယတန တစ်ဆယ့် နှစ်ပါးကိုမသိတာ(အဝိဇ္ဇာပါဘုရား) ဓါတ် တစ်ဆယ့်ရှစ်ပါးကိုမသိတာ (အဝိဇ္ဇာပါဘုရား) ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မသိတာ(အဝိဇ္ဇာပါဘုရား) ဤခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ လူ နတ် ဗြဟ္မာ သတ္တဝါ လို့နလုံးသွင်းမှားတာ(အဝိဇ္ဇာပါဘုရား) နလုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ (တဏှာပါဘုရား) မရရင် မနေဘူးလို့ စွဲလမ်းတာ(ဥပါဒါန်ပါဘုရား) အဝိဇ္ဇာ တဏှာ ဥပါဒါန် ဤသုံးခုသစ္စာဖွဲ့ ဘာသစ္စာလဲ (သမုဒယသစ္စာပါဘုရား)

လူလား သမုဒယသစ္စာလား .. နတ်လား သမုဒယသစ္စာလား .. ဗြဟ္မာလား သမုဒယသစ္စာလား .. သားတွေသမီးတွေလား သမုဒယသစ္စာလား...
သမုဒယသစ္စာလို့သိတာ သူငါက သိတာလား မဂ္ဂသစ္စာလား .. မဂ္ဂသစ္စာက သိတာနော် ..

www.dhammadownload.com

သမုဒယ အကြောင်း ရှိသမျှ အကျိုးခန္ဓာ မပေါ်လား .. ပေါ်နေတာ လူလား ခန္ဓာငါးပါးလား .. နတ်လား ခန္ဓာငါးပါးလား .. ဗြဟ္မာလား ခန္ဓာငါးပါးလား .. ခန္ဓာဘဲတွေတယ်နော် .. ခန္ဓာရတဲ့ပုဂ္ဂိုလ် ဟူသရွေ့ အိုနာသေ လွတ်ကဲ့လား .. ဘာသစ္စာလဲ .. လူချမ်းသာ လား ဒုက္ခသစ္စာလား .. နတ်ချမ်းသာလား ဒုက္ခသစ္စာလား .. ဗြဟ္မာချမ်းသာလား ဒုက္ခသစ္စာလား ..ဒုက္ခသစ္စာ လို့ အမှန်ပိုင်းခြားသိ သမ္မာဒိဋ္ဌိ လို့မဟောဘူးလား...နလုံးသွင်းမှားတဲ့ မိစ္ဆာဒိဋ္ဌိ မချုပ်ဘူးလား .. ဒါ မိစ္ဆာဒိဋ္ဌိချုပ်ပြီနော်.. အဝိဇ္ဇာချုပ်ရင် တဏှာ လာသေးရဲ့လား .. ဒီလိုဆိုတော့ နလုံးသွင်းမှန်ဖို့ အဓိကကိုးကွဲ့ .. စိစစ်ဖို့မကောင်းလား ..

မှန်တာနဲ့မှားတာ ရှိတာနော် .. နလုံးသွင်းမှန်တာ ခန္ဓာလို့သိရင် နလုံးသွင်းမမှန်ဘူး လား .. ခန္ဓာကို စိုက်ပြီးတော့ ကြည့်လိုက်တဲ့ခါ အနိစ္စ ဒုက္ခ အနတ္တ လို့မပြလား .. ချမ်းသာတဲ့ တရား ဟုတ်ကဲ့ လား .. ဆင်းရဲတယ်လို့ မသိဘူးလား .. ကဲ ဆင်းရဲတယ် သိတော့ အမှန်သိတော့ အမှား မပျောက်လား .. အဲဒါလိုရင်းအချက်ပေါ့ကွဲ့ .. ဒါနလုံးသွင်းမှန်ဖို့ လိုတာပါလား .. ဒါ အမှန်ရောက်တော့အမှားမပျောက်လား ..

တဏှာလာသေးရဲ့လား .. ဥပါဒါန်လာသေးရဲ့လား .. ဒါကြောင့် အနုပ္ပါဒ နိရောဓလို့ မခေါ်လား .. ကဲ ကိလေသဝဋ္ဋ ချုပ်သွားတော့ ကမ္မဝဋ္ဋ ဘယ်ကလာမှာလဲ .. ကမ္မဝဋ္ဋမလာရင် နောက်ခန္ဓာ ဇာတ်မသိမ်းလား .. နိရောဓောနိဗ္ဗာန် လို့မဟောဘူးလား .. ကိလေသာချုပ်တာနိဗ္ဗာန် .. ခန္ဓာချုပ်တာ နိဗ္ဗာန်ကွဲ့ .. အဲလို လေ့လာဖို့မကောင်းလား ..

အခုနလုံးသွင်းမှားတာ သမုဒယ သစ္စာ မျက်စိ နား နာ လျှာ ကြည့်တော့ ခန္ဓာဖွဲ့ကြည့်တာနော် .. ရူပက္ခန္ဓာပေါ်မှာ မှားတာ ဝေဒနာက္ခန္ဓာပေါ်မှာမှား

www.dhammadownload.com

တာ သညာကွန်ရာပေါ်မှာမှားတာ သခ်ါရကွန်ရာပေါ်မှာမှားတာ ဝိညာဏ ကွန်ရာပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ အနေနဲ့မမှားဘူးလား .. အဲလိုစိစစ်ဖို့လို တယ်ကွဲ့ .. ဒါခန္ဓာသိအောင်လို့ တရားနာရတာနော် ..

ဒီခန္ဓာမသိရင် တုန်းပေကပ်ပေထိုင်နေ ရပါ့မလားဟ .. မရဘူးကွဲ့နော် .. စိစစ်ဖို့မကောင်းလား .. လေ့လာကြ .. ထိထိ မိမိ သဘောပေါက်ဖို့ လိုတာယ်နော် .. အမှန်သိတော့ အမှားပျောက်တာဗျ .. စိစစ်ဖို့မကောင်းလား .. ဇလ့လာ လေ့လာ .. အမှန်သိဖို့လိုတာနော် .. အဲလိုစိစစ်ဖို့လိုတယ်ကြားလား ..

ဒါကြောင့်မို့လို့ နလုံးသွင်းမှားတာလဲ စိစစ်ကြသေးတာပေါ့နော် .. နံ့သာပု ဌက်ပျောသီး ပင်ထက်မှည့်ပေါ့ အဲဒါစားကြည့်လိုက် ဘယ်လိုတွေ့မလဲ .. ချို့အရသာတွေ့မယ်နော် .. စားတုန်းကတော့ ဌက်ပျောသီးအနေနဲ့ စားတာဇပါ့ .. တွေ့တာက ဌက်ပျောသီး လား ချို့အရသာလား .. အဲဒီချို့အရသာကို မျက်စိနဲ့ကြည့် မြင်ရပါ့မလား.. ကိုင်ကြည့်ရင်ကား တွေ့ပါ့မလား .. နမ်းကြည့်ရင်ကား တွေ့ပါ့မလား .. နားထောင်ကြည့်ရင်ကား တွေ့ပါ့မလား .. လျှာနဲ့ကြတော့ မသိနိုင်ဘူးလား ..

အင်း အဲဒါ ဘယ်လောက် ထင်ရှားသလဲနော် .. အကောင်အထည် ဟုတ်ကဲ့လား .. သဘောအနေနဲ့တော့ မထင်ရှား ဘူးလား .. အနိမိတ္တကိုးကွဲ့ .. သဏ္ဌာန်မရှိဘူးနော် .. အဲလိုစိစစ်ဖို့မကောင်းလား .. သဘောအနေနဲ့တော့ ခါ ထင်ရှားနေတာပေါ့ .. အဲဒီအပေါ်မှာ နံ့သာပုဌက်ပျောသီး အနေနှင့် နလုံးသွင်းမမှားလား ..

ချို့ ရသာ ရူပကွန်ရာတရားအပေါ်မှာ နံ့သာပုဌက်ပျောသီးအနေနှင့် စားချင်မှုနစ်သက်မှု စွဲလန်းမှု ကလောဘတဏှာ သမုဒယသစ္စာ မဟောဘူးလား ..

www.dhammadownload.com

လောဘတဏှာ သမုဒယသစ္စာ အကြောင်းရှိတော့ အကျိုးခန္ဓာ မရလား .. ခန္ဓာရရင် အိုနာသေ လွတ်ပါ့မလား .. ဘာသစ္စာလဲ ..(ဒုက္ခသစ္စာပါ ဘုရား) ။ သမုဒယ ဒုက္ခပေါ့ .. ဒါနလုံးသွင်းမှားတာနော် .. ချိုအရ သာ ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ... (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာလို့ ပိုင်းခြားလို့သိတာက ..(သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာပါ ဘုရား) ။ သမုဒယသစ္စာ သေတာနဲ့ နောက်ခန္ဓာမလာတာ .. (နိရောဓ သစ္စာပါ ဘုရား)။ ကဲနလုံးသွင်းမှန်တော့ မဂ္ဂနိရောဓပေါ့ .. ကဲ ကိလေသာ မချုပ်ဘူးလား .. ခန္ဓာနောက် လာသေးရဲ့လား .. အဲဒါလိုရင်းအချက်တွေနော် ..

နိဗ္ဗာန် နိဗ္ဗာန် ဆိုတာ ကိလေသာချုပ်တာ .. နိဗ္ဗာန် နိဗ္ဗာန် ဆိုတာ နောက် ခန္ဓာမလာတာ .. ရှိတဲ့ခန္ဓာ အကျိုးတရားကတော့ ဝိပါကဝဋ်နော် .. ဘယ်လိုပါ့ မတတ်နိုင်ဘူး .. ဘယ်တစ်ပြန် ညာတစ်ပြန် ခံရမှာပေါ့ .. ဒါကိလေသာ မဟုတ်ဘူးကွဲ့ကြားလား .. ဒီတော့ တရားအားထုတ်တာ စိစစ်ဖို့မကောင်းလား .. လေ့လာကြနော် ..

သတ်သတ်လွတ်စားလို့ နိဗ္ဗာန်ရတယ်လို့ မဟောဘူး .. ဟောရဲ့လား .. ကြက်သားဝက်သားစားလို့ နိဗ္ဗာန်ရတယ်လို့ဟောရဲ့လား .. ကိလေသာချုပ်ဖို့သာ ဟောတာကွဲ့ .. ဒီလိုဆိုရင်တော့ ဒီပုဂ္ဂိုလ်တွေဟာ ခန္ဓာလွတ်ပြီးတော့ ဟောတဲ့တရားတွေပေါ့ ..စိစစ်ဖို့ မကောင်းလား .. အဲလိုလေ့လာကြ .. ခန္ဓာကပ်ဖို့ လိုတယ်နော် ..
ခန္ဓာသိမှ သက္ကာယဒိဋ္ဌိ ပြုတ်မှာ .. ဒီလို စိစစ်ဖို့မကောင်းဘူးလား ။

ဒါမို့ ..နလုံးသွင်းမှားပြီးခါမှ အပါယ်ကျသွားတာတွေ ရှိတယ်နော် .. ဘယ်သူတွေလဲ လို့ စိစစ်ဖို့မကောင်းလား .. မကြားစဖူး ကြားဖူးထပ်မံ ရှေးထက်ကျော်ကာရီက ရွာတစ်ရွာရှိတယ်နော် .. အိမ်ခြေသုံးလေးရာ ရှိတာပေါ့ .. ဘုန်းကြီးကျောင်းက တစ်ကျောင်းထဲပေါ့ .. အဲဒီမှာကိုးကွယ်ပြီးတော့

www.dhammadownload.com

ဒကာကလည်း တောရွာသူဌေးလေး ပစ္စည်းလေးပါး ဒါယိကာပေါ့နော် .. ဆွမ်း သင်္ဃန်း ကျောင်း ဆေးပေါ့ ကျောင်းထိုင်ဆရာတော် လိုလေသေးမရှိ အကုန်လုံး ပြုပြင်ပေးတယ်

တစ်နေ့သဋ္ဌ သူတို့ကလည်း ကျန်းကျန်း မာမာ ချမ်းချမ်းသာသာနဲ့ ကုသိုလ်ပြုချင်လို့ ကျောင်းကို အလည်သွား ။အရှင်ဘုရား အရှင်ဘုရား နက်ဖြန်နဲ့သဘက်ခါ ကံကြီးဆောင် ကံငယ်ဆောင် ရှိသလား လို့ မလျှောက်ရဘူးလား .. မရှိဘူးပေါ့ ။မရှိရင် နက်ဖြန်ခါ တပည့်တော်တို့နေအိမ်ကို တပည့်တော်တို့အိမ်သားတစ်စု သနားသောအားဖြင့် ဆွမ်းအလှူခံ ဆွမ်းဘဉ်းပေး အလှူခံ ကြွတော်မူပါဘုရားလို့ မလျှောက်ဘူးလား .. အေး ကောင်းတာဘဲ ။ အာဂန္တု ဧည့်သည် များ ရောက်လို့ရှိရင်လည်း ဘယ်နှစ်ပါး ဘဲဖြစ်ဖြစ်နော် ။ အရှင်ဘုရားနဲ့ အတူတကွ ကြွခဲ့ဖို့ မလျှောက်ဘူးလား .. တစ်ပါးတော့ ရောက်နေတာပေါ့ ရောက်တာလည်း ခရီးကပန်းလို့ ကျက်သရေ ခန်းထဲမှာ ကျိန်းနေတာ ပေါ့နော် .. ။ နက်ဖြန်ခါနောက်ထပ် ရောက်ရင်လည်းဘဲ အတူတူကြွခဲ့ဖို့ပေါ့ .. အဲလိုလျှောက်ပြီးတော့ အိမ်မှာ နက်ဖြန်ဆွမ်းကပ်ဖို့ရာတွ မစီစဉ်ရဘူးလား .. စီစဉ်ရတယ်နော် ..

အဲတော့ ညအိပ်လို့ စဉ်းစား တယ် .. အိမ်း အာဂန္တု ကိုယ်တော် ခေါ်သွားရင် အာဂန္တုကိုယ်တော်က အနေအထိုင်က ကောင်း ကွန်ဖြေသိက္ခာကပြည့်။ ပြ ပည့်မှာပေါ့...ရဟန္တာကိုး .. အာသဝေါကုန်ပြီးသား ပုဂ္ဂိုလ်တွေနော် .. ဒီပုဂ္ဂိုလ်ကြည်ညိုပြီး တော့မှ ကျောင်း တစ် ကျောင်းဆောက်လို့ ကိုးကွယ်ရင် ငါ အနေရခက်ချေရဲ့ပေါ့ .. သို့မဟုတ် ငါ့ဒကာ ဆွမ်းစားလို့ရှိရင် ဆွမ်း ကောင်းတာနဲ့ ဟင်းကောင်းတာနဲ့ ကျောင်းကနှင်လို့တောင် ရမှာမဟုတ်ဘူးဖေါ့ .. ။ အဲလိုတွေမတွေးဘူး လားဟေ့ .. ဒါသူစိတ်ထဲမှာဖြစ်တာနော် ..

www.dhammadownload.com

အဲဒါသူ့ကို ခေါ်လို့တော့ မတော်ဘူးပေါ့ .. နံနက်လင်းလို့ ဆွမ်းစားကြွမယ့် အချိန်ကြတော့ တံခါးကို လက်သည်းနဲ့ သုံးခါ ထိတယ်တဲ့နော် ထိရုံလေး ထိတာ ။ ဟိုရောက် တဲ့ခါ ဆွမ်းဒကာက အာဂန္တုကား ဘုရားလို့ မလျှောက်ဘူးလား .. ။ မင့်အာဂန္တု တယ်အိပ်ကြီးတာကွယ် တံခါး သုံးခါလောက် ခေါက်တာ မနိုးဘူးဟ .. ခရီးပန်းတာ ရှိမှာပါဘုရား လို့မလျှောက်ရဘူးလား ..

ရောက်မဆိုက် ခြေတွေ ဘာတွေဆေးပေးလို့ ခြေသုတ်ဝတ်တွေ သုတ် သုတ်ပြီးတော့မှ ဆွမ်းတွေဘာတွေကပ် စားသုံးပြီး တဲ့ခါ သပိတ်ကလည်း ပါဒတာ့ အရှင်ဘုရား သပိတ်ထဲကို အာဂန္တုကိုယ်တော် အတွက်ကို ဆွမ်း တပည့်တော် လှူပါရစေ ဆောင်ရွက်ပေးပါလို့ မလျှောက်ဘူးလား .. အေး ဧကာင်းတယ်ဟဲ့ ကောင်းတယ် ။ဆွမ်းတွေ ဘာတွေ အကုန်လုံး အဆင်သင့် အကုန်လုံး အာဂန္တုကို ရည်မှန်းပြီးတော့မှ ဆွမ်းကပ်လိုက်တယ်နော် .. ။ ရွာက ထွက်လို့ နစ်ဖာလုံလောက် အကွာမှာ တောင်မြောက်လေးပါး ကြည့်လို့လူသူလေးပါး မမြင်ဘဲကိုး .. ။ ဆွမ်းကိုသွန်ပစ်လိုက်တော့တာ .. ။

အာဂန္တု ရည်မှန်းတဲ့ဆွမ်းနော် .. ရည်မှန်းခံရတဲ့ ပုဂ္ဂိုလ်က သာမန်ပုဂ္ဂိုလ် မဟုတ်ဘူးနော် .. အာသဝေါကုန်ပြီး သားရဟန္တာ အပြစ်မကြီးဘူးလား .. ဟိုကလည်း ဆွမ်းကအသွန် အာဂန္တု ကိုယ်တော်က လည်း အာရုံအပြု ဆွမ်းသွန်တာ မြင်တော့တာ .. အင်း သနားစရာကောင်းလိုက်တာ .. သူ့ကို စောင့်လို့တော့ ငါမဖြစ်ဘူး ကြွနှင့်မှတော်မယ် ဆိုပြီး စွာန်နဲ့ရလို့ စျာန်နဲ့ကြွသွားတော့တာ ။

ကျောင်းကို ရောက် ကျက်သရေခန်း ဖွင့်ကြည့် ... မတွေ့ ကုဋီများ သွားလား... သွားကြည့် မတွေ့ ကျောင်းဝင်းထဲမှာ စကြံ့ သွားလား ရှာ မတွေ့ ။ အဲဒီခါမှ မှားမှန်းသိတယ်နော် .. မှားမှန်းသိငြားသော်လည်း ကန်တော့လို့ဖြစ်ပါ့မလား .. ကန်တော့ခံတဲ့ ပုဂ္ဂိုလ်က မရှိဘဲကိုး .. အဲဒါနဲ့တစ်နှစ်ကျော်ဇ

www.dhammadownload.com

ကျော် လောက်ကြာတော့ခါ မကျန်းမာဖြစ်လို့ ပုံတော်မူသွားတာပေါ့ .. အဝီစိ ငရဲကို ရောက်သွားတော့တာ ။ သူ့ နာမည် လောသကတိဿ တဲ့ကွဲ့နော် ..

အဝီစိငရဲကို ရောက်သွားတာ အဝီစိ ငရဲဆိုတာ နှစ်ပေါင်းအများကြီး နေရတာပေါ့ ကမ္ဘာချီလို့ နေရတာနော် .. အဲဒီအဝီစိငရဲ ကျွတ်ပြီးတော့ လာတဲ့ခါ တိရစ္ဆာန်ဘဝ သွားဖြစ်တယ် .. တိရစ္ဆာန် ဆိုတာ နိုင်ရာစား ဘဝပေါ့ .. ဖားနိုင်ဖားစား ငါးနိုင် ငါးစားပေါ့နော် .. နိုင်ရာစား ဘဝ ဆိုတာ ကုသိုလ်စိတ်လား အကုသိုလ်စိတ်လား .. ကဲ ဒေါသစိတ်နဲ့ ဝိညာဏ် ချုပ်မှာနော် .. အကုသိုလ်တွေ ပိုမများဘူးလား ..

အဲဒီက သေတော့ ငရဲ မကျဘူးလား .. ငရဲက ကျွတ်ပြန်ပြီဆို ဒါ တိရစ္ဆာန်ဖြစ်တယ်နော် .. တိရစ္ဆာန်ဖြစ်ပြီးတော့ ငရဲနော် .. ငရဲက ကျွတ်တော့ တိရစ္ဆာန်ပေါ့ .. တိရစ္ဆာန်ဖြစ်ပြီးတော့ ငရဲပေါ့ .. ငရဲနဲ့တိရစ္ဆာန် ရက်ကန်းရှယ် သလိုလို့ ဆရာတော် သမားတော် တွေ မဟာဘူးလား .. အဲလိုဖြစ်နေတာကွဲ့ .. နှစ်ပေါင်းများစွာနော် .. ကြောက် စရာ မကောင်းလားဟေ့ ..

နောက်တခါ အဲဒီငရဲမှာ အကြာကြီး နေလို့ လူအဖြစ်ကို ရောက်လာတယ်နော် ။ လူ ဖြစ်တဲ့ခါ တံငါသည်ရွာမှာ သွားဖြစ်တာပေါ့ .. သူ ... တံငါသည်ရွာမှာ လူဖြစ်တဲ့ခါ ။ တစ်ရွာလုံးက ငါးအလုပ် လုပ်မှ စားရ တာနော် .. သူပဋိသန္ဓေတည်တဲ့နေ့ ကစ တစ်ရွာလုံး ငါးအလုပ်လုပ်လို့မရဘူး .. စားဝတ်နေရေးမပြေဘူးနော် .. ။ တစ်ခါတစ်ခါပြန်ကြည့်တော့ အဲဒီမှာ မီးဘေး သင့်တယ် .. သူ ပဋိသန္ဓေ တည်ပြီးနော် .. မင်းဘေး သင့်တယ် မင်းဘေး ကတစ်မျိုး မီးဘေးက တစ်မျိုးကြားရဲ့လား .. ငါတို့က ဒီလို မဖြစ်ဖူးဘူးဗျ ..

www.dhammadownload.com

မဲခွဲပြီးတော့ မဲချကြည့်။ လောကတိသ ပါတဲ့ဖက်က ဆင်းရဲတာပေါ့ .. ဓ လာကတိသ မပါတဲ့ဖက်က ချမ်းသာတယ်ကြားလား .. အဲဒါနဲ့ တစ်ခါပြန်ပြ ပီးတော့မှ ကျန်တဲ့ပုဂ္ဂိုလ်တွေ မဲခွဲချတာ လေးပုံ တစ်ပုံကျတော့ သုံးပုံလောက် ကချမ်းသာတယ်နော် .. တစ်ပုံလောက်က ဆင်းရဲတယ် .. အဲဒီတစ်ပုံ တစ်ခါပြန် မဲချကြည့်တော့ သူ့အိမ်တစ်အိမ်တည်း နေခါမှ ဒီပြင်လူတွေ ချမ်းသာရတယ်ကြားလား .. အဲဒီအိမ် ကလည်း သားလေးကို ကျွေးရတာ မိဘတွေ မွဲသွားလေတော့တာ ကွဲ့ .. မိဘတွေ မွဲသွားတော့တာနော် ..

ခြောက်နစ်အရွယ် ကျတော့ခါ ကိုယ်မချိ အမိသား မတွယ် ပုဆိုးလေး စလွယ်သိုင်းပြီးတော့မှ ဖလားလေးတစ်ခုနဲ့ ကိုင်း ရွာစဉ်ကျယ် တလည်လည် ဓတာင်း စား ပေတော့ လို့ အိမ်ကနှင်ရတော့တာကွဲ့ ကြားလား .. ကိုယ်မချိ အမိသားမတွယ် ။ ဆင်းရဲတော့ မတွယ်တော့ဘူးနော် .. ။

ပညာဇတဒဂ်ရတဲ့ ရှင်သာရိပုတ္တရာ ဆွမ်းခံကြွလာခဲ့တော့ အဲဒီကလေးနဲ့ သွားတွေ့တာပေါ့ အကျိုး အပြစ်တွေ မမေးရဘူးလား .. မေးလို့ ကျောင်းဓခါပြီးတော့ သင်္ကန်းဝတ်ပေးတယ်ကြားလား .. အမြဲတမ်း ဆွမ်းခံကျွေးရတာပေါ့ ခြောက်နစ်သားကနေ အသက်နစ်ဆယ်ပြည့်တဲ့ခါ သိက္ခာတင်ရတာနော် .. ။ သိက္ခာတင် ခြေသလုံး အိမ်တိုင် ပြုပြီးတော့မှ အိမ်စဉ်လိုက်ပြပီးတော့ ဆွမ်းခံရတယ်ကြားလား .. ။

အိမ်စဉ်လိုက်ပြီးတော့ ဆွမ်းခံတဲ့ အခါလည်း ဆွမ်းကမရတာ များတယ်နော် .. ရပြန်တော့ခါလည်း မဝဘူးပေါ့ မရပြန်တော့ခါလည်း မစားရဘူးနော် ရပြန်တော့ခါလည်း မဝဘူးပေါ့ အဲလိုစိစစ်ဖို့ မကောင်းလား ..ကဲ့ မဝဘူး .. ဘယ်လောက်များ ကြောက်စရာ ကောင်းလဲနော် ..

www.dhammadownload.com

အဲဒါနဲ့ အရှင်သာရိပုတ္တရာ ဆွမ်းလောင်းလာကြတာ သပိတ်ကို ဖွင့်ပြလိုက်တယ် အဖုံး ဖွင့်ပြလိုက်တယ် သပိတ်ထဲမှာ ပြည့်နေပြီကိုးကွဲ့ .. တောင်ဇရပ်မှာ လောသကတိသဿ ရှိတယ်ပေါ့ .. အဲဒီမှာ ဆွမ်းလှူချေကြလို့ မပြောရဘူးလား .. ကောင်းပါပြီဘုရားလို့ ဝန်ခံလို့သွားကြတယ်နော် လမ်းတစ်ဝက်ကြတော့ သူ့အိမ်ငှါအိမ် ပြန်ကြတော့တာ တောင်ဇရပ်ကို မရောက်တော့ဘူး ကြားလား .. အဲဒီလိုတွေ ခဏ ခဏ တွေ့ကြုံရတယ်နော် .. ဘယ်ဇလာက်များ အကုသိုလ် ကြီးသလဲကြားလား .. စိစစ်ဖို့မကောင်းလား .. ။

အဲဒါနဲ့တစ်နေ့သဘ္ဂကျ နက်ဖြန်ခါ နောက်ဆုံးနေ့ ။ ခန္ဓာဝန်ချတော့မှာနော် .. အဲဒါ တရားအားထုတ်တဲ့ခါ  မပင်ပန်းရအောင် .. ။ ငှါတပည့် တစ်ပါးတည်း ဆွမ်းခံမကြွနဲ့ ဆရာ တပည့်နှစ်ပါး အတူကြွမယ် .. ။ အရှင်သာရိပုတ္တရာ ကရှေ့က လောသက တိသက နောက်ကပေါ့ .. မြို့တစ်ဝက် ရောက်တာ ဆွမ်းလောင်းတဲ့သူ တစ်ယောက်ပါ့ မပေါ်ပေါက်ဘူး .. ။ အရှင်သာရိပုတ္တရာ တောင်ဆွမ်းမရဘူးကွဲ့ .. ကြား လား .. ။

ကဲ ငှါတပည့် ပြန်တော့ပြန်တော့ ကျောင်းကိုပြန်နှင့်နော် ငါ ဆောင်ရွက်ခဲ့မယ်လို့ မပြောရဘူးလား .. သူလည်း ပြန်သွားတော့ ဆွမ်းလောင်းမည့်သူ ဇပါတော့တာ ။
ခုနှစ်အိမ်ဆို သပိတ်က ပြည့်သွားလေတော့တာ နော်
အဲဒီမှာ ခပ်ပိုပို ဥပါသကာ တစ်ယောက် စိတ်ချရတဲ့ ဥပါသကာတစ်ယောက်ကို လောသကတိသဿ ဆီမှာ ဆွမ်းကပ်ချလို့ တစ်ဝက်လောက် သာသာ ခွဲပြီးတော့မှ မလွှတ်ရဘူးလား စိတ်ချပါဘုရားလို့ မလျှောက်ဘူးလား .. ။ လမ်းတစ်ဝက်ကြတော့ တခါတည်း သစ်ပင်ရိပ် မှာ ထိုင်စားတော့တာတဲ့ ကြားလား .. ကျောင်းကို မရောက်တော့ဘူး ထိုင်စားတော့တာ ။

www.dhammadownload.com

အရှင်သာရိပုတ္တရာက မြို့ထဲမှာ ကိစ္စဝိစ္စရှိတာကိုး အဲဒီကိစ္စဝိစ္စတွေ ဆောင်ရွက်လို့ ညနေသုံးနာရီလောက်မှ ပြန်ရောက်တယ်နော် ။ မနက်စာက ဆွမ်းပို့လာတာ သပွါယ ဖြစ် သလားလို့ မမေးရဘူးလား ။ တပည့်တော် အခုထိ မစားရ သေးဘူးတဲ့ ။ အိမ်း ဒကာက လမ်းမှာ ထိုင်စားတာကိုး အကုသိုလ် မကြီးဘူးလားဟေ့ ။

ဘယ်လောက်ပဲ့ အကုသိုလ် အငတ်ပြဿနာနဲ့ ရင်ဆိုင်ငြားသော်လည်း ဆရာကောင်း သမားကောင်း အဆုံးအမကို ရတဲ့ အတွက် သူခိုးလုပ်ပြီးတော့ စားမယ် တံငါ မုဆိုးလုပ်စားမယ် လုစားမယ်လို့ ဖောက်ပြန်သေးရဲ့လား .. ကံကို ယုံပြီကြားလား .. ဘယ်လောက်ပဲ့ ငတ် ငတ် မဖောက်ပြန် တော့ဘူးနော် အဲသလောက်ငတ်ပြီးရင်တော့ ဘုန်းကြီးကတော့ နေနိုင်မယ် မထင်ဘူးကွာ ကြားလား ဖောက်ပြန်မှာ ။ လုစားမိလိမ့်မယ်ဟေ့ ကဲဖောက်ပြန်သေးရဲ့လား .. ကဲအဲလိုအတုယူဖို့ မကောင်းလားဟေ့ ..

အဲဒါနဲ့ ညနေစဉ်းစားတယ် အရှင်သာရိပုတ္တရာက အိမ်း တရားအားထုတ်တာ ပင်ပန်းတော့မှာ ဘယ်လိုလုပ် ရမလဲ အကြံဉာဏ် ပေါ်လာပြီ နန်းတော်သွားပြီးတော့ စတုမဓု အလှူခံမယ် နန်းတော်သွားပြီးတော့ စတုမဓု အလှူခံ ရတယ်နော် သပိတ်နဲ့တစ်ဝက်သာသာ ရတယ်ကြားလား အဲဒါ သူ့ကို ကပ်တော့တာပေါ့ ကပ်လို့ နှိုက်စားတော့ တစ်စက်ပဲ့ မတွေ့ဘူး ပျောက်သွားတော့တာ စတုမဓုက ။ အကုသိုလ်မကြီးဘူးလား ကြီးသလား ... ပျောက်သွားတော့တာ ။

အဲ အရှင်သာရိပုတ္တရာက သူ့သပိတ်ကိုပြန်ပြီးတော့ ယူရတယ်နော် ယူလို့ အရှင်သာရိပုတ္တရာ လက်ထဲမှာကြတော့ အပြည့်ပေါ့ တစ်ဝက်သာသာပေါ့ ကိုင်ပေးရတယ်ကြားလား အရှင်သာရိပုတ္တရာ လက်ထဲမှာ စားရတယ် အဲဒီ တစ်နပ်ထဲ ဝဝစားရတယ်နော် ။

www.dhammadownload.com

အဲဒါပြီးတော့ တရားအား ထုတ်တော့တာပေါ့ ။ တရားအားထုတ်တာ ကိ
စ္စတွေ အသာသာ ပသာသာ ထွက်တာသိ ဝင်တာသိပေါ့ အဲဒီကစပြီးတော့
သမာဓိထူထောင်တာနော် ထူထောင်လို့ နံနက်မိုးလင်းလို့ လေးနာရီကြေ
တာ့ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် ရတယ်ကြားလား.. ငါးနာရီကြေ
တာ့ သကဒါဂါမ် အနာဂါမ် ရဟန်း ကိစ္စပြီးမသွားလား.. ရဟန်းကိစ္စ လည်း ပြ
ပီးတော့ ပရိနိဗ္ဗာန်ပြုတော့တာကွဲနော်။ လောသကတိသ လောသက
တိသ ။

ဆွမ်းလေး တစ်နပ်တည်းကို သွန်ပစ်လိုက်တာနော် ။ ကဲ သူ သွန်တဲ့ဆွမ်း
က ရည်မှန်းတဲ့ ပုဂ္ဂိုလ်က အာဂန္တုလို့ ရည်မှန်းပြီးတော့ မလှူဘူးလား ။ ရည်
မှန်းခံရတဲ့ဟာက သာမန်ပုဂ္ဂိုလ် ဟုတ်ကဲ့လား ရဟန္တာ ကိုးကွဲ့ အင်မတန် ြ
ကာက်စရာ မကောင်းလား .. ရဟန္တာကလည်း သူလို ကိုယ်လိုကိုးကွဲ့နော်
ရုပ်တစ်မျိုးပဲ့ါ မဟုတ်ဘဲ အဲလို စိစစ်ဖို့ မကောင်းလား .. ။ ဘယ်သူက ရ
ဟန္တာလို့ သိပဲ့ါမလဲကွဲ့နော် ။ စိစစ်ဖို့မကောင်းလား .. ။ အဲလိုဆို ခန္ဓာဖက်ကို
လေ့လာဖို့ လိုတာပေါ့ါ လေ့လာဖို့မလိုဘူးလား ။ လိုတယ် ။

ခန္ဓာဖက်ကို လေ့လာဖို့လိုတယ် ခန္ဓာဖက်ကို ။
အဲလို ခန္ဓာဖက် မှာ အမြင်ခံဟာ လူနတ်ဗြဟ္မာလား အဆင်းဓါတ်လား ။ အ
ဆင်း ရူပက္ခန္ဓာမှာ ပုဂ္ဂိုလ် သတ္တဝါ အနေနဲ့ မမြင်နေဘူးလား .. နှလုံးသွင်း မ
မှားဘူးလား .. ။မှားတော့ခါ ကိုယ့်ထက် သာတာပေါ့ ။ အနေအထိုင်တွေက
ကောင်းတာကိုး .. အဲတော့ ကိုယ့်ဒကာက သူ့ကြည့်ညိုပြီးတော့မှ တစ်မျိုး
တစ်မည် ကျောင်းသစ်ဆောက် လို့ကိုးကွယ်ရင် သူ့မှာ အနေရခက်ချေ
ရဲ့ လို့မတွေးပေဘူးလား .. တွေးတယ် ကွဲနော် မတော်လို့များ ကိုယ့်ဒကာ
ဆွမ်းကို စားလို့ ဆီဦးထောပတ်တွေဖြစ်လို့ စားလို့ ကောင်းတာနဲ့ ကျောင်း

www.dhammadownload.com

ကနှင်လို့တောင် ရမှာမဟုတ်ဘူးပေါ့ ။ အဲလိုလည်း တစ်မျိုး မတွေးပေဘူး လား .. ။

အဲဒါနဲ့သူကို မခေါ်ဘဲနဲ့ မပင့်ဘဲနဲ့ တစ်ပါးတည်း ကြွသွားတာ .. စိစစ်ဖို့မ ကောင်းလား .. ကြွလို့ဟိုက အာရုံပြုလို့ လှူလိုက် ပြန်တော့ခါလည်း အာဂန္တု အနေနဲ့ ရည်မှန်းလှူတာ နော် အာဂန္တုလို့ ရည်မှန်းထား ရည်မှန်းခံရတဲ့ပုဂ္ဂိုလ်က အာသဝေါကုန်တဲ့ ပုဂ္ဂိုလ်ဖြစ်မသွား ဘူးလား .. ။အပြစ်ပိုပြီးတော့ မ ကီးလား .. ။ အဲလိုဆိုဒါ သူတော်ကောင်း အရိယာလို့ သူသူငါ ငါသိနိုင်ပါ့မ လား ။
အဲဒါဘာကြောင့်ဖြစ်တာလဲ ။ စိစစ်ဖို့မကောင်းလား .. ။ ခန္ဓာဖက်ကို ဉာဏ် မရောက်လို့ ။

ခန္ဓာဖက်ကို လှည့်တဲ့ခါမှာ ပုဂ္ဂိုလ်သတ္တဝါ တွေ့ပါ့မလား ဒါ ကိုယ့်အပြစ်ကို ရှာရမှာနော် ။ ခန္ဓာ မတွေ့လို့ သူများအပြစ်ကို ရှာတော့တာ ။ စိစစ်ဖို့မကော င်းလား .. ။ ခန္ဓာတွေ့တဲ့ခါ သူများ အပြစ်ကို ရှာစရာ လိုသေးလား ။ ရုပ်တ ရားကြီးက သက်သေ ခံတယ်နော်။ ဖောက်ပြန်ပြီးတော့ မပျက်လား ။ ဝေဒ နာက ခံစားပြီးတော့ မပျက်လား .. ။ သညာ မှတ် ပြီးတော့ မပျက်လား ..။ စေတနာ စေ့ဆော်ပြီးတော့ မပျက်လား။ ဝိညာဏကွန္ဓာ သိပြီးတော့ မပျ က်လား ။ ငါးပါးစလုံး အနိစ္စ ။

ရူပက္ခန္ဓာလို့သိ အနိစ္စလို့သိ။ ဝေဒနာက္ခန္ဓာလို့သိ အနိစ္စလို့သိ ။ သညာ က္ခန္ဓာလို့သိ အနိစ္စလို့သိ ။ သင်္ခါရက္ခန္ဓာလို့သိ အနိစ္စလို့သိ ။ ဝိညာဏကွန္ဓာ လို့သိ အနိစ္စလို့သိ ။ ခန္ဓာငါးပါး လို့သိတော့ ဒိဋ္ဌ မပြုတ်လား ။ ဝိစိကိစ္ဆာ မ ချုပ်လား ။ ကဲ အာသဝ အနေနဲ့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ် တယ်နော် ။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ လို့ မဟောဘူးလား .. ။ အနိစ္စလို့ သိဖို့ မလိုဘူး

www.dhammadownload.com

လား .. ။ အနိစ္စသိမှ စိတ်ချရတယ်နော် ။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ။ ဒုက္ခ လက္ခဏာ ဒုက္ခသစ္စာ ။ အနတ္တလက္ခဏာ ဒုက္ခသစ္စာ ။

ကဲ သိ-ဆိုတော့ နလုံးသွင်းမှားတဲ့ အဝိဇ္ဇာ ချုပ် မချုပ် ချုပ်ရင် တဏှာ ဘယ်က လာမလဲ ဒီလို ဆိုတော့ အဝိဇ္ဇာ ချုပ်ဖို့ အဓိကကွဲ့ ။ ကဲ အဝိဇ္ဇာ ချုပ်ရင် တဏှာ လာသေးရဲ့ လား ။ ဥပါဒါန် လာသေးလား။ ကံလာသေးရဲ့လား။ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မပြတ်လား။ နောက်ခန္ဓာ ဇာတ်မသိမ်း လား .. နိရောဓလို့ မဟောဘူးလား .. ။

ကဲ... ထိဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက (မဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယသစ္စာပါဘုရား) နောက်ခန္ဓာ မလာတာက (နိရောဓသ စ္စာပါဘုရား)
ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက်ရှိပါတယ်ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား) ငါးလေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ် သည် သံသရာမှ လွတ်ကြောင်းတည်း)

ကမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ။ ဤလောကုတ္တရာတရား ကိုးပါးအားဖေလျာ်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ။ ဗုဒ္ဓံ မြတ်စွာဘုရားကို ။ ပူဇေမိ ဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

ကမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ။ ဤလောကုတ္တရာတရား ကိုးပါးအားဖေလျာ်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ။ ဓမ္မံ တရားတော်မြတ်ကို ပူဇေမိ ဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

www.dhammadownload.com

ကြာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ ။ ဤလောကုတ္တရာတရား ကိုးပါးအားဖေ
လျာ်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ။ သံဃံ သံဃာတော်အရှင်မြတ်ကို ။ ပူဇေ
မိ ဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

ဤကဲ့သို့ ပြုလုပ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်
အဓိဋ္ဌာန်ကုသိုလ် ပါရမီကုသိုလ် ဝိပဿနာ မဟာကုသိုလ်တို့၏ အကျိုး
အားကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရပါလို၏
အရှင်ဘုရား။

ထိုကုသိုလ်၏ အကျိုးကိုလည်း မိခင်ဖခင် ကျေးဇူးရှင်တို့အားငှင်း အနမတ
ဂ္ဂ သံသရာမှစ၍ တော်စပ်ခဲ့ဘူးသော မိခင်ဖခင် ကျေးဇူးရှင် အပေါင်း
တို့အားငှင်း အာစရိယာနစ္စ ဆရာသမားတို့အားငှင်း ကြာသံ ပရိသာနစ္စ
တရားနာအစည်းဝေး သို့ကြွရောက် လာကြကုန်သော တရားနာပရိသတ်
တို့အားငှင်း ရေမြေသနင်း ပြည့်ရှင်မင်း တို့အားငှင်း  ငရဲသနင်း ယမမင်း
တို့အားငှင်း

ကိုယ်စောင့်နတ် အိမ်စောင့်နတ် ကျောင်းစောင့်နတ်  ဓမ္မာရုံစောင့်နတ်  ဘု
မ္မစိုးနတ် ရုက္ခစိုးနတ် အာကာသစိုးနတ် တောစောင့်နတ် တောင်စောင့်နတ်
ရွာစောင့်နတ် မြို့စောင့်နတ် သာသနာတော်စောင့်နတ် စတုလောကပါလ
နတ်မင်းကြီးမှစ၍ သုံးဆယ့် တစ် ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ
သုခိတ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား ဘာဇေယျာမ အမျှ အမျှ အမျှ အ
မျှပေးဝေပါကုန်၏ အမျှရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်း
သာ လိုအင်ဆန္ဒ တလုံးတဝတည်း ပြည့်ဝကြပြီးလျှင် သူတော်ကောင်း
တရား ကြီးစား ပွါးများ အားထုတ် နိုင်လွယ် ကြသည်ဖြစ်စေ...

အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...

www.dhammadownload.com

သာဓု...သာဓု...သာဓု။
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု။
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု။

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တောရကျောင်း ၊ ပဓာနနာယကဆရာတော်
ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရားကြီး ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ်တွင်
၁၀-၁၀-၂၀၁၇ ခုနှစ် နေ့နှစ်နာရီအချိန် ဟောကြားဆုံးမတော်မူအပ်သော
သီလသုံးမျိုးအကြောင်း ဥပမာပြု
ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် တရားတော်။

အနန္တော အနန္တ ငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

ဗုဒ္ဓဿ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com

ဓမ္မသ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

သံဃသ-မဂ်ဌိတည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်ဌိတည်သော ပုဂ္ဂိုလ်လေးပါး ကျိရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုသ-မိဘနစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယသ-ဂိုပသနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုးချီ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော  နိဗ္ဗာန်သို့ လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ  ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့

www.dhammadownload.com

မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာ=အဝိဇ္ဇာ။တဏှာ။

သစ္စာနှစ်ခု=သမုဒယသစ္စာ။ဒုက္ခသစ္စာ။ သမုဒယသစ္စာ။ဒုက္ခသစ္စာ။

လေးခုအလွှာ=အတိတ်အကြောင်းတစ်လွှာ။ပစ္စုပ္ပန်အကျိုးတစ်လွှာ။ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ အနာဂတ် အကျိုးတစ်လွှာ။

အင်္ဂါတစ်ဆယ့်နှစ်ပါး =အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ကမ္မဘဝ။ဇာတိ။ဇရာမရဏ။

တရားကိုယ်များနှင့်= အဝိဇ္ဇာအစ ဇရာမရဏ အဆုံး။

သုံးပါးအစပ်=သင်္ခါရ နှင့်ဝိညာဏ် ကြားမှာ တစ်စပ်။ဝေဒနာ နှင့်တဏှာ □ ကားမှာ တစ်စပ်။ ကမ္မဘဝ နှင့်ဇာတိ ကြားမှာ တစ်စပ်။

နှ စ်ရပ်မူလ = တဏှာ နှင့် အဝိဇ္ဇာ။

ဝင်္ဂသုံးဝ=ကိလေသဝင်္ဂ။ကမ္မဝင်္ဂ။ဝိပါကဝင်္ဂ။

ကာလ သုံးဖြာ=
လွန်လေပြီးသောအတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ ။

www.dhammadownload.com

ခြင်းရာ နှစ်ဆယ်=
အတိတ်အကြောင်းခြင်းရာငါးပါး ။
ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး။
ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး။
အနာဂတ် အကျိုးခြင်းရာငါးပါး။

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အတိတ်အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၂)အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ တဏှာ ဥပါဒါန်က ကိလေသဝဋ် ပါဘုရား။
သင်္ခါရ နှင့် ဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
အတိတ်အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅)အတိတ်အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၆)အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

www.dhammadownload.com

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၂) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာ လဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန် အဝိဇ္ဇာက ကိလေသဝဋ် ပါဘုရား။
ဘဝ နှင့် သင်္ခါရက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၆) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၁)နှင့် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)-နှင့် (၃)ခြားနားပုံမှတ်ချက်။

*(၃)အကွက်က သမုဒယသစ္စာ ၊(၁)အကွက်က သမုဒယသစ္စာ၊အခေါ်မတူ ဘူးလား။
တူပါတယ် ဘုရား။

www.dhammadownload.com

*အခေါ်တူငြားသော်လည်း အတိတ်နဲ့ ပစ္စုပ္ပန် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အတိတ် ဆိုတော့ လွန်ခဲ့ပြီးပြီ အသုံးချလို့ရပါ့မလား။
မရပါဘုရား။
*အတိတ်က သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
အဝိဇ္ဇာဦးစီးပါတယ်ဘုရား။
*ပစ္စုပ္ပန်သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
တဏှာ ဦးစီးပါတယ်ဘုရား။
*ပိုင်းခြားသိဖို့ မလိုဘူးလား။
လိုပါတယ်ဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ ပါဘုရား။
(၂) ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ  ဝင့်အနေနဲ့ ဘယ်ဝင့်ထဲ သွင်းမှာလဲ။
ဝိပါကဝင့် ပါဘုရား။
(၃)ဝိပါကဝင့် ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာ ပါဘုရား။

www.dhammadownload.com

(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၈) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အနာဂတ် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

www.dhammadownload.com

ဒုက္ခသစ္စာ ပါဘုရား။

(၈)ဒုက္ခသစ္စာ ဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။
>>ရူပက္ခန္ဓာ-ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝေဒနာက္ခန္ဓာ-ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သညာက္ခန္ဓာ-မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သင်္ခါရက္ခန္ဓာ-စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝိညာဏက္ခန္ဓာ-သိတတ်သော သဘောအစု ဖြစ်ပျက်မှု။ပါဘုရား-
(၉)ခန္ဓာငါးပါး ဖြစ်ပျက်မရလား။
ရပါတယ်ဘုရား။
(၁၀)ဖြစ်ပျက် ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။

(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၂)နှင့် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၂)-နှင့် (၄)ခြားနားပုံမှတ်ချက်။

*(၄)အကွက်က ဒုက္ခသစ္စာ ၊(၂)အကွက်က ဒုက္ခသစ္စာ၊အခေါ်မတူဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း ပစ္စုပ္ပန် နဲ့ အနာဂတ် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အနာဂတ်ရောက်ပြီလား။မရောက်သေးပါဘူးဘုရား။
မရောက်သေးရင် အသုံးချလို့ရပါ့မလား။
မရပါဘုရား။

www.dhammadownload.com

*အခု ရောက်ဆဲ ဘယ်အကွက်မှာလဲ။
ပစ္စုပ္ပန် (၂)အကွက်မှာပါ ဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

မူလနှစ်ဖြာ=အဝိဇ္ဇာ။တဏှာ။

သစ္စာနှစ်ခု=သမုဒယသစ္စာ။ဒုက္ခသစ္စာ။ သမုဒယသစ္စာ။ဒုက္ခသစ္စာ။

လေးခုအလွှာ=အတိတ်အကြောင်းတစ်လွှာ။ပစ္စုပ္ပန်အကျိုးတစ်လွှာ။ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ အနာဂတ် အကျိုးတစ်လွှာ။

အင်္ဂါတစ်ဆယ့်နှစ်ပါး =အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ကမ္မဘဝ။ဇာတိ။ဇရာမရဏာ။

တရားကိုယ်များနှင့်= အဝိဇ္ဇာအစ ဇရာမရဏာ အဆုံး။

သုံးပါးအစပ်=သင်္ခါရ နှင့်ဝိညာဏ် ကြားမှာ တစ်စပ်။ဝေဒနာ နှင့်တဏှာ □ ကားမှာ တစ်စပ်။ ကမ္မဘဝ နှင့်ဇာတိ ကြားမှာ တစ်စပ်။

www.dhammadownload.com

နှ စ်ရပ်မူလ = တဏှာ နှင့် အဝိဇ္ဇာ။

ဝဋ်သုံးဝ=ကိလေသဝဋ်။ကမ္မဝဋ်။ဝိပါကဝဋ်။

ကာလ သုံးဖြာ=
လွန်လေပြီးသောအတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ ။

ခြင်းရာ နှစ်ဆယ်=
အတိတ်အကြောင်းခြင်းရာငါးပါး ။
ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး။
ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး။
အနာဂတ် အကျိုးခြင်းရာငါးပါး။

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)လွန်လေပြီးသော အတိတ်ကာလ ကို ဖော်ပြပါ။
အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၂)အဝိဇ္ဇာ သင်္ခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ က ကိလေသဝဋ် ပါဘုရား။
သင်္ခါရ က ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
လွန်လေပြီးသော အတိတ် ကာလ ပါဘုရား။

www.dhammadownload.com

(၅) လွန်လေပြီးသော အတိတ် ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၆)အဝိဇ္ဇာ သခါရ အလွာ အနေနှင့် ဘယ်အလွာ ထဲ သွင်းမှာလဲ။
အတိတ် အကြောင်းတစ်လွာ ပါဘုရား။
(၇) အတိတ် အကြောင်းတစ်လွာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၈)အဝိဇ္ဇာ သခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလ ကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ
တဏှာ ဥပါဒါန် ကမ္မဘဝပါဘုရား။
(၂)ယခုဖြစ်ဆဲကိုဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၃) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ
သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၄)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၅)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ကာလ အနေနှင့် ဘယ်
ကာလ ထဲ သွင်းမှာလဲ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ပါဘုရား။

www.dhammadownload.com

(၆) ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၇)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အလွှာ အနေနှင့် ဘယ်
အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုးတစ်လွှာ ပါဘုရား။
(၈) ပစ္စုပ္ပန် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၉)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၁၀) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ပစ္စုပ္ပန်ကာလ ကို ဆက်ပြီး ဖော်ပြပါ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၂)တဏှာ ဥပါဒါန် ကမ္မဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန်  က ကိလေသဝဋ် ပါဘုရား။
ကမ္မဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်း
မှာလဲ။

www.dhammadownload.com

ပစ္စုပ္ပန် အကြောင်း ကာလ ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၆)တဏှာ ဥပါဒါန် ကမ္မဘဝ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာ လဲ။
ပစ္စုပ္ပန် အကြောင်းတစ်လွှာ ပါဘုရား။
(၇) ပစ္စုပ္ပန် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၈)တဏှာ ဥပါဒါန် ကမ္မဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ ကို ဖော်ပြပါ။
ဇာတိဇရာမရဏ ပါဘုရား။
(၂) ဇာတိဇရာမရဏဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၃)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၄)ဇာတိဇရာမရဏ ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး ကာလ ပါဘုရား။
(၅) အနာဂတ် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၆)ဇာတိဇရာမရဏ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။

www.dhammadownload.com

အနာဂတ် အကျိုးတစ်လွှာ ပါဘုရား။
(၇) အနာဂတ် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏာ ပါဘုရား။
(၈)ဇာတိဇရာမရဏာခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၉) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၀) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

မူလနှစ်ဖြာ=အဝိဇ္ဇာ။တဏှာ။

သစ္စာနှစ်ခု=သမုဒယသစ္စာ။ဒုက္ခသစ္စာ။ သမုဒယသစ္စာ။ဒုက္ခသစ္စာ။

လေးခုအလွှာ=အတိတ်အကြောင်းတစ်လွှာ။ပစ္စုပ္ပန်အကျိုးတစ်လွှာ။ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ အနာဂတ် အကျိုးတစ်လွှာ။

www.dhammadownload.com

အင်္ဂါတစ်ဆယ့်နစ်ပါး =အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။
ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ကမ္မဘဝ။ဇာတိ။ဇရာမရဏ။

တရားကိုယ်များနှင့်= အဝိဇ္ဇာအစ ဇရာမရဏ အဆုံး။

သုံးပါးအစပ်=သင်္ခါရ နှင့်ဝိညာဏ် ကြားမှာ တစ်စပ်။ဝေဒနာ နှင့်တဏှာ □
ကားမှာ တစ်စပ်။ ကမ္မဘဝ နှင့်ဇာတိ ကြားမှာ တစ်စပ်။

နှ စ်ရပ်မူလ = တဏှာ နှင့် အဝိဇ္ဇာ။

ဝဋ်သုံးဝ=ကိလေသဝဋ်။ကမ္မဝဋ်။ဝိပါကဝဋ်။

ကာလ သုံးဖြာ=
လွန်လေပြီးသောအတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ ။

ခြင်းရာ နှစ်ဆယ်=
အတိတ်အကြောင်းခြင်းရာငါးပါး ။
ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး။
ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး။
အနာဂတ် အကျိုးခြင်းရာငါးပါး။

“ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်” ။
ကိလေသဝဋ် ဘယ်နှစ်ပါးလဲ။
(၃)ပါး ပါဘုရား။

www.dhammadownload.com

ကမ္မဝဋ္ဌ ဘယ်နှစ်ပါးလဲ။
(၂)ပါးပါဘုရား။
ဝိပါကဝဋ္ဌ ဘယ်နှစ်ပါးလဲ။
(၈)ပါး ပါဘုရား။

#“ကိလေသဝဋ္ဌ (၃)ပါး” ကိုဖော်ပြပါ။
“အဝိဇ္ဇာ တဏှာ ဥပါဒါန်”ပါဘုရား။

သစ္စာလေးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ခန္ဓာငါးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
အာယတန(၁၂)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ဓါတ်(၁၈)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ပဋိစ္စသမုပ္ပါဒ် တရားတော် ကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
“သိသင့် သိ ထိုက်တဲ့ တရား ”ကို မသိလို့ “အဝိဇ္ဇာ”လို့ မခေါ်လား။
ခေါ်ပါတယ်ဘုရား။
သိ ရင် “ဝိဇ္ဇာ” ပေါ့။

ဤခန္ဓာ အာယတန ဓါတ် သစ္စာ တရားအပေါ်မှာ
လူ နတ် ဗြဟ္မာ သတ္တဝါလို့
ဓ့ လုံးသွင်းမှားတာကော---?
အဝိဇ္ဇာ ပါဘုရား။

www.dhammadownload.com

ဓ၂ လုံးသွင်းမှားတာ “အဝိဇ္ဇာ” နော်။

ဤခန္ဓာ အာယတန ဓါတ် သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်လား----?
ပျက်ပါတယ်ဘုရား။
ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။
ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။
ထင်ရှားပါတယ်ဘုရား။

ဤဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ ဓ လုံးသွင်းမှားတာကော ----?
“အဝိဇ္ဇာ” ပါဘုရား။

ဓ၂ လုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ။
“တဏှာ” ပါဘုရား ။

မရရင် မနေဘူးလို့ စွဲလမ်းတာ---?။
“ဥပါဒါန် ”ပါဘုရား။

အဝိဇ္ဇာ တဏှာ ဥပါဒါန် ၊ဤ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။

#ကမ္မဝဋ် (၂)ပါးကို ဖော်ပြပါ။
သခ်ါရ နှင့် ကမ္မဘဝပါ ဘုရား။

www.dhammadownload.com

ပါးစပ်က ပြောတော့ ဘယ်သခ်ီရ တပ်မလဲ။
ဝစီသခ်ီရ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သခ်ီရ။
ကာယသခ်ီရ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်သခ်ီရ။
စိတ္တသခ်ီရ ပါဘုရား။

ပါးစပ်က ပြောတော့ ဘယ်ကံလဲ။
ဝစီကံ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။
ကာယကံ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်ကံလဲ။
မနောကံ ပါဘုရား။

ကာယကံ ဝစီကံ မနောကံ
ဤ(၃)ပါး ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကမ္မဝဋ် ပါဘုရား။

ကိလေသဝဋ် နဲ့ ကမ္မဝဋ် ကို သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

ဝိပါကဝဋ် (၈)ပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဏတိ ဇရာ မရဏ ပါဘုရား။

www.dhammadownload.com

ဝင္ရအေနနဲ့ ဘယ်ဝင္ရထဲ သွင်းမွာလဲ။
ဝိပါကဝင္ရ ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၄)အကွက် မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရုစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

သာဓု သာဓု သာဓု။

မူလနှစ်ဖြာ တစ်ခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠုသုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရုစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။ ပါဘုရား။

( နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ )၃

www.dhammadownload.com

ဝိညာဏ်မြင် သမ္မုတိသစ္စာအားဖြင့်
ကမ္မသကတာ သမ္မာဒိဋ္ဌိ ... အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို
ယုံကြည်ရမယ်လို့မဟောလား။ (ဟောပါတယ်ဘုရား)။

ပါဏာတိပါတာ အစ သုရာမေရယ အဆုံး ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အ
ဆုံးကို ကျူးလွန်ရင် ... ကုသိုလ်လား အကုသိုလ်လား။ (အကုသိုလ်ပါ
ဘုရား)
အကုသိုလ်ကံ အကြောင်းကြောင့် အကျိုး တရားက သေသည်ရဲ့အခြားမဲ့၌
... ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်လို့မဟောလား(ဟောပါတယ်ဘုရား)
ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား။
(ဆင်းရဲတဲ့တရားပါဘုရား)
ဒါ...အကုသိုလ်ကံကြောင့် ဖြစ်တာနော်(မှန်ပါဘုရား)။
ယုံကြည်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား) ။

ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိ အ
ဆုံးကို ရှောင်ကြဉ်ရင်...
အကုသိုလ်လား ကုသိုလ်လား(ကုသိုလ်ပါဘုရား)။
ကုသိုလ်ကံအကြောင်း ကြောင့် အကျိုးတရားက လူ့ပြည် နတ်ပြည်ခြောက်
ထပ်လို့ မဟောလား(ဟောပါတယ်ဘုရား) ။ ဆင်းရဲတဲ့တရားလား ချမ်းသာ
တဲ့တရားလား။ (ချမ်းသာတဲ့တရားပါဘုရား)
ဒါ ...ကုသိုလ်ကံကြောင့်ဖြစ်တာနော်(မှန်ပါဘုရား) ။
ယုံကြည်ဖို့မကောင်းလား (ကောင်းပါတယ်ဘုရား)။

အကုသိုလ်ကံ ကုသိုလ်ကံကို ယုံကြည်ရင်...
ဇဒင် မေးဦးမလား(မမေးပါဘူးဘုရား) ။
နတ်ကတော် မေးဦးမလား(မမေးပါဘူးဘုရား)။

www.dhammadownload.com

ဝိဇ္ဇာတွေ မေးဦးမလား(မမေးပါဘူးဘုရား)။
ဗေဒင်မေးတယ် နတ်ကတော်မေးတယ် ဝိဇ္ဇာမေး တယ်ဆိုတာ... ကံကိုမ
ယုံလို့ပေါ့နော်(မှန်ပါဘုရား)။
ဒါ... ကံ ကံ၏အကျိုးကို ယုံကြည်ဖို့လိုတာပေါ့(မှန်ပါဘုရား)။

ငါးပါးသီလ။
**********

သက်ရှိသတ္တဝါတွဲ ။ ကမျဉ်းနီကစ ဆင်ကောင်ကြီးထိ သတ်မယ်ဆို... ပါ
ဏာတိပါတကံ မထိုက်ဘူးလား။ (ထိုက်ပါတယ်ဘုရား) ပါဏာတိပါတကံ
ထိုက်ရင် သေသည်ရဲ့အခြားဌ အပါယ်က လွတ်ပါ့မလား။ (မလွတ်ပါဘူး
ဘုရား)
အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ...
ငရဲသက် စေ့ တိရစ္ဆာန်ဖြစ်တာ များတယ်နော်(မှန်ပါ့ဘုရား)

အဲဒါ ငရဲသက်စေ့လို့ လူအဖြစ်ကို ရတယ်ထား ။ လူဖြစ်တဲ့ဘဝမှာ မွေးမွေး
ချင်း သေတဲ့ ကလေးတွေ မရှိလား(ရှိပါတယ်ဘုရား)။ လသားနဲ့ သေတာ မ
ရှိဘူးလား(ရှိပါတယ်ဘုရား)။ ကျောင်းသားအရွယ်နဲ့ သေတာ မရှိဘူး
လား(ရှိပါတယ်ဘုရား) ။ သူဌေးသားဘဲ ဖြစ်ဖြစ် သူဌေးသမီးဘဲ ဖြစ်ဖြစ် ဌ
ယ်ငယ် ရွယ်ရွယ်နဲ့ သေတော့ သူဌေးရဲ့စည်းစိမ်ကို ခံစားရရဲ့လား(မခံစားရ
ပါဘူးဘုရား) ။ အိုးပုတ် ချိုးရုပ်နဲ့ ပျော်လို့ သေတော့တာနော်(မှန်ပါဘုရား) ။
လူဖြစ်ကျိုး ရှုံးတာပေါ့ (မှန်ပါဘုရား) ။

အသက် တိုတယ်လို့မပြောလား။ (ပြောပါတယ်ဘုရား) အသက် တိုတာ
အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ်တာလား(အ
ကောင်းကြောင့်အကျိုးတရားပေါ်တာပါဘုရား)။

www.dhammadownload.com

အသက်တိုတဲ့ အကြောင်းကို ရှာကြည့်တော့ သက်ရှိသတ္တဝါတွေ သတ်ခဲ့တာကိုးကွဲ့(မှန်ပါဘုရား) ။ ကိုယ်ချင်းစာဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား) ။ ကိုယ့်ကို သတ်ရင်ကား ခံနိုင်ပါ့မလား(မခံနိုင်ပါဘူးဘုရား)။ သူ့ကို သတ်ရင်ကား ခံနိုင်ပါ့မလား(မခံနိုင်ပါဘူးဘုရား)။ အဲသလိုကိုယ်ချင်းစာမယ်ဆို မေတ္တာဖြစ်တာပေါ့(မှန်ပါဘုရား) ။ စိစစ်ဖို့မကောင်းလား (ကောင်းပါတယ် ဘုရား)

ဒါကြောင့်မို့လို့ အသက်တိုတာ အကြောင်းရှိလို့ အကျိုးတရား ပေါ်တာနော်(မှန်ပါဘုရား) ။ ကိုယ်က သတ္တဝါ အသီးသီးကို သတ်ခဲ့တော့ ... ကိုယ်လည်း အသက်တိုတာပေါ့(မှန်ပါဘုရား)။ သေတဲ့ခါ အပါယ်က မလွတ်ဘူးနော်(မှန်ပါဘုရား)။ အပါယ်က တက်ပြန်တော့လည်း အသက်တိုတယ်နော်။ ကံ ကံ၏ အကျိုးကို ယုံကြည်ဖို့ မကောင်းလား(ကောင်းပါ တယ်ဘုရား)

အရှေ့အိမ်က အဖိုးကြီး အဖွားကြီး အသက်ခုနစ်ဆယ် ကျော် ရှစ်ဆယ် စားနိုင်တယ် သွားနိုင်တယ် လုပ်နိုင်တယ်လို့ မပြောဘူးလား(ပြောပါတယ်ဘုရား) ။
သီလကုသိုလ် ကောင်းတာကိုးလို့ အဖြေမပေးလား(ပေးပါတယ်ဘုရား)။
ကဲ ဘယ်လောက်များ ထင်ရှားသလဲနော် (မှန်ပါဘုရား)။

သစ်သီးတလုံး ပန်းတပွင့် ဟင်းတည့်နှစ်ကစ ရွှေငွေကျောက်သံပတ္တမြားအထိ ပိုင်ရှင် အခွင့်မပြုဘဲနဲ့ ယူမယ်ဆိုရင် အဒိန္နာကံ မတိုက်လား(တိုက်ပါတယ်ဘုရား) ။ အဒိန္နာကံတိုက်ရင် သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား(မလွတ်ပါဘူးဘုရား) ။

အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့ လူအဖြစ်ရလည်း လူဖြစ်တဲ့ ဘဝမှာစားဝတ်နေရေးပြေရဲ့လား(မပြေ ပါဘူးဘုရား)။ အငတ်ပြဿနာ

www.dhammadownload.com

နဲ့ ရင်ဆိုင်ရတယ်နော်(မှန်ပါဘုရား) ။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုး တရားပေါ် တာလား(အကြောင်းကြောင့် အကျိုးတရား ပေါ်တာပါဘုရား)။ အကြောင်းကြောင့် အကျိုးတရား ပေါ်တာကြားလား(မှန်ပါဘုရား) ။

အတိတ်ဘဝက သူများစားမည့် အစားအစာကိုခိုးခဲ့တာသူများဝတ်မည့် အထည်အဝတ်အစားတွေကို ခိုးခဲ့တာပေါ့နော် (မှန်ပါဘုရား)။ အဲသည်အပြစ်က ငရဲကိုကျတယ်နော်(မှန်ပါဘုရား)။ ငရဲ သက်စေ့လို့ လူအဖြစ်ကို ရတဲ့အခါ အဝတ်ပြဿနာ နဲ့ရင်ဆိုင်ရတယ်ကြားရဲ့လား။ (မှန်ပါဘုရား)

အဲလို ခဏ ခဏကြားရ နာရတော့... အကျိုး အပြစ်ကိုမသိဘူးလား(သိပါတယ် ဘုရား) သိတဲ့အခါ ဒေါသဖြစ်သေးရဲ့လား(မဖြစ်ပါဘူးဘုရား)
ကြွေးဟောင်း မကျေလား (ကျေပါတယ်ဘုရား)
ကြွေးသစ် တင်သေးသလား(မတင်ပါဘူးဘုရား)။
ဒါမို့လို့ တရားနာမပျင်းကြနဲ့ပေါ့နော်(မှန်ပါဘုရား)။
ကြွေးဆပ်တရားတွေကွဲ့ကြွေးဆပ်တရား တွေ(မှန်ပါဘုရား)

လင်ရှိမယား မယားရှိလင် ကျူးကျော်စော်ကားလို့ ရှိရင် ကာမေသုမိစ္ဆာစာရကံ မထိုက်ဘူးလား (ထိုက်ပါတယ်ဘုရား)။
ထိုက်ရင် သေသည်ရဲ့အခြားမဲ့၌အပါယ်က လွတ်ပါ့မလား(မလွတ်ပါဘူးဘုရား)။

အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ။ ငရဲသက်စေ့ လူ အဖြစ်ရတယ်ထားလူဖြစ်တဲ့ဘဝမှာ လူချင်းတူရဲ့လား(မတူပါဘူးဘုရား) ကွက်ထိလိုင် ပုလိုင်ကားလား(မှန်ပါ့ဘုရား) ။ လူဖြစ်ကျိုး ရှုံးတာပေါ့(မှန်ပါဘုရား)။ လေ့လာဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)

www.dhammadownload.com

စားဝတ်နေရေးနဲ့ ပတ်သက်လို့ မုသားကို အမျိုးမျိုး မသုံးကြဘူးလား(သုံးပါ တယ်ဘုရား) မုသာဝါဒကံ မထိုက်လား (ထိုက်ပါတယ်ဘုရား) သေသည်ရဲ့အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား(မလွတ်ပါဘူးဘုရား)

အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ။ ငရဲသက်စေ့လို့ လူအဖြစ်ရတယ်ထား ။ လူဖြစ်တဲ့ဘဝမှာ စားဝတ်နေရေးနဲ့ပတ်သက်ပြီးတော့ ငွေကြေးကိစ္စ ဆန်စပါးကိစ္စ ချေး လို့ငှားလို့လွယ်ကူစွာရရဲ့လား(မရပါဘူးဘုရား)။ ဘယ်သူမှ အယုံအကြည် မရှိဘူးနော်(မှန်ပါဘုရား)။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား(အကြောင်းကြောင့် အကျိုးတရားပေါ်တာပါဘုရား)

ဘိန်း ဘင်း ကဇော် လော်စာ အရက် သေရည် သေရက်ကို သောက်စားလို့ ရှိရင် ... သုရာမေရယကံ မထိုက်လား (ထိုက်ပါ တယ်ဘုရား) သုရာမေရယကံ ထိုက်ရင် သေသည်ရဲ့အခြား၌ အပါယ်က လွတ်ပါ့မလား(မလွတ်ပါဘူးဘုရား)

အပါယ်ကိုကျ ငရဲ ကိုအားရအောင်ခံ ငရဲသက်စေ့လို့ လူအဖြစ်ရတယ်ထား လူဖြစ်တဲ့ဘဝမှာ ... ရူးတဲ့ပုဂ္ဂိုလ်တွေ မြင်ဖူးရဲ့လား (မြင်ဖူးပါတယ်ဘုရား) လူဖြစ်တော့ လူရူး ခွေးဖြစ်တော့ ခွေးရူး ဝက်ဖြစ်တော့ ဝက်ရူးပေါ့(မှန်ပါဘုရား) ။ အလိုလိုဖြစ်တာလား အကြောင်းကြောင့်အကျိုး တရားပေါ်တာလား(အကြောင်းကြောင့်အကျိုးတရားပေါ်တာပါဘုရား)။ ဘယ်လောက်များ ကြောက်စရာကောင်းသလဲနော် (မှန်ပါဘုရား)

အဲလိုကြားဖူးတော့ နားဝ။ နားဝတော့ ရှောင်ကြဉ်တာပေါ့(မှန်ပါဘုရား)။ နားဝတော့ သိတော့ ပယ်တာပေါ့(မှန်ပါ ဘုရား)အဲလို လေ့လာဖို့ မကောင်း

www.dhammadownload.com

ဘူးလား(ကောင်းပါတယ်ဘုရား) ။ အဲဒါ လိုရင်းအချက်တွေ ကွဲ့နော်(မှန်ပါ)
။

ဒါကြောင့်မို့

ကမ္မဿကတာသမ္မာဒိဋ္ဌိ စျာနသမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ ဖိုလ်သမ္မာဒိဋ္ဌိလို့
မိုးကုတ်ဆရာတော်ဘုရားကြီး... သမ္မာဒိဋ္ဌိငါးမျိုး မဟောလား။
(ဟောပါတယ်ဘုရား)

ဝိညာဏ်မြင် သမ္မုတိသစ္စာဖက်က...
အဲဒီ အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို သိဖို့ လိုတယ်နော်
(မှန်ပါဘုရား)

အဲလို သူ့နေရာနဲ့သူ့ဌာနပေါ့(မှန်ပါဘုရား)

အပုညာ ဘိသခ်ါရ ပုညာဘိသခ်ါရ လို့မဟောဘူးလား
(ဟောပါတယ်ဘုရား)
အပုညာဘိသခ်ါရဆိုတာ... ဒုစရိုက်တရား ဆယ်ပါးကျူးလွန်တဲ့ပုဂ္ဂိုလ်ဖြစ်
တွေနော်(မှန်ပါဘုရား)
သေတဲ့အခါ အပါယ်ကလွတ်ပါ့မလား(မလွတ်ပါဘူးဘုရား)
ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ပေါ့နော်(မှန်ပါဘုရား)
အဲသည် အပုညာဘိ သခ်ါရအကြောင်းရှိတော့...
ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ပေါ့(မှန်ပါဘုရား)

ပုညာဘိသခ်ါရ ကြောင့် ... လူခန္ဓာ နတ်ခန္ဓာ လို့မဟောဘူးလား( ဟောပါ
တယ်ဘုရား) ဒါတော့

www.dhammadownload.com

အိုနာသေ လွတ်ကဲ့လား(မလွတ်ပါဘူးဘုရား)

မိုးကုတ်ဆရာတော်ဘုရားကြီးက ဘယ်လိုဟောတာလဲ
သစ္စာဘက်က ဟော မယ်တဲ့
သစ္စာ ....ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ
သစ္စာဘက်က ဟောမှာ။
သစ္စာတရားဟောမယ်တဲ့နော်(မှန်ပါဘုရား)

အဲတော့ ...
သစ္စာက ဘုရားဒကာ ကျောင်းဒကာပေါ့နော်(မှန်ပါဘုရား)
စိစစ်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)
သူကား...သေ... အိုနာသေလွတ်ကဲ့လား(မလွတ်ပါဘူးဘုရား)
ဘာသစ္စာလဲ(ဒုက္ခသစ္စာ ပါဘုရား)
ဘုရားဒကာ ကျောင်းဒကာနော်(မှန်ပါဘုရား)

ဓ၀ားသတ်သမားကလည်း အိုနာသေလွတ်ကဲ့လား (မလွတ်ပါဘူးဘုရား)
ဘာသစ္စာလဲ(ဒုက္ခသစ္စာပါဘုရား)

ကဲသစ္စာကြတော့ဘယ်သူက သာသလဲ(အတူတူပါဘဲဘုရား)
အတူတူကွဲ့
ဓ၀ားသတ်သမား နဲ့ ဘုရားဒကာကျောင်းဒကာနော်(မှန်ပါဘုရား)

သစ္စာကြတော့...မတူဘူးလား(တူပါတယ်ဘုရား)
ကံကြတော့... တူရဲ့လား(မတူပါဘူးဘုရား)

ဓ၀ားသတ်သမားက...အကုသိုလ်ကံနော်(မှန်ပါဘုရား)
ဘုရားဒကာ ကျောင်းဒကာက....ကုသိုလ်ကံနော်(မှန်ပါဘုရား)

www.dhammadownload.com

ကုသိုလ်ကံကြောင့်လူအဖြစ်နတ်အဖြစ်ပေါ့(မှန်ပါ)
အကုသိုလ်ကံကြောင့် အပါယ်လေးဘုံပေါ့(မှန်ပါဘုရား)

ကံကြတော့...မတူဘူးနော်(မှန်ပါ)
သစ္စာကြတော့...တူတယ်(မှန်ပါဘုရား)
အဲလိုလေ့လာဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား)
အဲဒါနားလည် ဖို့လိုတယ်ကွဲ့(မှန်ပါ)
ထိထိမိမိ သဘောပေါက်ဖို့လိုတယ်နော်(မှန်ပါဘုရား)

မွဲတဲ့လူကလည်း ... အိုနာသေ ဒုက္ခသစ္စာ
ချမ်းသာတဲ့လူကလည်း ... အိုနာသေ ဒုက္ခသစ္စာ
အလတ်စားကလည်း ... အိုနာသေ ဒုက္ခသစ္စာ
အကုန်လုံး ရှိတာဘဲ(မှန်ပါဘုရား)

မတူဘူးလား(တူပါတယ် ဘုရား)
တူတယ်ကွဲ့
အဲလိုလေ့လာကြ။

ကံ အရေးကြီးတယ်။
အကုသိုလ်ကံ ကုသိုလ်ကံ နားလည်ဖို့လိုတယ်နော်
(မှန်ပါဘုရား)

မကြားစဖူး ကြားဖူးထပ်မံ တဲ့
ရှေးထက်ကျော်ကာရီက အိမ်ခြေနှစ်ရာကျော်လောက်ရှိတယ်။ ရွာဦးကျော
င်း ဆရာတော်ဆီ မှာ ဥပါသကာ တစ်ယောက် နွားပျောက်တာက လည်း နှ
စ်ရက် သုံးရက် ရှိပြီ။ အဓိဋ္ဌာန်သီလ ငါးပါးသီလ အရှင်ဘုရား အကျိုး အပြ

www.dhammadownload.com

စ်ကို  တပည့်တော်ကို တိုင်တန်းပေးပါဘုရားမလျှောက်ဘူးလား ။ (လျှောက်ပါတယ်ဘုရား)

အဲဒါ... ပါဏာတိပါတာ အစ သုရာမေရယ အဆုံးကိုအကျိုး အပြစ်ကို နားလည်အောင် တိုင်တန်းပေးတယ် ကြားလား(မှန်ပါ ဘုရား)။ ပါဏာတိပါတာကံကို ကျူးလွန်ရင် အကုသိုလ်ပေါ့(မှန်ပါဘုရား) ရှောင်ကြဉ်ရင် ကုသိုလ်လို့ မပြောရဘူးလား(ပြောပါတယ်ဘုရား)။ သုရာမေရယအဆုံးနော်(မှန်ပါဘုရား) ။ အဲဒါ ဆရာတော်ဆီမှာ အဓိဋ္ဌာန်သီလ ယူတယ်(မှန်ပါဘုရား)။ သီလယူပြီးတော့မှ တောကို ထွက်သွားတာပေါ့(မှန်ပါ ဘုရား)။

သူမှာလည်း ဓါးကောင်းကောင်း ဓါးမကြီး ပါတယ်နော်(မှန်ပါဘုရား)။ တောစပ်ကိုကျတဲ့ အခါ နွားခြေရာသွားတွေ့တယ် ။ သူနွားခြေ ရာပေါ့ (မှန်ပါဘုရား)။ ခြေရာအတိုင်းလိုက်တော့ တစ်ဖာလုံလောက် အကွာမှာ လမ်းနဲ့အကွာမှာ စပါးကြီးမြွေက နွားကို ပတ်ထားတော့တာကွဲ့(မှန်ပါ ဘုရား)။ နွားက မလှုပ်နိုင်ဘူး။ ကြားလား(မှန်ပါဘုရား)။ အဲဒါနှစ်ရက်လောက် နေခါအစာပြတ် ရေ ငတ်ခါ လဲတော့မှာနော်(မှန်ပါဘုရား)။ အရိုးတွေကျိုးအောင် ပတ်မှာ(မှန်ပါဘုရား)။ အဲဒီအခါကြမှ ...မျိုမှာ။ ကြားလား(မှန်ပါဘုရား )

အဲလိုတွေ့တဲ့အခါ သူက ဓါးနဲ့ခုတ်မယ် လုပ်တာပေါ့(မှန်ပါဘုရား)။ အင်း ငါ... သည်နေ့အစ ငါးရက် အဓိဋ္ဌာန် ယူခဲ့တာ(မှန်ပါဘုရား) ။ အဓိဋ္ဌာန်ငါးရက် မယူခဲ့ဘူးလား(ယူခဲ့ပါတယ်ဘုရား)။ ကဲ... ခုတ်သေးလား(မခုတ်ပါဘူးဘုရား) ။ အဲဒါ... သီလခံတယ်ဆိုတာ ဒါ... သီလ ခံတာဗျား(မှန်ပါဘုရား)။

ဘုန်းကြီးဆီမှာက အကျိုးအပြစ် သိအောင်သာ တိုင်တန်းပေးရတာနော်(မှန်ပါဘုရား)။ စိစစ်ဖို့မကောင်း လား(ကောင်းပါတယ်ဘုရား)။ တိုင်တန်းပေးရတာအကျိုး အပြစ်ကို သိအောင်နော်(မှန်ပါဘုရား)။ ကိုင်း... သူမှာ တွေ့ဖေ

www.dhammadownload.com

နပြီ။ ရန်သူနဲ့ ကြားလား။ အဲဒါ... ငါအဓိဌာန် ယူခဲ့တာ ငါးရက်ပေါ့(မှန်ပါ ဘုရား) ။ ခုတ်ကဲ့လားဟေ့(မခုတ်ပါဘူးဘုရား)။ ကဲ သီလသာ မရှိဘူးဆို ခု တ် လိုက်မှာပေါ့(မှန်ပါဘုရား)။ အဲဒါ... သီလခံ သီလခံဆိုတာ ဘယ်လော က်များ အဓိပ္ပါယ်ပေါ် ... မပေါ် ဘူးလားဟေ့(ပေါ် ပါတယ် ဘုရား)။ ပေါ် လွင် တယ်ကွဲ့။ ဘယ်လောက်ထင်ရှားသလဲနော်(မှန်ပါဘုရား)

ကဲ...သီလခံတဲ့ အတွက် အကုသိုလ်လား ကုသိုလ် လား(ကုသိုလ်ပါ ဘုရား) နွားကိုလည်း စပါးကြီးမြွေကအပတ်ဖြေလိုက်တော့ နွားက ချမ်းသာ မရလား(ရပါတယ်ဘုရား)မြွေလည်း ချမ်းသာ မရလား(ရပါတယ် ဘုရား)ဒကာလည်း ကုသိုလ် မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) ဒါ...သီလ တန်ခိုးတွေကွဲ့(မှန်ပါ ဘုရား) ။ သမာဒါနသီလနော်(မှန်ပါဘုရား)။ အဲလို စိစ စ်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)။ သမာဒါနသီလ။

ရှေးက သားအမိနစ်ယောက် ဖခင်ကြီးက ကလေး လေး။ ငါးခြောက်နှစ်အ ရွယ်မှာ သေဆုံးသွားတာ ။ သားနဲ့နေရတာ ။ မိခင်ကြီးကနာတာရှည်။ ဟိုဇ ဆေးဆရာ ပင့်.... မပျောက်။ ဒီဆေးဆရာကု.... မပျောက်။ တော်တော်လေး ဆေးဆရာက စုံနေပြီ။ သားလည်း တောင်သူ ယောက်ျား တောက ဝေး ။ မ နက်စောစော ထမင်းထုပ်နဲ့သွားညနေမှ ပြန်လာခဲ့။ ရပ်ဝေး ဆေးဆရာ ဇ ရာက်လိမ့်မယ်။ ဆေးဆရာ မျှော်နေတာပေါ့။ ရောက်လာတဲ့အခါ... စူးစမ်း ထောက်လှမ်းပြီးမှ အိမ်ကိုပင့်။

ကျွန်မ ရောဂါ စမ်းသပ်ပေးစမ်းပါ ဆရာရေ ။ မပြောရဘူးလား(ပြောရပါတ ယ်ဘုရား)။ စမ်းသပ်ကြည့် ပျောက်ပါတယ် ရောဂါ... ။အနာနဲ့ဆေးနဲ့ မဇ တွလို့ ကြာနေတာ ပျောက်ပါတယ်သို့မလည်း သူ့မှာ ပါတဲ့ဆေးက သည်ဇ ရာဂါ ပျောက်တဲ့ဟာ မပါဘူးပေါ့။ နည်းပေးခဲ့မယ်တဲ့ ။ နည်းနည်း ယုန်တ စ်ကောင် ကြီးကြီးရလို့ရှိရင် လေးပေါင်လေးလက် ဖျက် ။ အဲဒါ မီးမြိုက် မီး

www.dhammadownload.com

ကင် ။ ဆားပွတ်ပြီးတော့မှ လေးနပ်။ တပေါင်ကိုတနပ်။ တပေါင်ကိုတနပ် ။ ဆန်ပြုတ် ပြုတ်ပြီးတော့... စားပေါ့။ အဲဒါလေးပေါင်သာ ကုန်ရင် ရောဂါ ဖျာက်စေမယ်လို့ နည်း မပေးခဲ့လား(ပေးခဲ့ပါတယ်ဘုရား)

သားက နေဝင်မိုးချုပ် တောက ပြန်လာခဲ့တယ် ။ ဒီနေ့ဆေးဆရာ ရောက်ရဲ့လား။ မမေးရဘူးလား(မေးရပါတယ်ဘုရား)။ ရောက် တယ် ငါ့သားရေ။ ဆေးပေးခဲ့သလား။ သူ့မှာပါတဲ့ ဆေးက အမေနဲ့တည့်တာ မပါဘူးပေါ့ (မှန်ပါ) နည်းပေးခဲ့တယ်(မှန်ပါ)။ ဘယ်လို တဲ့လဲ။ ယုန် တစ်ကောင်ကြီးကြီးရလို့ရှိရင် လေးပေါင်လေးလက် ဖျက်ပြီးတော့မှ ဆန်ပြုတ် ပြုတ်လို့စား။ အဲဒါလေးနပ်လောက် စားပြီးရင် ရောဂါ ပျောက်စေမယ်လို့ အာမခံတယ်တဲ့ဗေနာ်။ ကဲ ငါ့သား ရှာပေတော့ ။

အခါတိုင်းက ပျိုးတို့ ဘာတို့ ကြဲထားတာ ရှိတာကိုး (မှန်ပါဘုရား)။ အဲဒီမှာ နေပြီးတော့ ပျိုးထောင်ခါစ လက်နှစ်သစ်လောက်ရှိတယ်။ ညကို ယုန်တွေက လာစား ။ ပိုက်ကွန်နဲ့ညှပ်နဲ့ ထောင်တော့တာပေါ့ ။ ညဦးက သွား ဗထောင်တာနော်။ မနက်စောစော သွားတော့ခါ ... ပိုက်ကွန်ငြိနေတော့တာ။ ညှပ်ငြိနေတော့ တာ ။ အဲသည်လူကိုမြင်တော့ခါကြောက်လွန်းလို့ ယုန်က ချေးသေးတွေပါတယ်။ ကြားလား(မှန်ပါ)။ သေရမှာကြောက်တာနော် (မှန်ပါ)

သတ္တဝါ မှန်လို့ရှိရင် လူဖြစ်ဖြစ် တိရိစ္ဆာန်ဖြစ်ဖြစ် သေရမှာကြောက်တာချည်း ပေါ့(မှန်ပါ) မကြောက်တဲ့ဟာ မရှိဘူးနော်(မှန်ပါ)ကြောက်တာတွေဘဲ။ အဲဒါနဲ့ အဲဒီ ဒကာလေးက သူသိတဲ့အချိန်ကစ ဘယ်သူမှ မသတ်ဘူးပေါ့။ ယုန်လေးကို သေချာ ပိုက်ကွန်ထဲက ဖြုတ်ပြီးတော့မှ အသာပွေ့ပြီးတော့မှ ခေါင်းနဲ့ ကိုယ်ကောင်နဲ့ အသာပွတ်တယ်။ မကြောက်နဲ့ မကြောက်နဲ့ ။ မင်း ... ငါမသတ်ဘူး ။ မကြောက်နဲ့ မကြောက်နဲ့။ မင်း ငါမသတ်ဘူး။

www.dhammadownload.com

ပွတ်ရင်း ပွတ်ရင်းနဲ့ အင်း အဲသည် ယုန်ကို သတ်ပြီးတော့မှ ဆန်ပြုတ် ဇ လေးနပ်လုပ် ပြုတ်လို့ စားလို့ပျောက်တယ်ထား။ ယုန် သေပြီးခါမှရောဂါပျော က်တာတော့ မတရားဘူးတဲ့။ စဉ်းစားတယ်နော်(မှန်ပါဘုရား။)မတော်လို့ မပျောက်ခဲ့ရင် ပိုပြီးတော့ မဆိုးဘူးလား(ဆိုးပါတယ်ဘုရား)။ ပျောက်တာဇ တာင် မတရားဘူးတဲ့(မှန်ပါဘုရား)။ အဲဒါနဲ့လွှတ် လိုက်တာပေါ့(မှန်ပါ)။ ပွ တ်ပြီးတော့ မင့်ကို ငါဘေးမဲ့ပေးတယ် မကြောက်နဲ့ဘေးမဲ့ပေးတယ်။ ပွတ်ြ ပီးတော့ ကဲ မင်း စိတ်ချမ်းသာ သလို ကိုယ်ချမ်းသာသလို ငှါမိခင်သည် စား သုံးတဲ့ ထမင်းဟင်းသည် ဆေးဖြစ်ပါစေသား လို့ အဓိဋ္ဌာန်နဲ့လွှတ်လိုက် တာပေါ့ ။ အဓိဋ္ဌာန်နဲ့ လွှတ်လိုက်တာ။

ဘယ့်နယ်လဲ။ ငှါသား... ရခဲ့လား ရခဲ့တယ်။ ဘယ်မှာလဲ ယုန်။ အကျိုးအပြ စ်တွေ မပြောရဘူးလား(ပြောရပါ တယ်ဘုရား)။ အမေသိတဲ့အတိုင်းတဲ့ ။ အမေ... ဟင် သေရမှာ မကြောက်ဘူးလား။ ကြောက်တာပေါ့ ငှါသားရဲ့။ အမေ ကြောက်တယ် ဆိုတာဟာ ချေးသေးမပါဘူး(မှန်ပါ)။ ဟိုယုန်လေး ကလေ... ကျုပ်ကိုမြင်တော့ခါ ချေးတွေ သေးတွေ ပါတာကြောက်တာ(မှန် ပါ) ။ အမေက ကြောက်သာကြောက်တာ ... ချေးသေးမပါဘူးတဲ့(မှန်ပါ)။ ဟိုကယုန်က ချေးသေးပါတယ်တဲ့ကြားလား(မှန်ပါ)။ အဲဒါနဲ့ အကျိုးအပြစ် ကိုပြောပြီးတော့မှ အဓိဋ္ဌာန်နဲ့လွှတ်လိုက်တယ်တဲ့ကြားလား(မှန်ပါ)။

အဲဒီနေ့မှာ ထမင်း စားလိုက်တာ မြိန်မြိန် ယှက်ယှက် မအော့ဘူး မအန်ဇ တော့ဘူးနော်(မှန်ပါ) ။ အခါတိုင်းကစားတဲ့အခါ အော့တယ် အန်တယ်တဲ့ ြ ကားလား(မှန်ပါ)။ အဲဒါ သမွတ္တာသီလကွဲ(မှန်ပါ )။ ရွာဦးကျောင်း ဆရာတော် ဆီမှာ အဓိဋ္ဌာန်ယူတာ မဟုတ်ဘူးနော်(မှန်ပါဘုရား)။ အတွေ့ကို သုံးသပ် တာ သမွတ္တာသီလ(မှန်ပါ့)။ စိစစ်ဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား)။ ကဲ သီလတန်ခိုးတွေ ဘယ်လောက်များ အားရစရာ ကောင်းလဲကွာ(မှန်

www.dhammadownload.com

ပါ )။ ကဲ... မိမိက ဟင်းတွေ ထမင်းဟင်းတောင် ဆေးဖြစ်သွားတော့တာ ဗျား(မှန်ပါ)

အခုလည်း သီလနဲ့ ပြည့်စုံမယ် ဆိုရင် ကိုယ်ရောဂါဝေဒနာမှာ အဓိဋ္ဌာန်ပြု ပြီးတော့မှ ကိုယ်က သစ္စာဆိုမယ်ဆို ပျောက်နိုင်တယ် ကြားလား(မှန်ပါ)အခုတော့ သီလက တပါးလောက်ပဲ့ါ မရှိတော့ခါ ဘယ့်နယ်လုပ်မလဲဟ... ဟင်(မှန်ပါ)။ တပါးလောက်ပဲ့ါ မရှိတာ ။ ဘယ့်နယ်လုပ်မလဲဟဲ့။ စိစစ်ဖို့မကောင်းလား(မှန်ပါ)။ ကဲ... လေ့လာကြဦး (မှန်ပဲ့ါဘုရား)။ စိစစ်ဖို့ကောင်းတယ်နော်(မှန်ပါဘုရား) အဲဒါ... သမ္မတ္တာသီလတွေကွဲ့ ကြားလား(မှန်ပါ) ။ အဓိဋ္ဌာန်သီလတွေနော်(မှန်ပါဘုရား)။ စိစစ်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)။

ဒါကြောင့်မို့ ရှေးဆရာတော် သမားတော်တွေ "ကတိသစ္စာ မှန်သောခါ သြဇာ လေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်တယ်" တဲ့ဗျား ။ ကြားလား(မှန်ပါ)သီလနဲ့ပြည့်စုံရင် ဆေး ဖြစ်တယ်တဲ့ဗျ နော်(မှန်ပါဘုရား)အဲလို စိစစ်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)

ဆေးဖြစ်ငြားသော်လည်း သဗ္ဗ သတ္တာ ကမ္မသကာလို့ဆေးချည်း လည်း အားကိုးလို့ မရသေးဘူးကွဲ့(မှန်ပါဘုရား)အစားကိုလည်း ဆင်ခြင်ရသေးတယ်ကြားလား(မှန်ပါ)

ဆေးကို စားလို့ အစား မဆင်ခြင်ရင် ပျောက်ပဲ့ါမလားဟ(မပျောက်ပါဘူးဘုရား) မပျောက်ပါဘူး။
လက်နဲ့ရေး ခြေနဲ့ဖျက်တာပေါ့(မှန်ပါ)

www.dhammadownload.com

ဟင်းချိုမှုန့်သာ များများစားလို့ကတော့ အဲဒါ ဆေးဘယ်တော့မှ မစူး တော့ဘူး ကြားလား(မှန်ပါ)ဆေးထိုး လိုက်ရင် အကုန်လုံး ပြယ်သွားတာ။ ဆေးဖိုးကုန်ရုံပေါ့(မှန်ပါ)

အခု ရှေးက ငါးပိခေတ်ကတွေက လဲဦး တော့ အကြောထုံးတာတွေ နဲနဲပါး ပါးစုတ်တာ အဆစ် လွဲတာတွေ အဲသလိုတွေရှိတယ်ကြားလား(မှန်ပါ) ကျိုး တဲ့လူက လူတရာမှာ တယောက်လောက် ။ အခုလူတွေက မလဲနဲ့လဲကျိုးတော့တာ(မှန်ပါ)အရိုးကဆွေးကုန်ပြီကိုးကွဲ့
ဆွေးကုန်ပြီကြားရဲ့လား (မှန်ပါ) စိစစ်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)။

အိမ်း... အဲဒါဟင်းချိုမှုန့်ခပ်... တွင်တွင်စားပေး
လေ့လာဖို့မကောင်းလား (ကောင်းပါတယ်ဘုရား)
ဆေးကို ဒီက တသိန်းနဲ့ထိုး အကုန်လုံးပျက်သွားတော့တာကြားလား(မှန်ပါဘုရား)ဆေး.... ဆေးဖိုး ရှုံး ရုံပေါ့(မှန်ပါဘုရား)ငှက်ဖျားရှိတဲ့လူ... ကွိနိုင်စား။ ကွိနိုင်စားသံပုရာသီးစားရင် အဲသည်ကွိနိုင်ပြေကုန်တော့တာနော်(မှန်ပါ)မစူး တော့ဘူးကြားရဲ့လား(မှန်ပါ)

အခုလည်း ဟင်းချိုမှုန့်စားတော့ခါ ဆေးထိုး။
အဲဒီဆေးက ပိုက်ဆံကုန်ရုံပ... မစူးဘူး ။ အဲဒါရောဂါပျောက် ချင်ရင်အစားကိုဆင်ခြင်ပေါ့(မှန်ပါ)မတည့်တာကိုရှောင်တည့်တာကိုဆောင်ပေါ့ (မှန်ပါ)အဲဒီလိုလေ့လာဖို့မကောင်းလား (ကောင်းပါတယ်ဘုရား)လေ့လာကြေလ့လာကြ (မှန်ပါ)

သီလနဲ့ ပြည့်စုံဖို့ လိုတယ် ကြားလား(မှန်ပါ)။ အဖက်ဖက်က ကိုယ်ချင်းစာဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)။ ကိုယ်ချင်းစာဖို့ အရေးကြီးတယ်ဗ

www.dhammadownload.com

နာ်(မှန်ပါ) ။ ကိုယ့်ကို တဦးတယောက်က သတ်မယ်ဆို ကိုယ်ခံနိုင်ပါ့မ လား(မခံနိုင်ပါဘူးဘုရား)။ သူ့ကို သတ်ရင်ကား သူကားခံနိုင်ပါ့မလား(မခံနိုင်ပါဘူးဘုရား)။ မခံနိုင်ဘူး ကြားလား(မှန်ပါ့ဘုရား) ။ အားလုံး သတ္တဝါ အသီးသီးက ကိုယ်က မသိမမြင်လို့ သေရမှာ မကြောက်တဲ့ သတ္တဝါမရှိဘူး ကြားလား (မှန်ပါ)။ အဲလို စိစစ်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား) ဒေ လ့လာကြကွဲ့။ ကိုယ့်ပစ္စည်းယူလည်း ကိုယ်လည်း မခံနိုင် သူများပစ္စည်း သူတို့မခံနိုင်ဘူးပေါ့(မှန်ပါ)။ အကုန်လုံး ကိုယ်ချင်းစာမယ်ဆို မေတ္တာ သဒ္ဒါ အနန္တောပေါ့နော်(မှန်ပါ)။ အဲဒီလို စိစစ်ဖို့ မကောင်းလား(ကောင်းပါတယ် ဘုရား)။ အဲဒါ... လိုတယ်ကွဲ့(မှန်ပါ) ။ ဝိညာဏ်မြင် သမ္မုတိသစ္စာဖက်က လိုတယ်နော်(မှန်ပါ)။

အဲဒါ သစ္စာတို့ ဘာတို့ဆိုတဲ့ ကိစ္စတွေဟာ ... ဝိပဿနာဉာဏ် မဂ်ဉာဏ်ဆို တာ နေရာမြင်တိုင်းမှာ မရှိဘူးကွဲ့နော်(မှန်ပါဘုရား)။ ပစ္စ န္တရာဇ်အရပ်တွေ မှာ တရားဟောတဲ့ ပုဂ္ဂိုလ်တွေ ရှိရဲ့လား(မရှိပါဘူးဘုရား)။ ဝိပဿနာဉာဏ် ဆိုတာ ဘယ်လိုမှ မကြားရဘူးနော်(မှန်ပါ) ။ အဲဒါ ဝိပဿနာဉာဏ် ဆို တာတွေဟာ တော်တော်လေး သာသနာ စည်ခဲ့တဲ့အရပ်တွေမှာသာ ထွန်း ကားတာ ကြားလား (မှန်ပါဘုရား)။ သာသနာတွင်းတော့ မှန်တယ်နော်(မှန် ပါ)။ နေရာမြင်တိုင်း ရှိရဲ့လား(မရှိပါဘူးဘုရား) မရှိဘူး လေ့လာကြ (မှန်ပါ)။

ဘုရားရတနာ တရားရတနာ သံဃာရတနာလို့ လူတွေ ရွတ်ကြတယ်။ ရွတ် တတ်တယ်နော်(မှန်ပါ)။ အဓိပ္ပါယ်မသိ(မှန်ပါ) ။ ရတနာသုံးပါးလောက် ဒေ ကာင်းတာ ဘာများရှိသလဲ(မရှိပါဘူးဘုရား)။ ရတနာသုံးပါးပဲ ဦးထိပ်ပန်ဆ င်ရတယ်နော်(မှန်ပါ ဘုရား)။ ရတနာသုံးပါး။

ရှေးထက်ကျော်ကာရီက မဗီယံဇာတ် ။ ရုပ်သေးဇာတ်ထဲမှာ ဘုန်းကြီး တို့ြ မင်ဖူးတယ်။ အောက်လမ်း ဆရာကြီးကနေပြီးတော့မှ ဖုတ်ကို တိုက်တာ ။

www.dhammadownload.com

သွား အဲသည်ကလေးကို ဖမ်းခဲ့ ။
ဖမ်း ဖမ်းခဲ့ စားဖို့ ဖမ်းခဲ့
ခပ်လှမ်းလှမ်းကနေလို့လာ တော့ လန့်ပြီးတော့ ငိုတော့တာ ... ကလေးက
။

မိခင်ဖြစ်တဲ့ပုဂ္ဂိုလ်က ...
ဗုဒ္ဓါ မေ သရဏံ အညံ နတ္ထိ
ဓမ္မော မေ သရဏံ အညံ နတ္ထိ
သံဃော မေ သရဏံ အညံ နတ္ထိ။

ဘုရားမှအပ ကိုးကွယ်စရာ မရှိ အားထားစရာ မရှိ
ဘုရားကိုပဲ ကိုးကွယ်တာ အားထားတာပေါ့ (မှန်ပါ)တရားတော်မှအပ ကိုး
ကွယ်အားထားစရာ မရှိ တရားတော်ပဲ ကိုးကွယ် အားထားတာပေါ့(မှန်ပါ)
သံဃာတော်အရှင် မြတ်မှအပ ကိုးကွယ်စရာ မရှိ အားထားစရာ မရှိ ။ သံ
ဃာတော်အရှင်မြတ်ကို ကိုးကွယ်အားထားတယ်လို့ အဓိပ္ပါယ် မရဘူးလား
(ရပါတယ်ဘုရား)

ဖုတ်က မဖမ်းနိုင်တော့ဘူးကြားလားနော်(မှန်ပါ)
ဘာဖြစ်သလဲ သံကွန်ခြာ တစ်ထပ် ကာထားတယ် ။
သွား ရ အောင်ဖမ်းခဲ့

နောက်တခါ အော်ပြန်ပြီ ငိုပြန်ပြီ ရွတ်ပြန်ပြီ ။
သံကွန်ခြာ နှစ်ထပ်။ နှစ်ထပ် ကာထားတယ်

နောက်တခါသွားတော့ သုံး ထပ်ကာတယ်။ ဆရာကိုသာ ဖမ်းစားတော့
တာ ဖုတ်ကကြားလား(မှန်ပါ)။

www.dhammadownload.com

ဆရာကိုစားတော့တာ။ ဟိုကလေးမစားနိုင်ဘူးနော် ။(မှန်ပါ)

အဲသည် ဆရာက သူ အဲသည် ကလေးကို စားဖို့ အဖမ်းမခိုင်းဘူးလား။ (ခိုင်းပါတယ်ဘုရား) ကုသိုလ်လား။ အကုသိုလ်လား ။(အကုသိုလ်ပါဘုရား) ရတနာသုံးပါး အာရုံပြု ရွတ်တာ အကုသိုလ်လား ကုသိုလ်လား(ကုသိုလ်ပါဘုရား)ကုသိုလ်ကြောင့် သံကွန်ခြာသုံးထပ်ကာတာဗျ။
ကဲ... ရတနာသုံးပါးနော်။
အဲဒါ စိစစ်ဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား)
မပီယံဇာတ်ကိုပြန် စဉ်း စားနော်။

သစ္စာသိတယ် ခန္ဓာသိမယ် ပဋိစ္စသမုပ္ပါဒ်သာ သိမယ်ဆိုရင်တော့ခါ.... ဒါ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိလို့ မဟောဖူးလား ။ (ဟောပါတယ်ဘုရား) တရား ကုသိုလ်လောက် တန်ခိုးကြီးတာ ရှိကိုမရှိဘူးဗျား(မှန်ပါဘုရား)

ဘုရားဖြစ်ချင် တရားမသိဘဲနဲ့ ဘုရား ဖြစ်ပါ့မလား(မဖြစ်ပါဘူးဘုရား) သံဃာ လုပ်ချင်ဦးတော့ တရားမသိဘဲနဲ့ သံဃာ ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)
တရား သိမှ ဘုရား ဖြစ်တာ တရားသိမှ သံဃာဖြစ်တာ ကြားလား(မှန်ပါ)
အဲလိုလေ့လာဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)လေ့လာကြ။

လက်တွေ့မျက်တွေ့
တရား ဆိုတာ... မှန်တာ။ (မှန်ပါဘုရား)
ဘယ်လိုတွေလဲ လို့လူမျိုး တစ်ရာ့တစ်ပါးကို
ဗမာလို နားမလည် တဲ့ပုဂ္ဂိုလ် တဦး တယောက် ...

www.dhammadownload.com

ဟိုတိုင်းပြည် သည်တိုင်းပြည်က ဝင်လာခဲ့တာပေါ့နော်။ (မှန်ပါဘုရား) ရပ်ပြီးတော့ နှစ်တောင်ကွာ လောက်ပြော ဟဲ့ သူခိုးမသား။ ဟဲ့ ခွေးမသား။ အဲလိုပြော ။

အဲသည်လူ မကြားဘူးလား ကြားမလား။ (ကြားမှာပါဘုရား)စိတ်ဆိုး မလား(မဆိုးပါဘူးဘုရား)
ကြားတော့ ကြားတယ်နော်(မှန်ပါဘုရား)
ကြားတာ... အသံပေါ့(မှန်ပါဘုရား)
အသံထဲမှာ စိတ်ဆိုး စရာ ပါရဲ့လား (မပါပါဘူးဘုရား ) စိတ်မဆိုးဘူးနော်(မှန်ပါဘုရား)

အဲလို ခဏ ခဏ ကြားရ ပြုရ တစ်နှစ်လောက် ကြာသွားတော့ ... ဗမာလိုနားလည်တာပေါ့(မှန်ပါဘုရား)
နားလည်တဲ့ခါ... သည်အကျိုး အပြစ်တွေ မမေးရဘူးလား(မေးရပါတယ်ဘုရား)
မေးတဲ့ အခါ ... မင်းကို အယုတ္တာဖြစ် အနတ္တာဖြစ်အောင် မင်းကိုပြောတာ... အပုတ်ရည်သွင်းတဲ့ စကား ပြောတာအဲဒီ နားလည်အောင်ပြော တော့ခါ စိတ်ဆိုးတော့တာ။
ကြားလား(မှန်ပါဘုရား)
အော်... ငါ့ကိုဒီလိုပြောရမလား ဆိုပြီး စိတ်မဆိုးဘူးလား(ဆိုးပါတယ်ဘုရား)

စောစောတုန်းက အဓိပ္ပါယ်မသိခင်က စိတ်ဆိုးရဲ့လား(မဆိုးပါ ဘူးဘုရား)
စောစောတုန်းကတော့ ... အသံဘဲ ကြားတာနော် (မှန်ပါဘုရား)
ဆဲတယ်လို့ကြားတော့... စိတ်ဆိုးတာကွဲ့ (မှန်ပါဘုရား)အသံလို့ ကြားရင် စိတ်ဆိုးမလား (မဆိုးပါဘူးဘုရား)

www.dhammadownload.com

ဒီလိုဆိုရင်တော့ကာ... နလုံးသွင်း မှားတာနဲ့မှန်တာပေါ့(မှန်ပါ ဘုရား)

ယောနိသော မနသိကာရ။ အယောနိသော မနသိကာရ။
ယောနိသော မနသိကာရ... အသံဆိုရင် ဒါ နလုံးသွင်းမမှန်ဘူးလား(မှန်ပါတယ် ဘုရား)
အသံလို့သိ... အနိစ္စလို့သိ။ နလုံးသွင်း မမှန် ဘူးလား(မှန်ပါတယ်ဘုရား)

အဲ... ဆဲတယ်လို့ နလုံးသွင်း မှားတော့ခါ ဒေါသစိတ် မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) အဲသလိုကွဲ့။
ဓ့ လုံးသွင်းမှန်တာနဲ့မှားတာနော်(မှန်ပါဘုရား)။

မှန်တာ... ဝိဇ္ဇာပေါ့(မှန်ပါ)။ မှားတာ ... အဝိဇ္ဇာ(မှန်ပါ)။ဒီလို လေ့လာဖို့ မကောင်းလား (ကောင်းပါတယ်ဘုရား) အသံ ရူပက္ခန္ဓာထဲမှာ ချစ်စရာ မပါ မုန်းစရာ မပါဘူးနော်(မှန်ပါဘုရား)

ဒါကြောင့် မြတ်စွာဘုရားက ဥပေက္ခာဝေဒနာ နားမှာ ပေါ်သည် မဟာဘူးလား(ဟောပါတယ်ဘုရား)
ဆိုးကောင်းနှစ်ပါး လွတ်မနေဘူးလား(လွတ်နေပါတယ်ဘုရား) ဘယ်လောက်များ ထင်ရှားသလဲ။ ကြားလား(မှန်ပါဘုရား)။ အဲလို စိစစ်ဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား)

အသံလို့သိ အနိစ္စလို့သိ။
အသံလို့ကြားသိတာ သောတဝိညာဏ်က နာမ်တရား သောတအကြည်နဲ့ အသံက ရုပ်တရား ။ နာမ်ရုပ်နှစ်ပါး။ လူ လား နာမ်နဲ့ရုပ်လား(နာမ်နဲ့ရုပ် ပါဘုရား) နတ်လား နာမ်နဲ့ရုပ်လား(နာမ်နဲ့ရုပ်ပါဘုရား)ဗြဟ္မာလား နာမ်နဲ့ရုပ်လား(နာမ်နဲ့ရုပ်ပါ ဘုရား)

www.dhammadownload.com

ဆဲတာလား နာမ်နဲ့ရုပ်လား(နာမ်နဲ့ရုပ်ပါဘုရား)

ကဲ... နာမ်ရုပ်လို့ သိတဲ့ အခါ နာမ်ရုပ်လို့ သိတာ သူငါက သိတာလား မဂ္ဂ သစ္စာက သိတာလား (မဂ္ဂသစ္စာက သိတာပါ ဘုရား) ဘယ်မဂ်က သိတာလဲ(သမာဓိမဂ်က သိတာပါဘုရား)ကဲ... သမာဓိရသွားပြီ နော်(မှန်ပါဘုရား)

နာမ်ရုပ်လို့ သိတဲ့ အချိန်လေးမှာ လူတွေ့ရဲ့လား (မတွေ့ပါဘူး ဘုရား) ခြေလက်အင်္ဂါတွေကား တွေ့ရဲ့လား (မတွေ့ပါဘူးဘုရား)
ဘာဖြစ်လို့ မတွေ့တာလဲ(မရှိလို့ပါဘုရား)
ကဲ... ဒီအချိန်လေးမှာ ရာဂစိတ် ဒေါသစိတ် မောဟစိတ် ဖြစ်ပါ့မလား(မဖြစ်ပါဘူဘုရား)
တဒင်္ဂနိရောဓကွဲ့... သမာဓိကိုး(မှန်ပါ)
တဒင်္ဂနိရောဓ(မှန်ပါ)

ဆက်ပြီးတော့ကြည့် သမာဓိ ကောင်းတဲ့အခါကြတော့သမာဓိ ရင့်လာပြီဆိုတော့ ...
ရုပ္ပတီတိ ရူပံ ဖောက်ပြန်ပြီးတော့ မပျက်လား(ပျက်ပါတယ်ဘုရား)
နမတီတိ နာမံ သိပြီး တော့ မပျက်လား (ပျက်ပါတယ်ဘုရား)
နိစ္စလား အနိစ္စလား(အနိစ္စပါဘုရား)
ဟော အနိစ္စနော်... ရုပ်အနိစ္စ နာမ်အနိစ္စပေါ့ (မှန်ပါ)

ရုပ်နာမ် အနိစ္စလို့ မဟောဘူးလား(ဟောပါတယ်ဘုရား) စိစစ်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)
အဲဒါလေ့လာဖို့ လိုတယ်(မှန်ပါ)
စဉ်းစားဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)

www.dhammadownload.com

ပျက်တယ်ဆိုတာ ရုပ်နာမ်ကွဲ့နော်(မှန်ပါ)
ဖြစ်တယ်ဆိုတာလည်း ရုပ်နာမ်ကွဲ့နော်(မှန်ပါ)
ဖြစ်ဒုက္ခ ပျက်ဒုက္ခပေါ့(မှန်ပါ)

ဖြစ်ပျက်လို့ မဟောဘူးလား။(ဟောပါတယ်ဘုရား)
ကဲ... ရုပ်တွေ နာမ်တွေ ဖယ်ထား... ဖြစ်စရာရှိရဲ့လား(မရှိပါဘူးဘုရား)
အဲဒီအပေါ်မှာ နှလုံးသွင်းမှားလို့ဖြစ်တာ(မှန်ပါဘုရား)
ပျက်တာ... စိစစ်ဖို့မကောင်းဘူးလား(ကောင်းပါတယ်ဘုရား)အဲလို လေ့လာဖို့မလိုဘူးလား(လိုပါတယ်ဘုရား)

ဥာတပရိညာ... ပိုင်းခြားလို့သိပါ မဟောဘူးလား(ဟောပါတယ်ဘုရား)
ပညတ် ပရမတ် ပိုင်းခြားဖို့ လိုတာနော်(မှန်ပါ)ခန္ဓာငါးပါးက ပရမတ်နော်(မှန်ပါ) နာမ်ရုပ်က ပရမတ် နော်(မှန်ပါ) ပုဂ္ဂိုလ်သတ္တဝါက ပညတ်ပေါ့(မှန်ပါ)ဒေလ့လာဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား)
အဲဒါ ပညတ် ပရမတ် ပိုင်း ခြားဖို့ လိုတယ်ကြားလား(မှန်ပါဘုရား)

ကိုင်း... နာမ်ရုပ်က ပရမတ် ။
ဘယ်လိုကြောင့် ပရမတ်လို့ခေါ်နိုင်သလဲလို့
ဘယ်လိုကြောင့် သမုတ်တာလဲ မေးဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)

အဲသည်နာမ်ရုပ်ကို လူလို့ ဘယ်လိုပဲ့ ခေါ် ခေါ် နတ်လို့ခေါ် ခေါ် ငြဟ္မာလို့ခေါ် ခေါ် သားလို့ခေါ် ခေါ် သမီးလို့ခေါ် ခေါ် ...
နာမ်ရုပ်က သမီးဖြစ်ကွဲ့လား(မဖြစ်ပါဘူးဘုရား)
သားဖြစ်ကွဲ့လား(မဖြစ်ပါ ဘူးဘုရား)လူလို့ခေါ်မယ်လူဖြစ်ကွဲ့လား (မဖြစ်ပါဘူးဘုရား)

www.dhammadownload.com

ပြောင်းရဲ့လား(မပြောင်းပါဘူးဘုရား) ဒါကြောင့်ပရမတ်ပေါ့ကွဲ့ (မှန်ပါ )လူက ပညတ် နတ်က ပညတ် ဗြဟ္မာကပညတ် ပုဂ္ဂိုလ်သတ္တဝါက ပညတ်နော်(မှန်ပါ)

ပညတ်ဆိုတာ... သမုတ်တာ ခေါ်တာ
အမြင်ခံ အရှုခံနဲ့ရှိတဲ့ တရား ဟုတ်ကဲ့လား(မဟုတ်ပါဘူးဘုရား)အဲသည်နာမ်ရုပ်ပေါ်မှာ လူလို့ သမုတ်တာ နတ်လို့သမုတ်တာ ဗြဟ္မာလို့သမုတ်တာနော်(မှန်ပါ)

နာမ်ရုပ်ကိုဖယ်ထား ... သမုတ်စရာရှိပါ့မလား(မရှိပါဘူးဘုရား)နာမ်ရုပ်ကို သမုတ်ငြားသော်လည်း နာမ်ရုပ်က လူဖြစ်ကဲ့လား(မဖြစ်ပါဘူးဘုရား) အဲလိုလေ့လာဖို့ မကောင်းလား(မှန်ပါ)

နာမ်ရုပ်လို့သိ ... လူလို့ခေါ် နာမ်ရုပ်လို့သိ ... နတ်လို့ခေါ်နာမ်ရုပ်လို့သိ... ဗြဟ္မာလို့ခေါ်။ နာမ်ရုပ်လို့သိ ... သားလို့ခေါ်သမီးလို့ခေါ်။ နာမ်ရုပ်လို့သိ ... အဖေလို့ခေါ်အမေလို့ခေါ်။

ခေါ် တာ... ဘုရားအဆူဆူ ပယ်ရဲ့လား။ (မပယ်ပါဘူးဘုရား)ဘာတွေ ပယ်တာလဲ လေ့လာဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)
လူလို့ မထင်လား(ထင်ပါတယ်ဘုရား)ရှိတယ်လို့ မယူလား(ယူပါတယ်ဘုရား) နတ်လို့ မထင်လား(ထင်ပါတယ်ဘုရား)ရှိတယ် လို့မယူလား(ယူပါတယ်ဘုရား)ဗြဟ္မာလို့ မထင်လား(ထင်ပါတယ်ဘုရား)ရှိတယ်လို့ မယူလား(ယူပါတယ်ဘုရား)

ခုတွေ့တာ လူ တွေ့တာလား နာမ်ရုပ် တွေ့တာလား(နာမ်ရုပ် တွေ့တာပါဘုရား) နတ် တွေ့တာလားနာမ်ရုပ် တွေ့တာလား(နာမ်ရုပ်တွေ့တာ ပါ

www.dhammadownload.com

ဘုရား)ဗြဟ္မာ တွေ့တာလား နာမ်ရုပ် တွေ့တာလား(နာမ်ရုပ်တွေ့တာပါ ဘုရား)

ကဲ... လူနတ်ဗြဟ္မာ မတွေ့တာ ရှိလို့လားမရှိလို့ လား(မရှိလို့ပါဘုရား)
ဘယ်လောက်များထင်ရှားသလဲနော်(မှန်ပါဘုရား)
မရှိဘူးဆိုတာ... နာမ်ရုပ်ကသက်သေခံတယ်(မှန်ပါဘုရား) စိစစ်ဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား)
အဲဒါလိုရင်းအချက်တွေကွဲ့ (မှန်ပါ)

ကဲ... သည်လိုဆိုရင် ပညတ် ပရမတ် ရှင်းကနဲ့ လင်းကနဲ့ မသွားဘူးလား(သွားပါတယ်ဘုရား)

ကဲ အမျိုးသမီး အမျိုးသားလေး ဘဝရေစက်ဆုံလို့ ... အကြင် လင်မယား နှစ်ယောက် ရသွားကြတယ်နော်။ သားလေး တယောက် မွေးတာပေါ့ ။
အဲသည်သားလေးဟာ နာမည်တွေ ပါရဲ့လား(မပါပါဘူး ဘုရား)နှစ်နှစ်ကျော်ကျော်ကြတော့ .... နာမည်မပေးရဘူးလား(ပေးရပါတယ်ဘုရား)
နာမည်ပေးရတယ်နော်(မှန်ပါဘုရား)

ကိုယ်ကိုတိုင်ကလည်း နာမည်က မပေးတတ်။
ဓာတ်ခိုက်အောင် နာမည်ကလည်း ကောင်းကောင်းရချင်တာပေါ့(မှန်ပါ)ဓာတ်ဆရာ ခေါ်ရတယ်နော်(မှန်ပါ)စားစရာ သောက်စရာလေး ကျွေးမွေးပြီးတော့မှ နာမည်ပေးကြတာပေါ့ (မှန်ပါ)

ကဲ ... မင့်သား ဘယ်နှစ် နှစ် ရှိပြီလဲမမေးရဘူးလား(မေးရပါတယ်ဘုရား)နှစ်နှစ်နဲ့ကိုးလပေါ့(မှန်ပါ)
သုံးနှစ်ထဲမှာ(မှန်ပါ)

www.dhammadownload.com

ဘာနေ့သားလဲ မမေးရဘူးလား(မေးရပါတယ်ဘုရား) တနင်္ဂနွေသားပေါ့(မှန်ပါ)
ဘာလလဲ မမေးရဘူးလား(မေးရပါတယ်ဘုရား)
ဝါဆိုလပြည့်(မှန်ပါ)
ပုဗ္ဗနိမိတ်တဲ့ မင်္ဂလာ ယောက်ျား ဝါဆို မိန်းမ ပြာသိုဝါဆိုလ မွေးတဲ့ ယောက်ျား ... ဇာတာ မကြည့်နဲ့ အိုအောင် သေအောင် ထိ ကောင်းတယ်လို့ မပြောဘူးလား(ပြောပါတယ်ဘုရား) အိမ်ရှင်က ကျေနပ်တာပေါ့ကွ(မှန်ပါ)

မိန်းမ ပြာသိုလမွေး ဇာတာ မကြည့်နဲ့ပေါ့ နော်(မှန်ပါ)ကောင်းတယ်လို့ နိမိတ် မပေးဘူးလား(ပေးပါတယ်ဘုရား)ကဲ ... မင်းသား မဟာဘုတ်ကို ပြန်ကည့်တာ တနင်္ဂနွေ ရာဇ တနင်္ဂာက အထွန်း။ သည်နေ့ကစ မင့်သားကို ဇာအောင်ကျော်လို့ နာမည် မပေးဘူးလား(ပေးပါတယ်ဘုရား)

မွေးထဲက ပါတာလား မိဘတွေက ပေးတဲ့နာမည်လား(မိဘတွေက ပေးတဲ့နာမည်ပါဘုရား) မိဘတွေက ပေးတဲ့နာမည် ကွဲ
စိစစ်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)
အဲသည် အောင်ကျော်က မိဘတွေကို သိအောင် ပေးခဲ့တာနော်(မှန်ပါ)

အောင်ကျော်လို့ ခေါ် ... သူ့ခေါ်တယ်လို့ သိပ့ါမလား(မသိပါဘူးဘုရား)
အဲဒါ ... အောင်ကျော်ဆိုရင် ထူးကွဲ့ မင်းကို ခေါ်တာ မင်းနာမည် မှတ်ထား မင်း နာမည်အောင်ကျော် အောင်ကျော်ဆိုတာ မင်းနာမည် ခေါ်ရင်ထူးလို့ မခိုင်းရဘူလား။(ခိုင်းရပါတယ်ဘုရား) အဲလို မိဘကသင် ပေးရတာနော်(မှန်ပါ)
အဲလိုလေ့လာဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)

အောင်ကျော်ဆိုတာ...

www.dhammadownload.com

ကိုယ့်ဟာနဲ့ကိုယ်ခေါ်ဖို့ လား အများက ခေါ်ဖို့လား(အများကခေါ်ဖို့ပါ ဘုရား)
ကဲ... ကိုယ့်ဟာနဲ့ကိုယ် အောင်ကျော် ထမင်းစားမယ်လို့ ကိုယ့်ဟာနဲ့ကို ပြော ပါရဲ့လား(မပြောပါဘူးဘုရား)
အများကခေါ်တာကွဲ့။
အဲလိုလေ့လာ(မှန်ပါ) တကယ်ရှိတာ... ဟုတ်ကဲ့လား(မဟုတ်ပါဘူးဘုရား) သမုတ်ရှိ...အခေါ်ရှိ(မှန်ပါ)စဉ်းစားဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)

အောင်ကျော်က ပညတ် အဆင်းက ပရမတ်
အောင်ကျော်က ပညတ် နာမ်ရုပ်က ပရမတ် လေ့လာဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား) ဘယ်လိုဘဲ ခေါ်ခေါ် ဘယ်လို ဘဲသမုတ်သမုတ် နာမ်ရုပ်က အောင်ကျော်ဖြစ်ကဲ့လား(မဖြစ်ပါဘူးဘုရား)

လူလို့ခေါ်... လူဖြစ်ကဲ့လား(မဖြစ်ပါဘူးဘုရား) နတ်လို့ခေါ်... နတ်ဖြစ်ကဲ့လား(မဖြစ်ပါဘူး ဘုရား) ဗြဟ္မာလို့ခေါ်... ဗြဟ္မာဖြစ်ကဲ့လား(မဖြစ်ပါဘူး ဘုရား) မပြောင်းဘူး ဒါကြောင့် ပရမတ်ပေါ့နော်(မှန်ပါ) အဲလို လေ့လာဖို့ မကောင်းလား။ (ကောင်းပါတယ် ဘုရား) အဲဒါ လိုရင်းအချက်

အမှန်သိတော့ အမှား မပျောက်လား(ပျောက်ပါတယ်ဘုရား)အမှား ပျောက်တယ်ဆိုတဲ့ ကိစ္စတွေဟာ ... အဝိဇ္ဇာ ချုပ်တာကွဲ့နော်(မှန်ပါ) လေ့လာဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား)
အဲဒါလေ့လာကြ။

အဝိဇ္ဇာချုပ်တာ(မှန်ပါ)နလုံးသွင်းမှန်တာက... ဝိဇ္ဇာကိုးကွဲ့(မှန်ပါ) မှားတာက... အဝိဇ္ဇာကိုးကွဲ့(မှန်ပါ)လေ့လာဖို့မကောင်းလား(ကောင်းပါတယ် ဘုရား)

www.dhammadownload.com

အဲဒါကြောင့်... အသိညာဏ်တွေပြောင်းတာ ကွဲ့
အသိညာဏ်တွေ ပြောင်းတာ ကြားရဲ့လား(မှန်ပါ)
လေ့လာဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား)
အဲဒါလိုရင်းအချက် တွေနော်(မှန်ပါ)
ထိထိမိမိ သဘောပေါက်ဖို့ မကောင်းလား(ကောင်းပါတယ်ဘုရား)

အဲသည်အောင်ကျော်က ကျောင်းသား ဖြစ် ကျောင်းသားဘဝကနေ တက်တော့ လူပျိုကြီးဖြစ် လူပျိုကြီးက အိမ်ထောင်ရက်သားကျ တော်တော်နေလး ကြာသွားတဲ့အခါ အောင်ကျော်ဆိုတာ ရှိတယ်လို့ မယူဆဘူးလား(ယူဆပါတယ်ဘုရား) အင်း ကျောင်းသားတုန်းကတော့ ကိုအောင်ကျော် မောင်အောင်ကျော်။ အိမ်ထောင်ကျတဲ့အခါ ... ဦးအောင်ကျော်မခေါ်ကဘူးလား(ခေါ်ပါတယ်ဘုရား)

အောင်ကျော်ထင်လို့ ဘုရားပေးတဲ့ ညာဏ်လက်နဲ့ဆံဖျားကခြေဖျားထိ ကိုင်စမ်းကြည့်...
အောင်ကျော် တွေ့မလား မာတာ တွေ့မလား(မာတာတွေ့ပါ တယ်ဘုရား)
အောင်ကျော်တွေ့မလား ပျော့တာ တွေ့မလား(ပျော့တာတွေ့ပါတယ်ဘုရား) မာတာ ပထဝီ ပျော့တာ ပထဝီပေါ့။ မာတယ် ပျော့တယ် သိတာ သူငါလား ကာယဝိညာဏ်လား။ (ကာယဝိညာဏ်ပါဘုရား)
နာမ်တရား မရလား(ရပါတယ်ဘုရား)
မာတာ ပျော့တာ... ရုပ်တရား မရလား(ရပါတယ်ဘုရား)နာမ်ရုပ်နှစ်ပါးပေါ့

အောင်ကျော်လား နာမ်နှင့်ရုပ်လား(နာမ်နှင့်ရုပ်ပါဘုရား) နာမ်ရုပ်ဘဲတွေတယ်နော်
အောင်ကျော်... ဘာဖြစ်လို့မတွေ့လဲ(မရှိလို့ပါဘုရား)
မရှိဘူးကွဲ့။

www.dhammadownload.com

ခေါ်တော့မခေါ်ဘူးလား(ခေါ်ပါတယ် ဘုရား)
ရှိရဲ့လား(မရှိပါဘူးဘုရား)
သမုတ်ရှိ...အခေါ်ရှိကွဲနော်(မှန်ပါ)
တကယ်ရှိတာက... နာမ်ရုပ် ။

ဘယ်ပုံ ဘယ်နည်း ရှိတာလဲလို့ လေ့လာဖို့မကောင်းလား(ကောင်းပါတယ် ဘုရား)။
ရုပ်တရားကြီးက... ဖောက်ပြန်ပြီးတော့ မပျက်လား(ပျက်ပါတယ်ဘုရား)
နာမ်တရားက သိပြီးတော့ မပျက်လား(ပျက်ပါတယ်ဘုရား)
နိစ္စလားအနိစ္စလား(အနိစ္စပါဘုရား)

အနိစ္စ မမြဲခြင်းတရားသည် ... ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရား လား(ဆင်းရဲတဲ့တရားပါဘုရား)
ဆင်းရဲတဲ့တရားကို.... သုခလို့ခေါ်မလား ဒုက္ခလို့ခေါ် မလား(ဒုက္ခလို့ခေါ်ပါ မယ်ဘုရား)

ဤဒုက္ခကို... ပိုင်သူရှိရဲ့လား(မရှိပါဘူးဘုရား)
သတ္တဝါအလိုသို့...လိုက်ရဲ့လား (မလိုက်ပါဘူး ဘုရား)အကြိုက်သို့ပါ ရဲ့လား(မပါပါဘူးဘုရား)
အနတ္တ (မှန်ပါ)ပွါးလို့သိတာနော်(မှန်ပါဘုရား)

အနိစ္စ ဒုက္ခ အနတ္တ တွေ့တာ ပေါ့(မှန်ပါဘုရား)
အနိစ္စတရား တွေ့တဲ့အခါ... နာမ်ရုပ်တွေ့ရဲ့သေးလား(မတွေ့ပါဘူးဘုရား)
ဒုက္ခတရားတွေ့တဲ့အခါ... နာမ်ရုပ် တွေ့ရဲ့လား(မတွေ့ပါဘူးဘုရား)
အနတ္တတရားတွေ့တဲ့အခါ... နာမ်ရုပ်တွေ့ရဲ့လား(မတွေ့ပါဘူးဘုရား)

www.dhammadownload.com

အနိစ္စတရားနဲ့နာမ်ရုပ် နဲ့ပိုင်းခြားဖို့မလိုလား(လိုပါတယ်ဘုရား)
ဒုက္ခတရားနဲ့နာမ်ရုပ်နဲ့ပိုင်းခြားဖို့မလိုလား(လိုပါတယ်ဘုရား)
အနတ္တတရားနဲ့နာမ် ရုပ်နဲ့ပိုင်းခြားဖို့မလိုလား(လိုပါတယ်ဘုရား)တီရဏပရိညာ။

နာမ်ရုပ်ကိုသိတဲ့အခါ... အောင်ကျော်တွေ့သေးရဲ့လား (မတွေ့ပါ ဘူးဘုရား)
နာမ်ရုပ်တွေ့တဲ့အခါ... လူနတ်ဗြဟ္မာတွေ့သေးရဲ့လား(မတွေ့ပါဘူးဘုရား)ဉာတပရိညာ။

အနိစ္စဒုက္ခအနတ္တတွေ့တဲ့အခါ... နာမ်ရုပ်တွေ့သေးရဲ့လား(မတွေ့ပါဘူးဘုရား)
တီရဏပရိညာ။

အနိစ္စ ဒုက္ခ အနတ္တ စုတဲ့ခါ ဖြစ်ပျက်လို့မဟောလား (ဟော ပါတယ်ဘုရား)
ဖြစ်ဒုက္ခ ပျက်ဒုက္ခလို့ မဟောဘူးလား(ဟောပါတယ်ဘုရား)
ဘာသစ္စာလဲ(ဒုက္ခသစ္စာပါဘုရား)
ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား(ဆင်းရဲတဲ့တရားပါဘုရား)

နေ့စဉ်နဲ့တကွ... ဆင်းရဲတဲ့တရားနဲ့နေရတာပေါ့(မှန်ပါဘုရား)ကိုယ့် ကိုကိုယ်တော့ ချမ်းသာတယ်လို့မထင်ကြလား(ထင်ပါတယ်ဘုရား)
တကယ် စိစစ်တော့ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့ တရားလား(ဆင်းရဲတဲ့တရားပါဘုရား)

ဆင်းရဲတယ်လို့တကယ်သိတဲ့ပုဂ္ဂိုလ်ဟာ

www.dhammadownload.com

ဂဂိါမြစ်မှာရှိတဲ့ သဲလုံးနဲ့အမျှ ပွင့်တဲ့ ဘုရားအဆူဆူတွေ ဟောလို့ကျွတ်တ
မ်းဝင်သွားကြပြီ ကြားရဲ့လား(မှန်ပါဘုရား)သဲတလုံး ဘုရားတပွင့် ။
သဲတစ်ပွင့် ဘုရားတစ်ဆူ ။ သဲတစ်ပွင့် ဘုရားတစ်ဆူနော်(မှန်ပါ)

တစ်ဆူသော ဘုရားမှာ ၂၄သချေ် နဲ့ကုဋေ ၆၀ ဗိုလ်ခြေတသိန်း ကျွတ်တမ်း
ဝင်တယ်မဟော လား(ဟောပါတယ်ဘုရား) ဂဂိါမြစ်မှာ ...အမျှ ... သဲလုံး
နဲ့အမျှ ပွင့်တော်မူတဲ့ ဘုရားအဆူဆူပေါ့နော် ။
အဲသလောက်ကျွတ်တမ်း ဝင်တာတွေက မနည်းတော့ဘူးပေါ့

သစ္စာသိတော့ အကုန်လုံး ထွက်သွားကြပြီ
ကြားလား(မှန်ပါဘုရား)
အဲဒါ...သစ္စာမသိလို့နလုံး သွင်းမှားလို့ကျန်နေကြရတာပေါ့(မှန်ပါ)

အခုတရားနာ ပရိသတ်တွေ အဲလောက် ပွင့်တဲ့ ပွင့်တဲ့ ဘုရားအဆူဆူ
တွေ့ခဲ့ကြရဲ့လား(မတွေ့ခဲ့ပါဘူး ဘုရား)
အဲဒါဘယ်မှာနေတာလဲ စိစစ်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)ငရဲ
မှာ။
ငရဲကိုကျသွားရင် ဘုရားအဆူဆူနဲ့ချော်လွဲနိုင်တယ်နော်(မှန်ပါဘုရား)
ယုံကြည်ဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)

သည်တရား ငါမသိ မနေဘူး... ကြိုးစားပေါ့(မှန်ပါ)
အများကြီးမဟုတ်ပါဘူး။ နာမ်နဲ့ရုပ်နှစ်လုံးတည်း ပါကွဲ့(မှန်ပါ)
စိစစ်ဖို့မကောင်းလား(ကောင်းပါတယ် ဘုရား)

နာမ်ရုပ်လို့သိ ဒိဋ္ဌပြုတ်တယ်။

www.dhammadownload.com

နာမ်ရုပ်လို့သိ ဝိစိကိစ္ဆာချုပ်တယ် လေ့လာဖို့မကောင်းလား(ကောင်းပါတယ်ဘုရား)
ဒါ ကြောင့်အနိစ္စသိတော့... တဏှာမသေဘူးလား(သေပါတယ်ဘုရား)အဲဒါအမှန်သိတာ... ယထာဘူတဉာဏ်(မှန်ပါ)
ဆင်းရဲတယ် လို့အမှန်သိတာ...ယထာဘူတဉာဏ်(မှန်ပါ)

ဒုတိယဆက် ကြိုးစားကြည့်။
ဖြစ်ပျက်ဘဲ တွေ့ဦးမှာပေါ့(မှန်ပါဘုရား)ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)ချမ်းသာတဲ့တရားလားဆင်းရဲတဲ့တရားလား(ဆင်းရဲတဲ့တရားပါဘုရား)
ဒုတိယကြတော့အသိဉာဏ်က ရင့်လာပြီနော်(မှန်ပါ)ခန္ဓာက လွတ်ချင်တဲ့ စိတ်တွေ ကျွတ်ချင်တဲ့ စိတ်တွေမပေါ် လား(ပေါ် ပါတယ်ဘုရား)
လောကကြီးကိုပျင်း မုန်းငြီးငွေ့ပြီ(မှန်ပါဘုရား)
အပြောအဆို အနေအထိုင်တွေ အခါတိုင်းနဲ့တူရဲ့လား(မတူပါဘူးဘုရား)
မူပြောင်းသွားပြီနော်(မှန်ပါ)

စားတဲ့ အစားအစာလည်း ဘာဘဲစားရ ဗိုက်ပြည့်ရင်တော်ပြီ(မှန်ပါ)
ဆိုးကောင်းနှစ်ပါးတွေ... ပေါ့တာ ငံတာတွေ ဘာတွေမပါတော့ဘူးကြားလား(မှန်ပါ)

ဝတ်တဲ့အခါလည်း မိမိက ဘာတွေ ညာတွေ အကြောင်အကြားတွေ မလိုတော့ဘူးနော်(မှန်ပါ)
အရှက်လုံရင် တော်ပြီ(မှန်ပါ)

နေတဲ့အဆောက်အဦကလည်း မိုးလုံမိုးလုံလို့ နေလုံရင်တော်ပြီ(မှန်ပါ)

www.dhammadownload.com

အဲလိုတွေပြောင်းမသွားဘူးလား (ပြောင်း သွားပါတယ်ဘုရား)အပြောအဆို
ကလည်း နူတ်နည်းမသွားဘူးလား(နည်းသွားပါတယ်ဘုရား)
နိဗ္ဗိန္ဒ ဉာဏ်ကွဲ့(မှန်ပါ)

တတိယ ဆက်ကြိုးစားကြည့့်
ဖြစ်ပျက်ဘဲ့ မတွေ့လား(တွေ့ပါတယ်ဘုရား)
ဘာသစ္စာလဲ(ဒုက္ခသစ္စာပါဘုရား)
ခြေအစ ခေါင်းအဆုံး တကိုယ်လုံးရှာချင်သလိုရှာ
သုခဆိုတဲ့တရား အပ်ဖျားတထောက်စာမျှ တွေ့ရဲ့ လား(မတွေ့ပါဘူး
ဘုရား)
အပ်ဖျားတထောက် စာမှ သုခမတွေ့တာ...
ရှိလို့လားမရှိလို့လား(မရှိလို့ပါဘုရား)
မရှိရင် ဒုက္ခအတိုလို့ မပိုင်းခြားလား(ပိုင်းခြားပါတယ်ဘုရား)

ဒုက္ခ လို့ ပိုင်းခြား သိတဲ့အချိန်... သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ
သီလမဂ္ဂင် သုံးပါးမဝင်လား(ဝင်ပါတယ်ဘုရား)
အဲဒါဒုက္ခသစ္စာပိုင်းခြား မှဝင်တာနော်(မှန်ပါဘုရား)
သမုဒ္ဓေဒသီလ(မှန်ပါဘုရား)

စောစောပိုင်းက စပါးကြီးမြွေနဲ့ တွေ့တုန်းက သမာဒါနသီလ။ အဓိဋ္ဌာန်
ယူလာခဲ့တာနော်(မှန်ပါ)။ ဟိုမှာ ပိုက်ကွန်ထောင်လို့ ယုန်လေး ငြိတဲ့အခါ
ကတော့ အတွေ့ကို သုံးသပ်ချေလို့ သမ္မတ္တသီလနော်။ အခုက ခန္ဓာရဲ့အ
ကျိုး အပြစ်ကိုသိလို့ သစ္စာပိုင်းခြားသိမှ ဝင်တဲ့ သမုဒ္ဓေဒသီလ(မှန်ပါ)။ သ
မ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝပေါ့ (မှန်ပါ)။ လေ့လာဖို့ မကောင်းလား(ေ
ကာင်းပါတယ်ဘုရား)။ အဲဒီသီလ အင်မတန် အနစ်သာရ ပြည့်တာနော်။

www.dhammadownload.com

အဲဒီ သီလရှိတဲ့ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်က အရှက်ကွဲအကျိုး နည်းဖေ လာက်အောင် အပုပ်ရေသွင်းတဲ့စကားမျိုး ပြောကြည့်နော်။ ပြန်ပြီးတော့ တုန့်ပြန်မယ်လို့စိတ်ကူး ထည့်ရဲ့လား။ (မထည့်ပါဘူးဘုရား) ။ အာလွန် လျှာလွန်ကား ပြောသေးရဲ့လား(မပြောပါဘူးဘုရား)။ ခြေလွန် လက် လွ န်ကော လုပ်သေးရဲ့လား(မလုပ်ပါဘူးဘုရား)။ ကဲ အနှစ်သာရ မပြည့်ဘူး လား(ပြည့်ပါတယ်ဘုရား)။ ရှုဉာဏ် ငါးပါးနဲ့ပေါင်း တော့ ရှစ်ပါး မပြည့် လား(ပြည့်ပါတယ်ဘုရား)။ ရှစ်ပါး ပြည့်တဲ့အခါ ခန္ဓာ တွေ့သေးရဲ့လား(မဖေ တွ့တော့ပါဘူးဘုရား) ဖြစ်ပျက်ကား တွေ့သေးရဲ့လား (မတွေ့ပါဘူးဘုရား) လောကုတ္တရာလို့မဟာဘူးလား (ဟာပါတယ်ဘုရား)

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် ။ ဘာတွေ ပယ်တာလဲ စိစစ်ဖို့ မဖေ ကာင်းလား။ (ကောင်းပါတယ်ဘုရား) ဒိဋ္ဌ ဝိစိကိစ္ဆာ အနုသယ ကိလေသာ ပယ်တယ် (မှန်ပါ) ဒိဋ္ဌ ဝိစိကိစ္ဆာ အနုသယ ကိလေသာပယ်တော့ ... ပရိ ယုဋ္ဌာန မနောကံ လာသေးရဲ့လား။ (မလာပါဘူးဘုရား)။ မနောကံ ဝီတိက္က မ ကာယကံ ဝစီကံ လာသေးရဲ့လား(မလာပါဘူးဘုရား)။ မလာရင် အပါယ် သွားတဲ့ကံ မကုန်လား(ကုန်ပါတယ် ဘုရား) အပါယ်ခန္ဓာ ဇာတ်မသိမ်း လား(သိမ်းပါတယ်ဘုရား) ပဟာနပရိညာပေါ့(မှန်ပါ) ဉာတပရိညာ တီရဏ ပရိညာ ပဟာနပရိညာနော်။

ဤဉာဏ် သုံးဉာဏ်ရတဲ့ ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာကစ ကမ္မာလဆန်း တ စ်ရက်ကစလို့ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံ ဟောင်း ကြွေးဟောင်း အနန္တ ကမ္မာပထဝီမြေကြီးနဲ့အမျှရှိခဲ့တဲ့ အကုသိုလ်ကံတွေ အကျိုးပေးခွင့် ရသေး ရဲ့လား။ (မရတော့ပါဘူးဘုရား)
အကုန်လုံး အဟောသိကံ ဖြစ်မသွားလား။ (ဖြစ်သွားပါတယ်ဘုရား )
အဲသည် ဉာဏ်ကိုရမှ ကျေမယ်(မှန်ပါ)

www.dhammadownload.com

သည်ဉာဏ်သာ မရရင် ... သည်ကြွေးကျဖို့ မလွယ်ဘူးနော်။ (မှန်ပါ ဘုရား)
ဒါနနဲ့ဆပ် ကျပ့ါမလား(မကျပါဘူးဘုရား)။
သီလနဲ့ဆပ် ကျပ့ါမလား (မကျပါဘူးဘုရား) ။
သမထနဲ့ဆပ် ကျပ့ါမလား (မကျပါဘူးဘုရား) ။မကျဘူးကွဲ့။
ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ဆပ်မှ ကျတာ။ (မှန်ပါဘုရား)။ သည်တရား ငါမသိမနေဘူး ။ ကြိုးစား အားထုတ်ကြပ့ါ(မှန်ပါဘုရား)။

ကဲ ထိဆဲ ခန္ဓာက ဖြစ်ပျက် ... ဘာသစ္စာလဲ (ဒုက္ခသစ္စာ ပါဘုရား) သိတာက... (မဂ္ဂသစ္စာ ပါဘုရား) သေတာက... (သမုဒယသစ္စာပါ ဘုရား) နောက် ခန္ဓာ မလာတာ... (နိရောဓ သစ္စာပါဘုရား)

ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ... (လေးကွက် ရှိပါတယ်ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး ... (ငါးပါးပါဘုရား) ငါးလေးလီ...(နှစ်ဆယ် ) ဤရှစ်သွယ်ကို.... (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။ )

သာဓု သာဓု သာဓု။

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တောရကျောင်း ၊ ပဓာနနာယက ဆရာတော်။
ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရားကြီး
ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ် တွင် ၁၁ - ၁၀ -၂၀၀၇ ခုနှစ် နေ့နှစ်နာရီအချိန် ဟောကြားဆုံးမ တော်မူအပ်သော

www.dhammadownload.com

တရားသိသောသူဌေး နှင့် တရားမသိသောသူဌေး နှစ်ဦးအကြောင်း ဥပမာပြ
ပ
ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

ဗုဒ္ဓဿ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မဿ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃဿ-မဂ်ဌ်တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်ဌ်တည်သော ပုဂ္ဂိုလ်လေးပါး ကျွတ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုဿ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယဿ-ဂိုဟဿနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော

www.dhammadownload.com

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့်ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာ=အဝိဇ္ဇာ။တဏှာ။

သစ္စာနှစ်ခု=သမုဒယသစ္စာ။ဒုက္ခသစ္စာ။ သမုဒယသစ္စာ။ဒုက္ခသစ္စာ။

လေးခုအလွှာ=အတိတ်အကြောင်းတစ်လွှာ။ပစ္စုပ္ပန်အကျိုးတစ်လွှာ။ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ အနာဂတ် အကျိုးတစ်လွှာ။

အင်္ဂါတစ်ဆယ့်နှစ်ပါး =အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ကမ္မဘဝ။ဇာတိ။ဇရာမရဏ။

www.dhammadownload.com

တရားကိုယ်များနှင့်= အဝိဇ္ဇာအစ ဇရာမရဏာ အဆုံး။

သုံးပါးအစပ်=သန်္ဓါရ နှင့်ဝိညာဏ် ကြားမှာ တစ်စပ်။ဝေဒနာ နှင့်တဏှာ ြ ကားမှာ တစ်စပ်။ ကမ္မဘဝ နှင့်ဇာတိ ကြားမှာ တစ်စပ်။

န္ ့ စ်ရပ်မူလ = တဏှာ နှင့် အဝိဇ္ဇာ။

ဝဋ်သုံးဝ=ကိလေသဝဋ်။ကမ္မဝဋ်။ဝိပါကဝဋ်။

ကာလ သုံးဖြာ=
လွန်လေပြီးသောအတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ ။

ခြင်းရာ နှစ်ဆယ်=
အတိတ်အကြောင်းခြင်းရာငါးပါး ။
ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး။
ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး။
အနာဂတ် အကျိုးခြင်းရာငါးပါး။

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အတိတ်အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၂)အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာ လဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

www.dhammadownload.com

အဝိဇ္ဇာ တဏှာ ဥပါဒါန်က ကိလေသဝဋ် ပါဘုရား။
သခ်ါရ နှင့် ဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာ ထဲ သွင်းမှာလဲ။
အတိတ်အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅)အတိတ်အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခ်ါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၆)အဝိဇ္ဇာ သခ်ါရ တဏှာ ဥပါဒါန် ဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ါရ ပါဘုရား။
(၂) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခ်ါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန် အဝိဇ္ဇာက ကိလေသဝဋ် ပါဘုရား။
ဘဝ နှင့် သခ်ါရက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။

www.dhammadownload.com

တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခါရ ပါဘုရား။
(၆) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၁)နှင့် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)-နှင့် (၃)ခြားနားပုံမှတ်ချက်။

*(၃)အကွက်က သမုဒယသစ္စာ ၊(၁)အကွက်က သမုဒယသစ္စာ၊အခေါ်မတူ
ဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း အတိတ်နဲ့ ပစ္စုပ္ပန် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အတိတ် ဆိုတော့ လွန်ခဲ့ပြီးပြီ အသုံးချလို့ရပုံမလား။
မရပါဘုရား။
*အတိတ်က သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
အဝိဇ္ဇာဦးစီးပါတယ်ဘုရား။
*ပစ္စုပ္ပန်သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
တဏှာ ဦးစီးပါတယ်ဘုရား။
*ပိုင်းခြားသိဖို့ မလိုဘူးလား။
လိုပါတယ်ဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

www.dhammadownload.com

(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

ဝိပါကဝဋ် ပါဘုရား။

(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။

ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။

(၅) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။

ရပါတယ်ဘုရား။

(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

ဒုက္ခသစ္စာ ပါဘုရား။

(၈) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။

(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]

(၁) အနာဂတ် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။

(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

ဝိပါကဝဋ် ပါဘုရား။

(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။

www.dhammadownload.com

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့်
ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး
မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။

(၈)ဒုက္ခသစ္စာ ဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။
>>ရူပက္ခန္ဓာ-ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝေဒနာက္ခန္ဓာ-ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သညာက္ခန္ဓာ-မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သင်္ခါရက္ခန္ဓာ-စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝိညာဏက္ခန္ဓာ-သိတတ်သော သဘောအစု ဖြစ်ပျက်မှု။ပါဘုရား-
(၉)ခန္ဓာငါးပါး ဖြစ်ပျက်မရလား။
ရပါတယ်ဘုရား။
(၁၀)ဖြစ်ပျက် ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။

(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

www.dhammadownload.com

[စက်ဝိုင်းတွင်(၂)နှင့် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၂)-နှင့် (၄)ခြားနားပုံမှတ်ချက်။

*(၄)အကွက်က ဒုက္ခသစ္စာ ၊(၂)အကွက်က ဒုက္ခသစ္စာ၊အခေါ်မတူဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း ပစ္စုပ္ပန် နဲ့ အနာဂတ် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အနာဂတ်ရောက်ပြီလား။မရောက်သေးပါဘူးဘုရား။
မရောက်သေးရင် အသုံးချလို့ရပါ့မလား။
မရပါဘုရား။
*အခု ရောက်ဆဲ ဘယ်အကွက်မှာလဲ။
ပစ္စုပ္ပန် (၂)အကွက်မှာပါ ဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)လွန်လေပြီးသော အတိတ်ကာလ ကို ဖော်ပြပါ။

www.dhammadownload.com

အဝိဇ္ဇာ သခါရ ပါဘုရား။
(၂)အဝိဇ္ဇာ သခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ က ကိလေသဝဋ် ပါဘုရား။
သခါရ က ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်း
မှာလဲ။
လွန်လေပြီးသော အတိတ် ကာလ ပါဘုရား။
(၅) လွန်လေပြီးသော အတိတ် ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၆)အဝိဇ္ဇာ သခါရ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အတိတ် အကြောင်းတစ်လွှာ ပါဘုရား။
(၇) အတိတ် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၈)အဝိဇ္ဇာ သခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလ ကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ
တဏှာ ဥပါဒါန် ကမ္မဘဝပါဘုရား။
(၂)ယခုဖြစ်ဆဲကိုဖော်ပြပါ။

www.dhammadownload.com

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၃) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၄)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၅)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ကာလ အနေနှင့် ဘယ် ကာလ ထဲ သွင်းမှာလဲ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ပါဘုရား။
(၆) ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၇)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အလွှာ အနေနှင့် ဘယ် အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုးတစ်လွှာ ပါဘုရား။
(၈) ပစ္စုပ္ပန် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၉)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၁၀) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]

www.dhammadownload.com

(၁)ပစ္စုပ္ပန်ကာလ ကို ဆက်ပြီး ဖော်ပြပါ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၂)တဏှာ ဥပါဒါန် ကမ္မဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန်  က ကိလေသဝဋ် ပါဘုရား။
ကမ္မဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်း ကာလ ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၆)တဏှာ ဥပါဒါန် ကမ္မဘဝ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်းတစ်လွှာ ပါဘုရား။
(၇) ပစ္စုပ္ပန် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၈)တဏှာ ဥပါဒါန် ကမ္မဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ ကို ဖော်ပြပါ။
ဇာတိဇရာမရဏ ပါဘုရား။

www.dhammadownload.com

(၂) ဇာတိဇရာမရဏဝဋ္ဋအနေနဲ့ ဘယ်ဝဋ္ဋထဲ သွင်းမှာလဲ။
ဝိပါကဝဋ္ဋ ပါဘုရား။
(၃)ဝိပါကဝဋ္ဋဆိုတာ ဘာဘာခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၄)ဇာတိဇရာမရဏ ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး ကာလ ပါဘုရား။
(၅) အနာဂတ် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၆)ဇာတိဇရာမရဏ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုးတစ်လွှာ ပါဘုရား။
(၇) အနာဂတ် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၈)ဇာတိဇရာမရဏခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၉) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၀) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-

www.dhammadownload.com

နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

“ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ” ။
ကိလေသဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၃)ပါး ပါဘုရား။
ကမ္မဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၂)ပါးပါဘုရား။
ဝိပါကဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၈)ပါး ပါဘုရား။

#“ကိလေသဝဋ္ဋ (၃)ပါး” ကိုဖော်ပြပါ။
“အဝိဇ္ဇာ တဏှာ ဥပါဒါန်”ပါဘုရား။

သစ္စာလေးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ခန္ဓာငါးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
အာယတန(၁၂)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ဓါတ်(၁၈)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ပဋိစ္စသမုပ္ပါဒ် တရားတော် ကို မသိတာ---?

www.dhammadownload.com

အဝိဇ္ဇာ ပါဘုရား။
“သိသင့် သိ ထိုက်တဲ့ တရား ”ကို မသိလို့ “အဝိဇ္ဇာ”လို့ မခေါ်လား။
ခေါ်ပါတယ်ဘုရား။
သိ ရင် “ဝိဇ္ဇာ” ပေါ့။

ဤခန္ဓာ အာယတန ဓါတ် သစ္စာ တရားအပေါ်မှာ
လူ နတ် ဗြဟ္မာ သတ္တဝါလို့
ဓ့ လုံးသွင်းမှားတာကော---?
အဝိဇ္ဇာ ပါဘုရား။
ဓ့ လုံးသွင်းမှားတာ “အဝိဇ္ဇာ” နော်။

ဤခန္ဓာ အာယတန ဓါတ် သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်
လား----?
ပျက်ပါတယ်ဘုရား။
ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။
ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။
ထင်ရှားပါတယ်ဘုရား။

ဤဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ ဓ
လုံးသွင်းမှားတာကော ----?
“အဝိဇ္ဇာ” ပါဘုရား။

ဓ့ လုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ။
“တဏှာ” ပါဘုရား ။

www.dhammadownload.com

မရရင် မနေဘူးလို့ စွဲလမ်းတာ---?။
“ဥပါဒါန် ”ပါဘုရား။

အဝိဇ္ဇာ တဏှာ ဥပါဒါန် ၊ကျ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ်ဒို့ ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။

#ကမ္မဝဋ်ဒို့ (၂)ပါးကို ဖော်ပြပါ။
သခ်ၤါရ နှင့် ကမ္မဘဝပါ ဘုရား။

ပါးစပ်က ပြောတော့ ဘယ်သခ်ၤါရ တပ်မလဲ။
ဝစီသခ်ၤါရ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သခ်ၤါရ။
ကာယသခ်ၤါရ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်သခ်ၤါရ။
စိတ္တသခ်ၤါရ ပါဘုရား။

ပါးစပ်က ပြောတော့ ဘယ်ကံလဲ။
ဝစီကံ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။
ကာယကံ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်ကံလဲ။
မနောကံ ပါဘုရား။

ကာယကံ ဝစီကံ မနောကံ

www.dhammadownload.com

ဤ(၃)ပါး ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကမ္မဝဋ် ပါဘုရား။

ကိလေသဝဋ် နဲ့ ကမ္မဝဋ် ကို သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

ဝိပါကဝဋ် (၈)ပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဏှတိ ဇရာ မရဏ ပါဘုရား။
ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၄)အကွက် မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

www.dhammadownload.com

သာဓု သာဓု သာဓု။

မူလနှစ်ဖြာ တစ်ခေါက်။

(မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အဂ်ါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠုန်သုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝိညာဏ်မြင် သမ္မုတိသစ္စာ အားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ... အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ဖို့မကောင်းလား ။ အကုသိုလ်ကံ ကုသိုလ်ကံ က ယုံကြည်ရမှာနော် ။ ဒါကြောင့် ဝိညာဏ်မြင် သမ္မုတိသစ္စာ အားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကံ ကံ၏အကျိုးကို ယုံကြည်ရမယ်လို့ မဟောဘူးလား ။

ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအဆုံး ကို ကျူးလွန်ရင် ကုသိုလ်လား အကုသိုလ်လား ။ အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက သေသည်ရဲ့ အခြားမဲ့၌ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လို့မဟောဘူးလား ။ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား။ ဒါ အကုသိုလ်ကံကြောင့် ဖြစ်တာနော် ။ ယုံကြည်ဖို့ မဟောင်းလား ။

www.dhammadownload.com

ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအ ဆုံး ကို ရှောင်ကြဉ်ရင် အကုသိုလ်လား ကုသိုလ်လား ။ ဒါ ကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက လူ့ပြည် နတ်ပြည်ခြောက်ထပ် လို့မဟာဘူးလား ။ ဆင်းရဲတဲ့တရားလား ချမ်းသာတဲ့တရားလား ။ဒါကုသိုလ်ကံ ကြောင့်ဖြစ်တာနော် ။
အကုသိုလ်ကံ ကုသိုလ်ကံ ယုံကြည်ရင် ဗေဒင်မေးစရာ လိုသေးရဲ့လား ။ နတ်ကတော်မေးစရာ လိုသေးရဲ့လား ။ဝိဇ္ဇာတွေမေးစရာ လိုသေးရဲ့လား ။ အဲဒါစဉ်းစားဖို့လိုတယ် ကြားလား ။

မကြားစဖူး ကြားဖူးထပ်မံတဲ့။ ရှေးထက်ကျော်ကာရီက မြတ်စွာဘုရား ရှိစဉ်က ညီတော် အာနန္ဒာက လျှောက်ထားတယ်။ နောင်တော်ဘုရား ။ လူ နတ် ဗြဟ္မာ သတ္တဝါ မှာရှိတဲ့ ကုသိုလ်တရားနဲ့ အကုသိုလ်တရား ဘယ်က များသလဲ ဘုရား လို့ မလျှောက်ဘူးလား ။

ညီတော်အာနန္ဒာ လူအရိယာ နတ်အရိယာ ဗြဟ္မာ အရိယာ ကိုချန် ။ လူ အနွှ နတ်အနွှ ဗြဟ္မာအနွှ မှာရှိတဲ့ ကုသိုလ်တရား ငါဘုရား လက်သည်းပေါ် တင်ထားတဲ့ မြေမှုန့်ပမာဏ လို့မဟောဘူးလား။ မြတ်စွာဘုရား လက်သည်းပေါ်တင်တဲ့ မြေမှုန့်ဟာ ရွှေကြီးတစ်ရွှေးသား ရှိမှာပေါ့ ။ ကုသိုလ်တရားနော် ။ အကုသိုလ်တရားက ကမ္ဘာပထဝီမြေကြီး နဲ့အမျှတဲ့ကွဲ့ ။ ဘယ်လိုပါ့ နှိုင်းယှဉ်လို့မရဘူး ။ကြားလား

အဲဒါ လူဖြစ်တုန်းကနေပြီးတော့မှ အကုသိုလ်တွေကို ဒါရှောင်ကြဉ်ဖို့ မဟောင်းဘူးလား ။ အပါယ်ကိုကျ သွားတဲ့ခါ နိုင်ရာစားဘဝပေါ့ ။ ဒါအကုသိုလ်စိတ်နဲ့ သေတာတွေနော် ။ လူဖြစ်ဖို့လွယ်ပါ့မလား ။ မလွယ်ဘူး ။လူဖြစ်ဖို့ မလွယ်ဘူးကြားလား ။ ကမ္ဘာပထဝီမြေကြီးနဲ့အမျှ လို့ မြတ်စွာဘုရား

www.dhammadownload.com

ဟော မဟော ။ ကုသိုလ်တရားက လက်သည်းပေါ်တင်တဲ့ မြူမှုန့်ပမာဇ နာ် ။ ဘယ်လိုပါ့ နှိုင်းယှဉ်လို့မရဘူး ။

တစ်ခါပြန်ပြီးတော့မှ ဂဂ်ါမြစ်မှာရှိတဲ့ သဲလုံးနှင့်အမျှ သဲတစ်ပွင့် ဘုရားတစ်ဆူ ။ သဲတစ်ပွင့် ဘုရားတစ်ဆူ ဂဂ်ါမြစ်မှာရှိတဲ့ သဲလုံးနှင့်အမျှ ပွင့်တော်မူတဲ့ ဘုရားအဆူဆူ မရေတွက်နိုင်ဘူးနော် ။ တစ်ဆူသောဘုရားဆီမှာ နှစ်ဆယ့်လေးသခြေ်နှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ကျွတ်တန်းဝင်တယ် လို့မဟောဘူးလား ။ ဘုရားတစ်ဆူမှာ ကျွတ်တန်းဝင်တာနော်။

နှစ်ဆယ့်လေးသခြေ်နှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ကျွတ်တန်းဝင်တယ် ။ အဲဒီလောက်များတဲ့ ဘုရားအဆူဆူ အခုတရားနာ ပရိသတ်တို့ ဘုန်းကြီးတို့ တွေ့ခဲ့ကြရဲ့လား ။ ဘယ်မှာနေတာလဲလို့ ပြန်စစ်ဖို့ မဇကာင်းလား ။ငရဲမှာ ငရဲမှာ ။ ငရဲကိုကျသွားရင် ဘုရားအဆူဆူနဲ့ ချော်လွဲနိုင်တာ မထင်ရှားဘူးလား ။ မသိခင်ပြုကြရတယ်နော် ။ သိတဲ့အချိန်ပယ်ရတာပေါ့ ။ စိစစ်ဖို့မကောင်းလား လေ့လာကြ။ မွေးထဲကအရိယာမွေးတာ မဟုတ်ဘူးကွဲ့ နော် ။ အန္ဓပုထုဇဉ်ကြားလား ။

အတိတ်ကလာတဲ့ အကုသိုလ်စိတ် ကုသိုလ်စိတ် တွေနဲ့ ကုသိုလ်အင်မတန် ကံကောင်းလို့ လူ့အဖြစ်ကို ရောက်လာခဲ့တာ ကြားလား လူဖြစ်တာ ဟိုးအတိတ်ကပြုတဲ့ ကုသိုလ်လေးက လှည့်လာလို့နော် အဲလိုစိစစ်ဖို့မကောင်းလား ဒီတစ်ခါသာ ပြန်ပြီးတော့ အပါယ်ကျသွားရင်တော့ ဘုရားအဆူဆူနဲ့ ချော်လွဲတာ မထင်ရှားဘူးလား ဒီတော့ သိတဲ့အချိန်ကစ ဝိညာဏ်မြင်သမျှတိသစ္စာ အနေနဲ့ ရှောင်ရမယ် ပညာမြင် ပရမတ္ထသစ္စာနဲ့ သိရင်ပယ်ရမယ် ကြားလား ။ သိ ပယ် ဆိုက် ပွား လေးပါးကိစ္စ မဂ်တခဏတဲ့ကွဲ့ လေ့လာဖို့မကောင်းလား ။

www.dhammadownload.com

အကုသိုလ်ကံ ကုသိုလ်ကံတဲ့။ သေခါနီးဆဲဆဲ ကမ္မနိမိတ် ဂတိနိမိတ် တဲ့ ။ အကုသိုလ်နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေ ဘဝပေါင်းများစွာက လုပ်ခဲ့တာဇ တွ ဒီဘဝလုပ်ခဲ့တာလည်း အခုမလုပ်ဘူးထား သေခါနီးဆဲဆဲမှာ အကုသို လ် ကမ္မနိမိတ်တွေ လောလောဆယ်လို သတ်ဖြတ်ပြီးတော့ မြင်ယောင်တ ယ်နော် ။ ခိုးတာတွေ မြင်ယောင်တယ်နော် ။ သူများလင်သားမယားတွေ ကို စော်ကားတာတွေ မြင်ယောင်တယ်နော် ။ အဲဒါအကုသိုလ် ကမ္မနိမိ တ်ပေါ်တာ ။

ခန္ဓာကိုယ်ကြီးကတော့ အိပ်ယာထဲမှာ ဗျာကပ်နေတာနော် မလှုပ်တလှုပ်ဇ ပါ့ ။ ကဲအဲဒီ ကမ္မနိမိတ်တွေ အခုသတ်ဖြတ်သလို ပေါ်မနေဘူးလား ။ သူပြု ခဲ့တာတွေ ပေါ်တော့တာကွဲ့ စိစစ်ဖို့မကောင်းလား လေ့လာကြ ။ အဲဒါအ ကုသိုလ် ကမ္မနိမိတ်တွေ ။ လုံ့ထိုးတာတွေ သတ်တာတွေ ခိုးတာတွေ ဝှက် တာတွေ လိမ်တာတွေ မုသားပြောခဲ့တာတွေ အမျိုးမျိုး ။ ဒါ ကမ္မနိမိတ်ဇ တွပေါ်တော့တာ။

ဂတိနိမိတ် တဲ့ ။ ဂတိနိမိတ် ကိုယ်သွားမယ့်လမ်း ။ ငရဲကိုသွားမယ့် ပုဂ္ဂိုလ် ခွေးနက်ကြီးတွေမြင်တော့တာ ။ အဲဒါ ဂတိနိမိတ် ။ ငရဲသားတွေ မြင်တော့ တာ ။မီးလျှံတွေမြင်တော့တာ အဲဒါဂတိနိမိတ်ပေါ်တာ ။ အဲဒီစိတ်နဲ့သေရင် ဒါငရဲကိုသွားတော့မှာပေါ့။ ချောက်ကြီး ကမ်းပါးကြီးတွေ မြင်တော့ခါ အဲဒါ ပိတ္တာဖြစ်တော့မှာနော်။ တောကြီးတောင်ကြီးတွေမြင်တဲ့ခါ တိရစ္ဆာန် ဖြစ် မှာပေါ့ ။ စိစစ်ဖို့မကောင်းလား ။

ကုသိုလ်ဆိုတဲ့ ကမ္မနိမိတ် ကလည်း တရားနာတာ တရားထိုင်တာ စခန်းဝ င်တာ ဝေယျာဝစ္စလုပ်တာ ပန်းကန်ဆေးတာ စားပွဲပြင်တာ ကျွေးတာ မွေး တာ တံမျက်စည်းလှဲတာ သန့်ရှင်းရေးလုပ်တာ ။ အဲဒါတွေကလည်း အခုဇ လာလောဆယ် လုပ်သလို မြင်တော့တာကွဲ့ ။ အဲဒါကုသိုလ် ကမ္မနိမိတ်ဇ

www.dhammadownload.com

တွ သားရှင်ပြုတာတွေ ရဟန်းခံခဲ့တာတွေ နည်းများမဆို ကုသိုလ်ဝင်ခဲ့တာတွေ အဲဒါကမ္မ ... ကုသိုလ် ကမ္မနိမိတ်တွေပေါ် တော့တာ စိစစ်ဖို့မကောင်းလား အဆောက်အဦနဲ့ပတ်သက်လို့ ဆောက်ခဲ့လှူခဲ့တာတွေ တန်းခဲ့တာတွေ ဘုရားတည် ကျောင်းဆောက် အမျိုးမျိုးပေါ့နော် ။ အဲဒါ ကုသိုလ် ကမ္မနိမိတ်တွေ ။

အဲဒီကံကနေ ဂတိနိမိတ်သူသွားမည့် နေရာ လူ့ပြည်သွားမည့် ပုဂ္ဂိုလ်က မိခင်ဝမ်းရေ နီနီချင်းချင်းမြင်တာဗျ ။ အဲဒါ အဲဒီဟာမှာ ဝိညာဏ်ချုပ်တော့တာနော် ။ နတ်ပြည်သွားမယ့်သူက နတ်သမီးနတ်သား နတ်ဗိမာန်တွေမြင်တာပေါ့ အဲဒါ ဂတိနိမိတ်တွေ ကြားလား ။ စဉ်းစားဖို့မကောင်းလား ကမ္မံ ဝိပါကဿ ။ ကံစီမံရာလို့မပြောဘူးလား။ လေ့လာကြ လေ့လာကြ ။

အခုဘုရားပွင့်တဲ့အခါနဲ့ ကြုံတာနော်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတာ ။သာသနာငါးထောင် မထားခဲ့ဘူးလား ။ အဲဒီထားခဲ့ပေလို့ ပရိယတ် ပဋိပတ် ဓတ္တဖြစ်နေတာပေါ့ ။ စိစစ်ဖို့မကောင်းလား ။ အဲဒါ ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သစ္စာတို့ ပဋိစ္စသမုပ္ပါဒ် တရားကို ကြားရဖို့ နာရဖို့က လွယ်တာမဟုတ်ဘူးကွဲ့ ။ စိစစ်ဖို့မကောင်းလား ။သာသနာပမှာ အဲဒီတရားတွေကို ကြားချင်နာချင်လို့ရပါ့မလား။ မရဘူး မရဘူး ။ အဲလောက် အဖိုးတန်တဲ့တရား ကားလား။ ရွှေတွေငွေတွေ ကျောက်သံပတ္တမြားတွေ ကအချိန်မရွေး ကံအားလျော်စွာ ရှာလို့ဖြစ်တယ်နော် ။ သူကံပေးရာပေါ့ ။အဲဒီ သစ္စာတရား ခန္ဓာတရားသိဖို့ လွယ်ပါ့မလား ။

အဲသလောက် အဖိုးတန်တာကြီးဟာ ... အဲဒါကြီးကို ကျော်ပြီးတော့ တရား ... ရတနာ အတုတွေ ရှာကြတာကွဲ့နော် ။ အဲဒါကြောင့်မိုးကုတ် ဆရာတော်ဘုရားကြီးက သတိပေးတယ် ။ မိမိက တရားသိဖို့နံပါတ်တစ် ။ စားဝတ်နေရေးရှာဖို့ နံပါတ်နှစ် ။ မဟောဘူးလား ။ အခုစီးပွားရေး ရှာဖို့က

www.dhammadownload.com

နံပါတ်တစ် တရားသိဖို့က  နံပါတ်နှစ်ပေါ့ ။ စီးပွားရေးရှာရင်းနဲ့ သေသွားတော့ တရားမနာလိုက်ရဘူး ။ စိစစ်ဖို့မကောင်းလား ။ အပါယ်က လွတ်ပါ့မလား မလွတ်ဘူး။ လေ့လာကြ လေ့လာကြ ။ တရားသိမှ ချမ်းသာအစစ်ကို ရတယ်ကြားလား။ လေ့လာဖို့မကောင်းလား ။

မကြားစဖူး ကြားဖူးထပ်မံ တရားသိလို့ချမ်းသာတယ်  တရားမသိလို့ဆင်းရဲတာ ပိုက်ဆံရှိတိုင်း ချမ်းသာတယ်လို့ မယူဆနဲ့ ချမ်းသာတယ်မထင်နဲ့ကြားရဲ့လား စိတ်ချမ်းသာမှချမ်းသာတာ တရားသိမှချမ်းသာတာ ။

ဥပမာအားဖြင့် တောရွာတစ်ရွာရှိတယ် အိမ်ခြေတစ်ထောင်လောက်ရှိတယ် ။ မြို့နဲ့က မိုင်နှစ်ဆယ်လောက်ဝေးတယ်ကွဲ့ ။ မြို့နဲ့ မြို့နဲ့။ မိုးခေါင်ရေရှားတဲ့ခါ သူခိုးတွေမထဘူးလား ဓားပြတွေမထဘူးလား ။တရားသိတဲ့သူဌေးနဲ့ တရားမသိတဲ့သူဌေး ။

တရားမသိတဲ့သူဌေး ကခွေးဟောင်သံကြားရင် ညအိပ်လို့ပျော်ပါ့မလား ။ အိပ်မပျော်ဘူးကြားလား ။ ဘယ်ရွာမှာ ဓားပြတွေဝင်တယ် တိုက်တယ် ။ လူပေါင်းငါးဆယ် လက်နက်ကိုယ်စီပေါ့နော် ။ အဲလိုသတင်းကြားလိုက်ရင် အိပ်ပျော်ပါ့မလား ။ အဲဒီသူဌေးမှာ စားစရာ ထမင်းစားတဲ့ခါ သွားကြည့် ။ ကက်သား ဝက်သား ဝက်အူချောင်း ငါးကြီးကြော် အမျိုးမျိုး စုံနေတာပေါ့နော် ။ဟင်းကောင်းတွေ ဟင်းကောင်းတွေ ။ စားသာစားရတယ် မြိန်မြိန်ရှက်ရှက် ဖြစ်ကဲ့လား ။ ကျီးလန့်စာစား ။ စားသာစားတယ် တထိတ်ထိတ်ကိုးကွဲ့ ။ လေ့လာဖို့မကောင်းလား တရားမသိတဲ့သူဌေးနော် ။

အဲဒါနဲ့ တစ်နေ့သဘ္ဘကျတော့ ဓားပြတွေက ဝင်လာတော့တာ လူပေါင်းငါးဆယ် လက်နက်ကိုယ်စီ ။စာရင်းအင်းနဲ့ သူဌေးအိမ်မှာ ရွှေကဘယ်နှစ်ပိသာ ငွေကဘယ်လောက် ဆီကဘယ်လောက် ဆန်ကဘယ်လောက် ။ အမျိုးမျိုး

www.dhammadownload.com

စာရင်းအင်းနဲ့တောင်းတော့တာပေါ့ ။ ကျုပ်ဒီလောက်မရှိပါဘူးခင်ဗျာ မပြော ဟရဘူးလား။ ဘယ်လိုပါ့ပြောပြော မရဘူးနော် ။ ကဲ ဆန်ကောကြီးရှာဟော့ ရှာ ဖောက်။ ခေါင်းကိုစွပ် လည်ပင်းကနေလှည့်လိုက်တာ ။ ရှလို့လည်ပင်းတွ သွေးတွေထွက်တာပေါ့။

လှေခါးအောက်မှာမြုပ်ထားတာ ရွှေအိုးကဘယ်နှစ်လုံး အုန်းပင်ပင်အောက်မှာ မြုပ်ထားတာ ငွေအိုးကဘယ်နှစ်လုံး အကုန်လုံးဖေါ်ပေးရတော့တာ ။ သူဌေးကြီးမှာရှိတဲ့ ရွှေ ငွေ ကျောက် သံ ပတ္တမြား ဆန်ရေစပါး ဘုံဆိုင်ပစ္စည်း သူဌေးကြီးမှာရှိတဲ့ သားမယား ကျေးကျွန်လည်း ဘုံဆိုင်။ ရွှေ ငွေ ကျောက် သံ ပတ္တမြား ကလည်းဘုံဆိုင် ။ကဲ ဘုံဆိုင်ပစ္စည်းတွေ အကုန်လုံးမားပြက ယူသွားတော့တာ ။

သူဌေးကြီးမှာ ကိုယ်ပိုင် ဖွဲမီးလောင်သလို တငွေ့ငွေ့နဲ့ အကုသိုလ် စိတ်တွေ မဖြစ်ဘူးလား အဲဒါစားတဲ့ ပုဂ္ဂိုလ်တွေ သွေးအန်လို့ သေပါစေ ဘယ်လိုဖြစ်ပါစေ ဒီလိုတွေ သူစိတ်ထဲက မအောက်မေ့ဘူးလား အကုသိုလ်တွေ ပွါးလေတော့တာကွဲ့ ဘုံဆိုင်ပစ္စည်းက မားပြ ယူသွားပြီ သူဌေးကြီးမှာ ကိုယ်ပိုင် အကုသိုလ်တွေ ရတော့တာကွဲ့ အကုသိုလ်တွေ စိစစ်ဖို့မကောင်းလား ။

တရားသိတဲ့ သူဌေးကြတော့ သင်းတို့တတွေ မားပြ တိုက်တာ ခိုးတာ စားစရာမရှိလို့ဖြစ်ပါလိမ့်မယ် မစဉ်းစားဘူးလား ။ တို့ ဆီလာရင်ပေးမယ် လို့စိတ်ကူးမထည့်လား ။ အကုသိုလ်လား ကုသိုလ်လား။ ကြောက်ကိုမကြောက်ဘူး သူမှာ မကြောက်ဘူး ပေးမယ်တဲ့ကြားလား ။တုန်လှုပ်ခြောက်ခြားခြင်းရှိရဲ့လား ။

မားပြတွေကဝင်လာခဲ့တယ် မလှုပ်နဲ့ ။ မလှုပ်ဘူး မေတ္တာဓါတ်ကလည်း သွင်းထားလို့ ။ အမောင်တို့ စကားလေး နှစ်ခွန်း သုံးခွန်း ပြောခွင့်ပေးပါ ။ ခွင့်

www.dhammadownload.com

မတောင်းရဘူးလား အမောင်တို့မားပြတိုက်တာ ဘယ်လိုကြောင့် တိုက်တာလဲကွယ် မမေးရဘူးလား ။ မိုးခေါင်ရေရှားလို့ စားစရာ သောက်စရာက မရှိ အသက်ကို အသေမခံရဲလို့ မားပြ တိုက်တာပါတဲ့ ကြားလား ။အဲလိုဆို ဦးကပေးမယ်လို့ စကားလေးမခင်းဘူးလား။ ပေးမယ်လို့စကားလေးခင်းလိုက်တဲ့ခါ ရာဇဝတ်မှု လွတ်မသွားလားဟဲ့ ။ မားပြတွေကလည်း တော်ဇတ်လေး ရှစ်စပ်က လည်ပြီးသားတွေ ကြားလား ။ တပြုံးပြုံးနဲ့ နေတော့တာပေါ့ ။ ရာဇဝတ်မှု လွတ်နေတာကိုး ။

မင်းတို့အခု လတ်တလောရှောင်တခင် ရွှေတွေငွေတွေ ထမ်းသွားမယ်ဆိုပိသာနှစ်ဆယ် နိုင်မယ့်လူက ဆယ့်ငါးဆယ့်ခြောက်ပိသာနိုင်မှာ ။ အနားယူကြဦး ။ အားမွေးဦး ။ ဟိုဘက်မှာ သံပုံးကြီးတွေ ပိသာဆယ့်ငါးပိသာဇလာက်ဆန့်တဲ့ ပုံးကြီးတွေ ရေနွေး ကျက်ပြီးသား တွေကွဲ့ ကြားလား။ ရွှေဖိမိုးလွတ်လွှက်ခြောက် ဘူးထဲမှာရှိတယ် ။ ဟိုမှာ ဇယန်းလွှက်ရှိတယ် ကြက်သွန်ကြော်ရှိတယ် ပဲခြမ်းကြော်ရှိတယ် ။ သုပ်စားကြ ။ မပြောရဘူးလား အမ်း ပဲခြမ်းကြော်တွေရှိတယ် ကြံသကာရှိတယ် မြေပဲယိုရှိတယ် ထန်းလျက်ဖြူဆုပ်ရှိတယ်နော်။ ရေနွေးဖောက်ပြီးတော့ သောက်ကြ ထမင်းချက်တဲ့လူကချက် ဟင်းချက်တဲ့လူကချက် ငါးကြီးခြောက်ရှိတယ် ငါးရံ့ခြောက်ရှိတယ် ကြာဇံရှိတယ် အာလူးရှိတယ် ငြုတ်ကြက်သွန်ရှိတယ် ။ ကြားလား ။မငြဟာရဘူးလား ။

ဟိုအခင်းထဲမှာ ဥယျာဉ်ထဲမှာ ဂေါ်ဖီထုပ်ရှိတယ် ပန်းမုံလာရှိတယ် မုံညင်းထုပ်ရှိတယ် မုံညင်းကြီးရှိတယ် နံနံရှိတယ် စမိတ်ရှိတယ် အမျိုးမျိုးပေါ့နော် ။ အဲဒါဥယျာဉ်ထဲမှာရှာကြ မင်းတို့ကြိုက်သလိုချက်စားကြ ဆန်ကမင်း ဇတာင်ထိပ်ပန်း ကြိုက်သလား ငကွဲကြိုက်သလား ပေါ်ဆန်းမွှေးကြိုက်သလားပေါ့။ ဟောဒီမှာ ပဲကြီးဆန်ရှိတယ် ကုလားပဲရှိတယ် ပဲစင်းငုံရှိတယ် မ

www.dhammadownload.com

ငါးတို့ကြိုက်တဲ့ပဲချက်ကြ ချက်စားလို့ မပြောရဘူးလား တပြုံးပြုံး နေတော့ တာဗျ ချက်ကြပြုတ်ကြ လွှက်ရည်သောက်ကြ ဟိုကစားလာသောက် လာပြေလို့ အားလုံးစားသုံးလိုပြီးပြီ။ ဟောဒီမှာရှေ့ကွဲ့ ဒါကငွေကွဲ့ အဲဒါက ဆီကွဲ့ ။ ဆန်ကွဲ့ ။မင်းတို့ကြိုက်သလိုယူကြ ။

သူဌေးကြီးကလည်း ပေါလည်း ပေါတယ် ။ မားပြဗိုလ်ဖြစ်တဲ့ငါးယောက်က ဆွေးနွေးတိုင်ပင်တယ် ကိုယ့်ပေါ် သူဌေးကြီး ကလည်း အင်မတန်စေတ နာကောင်းတယ် လူတစ်ယောက်ကို ငွေကဆယ်သိန်းလောက် ရှေ့ကသုံး ပိသာလောက် ။ ဆန်ကတော့ မခိုမကပ်ထမ်းကြ ။ အဲဒီရှေ့တွေ ငွေတွေ ကလည်း အခု စားလို့ မရဘူး ။ဆန်က စားလို့ရတာ တစ်တင်းနိုင်တဲ့လူက တစ်တင်း သုံးစိတ်နိုင်တဲ့လူကသုံးစိတ် ။ ငါးစိတ်နိုင်တဲ့လူကငါးစိတ် ။ ဒီ ဟာတွေသာ မင်းတို့ငါတို့မစားရရင် အကုန်လုံး သေနိုင်တယ် ဆန်မခိုမက ပ်ထမ်းကြ မပြောရဘူးလား ။

အဲဒါနဲ့ အမောင်တို့ စကားလေး နည်းနည်းကျန်တယ် ပြောခွင့်ပြုပါ ပြောပါ ။ ဦးပြောပါ အခုမင်းတို့ တောင်သူ လုပ်မယ်ဆိုရင် အရင်းရပြီကွဲ့ ။အရောင်း အဝယ်လုပ်မယ်ဆိုလည်း မင်းတို့အရင်းရပြီ အဲတော့ ဒီနေ့ကစ ငါးပါးသီလ မကြောင်မကြား မကျိုးမပေါက်အောင် ထိမ်းစေချင်တယ် ။ ငါးပါးသီလ ။ ဦး ဦးပြောတဲ့အတိုင်း လိုက်နာပါမယ်တဲ့ ကြားလား ။ မရှိလို့ မပြုလို့ မိမိတို့ဒီလို ပြုလို့ တိုက်ခဲ့ရတာပေါ့နော် ။ ဒါကြောင့် ဦး ပြောတဲ့အတိုင်း လိုက်နာပါမ ယ်ဆိုတော့ သူဌေးကြီးက ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ လို့ တိုင်တန်းပေးတယ်နော် ။ ပါဏာတိပါတာအစ သုရာမေရယ အ ဆုံးတိုင်တန်းပေးတော့ သုရာမေရယ ကြတော့ လူသာဓုခေါ် နတ်သာဓုခေါ် ။ အာမဘန္တေ ဝန်ခံတယ်ဗျား ။

www.dhammadownload.com

ကဲ့ ဓားပြတွေ လူလိမ္မာတွေဖြစ်မသွားလားဟဲ့။ ရွှေတွေငွေတွေကားမရဘူး လားဟေ့ ။ ကဲ့အကုန်လုံး ရာသက်ပန်တဲ့နော် ။ ကဲ့ဘယ်လောက်များ အားရစရာလဲ ။သူဌေးကြီးမှာ အဲလိုထမ်းပြီးတော့ယူသွားတာ ဘုံဆိုင်ပစ္စ ည်းတွေ ဓားပြ တွေယူသွားပြီ ။ သူဌေးကြီးမှာ ကုသိုလ်တွေမကျန်ရစ်လား ဟဲ့ ကုသိုလ်တွေကျန်ရစ်တာကွဲ့ ကုသိုလ်တွေကျန်ရစ်တာ ။ စိစစ်ဖို့မကော င်းလား မတော်လို့မီးလောင်ရင် သူဌေးကြီးကုသိုလ် ရချင်မှရမှာ ။ ကဲ့ဓားပြ ယူသွားတော့ ကြားလား ကျကျနပ်နပ် စွန့်လိုက်တာ လှူလိုက်တော့ ကု သိုလ်တွေမဖြစ်ဘူးလား ။ အဲ့ဒီလောက်တရားသိတဲ့ပုဂ္ဂိုလ် ချမ်းသာတယ် ကွဲ့ ကြားလား စိစစ်ဖို့မကောင်းလား။

ကဲ... တစ်ခါပြန်စိစစ်ကြဦးစို့ ဝါဝင် ဗုဒ္ဓဘာသာ မည်တော့ ဝါဝင်နဲ့ဝါကျွတ် အခါရှိတယ်နော် ။ ဝါဝင်ထက် သီတင်းကျွတ်မှာ ပိုပြီးတော့မှစည်ကား တာပေါ့ ။ သီတင်းကျွတ်ကြတော့ခါ ကိုယ့်ထက်ကြီးတဲ့ ပုဂ္ဂိုလ်တွေ အသ က်ထက်ကြီးသောသူ ဝါထက်ကြီးသောသူ ဆိုသလို ဦးလေးတော်တဲ့ပုဂ္ဂို လ် အရီးတော်တဲ့ပုဂ္ဂိုလ် အဖိုးအဖွား တော်တဲ့ပုဂ္ဂိုလ်တွေ ။ ကိုယ့်ထက်ကြီး တဲ့ ပုဂ္ဂိုလ်တွေ သီတင်းကျွတ်ကြတော့ ကန်တော့ ကြတာပေါ့ ။

ငှက်ပျောခိုင်ကလည်း တောထဲမှာ ပင်ထက်မှည့် ငါးခိုင်ရှိတယ် ။ ငါးခိုင် ငါး ခိုင် ။ ဆယ့်သုံးရက်နေ့ မှခုတ်မယ် ။ ဆယ့်လေးရက်နေ့မှာ ဆွမ်းဆန်ကပ်ဖေ ချမယ် ဆယ့်လေးရက်နေ့ ဆွေမျိုးဥာတကာတော်တဲ့ ပုဂ္ဂိုလ်တွေ ဆွမ်းဆန် ကပ်မယ်။ ကျောင်းကိုလည်း လှူမယ် ဧည့်လာလည်းကျွေးမယ် ကြားလား ။

ဆယ့်သုံးရက်နေ့သွားတာ ငှက်ပျောခိုင်က တစ်ခိုင်ပါ့မရှိဘူး မရှိဘူး သူမှန်း တာနဲ့မကိုက်တော့ဘူး ။ အင်း ဗေဒင်သွားမေးတာ ဘယ်နေ့ကလဲဟေ့ ။ဒါ ဒီနေ့သွားတာ မတွေ့ခဲ့ဘူး ဒီနေ့ဘာနေ့လဲ တနလာ်နေ့။ ကြာကန်ဆို အဖေ

www.dhammadownload.com

ရှ့အရပ်က။ ကြားလား ။ အရှေ့အရပ် ဖြစ်တယ် ဟိုတစ်နေ့က ခပ်စော
င်းစောင်းကြည့်သွားတာ ။ ဒီလူထင်တယ် မထင်ဘူးလား အကုသိုလ်လား
ကုသိုလ်လား ။ အကုသိုလ်ကွဲ့ကြားလား

လူတစ်ယောက်ကို စုံစမ်းစမ်းဟေ့ အဲဒီမှာ ရရင်မင့်တစ်ခိုင်ပေးမယ် မပြော
ရဘူးလား တစ်ခိုင်ပေးမယ် ။ ဟိုလူထင် ဒီလူထင် မထင်ဘူးလား ငှက်ပျော
ခိုင်ပျောက်တဲ့ထဲမှာ အကုသိုလ်က နောက်ထပ်အဆစ် လိုက်တာကွဲ့ ။ အ
ကုသိုလ်က နောက်ကလိုက်ပြန်တော့တာ ။ ဟိုလူ ဒီလူ မထင်ဘူးလား ။
အင်းငှက်ပျောခိုင်ပျောက်တာမပြီးဘူး အကုသိုလ်က အဆစ် လိုက်သေး
တာ ကြောင်ထင် ကျားထင် ထင်ကုန်တာပေါ့ ။ ကဲတရားသိလို့လား မသိ
လို့လား ။

သိတဲ့သုတ အကြားအမြင်ရှိတဲ့ ပုဂ္ဂိုလ် တွေ့ကြတော့ အဲဒီနေ့က ခုတ်သွား
တာ တစ်ခိုင်မှမရှိဘူး ။ အင်း ငါမှန်းတာက ဆယ့်လေးရက်နေ့ ဆွမ်းဆန်က
ပ်ချေမယ် လပြည့်နေ့ကျောင်းကိုလှူမယ် ။ ငါ့အလှူက ဆယ့်သုံးရက်ဖ
နေ့ကအောင်မြင်သွားပြီတဲ့ ။ အလှူကအောင်မြင်သွားပြီတဲ့ ကြားလား ။ အဲဒီ
ငှက်ပျောခိုင်ခိုးတဲ့လူဟာ ယောကျ်ားဆိုရင် ကိုယ့်အဖေ ဖြစ်ခဲ့ဘူးမယ်တဲ့။
မိန်းမဆိုရင်ကိုယ်အမေဖြစ်ခဲ့ဘူးမှာတဲ့။ ကျွေးတုန့် ကျွေးလှည့် မွေးတုန့် ဖ
မွေးလှည့်ပေါ့ ။

သူငှက်ပျောသီး စားတဲ့နေ့ကစပြီးတော့ သူတော်ကောင်းစိတ်ဓါတ် ဝင်ပါစေ
သီလနဲ့ပြည့်စုံပါစေ သမာဓိပြည့်စုံပါစေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ
ကပါစေလို့ မေတ္တာမပို့လား ။ ကုသိုလ်တွေတိုး နေပါတကားဟေ့ ။ သိတဲ့ပု
ဂ္ဂိုလ်လေ ။ ငါကမှန်းတာက ဆယ့်လေးရက်နေ့မှန်းတာ ဆယ့်သုံးရက်နေ့
မြောက်နေပြီတဲ့ ။ အလှူက ။ ဆယ့်သုံးရက်နေ့မြောက်နေပြီးပြီတဲ့ဗျ ။ကဲ
ဘယ်လောက်များ အားရစရာ ကောင်းလည်းနော် ။

www.dhammadownload.com

ဒါကြောင့်မြတ်စွာဘုရားက သုတအကြားအမြင်ရှိရင် အရိယာဖြစ်တယ်လို့ မဟောဘူးလား ။ သုတဝါ အရိယာသာဝကော အကြားအမြင်ရှိရင် အရိယာ ဖြစ်တယ်နော် အဲလိုစိစစ်ဖို့မကောင်းလား လေ့လာကြ လေ့လာကြ ကာ ထိထိမိမိစဉ်းစား စေ့စေ့စပ်စပ် စက်ဝိုင်းလှည့်နေတာ အဲဒါပရိယတ် အနေနဲ့ကြားလား ။ လှည့်ရမှာ ... မျက်စိကမြင်တဲ့ခါမျက်စိမှာလှည့်စမ်း ကြားတဲ့ခါနားမှာလှည့်စမ်း နံတဲ့ခါနာခေါင်းမှာလှည့်စမ်း စားတဲ့ခါလျှာမှာ လှည့်စမ်း ကြားလား အဲဒီမှာလိုတာ စိစစ်ဖို့မကောင်းလား အဲဒါလိုတယ်ကွဲ့ ထိထိသဘောပေါက်ဖို့လိုတယ်နော် လေ့လာကြည့် လေ့လာကြည့် လေ့လာကြည့် ။

ကိုယ်နှစ်သက်တဲ့အရသာ တစ်ခုခု စားကြည့်လိုက်ပေါ့ စိစစ်ဖို့မကောင်းလား ။ ငါးကြီးကြော်စားကြည့်လိုက် ။ ဘယ်လိုတွေ့မလဲဟေ့ ။ စားတုန်းက ငါးကြီးကြော်စားတာနော် ။ တွေ့တာကငါးကြီးကြော်လား ဆိမ့်တဲ့အရသာလား အဲဒီဆိမ့်တယ်ဆိုတဲ့ အရသာကို မျက်စိနဲ့ကြည့် မြင်ရပါ့မလား ။ လက်နဲ့ကိုင် စမ်းကြည့်ရင်ကား တွေ့ပါ့မလား ။ နမ်းကြည့်ရင်ကား တွေ့ပါ့မလား ။ နားထောင်ကား တွေ့ပါ့မလား ။ လျှာနဲ့ကြတော့မသိနိုင်ဘူးလား ။

ဒီလိုဆိုရင် အကောင်အထည် ဟုတ်ကဲ့လား အတုံးအတစ်ဟုတ်ကဲ့လား အနိမိတ္တ မဟောဘူးလား သဏ္ဌာန်မရှိဘူး သဘောအနေနဲ့ဆိမ့်တယ် ဆိုတာလေးက သက်သေမခံလား ထင်ရှားတယ်ဗျ ။ အဲဒါထင်ရှားတယ် စိစစ်ဖို့မကောင်းလား ။ အနိမိတ္တ ။ ဒါကြောင့် ရှေးဆရာတွေ ပစ္စုပ္ပန္နဥ္စ ယောဓမ္မံ အနိမိတ္တဥ္စ ဘာဝေဟိတဲ့ ကြားလား ။ပစ္စုပ္ပန် တည့်တည့်လေးကို ရှုပါ ပွားပါတဲ့ဗျနော် ။အဲလို စိစစ်ဖို့မကောင်းလား ။

www.dhammadownload.com

ဆိမ့်တယ်လို့ခံစားတာ ငါလား ဝေဒနာလား လူလားဝေဒနာလား နတ်လားဝေဒနာလား ဗြဟ္မာလားဝေဒနာလား ။ ငါပါရဲ့လား ။ ပိဋ္ဌကတ်သုံးပုံချုံ့ကြည့် ခန္ဓာငါးပါး လို့ဟောမဟော ။ အဲဒီခန္ဓာက လွဲလို့ တရားပွားစရာ ရှုစရာရှိသေးရဲ့လား ။ အဲဒီခန္ဓာ တောထဲမှာ ရှိတာလား အာရုံနဲ့ဒွါရတိုက်မှ ပေါ်တာလား ။ အာရုံနဲ့ဒွါရတိုက်မှပေါ်တာ ။ တချို့က သချိုင်းမှာ သွားရှာရတာဗျား ဟိုးတောကြီးထဲ သွားရှာရတာ ။ အာရုံနဲ့ဒွါရတိုက်မှ ဖြစ်တာကွဲ့ ။ စိစစ်ဖို့မကောင်းလား ကဲခန္ဓာငါးပါး လို့ဟော မဟော လူပါရဲ့လား နတ်ပါရဲ့လား ဗြဟ္မာပါရဲ့လား ။ အဲဒီလို ဘုရားကိုယ်တော်မြတ်က ဟောတာဇတာင် မယုံဘူးကွဲ့
တရားနာတဲ့လူတွေက... ။

ခန္ဓာငါးပါးဆိုတာ မယုံဘူး မရှိပညတ်က လူနတ်ဗြဟ္မာ သတ္တဝါ မရှိပညတ်က လူနတ်ဗြဟ္မာ သတ္တဝါ မရှိ လူမရှိ နတ်မရှိ ဗြဟ္မာမရှိ ပုဂ္ဂိုလ်သတ္တဝါ မရှိ မဟောဘူးလား ။ဒါကြောင့်လယ်တီဆရာတော်ဘုရားကြီးက ပရမတ်ကိုဇနဲ့စဉ်မြင်လျက်မတွေ့ကြ နေ့စဉ်မြင်လျက်မတွေ့ကြ နေ့စဉ်တွေ့လျက်မသိကြ က ကြားလား တွေ့နေတာကငါးကြိမ်ကြော် တွေ့တာက ဆိမ့်တဲ့အရသာ ။ ဆိမ့်ရသာလို့သိရဲ့လား ဆိမ့်ရသာ ရူပက္ခန္ဓာ မရလား ခံစားတာ ဝေဒနာက္ခန္ဓာ နာမ်တရားမရလား နာမ်ရုပ်နှစ်ပါး

ကဲတွေ့တာက ငါးကြိမ်ကြော် ကဲငါးကြိမ်ကြော် ဖြစ်မနေဘူးလား ။ တကယ့်အတွေ့ခံတာက ငါးကြိမ်ကြော်လား ဆိမ့်တဲ့အရသာလား ။ ဒါ ပရမတ်ကိုဇနဲ့စဉ်မြင်လျက်မတွေ့ကြ တွေ့ပြန်တော့ခါလည်းမသိ ။ ငါးကြိမ်ကြော် ဘဲသိဇနတယ် ဒါသညာက္ခန္ဓာ။ စိစစ်ဖို့မကောင်းလား ။ ဝိပလ္လာသနဲ့ နှလုံးသွင်းမှားတာ အမှတ်မမှားလား ငါးကြိမ်ကြော်လို့ အမှတ်မှားတာ သညာဝိပလ္လာသ ။ ငါးကြိမ်ကြော်လို့ အမှတ်မှားတာ သညာဝိပလ္လာသနော် ။ အမှတ်မှားတော့

www.dhammadownload.com

အသိမမှားလား ။ ငါးကြီးကြော်လို့ အသိမှားတာ စိတ္တဝိပလ္လာသ ။ အသိမှားတော့ အယူအဆမမှားလား ငါးကြီးကြော်လို့ အယူအဆမှားတာ ဒိဋ္ဌဝိပလ္လာသ ။ဤ ဝိပလ္လာသ တရားသုံးပါးကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်တာဗျ ။ စိစစ်ဖို့မကောင်းလား ။

သက္ကာယ သက္ကာယ ။ ခန္ဓာငါးပါးဟောတာနော်။ ဝေဒနာသက္ကာယပေါ့ ။ စိစစ်ဖို့မကောင်းလား ။ ကဲဝေဒနာဘဲ ဘုရားက မဟောဘူးလား ဆိုးကောင်းနှစ်ပါးခံစားတာ ငါလား ဝေဒနာလား ဝေဒနာတဲ့ ငါမပါဘူး ။ ငါမပါ လူကားတွေသေးရဲ့လား နတ်ကားတွေသေးရဲ့လား ဗြဟ္မာကားတွေသေးရဲ့လား ။ ဒါဝေဒနာဘဲနော် ကဲဝေဒနာလို့သိတယ်။ ဝေဒနာသိတော့ခါ လူကားတွေသေးရဲ့လား နတ်ကားတွေသေးရဲ့လား ဗြဟ္မာကားတွေသေးရဲ့လား ငါကားတွေသေးရဲ့လား ဒိဋ္ဌမပြုတ်လား ။ ဒိဋ္ဌပြုတ်ရင် ဝိစိကိစ္ဆာချုပ်ပြီးပြီကွဲ့ စိစစ်ဖို့မကောင်းလား ဗြဟ္မာကြီးလေးဦးကဖန်ဆင်းတယ် ထာဝရဘုရားဖန်ဆင်းတယ် ဗိသဿနိုးနတ်ဖန်ဆင်းတယ် ယူဦးမလား ဝိစိကိစ္ဆာမချုပ်ဘူးလား အာသဝအနေနဲ့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝချုပ်ပြီဗျ စိစစ်ဖို့မကောင်းလား  ဒါဝေဒနာကိုတွေ့တာနော် ။

အဲဒါစက်ဝိုင်းမှာ ဖြစ်တာလား စားတဲ့ခန္ဓာမှာဖြစ်တာလား ။ စားတဲ့ခန္ဓာမှာဖြစ်တာ ကဲမျိုကြည့်လိုက် ရှိသေးရဲ့လား ဝေဒနာတွေသလား မရှိတာဇတွတာလား ။ အနိစ္စလို့ မဟောလား ။ အနိစ္စမြင်မှ စိတ်ချရတယ်လို့မဟောဘူးလား ။ အနိစ္စမမြဲခြင်းတရားသည် ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား ။ ဆင်းရဲတဲ့တရားကိုသုခလို့ခေါ်မလား ဒုက္ခလို့ခေါ်မလား ။ ဤဒုက္ခတရားကိုပိုင်သူရှိရဲ့လား ပိုင်သူမရှိလို့ သတ္တဝါအလိုသို့ မလိုက်တာ မထင်ရှားဘူးလား ။ ခံနေရတာပေါ့ ။ စိစစ်ဖို့မကောင်းလား  ။ အဲလိုလေ့လာ

www.dhammadownload.com

ဖို့မကောင်းလား ။ ဒါ သတ္တဝါအလိုသို့လိုက်ကဲ့လား အကြိုက်သို့ပါရဲ့လား အနတ္တ ။
အနိစ္စ ဒုက္ခ အနတ္တ ။ အနိစ္စသိတာနဲ့ ဒုက္ခအကျုံးဝင်တယ်နော် အနိစ္စသိရင် အနတ္တ အကျုံးဝင်တယ်နော် အဲလိုလေ့လာဖို့မကောင်းလား

ဒါကြောင့် အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ။ ဒုက္ခ လက္ခဏာ ဒုက္ခသစ္စာ ။ အနတ္တ လက္ခဏာ ဒုက္ခသစ္စာ ။ ကြားလား ကဲ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား ။ ဒါ အနိစ္စတရားသိဖို့ ဒုက္ခ တရားသိဖို့ အနတ္တတရားသိဖို့ ဒါပွားလို့သိတာနော် ။ အနိစ္စတရားတွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးရဲ့လား အနိစ္စတရားတွေ့တဲ့အခါ ဝေဒနာတွေ့သေးရဲ့လား ဒုက္ခ တရားတွေ့တဲ့ခါ ဝေဒနာတွေ့သေးရဲ့လား အနတ္တတရားတွေ့တဲ့အခါ ဝေဒနာတွေ့သေးရဲ့လား ။ တီရဏပရိညာ ။ စိစစ်ဖို့မကောင်းလား  အဲလိုလေ့လာဖို့မကောင်းလား အနိစ္စ ဒုက္ခ အနတ္တ နော်  ။

ကဲ ဝေဒနာတွေ့တဲ့ခါ ငါးကြီးကြော်ကားတွေ့သေးရဲ့လား လူနတ်ဗြဟ္မာကားတွေ့သေးရဲ့လား ဝေဒနာကနာမ်တရားမရလား ဆိမ့်အရသာကရုပ်တရားမရလား နာမ်ရုပ်နှစ်ပါး ငါးကြီးကြော်လားနာမ်နဲ့ရုပ်လား ကြက်သားဝက်သားလား နာမ်နဲ့ရုပ်လား ငှက်ပျော သစ်သီးလား နာမ်နဲ့ရုပ်လား နာမ်ရုပ်ဘဲတွေ့တယ်နော် ။ ဉာတပရိညာ ။ဉာတပရိညာ လို့မဟောဘူးလား ဖြန့်လိုက်တော့ခန္ဓာငါးပါး ချုံ့လိုက်ရင်နာမ်နဲ့ရုပ် လေ့လာဖို့မကောင်းလား ။

အနိစ္စ ဒုက္ခ အနတ္တ တွေ့တဲ့ခါ နာမ်ရုပ် တွေ့သေးရဲ့လား ။တီရဏပရိညာ ။ အနိစ္စ ဒုက္ခ အနတ္တ စုလိုက်တော့ ဖြစ်ပျက် လို့မဟောလား ။ အဲဒီနေရာကြမှ ချုံ့လိုက်တော့တာပေါ့ ဖြစ်တာဒုက္ခ ပျက်တာဒုက္ခ ။ ဒါကြောင့်ဖြစ်ပျက်မဟောဘူးလား ။ စိစစ်ဖို့မကောင်းလား ဖြစ်ဒုက္ခ ပျက်ဒုက္ခ လို့မဟောဘူးလား ချမ်းသာတာပါရဲ့လား ။ဆင်းရဲတာဘဲတွေ့တယ်နော် သြော် ဆင်းရဲတဲ့

www.dhammadownload.com

တရားက လွဲလို့တခြားရှိသေးရဲ့လား ။ ဆင်းရဲတာ သစ္စာဖွဲ့တော့ ဒုက္ခသ
စ္စာပေါ့။

မကြားစဖူး ကြားဖူးထပ်မံ ရှေးထက်ကျော်ကာရီက ကဿပမြတ်စွာဘုရား
သာသနာတော်မှာ ဥပါသကာ တစ်ယောက် ။ ဒါနကုသိုလ် သီလကုသိုလ်ဓ
တ္တုပြုလို့ ကုသိုလ်စိတ်နဲ့သေဆုံးသွားတဲ့ခါ နတ်ပြည်မှာ နတ်သားသွားဖြစ်
တယ် ကြားလား ။ ကဿပမြတ်စွာဘုရား သာသနာကနော် ။ အနှစ်နှစ်ဓ
သာင်း ။ဂေါတမမြတ်စွာဘုရား ပွင့်တဲ့ခါကြတော့ နတ်သားက နတ်သက်
ကကြီးတော့ မမှီဘူးလား မှီတယ်နော် ။ ပညာဇတဒဂ်ရ အရှင်သာရိပုတ္တ
ရာနဲ့ သွားတွေ့ ။

အရှင်ဘုရား အရှင်ဘုရား ။ တပည့်တော်ပုစ္ဆာလေးမေးပါရစေ လျှောက်ပါ
ရစေလို့ မလျှောက်ဘူးလား ။ ကဲတွေ့နေပြီကွဲ့ လျှောက်မှပေါ့ ။ သုခဆိုတဲ့
တရားနဲ့ ဒုက္ခဆိုတဲ့တရား လေးကို ရှင်းပေးစမ်းပါတဲ့။ နှစ်လုံးထဲ နှစ်လုံးထဲ ။
သုခနဲ့ ဒုက္ခရှင်းပေးစမ်းပါတဲ့ ။ အရှင်သာရိပုတ္တရာ က နောင်တစ်ဖန် ခန္ဓာရ
ရင်ဒုက္ခ လို့မဟောဘူးလား ။ ကဲဒုက္ခ ခန္ဓာရလို့ ဒုက္ခဖြစ်တာနော်။ နောင်တ
စ်ဖန် ခန္ဓာမရရင် သုခလို့ အဖြေမပေးဘူးလား ။

အဲဒါ ဝေဒနာ အနိစ္စလို့သိ ဝေဒနာ ဒုက္ခလို့သိ ဝေဒနာ အနတ္တလို့သိ။ ဝေဒ
နာလို့သိတော့ ဒိဋ္ဌမပြုတ်လား ဝိစိကိစ္ဆာမချုပ်လား ။ မျိုးကြည့်ရှိသေးရဲ့လား
အနိစ္စ ။ မရှိတာအနိစ္စ သိတာမဂ္ဂလို့ မဟောဘူးလား ။ ကဲ အဝိဇ္ဇာချုပ် မချု
ပ် ။ အဝိဇ္ဇာချုပ်ရင် တဏှာလာသေးရဲ့လား ။ ဥပါဒါန်လာသေးရဲ့လား ။
အာသဝအနေနဲ့ ကိလေသဝဋ်မချုပ်ဘူးလား ကာမာသဝနဲ့ဘဝါသဝမချုပ်
လား ရှေ့ပိုင်းကဝေဒနာကွန်ဓာ နာမ်တရား ဆိမ့်ရသာရုပ်တရား ... နှစ်ပါးကို
သိတဲ့အတွက် ဒိဋ္ဌ ဝိစိကိစ္ဆာမပြုတ်လား ။ အသိနဲ့ပြုတ်ရင် စူဠဋ္ဌသောတာပ
န်ပေါ့ အပွားနဲ့အပယ်နဲ့ပြုတ်ရင် မဟာသောတာပန်လို့ မဟောဘူးလား ။

www.dhammadownload.com

အာသဝ ဒိဋ္ဌာသဝနဲ့အဝိဇ္ဇာသဝ ချုပ်တယ် နောက် ဒုက္ခသစ္စာ ပိုင်းခြားသိ
တာ့ တဏှာဥပါဒါန် လာသေးရဲ့လား ကာမာသဝနဲ့ ဘဝါသဝချုပ်တယ် အာ
သဝေါတရားလေးပါးမကုန်လား သမုဒယသစ္စာ မသေလား နောက်ခန္ဓာဏာ
တ် မသိမ်းလား ။

အဲဒီစိတ်နဲ့ဝိညာဏ်ချုပ်ဖို့မလိုလား ။ အဲဒါမှ မဂ်စိတ်ဖိုလ်စိတ် ကြားလား န
တ်ဖြစ်တော့နတ်အရိယာပေါ့ ဗြဟ္မာဖြစ်တော့ ဗြဟ္မာအရိယာပေါ့ ။ အဲလိုဇ
လ့လာဖို့မကောင်းလား အဲဒီစိတ်နဲ့ဝိညာဏ်ချုပ်ဖို့လိုတာနော် ။ အဲဒါကြည့်
တဲ့ခါ အဲလိုသေတဲ့ပုဂ္ဂိုလ် ပျော့ပျော့ပျင်းပျင်း ပြုံးပြုံးရွှင်ရွှင် ကြားလား ။ ဘ
ယ်လောက်များ ပြေသလဲနော် ။အဲလိုလေ့လာဖို့မကောင်းလား ။ အဲဒါလိုရ
င်းအချက်တွေ ကွဲ့ ကြားလား ။ အဲဒီအသိဉာဏ်ရတဲ့ခါ သူ့မဂ်နဲ့သူ့ဖိုလ်တွေ [
ကားလား ။ စိစစ်ဖို့မကောင်းလား ။

အဲဒါကြောင့်မို့လို့ ဝိသာခါကျောင်းအမတို့တွေ ခုနစ်နှစ်သမီးမှာ သောတာပ
န်နော် ။ ကြားဖူးတယ်မဟုတ်လား ဆယ့်ခြောက်နှစ်ပြည့်တော့ အိမ်ထောင်
မပြုလား ။ သားတစ်ကျိပ် သမီးတစ်ကျိပ် မြေးလေးရာ မြစ်ရှစ်ထောင်ပေါ့ ။
သူ့အုပ်စုတွေ မနည်းဘူးနော် ။ ကဲ တဏှာမပါယ်နိုင်သေးဘူး ကြားလား ။
ဒိဋ္ဌနဲ့ဝိစိကိစ္ဆာသာ ပယ်နိုင်တာ တဏှာမပယ်နိုင်သေးဘူး ။ တဏှာမပယ်နို
င်သေးလို့ အိမ်ထောင်ပြုတာပေါ့ စိစစ်ဖို့မကောင်းလား လေ့လာ ။ အပါယ်
ကျရဲ့လား ။ မကျဘူး ။ အခု နိမ္မာနရတိနတ်ပြည်ကိုရောက်နေပြီတဲ့နော် ပ
ရနိမ္မိတဝသဝတ္တီ ကို တဆင့်ဘဲကျန်တော့တယ် ။ အဲဒီနေရာရောက်ပြီးခါ
အရဟတ္တမဂ် အရဟတ္တဖိုလ် သွားတော့မယ် ကြားလား။ လောကမှာအကု
နလုံးပျော်ပျော်ပါးပါးကြီးနဲ့ နိဗ္ဗာန်သွား တဲ့ပုဂ္ဂိုလ်တွေဗျ ကြားလား ။ စိစစ်
ဖို့မကောင်းလား ။ အဲဒီလိုလေ့လာဖို့မကောင်းလား ။ ထိထိမိမိစဉ်းစားနော်
။ ယုံယုံကြည်ကြည်နဲ့ လေ့လာဖို့မကောင်းလား ။

www.dhammadownload.com

ဓမ္မဒိန္နာတို့ကြတော့ တစ်ဘဝနဲ့ ရဟန်းကိစ္စပြီးတယ် ။ မယ်ပဋ္ဌာတို့ ကြတော့ခါ တရားတစ်ပွဲ တစ်ထိုင်နဲ့ ... ရဟန်းကိစ္စ ပြီးတယ်တဲ့ ကြားလား ။ ဘယ်လောက်အားရ ... ဥဂ္ဂါသေနတို့ ။ ဝါးအတောင် ခြောက်ဆယ်မှာ ကနေတာ မြတ်စွာဘုရားဆွမ်းခံရင်းနဲ့ သတိပေးလိုက်တော့ ခန္ဓာဖက်ကိုဥဏ်လှည့် သောတာပန် သကဒါဂါမ် အနာဂါမ် မဖြစ်ဘူးလား ဆက်ကြိုးစားတော့ရဟန်းကိစ္စ မပြီးလား ဥဂ္ဂါသေနနော် ဘယ်လောက်များ အားရစရာကောင်းသလဲ ကြားလား ။ အဲလိုစိစစ်ဖို့မကောင်းလား ။ ထိထိမိမိစဉ်းစားနော် ။

ကုဋ္ဌန္နနာတဲ့ သုပ္ပဗုဒ္ဓ ရာဇဂြိုလ်မြို့ရာဇဂြိုလ်ပြည်မယ် မြတ်စွာဘုရား တရားသဘင် ဆင်ယင်ကျင်းပတာပေါ့ ပရိသတ်လေးသောင်းကျော်ရှိတယ် ။ ထမင်းတောင်းလာတော့ခါ တရားနာတုန်း ပြုတုန်း ထမင်းတောင်း လို့မဖြစ်ဘူး ။ ငါလည်း တရားနာမယ်ဆိုပြီးတော့ တရားမနာဘူးလား ။ တရားနာလို့ တရားပွဲ ဆုံးသွားတဲ့ခါ သုပ္ပဗုဒ္ဓ တစ်ယောက်တည်း သောတာပန်တည်တယ် ။ ပရိသတ်လေးသောင်းက တစ်ယောက်ပဲ့ါ မတည်ဘူး အဲဒီမှာ သူဌေးကြီးလည်း ပါတယ် ကြားလား ။ အမျိုးမျိုးတွေ စုံနေတာပေါ့ကွဲ့ ။

ဘာကြောင့်မတည်တာလဲ။ မြတ်စွာဘုရားက အင်မတန်လှတာကိုး အလှမှာသောင်တင်ကြတာ သူ့ရုပ်ဆင်းကို ကြည့်လို့ကိုမဝနိုင်ဘူး။ ဟောလိုက်တဲ့အသံကလည်း အတုအတူမရှိ အသံကလည်း အလွန်ကောင်း အသံမှာနားထောင်လို့ အားမရနိုင်ဘူးကြားလား ။ အသံမှာသောင်တင်တာ ။ ရုပ်ဆင်းမှာသောင်တင်တာ ကြားလား ။

တရားပွဲနောက်တစ်ပုဒ် တစ်ဂါထာ ဟောပါဦးဘုရားလို့ ဆက်မတောင်းလား ။ စနေထောင့်မှာ ထမင်းတောင်း ကြ တဲ့ ။ သုပ္ပဗုဒ္ဓ ဆီမှာတရားတောင်းကြ မည္ဆန်ကြားဘူးလား ည္ဆန်ကြားတယ်နော် ။ သုပ္ပဗုဒ္ဓ ဘယ်တုန်းက တရားဟောဘူးတာမှ မဟုတ်ဘဲကို ။ အခုတရားပွဲမှာများ တရားပေါက်

www.dhammadownload.com

သလား မသိဘူးပေါ့ မြတ်စွာဘုရား ကလည်း မဟုတ်တာတော့ မပြောကောင်းတန်ကားပေါ့

အဲဒါနဲ့ ဇေ ... သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် မှာတဲ့ လူပရိသတ် နတ်ပရိသတ်တွေ ရောက်နေပြီတဲ့ အဲဒီမှာတရားဟောကြွ ရမှာပေါ့နော် စနေဒေါင့်မှာ ထမင်း တောင်း လာတဲ့ သုပ္ပဗုဒ္ဓ ဆီမှာတရားတောင်းကြ လို့ညွှန်ကားတယ်ကြားလား ။ သွားတောင်းတာ လွယ်လွယ်ကူကူ လက်ခံတာပေါ့ ။ သူကလည်း ကုဋ္ဌ။ မျက်နှာတွေကလည်း နူနူရွဲ ခြေတွေ လက်တွေကလည်းတို ကြည့်လို့ကောင်းရဲ့လား ။ ပလ္လင်ခုံပေါ်တက် သူ့ကြည့်တဲ့သူ တစ်ယောက်ပါ့မရှိဘူး ။ တရားအခမ်းအနား စပြီးတော့ ဟောလိုက်တာ အသံကတောက်တဲ့ လှည်းနင်း နားထောင်လို့ကောင်းရဲ့လား ရုပ်ကလည်း ကြည့်မယ့်သူ မရှိဘူးနော် ။ တရားနာတဲ့လူဟာ အဲသလို ... နာတာတဲ့ကွဲ့ ။ကားလား မျက်လွှာချ ပထဝီကသိုဏ်း ရှုသလို တရားပွဲပြီးတော့ခါ ပရိသတ်လေးသောင်း အကုန်သောတာပန်တည်တာဗျား ။ ဘုရားဟောတုန်းက မတည်ဘူးနော် သုပ္ပဗုဒ္ဓ ဟောတော့ သောတာပန်တည်မသွားဘူးလား ။

ကဲငါလည်း ဆက်လို့ မြတ်စွာဘုရား ကျောင်းတော်လိုက်မယ် တဲ့ကြားလား ကျောင်းတော်ကို လိုက်သွားတာ နှစ်ညသုံးည ကြာသွားတာပေါ့ ။ လမ်းခရီး ကသိကြားမင်းကစောင့်တယ် ဟေ့ သုပ္ပဗုဒ္ဓ နေဦး ငါပြောတဲ့ စကားနားထောင် မင်းရောဂါတွေ ပျောက်အောင်လုပ်ပေးမယ် ။အခုချက်ချင်းပျောက်အောင် လုပ်ပေးမယ် ။ မင်းတစ်သက် စားလို့မကုန်အောင် ရွှေတွေငွေတွေ ပေးမယ်။ ရောဂါလည်းပျောက်အောင်လုပ်ပေးမယ် ပြောသင့်တာပြောပါတဲ့ နားထောင်သင့်ရင် ထောင်မယ်တဲ့။ ပြောသာပြောပါတဲ့။

မြတ်စွာဘုရားကို ဘုရားမဟုတ်ဘူး ။ တရားတော်ကို တရားမဟုတ်ဘူး သံဃာတော်ကို သံဃာမဟုတ်ဘူးလို့ပြော ။ အဲလိုဆို မင့်အနာတွေ ငါပျော

www.dhammadownload.com

က်အောင် လုပ်ပေးမယ် မင်းတစ်သက် စားလို့မကုန်နိုင်အောင်ပေးမယ် ဇ
မာ့ကြည့်တယ် ဒီလို အသင်ဘယ်သူလဲ ငါသိကြားမင်း ဧည့် သိကြားမင်း
ငါချမ်းသာတာလားလို့ သိကြားမွဲပါတကား ။ သိကြားမွဲ သိကြားမွဲတဲ့ ။ အ
သင့်စကား ငါနားမထောင်နိုင် အသင့်မှာ ဘုရားရတနာ မရှိ တရားရတနာမ
ရှိ သံဃရတနာမရှိဘူးတဲ့ ။ အသင့်မှာရှိတဲ့ ရွှေငွေကျောက်သံပတ္တမြားက
အတုတွေတဲ့ ။

ရတနာအတုတဲ့ မီးကဖျက်ဆီးနိုင်တယ်တဲ့ ရေဖျက်ဆီးနိုင်တယ် သူခိုးခိုးနိုင်
တယ် မင်းကသိမ်းနိုင်တယ် အသင့်စကားငါနားမထောင်ဘူးတဲ့ ။ ကဲဒီဇ
လာက်နူနေတာနော် စားစရာမရှိ တောင်းစားတာနော်။ ဘုန်းကြီးသာဆိုရ
င်တော့ နားထောင် လိုက်တော့မှာ ။ အခုပျောက်အောင်လုပ်ပေးမှာကိုး တ
စ်သက်လုံး မကုန်နိုင်အောင်ပေးမှာ နားထောင်မှာ ဘာကြောင့်နားထောင်
တာလဲ ရတနာအစစ်မရှိလို့ ရတနာအစစ်ကိန်းတဲ့လူက လဲနိုင်ပါ့မလား

အဲသလိုကိုယ့်မှာလည်း ကြည့် ကိုယ်ပြောတဲ့စကားလေးတွေ မှသားသုံး
တာလေးတွေ ရတနာမရှိလို့ပေါ့ ။ရတနာရှိတဲ့လူက .. အဲဒီမှသာဝါဒကို အ
လွန်ရှိသေတယ် မပြောဘူး သီလကိုသိပ်ရှိသေတာကြားလား စိန်မြတွေ ဇ
ပါင်းတဲ့အခါ သပ်သပ်ရပ်ရပ် လက်ကိုဆပ်ပြာနဲ့ဆေးလို့ကိုင်သလို
ငါးပါးသီလကို အဲသလို ယုံကြည် တာ သပ်သပ်ရပ်ရပ် လေးစားတာ ။ အဲဒီ
လို လေ့လာဖို့မကောင်းလား ။ ကဲလဲနိုင်ရဲ့လား မလဲဘူး ။ ကဲ အဖိုးတန်
တာ မတန်တာ သိစေချင်တာနော် အဲဒီလောက်အဖိုးတန်တယ်ကြားလား ။

သမုဒ္ဓေဒသီလဆိုတာ ရုပ်တစ်လုံး နာမ်တစ်လုံးကို သုညတဆိုက်သွားတဲ့
သီလ မြဲသွားပြီကြားလား ။လေးမင်္ဂလေးဖိုလ်ရသည်ထိ သီလမြဲသွားပြီ ။
အဲဒီနေရာရောက်အောင် ကြိုးစားအားထုတ်ဖို့ မကောင်းလား ။ သုပ္ပဗုဒ္ဓ

www.dhammadownload.com

ကီးက သက်သေမခံလား ။ အဲရတနာအစစ်ကိန်းသွားပြီတဲ့နော် အဲလိုလေ့လာဖို့မကောင်းလား။

ရူပက္ခန္ဓာလို့သိ အနိစ္စလို့သိ။ ဝေဒနာက္ခန္ဓာ လို့သိ အနိစ္စလို့သိ ။ သညာက္ခန္ဓာလို့သိ အနိစ္စလို့သိ ။ သင်္ခါရက္ခန္ဓာလို့သိ အနိစ္စလို့သိ ။ ဝိညာဏက္ခန္ဓာလို့သိ အနိစ္စလို့သိ ။ ကဲ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ... အဲဒါကလွဲလို့ တရားရူစရာရှိရဲ့လား ။စိစစ်ဖို့မကောင်းလား ။

ကဲ ဖြစ်တာ ဘာတွေဖြစ်တာလဲ ။ ရုပ်ဖြစ်လို့ ရုပ်ပျက်တာ ဝေဒနာဖြစ်လို့ ဝေဒနာပျက်တာ သညာဖြစ်လို့ သညာပျက်တာ သင်္ခါရဖြစ်လို့ သင်္ခါရပျက်တာ ဝိညာဏ်ဖြစ်လို့ ဝိညာဏ်ပျက်တာ။ ဟော ဖြစ်ပျက်လို့မဟောဘူးလား ကဲအခုဖြစ်ပျက်ဖြစ်ပျက် ရုပ်လည်းမတွေ့ နာမ်လည်းမတွေ့ ဝေဒနာလည်းမတွေ့ ဖြစ်ပျက် ဖြစ်ပျက် အဘာဝဖြစ်နေတာပေါ့။ ရုပ်လည်းမပါ နာမ်လည်းမပါ ဖြစ်ပျက် အဘာဝပညတ် ။ ဒီလိုလေ့လာဖို့မကောင်းလား ဖြစ်ပျက်တဲ့မေးကြည့်တော့လည်းမပြောနိုင် ။ ဒါ ရုပ်ကိုတွေ့လို့လား မတွေ့လို့လား နာမ်ကိုတွေ့လို့လား မတွေ့လို့လား ။ အဲသလိုစိစစ်ကြ လေ့လာဖို့မကောင်းလား ။

အဲဒါခုတော့ ကဲတွေ့တာက စိစစ်ဖို့ ... ငါးကြီးကြော်တွေ့တာလား ဆိမ့်တာတွေ့တာလား အကောင်အထည်ဟုတ်ကဲ့လား ။ ခံစားနေတာ ငါလား ဝေဒနာလား ။ ဆိမ့်တယ်လို့ ခံစားတာ ငါလား ဝေဒနာလား ။ကဲ ဝေဒနာဘဲတွေ့တယ်နော် ခံစားပြီးတော့မပျက်လား ပျက်ရင် ဝေဒနာတွေ့သလား မရှိတာတွေ့သလား မရှိတာအနိစ္စ သိတာမဂ္ဂ လို့မဟောဘူးလား ။ ကဲအဝိဇ္ဇာချုပ် မချုပ် ။ အဝိဇ္ဇာချုပ်ရင် တဏှာလာသေးရဲ့လား ။ အဝိဇ္ဇာချုပ်ဖို့အဓိက ။ အလင်းရောင်ပေါ်တော့ အမှောင်မပျောက်လား ။

www.dhammadownload.com

ကဲတဏှာလာသေးရဲ့လား ။ ဥပါဒါန်လာသေးရဲ့လား ။ မိုးကုတ်ဆရာတော်ဘုရားက ဘယ်လောက်များ သက်သေကောင်းသလဲစဉ်းစားနော် ။ အနုပ္ပါဒ နိရောဓ ။ မလာဘဲနဲ့ချုပ်တာ ခန္ဓာက စားရာ သောက်ရာ မြင်ရာ ကြားရာ ကချုပ်တာ ဥပ္ပါဒနိရောဓ ။ အဲလိုလေ့လာဖို့မကောင်းလား ဘယ်လောက်များ အားရစရာ ကောင်းသလဲ နော် ။ ဒါ အဝိဇ္ဇာချုပ်ဖို့အဓိကွဲ့ ။ အမှန်သိတတ့် အမှားမပျောက်လား ။ အေး... အဲလိုလေ့လာဖို့ ကောင်းတယ်နော်။

ကဲ စား ဆဲခန္ဓာကဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက(မဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယသစ္စာပါ ဘုရား) နောက်ခန္ဓာမလာတာက(နိရောဓသ စ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ (ဇလးကွက်ရှိပါတယ် ဘုရား) တစ်ကွက်လျှင်ဘယ်နှစ်ပါး (ငါးပါးပါဘုရား) ငါးလေးလီ(နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ်သိစေအပ်သည် သံသရာ မှလွတ်ကြောင်းတည်း) ။

သာဓု သာဓု သာဓု။

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တောရကျောင်း ၊ ပဓာနနာယက ဆရာတော်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရားကြီး

ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ်တွင်
၁၁ - ၁၀ - ၂၀၀၇ ခုနှစ် ည (၇)နာရီအချိန် ဟောကြားဆုံးမ တော်မူအပ်ခဲ့သော

www.dhammadownload.com

ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေအကြောင်း ဥပမာပြု ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

ဗုဒ္ဓဿ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ် သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မဿ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃဿ-မဂ်ဌတည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်ဌတည်သော ပုဂ္ဂိုလ်လေးပါး ကျွတ်ပါးသော အရိယာသံဃာတော်မြတ်အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုဿ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယဿ-ဂိုဟဿနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်

www.dhammadownload.com

ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာတစ်ခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝင့်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

www.dhammadownload.com

တရားနာတယ်တဲ့ တရားအားထုတ်တယ် တရားလေ့လာတယ်ဆိုတာ မိမိ ခန္ဓာမှာရှိတဲ့တရားနဲ့ အသိဉာဏ်နဲ့ ထပ်သွားဖို့လိုတယ်နော် ။ ရှိတဲ့တရား ဆိုတာ အာရုံနှင့်ဒွါရတိုက်ပြီးတော့ ပေါ်လာတဲ့ ခန္ဓာငါးပါး ကိုပြောတာနော် ။အာရုံဆိုတာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံပေါ့ ဓမ္မာရုံပေါ့ ။ ဒွါရဆိုတာ မျက်စိအကြည် နားအကြည် နာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည် မနောအကြည် ပေါ့နော် ။ အရပ်သုံးရင်တော့ ရုပ်နှစ်ခုတို က်တိုင်း တိုက်တိုင်း ဆိုင်ရာဝိညာဏ် မပေါ်လား ။

မျက်စိအကြည်ရှိရင် ရူပါရုံ အဆင်းမတိုက်လား။ မြင်သိစိတ်မပေါ်လား ။ နားအကြည်ရှိရင် အသံမတိုက်လား ကြားသိစိတ်မပေါ်လား။ နာခေါင်းအ ကြည်ရှိရင် အနံ့မတိုက်လား နံသိစိတ်မပေါ်လား ။လျှာအကြည်ရှိရင် ချို ချဉ် စပ် ငံ ရသာခြောက်ပါး မတိုက်လား စားသိစိတ်မပေါ်လား ။ ကိုယ်အကြ ည်ရှိရင် ပထဝီဖောဋ္ဌဗ္ဗ တေဇောဖောဋ္ဌဗ္ဗ ဝါယောဖောဋ္ဌဗ္ဗ မတိုက်လား ။ ထိသိစိတ်မပေါ်လား ။ မနောအကြည်ရှိရင် ဓမ္မာရုံတိုက်တယ်နော် ကြံ သိစိတ်ပေါ်တယ် ။ ဒီလိုစိစစ်ဖို့မကောင်းလား ။

ဒါသောတအကြည်ရှိတော့ အသံမတိုက်လား ကြားသိစိတ် မပေါ်လား ။ တဝိညာဏ်တည်း ကြားသိလို့ဖြစ်ကဲ့လား ။ မဖြစ်ရင်သူနဲ့သဟဇာတဖြစ် တဲ့ ဝေဒနာ သညာ စေတနာ မပါလား ။ အသံလို့ခံစားတာ ငါလားဝေဒ နာလား လူလားဝေဒနာလား နတ်လားဝေဒနာလား ဗြဟ္မာလား ဝေဒနာ လား ။ အသံလို့မှတ်တာ လူနတ်ဗြဟ္မာလားသညာလား ။ ခံစားနိုင်အော င် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလားစေတနာလား ။

ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါး မပြည့်လား ။ ဤလေးပါးပြည့်စုံမှ ကြားသိစိတ်ဖြစ်တာနော် ။ လူနတ် ဗြဟ္မာလား နာမ က္ခန္ဓာလေးပါးလား ။နာမက္ခန္ဓာလေးပါး လို့သိဖို့လိုတယ်နော်။ သောတအ

www.dhammadownload.com

ကည်ကား လူဟုတ်ကဲ့လား ။ အသံကား လူဟုတ်ကဲ့လား ။ ခန္ဓာဖွဲ့ကြည့်ရ တာ့ ရူပက္ခန္ဓာ မရလား ။ နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း ... ။ နားမှာ ပါတာနော် ။ အဲဒီခန္ဓာ သိအောင်လို့ တရားနာရတာကွဲ့ ။ တရားထိုင်တယ် တရားနာတယ် တရားအားထုတ်တယ် ဒါ ခန္ဓာသိဖို့လိုတာနော် ။

ခန္ဓာငါးပါးသိ သက္ကာယဒိဋ္ဌိ ပြုတ်တယ်လို့မဟောဘူးလား ။ အနိစ္စ ခန္ဓာငါး ပါး အနိစ္စသိ တဏှာသေတာပေါ့ ။ခန္ဓာငါးပါးသိတော့ သက္ကာယဒိဋ္ဌိ ပြုတ် တာပေါ့ ။ အဲဒါလိုရင်းအချက်တွေကွဲ့ ကြားလား ။ တရားနာတရားအားထု တ်တာ လိုရင်းအချက်က ကိလေသဝင့်ချုပ်ဖို့ အဓိကနော် ။ အဝိဇ္ဇာနဲ့တ ဏှာချုပ်ဖို့ လိုတာပေါ့ ။ မူလနှစ်ဖြာဆိုတာ သူ့အရင်းကိုစစ်ကြည့် အဝိဇ္ဇာ နဲ့တဏှာပေါ့ အဝိဇ္ဇာချုပ် ဒိဋ္ဌိပြုတ်တယ်နော် ။ တဏှာသေရင် ဥပါဒါန်ပြုတ် တယ် ဒီလိုလေ့လာဖို့မကောင်းလား ။ အဲဒါကလွဲလို့မရှိဘူး ဒါသိဖို့လိုတယ် ။ အဲဒါကြောင့် နလုံးသွင်းမှားတာသိဖို့ မှန်တာသိဖို့နော် စဉ်းစားဖို့မကောင်း လား ဒါကလွဲလို့ တခြားမရှိဘူးနော် ။

အဲဒါကြောင့်လည်း ခြောက်ဒွါရမှာ ဒီခန္ဓာသိဖို့လိုတယ်ကွဲ့ ကြားလား ။ ဒါကြောင့်မို့လို့ လယ်တီဆရာတော် ဘုရားကြီးက နေ့တိုင်းသတိပေးတယ် ။ ပ ရမတ်ကိုနေ့စဉ်မြင်လျက် မတွေ့ကြ နေ့စဉ်တွေ့လျက် မသိကြ ။ ခန္ဓာငါးပါး မသိငြား ငါးပါးမှောက်မည်သာ ။ ခန္ဓာငါးပါး မသိငြား ငါးပါးမှောက်မည်သာ။ ခွေးဝက်ကျွဲနွား မှောက်လျက်သွား ငါးပါးမှောက်ကြရာလို့ မဟောဘူးလား ။ အဲဒီခန္ဓာပေါ်မှာ နလုံးသွင်းမှားတာဗျ ။ စိစစ်ဖို့ မကောင်းလား လေ့လာ ကနော် ။

ဒါကြောင့်မို့ ပညတ် ပရမတ် ရှေးဆရာတော် သမားတော်တွေက ဟောတ ယ် ဘုရားအဆူဆူဟောတယ် မရှိပညတ်က လူနတ်ဗြဟ္မာသတ္တဝါ မရှိ ပ ညတ် လူ နတ် ဗြဟ္မာ သတ္တဝါ ။ ဘာတွေမရှိတာလဲ ။ လူမရှိ နတ်မရှိ ဗြ

www.dhammadownload.com

ဟ္မာမရှိ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးလို့ ဘုရားအဆူဆူမဟာဘူးလား ။ ရှိတာက ဘာတွေလဲလို့ ပြန်မေးဖို့မကောင်လား ။ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ။ နိဗ္ဗာန်က အသင်္ခတ ပရမတ်ပေါ့ စိတ် စေတသိက် ရုပ်က သင်္ခတ ပရမတ်ပေါ့ ။ တနည်းအားဖြင့် ခန္ဓာငါးပါးပေါ့ လေ့လာဖို့ မကောင်းလား ။အဲဒီခန္ဓာကလွဲလို့ တခြားရှိသေးရဲ့လား ။ စဉ်းစား ကွဲနော် ။

နာတယ် ကျဉ်တယ် ကိုက်တယ် ခဲတယ်ဆိုတာ ခံစားမှုဝေဒနာ မပေါ် ဘူးလား ။ အဲဒီဝေဒနာ ပြင်းထန်တဲ့ခါ မအော်ဘူးလား အော်တာ လူလား ဝေဒနာလား ။ ဒါကြောင့်မိုးကုတ်ဆရာတော်က ဝေဒနာနှင့်ငါနှင့် မရောနဲ့လို့ ခဏခဏသတိပေး မဟာဘူးလား။ အော်နေတာ ဝေဒနာနော် ။နာတယ် ကျဉ်တယ် ကိုက်တယ် ခဲတယ် လို့အော်နေတာ ဝေဒနာပေါ့ ။ ကဲခန္ဓာငါးပါးလို့ မဟာဘူးလား လူပါရဲ့လား။ အော်နေတာ လူလား ဝေဒနာလား ။ အဲလိုစိစစ်ဖို့ မကောင်းလား ။ အဲဒီဝေဒနာသိဖို့လိုတာကွဲ့ လေ့လာဖို့မကောင်းလား။

မင့် ... သိပ်မအော်စမ်းနဲ့ကွာ မအော်စမ်းနဲ့ မပြောရဘူးလား မင့်နာတာမှ မဟုတ်ဘဲကိုးကွဲ့ ။ ငါနာတာတဲ့ဗျ ။ကြားလား ။ ဟိုက ငါလို့ဟောလား ဝေဒနာလို့ ဟောလား အဲဒီထဲမှာကိုက လာပြီးတော့ အချောင်ဝင်ပြီးတော့ မျှော့လိုလာတွယ်တာ ငါတဲ့ကွယ့် ။ ဟိုက ငါလားဝေဒနာလား ။ ကဲငါပါ မပါ စဉ်းစားနော် ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ငါမပါပါကားဟဲ့ ။ ရူပက္ခန္ဓာဘဲတွေတယ်နော် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တွေတယ် ငါရှာလို့မတွေ့ဘူး ။ ငါမရှိရင် ပုဂ္ဂိုလ်သတ္တဝါ ရှိပါ့မလား ။အဲလို စိစစ်ဖို့လိုတာဗျ ။ သိမှပယ်နိုင်တာနော် ။

ကဲ လူတစ်ယောက်က အမှတ်တမဲ့ ဥပမာအားဖြင့် ခလုတ်တိုက်တာ ကျောက်စောင်းနဲ့ ရှတာ ခြေမကြီးလန် သွေးတွေထွက် ။ လဲသွားတော့ ဒူးကပဲ့

www.dhammadownload.com

မအော်ဘူးလား ။အလိုလေးဗျ နာလှချည်ရဲ့ ဗျ အလိုလေးဗျ မသွားနိုင်ဖ
တာ့ဘူး ။ အနားလူတွေကနေပြီးတော့မှ ဘယ်သူ့ပြောလိုက်စမ်း ဘယ်သူ့
ဘယ်ဆီ ကလာ မမှာရဘူးလား ။ အဲ အဲဒါနဲ့ အရေးကြီးတဲ့ပုဂ္ဂိုလ်တွေ ရော
က်လာတာပေါ့ ဘယ်မှာနာတာလဲ မမေးရဘူးလား။ ခြေမမှာပေါ့ ဒူးခေါင်း
မှာ မပြောရဘူးလား လေ့လာနော် ။

တကယ်ဆိုဘုရားပေးတဲ့ ဝိဇ္ဇာ မျက်မှန်နဲ့ တပ်ကြည့် ဒူးခေါင်းကိုမြင်တာ
လား အဆင်းကိုမြင်တာလား ။ စဉ်းစား ခြေမကိုမြင်တာလား အဆင်းကိုမြ
င်တာလား အဆင်းဘဲမြင်တယ်ကွဲနော် လေ့လာဖို့မကောင်းလား အဲဒီမှာပြ
န်ပြီးတော့မှ ရေနွေးလေး ဘာလေး ဆားလေးထည့်ပြီးတော့မှ မနှိပ်ရဘူး
လား။ နှိပ်လို့ သွေးလေး ဘာလေးစင်ပြီဆိုခါ ဆေးလေးတွေထည့်ပြီးတော့
ပတ်တီးစည်းထားရတယ်နော် နာရီဝက်လောက်ကြာတော့ သက်သာမ
သွား ဘူးလား သက်သာသွားတယ် ။

နာတုန်းကအော်တာနော် သက်သာသွားတော့ အအော်သက်သာသွား
တာပေါ့ ဒါကြောင့်မို့လို့ သုခဝေဒနာကိုယ်မှာပေါ် သည် ဒုက္ခဝေဒနာကိုယ်
မှာပေါ် သည် မဟောဘူးလား ကဲသူတွေ ငါတွေ ဟုတ်ကဲ့လား ဝေဒနာကွဲ
စိစစ်ဖို့မကောင်းလား ။ အဲဒါဝေဒနာဘဲတွေ့တယ်နော် ခံစားတာ အော်လို့
ခံစားတာ လူလား ဝေဒနာလား ဝေဒနာကွဲ ။ လူမတွေ့ဘူးကြားလား လူမ
တွေ့ နတ်ကားတွေ့ပါ့မလား ဗြဟ္မာကားတွေ့ပါ့မလား တွေ့တာကဝေဒနာ
ဘဲတွေ့တယ်နော် ဝေဒနာကို သက္ကာယလို့ မဟောဘူးလား ကဲ ငါပါသေး
ရဲ့လား အဲဒါလိုရင်းအချက်တွေကွဲကြားလား ဝေဒနာဘဲတွေ့တယ်နော် ။

မျက်စိကကြည့်ပြန် တော့ခါလည်းဘဲ အဆင်းပေါ့ အဲဒါလေ ခြေမလည်းရှာ
လို့မတွေ့ ဒူးခေါင်းလည်း ရှာလို့မတွေ့ ကြားလား မျက်စိကြည့်တော့ အဆ
င်းနော် အော်နေတာကြတော့လည်း ဝေဒနာနော် စိစစ်ဖို့မကောင်းလား ။

www.dhammadownload.com

အဲဒါ ဒူးခေါင်းရအောင်ရှာ ခြေမကိုရအောင်ရှာ ။ စိစစ်ဖို့မကောင်းလား ခြေမတွေ့မှ သက္ကာယဒိဋ္ဌိ ပြုတ်မှာ ။ ဒူးခေါင်း တွေ့မှ သက္ကာယဒိဋ္ဌိ ပြုတ်မှာကွဲ့ ။ စဉ်းစားဖို့မကောင်းလား ။

ပိဋ္ဌကတ်သုံးပုံ ချုံ့ကြည့်တော့ ခန္ဓာငါးပါး လို့မဟောဘူးလား ။ ကဲခန္ဓာက လွဲလို့တခြားတွေ့သေးရဲ့လား ဒူးခေါင်းဆိုတာ သညာက္ခန္ဓာ။ ခြေမဆိုတာ သညာက္ခန္ဓာ သညာက္ခန္ဓာ ဖယ်ထား ဒူးခေါင်းရှိပါ့မလား။ ခြေမ တခြားရှိပါ့မလား သညာက္ခန္ဓာ ကွဲကြားလား အဲလိုလေ့လာဖို့မကောင်းလား သညာက္ခန္ဓာကလည်း မှတ်ပြီးတော့မပျက်လား နာမည်ပေးပြီးတော့ မပျက်ဘူးလား သညာက္ခန္ဓာ တွေ့သလား မရှိတာ တွေ့တာလား မရှိတာ အနိစ္စ သိတာမဂ္ဂကွဲ့ ဒီလိုလေ့လာဖို့မကောင်းလား ။အဲဒါလိုရင်းအချက်တွေနော် ။ ဤနေရာရောက်အောင်ကြိုးစားအားထုတ်ရမယ် ကြားလား ။

ဒါကြောင့် သညာက္ခန္ဓာသိဖို့ စေတနာ သခ်ါရက္ခန္ဓာသိဖို့ ဝိညာဏက္ခန္ဓာသိဖို့ ကြားလား ။ ဒါကြောင့် သညာက္ခန္ဓာ ဆိုတာဟာ တံလျှပ်ပမာဏလို့ ဥပမာ မပေးဘူးလား ။သားသမင်အပေါင်း မုဆိုးရန်ကိုကြောက်လို့ ပုန်လှိုးလို့နေကြတယ်။ ရေဆာတဲ့အခါကြတော့ ဆာလောင်မွတ်သိပ်လို့ ရေရှာထွက်မလာဘူးလား ကမ္ဘာပေါ်က ရပ်ပြီးတော့ အောက်မှာမြင်တာပေါ့ ရေပြင်ကြီးပေါ်ကွဲ့နော်။ သောင်ပြင်ကြီးကို ရေပြင်လို့ မထင်ဘူးလား ရေပြင်ကြီးထင်တယ်ကြားလား စင်စစ်က တံလျှပ်ပေါ့ အဲဒါရေသောက်ဆင်းပြီးတော့ မသွားဘူးလား အောက်ကို ရေသောက်ရသလား သောင်ပြင်ကြီးပေါ့ သောင်ပြင်ကြီးရေထင်မှားခဲ့တာနော် ဒါ သညာက္ခန္ဓာ တံလျှပ်ပမာဏ လို့မဟောဘူးလား တကယ့်ရေဟုတ်ကဲ့လား အဲလိုစိစစ်ဖို့မကောင်းလား ။

တကယ့်ဒူးခေါင်းဟုတ်ကဲ့လား တကယ့်ခြေမဟုတ်ကဲ့လား စိစစ်တော့ သညာက္ခန္ဓာပေါ့ တံလျှပ်ပမာဏ အဲလိုအဓိပ္ပါယ်ပေါက်ဖို့ မလိုဘူးလား ။ အဲဒီ

www.dhammadownload.com

ခန္ဓာသိဖို့လိုတာ ခန္ဓာကိုခေါ်တာခေါ်တတ်တယ် မသိ ။ မသိတော့ သက္ကာ ယဒိဋ္ဌိ မပြုတ်တာပေါ့ ။ ခုတော့ သညာက္ခန္ဓာတွေ့ပြီ ကြားလား ခြေမ တွေ့တာလား သညာက္ခန္ဓာလား ။ ဒူးခေါင်းတွေ့တာလား သညာက္ခန္ဓာလား ခေါ်ပြီးတော့နေတာ လူလားဝေဒနာလား။ ဝေဒနာကွဲ့ကြားလား အဲလိုစိစစ် ဖို့မကောင်းလား လေ့လာကြ ။

မျက်စိက တစ်ခါကြည့် ခြေမကိုမြင်တာလားအဆင်းကိုမြင်တာလား ဝိဇ္ဇာမျ က်မှန်နဲ့ကြ အဆင်းဘဲမြင်တယ်နော် ဒူးခေါင်းမြင်တာလား အဆင်းကိုမြင် တာလား အဆင်း ရူပက္ခန္ဓာ ပေါ့ ဖောက်ပြန်တာ သိတာ ခံစားတာ သိတာ မှတ်တာ သိတာ စေ့ဆော်တာ သိတာ ဝိညာဏက္ခန္ဓာပေါ့ သူတွေငါတွေ လား ဝိညာဏက္ခန္ဓာလား ဖောက်ပြန်နိုင်အောင် စေ့ဆော်တာ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာလား ကဲဒီခန္ဓာက လွဲလို့ တစ်ခြားတွေ့သေးရဲ့လား အဲဒီလို ခန္ဓာသိဖို့လိုတာကွဲ့ကား လား ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်နော် သိမှ ပယ်နိုင်တာ မသိ ပယ်နိုင် ပါ့မလား သိအောင်ကြိုးစား ။

ဒါ ညတိုင်း ညတိုင်း ခန္ဓာဖွဲ့ရတယ်နော် သစ္စာဖွဲ့ရတယ်နော် ဘာကြောင့် ခန္ဓာဖွဲ့ တာလဲ မေးဖို့မကောင်းလား ကိုယ်ထင်တာက လူပေါ့ နတ်ပေါ့ ဗြ ဟ္မာပေါ့ တွေ့တာကခန္ဓာဘဲတွေ့တယ် ဘာဖြစ်လို့လူ မတွေ့တာလဲ အဲလိုဆို ရင် မတွေ့တာ မရှိလို့ပေါ့ တွေ့တာကရှိတာ ။

ဘယ်ပုံဘယ်နည်းရှိတာလဲ လေ့လာဖို့မကောင်းလား ။အနိစ္စ မမြဲတဲ့အနေ နဲ့ရှိတာပေါ့ ဒုက္ခ ဆင်းရဲတဲ့အနေနဲ့ရှိတာပေါ့ အစိုးမရ အနတ္တ တွေလည်းရှိ တယ် အဲလိုလေ့လာဖို့မကောင်းလား ။ အနိစ္စ ဒုက္ခ အနတ္တ အနှစ်သာရရှိ တဲ့တရားဟုတ်ကဲ့လား ။ အနှစ်သာရမရှိတော့ ဒုက္ခလို့နာမည်ပေးရတာ ။ အနှစ်သာရရှိရင်နိဗ္ဗာန်ပေါ့ကွဲ့ စိစစ်ဖို့မကောင်းလား ။

www.dhammadownload.com

အဲဒါ ဆင်းရဲတဲ့တရားလို့အမှန်သိရင် အမှားမပျောက်ဘူးလား လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ ယူဦးမလား ။ ဆင်းရဲတာတွေနေပြီနော် ။ လူချမ်းသာတွေတာလား ဆင်းရဲတာတွေတာလား နတ်ချမ်းသာ တွေတာလား ဆင်းရဲတာတွေတာလား ဗြဟ္မာချမ်းသာတွေတာလား ဆင်းရဲတာတွေတာလား ။ ကဲဆင်းရဲတယ်လို့ အမှန်သိသွားပြီ ။ကဲ ဒီခန္ဓာမှာတွယ်တာတဲ့သမုဒယ လာဦးမလား တွယ်တာတဲ့သမုဒယ ချမ်းသာတယ်နလုံးသွင်းမှားလို့ သမုဒယဖြစ်တာကွဲ့ ။

နလုံးသွင်းမှားတာ အဝိဇ္ဇာနော် လိုချင်နစ်သက်တာ တဏှာပေါ့ ဒါသမုဒယပေါ့ လေ့လာဖို့မကောင်းလား အဲဒါသိမှပယ်နိုင်တာနော် အဲဒါထပ်ကာထပ်ကာ ခန္ဓာဖွဲ့ ။ အဲဒီခန္ဓာ အကျိုးအပြစ်ကို သေချာစိစစ်ကြည့် လေ့လာဖို့မကောင်းလား အဲဒီခန္ဓာသိအောင် လေ့လာတာ ခန္ဓာကိုသိပြီ ခန္ဓာအကျိုးအပြစ် ကိုရှာကြည့် ကြားလား အဲလိုသဘောပေါက်ဖို့ မလိုဘူးလား

ကဲမရသေးတဲ့ ပုဂ္ဂိုလ်ရလေအောင် ရပြီးသားပုဂ္ဂိုလ် လိုရင်းကိစ္စပြီးအောင် မျက်စိပေါက်ကစ မနောဒွါရအထိ မှန်မှန်လေးခန္ဓာဖွဲ့ကြ။

"မျက်စိ..."

စက္ခု အကြည်ကို အဆင်း တိုက်တော့ စက္ခုဝိညာဏ် ပေါ်ပါသည်။
စက္ခုဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား။ မ
ဖစ်နိုင်ပါ။
စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
စက္ခု အကြည်နှင့် အဆင်း ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။

www.dhammadownload.com

နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။
အဆင်း ကို မြင်သိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
မျက်စိ အကြည်နှင့် အဆင်းက ရုပ်။
စိတ် စေတသိက် ရုပ်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။
အဆင်း ကို မြင်သိတာ က နာမ်တရား ၊
မျက်စိ အကြည်နှင့် အဆင်းက ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"နား"

သောတ အကြည်ကို အသံ တိုက်တော့ သောတဝိညာဏ် ပေါ်ပါသည်။
သောတဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။ မဖြစ်နိုင်ပါ။
သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
သောတ အကြည်နှင့် အသံ ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။

www.dhammadownload.com

အသံ ကို ကြားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
နား အကြည်နှင့် အသံ က ရုပ်။
စိတ် စေတသိက် ရုပ်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။
အသံ ကို ကြားသိတာ က နာမ်တရား ၊
နား အကြည်နှင့် အသံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"နှာ"

ဃာန အကြည်ကို အနံ့ တိုက်တော့ ဃာနဝိညာဏ် ပေါ်ပါသည်။
ဃာနဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ဃာနဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ
င်းတော့ နာမကွန်ဓာ လေးပါး ဖြစ်ပါသည်။
ဃာန အကြည်နှင့် အနံ့ ကို ခန္ဓာဖွဲ့တော့ ရူပကွန်ဓာ ဖြစ်ပါသည်။
နာမကွန်ဓာ လေးပါး နှင့် ရူပကွန်ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ဇ္ဇာအကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။
အနံ့ ကို နံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။

www.dhammadownload.com

နှ ၁ အကြည်နှင့် အနံ့ က ရုပ်။
စိတ် စေတသိက် ရုပ်။

နှ ၁အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။
အနံ့ ကို နံသိတာ က နာမ်တရား ၊
နှ ၁ အကြည်နှင့် အနံ့ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"လျှာ"

ဇဝှါ အကြည်ကို ချို ချဉ် စပ် ငန် ဖန် ခါး ရသာ(၆)ပါး တိုက်တော့ စားသိစိတ်ဆိုတဲ့ ဇဝှါဝိညာဏ် ပေါ်ပါသည်။
ဇဝှါဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။ မပြဖစ်နိုင်ပါ။
ဇဝှါဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းဝေတာ့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ဇဝှါအကြည်နှင့် ရသာ ၆ပါး ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

လျှာ အကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ်ပါသည်။
ရသာ ၆ပါး ကို စားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
လျှာအကြည်နှင့် ရသာ ၆ပါး က ရုပ်။
စိတ် စေတသိက် ရုပ်။

www.dhammadownload.com

လျှာအကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ်ပါသည်။
ရသာ ၆ပါး ကို စားသိတာ က နာမ်တရား ၊
လျှာ အကြည်နှင့် ရသာ ၆ပါး က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

ကိုယ်

ကာယ အကြည်ကို မာမှု ပျော့မှု ပထဝီ ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ဆိုတဲ့ ကာယဝိညာဏ် ပေါ်ပါသည်။
ကာယဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ကာယဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမကွန္ဓာ လေးပါး ဖြစ်ပါသည်။
ကာယအကြည်နှင့် မာမှု ပျော့မှု ကို ခန္ဓာဖွဲ့တော့ ရူပကွန္ဓာ ဖြစ် ပါသည်။
နာမကွန္ဓာ လေးပါး နှင့် ရူပကွန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ကိုယ် အကြည်ကို ပူမှု အေးမှု တေဇော ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။
ပူမှု အေးမှု ကို ထိသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ကိုယ် အကြည်နှင့် ပူမှု အေးမှု က ရုပ်။
စိတ် စေတသိက် ရုပ်။

www.dhammadownload.com

ကိုယ် အကြည်ကို ထောက်ကန် လှူပ်ရှားမှု ဝါယော ဖောဋ္ဌဗ္ဗ တိုက်တော့ ထိ သိစိတ် ပေါ် ပါသည်။
ထောက်ကန် လှူပ်ရှားမှု ကို ထိသိတာ က နာမ်တရား ၊
ကိုယ် အကြည်နှင့် ထောက်ကန် လှူပ်ရှားမှု က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

စိတ်

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ဆိုတဲ့ မနောဝိညာဏ် ဇ ပေါ် ပါသည်။
မနော ဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ် လို့ ဖြစ် ပါသလား။ မဖြစ်နိုင်ပါ။
မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာကွန်ဓာ စေတသိက် သညာ ကွန်ဓာ စေတသိက် သင်္ခါရကွန်ဓာ စေတသိက် သုံးပါးပေါင်းတော့ နာမကွန်ဓာ လေးပါး ဖြစ်ပါသည်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ ကို ခန္ဓာဖွဲ့တော့ ရူပကွန်ဓာ ဖြစ်ပါသည်။
နာမကွန်ဓာ လေးပါး နှင့် ရူပကွန်ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ် ပါသည်။
ဓမ္မာရုံ တရားအပေါ် မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်။
စိတ် စေတသိက် ရုပ်။

www.dhammadownload.com

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က နာမ်တရား
၊
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား နတ်အစားစား ငြဟ္မာ အစားစား တိရစ္ဆာန်အစားစား ပြိတ္တာ အသူရကာယ် အစားစားတွေ့တာ လား ခန္ဓာငါးပါးတွေ့သလား လူနတ်ငြဟ္မာ သတ္တဝါ မတွေ့တာ ရှိလို့လား မ ရှိလို့လား မရှိရင် လူစွဲ နတ်စွဲ ငြဟ္မာစွဲ စွဲစရာ လိုသေးသလား တွေ့တဲ့ တရားက လူနတ်ငြဟ္မာလား ခန္ဓာငါးပါးလား သြော် တရားနာတယ် တရား ထိုင်တယ် တရားလေ့လာတယ် ဆိုတာ ခန္ဓာတွေ့ဖို့ လေ့လာရတာနော် ။ ကျရိယာပထ လေးပါး သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း လို့မဟော ကဘူးလား ။ တရားထိုင်တာ အဓိကလား ခန္ဓာသိဖို့အဓိကလား စကြ်ံသွား တာ အဓိကလား ခန္ဓာသိဖို့အဓိကလား ။ ရပ်တာ အဓိကလား ခန္ဓာသိ ဖို့အဓိကလား။ လျောင်းတာ အဓိကလား ခန္ဓာသိဖို့အဓိကလား ။တရားနာ တာ အဓိကလား ခန္ဓာသိဖို့အဓိကလား ။ အဲဒီခန္ဓာသိဖို့လိုတာနော် ။

ဤခန္ဓာကလည်းဘဲ အာရုံနဲ့ဒွါရ တိုက်မှ ပေါ်တာပေါ့ ။မျက်စိအကြည်ရှိရင် ရူပါရုံအဆင်း မတိုက်လား မြင်တဲ့စိတ်ပေါ်မပေါ် ။ လူကိုမြင်တာလား အ ဆင်းကိုမြင်တာလား ။ တစ်ဝိညာဏ်တည်း မြင်သိလို့ဖြစ်ကဲ့လား မဖြစ်သူ နဲ့သဟဇာတ ဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား အဆင်းလို့ခံစား တာ ငါလားဝေဒနာလား ။လူလားဝေဒနာလား နတ်လားဝေဒနာလား ငြ ဟ္မာလားဝေဒနာလား ။ စိစစ်ဖို့မကောင်းဘူးလား ။ အဆင်းလို့မှတ်တာ

www.dhammadownload.com

လူနတ်ဗြဟ္မာလားသညာလား။ ခံစားနိုင်အောင်စေ့ဆော်တာ မှတ်နိုင်အော
င်စေ့ဆော်တာ သူငါလား စေတနာလား ။

ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါးမပြည့်လား
ဤလေးပါးပြည့်စုံမှ မြင်သိစိတ်ဖြစ်တာနော် လူလားနာမက္ခန္ဓာလေးပါး
လား နတ်လား နာမက္ခန္ဓာလေးပါးလား ဗြဟ္မာလား နာမက္ခန္ဓာလေးပါး
လား ဤနာမက္ခန္ဓာလေးပါးအလိုလိုဖြစ်တာလား အကြောင်းကြောင့်အ
ကျိုးတရားပေါ်တာလား နာမက္ခန္ဓာလေးပါး အကြောင်းရှာကြည့်တော့ခါ ရူ
ပ်နှစ်ခုပေါ့ မျက်စိအကြည်ရုပ်နဲ့ ရူပါရုံအဆင်းရုပ်နော် ဤနှစ်ခုတိုက်ဆိုင်မှ
ပေါ်တဲ့ခန္ဓာငါးပါး စိစစ်ဖို့မကောင်းလား အဲလိုစိစစ်ဖို့မကောင်းလား အဲဒီ
ခန္ဓာ သိအောင်လို့ ခန္ဓာဖွဲ့ရတယ် ကြားလား

ထင်တာကလူနတ်ဗြဟ္မာ တွေ့တာက ခန္ဓာငါးပါး အဲဒီခန္ဓာငါးပါးသိဖို့ လိုတ
ယ်နော် ငါးပါးစလုံးအဓိပ္ပါယ် ခန္ဓာကိုသိပြီဆိုတဲ့ခါ သူ့ရဲ့ခန္ဓာရဲ့ သဘော
သွား ပြန်စိစစ်ဖို့ မကောင်းလား ရူပက္ခန္ဓာကြီးက ချောင်းထဲမှာရှိတဲ့ရေမြူပ်
ကီးကဲ့သို့ ဥပမာပေးပြီးတော့ မဟောလား ချောင်းထဲမြစ်ထဲမှာရှိတဲ့ရေမြူပ်
ကီးက အနှစ်သာရရှိရဲ့လား တစ်ခုခု ဒိုက်တွေ တုံးတွေနဲ့ တွေ့လာတဲ့ခါ အ
ကုန်လုံး ဖရိုဖရဲပြုကွဲပြီးတော့ ရေဖြစ်သွားတာနော် အနှစ်သာရရှိမရှိ ရှိဘူး
ကွဲကြားလား ရူပက္ခန္ဓာ အနှစ်သာရမရှိတော့ ပျက်ကုန်တာပေါ့

ဝေဒနာက္ခန္ဓာကလည်း ရေပွက်ပမာဏလို့ မဟောဘူးလား ထမင်းချက် တဲ့
ခါ ဗွက်ဗွက် ဗွက်ဗွက် ဆူပွက်တဲ့ခါ ဆီဖောင်းလေးတွေပါတယ်နော် ငွေဖ
လားလေးနဲ့တူတာပေါ့ ပေါက်ကွဲပြီးတော့ မပျက်ဘူးလား ရေပွက်ပမာဏဖ
နော် အနှစ်သာရရှိရဲ့လား ။

www.dhammadownload.com

သညာကွန်ရာ တံလှပ်ပမာဏလို့ မဟောဘူးလား သောင်ပြင်ကြီးကို ရေပြင်လို့မထင်လား တကယ့်ရေ ဟုတ်ကဲ့လား တံလျှပ်ကွဲကြားလား အနှစ်သာရမရှိဘူးနော် အဲလိုစိစစ်ဖို့မကောင်းလား

ကဲ သခ်ါရကွန်ရာ ငှက်ပျော ပမာဏလို့ မဟောဘူးလား ။ငှက်ပျောပင်နဲ့တူတယ် အသီးနဲ့တူတယ် အရွက်နဲ့တူတယ်လို့ ပြောတာမဟုတ်ဘူးနော် အနှစ်သာရ မရှိတာ ဥပမာပေးတာ ငှက်ပျောပင် တစ်ပင်ကို အရင်းဖြတ် အဖျားဖြတ် ငှက်ပျောဖတ်ကိုခွာကြည့့် အနှစ်တွေ့ပါ့မလား ငှက်ပျောဖတ်သာ ကုန်သွားတယ်နော် အနှစ်မရှိဘူးပေါ့ ။

အခုလည်း ပုညာဘိသခ်ါရ မလုပ်ကြဘူးလား ဒါနကုသိုလ်လေ သီလကုသိုလ်လေ အဲဒီ ဒါနကုသိုလ် သီလကုသိုလ် လူခန္ဓာမရလား နတ်ခန္ဓာမရလား အိုနာသေလွတ်ကဲ့လား ဘာသစ္စာလဲ ။ အနှစ်သာရရှိရဲ့လား အနှစ်သာရမရှိဘူးပေါ့ ။အိုနာသေနော် ။အဲလို စိစစ်ဖို့မကောင်းလား ။ဒါ သခ်ါရကွန်ရာ ငှက်ပျောနဲ့တူတယ် လို့မဟောဘူးလား ဒါပုညာဘိသခ်ါရပေါ့နော် ။

အပုညာဘိသခ်ါရ က အပါယ်တစ်လမ်းသွားပေါ့ ဒုစရိုက်နဲ့ပတ်သက်တဲ့တရား အဲဒါကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လို့ မဟောဘူးလား ။ ပုညာဘိသခ်ါရက ဒါနကုသိုလ် သီလကုသိုလ်နော် အဲဒီ ကုသိုလ်က လူခန္ဓာ နတ်ခန္ဓာ ရတယ် ။ ရလည်းအိုနာသေလွတ်ကဲ့လား ဘာသစ္စာလဲ ။ အဲလိုစိစစ်ဖို့ မကောင်းလား အနှစ်သာရမရှိဘူးနော် လေ့လာကြ ။

ဝိညာဏကွန်ရာ မျက်လှည့်ပမာဏလို့ မဟောဘူးလား မျက်လှည့်ပြတဲ့ရွှေတွ သုံးလို့စွဲလို့ ဖြစ်ကဲ့လား သူတို့သုံးစွဲလို့မဖြစ်တာ ကုန်သည်တွေ ရောင်းတာနဲ့ မတူဘူးလား စဉ်းစား မျက်လှည့်ပြတဲ့ ဆန်တွေ ချက်လို့ပြုတ်လို့ရလား ကုန်သည်ရောင်းတာနဲ့ မတူလား ချက်ပြုတ်လို့ ရရဲ့လား အင်း ဒါ ဝိ

www.dhammadownload.com

ညာဏ်က မျက်လှည့်နဲ့တူတာပေါ့။ တကယ့်ရွေ့ ဟုတ်ကဲ့လား တကယ့်ဆန် ဟုတ်ကဲ့လား တကယ့်လူ ဟုတ်ကဲ့လား ဝိညာဏကွန္ဓာကွဲ့ အဲလိုလေ့လာဖို့မကောင်းလား ။

တနည်းအားဖြင့် အိပ်မက်ပမာဏ အိပ်မက်ထဲမှာ ရွှေအိုးရတယ်လို့ မက်တာတွေ ငွေအိုးရတယ်လို့ မက်တဲ့ပုဂ္ဂိုလ်တွေ သိန်းထီပေါက်လို့ မက်တဲ့ပုဂ္ဂိုလ်တွေ မရှိဘူးလား မနိုးခင်ကြ စိတ်ကူး မယဉ်ဘူးလား စိတ်ကူးယဉ်တယ်နော် ရာဝင်အိုးနဲ့ အပြည့်ရတာကွဲ့ ရွှေအိုးတွေကြားလား အဲဒီလူက အငြကာ်သည် အကြော်သည် ။ မနက်လင်းရင် ကြော်ရတယ်နော် အိမ်မက်ထဲမှာ ရာဝင်အိုး ဆိုတဲ့ဟာက ဆားတို့ ငပိတို့ကြတော့ တစ်ရာလောက်ပေါ့ ထန်းလျက်တို့နော်။ ရွှေဆိုတော့ သုံးရာလောက်ရှိမှာ ရွှေကတကျင်းကို တစ်ပိသာလောက်ရှိတာကိုး

အဲဒီသူ့စိတ်ကူးနဲ့ ရွှေအချို့ ရောင်း ငါးထပ်တိုက်ကို ငါးလုံးလောက် ဆောက်ပစ်တာကွဲ့ အိမ်မက်ထဲမှာလေ ငါးလုံး အဲဒါမှာသံဆိုင်ကတမျိုးကြားလား ဆေးခန်းကဆေးအမျိုးမျိုးကတစ်မျိုး အထည်ဆိုင်ကတစ်မျိုး ချက်ဖို့ ပြုတ်ဖို့က တစ်မျိုး သူများအသီးအနှံတွေ လှောင်တာကတစ်မျိုး အရောင်းစာရေးတွေနဲ့ မထားရ ဘူးလား အကုန်လုံးအရောင်းစာရေးနဲ့ထားတာ ကြားလား အဲသူကလည်း ဆိုင်ကယ်က အကောင်းစား နှစ်စင်းသုံးစင်း ကားကနှစ်စင်းသုံးစင်း ကဲ တိုက်ကလည်းငါးလုံး စိတ်ကူးမယဉ်ဘူးလားဟေ့ စိတ်ကူးယဉ် နေတာပေါ့နော် အဲဒါမနိုးခင်ပေါ့

နိုးလိုက်တဲ့အခါ ကြတော့ခါ အကြော်ဖိုဆင်းရပြန်တော့တာကွဲ့ ကြားလား စောစောစီးစီးထပြီး တော့ခပ်ချမ်ချမ်းနဲ့ မီးမွှေးပြီးတော့မှ အကြော်ကြော်ဖို့ လုပ်ရတော့တာ စိစစ်ဖို့ မကောင်းလား မနိုးခင်ကြတော့ခါ သူဌေးပါ့ တကယ့်သူဌေးဟုတ်ကဲ့လား အိပ်မက် အိပ်မက် အိပ်မက် ဒါကြောင့် အိပ်မက်

www.dhammadownload.com

ပမာဏလို့ မဟောဘူးလား အခုလည်းတကယ်ရှိတာက ခန္ဓာဘဲနော် ပုဂ္ဂိုလ်သတ္တဝါ အိပ်မက်ပမာဏ လူနတ်ဗြဟ္မာက မျက်လှည့်ပမာဏ အဲလိုစိစစ်ဖို့မကောင်းလား အဲဒါသဘောပေါက် အောင်လို့ ခန္ဓာဖွဲ့ရတာ ။

အဲဒီခန္ဓာ ဘယ်ပုံဘယ်နည်းရှိတာလဲ စိစစ်ဖို့မကောင်းလား ။
ရူပက္ခန္ဓာ ဘယ်သဘော ရှိသလဲ
ဝေဒနာက္ခန္ဓာဘယ်သဘောရှိသလဲ
သညာက္ခန္ဓာဘယ်သဘောရှိသလဲ
သင်္ခါရက္ခန္ဓာဘယ်သဘော ရှိသလဲ
ဝိညာဏက္ခန္ဓာဘယ်သဘောရှိသလဲ
ဤခန္ဓာငါးပါးက မြင်ပြီးရင်ပျက် ကြားပြီးရင်ပျက် နံပြီးရင် ပျက် စားပြီးရင်ပျက် ထိပြီးရင်ပျက် သိပြီးရင်ပျက် ခန္ဓာငါးပါးတွေသလား မရှိတာဇတွေသလား မရှိရင် ဘယ်လိုစွဲမှာလဲ လူနတ်ဗြဟ္မာသတ္တဝါက အစကတည်လို့မရှိခြင်း ကြောင့် စွဲစရာလိုသေးရဲ့လား ရှိတယ်ဆိုတဲ့ ခန္ဓာကဖြစ်ပြီး ဇတာ့မပျက်လား အစွဲခံရဲ့လား သက္ကာယဒိဋ္ဌိ မပြုတ်လားဟေ့ ။

သက္ကာယဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ် ကာယကံနဲ့ပတ်သက်တဲ့အကုသိုလ် ဝစီကံနဲ့ပတ်သက်တဲ့ အကုသိုလ် မနောကံနဲ့ပတ်သက်တဲ့ အကုသိုလ် ပြဉ်းမလား ။ ဒါကြောင့် ရှေးဆရာတော် သမားတော်တွေက သက်သတ် ခိုးမှု ကာမေသုမုသား မိစ္ဆာ ကင်းပြတ်ကွာ မှတ်ပါ သောတာပန်တဲ့ကွဲ့ ကြားလား သောတာပန်ဖြစ်ဖို့ အရေးကြီးတယ်နော် သောတာပန် ဖြစ်ပြီးရင် သကဒါဂါမ် အနာဂါမ် ရဟန်းကိစ္စ ကြိုးစားအားထုတ်ရင် ခဏပြီးသွားတာပေါ့။ သောတာပန် အရေးကြီးတယ် ကြားလား ။ အဲလိုစိစစ်ဖို့မကောင်းလား ဒါကြောင့်ခန္ဓာဖွဲ့တာ သက္ကာယဒိဋ္ဌိဖြုတ်တာကွဲ့ ။

www.dhammadownload.com

ထင်တာနဲ့ တွေ့တာ ပိုင်းခြားဖို့မလိုဘူးလား ။ ထင်တာက လူနတ်ဗြဟ္မာကိုး တွေ့တာက ခန္ဓာငါးပါး ။ အတွေ့ကိုအမှန်မယူရဘူးလား ။ အမှန်သိတော့ နှလုံးသွင်းမှားတာ မပျောက်လား စဉ်းစားနော် ။ လူပျောက်တာ မဟုတ်ဘူး ကားလား နတ်ပျောက်တာ မဟုတ်ဘူးနော် ။ လူနတ်ဗြဟ္မာ ကအစကလို့ မရှိခြင်းကြောင့် ပျောက်စရာ လိုသေးရဲ့လား။ နှလုံးသွင်းမှားတာပျောက်တာကွဲ့ ။ အဝိဇ္ဇာချုပ်တာကွဲ့ လေ့လာဖို့မကောင်းလား တဏှာသေတာ အဲဒီနေရာရောက်အောင်ကြိုးစားပေါ့။

မရသေးတဲ့ ပုဂ္ဂိုလ်ရလေအောင် ရပြီးသား လိုရင်းကိစ္စ ပြီးအောင် သစ္စာဖွဲ့ သစ္စာဖွဲ့.

ဝေဒနာကမ္မဋ္ဌာ
*ဝေဒနာကမ္မဋ္ဌာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝေဒနာကမ္မဋ္ဌာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သညာကမ္မဋ္ဌာ
*သညာကမ္မဋ္ဌာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သညာကမ္မဋ္ဌာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သခ်ါရကမ္မဋ္ဌာ

www.dhammadownload.com

*သခ်ၤရက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သခ်ၤရက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ဝိညာဏက္ခန္ဓာ
*ဝိညာဏက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ရူပက္ခန္ဓာ
*ရူပက္ခန္ဓာ တရားပေါ်မွာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သစ္စာလေးပါးသိမှသောတာပန် သစ္စာလေးပါးသိမှသဒါဂါမ် သစ္စာလေးပါးသိမှအနာဂါမ် သစ္စာလေးပါးသိမှ ရဟန္တာနော် သစ္စာလေးပါးကိုမသိရင် ဓသောတာပန်ဖြစ်ပါ့မလား သောတာပန်မဖြစ်ရင် ဘုရားရဟန္တာ ဖြစ်ပါ့မလား သောတာပန်ကစရတယ်နော် ။

www.dhammadownload.com

သစ္စာလေးပါးကို မသိတာ (အဝိဇ္ဇာပါဘုရား) ခန္ဓာငါးပါးကို မသိတာ(အဝိဇ္ဇာပါဘုရား) အာယတန တစ်ဆယ့်နှစ်ပါးကို မသိတာ(အဝိဇ္ဇာပါဘုရား) ဓါတ် တစ်ဆယ့်ရှစ်ပါး ကိုမသိတာ (အဝိဇ္ဇာပါဘုရား) ပဋိစ္စသမုပ္ပါဒ်တရားတော် ကိုမသိတာ (အဝိဇ္ဇာပါဘုရား) ဒါသိသင့် သိထိုက်တဲ့ တရားကို မသိလို့ အ ဝိဇ္ဇာ လို့ခေါ်တာပေါ့ ။ ဤခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ လူနတ်ဗြဟ္မာသ တ္တဝါ လို့နလုံး သွင်းမှား တာကော (အဝိဇ္ဇာပါဘုရား) နလုံးသွင်းမှားတာ ခန္ဓာငါးပါး လို့သိရင်နလုံးသွင်းမမှန်ဘူးလား ။

ပုဂ္ဂိုလ် သတ္တဝါ ဆိုတော့နလုံးသွင်း မမှားလား အဲဒီ ခန္ဓာငါးပါးကို ဖယ်ထား မှားစရာ ရှိသေးရဲ့လား ခန္ဓာငါးပါးကား ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ကဲ့လား ။ အဲဒီ ခန္ဓာပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ လို့မှားတာကွဲ့ ။ စိစစ်ဖို့မကောင်းလား ။တ ကယ့် အမြင်ခံ အရှုခံက ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ နော် ။ လူလို့ ပုဂ္ဂိုလ်သတ္တဝါ လို့မှားတာ ။ ခန္ဓာလို့သိရင်မမှ န်ဘူးလား ခန္ဓာကိုဖယ်ထား ။ တခြားရှုစရာရှိသေးရဲ့လား မှန်တာလည်း အဲဒီနေရာမှာနော် မှားတာလည်း ဒီနေရာမှာနော် ပုဂ္ဂိုလ်သတ္တဝါ လို့မြင် လို့မှားတာပေါ့ ခန္ဓာငါးပါးလို့သိ အနိစ္စလို့သိရင် မမှန်ဘူးလား အဲဒါလိုရင်းအ ချက်တွေကွဲ့ကြားလား ။

ဒါလောဘတဏှာ သမုဒယသစ္စာဆိုတာ ပုဂ္ဂိုလ်သတ္တဝါ မြင်လို့ဖြစ်တာ ဇ ဒါသ ကိလေသာဆိုတာ ပုဂ္ဂိုလ်သတ္တဝါ မြင်လို့ဖြစ်တာ စိစစ်ဖို့မကောင်း လား အဲဒါရူပက္ခန္ဓာကြီးကလည်း မြတ်စွာဘုရား... ချောင်းထဲ မြစ်ထဲမှာ ဇ ရမ္ဘူပ်ကြီး ကဲ့သို့ ဥပမာပေးလို့ မဟောလား အနှစ်သာရရှိရဲ့လား ရန်သူ နဲ့တွေ့တဲ့အခါ ဒိုက်တွေနဲ့တွေ့တဲ့အခါ ရေကြီးတဲ့ခါ တုံးတွေနဲ့ ထိခိုက်တဲ့ခါ အကုန်ကွဲပြီးတော့မှ ဖရိုဖရဲပြုကွဲပြီးတော့ ရေဖြစ်သွားတာနော် ဒါ ရူပက္ခန္ဓာ

www.dhammadownload.com

ရေမြုပ်နဲ့တူတာပေါ့ အဲလိုသိမယ်ဆို အနှစ်သာရရှိရဲ့လား အနှစ်သာရမရှိ ဘူးကြားလား စိစစ်ဖို့မကောင်း လား ။

ဝေဒနာကွန္ဓာ ဆိုတာ ဆိုးကောင်းနှစ်ပါး ခံစားတာ လူလား ဝေဒနာလား အဲဒီ ဝေဒနာကလည်း ရေပွက် ပမာဏလို့ ဥပမာ မပေးဘူးလား ရေပွက်ဝေတွ ဗွက်ဗွက် ဗွက်ဗွက် နဲ့ မိမိတို့မှ ဂျုံတွေ ဘာတွေ ထတဲ့အခါ ခဏလေးဝေပါက်ကွဲပျက်သွားတယ်နော် ထမင်းချက်တာကလည်း ပွက်ပွက်ဆူတဲ့ခါ အကဲခတ် ကြည့်နော် ဆီဖောင်းလေးတွေမပေါ် ဘူးလား ငွေဖလားနဲ့မတူ လား ငွေဖလားနဲ့တူတယ်နော် တကယ့်ငွေဖလား ဟုတ် ကဲ့လား အင်းဒါဝေ ရပွက်ပမာဏကွဲ့ ပေါ်ပြီးပေါက်ကွဲ မသွားဘူးလား နောက်ပြန်အစား မထိုး ဘူးလား အဲမရှိတာသိ အစားထိုးတာသိလို့မဟောဘူးလား အနှစ်သာရရှိ ရဲ့လား ရေပွက်ပမာဏ ။ ခံစားပြီးတော့ ပျက်တာဘဲ

သညာကွန္ဓာ တံလျှပ်ပမာဏလို့ မဟောဘူးလား တံလျှပ်ဆိုတာ သောင်ပြင်ကြီးကို ရေပြင်လို့ ထင်တာနော် တကယ့်ရေဟုတ်ကဲ့လား တကယ့်ရေမဟုတ်ဘူးနော် အဲဒါ ရေပြင်ထင်လို့ သားသမင် ဆင်းပြီးတော့ သွားတဲ့ခါ ဇရတွေရဲ့လား သောင်ပြင်ကြီးပေါ့ ဒါတံလျှပ်ပမာဏပေါ့ ရှေ့ကိုလှည့်ကြည့်တော့ သွားပြီးတော့တွေတော့ ရေကရှေ့မှာပေါ့နော် ။ ဆက်ပြီးတော့ မလိုက်ရဘူးလား တကယ့်ရေဟုတ်ကဲ့လား ရောက်သွားတဲ့ခါ ရေဇတွေရဲ့လား ။ အဲလိုဆက်ခါ ဆက်ခါ လိုက်သွားတဲ့ခါ သားသမင်အပေါင်းဟာ ရေငတ် ပြီးတော့ မသေကြလား လေ့လာကြနော် ရေသောက်လို့သေတာလား ငတ်လို့သေတာလား ပုံကမတူ စနက်တူပေါ့နော် ။

အခုလည်းတရားနာပရိသတ်တွေ စိစစ်ဖို့မကောင်းလား လူချမ်းသာရှာကြတာ တွေ့ကြပြီလား နတ်ချမ်းသာရှာတာ တွေ့ကြပြီလား ဗြဟ္မာချမ်းသာရှာတာ တွေ့ကြပြီလား တွေ့တာက လူချမ်းသာလား ဒုက္ခသစ္စာလား နတ်ချ

www.dhammadownload.com

မ်ိးသာလား ဒုက္ခသစ္စာလား ဖြဟ္မာချမ်ိးသာလား ဒုက္ခသစ္စာလား ။ လူချမ်ိး သာ နတ်ချမ်ိးသာ ဖြဟ္မာချမ်ိးသာက တံလျှပ်ပမာဏနော် အဲလိုစိစစ်ဖို့မ ကောင်းလား အနှစ်သာရ မရှိဘူး လေ့လာဖို့မကောင်းလား ။ ဒီလိုဆို သူ့အ ပါ သာယာ နှစ်သက်စရာ လိုသေးရဲ့လား ။

သခ်ါရကွန္ဓာ ၄က်ပျော ပမာဏနော် ပုညာဘိသခ်ါရ အပုညာဘိသခ်ါရ အာနေဉ္စာဘိ သခ်ါရပေါ့ ပုညာဘိတဲ့ ဒါနကုသိုလ်ပေါ့ သီလကုသိုလ်ပေါ့ သစ္စာမသိဘဲနဲ့ လှူတဲ့ဒါနနော် အဲလိုစိစစ်ဖို့မကောင်းလား သစ္စာထိန်းသိမ်း တဲ့ သီလပေါ့နော် အဲဒါပုညာဘိသခ်ါရ သခ်ါရလို့ပါ အိုနာသေလွတ်ကဲ့လား သူနောက်က အဝိဇ္ဇာမပါဘူးလား အဲလိုစိစစ်ဖို့မကောင်းလား အိုနာသေ မ လွတ်ဘူးနော် ဒါကြောင့် ပုညာဘိသခ်ါရ အဲဒါဝဋ္ဋဒုက္ခလို့ ဘုရား မဟောဘူး လား ဆရာတော် သမားတော်တွေ မဟောဘူးလား ဝဋ္ဋဒုက္ခ

သစ္စာသိပြီးလို့ လှူတဲ့အလှူ ကြတော့ ခန္ဓာကိုရချင်သေးရဲ့လား ခန္ဓာက လွ တ်ချင်လို့လှူတာနော် ကျွတ်ချင်လို့လှူတာနော် အဲဒါ ဝိဝဋ္ဋဒုက္ခ အဲလိုလေ့ လာဖို့မကောင်းလား အဲဒါမှ အစစ်ကွဲနော် အဲလိုလေ့လာဖို့လိုတယ်

ဝိညာဏကွန္ဓာ မျက်လှည့်ပမာဏလို့ မဟောဘူးလား မျက်လှည့် ပြ တဲ့ရွှေငွေ ကျောက်သံပတ္တမြား သုံးလို့ရရဲ့လား မျက်လှည့် ပြတဲ့ဆန်တွေ ချ က်လို့ပြုတ်လို့ရရဲ့လား တကယ့်ဆန်မှ မဟုတ်ဘဲကို တကယ့်ရွှေပါ့ မဟု တ်ဘဲ ကိုးနော် သို့သော် တူတော့မတူဘူးလား ဒါကြောင့် မျက်လှည့် ပမာဏလို့ ဥပမာမပေးဘူးလား တစ်နည်း အားဖြင့် အိမ်မက်ပမာဏလို့မ ပေးဘူးလား တကယ်အနှစ်သာရရှိတဲ့တရားလား ငါးပါးစလုံးကို တစ်ခုပါ့ အနှစ်သာရမရှိဘူးကွဲနော်

www.dhammadownload.com

အဲလိုခန္ဓာရဲ့ အကျိုးအပြစ်ကိုသိရင် နောင်တစ်ဖန်ဒီခန္ဓာမျိုး ရချင်သေး ရဲ့လား လက်ရှိခန္ဓာ မတွယ်တာဘူးနော် အဲလိုလေ့လာဖို့မကောင်းလား ဒေသချာစိစစ်ဖို့လိုတယ် ကြားလား ထိထိမိမိ သဘောပေါက်ဖို့လိုတယ် ... အဲလိုလေ့လာဖို့မကောင်းလား ဒါကြောင့် ခန္ဓာပေါ်မှာ နှလုံးသွင်းမှားလို့ဖြစ်တာကွဲ့

ကဲ နှလုံးသွင်းမှားတာ ဘယ်သူလဲ အဝိဇ္ဇာ လိုချင်တာဘယ်သူလဲ မရရင် မနေဘူးလို့စွဲလန်းတာ အဝိဇ္ဇာ တဏှာ ဥပါဒါန်နော် သစ္စာဖွဲ့တော့ ဘာသစ္စာလဲ ကိုယ်ထင်တာက သားတွေ သမီးတွေပေါ့ စိစစ်ဖို့ မကောင်းလား တွေ့တာက သားတွေ သမီးတွေလား အဝိဇ္ဇာ တဏှာ ဥပါဒါန် လား အဲဒီသုံးခု သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ လူလား သမုဒယသစ္စာလား နတ်လား သမုဒယသစ္စာလား ဗြဟ္မာလား သမုဒယသစ္စာလား ဆြေ့ သားတွေသမီးတွေလား သမုဒယသစ္စာလား သမုဒယသစ္စာလို့အမှန်သိတာ သူငါလား မဂ္ဂသစ္စာလား မဂ္ဂသစ္စာကသိတာကွဲ့ လေ့လာဖို့မကောင်းလား ။

သမုဒယအကြောင်းရှိသမျှ အကျိုးခန္ဓာ မပေါ်လား ပေါ်နေတာ ဒါ လူလား ခန္ဓာငါးပါးလား နတ်လား ခန္ဓာငါးပါးလား ဗြဟ္မာလား ခန္ဓာငါးပါးလား ခန္ဓာရတဲ့ပုဂ္ဂိုလ် အိုနာသေ လွတ်ကဲ့လား ဘာသစ္စာလဲ လူချမ်းသာလား ဒုက္ခသစ္စာလား နတ်ချမ်းသာလား ဒုက္ခသစ္စာလား ဗြဟ္မာ ချမ်းသာလား ဒုက္ခသစ္စာလား ဒုက္ခသစ္စာအမှန်ပိုင်းခြားသိ သမ္မာဒိဋ္ဌိလို့မဟောဘူးလား။ နှလုံးသွင်းမှားတဲ့ မိစ္ဆာဒိဋ္ဌိမချုပ်လား ။ ကဲ အလင်းရောင်ပေါ်တော့ အမှောင်ပျောက်တယ်နော် ဒုက္ခသစ္စာပိုင်းခြားသိတော့ သမ္မာဒိဋ္ဌိ တဏှာလာသေးရဲ့လား ဥပါဒါန်လာသေးရဲ့လား ကံလာသေးရဲ့လား ။ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မပြတ်လား နောက်ခန္ဓာဇာတ်မသိမ်းလား နိဂြောဓသစ္စာ လို့မဟောဘူးလား ။

www.dhammadownload.com

နိရောဓဆိုတာ ကိလေသာ ချုပ်တာ နောက်ခန္ဓာမလာတာ ဒါ နိရောဓ လို့ခေါ်တာ ကိလေသာချုပ် ခန္ဓာချုပ်တာနော် ။ အဲလိုလေ့လာဖို့ မကောင်းလား ဒါမို့ မူလနှစ်ဖြာ အဝိဇ္ဇာနဲ့တဏှာလို့ မဟောဘူးလား အဲဒါကိလေသာချုပ်ဖို့လိုတာ အဝိဇ္ဇာနဲ့တဏှာပြုတ်ဖို့ အဲလိုဆိုရင် ကမ္မဋ္ဌာန်းမှန်တာပေါ့ ။ အဲဒါကလွဲလို့ ရှိသေးရဲ့လား ။ အင်း အဲလိုစိစစ်ဖို့ မကောင်းလား သိမှပယ်နိုင်တာနော် ။

မကြားစဖူး ကြားဖူးထပ်မံတဲ့။ ရှေးထက်ကျော်ကာရီကနေပြီးတော့ ဓမ္မဒိန္နာနှင့် ဝိသာခသူဌေး ဝိသာခါ ဆိုတာမိန်းမ ဝိသာခဆိုတာက ယောကျ်ား မင်္ဂလာလက်ထပ်တာ မိန်းမဘက်က မင်္ဂလာလက်ထပ် ဓမ္မဒိန္နာ ကုဋေ့လေးဆယ် လက်ဖွဲ့တာတွေနော် ယောကျ်ားဖက်ကလည်း ကုဋေ့လေးဆယ် ကုဋေ့ရှစ်ဆယ် ရသွား တာပေါ့ကွဲ့ ။ သူဌေးဖြစ်သွားတော့တာကြားလား ဘယ်ဓလာက်များအားရစရာ ကောင်းလည်းနော်။ ရှေးဘုန်း ရှေးကံတွေ ကောင်းလိုက်တာကြားလား ။

မင်္ဂလာလက်ထပ်လို့ သည် ဘုံခုနှစ်ဆင့် တိုက်နဲ့တာနဲ့ ကြားလား ခုနှစ်ဆင့် ဝိသာခသူဌေးက ထမင်းစားပြီး မြတ်စွာဘုရားကျောင်းတော်ကိုသွား ညဓနလေးနာရီမှ ပြန်လာခဲ့ တယ်ကြားလား နေ့စဉ်နဲ့တကွ တရားနာသွားတယ်နော် ။ ဓမ္မဒိန္နာက ကာမဂုဏ်ပျော်ဖို့ အလှပြင်လို့ဘဲ နေတယ် ကြားလား ။ အဲဒါသူကျောင်းပြန်တဲ့ခါမှာ ဘုရားကျောင်းတော်က အပြန်မှာ လမ်းက သွားကြိုတာပေါ့ လက်တွဲပြီးတော့ ပြန်လာခဲ့တယ် ကြားလား ။

အဲဒီလိုတစ်လကနှစ်လ နှစ်လကသုံးလ သုံးလကြာတော့ သောတာပန်ဖြစ်။ သောတာပန်ကနေ သကဒါဂါမ်ဖြစ် အဲဒါလည်းလက်တွဲတုန်း။ လေးငါးခြောက်လလောက် ကြာတဲ့အခါ အနာဂါမ်ဖြစ်သွားတယ်ကြားလား ။ ဝိသာခသူဌေးလေ ။ အခါတိုင်းက လက်ကို သွားကိုင်တာ ငါ့လက်ကိုမကိုင်နဲ့

www.dhammadownload.com

မထိနဲ့ ။ တည်တည်ကြီးပေါ့ ။ခါတိုင်းကအကိုင်ခံတယ် အဲဒီနေ့ကအကိုင်မခံတော့ဘူး ။

အင်း ဓမ္မဒိန္နာက စဉ်းစားတယ် အင်း မုသာဝါဒါ ပိသုဏာဝါစာ သူနှစ်ဦးရဲ့အချစ်ကိုဖျက်ဆီးတာ ပိသုဏာဝါစာ လို့ မဟောဘူးလား ကုန်း(ဂုံး)ချောတာပေါ့ တစ်ဦးတစ်ယောက်က ငါ့ကို လင်ငယ်ရှာတယ်လို့ပြောလို့ အထင်လွဲ တော့ တာရှိမှာ မတွေးဘူးလား လင်ငယ်ရှာတယ်ပြောလို့ငါ့ကို မသက််တာပေါ့ အင်းတွေးတယ်နော် အတန်ငယ်ကြာတော့ ယောက်ျားများအိမ်ထောင်အသစ်ပြုချင်ရင် မူပြောင်းတယ် ဒီလိုကား မတွေးပေဘူး လား တွေးနေတာ ကာတယ် တိုက်ရိုက်မေးမယ် သူဌေးကြီး သူဌေးကြီး ကျွန်မ ဘာအပြစ်ရှိသလဲ ဘာအပြစ်မှ မရှိဘူး ဘာအပြစ်ပါ့မရှိရင် အခါတိုင်းနဲ့မတူပါလား တရားရဲ့သဘောကိုးတဲ့ ကြားလား

သူကတရားပါ့ မသိတာ နားလည်ပါ့မလား နားမလည်ဘူး အင်း အနေထိုင်ရခက်ချေရဲ့ နည်းနည်း ပါးပါးတော့ ပြောဦးမှပေါ့နော် ငါနဲ့အတူနေချင်ရင် ဒေးချင်းအရင်း အူတုံ့ဆင်းကဲ့သို့ မောင်နမအနေနဲ့ နေလို့ရတာပေါ့ လင်မယားအနေနဲ့ နေလို့မရဘူး အဲဒီလို နေမယ်ဆိုရင် နေလို့ရတယ် သို့မဟုတ်ဘူးဆိုရင် အိမ်ထောင်အသစ်ပြုမယ်ဆိုလည်းပြု ငါခွင့်ပြုတယ် ငါ့ဖက်ကပါတဲ့ ကုဋ္ဌေလေးဆယ်လည်းမင်းယူ အိမ်ထောင်ပြုမယ်ဆိုတော့ ခွင့်ပြုတာပေါ့ အဲဒီစကားလေးခင်းလိုက်တဲ့ခါ အင်း သူဌေးကြီးကအိမ်ထောင်ပြုချင်တာ မဟုတ် တရားပေါက်တာရှိမှာ လို့မတွေးဘူးလား တရားပေါက်တာရှိမှာလို့တွေးတော့တာနော်

သူဌေးကြီးသူဌေးကြီး ကျွန်မတို့ မိန်းမသား တွေကား တရားအားထုတ် ဖြစ်သလား မမေးရဘူးလား  တရားဆိုတာ မိန်းမယောက်ျား ရွေးတာ မဟုတ်ဘူးကွဲ့ ကြားလား ဘယ်သူပဲ့ အားထုတ် အားထုတ် ဖြစ်တာပေါ့ ဒီလိုဆို

www.dhammadownload.com

သူဌေးကြီးက ကျွန်မကို ပိုင်တာကိုး အခွင့်ပြုစမ်းပါလို့ မတောင်းပန်ဘူး လား ဝမ်းသာလိုက်တာကွာ ဝမ်းသာလိုက်တာ တဲ့နော် ။ ကျွန်မ ဖက်ကပါ တဲ့ ကုဋ္ဌေလေးဆယ်လည်း သူဌေးကြီးယူတော့တဲ့ ။ တရားသိတာမဟုတ် ဘူးကြားလား ။ သံဝေဂနဲ့ စွန့်နေတာ ။အဲဒါနဲ့ တရားအားထုတ်ဖို့ စွန့်တဲ့ခါ ကတော့ ဗိမ္မိသာရမင်းကြီးကို အကြောင်းကြားရတာ ။ အကြောင်းကြားဖ တာ့ ခါ ရွှေထမ်းစင်ပို့လိုက်တော့တာကြားလား ရွှေထမ်းစင်နဲ့ထမ်းပြီးတော့ မြတ်စွာဘုရား ကျောင်းတော်ပို့ရတယ်နော် မြတ်စွာဘုရား ကျောင်းတော်ဖ ရောက်တဲ့ခါ အကျိုးအပြစ်တွေ မမေးရဘူးလား။ မေးလိုက်တဲ့အခါကြတော့ တရားအစသံဝေဂဖြစ်ပြီးတော့မှ ရတာ ကတုံးတုံးလိုက်တာကြားလား ဆံပ ယ် တော့တာပေါ့ ။

အဲ ဓမ္မဒိန္နာရဲ့ ဆံက နောက်ကိုဒီလိုသာလှန်လိုက်ရင် သူ့ကျောမမြင်ရဘူး ဆံပင်ကထုကောင်း တာကိုး ရှည်တာကခြေမျက်စိရောက်တယ် ကြားလား ကော့တက်ပြီးတော့ လာတော့တာ သူ့ဆံပင်ကလေ အကုန်လုံးက မိန်းမ တို့ဘုန်း ဆံထုံး ယောကျ်ားတို့ဘုန်း လက်ရုံးတဲ့ကြားလား အခုလူတွေက ပ ခုံးတောင် မရောက်ပါဘူး ။ဆံပင်ဟာ ။ ပခုံးတောင် မရောက်ဘူးကြားလား လေ့လာဖို့မကောင်းလား ရှေးကအဲဒီလို ထားတာကွဲ့ ရှေးက ရှေးက စိစစ် ဖို့မကောင်းလား ။

ဓမ္မဒိန္နာ အဲဒါတရားအားထုတ်တာ လေးငါး ခြောက်လ ကြာတယ်နော် ဒ လေးငါးခြောက်လကြာ ဟိမဝန္တာ သွားတော့တာပေါ့ ။ ဟိမဝန္တာသွားပြီးတော့ တရားအား ထုတ်တာ သောတာပန်ဖြစ် သောတာပန်က သကဒါဂါမ်ဖြစ် သကဒါဂါမ်က အနာဂါမ်ဖြစ်တော့ခါ အော် သူဌေးကြီး သူဌေးကြီး ကျွန်မကို အကိုင်မခံတာ ဒီနေရာကိုးတဲ့ကြားလား ။ အနာဂါမ်ကြတော့ သဘော ပေါ က်သွားပြီ အကိုင်မခံတာ ဒီနေရာ ဒီအခါမှ မြွေမြွေ ခြင်းခြေမြင်တယ်လို့မ

www.dhammadownload.com

ဟဘူးလား ။ အင်းနောက် ဆက်ပြီးတော့အားထုတ်တော့ ရဟန်းကိစ္စ မပြီးဘူးလား ပြန်လာခဲ့တော့တာ ။

သူဌေးကြီးကအင်း လူထွက်ဖို့ များပြန်ခဲ့တော့တာလား ။တရားပေါက်ရင်လည်း မြန်လှတကား ။ငါတရားနဲ့မေးမှတော်မယ် တရားနဲ့မေးတာ မင်္ဂတ်စဉ်နဲ့ မေးတော့တာ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် အရဟတ္တမဂ် အရဟတ္တဖိုလ် အဲဒီခါ အနာဂါမ်ထိတော့ သူဌေးကြီးကရတယ်နော် အနာဂါမ်ရဲ့ဟိုဖက်ကြကတော့ သူဌေးကြီးကမမှီတော့ဘူးကြားလား ရဟန်းကိစ္စပြီးတာ နောက်လအရင် ရောက်သွားတာ ဓမ္မဒိန္နာကွဲကြားလား ။ဉာဏ်ထက်ပါပေတယ်တဲ့နော် ရဟန်းကိစ္စပြီးမသွားလားဟဲ့ ။

အခု လည်း ဒီလိုတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ဒီလိုကြိုးစားသော် မဖြစ်နိုင်ဘူးလား ဖြစ်နိုင်တယ်ကွဲ့နော် ဤ နေရာရောက်အောင်ကြိုးစားအားထုတ်ပေါ့ ဒုက္ခသစ္စာ ပိုင်းခြားသိတော့ခါ လေးကြိမ်မြောက်ရဟန်းကိစ္စမပြီး ဘူးလားဟဲ့ အဲဒီနေရာရောက်အောင် ကြိုးစားအားထုတ်ကြနော် ။

သစ္စာဖွဲ့တဲ့ထဲမှာမပါဘူးလား နလုံးသွင်းမှား လို့ လောဘကိလေသာဖြစ်တာ ။ ရူပက္ခန္ဓာလို့သိ အနိစ္စလို့သိ ဝေဒနက္ခန္ဓာလို့သိ အနိစ္စလို့သိ သညာက္ခန္ဓာလို့ သိ အနိစ္စလို့သိ သင်္ခါရက္ခန္ဓာလို့သိ အနိစ္စလို့သိ ဝိညာဏက္ခန္ဓာလို့သိ အနိစ္စလို့သိ ။ ခန္ဓာငါးပါးလို့သိတော့ ဒိဋ္ဌမပြုတ်လား ။ဒိဋ္ဌပြုတ်ရင် ဝိစိကိစ္ဆာမချုပ်လား အာသဝနဲ့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တယ် ။ အနိစ္စသိတော့ တဏှာမသေလား ။ တဏှာသေရင်ဥပါဒါန်လာဦးမလား ကိလေသဝဋ်မချုပ်လား ။ ကိလေသဝဋ်ချုပ်ရင် ကမ္မဝဋ် လာပါ့မလား။ နောက်ခန္ဓာဏတ်မသိမ်းလား ။ နိရောဓသစ္စာ အဲလိုလေ့လာဖို့ မကောင်းလား ။

www.dhammadownload.com

ကဲ... ထိဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက (မဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယသစ္စာပါဘုရား) နောက်ခန္ဓာ မလာတာက (နိရောဓသ စ္စာပါဘုရား)
ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက်ရှိပါတယ်ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား) ငါးလေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ် သည် သံသရာမှ လွတ်ကြောင်းတည်း)

ကျမာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ ။ ဤလောကုတ္တရာတရား ကိုးပါးအားဖေလျာ်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ။ ဗုဒ္ဓံ မြတ်စွာဘုရားကို ။ ပူဇေမိ ဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

ကျမာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ ။ ဤလောကုတ္တရာတရား ကိုးပါးအားဖေလျာ်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ။ ဓမ္မံ တရားတော်မြတ်ကို ပူဇေမိ ဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

ကျမာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ ။ ဤလောကုတ္တရာတရား ကိုးပါးအားဖေလျာ်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ။ သံဃံ သံဃာတော်အရှင်မြတ်ကို ။ ပူဇေမိ ဒုက္ခသစ္စာသိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

ဤကဲ့သို့ ပြုလုပ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် အဓိဋ္ဌာန်ကုသိုလ် ပါရမီကုသိုလ် ဝိပဿနာ မဟာကုသိုလ်တို့၏ အကျိုးအားကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရပါလို၏ အရှင်ဘုရား။

www.dhammadownload.com

ထိုကုသိုလ်၏ အကျိုးကိုလည်း မိခင်ဖခင် ကျေးဇူးရှင်တို့အားငှင်း အနမတဂ္ဂ သံသရာမှစ၍ တော်စပ်ခဲ့ဘူးသော မိခင်ဖခင် ကျေးဇူးရှင် အပေါင်းတို့အားငှင်း အာစရိယာနဉ္စ ဆရာသမားတို့အားငှင်း ဣမာသံ ပရိသာနဉ္စ တရားနာအစည်းဝေး သို့ကြွရောက် လာကြကုန်သော တရားနာပရိသတ်တို့အားငှင်း ရေမြေသနင်း ပြည့်ရှင်မင်း တို့အားငှင်း  ငရဲသနင်း ယမမင်း တို့အားငှင်း

ကိုယ်စောင့်နတ် အိမ်စောင့်နတ် ကျောင်းစောင့်နတ်  ဓမ္မာရုံစောင့်နတ်  ဘုမ္မစိုးနတ် ရုက္ခစိုးနတ် အာကာသစိုးနတ် တောစောင့်နတ် တောင်စောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် သာသနာတော်စောင့်နတ် စတုလောကပါလနတ်မင်းကြီးမှစ၍ သုံးဆယ့် တစ် ဘုံ ကျင်လည်ကြကုန်သော ဝေနေယျသုခိတ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား ဘာဇေယျာမ အမျှ အမျှ အမျှ အမျှပေးဝေပါကုန်၏ အမျှရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ လိုအင်ဆန္ဒ တလုံးတဝတည်း ပြည့်ဝကြပြီးလျှင် သူတော်ကောင်းတရား ကြိုးစား ပွါးများ အားထုတ် နိုင်လွယ် ကြသည်ဖြစ်စေ...

အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု။
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု။
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု။

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တောရကျောင်း ၊ ပဓာနနာယက ဆရာတော်။

www.dhammadownload.com

ကျေးဇူးတော်ရှင်  အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရားကြီး ။

ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ်တွင် ၁၂ - ၁၀ -၂၀၀၇ ခုနှစ် နေ့နှစ်နာရီအချိန် ဟောကြားဆုံးမ တော်မူအပ်သော ဒုဿီလရဟန်းနှင့် ရှင်ဘုရင်ကြီး အကြောင်း ဥပမာပြု ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

ဗုဒ္ဓဿ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မဿ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃဿ-မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုဿ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com

အာစရိယသဿ-ဂိပသဿနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့်ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော  နိဗ္ဗာန်သို့ လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ  ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာ=အဝိဇ္ဇာ။တဏှာ။

သစ္စာနှစ်ခု=သမုဒယသစ္စာ။ဒုက္ခသစ္စာ။ သမုဒယသစ္စာ။ဒုက္ခသစ္စာ။

လေးခုအလွှာ=အတိတ်အကြောင်းတစ်လွှာ။ပစ္စုပ္ပန်အကျိုးတစ်လွှာ။ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ အနာဂတ် အကျိုးတစ်လွှာ။

www.dhammadownload.com

အင်္ဂါတစ်ဆယ့်နစ်ပါး =အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ကမ္မဘဝ။ဇာတိ။ဇရာမရဏ။

တရားကိုယ်များနှင့်= အဝိဇ္ဇာအစ ဇရာမရဏ အဆုံး။

သုံးပါးအစပ်=သင်္ခါရ နှင့်ဝိညာဏ် ကြားမှာ တစ်စပ်။ဝေဒနာ နှင့်တဏှာ ကြားမှာ တစ်စပ်။ ကမ္မဘဝ နှင့်ဇာတိ ကြားမှာ တစ်စပ်။

ဓ့ စ်ရပ်မူလ = တဏှာ နှင့် အဝိဇ္ဇာ။

ဝဋ်သုံးဝ=ကိလေသဝဋ်။ကမ္မဝဋ်။ဝိပါကဝဋ်။

ကာလ သုံးဖြာ=
လွန်လေပြီးသောအတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ ။

ခြင်းရာ နှစ်ဆယ်=
အတိတ်အကြောင်းခြင်းရာငါးပါး ။
ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး။
ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး။
အနာဂတ် အကျိုးခြင်းရာငါးပါး။

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အတိတ်အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။

www.dhammadownload.com

(၂)အဝိဇ္ဇာ သခၤါရ တဏှာ ဥပါဒါန် ဘဝ ဝဋ္ဋအနေနဲ့ ဘယ်ဝဋ္ဋထဲ သွင်းမှာလဲ။

ကိလေသဝဋ္ဋ နှင့် ကမ္မဝဋ္ဋ ပါဘုရား။

(၃)ကိလေသဝဋ္ဋ နှင့် ကမ္မဝဋ္ဋ ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

အဝိဇ္ဇာ တဏှာ ဥပါဒါန်က ကိလေသဝဋ္ဋ ပါဘုရား။

သခၤါရ နှင့် ဘဝက ကမ္မဝဋ္ဋ ပါဘုရား။

(၄)ကိလေသဝဋ္ဋ နှင့် ကမ္မဝဋ္ဋ ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။

အတိတ်အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။

(၅)အတိတ်အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။

အဝိဇ္ဇာ သခၤါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။

(၆)အဝိဇ္ဇာ သခၤါရ တဏှာ ဥပါဒါန် ဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

သမုဒယသစ္စာ ပါဘုရား။

(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။

(၁)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]

(၁) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။

တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခၤါရ ပါဘုရား။

(၂) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခၤါရ ဝဋ္ဋအနေနဲ့ ဘယ်ဝဋ္ဋထဲ သွင်းမှာလဲ။

ကိလေသဝဋ္ဋ နှင့် ကမ္မဝဋ္ဋ ပါဘုရား။

(၃)ကိလေသဝဋ္ဋ နှင့် ကမ္မဝဋ္ဋ ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

တဏှာ ဥပါဒါန် အဝိဇ္ဇာက ကိလေသဝဋ္ဋ ပါဘုရား။

ဘဝ နှင့် သခၤါရက ကမ္မဝဋ္ဋ ပါဘုရား။

www.dhammadownload.com

(၄)ကိလေသဝဋ္ဋ နှင့် ကမ္မဝဋ္ဋ ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၆) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၁)နှင့် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)-နှင့် (၃)ခြားနားပုံမှတ်ချက်။

*(၃)အကွက်က သမုဒယသစ္စာ ၊(၁)အကွက်က သမုဒယသစ္စာ၊အခေါ်မတူဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူကြောင်းသော်လည်း အတိတ်နဲ့ ပစ္စုပ္ပန် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အတိတ် ဆိုတော့ လွန်ခဲ့ပြီးပြီ အသုံးချလို့ရပါ့မလား။
မရပါဘုရား။
*အတိတ်က သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
အဝိဇ္ဇာဦးစီးပါတယ်ဘုရား။
*ပစ္စုပ္ပန်သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
တဏှာ ဦးစီးပါတယ်ဘုရား။
*ပိုင်းခြားသိဖို့ မလိုဘူးလား။

www.dhammadownload.com

လိုပါတယ်ဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝင်္ဆအနေနဲ့ ဘယ်ဝင်္ဆထဲ သွင်းမှာလဲ။
ဝိပါကဝင်္ဆ ပါဘုရား။
(၃)ဝိပါကဝင်္ဆ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၈) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အနာဂတ် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။

www.dhammadownload.com

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။

(၈)ဒုက္ခသစ္စာ ဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။
>>ရူပက္ခန္ဓာ-ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝေဒနာက္ခန္ဓာ-ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သညာက္ခန္ဓာ-မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သင်္ခါရက္ခန္ဓာ-စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝိညာဏက္ခန္ဓာ-သိတတ်သော သဘောအစု ဖြစ်ပျက်မှု။ပါဘုရား-
(၉)ခန္ဓာငါးပါး ဖြစ်ပျက်မရလား။
ရပါတယ်ဘုရား။

www.dhammadownload.com

(၁၀)ဖြစ်ပျက် ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။

(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၂)နှင့် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၂)-နှင့် (၄)ခြားနားပုံမှတ်ချက်။

*(၄)အကွက်က ဒုက္ခသစ္စာ ၊(၂)အကွက်က ဒုက္ခသစ္စာ၊အခေါ်မတူဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း ပစ္စုပ္ပန် နဲ့ အနာဂတ် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အနာဂတ်ရောက်ပြီလား။မရောက်သေးပါဘူးဘုရား။
မရောက်သေးရင် အသုံးချလို့ရပါ့မလား။
မရပါဘုရား။
*အခု ရောက်ဆဲ ဘယ်အကွက်မှာလဲ။
ပစ္စုပ္ပန် (၂)အကွက်မှာပါ ဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရုစ်သွယ်ကို-----။

www.dhammadownload.com

အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)လွန်လေပြီးသော အတိတ်ကာလ ကို ဖော်ပြပါ။
အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၂)အဝိဇ္ဇာ သင်္ခါရ  ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ က ကိလေသဝဋ် ပါဘုရား။
သင်္ခါရ က ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
လွန်လေပြီးသော အတိတ် ကာလ ပါဘုရား။
(၅) လွန်လေပြီးသော အတိတ် ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၆)အဝိဇ္ဇာ သင်္ခါရ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အတိတ် အကြောင်းတစ်လွှာ ပါဘုရား။
(၇) အတိတ် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သင်္ခါရ ပါဘုရား။
(၈)အဝိဇ္ဇာ သင်္ခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

www.dhammadownload.com

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလ ကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ
တဏှာ ဥပါဒါန် ကမ္မဘဝပါဘုရား။
(၂)ယခုဖြစ်ဆဲကိုဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၃) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၄)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၅)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ကာလ အနေနှင့် ဘယ် ကာလ ထဲ သွင်းမှာလဲ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ပါဘုရား။
(၆) ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၇)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အလွှာ အနေနှင့် ဘယ် အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုးတစ်လွှာ ပါဘုရား။
(၈) ပစ္စုပ္ပန် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၉)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၁၀) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

www.dhammadownload.com

ဒုက္ခသစ္စာ ပါဘုရား။
(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ပစ္စုပ္ပန်ကာလ ကို ဆက်ပြီး ဖော်ပြပါ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၂)တဏှာ ဥပါဒါန် ကမ္မဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန်  က ကိလေသဝဋ် ပါဘုရား။
ကမ္မဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်း ကာလ ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၆)တဏှာ ဥပါဒါန် ကမ္မဘဝ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်းတစ်လွှာ ပါဘုရား။
(၇) ပစ္စုပ္ပန် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၈)တဏှာ ဥပါဒါန် ကမ္မဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။

www.dhammadownload.com

(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ ကို ဖော်ပြပါ။
ဇာတိဇရာမရဏ ပါဘုရား။
(၂) ဇာတိဇရာမရဏဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၃)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၄)ဇာတိဇရာမရဏ ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး ကာလ ပါဘုရား။
(၅) အနာဂတ် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၆)ဇာတိဇရာမရဏ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုးတစ်လွှာ ပါဘုရား။
(၇) အနာဂတ် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၈)ဇာတိဇရာမရဏခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၉) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၀) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

“ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ” ။
ကိလေသဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၃)ပါး ပါဘုရား။
ကမ္မဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၂)ပါးပါဘုရား။
ဝိပါကဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၈)ပါး ပါဘုရား။

#“ကိလေသဝဋ္ဋ (၃)ပါး” ကိုဖော်ပြပါ။
“အဝိဇ္ဇာ တဏှာ ဥပါဒါန်”ပါဘုရား။

သစ္စာလေးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ခန္ဓာငါးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။

www.dhammadownload.com

အာယတန(၁၂)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ဓါတ်(၁၈)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ပဋိစ္စသမုပ္ပါဒ် တရားတော် ကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
"သိသင့် သိ ထိုက်တဲ့ တရား "ကို မသိလို့ "အဝိဇ္ဇာ"လို့ မခေါ်လား။
ခေါ်ပါတယ်ဘုရား။
သိ ရင် "ဝိဇ္ဇာ" ပေါ့။

ဤခန္ဓာ အာယတန ဓါတ် သစ္စာ တရားအပေါ်မှာ
လူ နတ် ဗြဟ္မာ သတ္တဝါလို့
ဧ၃ လုံးသွင်းမှားတာကော---?
အဝိဇ္ဇာ ပါဘုရား။
ဧ၃ လုံးသွင်းမှားတာ "အဝိဇ္ဇာ" နော်။

ဤခန္ဓာ အာယတန ဓါတ် သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်
လား----?
ပျက်ပါတယ်ဘုရား။
ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။
ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။
ထင်ရှားပါတယ်ဘုရား။

ဤဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ ဧ၃
လုံးသွင်းမှားတာကော ----?

www.dhammadownload.com

“အဝိဇ္ဇာ” ပါဘုရား။

နှ လုံးသွင်းမှားတော့  လိုချင်တာ ဘယ်သူလဲ။
“တဏှာ” ပါဘုရား ။

မရရင် မနေဘူးလို့ စွဲလမ်းတာ---?။
“ဥပါဒါန် ”ပါဘုရား။

အဝိဇ္ဇာ တဏှာ ဥပါဒါန် ၊ကျ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။

#ကမ္မဝဋ် (၂)ပါးကို ဖော်ပြပါ။
သခ်ါရ နှင့် ကမ္မဘဝပါ ဘုရား။

ပါးစပ်က ပြောတော့ ဘယ်သခ်ါရ တပ်မလဲ။
ဝစီသခ်ါရ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သခ်ါရ။
ကာယသခ်ါရ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်သခ်ါရ။
စိတ္တသခ်ါရ ပါဘုရား။

ပါးစပ်က ပြောတော့ ဘယ်ကံလဲ။
ဝစီကံ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။
ကာယကံ ပါဘုရား။

www.dhammadownload.com

စိတ်က ကြံစည်တော့ ဘယ်ကံလဲ။
မနောကံ ပါဘုရား။

ကာယကံ ဝစီကံ မနောကံ
ဤ(၃)ပါး ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကမ္မဝဋ် ပါဘုရား။

ကိလေသဝဋ် နဲ့ ကမ္မဝဋ် ကို သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

ဝိပါကဝဋ် (၈)ပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဏှတိ ဇရာ မရဏ ပါဘုရား။
ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၄)အကွက် မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-

www.dhammadownload.com

နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

သာဓု သာဓု သာဓု။

မူလနှစ်ဖြာ တစ်ခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အဂ်ီတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠှသုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝိညာဏ်မြင် သမ္မုတိသစ္စာအားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရမယ်လို့မဟောလား ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအဆုံး ကို ကျူးလွန်ရင် ကုသိုလ်လား အကုသိုလ်လား အကုသိုလ်ကံအကြောင်းကြောင့် အကျိုးတရားက သေသည်ရဲ့ အခြားမဲ့၌ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လို့မဟောလား ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား အကုသိုလ်ကံကြောင့်ဖြစ်တာနော် ယုံကြည်ဖို့မကောင်းလား

ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိအဆုံး ကိုရှောင်ကြဉ်ရင် အကုသိုလ်လား ကုသိုလ်လား ကုသိုလ်ကံ အ

www.dhammadownload.com

ကာင်းကြောင့် အကျိုးတရားက လူ့ပြည် နတ်ပြည်ခြောက်ထပ်လို့ မဟာဘူးလား ဆင်းရဲတဲ့တရားလား ချမ်းသာတဲ့တရားလား ဒါကုသိုလ်ကံကြောင့်ဖြစ်တာနော်

အကုသိုလ်ကံ ကုသိုလ်ကံ တရား နှစ်ပါးကို ယုံကြည်ရင် ဗေဒင်မေးဦးမလား နတ်ကတော်မေးဦးမလား ဝိဇ္ဇာတွေမေးဦးမလား ဗေဒင်မေးတယ် နတ်ကတော်မေးတယ် ဝိဇ္ဇာမေးတယ်ဆိုတာ ကံကိုမယုံလို့ပေါ့နော် စိစစ်ဖို့မကောင်းလား ကံကို ယုံတဲ့ပုဂ္ဂိုလ် မေးစရာ လိုသေးရဲ့လား အဲဒါကံကံ၏အကျိုးကို ယုံကြည်ဖို့ လိုတယ်ကြားလား

သက်ရှိသတ္တဝါ ကမျဉ်းနီကစ ဆင်ကောင်ကြီးထိ သတ်မယ်ဆို ပါဏာတိပါတကံ မထိုက်ဘူးလား ပါဏာတိပါတကံ ထိုက်ရင် သေသည်ရဲ့အခြားမဲ့၌ အပါယ်ကလွတ်ပါ့မလား။ အပါယ်ကိုကျ ငရဲကိုအားရ အောင်ခံ ငရဲသက်စေ့ တိရစ္ဆာန်ဘဝကို ရောက်တာများတယ်နော် ။တိရစ္ဆာန်ဘဝ ဆိုတာ နိုင်ရာစားဘဝပေါ့ ။ တိရစ္ဆာန်ဘဝသေတော့ငရဲ ။ ငရဲကသေရင် တိရစ္ဆာန်။ ရှေးဆရာတော်သမားတော်တွေ ငရဲနဲ့တိရစ္ဆာန် ရက်ကန်းရှယ်သလို လို့မဟာဘူးလား အကုသိုလ်ချင်းထပ်သွားတာကွဲ့ လူဖြစ်ဖို့ရဖို့လွယ်ပါ့မလား ။ ကဲ အခုငရဲက ကျွတ်လို့ လူ့အဖြစ်ကိုရတယ်ထား။ လူဖြစ်တဲ့ဘဝမှာ မွေးမွေးခြင်းသေတဲ့ ကလေးတွေမရှိလား။ လသားနဲ့ သေတာ မရှိလား ။ကျောင်းသားအရွယ်နဲ့သေတာမရှိလား ။ သူဌေးသားဘဲဖြစ်ဖြစ် သူဌေးသမီးဘဲဖြစ်ဖြစ် ငယ်ငယ်ရွယ်ရွယ်နဲ့ သေတော့သူဌေးရဲ့ စည်းစိမ်ကိုခံစားရရဲ့လား ။ အိုးပုတ်ချိုးရုပ်နဲ့ပျော်လို့ သေတော့တာ နော်။ လူဖြစ်ကျိုးရှိးတာပေါ့ ။ အသက်တိုတယ်လို့မပြောလား ။ အသက်တိုတာ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ်တာလား ။ အသက်တိုတဲ့ အကြောင်းရာကြည့်တော့ သက်ရှိသတ္တဝါ တွေ သတ်ခဲ့တာကွဲ့နော် ။ သူတစ်ပါးအသက်ဇ

www.dhammadownload.com

တွကို သတ်ခဲ့တာကိုး ။ ဒါကြောင့်မို့ အသက်တိုတာ ပေါ့နော် ယုံကြည်ဖို့မ
ကောင်းလား ။
အရှေ့အိမ်က အဖိုးကြီးအဖွားကြီး အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ် ။
စားနိုင် တယ် သွားနိုင်တယ် လုပ်နိုင်တယ် မပြောကြဘူးလား ။ သီလကု
သိုလ် ကောင်းတာကိုးလို့ အဖြေမပေး လားဟဲ့ ။ ဘယ်လောက်များ ထင်
ရှားသလဲနော်။

သစ်သီးတစ်လုံး ပန်းတစ်ပွင့် ဟင်းတစ်ညွှန့်ကစ ရွှေ ငွေ ကျောက်သံပတ္တြ
မားအထိ ပိုင်ရှင်အခွင့်မပြုဘဲနဲ့ယူရင် အဒိန္နာကံ မထိုက်ဘူးလား ။ အဒိန္နာ
ကံထိုက်ရင် သေသည်ရဲ့အခြားဌ အပါယ်ကလွတ်ပါ့မလား ။ အပါယ်ကိုကျ
ငရဲကိုအားရအောင်ခံ ။ ငရဲသက်စေ့လူအဖြစ်ကိုရ ။ လူဖြစ်တဲ့ဘဝမှာ အင
တ်ပြဿနာနဲ့ ရင်ဆိုင်ရတယ်နော် ။ ဘယ်လိုဘဲလုပ်လုပ် စားဝတ်နေရေးပြ
ပရဲ့လား ။ အလိုလိုဖြစ်တာလား အကြောင်းကြောင့်အကျိုးတရားပေါ် တာ
လား ။ အင်း အကြောင်းရှာတော့ အတိတ်ဘဝက သူများစားမည့်
အစားအစာကို ခိုးခဲ့တာ သူများဝတ်မည့်အထည်အဝတ်တွေ ခိုးခဲ့တာနော်
။ အဲဒီအကုသိုလ်ကံ အဒိန္နာကံ အပြစ်ကြောင့် အပါယ်ကိုမကျလား ။ အပါ
ယ် ငရဲကလွတ် လူ့အဖြစ်ကိုရဦးတော့ အဝတ်ပြဿနာနဲ့ ရင်ဆိုင်ရတယ်။ ြ
ကားလား အဲဒါအကြောင်းအကျိုးသိဖို့ မလိုလား ။ အဲလိုကြားဖူးတော့ နားဝ
နားဝတော့ အကြောင်းအကျိုးသိတဲ့အတွက် အသစ်အကုသိုလ် ဖြစ်သေး
ရဲ့လား။ ကြွေဟောင်းတော့ ခံရမယ်နော်။ ကြွေးသစ်တင်သေးရဲ့လား ။အဲ
ကြားဖူးတော့ နားဝတာကွဲ့ စိစစ်ဖို့မကောင်းလား။

လင်ရှိ မယား မယားရှိလင် ကျူးကျော်စော်ကားလို့ရှိရင် ကာမေသုမိစ္ဆာစာ
ရကံမထိုက်လား။ သေသည်ရဲ့ အခြားမဲ့ဌ အပါယ်ကလွတ်ပါ့မလား။ အပါ
ယ်ကိုကျ ငရဲကိုအားရအောင်ခံ။ ငရဲသက်စေ့ လူအဖြစ်ရတယ် ။ လူဖြစ်တဲ့

www.dhammadownload.com

ဘဝမှာလူချင်းတူရဲ့လား ။ ကွတ်ထိုလိုင် ပုလိုင် ကြားလား လူဖြစ်ကျိုးရှုံး တာပေါ့။

စားဝတ်နေရေးနဲ့ ပတ်သက်လို့ မုသားကိုအမျိုးမျိုးမသုံးကြဘူးလား ။ သုံးရင်မုသာဝါဒကံမထိုက်လား ။ ထိုက်ရင် အပါယ်က လွတ်ပါ့မလား ။ အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့ လူဖြစ်ရတယ်ထား ။ လူဖြစ်တဲ့ဘဝ မှာ စားဝတ်နေရေးနဲ့ပတ်သက်လို့ ငွေကြေးကိစ္စ ဆန်စပါးကိစ္စ ချေးလို့ငှားလို့ လွယ်ကူစွာရရဲ့လား ။ဘယ်သူမှ အယုံအကြည်မရှိဘူးနော် ။ စားဝတ်နေရေးပြေရဲ့လား အလိုလိုဖြစ်တာလား ။ အကြောင်းကြောင့်အကျိုး တရားပေါ်တာလား ။

ဘိန်း ဘင်း ကဇော် လော်စာ အရက် သေရည်သေရက်ကို သောက်စားလို့ရှိရင် သုရာမေရယကံ မထိုက် လား ။ သုရာမေရယကံ ထိုက်ရင် သေသည်ရဲ့အခြားဌ အပါယ်ကလွတ်ပါ့မလား ။ အပါယ်ကိုကျ ငရဲကိုအားရ ဖအောင်ခံ ။ ငရဲသက်စေ့ လူဖြစ်ရတယ် ။လူဖြစ်တဲ့ဘဝမှာ ရူးတဲ့ပုဂ္ဂိုလ်တွေမြင်ဖူးရဲ့လား ။ လူဖြစ်တော့ လူရူး ခွေးဖြစ်တော့ခွေးရူး ဝက်ဖြစ်တော့ဝက်ရူးဖေပါ့ ။ အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ် တာလား အဲလိုစိစစ်ဖို့မကောင်းလား ။

ဒါကြောင့် ပါဏာတိပါတာ အစ သုရာမေရယ အဆုံး ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌ အဆုံးကို ကျူးလွန်ရင် အကုသိုလ်ပေါ့။ ရှောင်ကြဉ်ရင်ကုသိုလ်ပေါ့ ။ သိတဲ့အချိန် ကရှောင်ရမယ် နော် သိတဲ့အချိန်ကစပယ်ရမယ်နော် အဲလိုဖလှလာဖို့မကောင်းလား ။ ဒါကြောင့် ငါးပါးသီလကို မကြောင် မကြား မကျိုးမပေါက်ရင် နိဗ္ဗာန်မရဦး ဖြစ်တဲ့ဘဝမှာ လူအဖြစ် နတ်အဖြစ်ကို ရတယ်ြ ကားလား အဲဒီ ငါးပါး သီလ အခြေခံပြီးတော့မှ တောင်သူဘဲလုပ်လုပ် အဖရာင်းအဝယ်ဘဲလုပ်လုပ် ဝန်ထမ်းဘဲလုပ်လုပ် ကျဘမ်း ဘဲလုပ်လုပ် ။ ရတဲ့

www.dhammadownload.com

ပစ္စည်းက မသန့်ရှင်းဘူးလား အင်မတန်သန့်ရှင်းတယ်နော် ။ အဲဒါလျှုမယ် ဆို နည်းများမဆို စေတနာအတိုင်းအကျိုးပေးတယ် ကြားလား လေ့လာ ဖို့မကောင်းလား ။

အထည်ပစ္စည်းက (အာယု) သေးလို့ နည်းငြားသော်လည်း စေတနာက အ ကျိုးပေးတယ်နော် ရရှိတဲ့ပစ္စည်းကလည်း သန့်ရှင်းပေတာကိုးကွဲ့ အဲလိုဇ လေ့လာဖို့မကောင်းလား အဲဒါလိုရင်းအချက် တွေကွဲ့နော် ဒါကြောင့် က မ္မသကတာ သမ္မာဒိဋ္ဌိ ကံ ကံ ၏ အကျိုးကို ယုံကြည်ရမယ် ကြားလား

အားလုံး ပါဏာတိပါတာအစ သုရာမေရယအဆုံးကို ကိုယ်ချင်းစာ မယ်ဆို အကုန် မေတ္တာ သဒ္ဒါ အနန္တောပဲ့ စိစစ်ဖို့မကောင်းလား ကိုယ်ချင်းစာ တရားသိဖို့ မလိုဘူးလား ကိုယ်ချင်းစာမပါ ကြဘူးကွယ်ကြားလား စိစစ် ဖို့မကောင်းလား ။ အဲဒါကြောင့်ကိုယ်ချင်းစာဖို့ အရေးကြီး တယ်နော် ။ ကို ယ်ချင်းစာ ကိုယ့်စိတ်နဲ့နှိုင်းမရိုင်းဘူးလို့ ရှေးသူတော်ကောင်းတွေ မပြောကြ ဘူးလား ။ ကိုယ့် စိတ် နဲ့နှိုင်းကြည့်လိုက်တာပေါ့ ။ အဲဒါ ကံဖက်ကလိုတယ် ကွဲ့နော် ။အဲဒီကုသိုလ်ကံကြောင့် လူအဖြစ်ကို ရတယ် နတ်အဖြစ်ကိုရတ ယ်နော် ။

အကုသိုလ်ကံကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ပေါ့ ။ ငရဲကိုကျ သွားရင်ဘုရားအဆူဆူနဲ့ ချော်လွဲနိုင်တယ်နော်။ ချော်လွဲတာ အထောက်အ ထားတွေက ဂဂိါမြစ်မှာရှိတဲ့ သဲလုံး နှင့်အမျှ သဲတစ်ပွင့် ဘုရားတဆူ သဲတ စ်ပွင့်ဘုရားတစ်ဆူ ။ တစ်ဆူသောဘုရားဆီမှာ နှစ်ဆယ့်လေး သင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ကျွတ်တန်းဝင်တယ်လို့ မဟောဘူး လား ။ ဂဂိါမြစ်မှာရှိတဲ့ သဲလုံးနှင့် အမျှ ပွင့်တော်မူတဲ့ ဘုရားအဆူဆူ ကျွတ် တန်းဝင်တဲ့ လူနတ်ဗြဟ္မာတွေ အများကြီးပေါ့နော် ။ အဲဒီလောက် များနေ တာ အခုတရားနာပရိသတ်တွေ ဘုရား အဆူဆူတွေ့ခဲ့ကြရဲ့လား ။ ဘုန်း

www.dhammadownload.com

ကီးတို့ကလည်း ပါတယ် ကွဲနော် ။ ဘယ်မှာနေတာလဲ စိစစ်ဖို့မကောင်း လား ငရဲမှာ ငရဲကိုကျသွားပြီးရင် ဘုရားအဆူဆူနဲ့ချော်လွဲ နိုင်တာ မထ င်ရှားဘူးလား ဘယ်လောက်များကြောက်စရာ ကောင်းသလဲနော်

ရွှေတွေ ကျောက်သံ ပတ္တမြား ရတနာ စိန်တွေ ဘယ်လောက်ပဲ့ါများများ သစ္စာလေးပါးမသိ ခန္ဓာမသိ ပဋိစ္စသမုပ္ပါဒ် ကိုမသိရင် သက္ကာယဒိဋ္ဌ ပြုတ် ပဲ့ါမလား ။သက္ကာယဒိဋ္ဌ မပြုတ်ရင် စိတ်မချရဘူးနော် ။ အဲဒါကြောင့် လော ဘစိတ်နဲ့သေရင် ပြိတ္တာ အသူရကာယ် လို့မဟောဘူးလား။ ဒေါသစိတ်နဲ့သေ သရင် ငရဲလို့မဟောဘူးလား။ မောဟစိတ်နဲ့သေရင် တိရစ္ဆာန်ပေါ့ ။ ကဲ ရှာ ကတာ လောဘ ဒေါသ မောဟ ဒီသုံးခုဘဲရှိတယ်နော် အပါယ်ကလွတ်တာ ကို မပါဘူးကွဲ့ ပါရဲ့လားဟဲ့ ။ မသိခင်တော့ ပြုကြရတာနော် သိတဲ့အချိန်ရှာင်ရတယ် ။ သိတဲ့အချိန်ပယ်ရတယ်ကြားလား အဲလိုစိစစ်ဖို့မကောင်း လား လေ့လာကြ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်။

ရှေးထက်ကျော်ကာရီကတဲ့ မြတ်စွာဘုရား ဆွမ်းခံကြွသွား တော့ သံ ယာနောက်က အပါး တစ်ထောင်လောက်ရှိတယ် ။ ဥပါသကာ တစ်ယော က်က ငါးမျှားနေတာ ။ရဟန်း သံယာတွေ ကြွလာခဲ့တာမြင်တော့ ငါးမျှားတု တ်တံကိုချ ဦးတိုက် ရှိခိုးတယ်ကြားလား။ မြတ်စွာဘုရား ရပ်ပြီးတော့ နေတ ယ်နော် ။ အဲဒီဒကာကြီးရဲ့ နာမည်ကို မေးချေစမ်းလို့ မခိုင်းရဘူးလား ။ သိ တာပဲ့ါဘုရားက။ မေးစရာရှိလို့ ပရိသတ်တွေသိစေခြင်းငှာ ရဟန်းပရိသ တ်တွေ သိစေခြင်းငှာ နာမည်မေးချေစမ်း လို့ခိုင်းရတာဗျ ။ ဒကာကြီးနာမ ည်ဘာနာမည်လဲ လို့မမေးရဘူးလား အရိယာတဲ့ အရိယာ ။ အရိယာ တဲ့ ဒ ကာကြီး ကြားရဲ့လား အရိယာဆို ငါးမမျှားရဘူးတဲ့ ဘုရားက အရိယာ ဆို ငါးမမျှားရဘူးတဲ့ အဲဒီနေ့ကစ ကျွတ်တော့တာဗျား ။

www.dhammadownload.com

ဘုန်းကြီးတော့ဒီလိုပြောတာနဲ့ခါကျွတ်မယ် မထင် ပါဘူး ကြားရဲ့လားဟေ့ ။ ကျွတ်သွားတော့တာကွယ် ။အားရပါးရ အဓိပ္ပါယ်စူးစူးရှရှ သိတာကိုးကွဲ့နော် ကဲ ပစ္စေကဗုဒ္ဓါ အရှင်မြတ် သုတအနေနဲ့ ကြားဘူးတယ် ။ ပစ္စေကဗုဒ္ဓါ အလောင်း ရာသီဥတုက တန်ခူးကဆုန်။ ဆွေလည် မျိုးလည် ဆွေတွေ မျိုးတွေ ဆီ အလည်သွားတာ အပြန်ကြတော့ ဟိုက ဆွေတွေမျိုးတွေက ပဲ ဆန်တွေ အမျိုးမျိုးပေါ့ ပေးလိုက်ကြတာ စားစရာသောက်စရာတွေ ချက်ပြုတ်စရာတွေ အဲဒါအထုပ်လေး တွေနဲ့ ပုဟယ်စုဟယ် ထုတ်ပြီးတော့မှ တံပိုးနဲ့ထမ်းလာခဲ့တာ။

နေကပူ တန်ခူးကဆုန် သစ်ပင်အရိပ်အာဝါသ ကောင်းတဲ့ အောက်ကိုရောက် နားလို့ သူ့ရေဗူးလေး ဘူးသီးကိုရေဗူး လုပ်တဲ့ဟာပေါ့ နော်ဘူးခါးရေပေါ့ သောက်ပြီးတော့အနားယူလို့ ခန္ဓာဖက်ကို ဉာဏ်လှည့် သစ်ရွက်လေးတစ်ရွက် ကြွေလာခဲ့တာ။ ကြွေလာခဲ့ တော့ခါ သဗ္ဗေ သခ်ါရာ အနိစ္စာ ဆိုသလို ခန္ဓာဖက်ကို ဉာဏ်လှည့်လိုက်တာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန်းကိစ္စပြီးသွားတော့တာ ။ အာရုံပြု ပြီးတော့မှ ခန္ဓာကိုယ်ကို ဆံဖျားကြေ ခဖျား အရောက် အဲလို အဓိဋ္ဌာန်ပြု သပ်ချလိုက်တာ ။ ပရိက္ခရာရှစ်ပါး အပြည့်အစုံဖြစ်သွားတော့တာ ။ကြားလား ။ သင်္ကန်းတွေ သပိတ် တွေ ကအပြည့်အစုံနော် ။ သူ့အထမ်းလေးက ဒီတိုင်းနေလိုက်တော့တာကွဲ့ ။ကြားလား ။

သစ်ရွက် တစ်ရွက်တည်း ကြွေတာ ။ ဘုန်းကြီးတို့ တစ်ပင်လုံးကြွေတာ တောင်မရဘူးဟေ့။ တစ်ပင်လုံးကြွေတာ တောင်မရဘူး ခုတစ်ရွက်တည်း ကြွေတာနဲ့ရတာကွဲ့ အားရပါးရ ။ ရတာသွားမပြောနဲ့ သူများနောက်က အခြခံကိုပြန်ကြည့် နှစ်သဇ်ျေနဲ့ ကမ္ဘာတစ်သိန်း ။ ကျင့်ခဲ့တာဗျ နှစ်သဇ်ျေနဲ့ကမ္ဘာတစ်သိန်း ။ အဲဒါလူကသိမှာမဟုတ်ဘူး ကြားလား မြန်လိုက်တာ လို့မပြော

www.dhammadownload.com

ဘူးလား ။ နာရီကစေ့သွားပြီကိုးကွဲ့ အချိန်ကတန်လာပြီနော် အဲလိုလေ့လာဖို့ မကောင်းလား လေ့လာကြ ။ ထိထိမိမိသဘောပေါက်ဖို့လိုတယ်ကြားလား ။

သိပယ်ဆိုက်ပွား လေးပါးကိစ္စ မဂ်တစ်ခဏတဲ့နော် ။ သိမှပယ်နိုင်တာ ။ ဒါကြောင့်မို့လို့ အကျိုးပေးတဲ့နေရာတွေ ။ သုတဝါ အရိယာ သာဝကော။ သုတအကြားအမြင်ရှိမှ အရိယာဖြစ်တယ် ။ ဗုဒ္ဓဘာသာတို့ မည်သည်မှာ နတဲ့ ပုဂ္ဂိုလ် အလတ်စားပုဂ္ဂိုလ် ရင့်တဲ့ပုဂ္ဂိုလ် ရှိသေးတယ် ။ ရဟန်းသံဃာတော်တွေ ဆွမ်းကပ်တဲ့ခါ သေချာကြည့်လို့ ကိုယ့်ခွက်ကိုနှိုက် သလား မနှိုက်ဘူးလား ကိုယ့်ခွက်ကိုနှိုက်ရင်သဘောကျပြီ ။ ကိုယ့်ဟင်းခွက်ကို မနှိုက်ရင် သဘောမကျဘူး ။

အဲဒါကိုယ်ကပ်တဲ့ခွက်ကိုနှိုက်တော့ သဘောကျတော့ လောဘ မနှိုက်ဇတော့ သဘော မကျ ဒေါသ အပါယ်က လွတ်တာ မပါပါကားကွဲ့ သဘောကျပန်တော့ခါလည်းဘဲ လောဘ ပြိတ္တာဖြစ်မယ် သဘောမကျပြန်တော့လည်း ဒေါသ ငရဲ ရောက်မယ်ကြားလား ဒါကြောင့်မို့ ဆွမ်းကပ်တဲ့ခါ သံဃသဒေမ ဆိုရပြီးပြီကွဲ့နော် ဘုန်းကြီးဘုန်းပေးတာ မဘုန်းပေးတာထား သံဃသဒေမ ဆိုရပြီကြားလား ဒါကြောင့်မကြည့်တတ်ရင်မကြည့်နဲ့ မကြည့်တတ်ဘဲ နဲ့ကြည့်ရင် အကုသိုလ်ဖြစ်မယ်

ကိုယ့်ခွက်ကိုနှိုက်တော့ သဘောမကျဘူးလား လောဘ မနှိုက်တော့ သဘောမကျ ဒေါသ အဲဒီလိုသာသိ လောဘဒေါသဖြစ်တာသိလို့လား မသိလို့လား မသိတာမောဟ မောဟ စိတ်နဲ့သေရင် တိရစ္ဆာန် လောဘစိတ်နဲ့ သေရင် ပြိတ္တာအသူရကယ် ဒေါသစိတ်နဲ့သေရင် ငရဲ မြတ်စွာဘုရားနဲ့ပတ်သက်ပြီးတော့ ရုပ်ပွားတော် ဆင်းတုတော် တွေမရှိဘူးလား စေတီတော်တွေမရှိဘူးလား အဲဒါကပ်တဲ့ခါ စားတာမြင်ရဲ့လား မမြင်ဘူးနော် ကုသိုလ်မ

www.dhammadownload.com

ရဘူးလား ရသလား သြော် ရပါတယ်ဗျ ကပ်ပြီးရတော့တာကွဲ့ အဲလိုနလုံး သွင်းဖို့ ကောင်းတယ်နော် အဲလိုနလုံးမသွင်းတတ် ကြည့်ပြီးတော့ အကုသို လ်ဖြစ်တော့တာ ကြားလား ဒါသုတအကြား အမြင်လိုတာပေါ့နော်

ဒါကြောင့် ဘာဘဲလျှလျှ သံဃသဿ ဒေမ မြတ်စွာဘုရားရှိတဲ့ မိထွေးတော် ဂေါတမီက သင်္ကန်းကပ်တာ သားဘုရားကို သူ ကိုယ်တိုင်ယက်ပြီးတော့ သင်္ကန်း သူကိုယ်တိုင် ယက်တဲ့ သင်္ကန်းနော် မိထွေးတော်ဂေါတမီတဲ့ ငါ ဘုရားကိုကပ်တော့ ငါဘုရား တစ်ပါးတည်း ရတယ်တဲ့ အကျိုး အာနိသင်နည်းတယ် သံဃာတော်တွေ မရဘူး သံဃသဿ ဒေမဆို သံဃာတော်တွေရတယ် သံဃေ ဒိန္နံ မဟပ္ဖလံ သံဃာကို ရည်စူးပြီးတော့ ကပ်မယ်ဆိုရင် ပင်လယ်သမုဒ္ဒရာရေကို ဆယ်ဝင်ပုံးနဲ့ချိန် ဘယ်နှစ်ပုံး ရှိမလဲ မမေးရဘူးလား မရေတွက်နိုင်ဘူးပေါ့ အဲသလောက် အကျိုးပေးသန်တယ်တဲ့ ကြားလား

အခုတော့ ဒီလိုမသိတော့ တပည့်တော် သင်္ကန်းလေး ရုံစမ်းပါဦးဘုရား တပည့်တော်ဟင်းလေးဘဉ်းပေးစမ်းပါဦးဘုရား မလာဘူးလား ပုဂ္ဂလတွေကိုးကွဲ့ စိစစ်ဖို့မကောင်းလား လေ့လာကြ လေ့လာကြ ကြားဖူးမှ နားဝ နားဝမှ တရားရတယ် လူတယ် ဆိုတာ စေတနာအတိုင်းအကျိုးပေးတာ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ စေတနာ အတိုင်း အကျိုး ပေးတယ်လို့ မဟာဘူးလား ။

မကြားစဖူး ကြားဖူးထပ်မံ ထပ်ခါ ထပ်ခါ ထပ်ခါ ရှေးထက်ကျော်ကာရီက ရှင်ဘုရင်ကြီး တိုင်းခန်းလှည့်လည် သွားလည်တာ တောလည်ကစားသွားတယ် ရာသီဥတုက တပေါင်း တန်ခူး သစ်ရွက်တွေကကြွေပြီ သုံးပုံ နှစ်ပုံလောက်ကြွေပြီ တစ်ပုံလောက်ကျန်တယ် အဲဒီမှာ သီလမရှိတဲ့ ရဟန်းတစ်ပါး ဒုသီလပုဂ္ဂိုလ်ပေါ့ ငါးမျှား တဲ့ ဝါသနာက ရှိတယ် လူသူလေးပါးမြင်လို့ရှိရင်

www.dhammadownload.com

အကြည်ညိုဟုက်မှာစိုးလို့ လူသူလေးပါးအရောက်အပေါက် နည်းတဲ့ တောထဲတောင်ထဲသွားပြီး ငါးမျှားတယ်

ရှင်ဘုရင်ကြီးက တောလည်ကစားသွားတော့ သစ်ရွက် တွေနင်းပြီးတော့ခါ ချွတ်ချွတ်သံကြားတာကိုး အသံကိုသတိပြုလိုက်တာ လူလား တိရစ္ဆာန်လား လူလား တိရစ္ဆာန်လား ကျွဲနွားတိရစ္ဆာန်ဆိုတာလေးချောင်း လူဆိုတော့နစ်ချောင်း သင်္ကေတအမှတ်ပြုတော့ မတူဘူး ပေါ့နော် လူကနစ်ချောင်းဆိုတော့ အပေါ် ကိုကြွကြွသွားတာကိုး လေးချောင်းဆိုတော့ ခတ်ခတ်သွားတာပေါ့ အသံချင်းတူရဲ့လား အဲလိုနားစွင့်ပြီးတော့ကြည့်တော့ အင်းဒါလူသံပေါ့ ငါးမျှားတဲ့တုတ်တံကို ဖွက်ထား တော့တာ ဖွက်ပြီးတော့ အဲဒီသစ်ပင်ကြီးမှာ တင်ပလ္လင် ဆင်ယင်ပြီး တော့မှ ဖလသမာပတ် ဝင်တဲ့ပုံကြီးထိုင်ပြီးတော့နေတော့တာပေါ့ ရှင်ဘုရင်နဲ့ဦးတိုက် တိုက်တော့တာနော် ရှိခိုးလို့ အမျိုးမျိုးလျှောက်တယ် ဘယ်လိုပဲ့လျှောက်လျှောက် မထူးဘူး ကြားလား

ရှင်ဘုရင်က စဉ်းစားတယ် အင်း ဒီတောထဲ တောင်ထဲမှာ သာမန်ပုဂ္ဂိုလ် မဟုတ် အာသဝေါ ကုန်တဲ့ ပုဂ္ဂိုလ်ဖြစ်မယ် ရှင်ဘုရင်စိတ်ထဲက ရဟန္တာလို့ နှလုံးမသွင်းဘူးလား ရဟန္တာ လို့ နှလုံးသွင်းတာ တောထဲ တောင်ထဲမှာ သာမန်ပုဂ္ဂိုလ် မဟုတ် အာသဝေါကုန်တဲ့ရဟန္တာ ဖြစ်မယ် နန်းတော်ရောက်သွားတဲ့ခါ ဟော..သူ့စေတနာအတိုင်း  ရွှေတောင် ငွေတောင်တွေ ပေါက်ဖတ်တာ ရွှေတောင် ငွေတောင်တွေ ပေါက်တော့တာ ပွဲတော်ဆက်ကပ်ပြီးတော့လာ ။ ပွဲတော်လာတဲ့ခါ  ဆက်ကပ်တဲ့ခါ အချိန်ရှိသေးတယ် နောက်တခါ ပြန်ချက်ကြ အဲဒီမှာအာသဝေါကုန်တဲ့ ရဟန်းတစ်ပါးရှိတယ် ။

ဆွမ်းကပ် လွှတ် ဖို့ရာရွေးချယ်တာ ကျောင်းနေဖက်သူငယ်ချင်းကို အကပ်ခိုင်းတာ အဲဒီ ကျောင်းနေဖက်သူငယ်ချင်းက ကျောင်းသားတုန်းကလည်း

www.dhammadownload.com

စကားပြောတဲ့ခါအပို အလိုမရှိ တိကျတယ် အဲဒီ ကျောင်းကနေ ထွက်ပြီးတော့မှ မိမိနန်းတော် ရောက်တဲ့ခါလည်း ရှင်ဘုရင်ရာထူးရသွားတော့ ခပ်ငယ်ငယ် ရှင်ဘုရင်ဖြစ်သွားတယ် ရှင်ဘုရင် မြောက်ကြတော့တာပေါ့ အဲဒါနဲ့သူသူငယ်ချင်းကို အမတ်ရာထူးခန့်တာပေါ့ အဲဒီအမတ်က အင်မတန်ရိုးသား ဖြောင့်မတ်တဲ့ဟာ။ သူကိုဆွမ်းကပ်ခိုင်းလိုက်တော့တာ မြို့ကတောကို အသွားဆိုတော့ သစ်ရွက်ကမနင်းရ ဘဲကိုး အနားရောက်မှသစ်ရွက်ကနင်းရတယ် ချွတ်ချွတ်သံကြား လှည့်ကြည့်တော့ ငါးမျှားတဲ့ တုတ်တံ မဖွက်ခင်တော့ဘူး  မဖွက်ခင်တော့ဘူးမိတော့တာ ။

ရှင်ဘုရင်အမိန့်တော်ပါတဲ့အတိုင်း ဆွမ်းကပ်တယ်ကြား လား ဆွမ်းကပ်လို့စားလို့ အားရလို့ဝတော့ စဉ်းစားတယ် အိမ်း ဒီတစ်ခါတော့ ငါ ငှါအကြောင်းကို ရှင်ဘုရင် သိတော့မှာ သေရမှာနဲ့နေရမှာ သေမှာက များတာပေါ့ အသတ်ခံရတော့မှာဘဲ သေမည့် အတူတူတော့ မထူး ဘူးတရားအားထုတ်ပြီးတော့ သေမယ်တဲ့ကြားလား  အသိလန့်သွားတော့တာနော် တရားအားထုတ်ပြီး တော့သေမယ်တဲ့ဗျား တရားအားထုတ်တော့တာပေါ့

ပြန်သွားတော့ခါ နန်းတော်ရောက် မှန်တာကို သံတော်ဦးတင် ငါးမျှားတုန်းကိုတွေ့တယ်လို့ သံတော်ဦးမတင်ရဘူးလား အာသဝေါကုန်တဲ့ ရဟန္တာကို သူယုတ်မာဖြစ်အောင် ပြောရမလားဆိုပြီးတော့ အမတ်ရာထူးကဖြုတ်လိုက်တော့တာ အမတ်ရာထူး ကဖြုတ်ချလိုက်တာဘဲ  သူကရဟန္တာလို့ သူ့စိတ်ထဲမှာက သဒ္ဓါ တရား ကထက်သန်နေတာကိုး  သူယုတ်မာ အဖြစ်နဲ့ ပြောရမလားလို့ အမတ်ရာထူး ကဖြုတ်လိုက်တော့တာ

ခုနစ်ရက်လောက် စဉ်းစားတယ် အိမ်း ငှါ သူငယ်ချင်းက ကျောင်းနေဖက် ဓကျောင်းသားဘဝတုန်းကလည်း စကားပြောတဲ့ခါ အပိုအလိုမရှိ တိကျတယ် အမတ်ရာထူးခန့်လည်းသူက သူအတော်ဆုံး ဇကန်မုချ ဟိုကပုဂ္ဂိုလ် သူဇ

www.dhammadownload.com

တော်ကောင်း ယောင်ဆောင်တာ ရှိမှာ စိတ်ပြောင်းသွားပြီ သူယုတ်မာစိတ် ကိုပြောင်းသွားပြီ ဟိုက ဒုဿီလကြီးက ကြောက်ကြောက်နဲ့ အားထုတ်တာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်သွားလေတော့တာဗျား ဟိုကရဟန္တာ ဖြစ် သွားပြီ နန်းတော်မှာ ရွှေတောင်ငွေတောင်တွေပျောက်ကုန်တော့တာ ရဟန္တာဖြစ်ခါမှ ရွှေတောင်ငွေတောင် တွေ ပျောက်သွားတာ သူယုတ်မာတုန်းက ရွှေတောင်ငွေတောင်တွေ ပေါက်တာနော် အကြည်ညိုခံတာက သူယုတ်မာကိုး

ကဲ ကြည်ညိုတဲ့ပုဂ္ဂိုလ်က ရှင်ဘုရင်နော် သူ့စိတ်က ရဟန္တာလို့နလုံးမသွင်းဘူးလား အဲဒီ နလုံးသွင်းတော့ ရဟန္တာလို့နလုံးသွင်းတော့ ကုသိုလ်စိတ်ပေါ့ အဲဒီကုသိုလ်က အကျိုးပေးတာ အကြည်ညိုခံတာက ပေးတာလား ကိုယ့်စေတနာက ပေးတာလား အခုလည်း ဘာပဲလှူလှူ ကိုယ့်စေတနာက အကျိုး ပေးတာ အဲလိုယုံကြည်ဖို့မကောင်းလား ကိုယ့်စေတနာက အကျိုးပေးတယ် ဒါ ယုံကြည်ဖို့လိုတယ်နော် ဒါ ဘယ်လောက်များ ထင်ရှားသလဲ ကြားလား

ဒုဿီလကြီးက ကြောက်ကြောက်နဲ့အားထုတ်တာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန်းကိစ္စပြီးသွားလေတော့တာဗျ နောက်မှခေါ်ပြီးတော့ သူ့သူငယ်ချင်းကိုပြန်ပြီး တော့ အမတ်ရာထူးခန့်တယ်ကွဲ့ကြားလား ။ အဲဒါစေတနာအကျိုးပေးတာ သိစေချင်လို့။ ဘာဘဲလှူလှူ နည်း များမဆို သန့်ရှင်းဖို့လိုတယ်နော် သီလနဲ့ပြည့်စုံမယ်ဆို တစ်ကြေးဖွန်း တစ်ယောက်မ လှူ ဦးတော့ အကျိုး များတယ်ကြားလား သီလနဲ့မပြည့်စုံရင် သိန်းပေါင်းများစွာလှူဦးတော့ အကျိုးမများဘူး ရတော့ရတယ်နော် ။

ဒါကြောင့်မို့လို့ ရှေးဆရာတော်တွေ ပုံ ဥပမာပေးတာ ညောင်ပင်ကြီးလောက် လှူငြားသော်လည်း ညောင်စေ့ လောက်ပေါ့ သီလနဲ့မပြည့်စုံဘဲ နဲ့ရတဲ့ပ

www.dhammadownload.com

စွည်းက မသန်ရှင်းဘူးနော် သီလနဲ့ပြည့်စုံမှ သန့်ရှင်းတာကိုး အဲလို လေ့လာဖို့မကောင်းလား လူတွေဟာ မွေးတိုင်းမွေးတိုင်း အရိယာမွေးတယ်လို့ မရှိဘူးနော် ပုထုဇဉ်ဘဲ အဲဒါ ဆရာကောင်း သမားကောင်း နဲ့တွေ့ခါမှ သူဇာတ်ကောင်းဖြစ်ရတာကြားလား လေ့လာဖို့မကောင်းလား ။

ထိုးထိုးထွင်းထွင်း သိတဲ့ပုဂ္ဂိုလ်က သမ္မာသမ္ဗုဒ္ဓဘုရား ပစ္စေကဗုဒ္ဓါဘုရားပေါ့ ဥပတိဿတို့ ကောလိတ တို့က အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် ဇာတွေနော် ကဲသူတို့ကိုယ်တိုင် ထိုးထွင်းလို့မသိနိုင်ဘူး ကြားလား ဆရာ နဲ့ကျွတ်တမ်းဝင်ရတာကွဲ့ ဆရာကင်းလို့ဖြစ်ကဲ့လား မဖြစ်ဘူး အဲဒီလိုစိစစ်ဖို့မကောင်းလား ထိုးထိုး ထွင်းထွင်း သိတာက ပစ္စေကဗုဒ္ဓါနဲ့ သမ္မာသမ္ဗုဒ္ဓ ကွဲ့ အဲလိုလေ့လာဖို့မကောင်းလား လေ့လာကြ ။

ဘုရား ဘုရား ဆိုတာ တွေဟာ အသိဉာဏ်ကိုခေါ်တာ ။ဝဂ္ဂလိ ရဟန်းကိုဇာတက် မြတ်စွာဘုရားရှိစဉ်က ဝဂ္ဂလိ ရဟန်းကြီး ဘုရား အပါးမှာ တဖဝါးမခွါ ရေပူရေချမ်းကမ်းလှမ်းပြီးတော့နေတာနော် အသင်ဝဂ္ဂလိ ငါဘုရားအပါးမှာတစ်ဖဝါးမခွါ ရေပူရေချမ်းကမ်းလှမ်းနေကြားသော်လည်း သစ္စာလေးပါးကို သိတဲ့ ဘုရားကိုအသင်မမြင်ဘူးတဲ့ မင်းမြင်တာက ကိုယ်ကောင်ကြီးကို ဘုရားလို့ထင်တာတဲ့ ဒီကိုယ်ကောင်ကြီးက ဘုရားမဟုတ်ဘူး တဲ့ကြားလား

အပူ အအေးကြောင့် ကြီးလာရတာ အာဟာရကြောင့်ကြီးတာ ကံကြောင့်ဖြစ်တာ ရုပ်ကြောင့်ဖြစ်တာ စိစစ်ဖို့မ ကောင်းလား အပူ အအေးကြောင့် ဖြစ်တာတွေပေါ့နော် ကံစိတ်ဥတုအာဟာရ အကြောင်းလေးပါးကြောင့် ဖြစ်တာပေါ့ အဲဒါ အိုရမယ် နာရမယ် သေရမယ်လို့ မဟောဘူးလား ဘုရားဆိုတာ မအိုဘူးပေါ့ မနာဘူး မသေဘူးပေါ့ အဲဒါ သစ္စာလေးပါးသိတဲ့ ဘုရားကို အသင်မမြင် ဆန်ကုန်မြေလေး ငံ့နားမှာမနေနဲ့ တုစ္ဆ သွားတော့နင်လိုက်ဇ

www.dhammadownload.com

တ့ဝတာ အဲဒါ သက်တော်ထင်ရှားရှိတုန်းက စိစစ်ဖို့မကောင်းလား အဲဒါဇ
တာင်မင်း အနားငါဘုရားမမြင်ဘူးလို့ဟောတာဗျ အခုဘုရားအစစ်ကို
တွေ့အောင်ရှာကြ စိစစ်ဖို့မကောင်းလား

ဒါကြောင့် မိုးကုတ်ဆရာတော် ကြီးက ဝမ်းထဲမှာ ဘုရားတည်ကြပါ လို့မဇ
ဟာဘူးလား ဝမ်းထဲမှာဘုရားတည် ရမှာကွဲ့ လေ့လာဖို့မကောင်းလား ။
ဒုက္ခသစ္စာ သမုဒယသစ္စာ ဟော နိရောဓသစ္စာ မဂ္ဂသစ္စာ ။
သမုဒယသစ္စာ ဒုက္ခသစ္စာ မဂ္ဂသစ္စာ နိရောဓသစ္စာ အဲဒီသစ္စာလေးပါးကိုသိ
မှ ဘုရားဖြစ်တာ သစ္စာလေးပါး ကိုသိမှ သံဃာ ဖြစ်တာကွဲ့ ကြားလား
ဘုရားလုပ်ချင်တိုင်း လုပ်လို့ရမယ်များမထင်နဲ့ ကြားလား သစ္စာလေးပါး သိ
မှဖြစ်တာ သစ္စာလေးပါး သိမှသံဃာဖြစ်တာ အဲလိုလေ့လာဖို့မကောင်းလား
ဒါ တရားသိမှ ဘုရားဖြစ်တာနော် တရားသိမှ သံဃာ ဖြစ်တာ ဘုရား
တရား သံဃာလို့ မဟောဘူးလား တရားသိဖို့အဓိကနော်

ဒါမို့ မိုးကုတ် ဆရာတော်ဘုရားက တရားသိဖို့နံပါတ်တစ် စားဝတ်နေဇ
ရေးရှာဖို့ နံပါတ်နှစ် မဟောဘူးလား တရားသိဖို့ အရေးမကြီးဘူးလား အရေး
ကီးတယ် အဲဒီတရားသိတဲ့ စိတ်လေးနဲ့ ဝိညာဏ်ချုပ်မယ် ရေချိုးရင်းနဲ့ပါ့ လ
မ်းမှာ ဝိညာဏ်ချုပ်ချုပ် အိပ်ရင်းနဲ့ချုပ်ချုပ် စကားပြောရင်းနဲ့ပဲ ချုပ်ချုပ် နေ
တတ်တယ် သေတတ်တယ်ကြားလား ဒါကြောင့် ရှေးဆရာတော် ပုဂ္ဂိုလ်ဇ
တွက အနေလည်းကောင်း အသေလည်းကောင်း လို့ဟောတာပေါ့ အဲဒီ ဇ
သတတ် တဲ့နည်းလိုတာပေါ့

အဲလိုမိုးကုတ်ဆရာတော်ဟောတော့ခါ ဥပါသကာတစ်ယောက်က သေ
တာများဗျာ မခဲယဉ်းပါဘူး နှာခေါင်းကိုပိတ်ပြီးတော့ သေလိုက်ရင်ရတာကို
တဲ့ ကြားလား ဥပါသကာက လျှောက်တာ အဲဒါအရူးသေ အနှမ်းသေဟဲ့ တဲ့
ကြားလား စိစစ်ဖို့မကောင်းလား သေတာများ သင်နေစရာ မလိုဘူးတဲ့ နှာဇ

www.dhammadownload.com

ခါင်းကိုပိတ်ပြီးတော့ သေရင်ဖြစ်တယ်ဆိုတာကို ဒကာတစ်ယောက်က ဇ လျှောက်တာနော် စိစစ်ဖို့မကောင်းလား အဲဒါအရှုးသေ အနမ်းသေတဲ့ဗျား

သစ္စာလေးပါးသိလို့သေမှ မဂ္ဂသစ္စာလို့ မဟော ဘူးလား မဂ္ဂသစ္စာ မဂ္ဂသစ္စာ ဝင်ပြီတဲ့ ဒုက္ခသစ္စာ ပိုင်းခြားတာ သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာလို့ မဟောဘူးလား ကဲ သမ္မာဒိဋ္ဌိ ဆိုရင်မိစ္ဆာဒိဋ္ဌိ ချုပ်မချုပ် အမှောင်ပျောက်သွားပြီနော် အလင်းဇ ရောင်ပေါ်တော့ အမှောင်မပျောက် လား အဲဒါကလွဲလို့ တရားပွားစရာ ရှု စရာရှိသေးရဲ့လား ။ ရှိဘူးကွဲ့ ။

စက်ဝိုင်းဒေသနာကိုကြည့် ။ မူလနှစ်ဖြာ အဝိဇ္ဇာနှင့် တဏှာ လို့မဟောဘူး လား အတိတ်က သမုဒယသစ္စာ အဝိဇ္ဇာနော် ပစ္စုပ္ပန်ကတဏှာ လို့မဟော ဘူးလား ။ အဲဒီနှစ်ခုချုပ်အောင်လို့ အားထုတ်တာ အဲဒါကမဂ္ဂင်္ဂါနှစ်ထိုင်တာ အဝိဇ္ဇာနှင့် တဏှာပြုတ်ဖို့ လို တာပေါ့ ဤ နှစ်ခုချုပ်မှ နိဗ္ဗာန်လို့မဟောဘူး လား

မြတ်စွာဘုရား ဗောဓိပင်နှင့်ရွှေပလ္လင်မှာ သစ္စာလေးပါး သိတော့ ဘုရားအ ဖစ်ကိုမရဘူးလား ကဲခန္ဓာရှိတယ်နော် ခန္ဓာရှိ ရက်နဲ့ရတဲ့နိဗ္ဗာန် သဥပါဒိဇ သသ နိဗ္ဗာန်ကွဲ့ လေးဆယ့်ငါးဝါ တရားမဟောဘူးလား လေးဆယ့်ငါးဝါ သက်တော်ရှစ်ဆယ် ဝါတော်လေးဆယ့်ငါးကြမှ မလွှာမင်း အင်ကြင်းတော ကားမှာ ခန္ဓပရိနိဗ္ဗာန်ပြုတာနော် ဗောဓိပင်ကြတော့ တစ်ထောင့်ငါးရာကိဇ လသာ ပရိနိဗ္ဗာန်ပြုတာ သဥပါဒိဇသသ နိဗ္ဗာန် ခန္ဓာအကြွင်းမရှိ ပြုတာက အနုပါဒိဇသသ နိဗ္ဗာန် လို့မဟောဘူးလား

နိဗ္ဗာန်ဆိုတာ ချမ်းသာတဲ့တရားနော် သောတာပန်လည်းနိဗ္ဗာန်ရတယ် သ ကဒါဂါမ်လည်းနိဗ္ဗာန်ရတယ် အနာဂါမ်လည်းနိဗ္ဗာန်ရတယ် ဘုရားရဟန္တာ လည်းနိဗ္ဗာန် နိဗ္ဗာန်ကြတော့တူတယ်ဗျား

www.dhammadownload.com

တရားတစ်ပွဲ တစ်ပွဲ မှာ မြတ်စွာဘုရား တရားသဘင် ဆင်ယင်ကျင်းပလို့ သုရာမုခတရားနာ တဲ့အပတ် တရားနာ ပရိသတ် တွေမြင်မှာကို ရှက်တာနှင့် ပုန်းလျှိုးပြီးတော့နာတာပေါ့ တရားပွဲဆုံးသွားတဲ့ခါ သုရာမုခ သောတာပန် မတည်လား တရားနာပရိသတ်တွေ သိစေခြင်းငှာ သုရာမုခရတဲ့ နိဗ္ဗာန်နဲ့ ငါဘုရားရတဲ့ နိဗ္ဗာန် အတူတူလို့ မဟောဘူးလား ကဲ ဘယ်သူက မသာဘူးနော် ။

ကဲတူငြားသော်လည်း ကိလေသာ ကုန်တာနဲ့ ကျန်တာကြ တော့တူပါ့မလား ဘုရားက ကိလေသာ မရှိတော့ဘူးနော် သုရာမုခက ကိလေသာ ကျန်သေးတယ်ကွဲ့ နိဗ္ဗာန် တော့ တူတယ်နော် ကိလေသာကုန်တာနဲ့ကျန်တာကြတော့ တူရဲ့လား အဲဒီလိုလေ့လာဖို့ လိုတယ်ကြားလား စိစစ်ဖို့မဖကာင်းလား ။

ဒါကြောင့် လယ်တီ ဆရာတော်ဘုရားကြီး ဘယ်လိုများဥပမာလဲ အကာလညအခါ တန်ခူးကဆုန်ကြတော့ ချောင်းနားမြစ်နားတွေမှာ ရွာတွ မရှိဘူးလား အိုက်တဲ့အခါချောင်းထဲ မြစ်ထဲကို ဆင်း ရေချိုးကြတာပေါ့ သောတာပတ္တိ မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ် ရေထဲ ဆင်းချိုးတဲ့ခါ ပခုံးစွန်းရဲ့အောက်ကို အကုန် မြုပ်တယ်နော် လည်ပင်းနဲ့ဦးခေါင်းပေါ်တာပေါ့ ကောင်းကင်ကိုမော့ကြည့်တဲ့ခါ လကို မမြင်ရဘူးလား လကို မြင်ရတယ်နော် ပခုံးစွန်းဖအောက်ကို အကုန်ရေမြုပ်တယ် အဲဒါ သောတာပန်မြင်တာနဲ့ တူတယ်တဲ့ ကားလား

သကဒါဂါမ်ပုဂ္ဂိုလ် ရေချိုးတော့ ခါးအောက်ကို အကုန်ရေ မြုပ်တာပေါ့ မော့ကည့်တော့ခါ လကို မမြင်ရဘူး လား အဲဒါ သကဒါဂါမ်မြင်တာနဲ့တူတယ်နော်

www.dhammadownload.com

အနာဂါမ်ပုဂ္ဂိုလ် ရေချိုးတဲ့အခါကြတော့ ခြေမျက်စိအောက်ကို ရေတွေမြုပ်တာပေါ့ ခြေမျက်စိ အထက်ကိုတော့ အကုန်လုံးရေလွတ်တာပေါ့ ကောင်းကင်မော့ကြည့်တော့ လမမြင်ရဘူးလား

ဘုရား ရဟန္တာကြတော့ ခြေဖဝါးအောက်မှာနော် ရေလုံးဝ မရှိတော့ဘူး အကုန်လုံး လွတ် မနေဘူးလား မော့ကြည့်တော့ခါ လကိုမမြင်ရဘူးလား လကိုမြင်တာကြတော့ တူ မတူ အဲ ကိလေသာကုန် တာနဲ့ကျန်တာကြတော့ တူရဲ့လား အဲဒီလို မခြားနားဘူးလား  ရဟန္တာဖြစ်မှ နိဗ္ဗာန်မြင်တယ် လို့ပဲ ထင်တာ နော် စိစစ်ဖို့မကောင်းလား လေ့လာ စိစစ်ဖို့မကောင်းလား

ဒါကြောင့် နိဗ္ဗာန်မြင်မှ ကိလေသာကုန်တယ်လို့ မပြောကြဘူးလား နိဗ္ဗာန်မြင်လို့ ကိလေသာကုန်ရင် သောတာပန်တွေ ကုန်တော့မှာပေါ့  ကုန်ကဲ့လား သောတာပန် ။ သကဒါဂါမ်တွေ ကုန်ရဲ့လား အနာဂါမ်တွေကုန်ရဲ့လား ဒါကြောင့်သောတာပန် သကဒါဂါမ် အနာဂါမ်ပေါ့ ကုန်တယ်ဆို ရဟန္တာ ချည်းနာမည်တပ်မှာပေါ့ အဲလိုလေ့လာဖို့မကောင်းလား နိဗ္ဗာန်မြင်မှ ကိလေသာကုန်တယ် လို့ပြောကြတယ်နော် ကဲ သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ် မြင်တယ် ကိလေသာကုန်ရဲ့လား အဲလိုလေ့လာဖို့မကောင်းလား

အေး... စဉ်းစား ဒါထိထိမိမိ သဘောပေါက်ဖို့နော် လက်တွေ့မျက်တွေ့ကတော့ ငါပျောက်ဖို့လိုတာ စိစစ်ဖို့မကောင်းလား ဒိဋ္ဌငါပျောက်ဖို့လိုတာနော် တဏှာငါ မာနငါက အရေးမကြီးဘူးနော် ဒိဋ္ဌငါအရေး ရဲ့ အပါယ်သွားတဲ့လမ်းက ဒိဋ္ဌငါရှိမှသွားတာ ကဲသောတာပန် ပုဂ္ဂိုလ်ဝိသာခါကျောင်းအမတို့ သောတာပန်ကြားဖူးရဲ့လား ခုနစ်နှစ်သမီးမှာ သောတာပန်နော်

www.dhammadownload.com

ဆယ့်ခြောက် နှစ် ပြည့်တော့ အိမ်ထောင်မပြုလား သားတစ်ကျိပ် သမီးတစ်ကျိပ် မြေးလေးရာ မြစ်ရှစ်ထောင်ပေါ့ တဏှာ ပယ်နိုင်ရဲ့လား တဏှာ မပယ်နိုင်လို့ အိမ်ထောင်ပြုတာပေါ့ အဲလို လေ့လာဖို့မကောင်းလား ကဲအပါယ်က လွတ်သွားပြီနော် ဒီဌိကအပါယ်မျိုးကွဲ့ တဏှာက ကာမမျိုးကွဲ့ကြားလား အဲလို စိစစ်ဖို့မကောင်းလား ဒါလိုရင်း အချက်တွေ သိဖို့မလိုဘူးလား စဉ်းစား အဲဒါထိထိမိမိသဘောပေါက်ဖို့လိုတယ်ကွဲ့ကြားလား ။

ဒီဌိဂါလိုတာနော် လက်တွေ့မျက်တွေ့ စိစစ်ဖို့မကောင်းဘူးလား ။ ကဲ အဲဒါ ပကတိမျက်စိနဲ့ကြည့် လက်ငါးချောင်း လက်ငါးချောင်း မမြင်ရဘူးလား ။ လက်မ လက်ညိုး လက်လယ် လက်သူကြွယ် လက်သန်း လက်ဖဝါး ။ အဖေမိဘမွေးတဲ့ မျက်စိကြည့်တော့ လက်ငါးချောင်းပေါ့

ဘုရားပေးတဲ့ ဝိဇ္ဇာမျက်မှန်နဲ့တပ်ကြည့် လက်ငါးချောင်းလား အဆင်း ဓါတ်လား လက်မထင်လို့ကြည့်လိုက် လက်မကိုမြင်တာလား အဆင်းမြင်တာလား ။ လက်ညိုးထင်လို့ကြည့် လက်ညိုးမြင်တာလား အဆင်းကိုမြင်တာလား ။ လက်လယ်ထင်လို့ကြည့် လက်လယ်မြင်တာလား အဆင်း ကိုမြင်တာလား ။ လက်သူကြွယ်ထင်လို့ကြည့် လက်သူကြွယ်မြင်တာလား အဆင်းကိုမြင်တာလား ။ လက်သန်းထင်လို့ကြည့်တော့ လက်သန်းမြင်တာလား အဆင်းမြင်တာလား ။

အဆင်းကပရမတ် လက်မက ပညတ် အဆင်းကပရမတ် လက်ညိုးကပညတ် အဆင်းကပရမတ် လက်လယ်ကပညတ် အဆင်းကပရမတ် လက်သူကြွယ်ကပညတ် အဆင်းကပရမတ် လက်သန်းကပညတ် ပညတ်ဆိုတာ ရှိတာမဟုတ်ဘူး အဲဒီ အဆင်းကို လက်မလို့သမုတ်တာ လက်ညိုးလို့သမုတ်တာ လက်လယ်လို့ခေါ်တာ လက်သူကြွယ်လို့ခေါ်တာ လက်သန်းလို့ခေ

www.dhammadownload.com

ခါ်တာ သမုတ်တာနှုတ်ဖျားမှာ အမြင်ခံကမျက်စိကြားလား စိစစ်ဖို့မကောင်းလား

ကဲထင်တာ က လက်မ လက်ညိုး လက်ခလယ် လက်သူကြွယ် လက်သန်းပေါ့ မြင်တာကအဆင်းဘဲမြင်တယ် ကဲဘုရား ပေးတဲ့ ဉာဏ်လက်နဲ့ကိုင်စမ်းကြည့် လက်မထင်လို့ကိုင်စမ်းကြည့် လက်မတွေ့မလား မာတာတွေ့မလား လက်ညိုးထင်လို့ကိုင်စမ်းကြည့် လက်ညိုးတွေ့မလား မာတာတွေ့ မလား လက်လယ်ထင်လို့ကိုင်စမ်းကြည့် လက်လယ်တွေ့မလား မာတာတွေ့မလား လက်သူကြွယ်ထင်လို့ ကိုင်စမ်းကြည့် လက်သူကြွယ်တွေ့မလား မာတာတွေ့မလား လက်သန်းထင်လို့ကိုင်စမ်းကြည့် လက်သန်း တွေ့မလား မာတာတွေ့မလား

မာတာပထဝီ မာတာကပရမတ် လက်မကပညတ် မာတာကပရမတ် လက်ညိုးကပညတ် မာတာကပရမတ် လက်လယ်က ပညတ် မာတာက ပရမတ် လက်သူကြွယ်ကပညတ် မာတာက ပရမတ် လက်သန်းက ပညတ် ပရမတ်ဆို တာ အဲဒီမာသဘော မာဓါတ်ပေါ်မှာ လက်မလို့မခေါ်ဘူးလား ။ ဘယ်လိုပါ့ခေါ်ခေါ် မာတာကလက်မဖြစ်ကဲ့ လား။ ပြောင်းရဲ့လား လက်ညိုးလို့ခေါ်ရင်လည်း လက်ညိုး ဖြစ်ကဲ့လား လက်လယ်လို့ခေါ်လက်လယ်ဖြစ်ကဲ့လား လက်သူကြွယ်ခေါ် လက်သူကြွယ်ဖြစ်ကဲ့လား လက်သန်းလို့ခေါ် လက်သန်းဖြစ်ကဲ့လား မာသဘောမာဓါတ် မာပရမတ်ကွဲ ။ ဘယ်လိုပါ့ သမုတ်သမုတ် မပြောင်းဘူးနော် ။

ကဲပညတ်ဆိုတာ နှုတ်ကခေါ်တာ စိစစ်ဖို့ မကောင်းလား မာတယ်လို့သိတာ သူငါလား ကာယဝိညာဏ်လား ကာယဝိညာဏ်က နာမ်တရား မရလား မာတာကရုပ်တရားမရလား ။ နာမ်ရုပ်နှစ်ပါးပေါ့ ကဲနာမ်ရုပ်ဘဲ့ တွေ့တယ်နော် ။ စိစစ်ဖို့မကောင်းလား ။ အဲဒါကြောင့် မာပေါက်ဖို့လိုတာဗေ

www.dhammadownload.com

နာ် အခုမာမပေါက်ဘူး မာမပေါက်တော့ ငါမပျောက်တော့ လူတွေတွေ့ နေတာပေါ့ မာပေါက်ရင်ငါပျောက်ပြီကြားလား ။

ဒါကြောင့်မို့ ... ပထဝီ မာတုံ ဓေါ ရာဟုလာ အနိစ္စတော ဇာနန္တော ပဿန္တော အာသဝနံ ခယော ဟောတိ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ ။

ချစ်သားရာဟုလာ ပထဝီဓါတ် တစ်လုံးကို ပိုင်နိုင်အောင်လေ့လာလော့ တဲ့ ပထဝီဓါတ်ရဲ့ မာသဘော မာပရမတ် ကို ငါပျောက်ပြီဆို... အတွေ့ ဒိဋ္ဌ မပြုတ်ဘူးလား အတွေ့ဒိဋ္ဌပြုတ်ရင် သက္ကာယဒိဋ္ဌပြုတ်တော့တာပေါ့ ပြုတ်ရင် ဝိစိကိစ္ဆာမချုပ်ဘူးလား အဲဒါ ဒီတစ်လုံးထဲနော် အဲဒါကိုသိလို့ ကွက်ကွက် ရှင်းရှင်းလင်းလင်း အပ်ချမပ်ချ သုညတဆိုက်ပြီလို့ သိဖို့ မကောင်းဘူးလား ။

ပထဝီဆိုတဲ့ ရုပ်တစ်လုံးပေါ် အောင် ရှာချင်တာရှာ ပုဂ္ဂိုလ်သတ္တဝါတွေရဲ့လား တွေ့တာက လူနတ်ဗြဟ္မာလား ပထဝီဓါတ်လား လူနတ်ဗြဟ္မာလား နာမ်နှင့်ရုပ် အဲလိုလေ့လာလို့ မကောင်းလား ကဲ ဒါ သူ့ထဲမှာ ရှင်းရှင်းလင်းလင်း ကွက်ကွင်း ဖြစ်သွားပြီနော် ရုပ်နာမ်သုညတပေါ့ ဆက်ပြီးတော့ ကိုးစားတဲ့အခါ တီရဏပရိညာ လို့မဟောဘူးလား။ ပထဝီ မာတုံ ဓေါ ရာဟုလာ အနိစ္စတော ဇာနန္တော ပဿန္တော အာသဝနံ ခယော ဟောတိ ဓပေါ့ ပထဝီဓါတ်တစ်လုံးကိုပိုင်နိုင်အောင်လေ့လာ ပထဝီဓါတ်ရဲ့ မမြဲခြင်းသဘောကို သေချာ ဂဏနေရာကျပြီးရင် နောက်ထပ် တရားအားထုတ်စရာမလိုပြီတဲ့ ကြားလား

အနိစ္စလို့ဆိုတာ ကဲပထဝီဓါတ် တွေ့သေးရဲ့လား နာမ်ရုပ်တွေ့သေးရဲ့လား ခန္ဓာတွေ့သေးရဲ့လား အနိစ္စ မရှိတာအနိစ္စ သိတာမဂ္ဂ လို့ မဟောဘူးလား အဲလိုလေ့လာဖို့မကောင်းလား ဒါ အဝိဇ္ဇာမချုပ်ဘူးလား အဝိဇ္ဇာချုပ် ကတည်းက တဏှာ သေပြီကွဲ့ ။ မလာဘဲနဲ့ချုပ်တာ တဏှာ ဥပါဒါန်။ ဝေဒနာ

www.dhammadownload.com

သညာ စေတနာ ကဒါ မြင်ရာကြားရာက ချုပ်တာနော် ။ ဥပါဒနိရောဓ လို့မဟာဘူးလား ဓါတ်လေးပါး ဓါတ်ရှစ်ပါးကလည်း မြင်ရာကြားရာက ထိ ရာက ချုပ်တာ တွေပေါ့ ။ အဲလိုစိစစ်ဖို့မကောင်းလား အဲဒါလိုရင်းအချက်ေ တွကွဲနော် ။

ရုပ်တစ်လုံး နာမ်တစ်လုံးကို သုညတ ဆိုက်ဖို့လိုတာ အဲဒီ အပေါ်မှာ ရုပ်တ စ်လုံး နာမ်တစ်လုံးမှာ နှလုံးသွင်းမှားလို့ သမုဒယဖြစ်တာပေါ့ စိစစ်ဖို့ မေ ကာင်းလား မာသဘော မာဓါတ် မာပရမတ်ပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ နှလုံးသွင်း မမှားဘူးလား မှားရင် လိုချင်တဲ့လောဘ ကိလေသာမဖြစ်လား ။ သို့မဟုတ် ဒေါသကိလေသာမဖြစ်ဘူးလား ဖြစ်ရင် သမုဒယပေါ့ သမုဒ ယအကြောင်းရှိတော့ အကျိုးခန္ဓာ မရဘူးလား အိုနာသေလွတ်ကဲ့လား ဘာသစ္စာလဲ ။ သမုဒယကြောင့်ဖြစ်တာကိုး သမုဒယ ဒုက္ခလို့မဟောဘူး လား ။ အဲလိုလေ့လာဖို့မကောင်းလား ။

အဲဒီ ပထဝီဓါတ်ကလည်းဒါ ရူပက္ခန္ဓာ ရုပ်တရားကြီးမရလား ရုပ်နဲ့ပတ်သ က်လို့ ချောင်းထဲမြစ်ထဲမှာရှိတဲ့ ရေမြူပ် ကြီးကဲ့သို့ မြတ်စွာဘုရားဟော မဟာ။ ရေမြူပ်ကဲ့သို့မြင်မယ်ဆိုရင် ချစ်စရာတွေသေးရဲ့လား မုန်းစရာကား တွေသေးရဲ့လား ။ အနှစ်သာရကားရှိရဲ့လား မရှိဘူး ဒါရေမြူပ်ကဲ့သို့ဥပမာ မပေးလား ဒါရေမြူပ်နဲ့တူတယ်လို့ ဟောတယ်နော် ကဲအဲဒီရေမြူပ်ကြီးကရန် သူနဲ့တွေ့မယ် ဒိုက်တွေ့မျှော်လာမယ် တုန်းတွေ့မျှော်လာမယ် အဲဒါ ထိတဲ့ခါ ဖရိုဖရဲပြုကွဲပြီးတော့မှ ရေတွေ့ဖြစ်မသွားဘူလား အဲဒီရေမြူပ်ကရေကဖြစ် တာနော် ပျက်တော့ရော်ဘဲ ပြန်မဖြစ်လား အဲလိုစိစစ်ဖို့မလိုလား ဒီလိုဆိုရင် စွဲစရာလိုသေးရဲ့လား

အဲဒါပထဝီဓါတ်က ဖောက်ပြန်ပြီး တော့ပျက် ခံစားတာဝေဒနာက ခံစားပြီးေ တော့ပျက် သညာကမှတ်ပြီးတော့ပျက် သင်္ခါရက္ခန္ဓာကပြုပြင် ပြီးတော့ပျက်

www.dhammadownload.com

ဝိညာဏကွန္ရွာကသိပြီးတော့ပျက် ဖြစ်ပျက် ဘာသစ္စာလဲ ချမ်းသာတဲ့တရား လား ဆင်းရဲတဲ့ တရားလား တရားပျောက်တော့ ကိုယ်မှာရှာ ကိုယ်မှာရှာဇ တာ့ တရားတွေ့တယ်မဟာဘူးလား လူချမ်းသာ တွေ့သလား ဆင်းရဲ တာတွေ့သလား လူချမ်းသာလား ဒုက္ခသစ္စာလား  နတ်ချမ်းသာလား ဒုက္ခ သစ္စာလား  ဗြဟ္မာ ချမ်းသာလား ဒုက္ခသစ္စာလား ကဲအမှန်သိသွားပြီနော် အမှန်သိတော့ အမှားမပျောက်လား အဝိဇ္ဇာချုပ် တာပြောတာ လေ့လာ ဖို့မကောင်းလား ။

အဝိဇ္ဇာချုပ်ရင် နလုံးသွင်းမှန် မမှန် ။ မှန်ရင် လူလားဒုက္ခသစ္စာလား လူချမ်း သာလားဒုက္ခသစ္စာလား နတ်ချမ်းသာလားဒုက္ခသစ္စာလား  ဗြဟ္မာ ချမ်းသာ လားဒုက္ခသစ္စာလား ဆင်းရဲတာက လွဲလို့ တခြားတွေ့ရဲ့လား အဲလိုသိဇ တာ့ တရားပျောက်တော့ ကိုယ်မှာရှာ ကိုယ်မှာရှာတော့ တရားတွေ့တယ် မဟာဘူးလား ဆင်းရဲတဲ့ တရားတွေ့တာကွဲ့ သိတော့မပယ်ဘူးလား  ကဲ အပြောအဆို အနေအထိုင်တွေ ပြောင်းမသွားဘူးလား  စားဝတ်နေရေးဇ တွ အခါတိုင်းကလိုလုပ်သေးရဲ့လား မူပြောင်းတယ် လျော့လာခဲ့ပြီကွဲ့နော် အဲလိုလေ့လာဖို့မကောင်းလား

အဲဒါ ခန္ဓာဖက်ကို ဉာဏ်လှည့်တဲ့ အခါမှာ ရာဂစိတ် ဒေါသစိတ် မောဟစိတ် ဖြစ်သေးရဲ့လား ပညတ်ကိုလှည့်တဲ့အခါမှာဖြစ်တာကွဲ့နော် အဲလိုလေ့လာဖို့ မကောင်းလား ဥပမာအားဖြင့် အကာလညအခါ လသာတဲ့အခါ ကောင်းက င်မှော့ကြည့်နော် လကိုမြင်နေတဲ့ အချိန်မှာလအောက်မှာရှိတဲ့ ရေမြေ တာတောင် ပင်လယ်သမုဒ္ဒရာတွေ့မြင်ရပုံမလား လကိုမြင်တဲ့ခါ မမြင်ရ ဘူးနော်

အဲ လကနေပြီးတော့ မျက်လွှာချ အောက်ကိုလှည့်တဲ့အခါတော့ မြို့ရွာတို င်းပြည်တွေ့ မမြင်ရဘူးလား ပင်လယ်သမုဒ္ဒရာ မမြင်ရဘူးလား အဲဒီပင်လ

www.dhammadownload.com

ယ် သမုဒ္ဒရာကိုမြင်တဲ့ခါ မြို့ရွာတိုင်းပြည်မြင်တဲ့ခါ လကိုမြင်ရရဲ့ လား အခု လည်း ဤပမာဏကဲ့သို့ ရုပ်နာမ်ကိုမြင်တဲ့အခါ ပုဂ္ဂိုလ်သတ္တဝါ တွေ့သေး ရဲ့လား စိစစ်ရင် ပုဂ္ဂိုလ် သတ္တဝါ မတွေ့တာ ရှိလို့လား မရှိလို့လား မရှိတဲ့ခါ ရာဂစိတ် ဒေါသစိတ် မောဟစိတ်တွေ ဖြစ်ပါ့မလား တွေ့တဲ့ တရားကလည်း အနိစ္စ မျိုး ဒုက္ခမျိုး အနတ္တမျိုး ဆိုတော့ ချမ်းသာတဲ့တရားဟုတ်ကဲ့လား ဆ င်းရဲတဲ့တရားလို့ အမှန်သိဖို့မကောင်းလား ။ စက္ကန့်မခြား တ ဇွန့်ဇွန့်နဲ့ နာရီ စက္ကန့်နဲ့ တဖြုတ်ဖြုတ် တသုတ်သုတ်နဲ့ဖြစ်ပျက်ပြီး တော့နေတာ နဒီသောဇ တာ ဝိယ လို့မဟောဘူးလားဟဲ့ မြစ်ရေများစီးသလိုဖြစ်ပျက်နေတာနော်

အဲလိုဆို ဒီခန္ဓာရဲ့အကျိုးအပြစ်ကို သိတော့တာပေါ့ သိတဲ့ခါနောင်တစ်ဖန် ဒီခန္ဓာမျိုး ရချင်သေးရဲ့လား လက်ရှိခန္ဓာ မတွယ်တာဘူးနော် နောင်ခန္ဓာ ဇ တာင့်တဦးမလား အဲဒီ အသိဉာဏ်နဲ့လှုမယ် ဒါန်းမယ် ပေးမယ် ကမ်းမယ် ဆို နိဗ္ဗာနပစ္စယော ဟောတု သုံးဆယ့်တစ်ဘုံ ဘယ်ဘုံမှမလိုဘူးနော် ကဲမ လိုလို့လှုတာကွဲ့ လိုလို့လှုတာက သမုဒယကွဲ့ မလိုလို့လှုတာက မဂ္ဂကွဲ့ မ ဂ္ဂနိရောဓလို့မဟောဘူးလား။

ကဲ... ထိဆဲခန္ဓာကဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက (မဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယသစ္စာပါဘုရား) နောက်ခန္ဓာ မ လာတာ (နိရောဓသ စ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ် ကွက်ရှိ (လေးကွက်ရှိပါတယ်ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား) ငါးလေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို ( အလွယ်ကျက်မှတ် သိစေအပ်သ ည် သံသရာမှ လွတ်ကြောင်း တည်း )

သာဓု သာဓု သာဓု။

www.dhammadownload.com

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တော
ရကျောင်း ၊ ပဓာနနာယက ဆရာတော်။

ကျေးဇူးတော်ရှင်  အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရား
ကီး ။
ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ်တွင် ၁၂ - ၁၀
-၂၀၀၇ ခုနှစ် ည ( ၇ )နာရီအချိန် ဟောကြားဆုံးမ တော်မူအပ်သော
မာယလုလင် နှင့် သုဇာတာဗျိုင်းမလေး တို့ အကြောင်း ဥပမာပြ
ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။ နမော ဓမ္မဿ။ နမော သံဃဿ။ နမော မာတာပိတုဿ။
နမော အာစရိယဿ။

ဗုဒ္ဓဿ - သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူ
သော
ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။
နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏
အရှင်ဘုရား။

ဓမ္မဿ - မဂ်လေးတန် - ဖိုလ်လေးတန် - နိဗ္ဗာန် - ပရိယတ် ဆယ်ပါးသော
တရားတော်မြတ်တို့အား။
နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး
လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com

သံဃသဿ - မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။ နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုဿ - မိဘနှစ်ပါးအား။ နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယဿ - ဂိပဿနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင် သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော် ဘုရားကြီးအား။
နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုးချီရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အားရိုသေမြတ်နိုး လက်စုံမိုးချီ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့် မိမိတို့ အလိုရှိအပ်တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော
ဝိပဿနာ ဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

www.dhammadownload.com

မူလနှစ်ဖြာတခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အဂ်ါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်ဆုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာ နှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တရားနာတယ် တရား အားထုတ်တယ် တရား လေ့လာတယ် ဆိုတာ မိမိခန္ဓာမှာ ရှိတဲ့တရားနဲ့ အသိဉာဏ်နဲ့ထပ်သွားဖို့လိုတယ်နော်...။ ရှိတဲ့တရား ဆိုတာ အာရုံနဲ့ဒွါရ တိုက်ပြီးတော့ ပေါ်လာတဲ့ ခန္ဓာငါးပါးကို ပြောတာနော်...။

မျက်စိ အကြည်ရှိရင် ရူပါရုံ အဆင်း မတိုက်လား...မြင်သိစိတ် မပေါ်လား...။ ငါ မြင်တာလား မြင်သိစိတ်လား...။ လူကိုမြင်တာလား အဆင်းကိုမြင်တာလား...။ တဝိညာဏ်တည်း မြင်သိလို့ဖြစ်ကဲ့လား...။

မဖြစ်ရင်သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာမပါလား...။ အဆင်းလို့ခံစားတာ ငါလားဝေဒနာလား...။ လူလားဝေဒနာလား...။ နတ်လားဝေဒနာလား...။ ဗြဟ္မာလားဝေဒနာလား...။ အဆင်းလို့မှတ်တာ လူနတ်ဗြဟ္မာလား သညာလား...။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလားစေတနာလား... ။

www.dhammadownload.com

ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါးမပြည့်လား...။ ဤလေးပါးပြည့်စုံမှ မြင်သိစိတ်ဖြစ်တာနော်... လူနတ်ဗြဟ္မာလား နာမက္ခန္ဓာလေးပါးလား မျက်စိအကြည်ကား လူဟုတ်ကဲ့လား ရူပါရုံအဆင်းကား လူဟုတ်ကဲ့လား ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာမရလား နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း ဒါမျက်စိမှာပေါ်တာနော် ဒါမျက်စိမှာ အလုပ်လုပ်ရမှာပေါ့

အဲဒီခန္ဓာသိလို့ရှိရင် ကိုယ်ထင်တာတွေ တွေ့သေးရဲ့လား တွေ့တာက လူလားခန္ဓာငါးပါးလား နတ်လားခန္ဓာငါးပါးလား ဗြဟ္မာလား ခန္ဓာငါးပါးလား ဘယ်လောက်များ ထင်ရှားသလဲနော် အဲဒီခန္ဓာပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ နလုံးသွင်းမှားလို့ သက္ကာယဒိဋ္ဌိ ဖြစ်တာပေါ့ ခန္ဓာ လို့အမှန်သိလို့ရှိရင် လူစွဲဒိဋ္ဌိ နတ်စွဲဒိဋ္ဌိ မပြုတ်ဘူးလား အဲဒါလိုရင်းအချက်တွေကွဲနော် သိမှပယ်နိုင်တာ မသိပယ်နိုင်ပဲ့မလား ဒါမို့ လက်တွေ့ မျက်တွေ့တွေပေါ့နော်

ဒါကြောင့် မြင်တာကို သညာဖုံးတယ် သညာကို သင်္ကာရှင်းမှ သင်္ကာကင်းမှာနော် မြင်တာက အဆင်းဓါတ်ကိုမြင်တာ သညာကလူ သညာက နတ် သညာက ဗြဟ္မာ သညာက မိန်းမ ယောကျ်ား ဟာ စိစစ်ဖို့မကောင်းလား

ကဲ လူထင်လို့ဘုရားပေးတဲ့ ဝိဇ္ဇာမျက်မှန်တပ်ကြည့် လူကိုမြင်တာလား အဆင်းကိုမြင်တာလား မြင်သိစိတ် စက္ခုဝိညာဏ်နော် သူက နာမ်တရား မရလား မျက်စိအကြည်နဲ့အဆင်းက ရုပ်တရား မရလား နာမ်ရုပ်နှစ်ပါး ။လူလားနာမ်နဲ့ရုပ်လား နတ်လားနာမ်နဲ့ရုပ်လား ဗြဟ္မာလားနာမ်နဲ့ရုပ်လား ။ နာမ်ရုပ်ဘဲတွေ့တယ်နော် ။ လူမတွေ့တာ နတ်မတွေ့တာ ဗြဟ္မာမတွေ့တာ ရှိလို့လား မရှိလို့လား မရှိရင် လူစွဲ နတ်စွဲ ဗြဟ္မာစွဲ စွဲစရာလိုသေးရဲ့လား အဲလိုစိစစ်ဖို့မကောင်းလားဟ အဲဒါလိုတယ်နော်

www.dhammadownload.com

အဲဒီနာမ်ရုပ်တရားနှစ်ပါးအပေါ်မှာ ဌာနုပစာရ အားဖြင့်တင်စားပြီးတော့ ညီတော်အာနန္ဒာ လို့မခေါ်လား သားတော်ရာဟုလာ လို့ မခေါ်လား ချစ်သမီး ချစ်သားတို့ လို့မခေါ်လား ခေါ်တာဘုရားပယ်ရဲ့လား ဘာတွေပယ်တာလဲ စိစစ်ဖို့မကောင်းလား အဲဒီနာမ်ရုပ်တရား နှစ်ပါးပေါ်မှာ လူလို့မထင်လား ရှိတယ်လို့မယူလား

ခုဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်နော် လူထင်လို့ ကိုင်စမ်းကြည့် ပူနွေးနွေးမတွေ့လား လူလား တေဇောဓါတ်လား တစ်နည်းအားဖြင့် အေးတာ မတွေ့လား လူလား တေဇောဓါတ်လား အေးတာ သီတတေဇောပေါ့ ပူတာဥဏှတေဇောပေါ့ ပူတယ် အေးတယ်လို့သိတာ သူငါလား ကာယဝိညာဏ်လား နာမ်တရားမရလား ပူတာအေးတာက ရုပ်တရားမရလား နာမ်ရုပ်နှစ်ပါး အဲဒီနာမ်ရုပ်ကို သိဖို့လိုတယ်ကွဲ့ ကြားလား

ကဲလူမတွေ့တာ ရှိလို့လား မရှိလို့လား မရှိရင် လူစွဲ နတ်စွဲ ဗြဟ္မာစွဲ စွဲစရာလိုသေးလား အဲဒါပယ်တာကွဲ့နော် ။အဲဒီနာမ်ရုပ်ပေါ်မှာ လူလို့မခေါ်ဘူးလား နတ်လို့မခေါ်ဘူးလား ဗြဟ္မာလို့မခေါ်ဘူးလား ခေါ်တာဘုရား ပယ်ရဲ့လား အထင်နဲ့အယူအဆကို ပယ်တာဗျ အဲလိုလေ့လာဖို့မကောင်းလား စဉ်းစားနော်

ဒါကြောင့်တရားသိဖို့ အရေးကြီးတယ် မိုးကုတ်ဆရာတော်ဘုရားကြီးက တရားသိဖို့ နံပါတ်တစ် စားဝတ်နေရေးရှာဖို့ နံပါတ်နှစ် ပေါ့နော် အဲလိုလေ့လာဖို့ မကောင်းလား အဲဒီတရားကိုသိမှ ချမ်းသာအစစ်ကို ရတယ်နော် သက္ကာယဒိဋ္ဌိ ပြုတ်ပြီဆိုတဲ့ခါကြတော့ ဒါ သောတာပန်ပေါ့ကွဲ့ သောတာပန်ဆို ချမ်းသာအစစ်ကိုမရဘူးလား

www.dhammadownload.com

ဘယ်လောက်ထိ ချမ်းသာသလဲ စိစစ်ဖို့မကောင်းလား မြန်မာပြည် တစ်ပြည်လုံး မှာရှိတဲ့ ရွှေ ငွေ ကျောက် သံ ပတ္တမြား ဆန်ရေစပါး တစ်ပြည်လုံး ရှိတဲ့ပစ္စည်းနဲ့ တစ်မင်္ဂတစ်ဖိုလ် ရတဲ့အသိဉာဏ်နဲ့ လဲနိုင်ပါ့မလား တစ်ပြည်လုံးရှိတဲ့ပစ္စည်းက မအိုအောင် တတ်နိုင်ရဲ့လား မနာအောင်တတ်နိုင်ရဲ့လား မသေအောင် တတ်နိုင်ရဲ့လား အိုနာသေ မလွတ်ဘူးနော် ။ အိုနာသေ မလွတ်... အပါယ်က စိတ်ချရပါ့မလား

ဟော သစ္စာတရားသိတဲ့ ပုဂ္ဂိုလ် တစ်မင်္ဂတစ်ဖိုလ် ရတဲ့ပုဂ္ဂိုလ်က အပါယ်ကလွတ်၍ လွတ်၍ မနေလားဟဲ့ အပါယ်ကလွတ်၍ လွတ်၍ နေတယ်နော် ဆက်ပြီး ကြိုးစားရင် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပေါ့ကွဲ့ အဲလိုစိစစ်ဖို့ မကောင်းလား ဒါကြောင့်မို့လို့ အင်မတန်ကျေးဇူးကြီးမားလှတဲ့ မိုးကုတ်ဆရာတော် ဘုရားကြီးက တရားသိဖို့ နံပါတ်တစ် စားဝတ်နေရေးရှာဖို့ နံပါတ်နှစ်ပေါ့ တရားသိမှစိတ်ချရတယ်ကြားလား အဲလိုစိစစ်ဖို့မကောင်းလား တရားမသိ စိတ်မချရဘူးနော် အဲဒါလိုရင်းအချက်တွေ မဟောရဘူးလားဟဲ့ စဉ်းစား စဉ်းစားတာ အလုပ် လုပ်တယ် လို့ခေါ်တယ်နော်

ဒါကြောင့် ခန္ဓာဖွဲ့ ခန္ဓာဖွဲ့ ဆိုတာ သက္ကာယဒိဋ္ဌိ ဖြုတ်တာကွဲ့ကြားလား ထင်တာတွေ တွေ့တာတွေ ပိုင်းခြားဖို့လိုတယ် ကြားလား မျက်စိ နား နှာ လျှာ ကိုယ် စိတ် ခြောက်ဒွါရမှာ တကယ့် ခန္ဓာဖက်ကို ဉာဏ်လှည့်လိုက်မယ်ဆိုရင် ဆိုးကောင်းနှစ်ပါး လွတ်တယ်ကွဲ့နော်

ကဲလျှာနဲ့ပတ်သက်ပြီးတော့ စားစရာတစ်ခု တမာရွက်ကို အထည်သက္ကာန်ပျောက်အောင် ကပ်ကြေးနဲ့ ခပ်နုပ်နုပ်ကိုက်ပြီးတော့ သုပ်လိုက်တာပေါ့ဒေနာ် ဒီလိုဆိုတော့ အရွက်သက္ကာန်တွေ ပေါ်သေးရဲ့လား တမာရွက်လို့ သိပါ့မလား မသိဘူး စားလိုက်တဲ့အခါကြတော့ သိတယ်နော်

www.dhammadownload.com

ကဲတမာရွက်အနေ စားကြည့် လိုက်တာပေါ့ တွေ့တာက တမာရွက် တွေ့တာလား ခါးတာတွေ့တာလား ခါးတာကို မျက်စိကကြည့် မြင်ရပုံမ လား လက်နဲ့ကိုင်စမ်း ကြည့်ရင်ကားတွေ့ပုံမလား  နမ်းကြည့်ရင်ကားတွေ့ပုံမလား လျှာနဲ့ကြတော့ မသိနိုင်ဘူးလား

အဲဒီမှာအခါးကြိုက်တဲ့လူ အခါးမကြိုက်တဲ့လူ ။ အခါးမကြိုက်တဲ့လူက အဲဒါနှိုက်ပြီးတော့ စားလို့ရှိရင် ပြန်ပြီးတော့မထွေးဘူးလား ထွေးမလား။ ထွေးတာကောင်းလို့လား မကောင်းလို့လား မကောင်းလို့နော် အခါးကြိုက်တဲ့လူက အခုမှ ခံတွင်းသာတယ်လို့ မပြောဘူးလား သူ့အနေနဲ့တော့ ကောင်းတာပေါ့  အဲလိုစိစစ်ဖို့မကောင်းလား

အဲဒါကြောင့်မို့လို့ သောမနဿဝေဒနာ စိတ်မှာပေါ် သည် ဒေါမနဿဝေဒနာ စိတ်မှာပေါ် သည် မဟော်ဘူးလား ဥပေက္ခာဝေဒနာ လျှာမှာပေါ် သည် မဟော်ဘူးလား ဆိုးကောင်းနှစ်ပါးပါရဲ့လား သူ့စိတ်မှာဖြစ်တာ ခါးတာက လျှာမှာဖြစ်တာနော် ခါးတာကတော့ လူမျိုးတစ်ရာ့တစ်ပါး စားကြည့် တူမတူ တမာရွက်ဆိုတဲ့ နာမည်ကတော့တူရဲ့လား မတူတာမရှိလို့ပေါ့ နာမညတ် သမုတ်ရှိအခေါ် ရှိ ကွဲနော်

 မွေးလာတဲ့ကလေး ကိုပြန်စဉ်းစား ဒါကလေးလို့ နာမည်တပ်လိုက်ရတာနော် ယောကျ်ားမိန်းမလို့ နာမည်တပ်တာနော် မွေးကတည်းကပါရဲ့လား အဲဒီကလေးကို တော်တော်လေးကြီးတဲ့အခါကြတော့ နာမည်တွေ ပေးရတယ်နော်

စံမော်လို့နာမည်ပေးရတယ် အဲလို နာမည်ကောင်းကောင်းအားဖြင့်  ဒါ မိဘဖြစ်တဲ့ပုဂ္ဂိုလ်က ကိုယ့်ကိုကိုယ်နာမည် သားသမီးနာမည် မတတ်တဲ့ မာတ်ခိုက်အောင်တတ်တဲ့ ပုဂ္ဂိုလ်တွေခေါ် ရတယ်နော် ဒါ မင့်သားဘယ်နှစ်နှစ်

www.dhammadownload.com

ရှိ သုံးနှစ်ကကျော်သွားပြီ ပေါ့ လေးနှစ်ထဲရောက်လာပြီကြားလား ဘာဖ နဲ့သားလဲ မမေးရဘူးလား  အဂီါသား အဂီါသား ဘာလမွေးလဲ မမေးရဘူး လား နတ်တော်လပေါ့ လဆန်းလား လဆုတ်လား လပြည့်နေ့ပေါ့ အဂီါ သား စိစစ်ဖို့မကောင်းလား

မဟာဘုတ်ကိုကြည့်တဲ့ခါ အဂီါက အဓိပတိကွဲ့နော် ဗုဒ္ဓဟူးကရာဇ ကြာသ ပတေးအထွန်း ဒီနေ့ကစမင့်သားကို စံမော်လို့မပေးဘူးလား စံမော်တဲ့ကွဲ့ ဖ မွေးထဲကပါတာလား မိဘတွေကပေးတာလား  အဲဒါနားလည်ဖို့ လိုတယ်ဖ နာ် တော်တော်လေး အရွယ်ကြီးလို့ ကျောင်းက ထွက်ပြီးတော့မှ လူပျိုဖြစ် တဲ့ခါ ကိုစံမော်မခေါ်ရဘူးလား အိမ်ထောင်ရက်သားကျတဲ့ခါ ဦးစံမော်လို့ မခေါ်ရဘူးလား မွေးကတည်းကပါတာလား မိဘတွေကပေးတဲ့နာမည် လား

အမြင်ခံ ဘုရားပေးတဲ့ ဝိဇ္ဇာမျက်မှန်တပ်ကြည့် စံမော်ကိုမြင်မလား အဆင်း ကိုမြင်မလား စံမော်လို့တော့ မထင်ဘူးလား ရှိတယ်လို့မယူလား ဘုရားပေး တဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်နော်  စံမော်တွေ့မလား မာတာတွေ့မလား စံမော်တွေ့မလား ပျော့တာတွေ့မလား မာတာပထဝီ ပျော့တာပထဝီ မာတ ယ်ပျော့တယ်သိတာ သူငါလား ကာယဝိညာဏ်လား ကာယဝိညာဏ်က နာမ်တရားမရလား မာတာပျော့တာက ရုပ်တရားမရလား နာမ်ရုပ်နှစ်ပါးဖ ပါ့

ဦးစံမော်လား နာမ်နှင့်ရုပ်လား  ကိုစံမော်လား နာမ်နှင့်ရုပ်လား  မောင်စံဖ မော်လား နာမ်နှင့်ရုပ်လား ကဲစံမော်မတွေ့ဘူးနော် တွေ့တာက နာမ်ရုပ်ပေါ့ ဒါ စံမော်ရှိ မရှိ ။ မရှိရင် စံမော်အနေနဲ့ စွဲစရာလိုသေးရဲ့လား ရှိတဲ့တရားကလ ည်း ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား နာမ်တရားက သိ၊

www.dhammadownload.com

ပီးတော့မပျက်လား ကဲအစွဲခံရဲ့လား အဲလိုလေ့လာဖို့ မကောင်းလား ဒါကြောင့် ခန္ဓာဖွဲ့ ရတယ်နော်။

မရသေးတဲ့ပုဂ္ဂိုလ် ရလေအောင်ရပြီးသား လိုရင်းကိစ္စပြီးအောင် မျက်စိပေါက်ကစ မနောဒွါရထိ မှန်မှန်လေး ခန္ဓာဖွဲ့ကြ

"မျက်စိ..."

စက္ခု အကြည်ကို အဆင်း တိုက်တော့ စက္ခုဝိညာဏ် ပေါ်ပါသည်။
စက္ခုဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား။ မဖြစ်နိုင်ပါ။
စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
စက္ခု အကြည်နှင့် အဆင်း ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။
အဆင်း ကို မြင်သိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
မျက်စိ အကြည်နှင့် အဆင်းက ရုပ်။
စိတ် စေတသိက် ရုပ်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။
အဆင်း ကို မြင်သိတာ က နာမ်တရား ၊
မျက်စိ အကြည်နှင့် အဆင်းက ရုပ်တရား၊

www.dhammadownload.com

နာမ် ရုပ်နှစ်ပါး။

.....==========.....

"နား"

သောတ အကြည်ကို အသံ တိုက်တော့ သောတဝိညာဏ် ပေါ်ပါသည်။
သောတဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။ မဖြစ်နိုင်ပါ။
သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးဝေပါင်းတော့ နာမကွန်ဓာ လေးပါး ဖြစ်ပါသည်။
သောတ အကြည်နှင့် အသံ ကို ခန္ဓာဖွဲ့တော့ ရူပကွန်ဓာ ဖြစ်ပါသည်။
နာမကွန်ဓာ လေးပါး နှင့် ရူပကွန်ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။
အသံ ကို ကြားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
နား အကြည်နှင့် အသံ က ရုပ်။
စိတ် စေတသိက် ရုပ်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။
အသံ ကို ကြားသိတာ က နာမ်တရား ၊
နား အကြည်နှင့် အသံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

www.dhammadownload.com

"နာ"

ဃာန အကြည်ကို အနံ့ တိုက်တော့ ဃာနဝိညာဏ် ပေါ်ပါသည်။
ဃာနဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ဃာနဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ
င်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ဃာန အကြည်နှင့် အနံ့ ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ဓာ ၁အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။
အနံ့ ကို နံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဓာ ၁ အကြည်နှင့် အနံ့ က ရုပ်။
စိတ် စေတသိက် ရုပ်။

ဓာ ၁အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။
အနံ့ ကို နံသိတာ က နာမ်တရား ၊
ဓာ ၁ အကြည်နှင့် အနံ့ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"လျှာ"

www.dhammadownload.com

ဇဝါ အကြည်ကို ချို့ ချဉ် စပ် ငန် ဖန် ခါး ရသာ(၆)ပါး တိုက်တော့ စားသိစိတ်ဆိုတဲ့ ဇဝါဝိညာဏ် ပေါ် ပါသည်။
ဇဝါဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ် လို့ ဖြစ် ပါသလား။ မပြဖစ်နိုင်ပါ။
ဇဝါဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ဇဝါအကြည်နှင့် ရသာ ၆ပါး ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

လျှာ အကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ် ပါသည်။
ရသာ ၆ပါး ကို စားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
လျှာအကြည်နှင့် ရသာ ၆ပါး က ရုပ်။
စိတ် စေတသိက် ရုပ်။

လျှာအကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ် ပါသည်။
ရသာ ၆ပါး ကို စားသိတာ က နာမ်တရား ၊
လျှာ အကြည်နှင့် ရသာ ၆ပါး က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

ကိုယ်

ကာယ အကြည်ကို မာမှု ပျော့မှု ပထဝီ ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ဆိုတဲ့ ကာယဝိညာဏ် ပေါ် ပါသည်။

www.dhammadownload.com

ကာယဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ကာယဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ
င်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ကာယအကြည်နှင့် မာမှု ပျော့မှု ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ် ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ကိုယ် အကြည်ကို ပူမှု အေးမှု တေဇော ဖောဋ္ဌပ္ပ တိုက်တော့ ထိသိစိတ် ဖ
ြစ်ပါသည်။
ပူမှု အေးမှု ကို ထိသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ကိုယ် အကြည်နှင့် ပူမှု အေးမှု က ရုပ်။
စိတ် စေတသိက် ရုပ်။

ကိုယ် အကြည်ကို ထောက်ကန် လှုပ်ရှားမှု ဝါယော ဖောဋ္ဌပ္ပ တိုက်တော့ ထိ
သိစိတ် ပေါ်ပါသည်။
ထောက်ကန် လှုပ်ရှားမှု ကို ထိသိတာ က နာမ်တရား ၊
ကိုယ် အကြည်နှင့် ထောက်ကန် လှုပ်ရှားမှု က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

စိတ်

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ဆိုတဲ့ မနောဝိညာဏ် ဖ
ြစ်ပါသည်။

www.dhammadownload.com

မနော ဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာကွန်ဒါ စေတသိက် သညာ
ကွန်ဒါ စေတသိက် သခါရကွန်ဒါ စေတသိက် သုံးပါးပေါင်းတော့ နာမကွန်ဒါ
လေးပါး ဖြစ်ပါသည်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ ကို ခန္ဓာဖွဲ့တော့ ရူပကွန်ဒါ ဖြစ်ပါသည်။
နာမကွန်ဒါ လေးပါး နှင့် ရူပကွန်ဒါ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်။
စိတ် စေတသိက် ရုပ်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က နာမ်တရား
၊
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား နတ်အစားစား ဗြဟ္မာ
အစားစား တိရစ္ဆာန်အစားစား ပြိတ္တာ အသူရကာယ် အစားစားတွေတာ
လား ခန္ဓာငါးပါးတွေတာလား လူနတ်ဗြဟ္မာသတ္တဝါ မတွေတာ ရှိလို့လား မ
ရှိလို့လား  မရှိရင် လူစွဲ  နတ်စွဲ  ဗြဟ္မာစွဲ စွဲစရာ လိုသေးသလား တွေတဲ့

www.dhammadownload.com

တရားက လူနတ်ဗြဟ္မာလား ခန္ဓာငါးပါးလား ဘယ်လောက်များ ထင်ရှားသ
လဲနော် အဲလိုစိစစ်ဖို့မကောင်းလား ။

လက်တွေ့ မျက်တွေ့ တစ်ခါထဲ လျှာနဲ့ပတ်သက်ပြီးတော့မှ ရှာကြည့်ဦးနော်
ဥပမာအားဖြင့် သံပရာသီးတစ်လုံးကို စားကြည့်လိုက်တာပေါ့ ဘယ်လိုဒ
တွေ့မလဲ စားတုန်းက သံပရာသီး စားတာနော် တွေ့တာကချဉ်တဲ့သဘောဒ
ပါ့

အဲဒါချဉ်တယ်လို့ စားသိစိတ်လေးဟာ လျှာအကြည်နဲ့ ချဉ်အရသာမတိုက်
ခင် ချဉ်တယ်လို့သိတဲ့စိတ်လေး ဘယ်မှာနေတယ်လို့ လက်ညှိုးညွှန်ပြခြင်း
ငှာထိုက်ကဲ့လား ထိုက်ဘူးနော် နှစ်ခုတိုက်တော့ စားသိစိတ်မပေါ်လား
အကောင်အထည် ဟုတ်ကဲ့လား ချိန်ကြည့် တစ်ပိသာရှိတယ် နှစ်ပိသာ
ရှိတယ် ချိန်လို့ရရဲ့လား တစ်ရွေးသားရှိတယ် နှစ်ရွေးသားရှိတယ် ချိန်
လို့ရရဲ့လား ချိန်လို့မရ သဘောအနေနဲ့ မထင်ရှားဘူးလား ဒါကြောင့်အနိမိ
တ္တ အနိစ္စ ဆိုတာမဟောဘူးလား အဲဒါပစ္စုပ္ပန် တည့်တည့် စားဆဲလေးမှာဒ
လ့လာရတယ်နော်

ချဉ်တယ်လို့ခံစားတာ ငါလားဝေဒနာလား လူလားဝေဒနာလား နတ်
လားဝေဒနာလား ဗြဟ္မာလားဝေဒနာလား ချဉ်တယ်လို့မှတ်တာ လူနတ်ဗြ
ဟ္မာလားသညာလား ခံစားနိုင်အောင်စေ့ဆော်တာ မှတ်နိုင်အောင်စေ့ဆော်
တာ သူငါလား စေတနာလား ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့
နာမက္ခန္ဓာလေးပါး မပြည့်လား ဤလေးပါးပြည့်စုံမှ စားသိစိတ်ဖြစ်တာဒ
နော် လေးပါးပြည့်စုံမှ စားသိစိတ်ဖြစ်တာပေါ့ လူနတ်ဗြဟ္မာလား နာမက္ခန္ဓာ
လေးပါးလား လျှာအကြည်ကား သံပုရာသီး ဟုတ်ကဲ့လား ချဉ်ဆိုတဲ့ရသာ
ကား သံပုရာသီး ဟုတ်ကဲ့လား ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာမရလား နာမ
က္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း ဒါလျှာနဲ့ပတ်သက်လို့ သံပုရာသီးရှာကြည့်

www.dhammadownload.com

တွေ့တာကသံပုရာသီးလား ခန္ဓာငါးပါး လား သံပုရားသီးလား နာမ်နှင့်ရုပ် လား နာမ်ရုပ်ဘဲတွေ့တယ်နော်

ဤ နာမ်ရုပ်ပေါ်မှာ ဌာနုပစာရ အားဖြင့်တင်စားပြီးတော့ သံပုရာသီးလို့ မဂ ခါ ဘူးလား သံပုရာသီးလို့ မသမုတ်ကြဘူးလား ခေါ်တာသမုတ် တာ မြတ် စွာဘုရား ပယ်ရဲ့လား ဘာတွေပယ်တာလဲ လို့လေ့လာဖို့မကောင်းလား သံပုရာသီးလို့မထင်လား ရှိတယ်လို့မယူလား ခုတွေ့တာက နာမ်ရုပ်ဘဲတွေ့တယ်နော် ဘာဖြစ်လို့ သံပုရာသီးမတွေ့တာလဲ မရှိရင်ဘယ်လိုစွဲမလဲ အဲ လိုလေ့လာဖို့မကောင်းလား

နာမ်ရုပ်တရားနှစ်ပါးကလည်း မျိုးကြည့်လိုက် ရှိသေးရဲ့လား အနိစ္စလို့မဂ ဟာဘူးလား သိတာ မဂ္ဂ လို့မဟာဘူးလား အဲဒါလိုရင်းအချက်ပေါ့ကွဲနော် ကဲအဲဒါလျှာနဲ့ ပတ်သက်တာပေါ့ အဲလိုခြောက်ဒွါရမှာ မျက်စိဖြစ်ဖြစ် ကျန် တဲ့ဒွါရဖြစ်ဖြစ် ဒီလိုလေ့လာဖို့လိုတယ်နော် သိမှပယ်နိုင်တာပေါ့ တွေ့တာခု ခန္ဓာဘဲတွေ့တယ်နော် အဲဒီခန္ဓာဘယ်ပုံဘယ်နည်းရှိတာလဲ စိစစ်ဖို့မကော င်းလား

ရူပက္ခန္ဓာ ဘယ်သဘော ရှိသလဲ
ဝေဒနာက္ခန္ဓာဘယ်သဘောရှိသလဲ
သညာက္ခန္ဓာဘယ်သဘောရှိသလဲ
သခါရက္ခန္ဓာဘယ်သဘော ရှိသလဲ
ဝိညာဏက္ခန္ဓာဘယ်သဘောရှိသလဲ

ဤခန္ဓာငါးပါးက မြင်ပြီးရင်ပျက် ကြားပြီးရင်ပျက် နံပြီးရင်ပျက် စားပြီးရင်ပျ က် ထိပြီးရင်ပျက် သိပြီးရင်ပျက် ဆိုတော့ ခန္ဓာငါးပါးတွေသလား မရှိတာ တွေသလား မရှိရင်ဘယ်လိုစွဲမလဲ လူနတ်ဗြဟ္မာသတ္တဝါက အစကတည်

www.dhammadownload.com

လို့ မရှိခြင်းကြောင့် စွဲစရာလိုသေးရဲ့လား ရှိတယ်ဆိုတဲ့ခန္ဓာကဖြစ်ပြီး တော့ မပျက်လား အစွဲခံရဲ့လား ဒီလိုဆိုရင် သက္ကာယဒိဋ္ဌပြုတ်တာပေါ့

သက္ကာယဒိဋ္ဌပြုတ်တဲ့ပုဂ္ဂိုလ် ကာယကံနဲ့ ပတ်သက်တဲ့အကုသိုလ် ဝစီကံနဲ့ ပတ်သက်တဲ့အကုသိုလ် မနောကံနဲ့ ပတ်သက်တဲ့အကုသိုလ် ပြဉ်းမလား ဒါကြောင့် ရှေးဆရာတော် သမားတော်တွေက သက်သတ် ခိုးမှု ကာမေသု မှသား မိစ္ဆာ ကင်းပြတ်ကွာ မှတ်ပါသောတာပန် တဲ့ကွဲ့ ကြားလား အဲလိုလေ့ လာဖို့မကောင်းလား သိမှပယ်နိုင်တာနော် ခန္ဓာသိဖို့မလိုလား သစ္စာသိဖို့မ လိုလား ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး သိဖို့မလိုလား အဲဒါအရေးကြီးဆုံး အချက်တွေနော်။

ကဲမရသေးတဲ့ပုဂ္ဂိုလ် ရလေအောင် ရပြီးသားပုဂ္ဂိုလ် လိုရင်းကိစ္စပြီးအောင် သစ္စာဖွဲ့ သစ္စာဖွဲ့။

ဝေဒနာကမ္မဋ္ဌာ

*ဝေဒနာကမ္မဋ္ဌာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။

* ဝေဒနာကမ္မဋ္ဌာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။

* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။

*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သညာကမ္မဋ္ဌာ

*သညာကမ္မဋ္ဌာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။

* သညာကမ္မဋ္ဌာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။

* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။

www.dhammadownload.com

*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သခ်ၤါရက္ခန္ဓာ
*သခ်ၤါရက္ခန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သခ်ၤါရက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ဝိညာဏက္ခန္ဓာ
*ဝိညာဏက္ခန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ရူပက္ခန္ဓာ
*ရူပက္ခန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သစ္စာလေးပါးသိမှ သောတာပန် သစ္စာလေးပါးသိမှ သကဒါဂါမ် သစ္စာလေးပါးသိမှ အနာဂါမ် သစ္စာလေးပါး သိမှ ရဟန္တာနော်  သစ္စာလေးပါးကိုမသိရင်

www.dhammadownload.com

သောတာပန်ဖြစ်ပါ့မလား သောတာပန် မဖြစ်ရင် ဘုရား ရဟန္တာ ဖြစ်ပါ့မလား သောတာပန်ကစရတာနော်

သစ္စာလေးပါးကိုမသိတာ (အဝိဇ္ဇာပါဘုရား) ခန္ဓာငါးပါးကိုမသိတာ (အဝိဇ္ဇာပါဘုရား) ခန္ဓာငါးပါး တစ်ပါးပါးပေါ်မှာ လူ နတ် ဗြဟ္မာ သတ္တဝါ လို့ နလုံးသွင်းမှားတာ (အဝိဇ္ဇာပါဘုရား) နလုံးသွင်းမှားတာ အဝိဇ္ဇာနော် နလုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ (တဏှာပါဘုရား) မရရင်မနေဘူးလို့ စွဲလန်းတာ(ဥပါဒါန်ပါဘုရား) အဝိဇ္ဇာ တဏှာ ဥပါဒါန် ဤသုံးခုသစ္စာဖွဲ့ တော့ ဘာသစ္စာလဲ (သမုဒယသစ္စာပါဘုရား)

လူလား သမုဒယသစ္စာလား နတ်လား သမုဒယသစ္စာလား ဗြဟ္မာလား သမုဒယသစ္စာလား သားတွေ သမီးတွေလား သမုဒယသစ္စာလား သမုဒယသစ္စာ လို့အမှန်သိတာ သူငါလား မဂ္ဂသစ္စာလား မဂ္ဂသစ္စာက သိတာနော် သမုဒယ အကြောင်း ရှိသမျှ အကျိုး ခန္ဓာ မပေါ်လား ပေါ်နေတာ လူလား ခန္ဓာငါးပါးလား နတ်လား ခန္ဓာငါးပါးလား ဗြဟ္မာလား ခန္ဓာငါးပါးလား ဩဇာ် ခန္ဓာဘဲ တွေ့တယ်နော် လူနတ်ဗြဟ္မာသတ္တဝါ မတွေ့တာ ရှိလို့လား မရှိလို့လား

ဤခန္ဓာငါးပါးက ဘယ်ပုံဘယ်နည်းရှိတာလဲ စိစစ်ဖို့မကောင်းလား လူချမ်းသာလား ဒုက္ခသစ္စာလား နတ်ချမ်းသာလား ဒုက္ခသစ္စာလား ဗြဟ္မာချမ်းသာလား ဒုက္ခသစ္စာလား ဒုက္ခသစ္စာလို့ အမှန်ပိုင်းခြားသိ သမ္မာဒိဋ္ဌိ လို့မဟာဘူးလား မိစ္ဆာဒိဋ္ဌိမချုပ်လား မိစ္ဆာဒိဋ္ဌိချုပ်ရင် တဏှာလာသေးရဲ့လား ဥပါဒါန်လာသေးရဲ့လား ကံလာသေးရဲ့လား ပဋိစ္စသမုပ္ပါဒ် သုံးမျိုးမပြုတ်လား နောက်ခန္ဓာဏတ် မသိမ်းလား နိရောဓ လို့မဟာဘူးလား အဲဒါလိုရင်းအချက်တွေကွဲနော်။

www.dhammadownload.com

မြင်တဲ့အခါ ကြားတဲ့အခါ နံတဲ့အခါ စားတဲ့အခါ ထိတဲ့အခါ ကြံတဲ့အခါ သစ္စာဖွဲ့ရတယ် လေ့လာဖို့မကောင်းလား မှန်တာနဲ့ မှားတာတွေပေါ့ အမှန်သိတော့ အမှားမပျောက်လား အဲဒါလိုရင်း အချက်တွေကွဲ့ ကြားလား ယုံယုံကြည်ကြည်နဲ့ လေ့လာဖို့လိုတယ်နော် အဲဒီသစ္စာလေးပါးကလွဲလို့ တခြားဟားစရာများရှိသေးရဲ့လား ဘုရားအဆူဆူ မဟာဘူးလား သစ္စာလေးပါးသိမှ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ လို့မဟာလား သစ္စာလေးပါး မသိရင် သောတာပန်ဖြစ်ပါ့မလား အဲဒါယုံကြည်ဖို့လိုတယ်နော်။

မကြားစဖူး ကြားဖူးထပ်မံ ရှေးထက်ကျော်ကာရီက မာယလုလင် နဲ့တကွ မယားလေးယောက် ရှိတယ်နော် သုဓမ္မာတဲ့ သုနန္ဒာ သုစိတ္တာ သုဇာတာ ရပ်တွေရွာတွေမှာ လမ်းပန်းကိစ္စ မကောင်းတဲ့ နေရာတွေမှာ ခရီးသည် ဧည့်သည် သွားတဲ့လာတဲ့ခါ ပြေပြစ်အောင် မြို့သူမြို့သား ရွာသူရွာသား သွားတဲ့ခါ ပြေပြစ်အောင် မပြင်ကြ ဘူးလား ကျောင်းကန်ဘုရား သွားတဲ့နေရာတွေမှာ မပြင်ဘူးလား ဘုရား ကျောင်းကန်ဘုရား တွေမှာသန့်ရှင်းရေး မလုပ်ကြဘူးလား ဒါကုသိုလ်တွေနော်

အဲဒီမှာအငယ်ဆုံး သုဇာတာကတော့ အလှပြင် ပြီးတော့ နေတာနော် အကြီးသုံးယောက်ကတော့ သုဓမ္မာ သုနန္ဒာ သုစိတ္တာ တို့က ဝေယျာဝစ္စတွေ ဆောင်ရွက်ကြတာပေါ့ အငယ်ဆုံး သုဇာတာက အလှပြင်နေတယ် အဲဒါ ကျောင်းကန် ဘုရားတွေမှာ သန့်ရှင်းရေး မလုပ်ရဘူးလား အဲလိုသန့်ရှင်းရေးလုပ်တာ အကုသိုလ်လား ကုသိုလ်လား ဟာ ကုသိုလ်အလုပ်တွေ စိစစ်ဖို့မကောင်းလား

အခုလည်းရပ်နဲ့ရွာနဲ့ ပတ်သက်ပြီးတော့မှ အလုပ်လုပ်တဲ့အခါမှာ ကိုယ့်ဒေသန္တရနဲ့ ပတ်သက်လို့ သန့်ရှင်းရေးလုပ်ဖို့ လိုတယ်နော် အချို့နေရာတွေ

www.dhammadownload.com

ကတော့ခါ ခြုံ  နွယ် ပိတ် ပေါင်း တွေက အုပ်ပြီး တော့ စေတီဘုရားတွေက ပျောက်မတတ်နေတာ ခြုံထဲတွေမှာလေ အဲဒါရွာက ရပ်ကတွေက အကုသို လ်များလို့ပေါ့ ကုသိုလ်သာ များမယ်ဆို အဝေးကမြင်ရမယ်နော် ဒီလိုခြုံတွေအုပ်နေတာကွဲ့ လေ့လာဖို့မကောင်းလား လေ့လာကြ လေ့လာကြ အဲဒါထိထိ မိမိ သဘောပေါက် တယ်နော်

အဲမာဃလုလင် က သုဓမ္မာ သုနန္ဒာ သုစိတ္တာ သုဇာတာ ပေါ့ အဲလို ကုသို လ်ကောင်းမှုလုပ်လို့ သေဆုံး သွားကြတဲ့ခါ နတ်ပြည်မှာသွားနတ်သား နတ်သမီးသွားဖြစ်တယ်နော် သုဓမ္မာ သုနန္ဒာ သုစိတ္တာ ။ သုဇာတာက သေဆုံးသွားတဲ့ခါ ချောက်လျှိုမြောင်ကြားမှာ ဗျိုင်းမလေး သွားဖြစ်တယ်ကြားလား တစ်ကောင်တည်း တစ်ကောင်တည်း ဗျိုင်းမလေး

အဲဒါနဲ့ မာဃလုလင်က လူ့ပြည်ကိုကြည့်တာမမြင် ဌာနအသီးသီးကို တိရစ္ဆာန်ပြည် ကြည့် လိုက်တော့ခါ မြင်တော့တာပေါ့ ဗျိုင်းယောင်ဆောင် ပြီးတော့သွား တာနော် အနားကိုရောက် အသင်တဲ့ ငှါကိုသိလားမသိတဲ့ ဘယ်သူလဲ အသင့်ယောကျ်ားဟောင်း မာဃလုလင်ပေါ့  ဟုတ်ကဲ့ လား ဟုတ်ပါတယ် အသင့်အစ်မတွေက ဘယ်ဆီမှာနေသလဲလို့ မမေးရဘူးလား မသိဘူးတဲ့ ဘယ်ဆီမှာနေတယ်လို့ တွေ့ချင်သလား တွေ့ချင်တယ်တဲ့ ဘယ်ဆီမှာလဲ နတ်ပြည်ခြောက်ထပ်မှာ တာဝတိံသာ နတ်ပြည်မှာ နတ်သမီးတွေပေါ့ ငှါမှာတိရစ္ဆာန်ဖြစ်တာ ဘယ်လိုလုပ်သွားမလဲ

တကယ်တွေ့ချင် ဆောင်ရွက်ပေးမယ်တဲ့ ကြားလား တွေ့ချင်တယ်တဲ့နော် ကိုင်းငှါပခုံးနားပြီးတော့ လိုက်ခဲ့ပေါ့ သူ့လက်မောင်းကနားပြီးတော့ လိုက်ခဲ့ပေါ့ လိုက်သွားတယ် အဲဒီမှာ သုဓမ္မာဆောက်တဲ့ ဇရပ်ကြီးရှိတယ် သုနန္ဒာ လှူထားတဲ့ ရေကန် ရှိတယ် သုစိတ္တာ ပန်းခြံတွေရှိတာပေါ့ အဲဒီမှာချထားပြီးတော့မှ သုဓမ္မာတို့  သုနန္ဒာ သုစိတ္တာတို့ အသင့်ညီမလေး ဟိုဖက်မှာ

www.dhammadownload.com

တွေ့ချေ သွားနှုတ်ဆက်ချေကြ မခိုင်းရဘူးလား အဲဒီမှာရေကန်မှာသွား နှုတ်ဆက်ချေကြ ခိုင်းလိုက်တယ်နော်

သွားတဲ့အခါကြတော့ နှုတ်ဆက်ကြတာပေါ့ ဩော် ကိုယ်ကောင်ကြီးက ဘယ်လိုပါလိမ့်လဲဟ နှုတ်သီးကြီးကဘယ်လိုလဲဟ ခြေထောက်ကြီးက ဘယ်လိုလဲဟ မပြောကြပေဘူးလား အဲလိုတောင်ပြော မြောက်ပြော ပြောပြီးတော့မှ ကွယ်ပျောက်သွားကြတော့တာပေါ့ အတန်ငယ်ကြာတော့ မာယာလုလင် ပေါ်လာတယ်နော် အစ်မတွေလာလား တွေ့ပါတယ်တဲ့ ဘယ်လိုပြောလဲ ဖရယ်(လှောင်ပြောင် ကဲ့ရဲ့)ပြီးတော့ သွားကြတယ်တဲ့ ကြားလား ဖရယ်ပြီးတော့ သွားတယ်တဲ့နော်

ကဲအသင့်နေရာပြန်ပို့မယ် ချောက်လှို့ မြောင်ကြား လေးပို့တာပေါ့ သူတို့ကဲ့သို့မဖြစ်ချင်လား ဖြစ်ချင်တယ် ဘာဖြစ်လို့လူတုန်းက ကောင်းမှုကုသိုလ် မလုပ်တာလဲ ဝေယျာဝစ္စ ကုသိုလ်တွေ ဘာကြောင့်မလုပ်တာလဲ ဒီလိုလည်းဖြစ်လိမ့်မယ်လို့ မထင်ဘူးတဲ့ ကြားလား ဒီလိုလည်းဖြစ်လိမ့်မယ်လို့ မထင်ဘူးတဲ့ အဲ ဖား ငါး တိရစ္ဆာန် သာဖမ်းစားမယ်ဆို ငရဲရောက်တော့မှာပေါ့ ငရဲရောက်ခါ ဘယ်လိုပေါ့ မတတ်နိုင်ဘူးပေါ့

အဲလိုကြောက်လား ကြောက်တယ်တဲ့ ကုသိုလ်လုပ် ကုသိုလ် ။ ငါတိရစ္ဆာန်ဖြစ်တာ ဘယ်လိုကုသိုလ်လုပ်မလဲ တိရစ္ဆာန်ဖြစ်တာ ... တကယ်လုပ်မယ်ဆို ပြောမယ် ပြောသာပြောစမ်းပါ ကြောက်လှပါပြီတဲ့ ကြားလား ပြောသာပြောစမ်းပါတဲ့ ကြောက်လှပြီ တဲ့ အားလုံး ဖား ငါး တိရစ္ဆာန်တွေ မသတ်နဲ့ ဖား ငါး တိရစ္ဆာန်တွေကို မစားနဲ့ အသေကောင်လာမှစား အရှင်ကောင်ကို မနှိပ်စက်နဲ့ ဝန်ခံ တယ်နော် ။

www.dhammadownload.com

မယုံတာနဲ့ ငါးသေ ယောင်ဆောင် ပြီးတော့မျောလာ ခဲ့တာပေါ့ သိကြားမင်းက။ နှုတ်သီးနဲ့ကောက် လိုက်တယ်နော် နှုတ်သီးထဲကြတော့ လှုပ်တာကိုး ပြန်လွှတ်တယ် သောင်ပြင်မှာ ငါးသေ ယောင်ဆောင်တယ်နော် နှုတ်သီးနဲ့ မကောက်ဘူးလား နှုတ်သီးထဲရောက်တော့ မလှုပ်ဘူးလား ရေထဲကိုသွား လွှတ်တယ် နော် အဲလိုပဲ့ ရက်ကိုလ လကနှစ် ဆိုသလိုကြာညောင်းသွားတဲ့ခါ အစာပြတ် ရေငတ်ပြီးတော့ သေသွားတယ် ကြားလား ။

အဲဒါ သီလ ကုသိုလ်ကြောင့် ဗာရာဏသီ တိုင်းပြည်မှာ အိုးထိန်းသည်သမီး သွားဖြစ်တယ် အိုးထိန်းသည်သမီး သွားဖြစ်တယ် ကြားလား အဲတော့ ဓ လျှာက်ပြီးတော့ ကြည့်တဲ့ခါ ဘယ်ဆီများ ရောက်သလဲလို့ အော်လူ့ ပြည်ဓတော့ရောက်လာပြီ ငါကယ်ဦးမှတော်မယ် သိကြားမင်းက အဲဒါနဲ့ အရွယ်ဓရောက်ပြီးတော့ လာတဲ့ခါကြတော့ သိကြားမင်းသွား ရွှေတွေ အပေးသွားတာပေါ့ သခွါးသီး ယောင်ဆောင်ပြီးတော့ အပေးသွားတာ ရွှေသခွါးသီး ဓရောင်းမယ် လှည်းနဲ့လှည်းနဲ့

ရွာအဝင်ကြတော့ခါ လူလေးငါးခုနှစ်ယောက် လောက်သွားတွေ့တယ် ဓယာက်ျားကြီး အသောက်သမားတွေ ရွှေသခွါးသီး ရွှေသခွါးသီး ဝယ်ကြ။ ဘာနဲ့ရောင်း မှာလဲ သီလနဲ့ရောင်းမယ် သီလဆိုတာ စိမ်းစိမ်းလား ပြာပြာလား ဝါဝါလား ဘယ်လိုလဲ ဒီလိုမဟုတ်ဘူး သီလဆိုတာ သူ့အသက်ကို မသတ်တာ သူ့ဥစ္စာကို မခိုးတာ သူများသားမယားကို မပစ်မှားတာ မကျူးလွန်တာ မုသားကိုမသုံးတာ မသောက်မစားတာ အဲဒါသီလ ဒီမှာတယောက်ပါ့ မရှိဘူးတဲ့ကြားလား ဟိုးဖက်က အိုးထိန်းသည် သမီး အဲဒီဆီမှာသာသွားပြီးတော့မှ ရောင်းချပေါ့နော်

ရွှေသခွါးသီး ဝယ်ကြ ရွှေသခွါးသီး ဝယ်ကြ ဝယ်မယ် ဝယ်မယ် လာ လာ လာ ဘာနဲ့ရောင်းမှာလဲ သီလနဲ့ရောင်းမယ် ဝယ်မယ်တဲ့ ငါ့ကိုသိလား မသိ

www.dhammadownload.com

တဲ့ အသင့်ယောက်ျားလေ မာယလုလင် မင့် ဗျိုင်းမဘဝတုန်းက ငါကယ်လာခဲ့တာ ဗျိုင်းမဘဝတုန်းက ငါကယ်လာခဲ့တာ အဲဒါနဲ့ ရွှေတွေပေးထားခဲ့တာ သီလမပျက်စေနဲ့ အဲဒီရွှေတွေကိုသုံး သီလ မပျက်စေနဲ့ ရွှေတွေမကုန်ခင် သေဆုံးသွားတယ် ကြားလား

အဲဒီအခါကြ အသူရာနတ်မင်းကြီးရဲ့သမီးသွားဖြစ်တယ် ကြားလား အသုရာနတ် မင်းကြီးရဲ့သမီးသွားဖြစ်တယ် အဲဒီမှာသွားပြီးတော့ကြည့် အရွယ် ရောက်တဲ့ခါ ပန်းကုံးစွပ်ပွဲကျင်းပတယ် ဘယ်လိုတွေ လုပ်မှာလဲ ပန်းကုံးစွပ်ပွဲ ကျင်းပမယ် အဲဒီမာယလုလင်က အသုရာနတ် အဖိုးကြီး လို ဖယောင်ဆောင်ပြီးတော့မှ ပန်းကုံးစွပ်ပွဲဝင်တော့တာဗျား

အဲဒီမှာ နတ်လူပျိုတွေ အကုန်လုံး ဖိတ်မန္တကပြုတာပေါ့ ပန်းကုံးစွပ်ပွဲ ဝင်ကပါ အဲဒီမှာဟိုက အသုရာနတ်သမီးက အဖိုးကြီးအို သွားစွပ်တာ ဗျား အဖိုးကြီးအိုက ပါးရည်တွေတွန့်လို့ ခါးခပ်ကုန်းကုန်းကြားလား အဲဒါကြီးကို သွားစွပ်တာကွဲ့ နတ်လူပျိုတွေက ဖယ်ကြတော့တာ လူပျိုတွေ ဒီလောက်ဖပါတာကြီး အဖိုးကြီးအိုသွားစွပ်ရမလား ကြားလား အဖိုးကြီးအိုတဲ့

ဘာကြောင့်အဖိုးကြီးအို စွပ်တာလဲ စိစစ်ဖို့မကောင်းလား အတိတ် အနာဂါတ် ပစ္စုပ္ပန် ဟိုးအတိတ် ဘဝတုန်းကလည်း အကြင်လင်မယားဖြစ်ခဲ့ ကြားလား ဗျိုင်းမဘဝ လည်းကယ်ခဲ့ သြော် အိုးထိန်းသည် သမီးဖြစ်တော့လည်းကယ်ခဲ့တယ် အဲဒီဓါတ်တွေက မပျောက်ကောင်းဘူး ကြားလား လူကမသိဓါတ်ကသိတယ် လူကမသိဘူးနော် ဓါတ်ကသိတယ် ဗျကြားလား

အဲဒါနဲ့ ငါ့ကိုသိသလားတဲ့ မသိတဲ့ကြားလား အသင့် ယောက်ျားဟောင်း ငါ မာယလုလင်ဆိုတာငါပေါ့ ဟုတ်ကဲ့လား ဟုတ်ပါတယ် ပြောပြောဆိုဆိုနဲ့ ဆယ့်ရှစ်နှစ်အရွယ် ဖြစ်တာပေါ့ကွဲ့ ပိုပြီးတော့ကြိုက်တော့တာပေါ့ကွယ်

www.dhammadownload.com

ကားလားဟေ့ ဖိုးကြီးအိုပါ့ ကြိုက်သေးတာကို ဆယ့်ရှစ်နှစ်ဆိုတော့ ပိုကြိုက်တော့တာပါကွဲ့

အဲဒီခါမှာ ဟိုအသုရာနတ်လူပျိုတွေက သိကြားမင်းမှန်းသိတော့ စစ်ထိုးကြတော့တာကြားလား ဘုန်းချင်းကံချင်းမတူကြတော့ခါ သိကြားမင်းကနိုင်တယ်ဗျား သိကြားမင်းကနိုင်တယ် နတ်ပြည် ရောက်သွားတော့တာနော် နတ်ပြည်ရောက်သွားကြတော့တာ ဟိုကနေပြီးတော့မှ အမတွေနဲ့သွားတွေ့ဆောင်တော့တာပေါ့ ကဲ သုဓမ္မာ သုနန္ဒာ သုစိတ္တာ သုဇာတာ အဲနတ် တာဝတိံသာ နတ်ပြည်မှာ နေတော့ မကြာခင်မြတ်စွာဘုရား ပွင့်တာကိုး စိစစ်ဖို့မကောင်းလား အဲဒီခါ လူ့ပြည်လာပြီးတော့တရားနာတယ်နော်

နာတဲ့ခါမှာ ခန္ဓာငါးပါး ထဲမှာ ရူပက္ခန္ဓာ မပါလား ရူပက္ခန္ဓာ အသေးစိတ်ကြည့်တော့ ပထဝီဓါတ် အာပေါဓါတ် တေဇောဓါတ် ဝါယောဓါတ်ပေါ့ ပထဝီက မာတဲ့သဘော ပျော့တဲ့သဘောပေါ့ အာပေါကဖွဲ့စည်းတဲ့သဘော ယိုစီးတဲ့သဘောပေါ့ ဝါယောကထောက်ကန်တဲ့သဘော လှုပ်ရှားတဲ့ သဘောပေါ့ တေဇောကပူတဲ့သဘော အေးတဲ့သဘောပေါ့ ဓါတ်ကြီး လေးသွယ်လူလား ဓါတ်ကြီးလေးပါးလား နတ်လား ဓါတ်ကြီးလေးပါး လား ဗြဟ္မာလား ဓါတ်ကြီးလေးပါးလား ဓါတ်ကြီးလေးပါးဘဲ တွေ့တယ်နော်

ဓါတ်ကြီးလေးပါးရှိတော့ ဓါတ်ငယ်လေးပါး မရှိဘူးလား မျက်စိနဲ့တော့ ဝဏ္ဏဂန္ဓ ရသ သြဇာပေါ့ အဲဒီဓါတ်ကြီးလေးပါးမှာ ဝဏ္ဏ အဆင်း ဓါတ်ဆိုတာ ဘယ်ဓါတ်ကိုမှီဖြစ်တာလဲ စိစစ်ဖို့ မကောင်းလား တေဇောဓါတ် ကို မှီဖြစ်ရတယ်ကြားလား အရောင် အဆင်း အလင်း နော် ဝဏ္ဏဓါတ် အရောင် အဆင်း အလင်း တေဇောဓါတ်ကို မှီဖြစ်ရတယ် စိစစ်ဖို့မကောင်းလား

www.dhammadownload.com

ဂန္ဓ အနံ့ဓါတ် ဆိုတာ ဓါတ်ကြီးလေးပါးမှာ ဘာကိုမှီရတာလဲ ပန်းသတင်း ေ
လညှင်းဆောင် ဝါယောဓါတ် ကိုမှီရတယ် ဝါယောဓါတ် မရှိရင် မွှေးတယ် နံ
တယ် သိပ့ါမလား ဝါယောဓါတ်ကိုမှီရတယ် ကြားလား စိစစ်ဖို့မကောင်း
လား လျှာနဲ့ပတ်သက်တဲ့ခါ ချိုချဉ်စပ်ငံ ဖန်ခါး ရသာ ခြောက်ပါး လို့ မဟော
ဘူးလား အဲဒါ ဓါတ်ကြီးလေးပါးမှာ ဘယ်ဓါတ် ကိုမှီရတာလဲ အာပေါဓါတ်
ကိုမှီရတယ်နော် သကြားကို လက်နဲ့ကိုင် စမ်းကြည့် ချိုတယ်လို့သိရဲ့လား
ဆားကိုလက်နဲ့ ကိုင်စမ်းကြည့် ငန်တယ်လို့သိရဲ့လား ငြုတ်သီးကို လက်
နဲ့ကိုင်စမ်းကြည့် စပ်တယ် လို့သိရဲ့လား လျှာနဲ့ပတ်သက်တော့ မသိနိုင်ဘူး
လား ချိုချဉ်စပ်ငန် ဖန်ခါးရသာ ခြောက်ပါးပေါ့ ။ ချိုချဉ်စပ်ငန် ဖန်ခါး ရသာ ေ
ခာက်ပါးနော် စွတ်စိုဆိုတဲ့သဘော မှီရတယ် ခန္ဓာကိုယ် တရိပ်ရိပ်နဲ့ ကြီး
ထွားတာ သြဇာဓါတ် လို့ဟောဘူးလား ဒါပထဝီဓါတ်ကို မှီရတယ်နော် ဓါ
တ်ကြီးကလေးသွယ် ဓါတ်ငယ်ကလေးပါး ပေါင်းလိုက်တော့ ဓါတ်ရှစ်ပါးမရ
လား ဓါတ်ရှစ်ပါးရတယ်ကြားလား

အဲဒီခါ မာဃလုလင် မေးရတယ် မြတ်စွာဘုရားက
ကဲ သုဓမ္မာထင်လို့ ငါဘုရားပေးတဲ့ ဝိဇ္ဇာမျက်မှန်နဲ့တပ်ကြည့် မခိုင်းရဘူး
လား သုဓမ္မာကိုမြင်တာလား အဆင်းဓါတ်ကိုမြင်တာလား သုနန္ဒာကိုမြင်
တာလား အဆင်းဓါတ်ကိုမြင်တာလား သုစိတ္တာကိုမြင်တာလား အဆင်းဓါ
တ်ကိုမြင်တာလား သုဇာတာကိုမြင်တာလား အဆင်းဓါတ်ကိုမြင်တာလား
ဟော အဆင်းဘဲမြင်တယ်နော် သုဓမ္မာလည်းမတွေ့ သုနန္ဒာလည်းမတွေ့
သုစိတ္တာလည်းမတွေ့ သုဇာတာလည်းမတွေ့ဘူးပေါ့ အဆင်းဘဲတွေ့တယ်

သုဓမ္မာထင်လို့ လက်နဲ့ပုတ်ကြည့် သုဓမ္မာလား အသံလား သုနန္ဒာလား
အသံလား သုစိတ္တာလား အသံလား သုဇာတာလား အသံလား အသံ
ဘဲတွေ့တယ်နော် ထင်တာနဲ့တွေ့တာ ပိုင်းခြားဖို့မလိုလား ထင်တာက သုဓ

www.dhammadownload.com

မွာ သုနန္ဒာ သုစိတ္တာ သုဇာတာ ပေါ့ တွေတာကအသံပေါ့ အသံဘဲကြားတယ်နော်

သုဓမ္မာထင်လို့ နမ်းကြည့်လို့မခိုင်းဘူးလား  နမ်းကြည့်တဲ့ခါ သုဓမ္မာလားအနံ့လား သုနန္ဒာထင်လို့ နမ်းကြည့် သုနန္ဒာတွေတာလား အနံ့တွေတာလား  သုစိတ္တာ ထင်လို့ နမ်းကြည့် သုစိတ္တာ တွေတာလား အနံ့တွေတာလား  သုဇာတာထင်လို့ နမ်းကြည့် သုဇာတာတွေတာလား အနံ့တွေ တာလား အနံ့ဘဲတွေတယ်နော်

လျှာလေးနဲ့ တခါပြန်ပြီး တော့မှ သုဓမ္မာထင်လို့ လျက်ကြည့် လို့မခိုင်း ဘူးလား  လျှာလေးနဲ့ လျက်ကြည့်တော့ သုဓမ္မာလား ငန်ပျစ်လား သုနန္ဒာလား ရသာဓါတ်လား  သုစိတ္တာလား ရသာဓါတ်လား သုဇာတာလား ရသာဓါတ်လား ရသာဓါတ်ဘဲတွေတယ် လေ့လာဖို့မကောင်းလား ဘယ်လောက်များထင်ရှားသလဲနော် ထင်တာနဲ့တွေတာ ပိုင်းခြားရတာ

ဆံဖျားကခြေဖျား ခြေဖျားကဆံဖျား အနလုံ ပဋိလုံ သုဓမ္မာထင်လို့ ဘုရားဟောပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့် နော် ပူနွေးနွေးမတွေ့လား တနည်းအားဖြင့် အေးတာမတွေ့လား ပူတာက ဥဏှတေဇော အေးတာက သီတတေဇော သုဓမ္မာလားတေဇောဓါတ်လား သုနန္ဒာလားတေဇောဓါတ်လား သုစိတ္တာလားတေဇောဓါတ်လား သုဇာတာလားတေဇောဓါတ်လား တေဇောဓါတ်ဘဲတွေတယ်နော်

ပူတယ်အေးတယ်လို့သိတာ သူငါလား ကာယဝိညာဏ်လား တဝိညာဏ်တည်း ထိလို့သိလို့ဖြစ်ကဲ့လား မဖြစ်သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား  ပူတယ်အေးတယ်လို့ခံစားတာ လူလားဝေဒနာလား  နတ်လားဝေဒနာလား  ဗြဟ္မာလားဝေဒနာလား သုဓမ္မာလားဝေဒနာလား

www.dhammadownload.com

သုနန္ဒာ လားဝေဒနာလား သုစိတ္တာလားဝေဒနာလား  သုဇာတာလားဝေဒ
နာလား

ပူတယ်အေးတယ်မှတ်တာ သုဓမ္မာလား သညာက္ခန္ဓာလား သုနန္ဒာလား သ
ညာက္ခန္ဓာလား  သုစိတ္တာလား သညာက္ခန္ဓာလား  သုဇာတာလား သညာ
က္ခန္ဓာလား

 အဲဒါ ခံစားနိုင်အောင်စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာသူငါလား
စေတနာလား  စိစစ်ဖို့မကောင်းလား  သုဓမ္မာလား စေတနာလား သုနန္ဒာ
လား စေတနာလား  သုစိတ္တာလား စေတနာလား သုဇာတာလား စေတနာ
လား အဲလိုစိစစ်ဖို့မကောင်းလား

  ဖောက်ပြန်တာသိတာ ခံစားတာသိတာ မှတ်တာသိတာ စေ့ဆော်တာသိ
တာ ဝိညာဏက္ခန္ဓာနော်  သုဓမ္မာလား ဝိညာဏက္ခန္ဓာလား စိစစ်ဖို့မကောင်း
လား
သုနန္ဒာလား ဝိညာဏက္ခန္ဓာလား  သုစိတ္တာလား ဝိညာဏက္ခန္ဓာလား သု
ဇာတာလား ဝိညာဏက္ခန္ဓာလား ခန္ဓာဘဲတွေ့တယ်နော်

ကဲကိုယ်ထင်တဲ့ သုဓမ္မာ သုနန္ဒာ သုစိတ္တာ သုဇာတာ တွေ့သေးရဲ့လား ဘာ
ဖစ်လို့မတွေ့လဲ  မရှိလို့နော် မရှိရင်စွဲစရာလိုသေးရဲ့လား အစွဲမပြုတ်လား
အဲလိုလေ့လာဖို့ မကောင်းလား  ကဲအစွဲပြုတ်သွားပြီနော်

ဆက်ပြီးတော့ကြိုးစား ရူပက္ခန္ဓာ ကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား ဇ
ဝဒနာ ခံစားပြီးတော့ မပျက်လား .. သညာမှတ် ပြီးတော့ မပျက်လား .. စေ
တနာ စေ့ဆော်ပြီးတော့ မပျက်လား ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်
လား နိစ္စလား အနိစ္စလား အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခလက္ခဏာ ဒုက္ခ

www.dhammadownload.com

သစ္စာ အနတ္တလက္ခဏာ ဒုက္ခသစ္စာ လို့မဟောဘူးလား ဆင်းရဲတာကလွဲလို့ တခြားတွေ့သေးရဲ့လား

ခန္ဓာမှာရှာချင်တဲ့တရားရှာ ။ တရားပျောက်တော့ ကိုယ်မှာရှာလို့ မဟော ဘူးလား ကိုယ်မှရှာတော့တွေ့တာ လူချမ်းသာလား ဒုက္ခသစ္စာလား နတ်ချ မ်းသာလား ဒုက္ခသစ္စာလား ဗြဟ္မာ ချမ်းသာလား ဒုက္ခသစ္စာလား သိပ ယ်လို့မဟောဘူးလား ဆင်းရဲတယ်လို့သိတော့ တွယ်တာတဲ့ သမုဒယ လာသေးရဲ့လား ပယ်ပြီကွဲနော်
ကဲသိတော့ ဆင်းရဲတယ်သိတော့ လိုချင်တဲ့တဏှာလာသေးရဲ့လား ဆင်းရဲ တယ်လို့သိကတည်းက ချမ်းသာတယ်လို့သိတဲ့ အဝိဇ္ဇာမချုပ်ဘူးလား

အဝိဇ္ဇာချုပ်ကတည်းက တဏှာလာသေးရဲ့လား ဥပါဒါန်လာသေးရဲ့လား အာသဝအနေနဲ့ ကာမာသဝ နဲ့ ဘဝါသဝ ချုပ်တယ်နော် ခန္ဓာသိတုန်းက ဒိဋ္ဌာသဝနဲ့အဝိဇ္ဇာသဝချုပ် တာပေါ့ ဒုက္ခ သစ္စာပိုင်းခြားသိတော့ ကာမာသ ဝ နဲ့ ဘဝါသဝ မချုပ်လား အာသဝေါတရား လေးပါးမကုန်လား သမုဒယသ စ္စာမသေလား နောက်ခန္ဓာ ဇာတ်မသိမ်းလား နိရောဓသစ္စာလို့ မဟောဘူး လား

မာယလုလင်နဲ့တကွ သုဓမ္မာ သုနန္ဒာ သုစိတ္တာ သုဇာတာ တို့ အကုန်သော တာပန်တည်တာကွဲ့ ဘယ်လောက်များ အားရစရာ ကောင်းသလဲနော် အဲဒီ လိုလေ့လာဖို့မကောင်းလား လေ့လာကြ လေ့လာကြ

ဝိညာဏ်မြင်သမျှတိသစ္စာ ဖက်ကလည်းဘဲ လေ့လာရတယ်နော် ပညာမြင် ပရမတ္ထသစ္စာ ဖက်ကလည်း လေ့လာရတယ်နော် ဒါသူ့နေရာနဲ့သူ မသုံးရ ဘူးလား အဲဒါကြောင့် နာမ်ရုပ်လို့သိ လူလို့ခေါ် နာမ်ရုပ်လို့သိ နတ်လို့ခေါ် နာမ်ရုပ်လို့သိ ဗြဟ္မာလို့ခေါ် နာမ်ရုပ်လို့သိ အဖေလို့ခေါ် အမေလို့ခေါ် နာ

www.dhammadownload.com

မ်ရုပ်လို့သိ သားလို့ခေါ် သမီးလို့ခေါ် ခေါ်တာဟူသရွေ့ပယ်ရဲ့လား လူ လို့မထင်လား ရှိတယ်လို့မယူလား အခုတွေ့တာ လူလား နာမ်နဲ့ရုပ်လား ဘာဖြစ်လို့လူမတွေ့တာလဲ အဲဒါပယ်တာ ခေါ်တာပြောတာတွေ ပယ် ရဲ့လား

ပကတိမျက်စိနဲ့ကြည့်မယ် အဝိဇ္ဇာမျက်လုံး တပ်ကြည့်မယ် ဆိုရင်တော့ ပုဂ္ဂိ လ်သတ္တဝါ ပေါ့ လူနတ်ဗြဟ္မာပေါ့ မြို့ရွာတိုင်းပြည်ပေါ့ ဒီဖက်ကကြည့်ရင် မပျောက်ဘူးပေါ့ ဉာဏ်မျက်လုံး တပ်ကြည့်မှပျောက်တာ အဲလိုလေ့လာ ဖို့မကောင်းလား သိမှပယ်နိုင်တာနော် သိပယ်ဆိုက်ပါး လေးပါးကိစ္စ မင်္ဂ ခဏာ လို့မဟောဘူးလား

ကဲထိဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက (မ ဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယသစ္စာပါဘုရား) နောက်ခန္ဓာမလာ တာက (နိရောဓသ စ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ (လေးကွက်ရှိပါတယ်ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား) ငါးလေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ် သည် သံသရာမှ လွတ်ကြောင်းတည်း)

ကမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဤလောကုတ္တရာတရား ကိုးပါးအား ဇ လျာသော ကျင့်ဝတ်ပဋိပတ်ဖြင့် ဗုဒ္ဓံ မြတ်စွာဘုရားကို ပူဇေမိ ဒုက္ခသစ္စာ သိ တဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။
ကမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဤလောကုတ္တရာတရား ကိုးပါးအား ဇ လျာသော ကျင့်ဝတ်ပဋိပတ်ဖြင့် ဓမ္မံ တရားတော်မြတ်ကို ပူဇေမိ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။

www.dhammadownload.com

ကျွမာယ ဓမ္မာန ဓမ္မပဋိပတ္တိယာ ဤလောကုတ္တရာတရား ကိုးပါးအား ဇ
လျာသော ကျင့်ဝတ်ပဋိပတ်ဖြင့် သံဃံ သံဃာတော်အရှင်မြတ်ကို ပူဇေမိဒု
ကွသစ္စာသိတဲ့ဉာဏ်ဖြင့် ပူဇော်ပါ၏ အရှင်ဘုရား။
ဤကဲ့သို့ ပြုလုပ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်
အဓိဋ္ဌာန်ကုသိုလ် ပါရမီကုသိုလ် ဝိပဿနာ မဟာကုသိုလ်တို့၏ အကျိုး
အားကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရပါလို၏
အရှင်ဘုရား။
ထိုကုသိုလ်၏ အကျိုးကိုလည်း မိခင်ဖခင် ကျေးဇူးရှင်တို့အားငှင်း အနမတ
ဂ္ဂ သံသရာမှစ၍ တော်စပ်ခဲ့ဘူးသော မိခင်ဖခင် ကျေးဇူးရှင် အပေါင်း
တို့အားငှင်း အာစရိယာနဉ္စ ဆရာသမားတို့အားငှင်း ကွမာသံ ပရိသာနဉ္စ
တရားနာအစည်းဝေး သို့ကြွရောက် လာကြကုန်သော တရားနာပရိသတ်
တို့အားငှင်း ရေမြေသနင်း ပြည့်ရှင်မင်း တို့အားငှင်း ငရဲသနင်း ယမမင်း
တို့အားငှင်း ကိုယ်စောင့်နတ် အိမ်စောင့်နတ် ကျောင်းစောင့်နတ် ဓမ္မာရုံဇ
စောင့်နတ် ဘုမ္မစိုးနတ် ရုက္ခစိုးနတ် အာကာသစိုးနတ် တောစောင့်နတ် ဇ
တာင်စောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် သာသနာတော်စောင့်နတ် စ
တုလောကပါလ နတ်မင်းကြီးမှစ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်ဇ
သာ ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား ဘာဇေယျာမ အ
မျှ အမျှ အမျှ အမျှပေးဝေပါကုန်၏ အမျှရကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာ ချမ်းသာ လိုအင်ဆန္ဒ တလုံးတဝတည်း ပြည့်ဝကြပြီးလျှင် သူဇ
တော်ကောင်းတရား ကြီးစား ပွါးများ အားထုတ် နိုင်လွယ် ကြသည်ဖြစ်စေ...

အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု ။
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု ။

www.dhammadownload.com

အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု ။

မင်္ဂလေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ်တောရကျောင်း ၊ ပဓာနနာယက ဆရာတော်။
ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရားကြီး
ပဲခူးဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ်တွင် ၁၃ - ၁၀ -၂၀၀၇ ခုနှစ် နေ့ နှစ်နာရီ အချိန် ဟောကြားဆုံးမ တော်မူအပ်သောကံ / ကံ၏ အကြောင်း အကျိုး ဥပမာပြ
ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်။

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။နမော ဓမ္မဿ။နမော သံဃဿ။နမော မာတာပိတုဿ။နမော အာစရိယဿ။

ဗုဒ္ဓဿ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မဿ-မဂ်လေးတန် -ဖိုလ်လေးတန် -နိဗ္ဗာန် -ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com

သံဃသဿ-မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုဿ-မိဘနှစ်ပါးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယဿ-ဂိုဟဿနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင်သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား။နမော-ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့ လည်းကောင်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော  နိဗ္ဗာန်သို့ လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ  ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း
မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့
မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

www.dhammadownload.com

မူလနှစ်ဖြာ=အဝိဇ္ဇာ။တဏှာ။

သစ္စာနှစ်ခု=သမုဒယသစ္စာ။ဒုက္ခသစ္စာ။ သမုဒယသစ္စာ။ဒုက္ခသစ္စာ။

လေးခုအလွှာ=အတိတ်အကြောင်းတစ်လွှာ။ပစ္စုပ္ပန်အကျိုးတစ်လွှာ။ပစ္စုပ္ပန်အကြောင်းတစ်လွှာ။ အနာဂတ် အကျိုးတစ်လွှာ။

အင်္ဂါတစ်ဆယ့်နှစ်ပါး =အဝိဇ္ဇာ။သင်္ခါရ။ဝိညာဏ်။နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။ တဏှာ။ဥပါဒါန်။ကမ္မဘဝ။ဇာတိ။ဇရာမရဏ။

တရားကိုယ်များနှင့်= အဝိဇ္ဇာအစ ဇရာမရဏ အဆုံး။

သုံးပါးအစပ်=သင်္ခါရ နှင့်ဝိညာဏ် ကြားမှာ တစ်စပ်။ဝေဒနာ နှင့်တဏှာ ကြားမှာ တစ်စပ်။ ကမ္မဘဝ နှင့်ဇာတိ ကြားမှာ တစ်စပ်။

နှစ်ရပ်မူလ = တဏှာ နှင့် အဝိဇ္ဇာ။

ဝဋ်သုံးဝ=ကိလေသဝဋ်။ကမ္မဝဋ်။ဝိပါကဝဋ်။

ကာလ သုံးဖြာ=
လွန်လေပြီးသောအတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ ။

ခြင်းရာ နှစ်ဆယ်=
အတိတ်အကြောင်းခြင်းရာငါးပါး ။
ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး။

www.dhammadownload.com

ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး။
အနာဂတ် အကျိုးခြင်းရာငါးပါး။

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အတိတ်အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၂)အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ တဏှာ ဥပါဒါန်က ကိလေသဝဋ် ပါဘုရား။
သင်္ခါရ နှင့် ဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမာလဲ။
အတိတ်အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။
(၅)အတိတ်အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ပါဘုရား။
(၆)အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၇) အကွက် အနေနှင့် ဘယ်အကွက်မာလဲ။
(၁)အကွက်မာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ ပါဘုရား။

www.dhammadownload.com

(၂) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။

(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

တဏှာ ဥပါဒါန်  အဝိဇ္ဇာက ကိလေသဝဋ် ပါဘုရား။

ဘဝ နှင့် သခါရက ကမ္မဝဋ် ပါဘုရား။

(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။

ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ပါဘုရား။

(၅) ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါး ဆိုတာ ဘာဘာ ခေါ်တာလဲ။

တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခါရ ပါဘုရား။

(၆) တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သခါရ  သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

သမုဒယသစ္စာ ပါဘုရား။

(၇) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။

(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၁)နှင့် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]

(၁)-နှင့် (၃)ခြားနားပုံမှတ်ချက်။

*(၃)အကွက်က သမုဒယသစ္စာ ၊(၁)အကွက်က သမုဒယသစ္စာ၊အခေါ်မတူဘူးလား။

တူပါတယ် ဘုရား။

*အခေါ်တူငြားသော်လည်း အတိတ်နဲ့ ပစ္စုပ္ပန် မခြားနားဘူးလား။

ခြားနားပါတယ်ဘုရား။

*အတိတ် ဆိုတော့ လွန်ခဲ့ပြီးပြီ အသုံးချလို့ရပါ့မလား။

www.dhammadownload.com

မရပါဘုရား။
*အတိတ်က သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
အဝိဇ္ဇာဦးစီးပါတယ်ဘုရား။
*ပစ္စုပ္ပန်သမုဒယသစ္စာ ဘယ်သူဦးစီးလဲ။
တဏှာ ဦးစီးပါတယ်ဘုရား။
*ပိုင်းခြားသိဖို့ မလိုဘူးလား။
လိုပါတယ်ဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၃)ဝိပါကဝဋ် ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) ပစ္စုပ္ပန် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

www.dhammadownload.com

ဒုက္ခသစ္စာ ပါဘုရား။
(၈) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁) အနာဂတ် အကျိုး အခြင်းအရာ ငါးပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝင်္ဆအနေနဲ့ ဘယ်ဝင်္ဆထဲ သွင်းမှာလဲ။
ဝိပါကဝင်္ဆ ပါဘုရား။
(၃)ဝိပါကဝင်္ဆ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၄)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အခြင်းအရာ အနေနှင့် ဘယ်အခြင်းအရာထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ပါဘုရား။
(၅) အနာဂတ် အကျိုး အခြင်းအရာ ငါးပါး ဆိုတာ ဘာ ဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၆) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၇)ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။

(၈)ဒုက္ခသစ္စာ ဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။
>>ရူပက္ခန္ဓာ-ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု။

www.dhammadownload.com

>>ဝေဒနာက္ခန္ဓာ-ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သညာက္ခန္ဓာ-မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု။
>>သင်္ခါရက္ခန္ဓာ-စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု။
>>ဝိညာဏက္ခန္ဓာ-သိတတ်သော သဘောအစု ဖြစ်ပျက်မှု။ပါဘုရား-
(၉)ခန္ဓာငါးပါး ဖြစ်ပျက်မရလား။
ရပါတယ်ဘုရား။
(၁၀)ဖြစ်ပျက် ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။

(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင်(၂)နှင့် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၂)-နှင့် (၄)ခြားနားပုံမှတ်ချက်။

*(၄)အကွက်က ဒုက္ခသစ္စာ ၊(၂)အကွက်က ဒုက္ခသစ္စာ၊အခေါ်မတူဘူးလား။
တူပါတယ် ဘုရား။
*အခေါ်တူငြားသော်လည်း ပစ္စုပ္ပန် နဲ့ အနာဂတ် မခြားနားဘူးလား။
ခြားနားပါတယ်ဘုရား။
*အနာဂတ်ရောက်ပြီလား။မရောက်သေးပါဘူးဘုရား။
မရောက်သေးရင် အသုံးချလို့ရပါ့မလား။
မရပါဘုရား။
*အခု ရောက်ဆဲ ဘယ်အကွက်မှာလဲ။
ပစ္စုပ္ပန် (၂)အကွက်မှာပါ ဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။

www.dhammadownload.com

(၄)ကွက်ရိုပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

[စက်ဝိုင်းတွင် (၁)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)လွန်လေပြီးသော အတိတ်ကာလ ကို ဖော်ပြပါ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၂)အဝိဇ္ဇာ သခါရ  ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
အဝိဇ္ဇာ က ကိလေသဝဋ် ပါဘုရား။
သခါရ က ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်း
မှာလဲ။
လွန်လေပြီးသော အတိတ် ကာလ ပါဘုရား။
(၅) လွန်လေပြီးသော အတိတ် ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခါရ ပါဘုရား။
(၆)အဝိဇ္ဇာ သခါရ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အတိတ် အကြောင်းတစ်လွှာ ပါဘုရား။

www.dhammadownload.com

(၇) အတိတ် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
အဝိဇ္ဇာ သခ်ၤါရ ပါဘုရား။
(၈)အဝိဇ္ဇာ သခ်ၤါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၂)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလ ကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ
တဏှာ ဥပါဒါန် ကမ္မဘဝပါဘုရား။
(၂)ယခုဖြစ်ဆဲကိုဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၃) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၄)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၅)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ကာလ အနေနှင့် ဘယ် ကာလ ထဲ သွင်းမှာလဲ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ပါဘုရား။
(၆) ယခုဖြစ်ဆဲ ပစ္စုပ္ပန် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၇)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အလွှာ အနေနှင့် ဘယ် အလွှာ ထဲ သွင်းမှာလဲ။

www.dhammadownload.com

ပစ္စုပ္ပန် အကျိုးတစ်လွှာ ပါဘုရား။
(၈) ပစ္စုပ္ပန် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပါဘုရား။
(၉)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၁၀) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၁) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၂)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၃)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)ပစ္စုပ္ပန်ကာလ ကို ဆက်ပြီး ဖော်ပြပါ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၂)တဏှာ ဥပါဒါန် ကမ္မဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် နှင့် ကမ္မဝဋ် ပါဘုရား။
(၃)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။
တဏှာ ဥပါဒါန်  က ကိလေသဝဋ် ပါဘုရား။
ကမ္မဘဝက ကမ္မဝဋ် ပါဘုရား။
(၄)ကိလေသဝဋ် နှင့် ကမ္မဝဋ် ကို ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်း
မှာလဲ။
ပစ္စုပ္ပန် အကြောင်း ကာလ ပါဘုရား။
(၅) ပစ္စုပ္ပန် အကြောင်း ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။

www.dhammadownload.com

(၆)တဏှာ ဥပါဒါန် ကမ္မဘဝ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
ပစ္စုပ္ပန် အကြောင်းတစ်လွှာ ပါဘုရား။
(၇) ပစ္စုပ္ပန် အကြောင်းတစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
တဏှာ ဥပါဒါန် ကမ္မဘဝ ပါဘုရား။
(၈)တဏှာ ဥပါဒါန် ကမ္မဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား။
(၉) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၃)အကွက်မှာပါဘုရား။

[စက်ဝိုင်းတွင် (၄)-အကွက်ကို ကြည့်၍ ဖြေပါ]
(၁)နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ ကို ဖော်ပြပါ။
ဇာတိဇရာမရဏ ပါဘုရား။
(၂) ဇာတိဇရာမရဏဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ဝိပါကဝဋ် ပါဘုရား။
(၃)ဝိပါကဝဋ်ဆိုတာ ဘာဘာခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၄)ဇာတိဇရာမရဏ ကာလ အနေနှင့် ဘယ်ကာလ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုး ကာလ ပါဘုရား။
(၅) အနာဂတ် အကျိုး ကာလ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။
(၆)ဇာတိဇရာမရဏ အလွှာ အနေနှင့် ဘယ်အလွှာ ထဲ သွင်းမှာလဲ။
အနာဂတ် အကျိုးတစ်လွှာ ပါဘုရား။
(၇) အနာဂတ် အကျိုး တစ်လွှာ ဆိုတာ ဘာဘာ ခေါ်တာလဲ။
ဇာတိဇရာမရဏ ပါဘုရား။

www.dhammadownload.com

(၈)ဏတိဇရာမရဏာခန္ဓာဖွဲ့တော့
ခန္ဓာငါးပါး မရလား။
ရပါတယ်ဘုရား။
(၉) ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။
(၁၀) အကွက် အနေနှင့် ဘယ်အကွက်မှာလဲ။
(၄)အကွက်မှာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရွစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

(မူလနှစ်ဖြာ... အခြင်းအရာ ငါးပါး)

“ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ” ။
ကိလေသဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၃)ပါး ပါဘုရား။
ကမ္မဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၂)ပါးပါဘုရား။
ဝိပါကဝဋ္ဋ ဘယ်နှစ်ပါးလဲ။
(၈)ပါး ပါဘုရား။

www.dhammadownload.com

#“ကိလေသဝဋ္ဋ (၃)ပါး” ကိုဖော်ပြပါ။
“အဝိဇ္ဇာ တဏှာ ဥပါဒါန်”ပါဘုရား။

သစ္စာလေးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ခန္ဓာငါးပါးကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
အာယတန(၁၂)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ဓါတ်(၁၈)ပါးကိုမသိတာ---?
အဝိဇ္ဇာ ပါဘုရား။
ပဋိစ္စသမုပ္ပါဒ် တရားတော် ကို မသိတာ---?
အဝိဇ္ဇာ ပါဘုရား။
“သိသင့် သိ ထိုက်တဲ့ တရား ”ကို မသိလို့ “အဝိဇ္ဇာ”လို့ မခေါ်လား။
ခေါ်ပါတယ်ဘုရား။
သိ ရင် “ဝိဇ္ဇာ” ပေါ့။

ဤခန္ဓာ အာယတန ဓါတ် သစ္စာ တရားအပေါ်မှာ
လူ နတ် ဗြဟ္မာ သတ္တဝါလို့
ဓ့ လုံးသွင်းမှားတာကော---?
အဝိဇ္ဇာ ပါဘုရား။
ဓ့ လုံးသွင်းမှားတာ “အဝိဇ္ဇာ” နော်။

ဤခန္ဓာ အာယတန ဓါတ် သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်
လား----?

www.dhammadownload.com

ပျက်ပါတယ်ဘုရား။
ဘာသစ္စာလဲ။
ဒုက္ခသစ္စာပါဘုရား။
ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။
ထင်ရှားပါတယ်ဘုရား။

ဤဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာလို့ နှ
လုံးသွင်းမှားတာကော ----?
“အဝိဇ္ဇာ” ပါဘုရား။

နှ လုံးသွင်းမှားတော့  လိုချင်တာ ဘယ်သူလဲ။
“တဏှာ” ပါဘုရား ။

မရရင် မနေဘူးလို့ စွဲလမ်းတာ---?။
“ဥပါဒါန် ”ပါဘုရား။

အဝိဇ္ဇာ တဏှာ ဥပါဒါန် ၊ဤ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။
ကိလေသဝဋ် ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။

#ကမ္မဝဋ် (၂)ပါးကို ဖော်ပြပါ။
သခ်ါရ နှင့် ကမ္မဘဝပါ ဘုရား။

ပါးစပ်က ပြောတော့ ဘယ်သခ်ါရ တပ်မလဲ။
ဝစီသခ်ါရ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သခ်ါရ။

www.dhammadownload.com

ကာယသခ်ိဳရ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်သခ်ိဳရ။
စိတ္တသခ်ိဳရ ပါဘုရား။

ပါးစပ်က ပြောတော့ ဘယ်ကံလဲ။
ဝစီကံ ပါဘုရား။
ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။
ကာယကံ ပါဘုရား။
စိတ်က ကြံစည်တော့ ဘယ်ကံလဲ။
မနောကံ ပါဘုရား။

ကာယကံ ဝစီကံ မနောကံ
ဤ(၃)ပါး ဘယ်ဝဋ္ဋထဲ သွင်းမှာလဲ။
ကမ္မဝဋ္ဋ ပါဘုရား။

ကိလေသဝဋ္ဋ နဲ့ ကမ္မဝဋ္ဋ ကို သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
သမုဒယသစ္စာ ပါဘုရား ။
အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၁)အကွက်မှာပါဘုရား။

ဝိပါကဝဋ္ဋ (၈)ပါးကို ဖော်ပြပါ။
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဏှတိ ဇရာ မရဏ ပါဘုရား။
ဝဋ္ဋအနေနဲ့ ဘယ်ဝဋ္ဋထဲ သွင်းမှာလဲ။
ဝိပါကဝဋ္ဋ ပါဘုရား။
သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။
ဒုက္ခသစ္စာ ပါဘုရား။

www.dhammadownload.com

အကွက် အနေနဲ့ ဘယ်အကွက်မှာလဲ။
(၄)အကွက် မှာပါဘုရား။

ပဋ္ဌိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။
(၄)ကွက်ရှိပါတယ်ဘုရား။
တစ်ကွက်လျှင် ဘယ်နှစ်ပါး။
၅-ပါးပါဘုရား။
ငါးလေးလီ-
နှစ် ဆယ်။
ဤရှစ်သွယ်ကို-----။
အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာ မှ လွတ်ကြောင်းတည်း။

သာဓု သာဓု သာဓု။

မူလနှစ်ဖြာ တစ်ခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠှသုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝိညာဏ်မြင် သမ္မုတိသစ္စာ အားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရမယ် လို့မဟောလား ပါဏာတိပါ

www.dhammadownload.com

တာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌအဆုံးကို ကျူး လွန်ရင် ကုသိုလ်လား အကုသိုလ်လား အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက သေသည်ရဲ့အခြားမဲ့၌ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လို့မဟာလား ။ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့ တရားလား ဒါ အကုသို လ်ကံကြောင့်ဖြစ်တာနော် ယုံကြည်ဖို့မကောင်းလား ။

ပါဏာတိပါတာ အစ သုရာမေရယ အဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌအ ဆုံး ကိုရှောင်ကြဉ်ရင် အကုသိုလ်လား ကုသိုလ်လား ကုသိုလ်ကံ အကြော င်း ကြောင့် အကျိုးတရားက လူ့ပြည် နတ်ပြည်ခြောက်ထပ်လို့ မဟာဘူး လား ဆင်းရဲတဲ့တရားလား ချမ်းသာတဲ့တရားလား ချမ်းသာတဲ့တရား ။ ဒါ ကုသိုလ် ကံ ကြောင့်ဖြစ်တာနော် ယုံကြည်ဖို့ မကောင်းလား ။

အကုသိုလ်ကံ ကုသိုလ်ကံ တရား နှစ်ပါးကို ယုံကြည်ရင် ဗဒင်မေးဦးမ လား နတ်ကတော် မေးဦးမလား ဝိဇ္ဇာတွေ မေးဦးမလား ဗဒင်မေးတယ် န တ်ကတော် မေးတယ် ဝိဇ္ဇာမေးတယ် ဆိုတာကံကိုမယုံလို့ ပေါ့နော်။ ကံ ကို ယုံရင် မေးစရာ လိုသေးရဲ့လား ဒါ ကမ္မသကတာ သမ္မာဒိဋ္ဌ လို့မဟာဘူး လား ။

သက်ရှိသတ္တဝါတဲ့ ကမျဉ်းနီကစ ဆင်ကောင်ကြီးထိ သတ်မယ်ဆို ပါဏာ တိပါတကံ မထိုက်ဘူးလား ပါဏာတိပါတကံထိုက်ရင် သေသည်ရဲ့ အခြား မဲ့၌ အပါယ်က လွတ်ပါ့မလား အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ငရဲသ က်စေ့ လူ အဖြစ်ကိုရတယ်ထား လူဖြစ်တဲ့ဘဝမှာ မွေးမွေးချင်းသေတဲ့ ကဗ လး တွေမရှိလား လသားနဲ့ သေတာမရှိလား ကျောင်းသားအရွယ်နဲ့ သေ တာ မရှိလား

www.dhammadownload.com

သူဌေးသား ဘဲဖြစ်ဖြစ်။ သူဌေးသမီး ဘဲဖြစ်ဖြစ် ငယ်ငယ် ရွယ်ရွယ်နဲ့ သေ
တာ့ သူဌေးရဲ့ စည်းစိမ်ကို ခံစားရရဲ့လား အိုးပုတ်ချိုးရုပ်နဲ့ ပျော်လို့ သေ
တာ့တာကွဲနော် လူဖြစ်ကျိုးရှုံးတာပေါ့ အသက်တိုတယ် လို့မပြောလား အ
သက်တိုတာ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်
တာလား အသက်တိုတဲ့ အကြောင်း ရှာကြည့်တော့ သက်ရှိ သတ္တဝါ တွေ
ကိုသတ်ခဲ့ တာကိုးနော် သတ္တဝါ အသီးသီးကို သတ် ခဲ့တော့ အသက်တို
တာပေါ့ အဲလိုလေ့လာဖို့ မကောင်းလား အကြောင်းရှိလို့ အကျိုးတရားတွေ
ပေါ်တာ ကြားလား

အရှေ့အိမ်က အဖိုးကြီး အဖွားကြီး အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ် စား
နိုင်တယ် သွားနိုင်တယ် လုပ်နိုင်တယ် မပြောကြဘူးလား သီလကုသိုလ် ဓ
ကောင်းတာကိုးလို့ အဖြေမပေးလား ဘယ်လောက်များ ထင်ရှားသလဲနော်

သစ်သီးတစ်လုံး ပန်းတစ်ပွင့် ဟင်းတစ်ညွှန့်ကစ ရွှေ ငွေ ကျောက်သံပတ္တြ
များ အထိ ပိုင်ရှင်အခွင့်မပြု ဘဲနဲ့ယူရင် အဒိန္နာကံ မထိုက်ဘူးလား အဒိန္နာ
ကံ ထိုက်ရင် သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား အပါယ်
ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့ လူအဖြစ်ရတယ်ထား လူဖြစ်တဲ့
ဘဝမှာ ဘယ်လိုဘဲလုပ်လုပ် အငတ်ပြဿနာနဲ့ ရင်ဆိုင်ရတယ်နော် စားဝ
တ် နေရေး ပြေ ရဲ့လား အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုး
တရား ပေါ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ်တာ အဲလိုလေ့
လာဖို့ မကောင်းလား ယုံကြည်ဖို့မကောင်းလား

လင်ရှိမယား မယားရှိလင် ကျူးကျော်စော်ကားလို့ရှိရင် ကာမေသု မိစ္ဆာစာ
ရ ကံ မထိုက်လား ကာမေသု မိစ္ဆာစာရ ကံ ထိုက်ရင် သေသည်ရဲ့အခြား၌
အပါယ်က လွတ်ပါ့မလား အပါယ်ကိုကျ ငရဲ ကိုအားရအောင်ခံ ငရဲ သက်ဓ

www.dhammadownload.com

စ့ လူအဖြစ်ရတယ် လူဖြစ်တဲ့ ဘဝမှာ လူချင်း တူရဲ့လား  ဣတ္ထိလိင် ပုလ္လိင်
ကွဲ့ ကြားလား လူဖြစ်ကျိုးရှုံးတာပေါ့

စားဝတ်နေရေး နဲ့ပတ်သက်လို့  မုသားကိုအမျိုးမျိုး မသုံးကြဘူးလား သုံးရ
င် မုသာဝါဒကံ မထိုက်လား မုသာဝါဒကံ ထိုက်ရင် သေသည်ရဲ့အခြား၌ အ
ပါယ်က လွတ်ပါ့မလား အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့
လူဖြစ်ရတယ် လူဖြစ်တဲ့ဘဝမှာ စားဝတ်နေရေးနဲ့ ပတ်သက်လို့ ငွေကြေးကိ
စ္စ ဆန်စပါးကိစ္စ ချေးလို့ငှားလို့ လွယ်ကူစွာ ရရဲ့လား ဘယ်သူမှ အယုံ အ
ကည် မရှိဘူးနော် အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား
ပေါ်တာ လား အကြောင်း အကျိုး တွေသိဖို့လိုတာပေါ့

ဘိန်း ဘင်း ကဇော် လှော်စာ အရက် သေရည် သေရက်ကို သောက်စားခြ
င်းကြောင့် သုရာ မေရယ ကံ မထိုက်လား သုရာ မေရယ ကံ ထိုက်ရင် သေ
သည်ရဲ့အခြားမဲ့၌ အပါယ်ကလွတ်ပါ့မလား အပါယ်ကိုကျ ငရဲ ကို အားရ
အောင်ခံ ငရဲသက်စေ့ လူအဖြစ်ကိုရလည်း လူဖြစ်တဲ့ဘဝမှာ ရူးတဲ့ပုဂ္ဂိုလ် ဧ
တွမြင်ဖူးရဲ့လား လူဖြစ်တော့ လူရူး ခွေးဖြစ်တော့ ခွေးရူး ဝက်ဖြစ်တော့
ဝက်ရူးပေါ့ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုး တရားပေါ်တာ
လား

အချို့ပုဂ္ဂိုလ်တွေ မရူးစေကာမူတဲ့ ကျောင်းထားတဲ့ အရွယ်ရောက်လို့ ဧ
ကျောင်းထားတဲ့ခါ အတန်းကျောင်းဘဲ ဖြစ်ဖြစ် ဘုန်းကြီး ကျောင်းဘဲဖြစ်ဖြစ်
ရှေ့စာသင်နောက်စာမေ့ ဘယ်လိုဘဲသင်သင် အတန်း အောင်တယ် စာ
မေးပွဲအောင်တယ် မရှိဘူးနော် အသက်အရွယ်ကြီးလို့သာ ကျောင်းကထွက်
ရ တော့တာကွဲ့ ကြားလား

www.dhammadownload.com

ထွက်လို့ တောင်သူဘဲ လုပ်လုပ် အရောင်းအဝယ် ဘဲလုပ်လုပ် တရွာနဲ့တ
ရွာ တမြို့နဲ့တမြို့ သွားကြလာကြ အရောင်းအဝယ် လုပ်ကြ သွားတဲ့လာတဲ့
ဆာလောင် မွတ်သိပ်တဲ့ခါ ထမင်းဆိုင် မှာဝင်ပြီးတော့ စားသုံးကြရတယ်ဗ
နာ် စားလို့ဝတဲ့ခါ ခရီးတစ်ထောက် ဆက်ပြီးတော့ မသွားရဘူးလား အင်မ
တန်အဖိုးတန်တဲ့ ပစ္စည်းတွေမေ့လို့ ဆုံးရှုံးတာတွေ မရှိဘူးလား အလိုလို ဖြ
စ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား မေ့လျော့တဲ့ သု
ရာမေရယ ကိုးကွဲ့ စိစစ်ဖို့မကောင်းလား

အရောင်းအဝယ် နဲ့ပတ်သက် ပြီးတော့မှ တောင်သူ အနေနဲ့ နှမ်းကောက်
ကျိုပြတ် စပါးကောက်ကျိုပြတ် ပဲကောက်ပြည်ပြတ် ဝယ်တဲ့အခါ တစ်ထော
င်ထုပ်ကို ပေးရမှာ တစ်သောင်း ထုပ်ကို ပေးလို့ ဆုံးရှုံးတာတွေ မရှိဘူးလား
အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား အဲလို
စိစစ်ဖို့ မကောင်းလား ကမ္မဝိပါကဿကွဲ့နော် ကံကိုယုံကြည် ဖို့လိုတယ် ြ
ကားလား အမ်း ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်ကွဲ့နော်

အကုသိုလ် ကုသိုလ်ကံ ငရဲ အပ ဝဋ်ကို အမြဲ ငရဲ အပ ဝဋ်ကို အမြဲ တဲ့နော်
ဝဋ် တာလိုက်မယ်ဆိုရင်တော့ အင်မတန် ကြောက်စရာ ကောင်းတယ် ြ
ကားလား
မကြားစဖူး ကြားဖူးထပ်မံ ရှေးထက်ကျော် ကာရီက အမျိုးသမီး နဲ့ အမျို
သား အမျိုးသားက ဟိုးခန္ဓီးကျောက်ဆည် ဘက်က အမျိုးသမီးက မြိတ်
ထားဝယ် ဘက်က မဟာမြတ် မန္တလေး မဟာမြတ်မုနီ ဘုရား ဘုရားဖူး
လာတဲ့ခါ ဘုရားထဲမှာ မျက်နှာ ဆုံဆုံခြင်း ကြိုက်တော့တာပေ့ တစ်ခါပဲ့
မတွေ့ဘူး တာနော် မြင်မြင်ခြင်း ကြိုက် လင်မယား ဖြစ်သွားတော့တာဗျား
ငရဲ အပ ဝဋ်ကို အမြဲကိုကွဲ့

www.dhammadownload.com

ခုနစ်ရက် အတွင်းကတော့ ချစ်တုန်းရွှင်တုန်း တပြုံးပြုံးပေါ့ ခုနစ်ရက် ကဖ ကျော်တဲ့ခါ ကျွဲရိုက်နွားရိုက် ရိုက်တော့တာ ကျွဲရိုက်နွားရိုက် ဆိုတာ လူထက် ပိုတာပေါ့ မပိုဘူးလား အဲဒီလို နေ့စဉ်နဲ့တကွ ရိုက်တယ် ကြားလား အဲဒီဖ လာက်ရိုက်တာ အရိုက်ခံတာ ကွာမယ်လို့မရှိဘူးနော် ထွက်ပြေးမယ် လို့မရှိ ဘူး ကြွေး ဖ ကြွေး ဖ ကြွေးရှိလွတ်လိမ့်မယ် မထင်နဲ့ စိစစ်ဖို့ မကောင်းလား အဲဒီလိုခံရတယ်

တစ်နေ့သဋ္ဌ မြတ်စွာဘုရား သဗ္ဗညု ရွှေဉာဏ်တော် ဉာဏ်ကွန်ယက်ကို ြ ဖန့်ကြည့်လိုက်တာ အဲဒီလင်မယားကို ချွတ်ဖို့ရှိတာပေါ့ အဲ လင်ကလည်း ဖ တာင်သူ တောင်သူယောကျ်ား ဆိုတော့ တောကိုသွားလိုက်တာ တောက ဝေးတော့ စောစောစီးစီး ထသွားရတာပေါ့ ညနေမှ ပြန်လာခဲ့တယ် ကြား လား မနက်စာ မြတ်စွာဘုရား ဆွမ်းခံကြွ သွား တယ်ဝင်းပေါက်က ရပ်နေ တယ် ရပ်ပါဦးဘုရား ရပ်ပါဦး ရပ်ပါဦး ဆွမ်းတွေကို စားလောက်အောင် ခူး ခပ်ပြီး တော့မှလှူလိုက် လောင်းလိုက်တယ်

တပည့်တော် မေးစရာတွေ လျှောက်စရာတွေ ရှိတယ်ဘုရား အေး လျှော က်ပေါ့ ဟ တပည့်တော် ယောကျ်ားက တောင်သူယောကျ်ား အလုပ်ကော င်းတယ် တပည့်တော် ကလည်း အိမ်တာဝန်ကျေတယ် နေ့စဉ်နဲ့တကွ အရို က်ခံရတယ်ဘုရား ဘယ်လိုအကြောင်း အကျိုးတွေ လဲဘုရား မလျှောက်ရ ဘူးလား အေး ရှေး ငါးဘဝခြားတုန်းက ဒကာမကြီးက တောင်သူယော က်ျား ဟုတ်တယ်တဲ့ ငါးဘဝခြားတုန်းက တောင်သူ ယောကျ်ား ဒကာမကြီး ရဲ့ ယောကျ်ားက အဲဒီအခါတုန်းက ကျွဲကြီး ဟုတ်တယ်တဲ့ ကျွဲကြီး အဲဒီကျွဲ ကီးကို သစ်ဆွဲလိုက် ဝါးတွေဆွဲလိုက် မနိုင့် တနိုင်ခိုင်း ဖိဖိရိုက် ဖိဖိရိုက် ြ ကားလား အဲဒီလို ရိုက်ခဲ့တာတဲ့ နောက် ကမ်းပါးထဲမှာ အသက်ကြီး မရ

www.dhammadownload.com

နန်းနိုင် ဖိရိုက် တခါထဲ ကမ်းပါးထဲကို ချော်ကျ ပြီး တော့သေ သွားတော့တာ ကျွဲကြီးက ။

ကျွဲကြီးက သေတော့ လူဖြစ်တယ် လူဖြစ်တော့ခါ ယောကျ်ားကြီး ဖြစ်တော့ တာ သူ့ကိုရိုက်တဲ့ ယောကျ်ားကြီး ဟာက သေတော့ မိန်းမဖြစ်တော့တာ ကားလား အဲ မိန်းမဖြစ်တော့ အရွယ် ရောက်တော့ အဲဒါနဲ့ ငြားတော့တာကွဲ့ စိစစ်ဖို့ မကောင်းလား ငရဲအပ ဝင့်ကို အမြဲ လွတ်လိမ့်မယ် မထင်နဲ့ စိစစ်ဖို့ မကောင်းလား

အဲလိုအကျိုးအပြစ်ကို စစ်ကြည့်တော့ အရင်ကတော့ သူ့ယောကျ်ားဆိုးတ ယ်လို့ အောက်မေ့တာ အစသတ်တော့ ဒကာမကြီးက အတော်ဆိုးတာကို ကွယ် အတော်ဆိုးတာ ဒကာမကြီးက ကြားလား စိစစ်ဖို့ မကောင်းလား အ လိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား

ကြောက်လှပါတယ်ဘုရား ကြောက်လှပါတယ် ကြောက်လှပါတယ် ဘယ် လိုလုပ်ရမှာလဲဘုရား ကယ်တော် မူပါလို့ မလျောက်ဘူးလား ဒကာမကြီး အိမ်မှာ အိမ်တုပ်တဲ့ နှီးများမရှိဘူးလား ရှိတယ်။ ရှေ့ကို အရိုက်ခံဖို့ ဘယ်ဇ လာက်များ ကျန် သေးလဲ လို့ မလျောက်ဘူးလား အကြိမ်တစ်ရာကျန်သေး တယ် တစ်ချက်တည်းနဲ့ သေသွားဦး ကိုးဆယ်နဲ့ကိုးကြိမ် ကျန်သေးတယ် သေတာနဲ့မကျေသေးဘူး ကိုးဆယ်နဲ့ကိုးကြိမ် ကယ်တော်မူပါဘုရားတဲ့

အိမ်တုပ်တဲ့ နှီးပြား မရှိလား ရှိတယ် အချောင်းတစ်ရာ စည်းထား သူပြန် လာတဲ့ခါ အနားမှာ လွယ်လွယ် ထား ထင်းချောင်းတို့ ဒုတ်တို့ မားတို့ လုံတို့ အဝေးမှာ သိမ်းထား လွယ်လွယ် ထားတော့ တောပြန်ခဲ့ ခြေဆေး ဆေးပြီးတော့ ပလိုင်းကိုချ နှီးစည်း ကောက်ပြီးတော့ အသားကုန် ဝေ့ကနဲ ရိုက်ချ လိုက်တာကြားလား ခဏပါ့ နားပါဦး တော့ဗျား အရင်လို လိုက်တဲ့လူဟ

www.dhammadownload.com

ကားသလားဟေ့ အဲဟိုကလည်း ဘုရား ဟောတာ ယုံကြည်တော့ခါ တစ်ခွန်းမှမပြောရဲတာ ဒီနေရာပြောတာ သေ အောင်ရိုက် သေအောင်ရိုက် ခေါင်းလျှိုး ခံတော့တာ

မှားပါပြီတဲ့ မှားပါပြီတဲ့ ဝန်ခံတယ် ကြွေးကကျေ တော့တာကိုးကွဲ့ နှီးအချောင်း တစ်ရာနဲ့ကြွေးကျေတာ မှားပါပြီတဲ့ဗျ အဲဒီနေ့ကစ လင်မယားပြုံးပြုံး ပြုံးပြုံးနဲ့ အရိုက်က လွတ်သွား တော့တာကိုး မယားကလည်းအလုပ်ကောင်း လင်ကလည်း အလုပ်ကောင်း တော့ ပြေနေတော့တာပေါ့ ငရဲအပဝင်္ဆကိုအမြဲ တဲ့ကွဲ့ ကြားလား အဲလိုစိစစ်ဖို့ မကောင်းလား ဝင်္ဆရှိရင်မလွတ်ဘူး လေ့လာကြ

ဟိုး ဟိုတုန်းက ဘုန်းကြီးတို့ ဂျပန်ခေတ်က ခရီးသွားဖူးတယ် အမျိုးသားတစ်ယောက်က လူတစ် ယောက် က ဘုန်းကြီး မင်းကင်းသား ချင်းတောင်တက်တော့ အမျိုးသမီး က တော်တော် စုတ်ပဲ့တာ အင်းအဲဒါမျိုး မြင်ရလို့ဇတ္တ အာသဝေါ ကုန်တယ် ဟေ့ ကြားလား အာသဝေါ ကုန်တယ်တဲ့ ကြားလား ချင်းတစ်ယောက်က ခင်ဗျားလား ဆေးသာ မိရင် ခင်ဗျား တတ်နိုင်မှာ မဟုတ်ဘူးတဲ့ ဆေးသာမိရင် ခင်ဗျားချစ်မှာတဲ့ ကြားလား ဆေးမိရင် တော့ ချစ်မှာတဲ့ အဲဒါ လူက မပြောရဲဘူး ကြောက်တော့တာ ငရဲအပဝင်္ဆကိုအမြဲ ဘယ်လိုတွေလဲလို့

ရှေးထက်ကျော် ကာရီက ပဒုမနဲ့ ရှင်ဘုရင်ကြီးက ကမ်းနားကို လမ်းလျှောက်သွားတယ် ရှင်ဘုရင် ရှင်ဘုရင် ပဒုမက မိဖုရား အဲဒီ ပေါင်တို ဆိုတာက သူခိုး သူခိုး သူခိုး ခိုးလို့မိပြန်ပြီ ထောင်ကျပြန်ပြီ မိပြန်ပြီ ထောင်ကျပြန်ပြီ ပြန်လာပြန်ပြီ ခိုးပြန်ပြီ ခဏ ခဏ ခိုးတော့ ရပ်က ရွာက မြို့က ဒီလူ ဒီလိုထားလို့ မဖြစ်ဘူး ပေါင်အရင်း ကဖြတ် လက်ကို အရင်းကဖြတ် သစ်စေးတောင်း ထဲထည့် ရေထဲမျှော လိုက်တော့တာ။ ရှင်ဘုရင် မိဖုရားက လမ်းလျှော

www.dhammadownload.com

က်သွား တောင်းမျှောတာ မြင်တော့တာ အနားရောက် လာတော့ လူပါတာ သိတာ တံငါသည်တွေ အဆယ်ခိုင်း ရတာကြားလား တံငါသည် ဆယ်လို့ နန်းတော်ပို့တော့တာ ။

နန်းတော်ရောက်တဲ့ခါမှာ အဲဒီပေါင်တိုကို ထမင်းခွံရတာ မိဖုရားကလေ မျက်နှာသစ်ပေး ရတယ် လက်ကမရှိတော့ ဘယ်လိုသစ်မလဲ မျက်နှာသစ်ပေးရတယ် နှပ်ချေးတွေ လုပ်ပေးရတယ် သူ့ကျင်ကြီးကျင်ငယ်တွေ သိမ်းသိုပေးရ တယ်ကြားလား သူ့ကိုကြိုက် တော့တာဗျား မိဖုရားက ရှင်ဘုရင်ကြီး ကိုပစ် ပြီးတော့ သူ့ကြိုက်တော့တာ ဟာ

အဲဒါနဲ့ လမ်းနားကို ကမ်းနားလျှောက်သွား ကတွတ်ပင် ရှိတယ် ကတွတ်ပင် အဲဒီ ကတွတ်သီး စားချင်တယ် ဒါလေး ဆွတ်ခူး ပေးပါတဲ့ ဆွတ်ခူးတုန်းက လှမ်းတဲ့ခါမှာ နောက်က တွန်းချ လိုက်တာ ကမ်းပါးထဲ ကျတာ ကမ်းပါးက အမြင့်ကြီး အသေတွန်းချ လိုက်တာ လမ်းတစ်ဝက်မှာ ကမ်းပါး တစ်ဝက် လောက်မှာ ချိုမှာ သွားတင်တယ်

အဲဒီမှာ ကတွတ်ပင်ကြီး ရှိတယ် ဖွတ်က ကတွတ်သီး လာစားတာ ပြေးမယ် လုပ်တာ အသင်ဖွတ်မင်း မပြေးနဲ့ ကျုပ်ကိုကယ်ပါ ကျုပ်မှာ ဒီလို ဒီလို ပါ့ ခံရတာ အထက်ကိုလည်း ကျုပ်မတက်နိုင် အောက်ကိုလည်း မဆင်းနိုင်ဘူး အဲဒါကယ်ပါ ဆိုတော့ ဖွတ်ကြီးက လာကျောပေးတော့ ဖွတ်ပေါ်တက်ပြီး ဇတော့သွားရတာ ကြားလား ဖွတ်ကြီးက အောက်ကိုဆင်း ပေးတော့တာ ။

ဟိုကပေါင်တိုကို တောင်းနဲ့ရွက်ပြီးတော့ ရွာထဲ မြို့ထဲ ထွက်သွားလိုက် ဇတော့တာပေါ့ အခု ကလေး မွေးကြည့် လိုက် အဲ အခါလည် တစ်နှစ်နဲ့ ခြောက်လလောက် တော့နည်းနည်း ပင်ပန်းသေးတယ် နှစ်နှစ်ကြတော့ မိဘဇတွ သက်သာသွားပြီ သူဟာသူ စားတတ်လာပြီ မစားတတ်ဘူးလား တော်

www.dhammadownload.com

ကာ ကြတော့ ဟို ပေါင်တိုကတော့ မသေမချင်း စောင့်ရှောက်ပေတော့ ထ မင်း မသေမချင်း ခွံကျွေးရမှာ နှပ်သုတ်ပေးရမှာ မျက်နှာသစ်ပေးရမှာ ကြား လား အညစ်အကြေး တွေ လုပ်ပေးရမှာ

သို့မလို့ သူမှာနှစ်သက် နေတာဟဲ့ အဲဒါ ကျေနပ်နေတာ ကြားရဲ့လား ပေါင် တိုက စိတ်ဆိုးတော့ ဖနောင့်ပေါက် အောင် ခြေကမရှိ လက်က ရိုက်အော င်လည်း လက်ကမရှိ ဒေါသဖြစ်ရင် အံကြိတ် ကြိတ် နေတာ့တာ ကြားလား ပေးနင့်ပါးကို ပေး နင့်ပါး ပါးဒီလို ထိုးထိုးပေး ရတာ သူ့ပါးစပ်ထဲကို ကျိကန် ကိုက်တာ သွားနဲ့ ကြားလား ဟားဟားဟား အင်း ငရဲအပ ဝဋ်ကိုအမြဲ ငရဲ အပ ဝဋ်ကိုအမြဲ ကြားလား အဲလိုစိစစ်ဖို့ မကောင်းလား

ကဲ ဒါကြောင့်မို့ စကားပြောတဲ့ခါ လုပ်တဲ့ခါ ဝဋ်လိုက် လိမ့်မယ်နော် မင်း တို့တွေ အဲ အဲလိုတွေ ဝဋ်လိုက်ရင် ကြောက်စရာ မကောင်းဘူးလား ကြော က်ရတယ်ဗျား ဝဋ်လိုက်မှာ ကြောက်ရတယ် ပေါ့သေးသေး မထင်နဲ့ ကြား လား အင်း အဲဒီမိဖုရားကလည်း စိဉ္ဆမာန အလောင်းဗျ ပေါင်တိုက ဒေဝဒ တ် အလောင်းဗျား လေ့လာဖို့ မကောင်းလား အင်း ငရဲအပ ဝဋ်ကိုအမြဲ ဖ နော်

ဒါကြောင့် ကမ္မံ ဝိပါကဿ လို့မဟာဘူးလား အဲလိုစိစစ်ကြ ဆင်ခြင်ကြဖ နော် ကြောက်စရာ မကောင်းဘူးလား ကြောက်စရာ ကောင်းတယ် အဲဒါ ကံ ကိုယုံကြည်ဖို့ မလိုလား ယုံကြည် ကံကို ယုံကြည်ရင် အကုသိုလ် ဆင်းရဲတဲ့ တရားဆိုတာ ဘုရားအဆူဆူ မဟာဘူးလား ဆင်းရဲတာ ဘာတွေဆင်းရဲ တာလဲလို့ စိစစ်ဖို့မကောင်းလား

ပါဏာတိပါတာအစ သုရာမေရယ အဆုံးကို ကျူးလွန်ရင် အကုသိုလ်ကံ ပါ ဏာတိပါတာအစ သုရာမေရယ အဆုံးကို ရှောင်ကြဉ်ရင် ကုသိုလ်ကံ။ ရှော

www.dhammadownload.com

ငါကြဉ်လို့ရှိရင် ကုသိုလ်ကံ ချမ်းသာတဲ့ တရားပေါ့ ကျူးလွန်တာ အကုသို လ် တရားပေါ့ ယုံကြည်ဖို့ မကောင်းလား

လင်မယား ရန်တွေ့တာ အကုသိုလ် သားအမိ သားအဖ ရန်တွေ့တာ အကု သိုလ် ပတ်ဝန်းကျင်နဲ့ ရန်တွေ့တာ အကုသိုလ် စိတ်ဆိုးတာ အကုသိုလ် စိ တ်မဆိုးတာ ကုသိုလ် စိတ်မဆိုးအောင် နေရမယ် စိစစ်ဖို့ မကောင်းလား ကုသိုလ်က ချမ်းသာတဲ့ တရားနော် အကုသိုလ်က ဆင်းရဲတဲ့ တရား အဲ လိုလေ့လာဖို့ မကောင်းလား

စိတ်မဆိုးအောင် ဘယ်လိုတွေ စိစစ်ရမှာလဲလို့ သုတဝါ အရိယာ သာဝ ကာ သုတ အကြားအမြင်ရှိရင် အရိယာဖြစ်တယ် ရှေးကဘုန်းကြီးတို့ ဒေ သန္တရမှာ ကုလား ဖာကူးတဲ့ ကုန်စုံဆိုင်ရောင်းတာ မနက်ခပ်စောစောစျေ း ဝယ်တဲ့ လူတွေကစျေ း ကိုမတန့်တတန် ဆစ်တာ အရင်းက မရတော့ ကုလားက မရောင်းနိုင်ပြီ မရောင်း ဝယ်တဲ့လူက ဆဲထားတော့တာပေ့ ဆဲတော့တာ အဲလို ခဏ ခဏ ဆဲတာ

အိမ်ပါးနီးတွေ အဖိုးကြီးအဖွားကြီး တွေက ကြား တယ် ကုလားမျက်နှာ အကဲခတ်တယ် ကုလားက မျက်နှာ မည်ိုးဘူး မျက်နှာ မည်ိုးဘူး ကုလားက အဲဒီလိုခဏခဏတွေ့ ကြုံတော့ အိမ်ပါးနီးတွေက ဖာကူး အမေကြီး ခဏ ခဏ အဲဒါ ဆဲတာတွေ ကြားရတယ် နင့်မျက်နှာ ကြည့်တာ မည်ိုးဘူး ဘယ် လိုလဲ သူတို့ဆဲတာလေ အမေကြီး ကျုပ်အသား အရေကြည့်တာ မလျော့ ဘူးတဲ့ အသားအရေ မလျော့ဘူးတဲ့ စိတ်ဆိုးစရာ လိုရဲ့လား

အခုစိတ်ဆိုးတာ ဘယ့်နယ်ကြောင့် ဆိုးတာလဲ ဟင်  အသား အရေ ကြည့် လျော့ရင်တော့ စိတ်ဆိုးရမှာပေါ့ အသားအရေ လျော့ရဲ့လား အပ်နဲ့ထိုး သ လိုကော နာလား စိတ်ဆိုးစရာ လိုသေးရဲ့လား ကိုယ့်ဆီက ငါးပြား တစ်စေ့

www.dhammadownload.com

ပါရဲ့လား စိတ်ဆိုးစရာ လိုသေးရဲ့လား စိတ်မဆိုးတာ ကုသိုလ် ကုသိုလ်က ချမ်းသာတယ် လို့ဟောမဟော အဲဒီလို ခဏ ခဏ အတွေ့အကြုံ များတော့ တနေ့တ၌ ဝယ်သူတွေ ကုလားဆိုင် သွားအောင်ကွဲ့ ဗမာဆိုင်က စိတ်တိုတယ် ကုလားဆိုင်က သဘောကောင်းတယ် ဟောကုလားဆိုင် က တွင်တွင် ရောင်းရတာ ဒါ ကုသိုလ် မဟုတ်လားဟေ့ ယုံကြည်ဖို့ မကောင်းလား

စိတ်မဆိုးတာ ကုသိုလ်ဗျ စိတ်ဆိုးတာ အကုသိုလ်ဗျ အဲလိုလေ့လာဖို့ မကောင်းလား မစဉ်းစား မဆင်ခြင်ဘဲ နဲ့ စိတ်ဆိုးကြတာ ကိုးကွဲ့နော် ဒါကြောင့် သုတဝါ အရိယာ သာဝကော သုတ အကြားအမြင် အရိယာ ဖြစ်တယ်လို့ မဟောဘူးလား အဲဒါလိုရင်း အချက်တွေကွဲ့နော်

ခန္တီ ပရမံ တပေါ သည်းခံခြင်း မြတ်တယ်လို့ မင်္ဂလသုတ်ထဲမှာ မပါဘူးလား ခုလူတွေက သည်းခံတာ မသုံးဘူးကြားလား စာအုပ်ထဲမှာနေတာ ယူပြီးတော့ သုံးကြစမ်းပါ ကြားလား မသုံးဘူး မဟုတ်တာတော့ မခံနိုင်ဘူးဟေ့ ငြဟရလိမ့်မယ် မဟုတ်တာ မခံနိုင်ဘူးတဲ့ ဟုတ်တာလည်း မခံနိုင်ဘူး ကြားလား မဟုတ်တာ လည်း မခံနိုင်ဘူး ဟုတ်တာလည်း မခံနိုင်ဘူး ပုထုဇဉ်က ဘယ်ဖက်ကမှ မရဘူး ဒါကြောင့်မို့ ဆူးပေါ်ကိုဖက်ကြ ဖက်ဘဲပေါက်တယ် ဖက်ပေါ် ဆူးကြ ဖက်ဘဲပေါက်တယ် ကြားလား

အရိယာ သူတော်ကောင်း တို့က သူပြောတဲ့ စကား တခုပဲ့ မဟုတ်ဘူးတဲ့ မဟုတ်တာ စိတ်ဆိုးစရာ မလိုဘူးတဲ့ ဟုတ်တာ ပြောလည်း မှန်တာကိုးတဲ့ စိတ်ဆိုးစရာ မလိုဘူးတဲ့ ကဲ ဘယ်ဖက်က လာလာ စိတ်ဆိုးရဲ့လား အဲဒီလိုလိုတာ ဒကာကြီးရဲ့ ဒါကုသိုလ်လို့ မဟောဘူးလား အဲဒါ ချမ်းသာတဲ့ တရား ဝိညာဏ်မြင် သမ္မုတိသစ္စာ မှာ ချမ်းသာတဲ့ တရား တွေ ကြားလား စိစစ်ဖို့ မကောင်းလား  လေ့လာကြ ။

www.dhammadownload.com

ပညာမြင် ပရမတ္ထ သစ္စာ ဖက်က ပြန်စိစစ်ကြစို့ ဆိုတော့ တိုင်းတစ်ပါးက ဗမာလို နားမလည်တဲ့ ပုဂ္ဂိုလ် ရောက်လာ လူတစ်ယောက်နဲ့ တစ်ယောက် နှစ်တောင်ကွာလောက် သေချာ မျက်နှာကို ကြည့် အဲ မဟုတ်ခါမှ နေဟော့ အဲဒီလူကတော့ အမေကတော့ လူ အဖေက ခွေးဖြစ်မယ် ခွေးနဲ့စပ် မွေး တာနဲ့တူတယ် အဲလိုပြော ကုလား မကြားဘူးလား ကြားမလား စိတ်ဆိုး ရဲ့လား မဆိုးဘူး အသံထဲမှာ စိတ်ဆိုးစရာ ပါရဲ့လား အသံ တော့ကြားတာ ယ် နော် စိတ်ဆိုးစရာ ပါရဲ့လား ဆိုးဘူးကွဲ့ စိစစ်ဖို့ မကောင်းလား

တစ်နှစ်လောက် ကြာသွားပြီဆိုတော့ ဗမာလိုနားလည်ပြီ နားလည် တဲ့ခါ ဒီ အဓိပ္ပာယ်တွေ မမေးရဘူးလား မေးတဲ့ခါကြတော့ ဟော အပုပ်ရေ သွင်းတဲ့ စကားမျိုး အဲဒီခါကြတော့ စိတ်ဆိုးတော့တာ ဟိုတုန်းက သူကြားတုန်းက စိ တ်ဆိုးရဲ့လား အဲဒါ ဒီလို ဒီလို ပြောတယ်ဆိုတော့ အပြေ မရှိဘူးပေါ့ ကျက် သရေ မရှိဘူး မင်္ဂလာ မရှိဘူးပေါ့ အဲဒါမှ စိတ်ဆိုးတာ ကြားလား သူကိုယ် တိုင် ကြားတုန်းက စိတ်ဆိုးရဲ့လား အသံထဲမှာ ဆိုးကောင်း နှစ်ပါး မပါဘူး

အသံထဲမှာ ဆိုးကောင်း နှစ်ပါး မပါတာ သိချင်ရင် ...
အမျိုးသမီးနဲ့ အမျိုးသားလေး ဘဝရေစက်ဆုံ လို့ လင်မယားဖြစ် ငါးနှစ် ပြေ ခာက်နှစ် လောက် ပေါင်းသင်း ဆက်ဆံ ခဲ့တယ် သုံးလေးနှစ်တွင်း က ပြေ တယ် ငါးနှစ် ခြောက်နှစ် ကြတော့ မပြေဘူး စားဝတ်နေရေး မပြေတော့ လ င်မယားက ဗျစ်တောက် ဗျစ်တောက် ရန်တွေ့ပြီ လင်ကလည်း လုပ်ရတာ ပ င်ပန်း ဥစ္စာဖြို့ စားဖိုက ဥစ္စာဖြို့ စားဖိုက မီးဖိုချောင်က အားကြီးဖြုန်းတာ

အဲတော့ခါ မယားကလည်း ဒီလိုမခံနိုင်ပြီ အကိုရယ်ဖျင်းလို့ပေါ့ အရှေ့အိမ် က ကိုအောင်ဝ တို့ကြည့် စားအိုး ဆယ့်နှစ်ယောက် သူတို့ဘယ်လိုနေသလဲ ဖြောင့်နေတာပေါ့ စားအိုးဆယ့်နှစ်ယောက် သူတို့ကစားအိုးက ခုနှစ်ယော

www.dhammadownload.com

က် တဲ့ အကိုရယ်ဖျင်းလို့ ဒီလောက် ရန်တွေ့ပါရော လင်မယားရန်တွေ့ ကွဲ ပါရော ဗျား

သုံးလေးလ ကြာသွားပြီ လင်မယားကွဲတာ သားကငါးယောက် ပတ်ဝန်းကျင် ရပ်ရွာလူကြီးတွေက ကြာခါ အပြီးအပြတ် ကွဲရင်ခက်တယ် ရွာမှာငါတို့ လူကြီးတွေရှိပြီးတော့ မှ ပတ်ဝန်းကျင် ရွာတွေက အပြစ်တင် လိမ့်မယ် ကဲစေ့စပ်ကြ အောင်ကွဲ မင်းက ယောကျ်ားဖက်က တာဝန်ယူ ငါမိန်းမဖက်က တာဝန်ယူမယ် ပြန်ပြီးတော့ မစေ့စပ်ပေဘူးလား

မင်းတို့ လင်မယား ရန်ဖြစ်တာ ဘယ်နှစ်ကြိမ် ရှိပြီလဲ ဘယ်နှစ်ခါ ရှိပြီလဲ မဇ မး ရဘူးလား အခု တစ်ခါပေါ့ ငါတို့မှာ လေးခါရှိပြီကွဲ့ အခုမှ သင့်တော်ဇ တာ့တာ အခုမှ ပြေတော့တာ လေးကြိမ်ရှိပြီ ငါတို့ရန်တွေ့တာ တစ်ကြိမ် တ စ်ခါတော့ သည်းခံဦးပေါ့ မင်းတို့ ထမင်းစားတဲ့ခါ လျှာနဲ့သွား မကိုက်မိဘူး လား မမေးရ ဘူးလား ကိုက်မိတယ်လို့ အဖြေမပေးဘူးလား ဘာဖြစ်လို့ ကို က်တာလဲလို့ မမေးရ ဘူးလား မတော်လို့ ကိုက်မိတာ မတော်လို့ဖြစ်တာ ကိုး ကွဲ့ ခုလည်း သည်းခံဦး

အဲလိုပြောတော့ခါ လင်မယား ပြေပြီးတော့ စိတ်ဆိုးတွေ ပြေမသွားဘူး လား စိတ်ဆိုးပြေ တော့ ပြန်ပြီးတော့ မပေါင်းမိဘူးလား လင်မယား ကွဲတာ ဟာ ချစ်လို့လား မုန်းလို့လား အမျိုးသမီးနဲ့ အမျိုးသား မှာ မုန်းစရာ ပါရင် ပြ န်ပေါင်းလို့ ရပ့ါမလား မုန်းစရာ မပါဘူးနော် ယုံကြည် ရဲ့လား လင်မယား ကွဲတာ မုန်းလို့ ပြန်ပြီးတော့ စေ့စပ်တဲ့ခါ ပြေလည်သွား တဲ့ခါ ပြန်မပေါင်း မိ ဘူးလား မုန်းစရာပါရင် ပြန်ပေါင်းလို့ ရပ့ါမလား အဲဒါ သူ့စိတ်မှာ ဖြစ်တာ စိ စစ်ဖို့ မကောင်းလား အမျိုးသမီးနဲ့ အမျိုးသားမှာ ချစ်စရာ ပါရင် ရန်ဇ တွေ့တယ် လို့ ရှိပ့ါမလား အမျိုးသမီးနဲ့ အမျိုးသားမှာ ချစ်စရာ မပါတာကား မ

www.dhammadownload.com

ထင်ရှားဘူးလား ချစ်စရာပါရင် ရန်တွေပါ့မလား အဲလိုလေ့လာဖို့ မကောင်းလား

အဲဒါကြောင့် သောမနဿဝေဒနာ စိတ်မှာ ပေါ်သည်  ဒေါမနဿ ဝေဒနာ စိတ်မှာ ပေါ်သည်  ပညတ်အာရုံပြုတာ လေ့လာဖို့ မကောင်းလား ဥပေက္ခာဝေဒနာ မျက်စိမှာပေါ်သည် ကဲမြင်တဲ့ခါ မျက်စိကမြင်တာနော် အဲ အမြင်ခံထဲမှာ ချစ်စရာပါရဲ့လား မုန်းစရာပါရဲ့လား သြော် လေ့လာဖို့ မကောင်းလား ဥပေက္ခာ ဝေဒနာ ကဲခံစားပြီးတော့ မပျက်လား ပျက်ရင် စိစစ်ဖို့မကောင်းလား ခန္ဓာတွေသေးရဲ့လား  အနိစ္စလို့ မဟောဘူးလား သိတာမဂ္ဂလို့ မဟောဘူးလား ရာဂက္ခယော နိဗ္ဗာန် ဒေါသက္ခယော နိဗ္ဗာန် မောဟက္ခယော နိဗ္ဗာန် မြင်တိုင်း မြင်တိုင်း နိဗ္ဗာန် တဒိုင်း ဒိုင်း လို့ မဟောဘူးလား မျက်စိမှာ ဖြစ်တာ ဆိုးကောင်း နှစ်ပါး လွတ် မနေဘူးလား အမြင်ခံထဲမှာ ချစ်စရာ မုန်းစရာ လွတ်တာ မထင်ရှားလား

ကဲ လျှာနဲ့ပတ်သက်ပြီးတော့မှ ထမင်းစားကြည့် ဟင်းက လေးငါးခွက် အဲဒီတစ်ခွက်က ငြုတ်သီးထည့်ထားတာ အတောင့်မဟုတ်ဘူး ထောင်းပြီးတော့ ထည့်ထားတော့ခါ ငြုတ်သီးလို့ သိပါ့မလား မစားနိုင်တဲ့လူက တခါထဲဆယ်ပြီးတော့ လွေးချလိုက်တာ စပ်လွန်းလို့ ထွေးပစ်တာပေ့ ထွေးတယ် ဆိုတာကောင်းလို့လား မကောင်းလို့လား မကောင်းလို့ ဟိုလူကတော့ အရင် သူနှိုက်တဲ့ ခွက်တွေက ငြုတ်သီးက မပါဘဲကိုး စားသာစားတာ သူ့ စိတ်ထဲမှာ အားမရဘူး သူကငြုတ်သီး စားနိုင်တဲ့ လူကိုး နောက်မှ အဲဒီငြုတ်သီး ပါတဲ့ခွက်ကို နှိုက်မိတော့ အခုမှ ခံတွင်းတွေ့တာ အရသာ တွေ့တာ အခုမှ ကဲ သူ့အနေနဲ့ ကောင်းတယ်လို့ မထောက်ခံဘူးလား ကောင်းတယ်လို့ ထောက်ခံတယ်နော် အဲလိုလေ့လာဖို့ မကောင်းလား

www.dhammadownload.com

ဒါကြောင့် သောမနဿ ဝေဒနာ စိတ်မှာပေါ် သည် ဒေါမနဿ ဝေဒနာ စိတ်မှာပေါ် သည် ဥပေက္ခာ ဝေဒနာ လျှာမှာပေါ် သည် ကဲ့ စပ်တာဘဲ ရှိတယ် ဆိုးကောင်း နှစ်ပါးပါရဲ့လား ငြုတ်သီးဆိုတဲ့ နာမည်က လူမျိုး တစ်ရာ့တစ်ပါး တူရဲ့လား မတူတာ မရှိလို့ပေါ့ စပ်တဲ့ရသာက တူ မတူ အကုန် တူတယ်နော် စပ်တာဘဲ ရှိတယ် ကောင်းတာ မပါဘူး စပ်တာဘဲ ရှိတယ် ဆိုးတာ မပါဘူး ကောင်းတယ် သူ့စိတ်မှာ လုပ်တာ ဆိုးတယ် သူ့စိတ်မှာ လုပ်တာ ဒါပညတ်အာရုံ စိစစ်ဖို့ မကောင်းလား ခန္ဓာမှာဖြစ်တာ ဟုတ်ကဲ့လား

စပ်တယ် ဆိုတာ ခန္ဓာမှာ ဖြစ်တာကွဲ့ စိစစ်ဖို့ မကောင်းလား သဘောကျ မကျတာ သူ့စိတ်မှာ ဖြစ်တာ အဲဒီစိတ် တွေကြောင့် သုံးဆယ့်တစ်ဘုံက မထွက်နိုင် တာပေါ့ အဲဒီလိုလေ့လာဖို့ မကောင်းလား ထွက်တဲ့ သုံးဆယ့်တစ်ဘုံ ပြန် စဉ်းစား နော် တရားအားထုတ် တော့ ခန္ဓာ အကျိုးအပြစ် ကိုသိ အောင်လို့ တရား အားထုတ်ရတာ သုံးဆယ့်တစ်ဘုံက တစ်ခုပဲ့ကောင်းတာ မရှိဘူးလို့ မြင်တဲ့ ပုဂ္ဂိုလ်တွေ ထွက်သွား တော့တာကွဲ့ လေ့လာဖို့ မကောင်းလား

ဘယ်သူတွေ ထွက်တာလဲ စိစစ်ဖို့ မကောင်းလား

ရှေးထက်ကျော်က သိရိမမ္မာ သောကမင်းကြီး သားတော် မဟိန္ဒ သမီးတော် သံဃမိတ္တာ ပေါ့ သာသနာပြု ပုဂ္ဂိုလ်က မောဂ္ဂလိတိဿပုတ္တ မထေရ် ကားလား အဲဒီ သာသနာပြု တဲ့အခါ ကြတော့ခါ ကောင်းကင်ကနေ လို့ ဗျာန်နဲ့ ကြွလာ ခဲ့တာပေါ့ သိရိမမ္မာ သောက မင်းကြီးက သူ့ရှေ့မှာကြတော့ နန်းတော်ကိုပင့် ပင့်ပြီးတော့ သာသနာပြုဖို့ အကြောင်းတွေကို မလျှောက်ရပေဘူးလား

ရေမြေ့ရှင် ဒကာတော်တဲ့ သာသနာပြုတယ် ဆိုတဲ့ ကိစ္စတွေဟာ တစ်ဦးတစ်ယောက်တည်း အနေနှင့် မဖြစ်ဘူးကြားလား အဲ ရေမြေ့ရှင် ဒကာ

www.dhammadownload.com

တာ်က အကူအညီ ပေးမှ ဖြစ်တာပေါ့ စိစစ်ဖို့ မကောင်းလား အာဏာစက် ပေါ့ သူတို့က ဓမ္မစက် ပေါ့ အဲဒီခါကျမှ အဲလို ဆိုလို့ရှိရင် တပည့်တော် တာ ဝန်ယူ ပါတယ် လို့မပြောဘူးလား

ပြောတဲ့ခါ ကျတော့ ဝိနည်းတော်နဲ့ ပတ်သက် တာတွေ သင်ပေးတော့ တာကိုး သင်ပေးတော့ ဝိနည်းတော်နဲ့ မကိုက်တာ အကုန်လုံး အဝတ်ချွတ်ပြ ပစ် တော့တာ ဝိနည်းတော်နဲ့ မကိုက်တာ အကုန် ချွတ်လိုက် တာပေါ့ ချွတ်ပြ ပီးတော့ အဲလိုမျိုးသာသနာ ပြုတဲ့ခါကြတော့ လှူတာ ဒါန်းတာ တွေက နည်းတာမဟုတ်ဘူး သီရိဓမ္မာ သောကမင်း လှူ ခဲ့တာလေ

အပြည်ပြည် အရပ်ရပ်ကို သွားတဲ့လာတဲ့အခါမှာ အရှင်ဘုရား ဟိုမြို့လ ည်းရောက် ဒီမြို့လည်းရောက် ဟိုတိုင်းပြည်ရောက် ဒီတိုင်းပြည်ရောက် တ ပည့်တော်ကဲ့သို့ လှူတဲ့ပုဂ္ဂိုလ်များ တွေ့ဖူးသလား ရေမြေ့ရှင်ဒကာတော် လှူတဲ့ပုဂ္ဂိုလ် တစ်ယောက်ပါ့ မတွေ့ဘူးပေါ့ ရေမြေ့ရှင် ဒကာတော်ရဲ့ ကု သိုလ်ဟာ အကြီးမားဆုံး အလှူပေါ့ ဒီလိုဆို တပည့်တော် သာသနာ့အမွေ ရပြီမဟုတ်လား ဘုရား သာသနာ့အမွေ မရဘူးတဲ့ ပစ္စယာ နဂ္ဂဟ ဘဲရတ ယ်တဲ့ ကြားလား သာသနာ့ အမွေ ဆိုတာက ကိုယ်မွေးတဲ့ ရင်သွေး ရင် သားကို ရှင်ပြု ရဟန်းခံ သားသမီး မရှိ သူများ သားသမီး တောင်းပြီး တော့ မှ သာသနာ့ဘောင် သွတ်သွင်းပေါ့ အဲဒါမှ သာသနာ့ အမွေ ရမယ်လို့ မော ဂ္ဂလိတိဿပုတ္တ ကမဟောဘူးလား အဲဒါ သံဃာ့ပရိယာယ်

ဘာကြောင့် ဒီလိုဟောသလဲ သူ့သားတွေ ရှိမယ် သားတွေက သာသနာ့ ဇ ဘာင် ရောက်မယ် သူဌေးတွေ မှူးမတ် သေနာပတိတွေ ဒါတွေ အကုန်လုံး သာသနာဘောင် ရောက်မှာပေါ့ အဲဒါမြင်လို့ ပရိယာယ်နည်း နဲ့ပြောတာ ပြ ဟတဲ့အခါ ကြတော့ ရှင်ဘုရင်ကြီး က သားကိုခေါ် သမီးကိုခေါ် သားတော် မဟိန္ဒ သမီးတော် သံဃမိတ္တာ ထီးမွေနန်းမွေ ဆက်ပြီးတော့ ခံကြမလား

www.dhammadownload.com

သာသနာ့ အမွေခံကြမလား သာသနာ့အမွေခံမယ် ကောင်းလိုက်တဲ့ မျက်လုံးကွာ ငါအံ့ဩတယ်

ဘုန်ကြီးက ထီးမွေနန်းမွေသာခံမယ် ပြောလိုက် တော့မှာ ဘုန်းကြီးကတော့ခါ နည်းတာမဟုတ်ဘူး တိုင်းပြည်အုပ်ချုပ်ရတာ ကြားလား သူတို့အဲဒါမလိုချင်တာ ဘယ်လိုမျက်စိလဲ စိစစ်ဖို့မကောင်းလား မျက်စိကောင်းလွန်းလို့ သုံးဆယ့်တစ်ဘုံက တစ်ခုပဲ့ါမကောင်းဘူးလို့မြင်တာ ဘုန်းကြီးတော့ ကောင်းတယ်လို့ချည်း မြင်နေတော့တာကွယ် မျက်လုံးချင်းတူရဲ့ လားအားရပါးရကွယ် ဒီမျက်လုံးများ အံ့ဩလို့မကုန် ဘုန်းကြီးတော့ မမြင် ထီးမွ နန်းမွေ ကောင်းတယ်လို့ ခဲမြင်တာ သူတို့က မကောင်းဘူးလို့မြင်တာ ကဲ စိစစ်ဖို့ မကောင်းလား သာသနာ့ အမွေ ခံမယ်တဲ့ဗျ နော် အဲလိုလေ့လာဖို့ မကောင်းလား

သားတော် မဟိန္ဒ သမီးတော် သံဃမိတ္တာပေါ့ အဲတစ်နေ့သဋ္ဌ ကျတော့ ဓါးမ နောက်ပိတ်ခွေ အနေနှင့် ဗောဓိပင် ရှစ်သောင်း လေးထောင် ပျိုး တော့တာ အဲဒါ စိုက်ပြီးတော့ တရားနလုံးသွင်းမယ် အဲဒါပျိုးတဲ့ အခါကျတော့ အသန္ဓိမိတာ။ မိဖုရား တစ်သောင်း ခြောက်ထောင် က အသန္ဓိမိတ္တာ မိဖုရားကြီးက အကြီးဆုံး အလိမ္မာဆုံး ရှစ်စပ်က လည်ပြီးသား အဲဒါနဲ့ မင်းကြီးမသိအောင် ရေနွေးပူနဲ့ အကုန်လောင်းသတ်တာ

နောက် ရေလောင်း သွားတဲ့ခါ သစ်ပင်တွေ ညှိုးလို့ မြင်တော့တာကိုး မျက်နှာ ပျက်သွားတယ် အမတ်တွေက အကဲခတ် နောက်ကျတယ် ပြန်ပြီးတော့ သတိရလို့ ပြုံးပြုံးလေး ထားတာ ကြည့်စမ်းတဲ့ အမတ်ကြီးတို့ ကိုယ့်အကျိုး လိုတဲ့ ပုဂ္ဂိုလ် ဖြစ်မယ် ရေနွေးပူ လောင်းသတ်တာ ကြားလား ကိုယ့်အကျိုး လိုတဲ့ပုဂ္ဂိုလ်ဖြစ်မယ် သူ့အကျိုးလိုတဲ့ ပုဂ္ဂိုလ်လည်း မှန်နေတာ မျက်နှာလေး က မပြောင်းတော့ခါ မူမှန်ပေါ့ တစ်လအကဲခတ်လာ ခြောက်လ

www.dhammadownload.com

ကြာတော့ခါ အသန္ဓိမိတ္တာ ကြီးက မင်းကြီးပင်ပန်းတာကို အလိုမရှိလို့ သူ ကိုယ်တိုင် ရေနွေးပူနဲ့ လောင်းသတ်တာ ပြောတော့တာ

သံလျက်ကို ယူလိုက်ပြီးတော့ ဆံပင်ဆွဲ ခေါင်းဖြတ်မယ် လုပ်တော့တာ ကားလား အဲဒီခါ အမတ်ကြီး ကသံတော်ဦး တင်တော့တာ ပါဏာတိပါတ ကံကြောင့် အပါယ်ကျ ပါ လိမ့်မယ် တဲ့ ဇောဓိပင် ရှစ်သောင်း လေးထောင် သတ်တာက အပါယ် မကျဘူး အဝိညာဏာက နော် အဲဒီခါ သံလျက်ကို ချ ထားတာ ကုသိုလ်ရှင် ကုသိုလ်ရှင် ကြားလား စိစစ်ဖို့ မကောင်းလား

အဲဒါနဲ့ တစ်နေ့သဠဿကျ မကျန်းမာဖြစ် ဖြစ်ပြီးတော့မှ သေခါနီး ဆဲဆဲမှာ ဇ ဇောဓိပင် ရှစ်သောင်း လေးထောင် စိုက်ခဲ့တာကို သွားသတိရ သွားတော့ တာကိုး သူ့စိတ်ထဲမှာ ကုက္ကုစ္စ နီဝရဏ မဝင်ပေဘူးလား အဲဒါသံသယဖြစ် လို့ ဝိညာဏ်ချုပ်တော့ သူလှူခဲ့တဲ့ ဒါနကို သတိရရဲ့လား ထိန်းသိမ်းတဲ့ သီလကို သတိရရဲ့လား မောဟစိတ် ဦးစီးလို့ တိရစ္ဆာန် စပါးကြီးမြွေ သွားဖြ စ်ရတယ် ကြားလား

အဲဒီမှာ သားတော် မဟိန္ဒ သမီးတော် သံဃမိတ္တာ အနားကိုသွား ဖခမည်းဇ တော်တဲ့ ကိုယ့်ကိုကိုယ် ဘာများဖြစ် သလဲအာရုံပြုစမ်းဦး ကြည့်တော့ မြွေဖြ စ်နေပြီ သူ့ကိုယ်သူ ရှင်ဘုရင်လို့ ထင်တာ အာရုံပြုတော့ မြွေဖြစ်နေတော့ခါ လန့်သွားတော့တာ ကြားလား အဲ သတ္တဝါတွေ ဖမ်းမယ် စားမယ် ဆိုရင်ဇ တာ့ ငရဲ သွားတော့မှာပေါ့ အဲဒါ မှာ အစာပြတ်ရေတစ်ခံလို့ သေတော့ နတ် ပည်မှာ သွားနတ်သား ဖြစ်တယ်တဲ့ ခုနစ်ရက် လောက်တော့ စပါးကြီးမြွေ ဖ စ်ရသေးတာနော် ကဲမောဟစိတ် ဦးစီးသွားတာ ကြားလား အဲဒီလိုလေ့ လာဖို့ မကောင်းလား လေ့လာကြ

www.dhammadownload.com

သားတွေ သမီးတွေက မျက်စိ ကောင်းလိုက်တာ ကွယ်ကြားလား လေ့လာဖို့ မကောင်းလား အဲဒါတကယ့် သာသနာ့ အမွေ သာဆိုရင် သားသမီး ကို ရှင်ပြုလို့ သာသနာ့အမွေ ရရင် စပါးကြီးမြွေ ဖြစ်ပါ့မလား ဘာကြောင့် ဒီလိုဟောတာလဲ စိစစ်ဖို့ မကောင်းလား ရှင်ဘုရင်သားတွေက ရှင်ပြုတော့ ရဟန်းခံတဲ့အခါ ဟော အမတ်တွေ ဝန်ကြီး သားသမီးတွေ သူဌေးတွေ အကုန် သားသမီး တွေရှိရင် သာသနာ့ဘောင် ရောက်ကုန် တော့တာပေါ့ အဲဒါဇာတွကို မြင်ပြီးတော့ သံဃာ့ ပရိယာယ် နဲ့ ဟောတာဗျ အဲလိုစိစစ်ဖို့ မကောင်းလား အဲဒါလိုရင်း အချက်တွေနော်

သိ ပယ် ဆိုက် ပွား လေးပါးကိစ္စ မဂ်တခဏ တဲ့ ထင်ထင် ရှားရှားလည်း စိစစ်ဖို့လိုတယ် ကြားလား ကဲတော်တုန်းက ငြုတ်သီး ဥပမာပေး သလိုပေါ့ဇနော်
သံပုရာသီး တစ်လုံးစား အရည်ပေါပေါ ရင့်ရင့် စားကြည့် ဘယ်လိုတွေ့မလဲ စားတုန်းက သံပုရာသီး စားတာနော် တွေ့တာက ချဉ်တဲ့ သဘောပေါ့

အဲဒီချဉ်တာကို မျက်စိနဲ့ကြည့် မြင်ရပါ့မလား လက်နဲ့ကိုင် စမ်းကြည့် တွေ့ပါ့မလား  နမ်းကြည့် တွေ့ပါ့မလား လျှာနဲ့မှ သိနိုင်တာနော် ချဉ်တယ်လို့ သိတာလေးဟာ ဇိဝှါဝိညာဏ် နာမ်တရားပေါ့  ချဉ်တယ်လို့ ခံစားတာ ဝေဒနာကွန်ဓာ နာမ်တရားပေါ့  ဝေဒနာလည်း ဖြစ်ပျက် ဝိညာဏကွန်ဓာ လည်း ဖြစ်ပျက်နော် အဲလိုစိစစ်ဖို့ မကောင်းလား လေ့လာဖို့ လိုတယ်နော် ချဉ်တယ်လို့ သိတဲ့အချိန် သံပုရာသီး တွေ့ရဲ့လား သံပုရာသီး မတွေ့ တော့ဘူးနော် သံပုရာသီး မတွေ့ရင် လူနတ်ဗြဟ္မာ သတ္တဝါကား တွေ့ပါ့မလား အဲဒါချဉ်တယ်လို့ သိတာလေးဟာ ဇိဝှါဝိညာဏ်ပေါ့ ခံစားတာ ဝေဒနာပေါ့ သူကနာမ်တရား မရလား လျှာအကြည်နဲ့ ချဉ်အရသာက ရုပ်တရား မရလား နာမ်ရုပ်နှစ်ပါး

www.dhammadownload.com

အဲဒီ နာမ်နှင့်ရုပ် ကိုသိတာ သူငါက သိတာလား မဂ္ဂသစ္စာက သိတာလား ဘယ်မင်က သိတာလဲ သမာဓိရပြီ သမာဓိ ကောင်းပြီလို့ မပြောဘူးလား ကဲသမာဓိ ရတဲ့အခါ မိုးကြိုးပစ် တာတောင် မကြားဘူးတဲ့ ကွဲနော် အဲဒီခါ ရာဂစိတ် ဒေါသစိတ် မောဟစိတ် ဖြစ်ပါ့မလား တဒင်္ဂနိရောဓ လေ့လာဖို့ မကောင်းလား ဒါ တဒင်္ဂနိ ရောဓနော် အဲဒီ ရသာဓါတ် ကလည်း ဖောက်ပြန်ပြီးတော့ မပျက်လား ခံစားတဲ့ ဝေဒနာ ကလည်း ခံစားပြီးတော့ မပျက်လား နိစ္စလား အနိစ္စလား ဝေဒနာ တွေ့တာလား မရှိတာ တွေ့တာလား ရူပကွန္ဓာ တွေ့တာလား မရှိတာ တွေ့တာလား အနိစ္စလို့ မဟော ဘူးလား ကဲ စွဲစရာ လိုသေးရဲ့လား လေ့လာနော်

အဲလိုသိတဲ့ခါ ကိုယ်ထင်ခဲ့တဲ့ လူချမ်းသာကား တွေ့သေးရဲ့ လား နတ်ချမ်းသာကား တွေ့သေးရဲ့လား ဗြဟ္မာ ချမ်းသာကား တွေ့သေးရဲ့ လား တွေ့တာက ဆင်းရဲတဲ့ တရားပေါ့ အဲဒါ အမှန်သိတော့ အမှား မပျောက်လား အဲဒါလိုရင်း အချက်တွေကွဲ့ အဝိဇ္ဇာ မချုပ်ဘူးလား အဝိဇ္ဇာ ချုပ်ပြီဆိုတာကာ ဘယ်က လာမလဲ ဥပါဒါန် လာသေးရဲ့လား အဝိဇ္ဇာ ချုပ်ဖို့ အဓိက ကိလေသဝဋ္ဋ ချုပ်ဖို့ အဓိက

တဏှာတွေ ဥပါဒါန်က မလာဘဲနဲ့ ချုပ်တယ် လို့ မိုးကုတ် ဆရာတော် ဘုရားကြီး မဟောဘူးလား အနုပ္ပါဒ နိရောဓ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်က မြင်ရာကြားရာ က ချုပ်တာနော် ဥပ္ပါဒ နိရောဓ လို့မဟောဘူးလား အဲဒီလို လေ့လာဖို့ လိုတယ်နော်

ဒါကြောင့်မို့လို့ နာမ်ရုပ်ကို သိတဲ့အချိန်လေးမှာ သူတွေ ငါတွေ တွေ့သေးရဲ့လား လူနတ်ဗြဟ္မာ တွေ့သေးရဲ့လား မတွေ့ရင် ရာဂ ဒေါသ မောဟ ဖြစ်ပါ့မလား အဲဒါ ခန္ဓာဖက်ကို ဉာဏ်လှည့်တဲ့ အချိန် ကြားလား ဒိဋ္ဌ မပြုတ်ဘူးလား ဝိစိကိစ္ဆာ မချုပ်ဘူးလား ကိုင်း နာမ်ရုပ် ကိုသိတာနော် အနိစ္စ လို့သိ

www.dhammadownload.com

တဲ့ အဝိဇ္ဇာက မချုပ်လား တဏှာကား မသေလား ဥပါဒါန်ကား မပြုတ်လား ကာမာသဝ နဲ့ ဘဝါသဝ မချုပ်လား ရှေ့ပိုင်းက ခန္ဓာသိတော့ ဒိဋ္ဌာသဝ နဲ့ အဝိဇ္ဇာသဝ ချုပ်တယ်နော် အာသဝေါ တရားလေးပါး မကုန်လား  ကုန်ရင် သမုဒယ သစ္စာ မသေလား

အဲဒီစိတ်နဲ့ ဝိညာဏ်ချုပ် အောင်လို့ တရားနာတာဗျ လေ့လာဖို့ မကောင်းလား အဲဒီစိတ်နဲ့ ချုပ်မယ်ဆို ခန္ဓာကိုယ် ရမ်းကြည့် ပျော့ပျော့ပြင်းပြင်းနော် မပုတ်မသိုးဘူးပေါ့ အဲဒီနေရာ ရောက်အောင် ကြိုးစားပေါ့

အရှင်အသဇိနဲ့ အရှင်သာရိပုတ္တရာအလောင်း တွေ့တဲ့ အခန်းကြတော့ သုံးမိနစ် သာကြာတယ် ကြားလား ကဲ သောတာပန် ဖြစ်သွားတာနော် သိဉ္ဆည်း ဆရာဆီမှာ အားထုတ် တုန်းက ခြောက်နှစ် ကြာတယ် ကြားလား လေ့လာဖို့ မကောင်းလား သက္ကာယဒိဋ္ဌိ  မပြုတ်ဘူး ကွဲ့ ဆရာမှားတော့ ပြုတ်ကဲ့လား ဆရာမှန်တော့ ပြုတ်တယ်နော်

ဆရာမှန် ငြားသော်လည်း ဆန္ဒ ရဟန်း ဘုရားဖွားဖက်တော် ပေါ့နော် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု သွားတယ် သောတာပန် ဖြစ်ကဲ့လား ကဲ ဘုရားလောက်တော့ မမှန်ချေနဲ့နော် နလုံးသွင်း မှားနေလို့ ဖြစ်တာ အဲလိုလည်း စဉ်းစားဦး ကြားလား နလုံးသွင်းမှား ရပါ့မလား

အင်မတန် ပညာကောင်းတဲ့ အရှင် သာရိပုတ္တရာ ပညာတွေဟာ တဖက်ကမ်းခတ် တတ်တဲ့ပုဂ္ဂိုလ်နော် ဆရာမှား တော့ခါ သက္ကာယဒိဋ္ဌိ ပြုတ်ကဲ့လား အရှင်အသဇိ နဲ့တွေ့မှ ပြုတ်တာကွဲ့ ကြားလား အဲလိုလေ့လာဖို့ မကောင်းလား

www.dhammadownload.com

ရုပ်တစ်လုံး နာမ်တစ်လုံးကို သုညတ ဆိုက်ဖို့ လိုတာပေါ့ ကဲ လူထင်လို့ ဘု ရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်း ကြည့်နော် ဆံဖျားကခြေဖျား ခြေဖျားက ဆံဖျား မာတာ မတွေ့လား ပျော့တာ မတွေ့လား လူလား ပထဝီဓါတ်လား မာတာပျော့တာ ပထဝီနော် မာတယ် ပျော့တယ် သိတာ သူငါလား ကာယ ဝိညာဏ်လား ကာယဝိညာဏ် ကနာမ် တရား မရလား မာတာ ပျော့တာက ရုပ်တရား မရလား နာမ်ရုပ် နှစ်ပါးပေါ့

ထင်တာကလူ တွေ့တာက နာမ်နှင့်ရုပ် ထင်တာကနတ် တွေ့တာက နာမ်နှ င့်ရုပ် ထင်တာကပြဟ္မာ တွေ့တာက နာမ်နှင့်ရုပ် ထင်တာက မြို့ ရွာ တိုင်းပြ ည် တွေ့တာက နာမ်နှင့်ရုပ် ကဲနာမ်ရုပ်က သက်သေ မခံလား လူ ဘာဖြစ် လို့ မတွေ့တာလဲ နတ်ကား ဘာဖြစ်လို့ မတွေ့တာလဲ ပြဟ္မာကား ဘာဖြစ်လို့ မတွေ့တာလဲ မရှိဘူး ဘုရားအဆူဆူ မရှိဘူးလို့ မဟောဘူးလား

နာမ်ရုပ်ကို လူလို့ နလုံးသွင်း မှားတာ နာမ်ရုပ်ကို နတ်လို့မှားတာ ပြဟ္မာလို့ မှားတာ ကြားလား အမြင်ခံက နာမ်နှင့်ရုပ် နာမ်ရုပ် လို့သိ လူလို့ခေါ် နာ မ်ရုပ် လို့သိ နတ်လို့ခေါ် နာမ်ရုပ်လို့သိ ပြဟ္မာလို့ခေါ် နာမ်ရုပ်လို့သိ သား လို့ခေါ် သမီးလို့ခေါ် အဖေလို့ခေါ် အမေလို့ခေါ် သုံးဆယ့် တစ်ဘုံခေါ် ဘုရားပယ်ရဲ့ လား

ဘာတွေပယ်တာလဲ အထင်နဲ့ အယူအဆ ပယ်တာ လူလို့မထင်လား ရှိတ ယ်လို့ မယူလား တွေ့တာလူလား နာမ်နှင့်ရုပ်လား ဘာဖြစ်လို့ လူမတွေ့ တာလဲ မရှိရင် ဘယ်လိုစွဲမလဲ အဲဒါလိုတာ ကဲ ဒါ ပယ်တယ် လို့မပြောရဘူး လား ခေါ်တာကိုပယ်ရဲ့လား သမုတ်ရှိ အခေါ်ရှိ မပြော မဆို တရားဟော လို့ ကား ဖြစ်ပါ့မလား အဲဒီလို လေ့လာရတယ် ကြားလား ကဲနာရီကစ့ေပြီ ကွဲနော်

www.dhammadownload.com

ကဲထိဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက (မ
ဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယသစ္စာပါ ဘုရား) နောက်ခန္ဓာ မလာ
တာက (နိရောဓသ စ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက် ရှိ
(လေးကွက်ရှိပါတယ် ဘုရား) တစ်ကွက်လျှင်ဘယ်နှစ်ပါး (ငါးပါးပါဘုရား)
ငါးလေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ်သ
ည် သံသရာမှ လွတ်ကြောင်းတည်း)
သာဓု သာဓု သာဓု

မကွေးတိုင်းဒေသကြီး ၊ ဂန့်ဂေါမြို့နယ် ၊ အနောက်ဂန့်ဂေါ ၊ မုံလယ် တော
ရကျောင်း ၊ ပဓာနနာယက ဆရာတော်
ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ဘုရား
ကီး
ပဲခူးဆယ်မိုင်ကုန်း မုံလယ် တောရ ဓမ္မရိပ်သာ ဓမ္မာရုံကြီးပေါ်တွင် ၁၃ - ၁၈
-၂၀၀၇ ခုနှစ် ည ( ၇ ) နာရီ အချိန် ဟောကြားဆုံးမ တော်မူအပ်သော
ဇောတိကသူဌေး အကြောင်း ဥပမာပြ
ခန္ဓာဉာဏ်ရောက် ဒိဋ္ဌဖြုတ် ပဋိစ္စသမုပ္ပါဒ် တရားတော်

အနန္တောအနန္တငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြ။

နမော ဗုဒ္ဓဿ။ နမော ဓမ္မဿ။ နမော သံဃဿ။ နမော မာတာပိတုဿ။
နမော အာစရိယဿ။

ဗုဒ္ဓဿ - သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူဖြ
သော
ရှင်တော်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။

www.dhammadownload.com

နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဓမ္မဿ - မဂ်လေးတန် - ဖိုလ်လေးတန် - နိဗ္ဗာန် - ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တို့အား။
နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး
လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

သံဃဿ - မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး ကျွှန်ုပ်ပါးသော အရိယာသံဃာတော်မြတ်တို့အား။ နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

မာတာပိတုဿ - မိဘနှစ်ပါးအား။ နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

အာစရိယဿ - ဂိပဿနာဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင် သစ္စာဧလေးပါး တရားတော်နှင့် ကုသပေးတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မုံလယ်ဆရာတော် ဘုရားကြီးအား။
နမော - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်
ပန်ထွာမြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရား ရတနာ တရား ရတနာ သံဃာရတနာ မိဘ ဆရာသမား တို့အားရိုဧသမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ ၊ သဒ္ဓါ ပညာ ဝီရိယတို့ကြောင့် မိမိတို့ အလိုရှိအပ်တောင့်တအပ်သော မအိုမသေ အမြဲနေသော နိဗ္ဗာန်သို့လည်းကောင်း ဒု

www.dhammadownload.com

ကွခပ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း မိမိတို့ ယခု အားထုတ်ဆဲဖြစ်သော
ဝိပဿနာ ဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

အလုပ်စဉ်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ပါမည် ဘုရား။

မူလနှစ်ဖြာတခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္ဘာ၊ အဂၤါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဂဠုသုံးဂနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာ နှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တရားနာတယ်တဲ့ တရားအားထုတ်တယ် တရားလေ့လာတယ် ဆိုတာ မိမိခန္ဓာ မှာရှိတဲ့ တရားနဲ့ အသိဉာဏ်နဲ့ ထပ်သွားဖို့ လိုတယ်နော် ရှိတဲ့တရားဆိုတာ အာရုံနှင့်ဒွါရ တိုက်မှ ပေါ်လာတဲ့ ခန္ဓာငါးပါး ကို ပြောတာနော် အာရုံဆိုတာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံပေါ့ ဓမ္မာရုံပေါ့ ဒွါရဆိုတာ မျက်စိအကြည် နားအကြည် နာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည် မနောအကြည် ပေါ့နော်

www.dhammadownload.com

မျက်စိအကြည်ရှိရင် ရူပါရုံ အဆင်းမတိုက်လား မြင်သိစိတ် မပေါ်လား ငါ မြင်တာလား မြင်သိစိတ်လား...။ လူကိုမြင်တာလား အဆင်းကိုမြင်တာလား...။ တစ်ဝိညာဏ် တည်း မြင်သိလို့ဖြစ်ကဲ့လား...။ မဖြစ်ရင် သူနဲ့ သဟဇာတ ဖြစ်တဲ့ ဝေဒနာ သညာ စေတနာမပါလား...။ အဆင်းလို့ခံစားတာ ငါလားဝေဒနာလား...။ လူလားဝေဒနာလား...။ နတ်လားဝေဒနာလား...။ ဗြဟ္မာလားဝေဒနာလား...။ အဆင်းလို့မှတ်တာ လူနတ်ဗြဟ္မာလား သညာလား...။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလားစေတနာလား... ။

ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါး မပြည့်လား...။ ဤလေးပါး ပြည့်စုံမှ မြင်သိစိတ် ဖြစ်တာနော် လူနတ်ဗြဟ္မာလား နာမက္ခန္ဓာ လေးပါးလား မျက်စိအကြည်ကား လူနတ်ဗြဟ္မာ ဟုတ်ကဲ့လား ရူပါရုံ အဆင်းကား လူနတ်ဗြဟ္မာ ဟုတ်ကဲ့လား ခန္ဓာဖွဲ့ကြည့်တော့ ရူပကၡန္ဓာ မရလား နာမက္ခန္ဓာ လေးပါးနဲ့ ရူပကၡန္ဓာ ပေါင်း ...

အဲဒီခန္ဓာ သိအောင်လို့ တရားနာတာနော် တရားထိုင်တာ ခန္ဓာသိဖို့ ။ စကြံသွားတာ ခန္ဓာသိဖို့။ ရပ်တာ ခန္ဓာသိဖို့။ လျောင်းတာ ခန္ဓာသိဖို့ ။ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ကြရိယာပထ လေးပါးနော် ကဲ ခန္ဓာသိဖို့ အဓိကပေါ့ ကိုယ်ထင်ခဲ့တာက လူနတ်ဗြဟ္မာ သတ္တဝါ တွေ့တာက ခန္ဓာငါးပါး တွေ့တာနဲ့ ထင်တာနဲ့ ပိုင်းခြားဖို့ လိုတယ် ကြားလား အဲလိုလေ့လာဖို့ မဇကာင်းလား

ဒါကြောင့် ခန္ဓာငါးပါးက ပရမတ် လူကပညတ် ခန္ဓာငါးပါးက ပရမတ် ။ နတ်ကပညတ် ခန္ဓာငါးပါးက ပရမတ် ဗြဟ္မာက ပညတ် ခန္ဓာငါးပါး လူနတ်ဗြဟ္မာ သတ္တဝါက ပညတ် ခန္ဓာငါးပါးက ပရမတ်ပေါ့ အဲဒီခန္ဓာပေါ်မှာ ဌာနူပစာရ အားဖြင့် တင်စားပြီးတော့ လူအစားစား နတ်အစားစား ဗြဟ္မာအစားစား တိ

www.dhammadownload.com

ရဏ္ဍာန်အစားစား ပြိတ္တာ အသူရကာယ် အစားစား ငရဲအစားစားလို့ မခေါ်ကြဘူးလား ။ မသမုတ်ကြဘူးလား ။ ဒါအခေါ်ရှိ သမုတ်ရှိ နော် မသမုတ်လည်းရှိ သမုတ်လည်းရှိက ခန္ဓာငါးပါးပေါ့

ဘယ်ပုံဘယ်နည်း ရှိတာလဲ စိစစ်ဖို့ မကောင်းလား ။ အနိစ္စ အနေနဲ့ရှိတယ် ဒုက္ခ အနေနဲ့ရှိတယ် အနတ္တ အနေနဲ့ရှိတာပေါ့ အဲလိုစိစစ်ဖို့ မကောင်းလား အဲဒီခန္ဓာသိဖို့ လိုတယ်ကွဲနော် ဒါကြောင့် ကွက်ကွက် ရှင်းရှင်း လင်းလင်း အပ်ကျ မပ်ကျ လိုတယ် ဒါမို့ မိုးကုတ်ဆရာတော်ဘုရားကြီး က စာပဋ္ဌစ္စ သမုပ္ပါဒ် သိတာနဲ့ ဒိဋ္ဌမပြုတ် ဘူးတဲ့နော် ခန္ဓာပဋ္ဌစ္စ သမုပ္ပါဒ် ကိုသိမှ သက္ကာယဒိဋ္ဌ ပြုတ်မယ်လို့ မဟောဘူးလား

အဲဒါလက်တွေ့ မျက်တွေ့ မျက်စိပေါက် မှာကြည့် နားမှာကြည့် နှာခေါင်းမှာကြည့် လျှာမှာကြည့် စားတဲ့ခါ လျှာမှာပေါ့ ထိတဲ့ခါ ကိုယ်မှာပေါ့ တွေးတဲ့ခါ စိတ်မှာ အဲဒီခန္ဓာသိဖို့ လိုတာနော် ရုပ်နှစ်ခု မတိုက်ဘဲနဲ့ ဒီခန္ဓာက ပေါ်နိုင်ပါ့မလား မပေါ်နိုင်ဘူး ကွဲနော် ရုပ်နှစ်ခု တိုက်မှပေါ်တာ ပေါ်ပြီးလည်း မပျက်ပေဘူးလား ပေါ်ပြီးပျက် တော့တာကွဲ့ ဒါကြောင့် ရှေးထက်ကျော်က လယ်တီဆရာတော် ဘုရားကြီးက ဘယ်လို ဟောသလဲလို့ စက္ခုဝိညာဏ် အနိစ္စံ သောတဝိညာဏ် အနိစ္စံ ။ ဃာန ဝိညာဏ် အနိစ္စံ ဇိဝှါ ဝိညာဏ် အနိစ္စံ ကာယဝိညာဏ် အနိစ္စံ မနောဝိညာဏ် အနိစ္စံ မြင်ပြီးရင်ပျက် ကြား ပြီးရင်ပျက် နံ ပြီးရင်ပျက် စားပြီးရင်ပျက် ထိပြီးရင်ပျက် သိပြီးရင်ပျက် ပေါ့ စိစစ်ဖို့ မကောင်းလား

မုံညင်းစေ့ဆိုတာ အင်မတန် သေးတယ်နော် ဆူးထွင်တဲ့ အပ်ဖျားပေါ်မှာ လက်နဲ့ကိုင် တင်ထား လိုက်တာပေါ့ တင်လိုက်တဲ့ တချိန်တည်း တည်နေမလား အောက်ကို ကျမလား အဲလောက်ထိ မြန်တယ်နော် ဒါ နဒီသောဇတာ ဝိယ လို့မဟောဘူးလား မြစ်ရေများစီး သလို လို့ မဟောဘူးလား ဒီပ

www.dhammadownload.com

ဏလံ ဝိယ မီးလျှံကဲ့သို့နော် တသွင်သွင် စီးဆင်းပြီး တော့ ဖြစ်ပျက်နေတဲ့ တရားတွေကွဲ့ ကြားလား အဲလိုလေ့လာဖို့ မကောင်း လား ဒါကြောင့်မို့လို့ အဲဒီခန္ဓာ သိဖို့ ဒါ ထား ။ အဖြစ်တရား အပျက်တရား ဒါစဉ်းစားနော်

မိုးကုတ်ဆရာတော် ဘုရားကြီးက ဘယ်လို ဟောသလဲလို့ ပုထုဇဉ်တို့ အန္ဓ ပုထုဇဉ်မှာ ပုထုဇဉ် စိတ်တွေဘဲ ပေါ်မှာဘဲတဲ့ ပုထုဇဉ်စိတ် ကဘာများလဲ ဇ လာဘ ဒေါသ မောဟ နော် မြင်တဲ့ခါ လိုချင်တာ လောဘတဏှာ အလို မကျတာ ဒေါသကိလေသာပေါ့ ဤ နှစ်ခုဖြစ်တာ သိလို့လား မသိလို့လား အဲဒါကိုဘဲ ရှုပါတဲ့ လောဘ ပေါ်လည်း လောဘကို ဖြစ်ပျက်ရှု ဒေါသပေါ် ြ ဖစ်ပျက်ရှု မောဟပေါ် ဖြစ်ပျက်ရှု မဟောဘူးလား အဲဒါစိစစ်ဖို့ လိုတယ်ဇ နော် အဲဒါလိုရင်း အချက်က သက္ကာယဒိဋ္ဌ ပြုတ်ဖို့ နံပါတ်တစ်ပေါ့

လိုချင်တယ်ဆိုတာ ကိစ္စတွေဟာ စဉ်းစားနော် ငါလိုချင်တယ် မြင်လို့လို ချ င်တယ် မြင်လို့ ငါလိုချင်တယ် မလာဘူးလား ငါကဒိဋ္ဌပေါ့ လိုချင်တာက သ က္ကာယ နော် လိုချင်တာ တဏှာ မဟုတ်ဘူးလား တဏှာ ဘယ်ခန္ဓာ ကလာ တာလဲ စိစစ်ဖို့ မကောင်းလား သခ်ါရက္ခန္ဓာ ကပေါက်ဖွားတာ လိုချင်တာ ငါ လား တဏှာလား အဲဒါတဏှာ လို့သိဖို့ လိုတာကွဲ့ ကဲ တဏှာ ဆိုတာ ငါ ပါသေးရဲ့လား လိုချင်တာ ငါလား တဏှာလား တဏှာလို့သိ ငါမပြုတ်ဘူး လား အခုတော့ ဒီလိုမသိ လိုချင်တာ ငါလိုချင်တယ်လို့ မပြောဘူးလား ငါ ကဒိဋ္ဌပေါ့ လိုချင်တာ သက္ကာယ သက္ကာယဒိဋ္ဌ မဖြစ်ဘူးလား

ကဲဒီလို ဆိုတော့ လိုချင်တာ ငါလား တဏှာလား ဟော တဏှာ လို့သိ ငါမ ြ ပုတ်ဘူးလား အဲဒီ တဏှာက နာမ်တရား မရဘူးလား ကဲသူက လိုချင်ပြီး မ ပျက်လား ပျက်ရင် တဏှာ တွေ့တာလား မရှိတာ တွေ့တာလား မရှိတာ အ နိစ္စလို့ မဟောဘူးလား သိတာမဂ္ဂ လို့မဟောဘူးလား နောက်တဏှာ လာဇ သးရဲ့လား ပေါ်တဲ့တဏှာတော့ ဘယ်လိုပါ့ မပေါ်နဲ့ လို့တားလို့ ရပါ့မလား

www.dhammadownload.com

အလိုမကျတာ ငါလား ဒေါသလား ဒါဒေါသလို့ သိဖို့လိုတာနော် ငှါစိတ်ကို မစမ်းနဲ့ဆိုတာ ငါက ဒိဋ္ဌမရဘူးလား ကဲဟိုကစိတ်က ဒါဒေါသဘဲ ဖြစ်တယ် နော် စိစစ်ဖို့မကောင်းလား သူက သက္ကာယ ငှါစိတ်ဆိုတာ ငါကဒိဋ္ဌမရဘူး လား သက္ကာယဒိဋ္ဌ မဖြစ်လား ငှါစိတ်ကို မစမ်းနဲ့တဲ့နော် ဟိုမှာဖြစ်နေတာ ငါ လား ဒေါသလား ဒေါသဆိုရင် ငါပါသေးရဲ့လား အဲလိုလေ့လာဖို့ မကောင်း လား ကဲခုတော့ ငှါစိတ်ကို မစမ်းနဲ့ပေါ့ ငါအင်မတန် စိတ်တိုတယ် ငါခံပြင်း တယ် ဒီလို မလာဘူးလား ငါက ဒိဋ္ဌနော် ခံပြင်းတာက သက္ကာယ ပေါ့ သ က္ကာယဒိဋ္ဌ မဖြစ်လား

ခံပြင်းတာ ငါလား ဒေါသလား ဒေါသလို့သိရင် သက္ကာယဒိဋ္ဌ မပြုတ်လား အဲဒီ ဒေါသကလည်း ဖြစ်ပြီးတော့ မပျက်လား ဒေါသတွေ့တာလား မရှိတာ တွေ့တာလား မရှိတာ အနိစ္စလို့ မဟောဘူးလား သိတာမဂ္ဂ လို့ မဟောဘူး လား ကဲနောက်ဒေါသ လာသေးရဲ့လား

ဤနှစ်ခုဖြစ်တာ သိလို့လား မသိလို့လား မသိတာ မောဟ စိစစ်ဖို့ မကော င်းလား အဲဒီမောဟ စိတ်က စိစစ်ဖို့လိုတယ်နော် လမ်းဆုံလမ်းမ လမ်းလေး ခွမှာ လူ လေးငါး ခြောက်ယောက် ခုနစ်ယောက် စကားပြော လက်ဆုံဝင်ေ နတာပေါ့ လမ်းသွားရင်း လူလေးယောက် ငါးယောက်ကလည်း စကားပြော ရင်းနဲ့ လမ်းသွားကြတယ် အဲဒီမှာ ကိုယ့်ကျေးဇူးရှင် ပါတယ် သူနာမည်က အောင်သိန်းတဲ့ ကြားလား ကိုယ့်ကို အဖက်ဖက်က နေပြီးတော့ စောင့်ရှော က်ခဲ့တာ ကူညီ ပေးခဲ့တာ နော် အဲ အဲလို စောင့်ရှောက်ခဲ့တာ အဲဒါသူ့ကိုမြ င်တော့ နှုတ်ဆက်ဖို့ နှုတ် ဆက်ရအောင်လို့ နာမည်ကို ဖော်လို့ကိုမရဘူး

သူတို့ကလည်း စကား ပြောရင်းနဲ့ သွားတာကိုး နာမည်ကို အစရှာဖော် လို့မရဘူး အဲဒါ ဘယ်သူ တွေပေါ် နေတာလဲ စိစစ်ဖို့ မကောင်းလား မော

www.dhammadownload.com

ဟပေါ်နေတာ ငါဟုတ်ကဲ့ လား မောဟတရားပေါ်နေတာ အဲဒါ လူလုံးပျော်တဲ့ အခါကြမှ အောင်သိန်းလို့ ပေါ်တော့တာဗျား ကဲ မောဟစိတ် ချုပ်ပြီး ခါမှ ပေါ်တာ နော် အာရုံနှစ်ခု ပြိုင်လို့ရလား အဲသလို စဉ်းစား

ငါလား မောဟလား မောဟကလည်း ပေါ်ပြီးရင် မပျက်လား မောဟတွတာလား မရှိတာ တွေ့တာလား အနိစ္စလို့ မဟောဘူးလား သိတာမဂ္ဂလို့ မဟောဘူးလား အဲလိုဆို လွယ်ပါတကား ကွဲ့ အဲဒါ ပြီးမှ မူလကမ္မဋ္ဌာန်း ကိုကောက်လို့ မဟောဘူးလား မူလကမ္မဋ္ဌာန်း ဆိုတာ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ပေါ့နော် ဒီလိုလေ့လာဖို့ မကောင်းလား အဲဒါလိုရင်း အချက်တွေကွဲ့ ကြားလား စဉ်းစားဖို့ မကောင်းလား ဒါကြောင့်မို့ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်နော်

ခန္ဓာသိဖို့ အရေးကြီးတာပေါ့ ခန္ဓာငါးပါး သက္ကာယလို့ မဟောဘူးလား ပိဋ္ဌကတ်သုံးပုံ ချုံ့ကြည့် ခန္ဓာငါးပါး ပေါ့ ခန္ဓာငါးပါး ချုံ့ကြည့် နာမ်နှင့် ရုပ်ပေါ့ နာမ်ရုပ်ကို ချုံ့တော့ ဖြစ်ပျက်ပေါ့ ဒါ ဉာတပရိညာ နဲ့သိဖို့လိုတယ် ကြားလား စဉ်းစားဖို့ မကောင်းလား ဒါကြောင့်မို့လို့ ခန္ဓာဖွဲ့ ခန္ဓာဖွဲ့ ဆိုတာ ကိုယ်ထင်တာက လူ ပေါ်လာတဲ့တရားက ခန္ဓာငါးပါး ထင်တာက နတ် တွေ့တာက ခန္ဓာငါးပါး ထင်တာကဗြဟ္မာ တွေ့တာက ခန္ဓာငါးပါး တွေ့တာကို အမှန်မယူရဘူးလား အမှန်ယူ တာ သိရင် လူစွဲဒိဋ္ဌ နတ်စွဲဒိဋ္ဌ ဗြဟ္မာစွဲဒိဋ္ဌ မပြုတ်ဘူးလား ဒါကြောင့်မို့ ခန္ဓာဖွဲ့ဖို့ လိုတယ်နော် ဒါ သက္ကာယဒိဋ္ဌ ဖြုတ်တာ

အဲဒါ နှုတ်တက် ဆောင်နိုင်မယ် ဆိုရင် ကားစီးတဲ့ အခါလည်း စိတ်ထဲက နှလုံးသွင်းပေါ့ ခန္ဓာဖွဲ့ပြီးတော့ ကားစီးသွားလိုက်နော် လေယာဉ်စီး တဲ့အခါလည်း ခန္ဓာဖွဲ့ပေါ့ သင်္ဘောစီး တဲ့အခါလည်း ခန္ဓာဖွဲ့ပေါ့ ရထားစီးလည်း ခန္ဓာဖွဲ့ပေါ့နော် အဲလိုခန္ဓာ စိတ်ထဲက ရွတ်ပြီးတော့ သွားရင် အကုသိုလ်လား ကု

www.dhammadownload.com

သိုလ်လား အဲလိုဆိုရင် ကိုယ်စောင့်နတ်က သတင်းပို့တယ် ကြားလား သ
တင်းပို့ တော့ခါ သာသနာစောင့် နတ်က ဂရုစိုက်ရတယ် သမ္မာဒေဝနတ်
က ဂရုစိုက် ရတယ်နော် ဒီလိုလေ့လာဖို့ မကောင်းလား

အဲဒီစိတ်နဲ့ သေသွားဦးတော့ ကုသိုလ်စိတ်လို့ မဟောဘူးလား ကုသိုလ်စိ
တ်က ကုသိုလ်ကံ ကြောင့် ဖြစ်တာနော် နတ်ပြည်မှာ သွားနားလို့ရတယ် ဒ
လေ့လာဖို့ မကောင်းလား လေ့လာ ရုပ်တစ်လုံး နာမ်တစ်လုံး သုညတ ဆိုက်
မယ်ဆိုရင် စူဠသောတာပန်ပေါ့ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒုက္ခလက္ခဏာ
ဒုက္ခသစ္စာ အနတ္တလက္ခဏာ ဒုက္ခသစ္စာ ဆို သိပယ်ဆို တဲ့ခါကြတော့ မ
ဟာသောတာပန်ပေါ့ စိစစ်ဖို့ မကောင်းလား ဒါ ယုံယုံကြည်ကြည် နဲ့ ခန္ဓာ
ကိုလေ့လာကြ အဲဒီခန္ဓာငါးပါး သက္ကာယ လို့ ဘုရားအဆူဆူ မဟောဘူး
လား ကဲသူတွေ ငါတွေလား သက္ကာယလား သူတွေငါတွေလား ခန္ဓာငါးပါး
လား ကဲ လူစွဲဒိဋ္ဌ နတ်စွဲဒိဋ္ဌ ဗြဟ္မာစွဲ ဒိဋ္ဌ မပြုတ်ဘူးလား အဲဒါလိုရင်း အချ
က်တွေနော်

မရသေးတဲ့ ပုဂ္ဂိုလ်ရလေအောင် ရပြီးသားပုဂ္ဂိုလ် လိုရင်းကိစ္စ ပြီးအောင် မျ
က်စိပေါက်ကစ မနောဒွါရအထိ မှန်မှန်လေး ခန္ဓာဖွဲ့ကြ

"မျက်စိ..."

စက္ခု အကြည်ကို အဆင်း တိုက်တော့ စက္ခုဝိညာဏ် ပေါ်ပါသည်။
စက္ခုဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ်ပါသလား။ မ
ဖစ်နိုင်ပါ။
စက္ခုဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ
င်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
စက္ခု အကြည်နှင့် အဆင်း ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။

www.dhammadownload.com

နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ်ပါသည်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။
အဆင်း ကို မြင်သိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
မျက်စိ အကြည်နှင့် အဆင်းက ရုပ်။
စိတ် စေတသိက် ရုပ်။

မျက်စိ အကြည်ကို အဆင်း တိုက်တော့ မြင်သိစိတ် ပေါ်ပါသည်။
အဆင်း ကို မြင်သိတာ က နာမ်တရား ၊
မျက်စိ အကြည်နှင့် အဆင်းက ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"နား"

သောတ အကြည်ကို အသံ တိုက်တော့ သောတဝိညာဏ် ပေါ်ပါသည်။
သောတဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။ မဖြစ်နိုင်ပါ။
သောတဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
သောတ အကြည်နှင့် အသံ ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။

www.dhammadownload.com

အသံ ကို ကြားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
နား အကြည်နှင့် အသံ က ရုပ်။
စိတ် စေတသိက် ရုပ်။

နား အကြည်ကို အသံ တိုက်တော့ ကြားသိစိတ် ပေါ်ပါသည်။
အသံ ကို ကြားသိတာ က နာမ်တရား ၊
နား အကြည်နှင့် အသံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"နှာ"

ဃာန အကြည်ကို အနံ့ တိုက်တော့ ဃာနဝိညာဏ် ပေါ်ပါသည်။
ဃာနဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ဃာနဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါ
င်းတော့ နာမကွန်ဓာ လေးပါး ဖြစ်ပါသည်။
ဃာန အကြည်နှင့် အနံ့ ကို ခန္ဓာဖွဲ့တော့ ရူပကွန်ဓာ ဖြစ်ပါသည်။
နာမကွန်ဓာ လေးပါး နှင့် ရူပကွန်ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ဇ္ဇာအကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။
အနံ့ ကို နံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။

www.dhammadownload.com

နှ ၁ အကြည်နှင့် အနံ့ က ရုပ်။
စိတ် စေတသိက် ရုပ်။

နှ ၁အကြည်ကို အနံ့ တိုက်တော့ နံသိစိတ် ပေါ်ပါသည်။
အနံ့ ကို နံသိတာ က နာမ်တရား ၊
နှ ၁ အကြည်နှင့် အနံ့ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

"လျှာ"

ဇဝှါ အကြည်ကို ချို ချဉ် စပ် ငန် ဖန် ခါး ရသာ(၆)ပါး တိုက်တော့ စားသိစိတ်ဆိုတဲ့ ဇဝှါဝိညာဏ် ပေါ်ပါသည်။
ဇဝှါဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။ မပြဖစ်နိုင်ပါ။
ဇဝှါဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းဝေတာ့ နာမက္ခန္ဓာ လေးပါး ဖြစ်ပါသည်။
ဇဝှါအကြည်နှင့် ရသာ ၆ပါး ကို ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာ ဖြစ်ပါသည်။
နာမက္ခန္ဓာ လေးပါး နှင့် ရူပက္ခန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

လျှာ အကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ်ပါသည်။
ရသာ ၆ပါး ကို စားသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
လျှာအကြည်နှင့် ရသာ ၆ပါး က ရုပ်။
စိတ် စေတသိက် ရုပ်။

www.dhammadownload.com

လျှာအကြည်ကို ရသာ ၆ပါး တိုက်တော့ စားသိစိတ် ပေါ်ပါသည်။
ရသာ ၆ပါး ကို စားသိတာ က နာမ်တရား ၊
လျှာ အကြည်နှင့် ရသာ ၆ပါး က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

ကိုယ်

ကာယ အကြည်ကို မာမှု ပျော့မှု ပထဝီ ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ဆိုတဲ့ ကာယဝိညာဏ် ပေါ်ပါသည်။
ကာယဝိညာဏ် ပေါ်သောအခါ တစ်ဝိညာဏ်တည်း ပေါ်လို့ ဖြစ် ပါသလား။
မဖြစ်နိုင်ပါ။
ကာယဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ သုံးပါးပေါင်းတော့ နာမကွန္ဓာ လေးပါး ဖြစ်ပါသည်။
ကာယအကြည်နှင့် မာမှု ပျော့မှု ကို ခန္ဓာဖွဲ့တော့ ရူပကွန္ဓာ ဖြစ် ပါသည်။
နာမကွန္ဓာ လေးပါး နှင့် ရူပကွန္ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

ကိုယ် အကြည်ကို ပူမှု အေးမှု တေဇော ဖောဋ္ဌဗ္ဗ တိုက်တော့ ထိသိစိတ် ပေါ်ပါသည်။
ပူမှု အေးမှု ကို ထိသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ကိုယ် အကြည်နှင့် ပူမှု အေးမှု က ရုပ်။
စိတ် စေတသိက် ရုပ်။

www.dhammadownload.com

ကိုယ် အကြည်ကို ထောက်ကန် လှူပ်ရှားမှု ဝါယော ဖောဋ္ဌဗ္ဗ တိုက်တော့ ထိ သိစိတ် ပေါ် ပါသည်။
ထောက်ကန် လှူပ်ရှားမှု ကို ထိသိတာ က နာမ်တရား ၊
ကိုယ် အကြည်နှင့် ထောက်ကန် လှူပ်ရှားမှု က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

.....==========.....

စိတ်

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ဆိုတဲ့ မနောဝိညာဏ် ဇ ပေါ် ပါသည်။
မနော ဝိညာဏ် ပေါ် သောအခါ တစ်ဝိညာဏ်တည်း ပေါ် လို့ ဖြစ် ပါသလား။ မဖြစ်နိုင်ပါ။
မနောဝိညာဏ်နှင့် သဟဇာတဖြစ်တဲ့ ဝေဒနာကွန်ဓာ စေတသိက် သညာ ကွန်ဓာ စေတသိက် သင်္ခါရကွန်ဓာ စေတသိက် သုံးပါးပေါင်းတော့ နာမကွန်ဓာ လေးပါး ဖြစ်ပါသည်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ ကို ခန္ဓာဖွဲ့တော့ ရူပကွန်ဓာ ဖြစ်ပါသည်။
နာမကွန်ဓာ လေးပါး နှင့် ရူပကွန်ဓာ ပေါင်းတော့ ခန္ဓာ ငါးပါး ဖြစ် ပါသည်။

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ် ပါသည်။
ဓမ္မာရုံ တရားအပေါ် မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က စိတ် ၊
ဝေဒနာ သညာ စေတနာ က စေတသိက်၊
စိတ် စေတသိက်။
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်။
စိတ် စေတသိက် ရုပ်။

www.dhammadownload.com

မနော အကြည်ကို ဓမ္မာရုံ တိုက်တော့ ကြံသိစိတ် ပေါ်ပါသည်။
ဓမ္မာရုံ တရားအပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ကြံသိတာ က နာမ်တရား
၊
ဟဒယဝတ္ထု နှင့် ဓမ္မာရုံ က ရုပ်တရား၊
နာမ် ရုပ်နှစ်ပါး။

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား နတ်အစားစား ငြဟ္မာ အစားစား တိရစ္ဆာန်အစားစား ပြိတ္တာ အသူရကာယ် အစားစား တွေ့တာလား ခန္ဓာငါးပါးတွေ့တာလား လူနတ်ငြဟ္မာ သတ္တဝါ မတွေ့တာ ရှိလို့လား မရှိလို့လား  မရှိရင်လူစွဲ  နတ်စွဲ  ငြဟ္မာစွဲ စွဲစရာ လိုသေးသလား တွေ့တဲ့ တရားက လူနတ်ငြဟ္မာလား ခန္ဓာငါးပါးလား သြော် ခန္ဓာဖွဲ့ ခန္ဓာဖွဲ့ ဆိုတာ ကိုယ်ထင်တာက လူ တွေ့တာက ခန္ဓာငါးပါး ထင်တာက နတ် တွေ့တာက ခန္ဓာငါးပါး ထင်တာက ငြဟ္မာ တွေ့တာက ခန္ဓာငါးပါး ထင်တာက မြို့ရွာတိုင်းပြည် တွေ့တာက ခန္ဓာငါးပါး ခန္ဓာငါးပါး ချုံ့ကြည့်တော့ နာမ်နှင့် ရုပ်ပေါ့ ဖြန့်လိုက်ရင် ခန္ဓာငါးပါး ဒါထက်ဖြန့်ရင် ပိဋကတ်သုံးပုံ ပေါ့ကွဲ  ဒီလို စိစစ်ဖို့ မကောင်းလား အဲဒီ ခန္ဓာဘဲ တွေ့တယ်နော် ချုံ့တော့ နာမ်နဲ့ရုပ်ပေါ့ လေ့လာဖို့ မကောင်းလား စဉ်းစားကြကွဲ့ စဉ်းစားကြနော်

ကဲ ဘယ်လို တွေ့လဲလို့ ထိထိမိမိ အဲဒါ သဘောပေါက် ဖို့လိုတယ် ကိုယ်ထင်တာနဲ့ တွေ့တာ တွေ့တာကို အမှန် မယူရဘူးလား ကဲမိမိက ခရီးသွား လိုက်တာပေါ့ သွားလိုက်တဲ့ခါ ကိုယ်သွားမယ့်ရွာက အိမ်ခြေ လေးငါးရာလောက် ရှိတယ်နော် အဲဒါ ခပ်လှမ်းလှမ်းလေးက နေပြီးတော့ ကြည့် လိုက်တော့ ခါ တစ်မိုင်ကွာ လောက်က ကြည့်တော့ရွာတွေ မမြင်ရ ဘူးလား မြင်ရတာယ်နော်

www.dhammadownload.com

ရွာထဲကို ရောက်သွားတဲ့ အခါကြတော့ ရွာတွေသလား အိမ်တွေ
တွေသလား ။ ရွာတွေသလား လူတွေတွေသလား ။ လူဟာ ရွာဟုတ်ကဲ့လား
အိမ်ကားရွာ ဟုတ်ကဲ့လား အဝေးကကြည့်တော့ ရွာမြင်ရတယ်နော် ကဲ
တွေတာက ရွာလား အိမ်လား တွေတာက ရွာလား လူလား ထင်တာက လူ
လို့ ထင်တာနော် တွေတာက ရွာဘဲတွေတာပေါ့ စိစစ်ဖို့ မကောင်းလား

အဲဒါကို လမ်းဆုံ လမ်းမ လမ်းလေးခွမှာ အိမ်ဆောက် ထားတဲ့အခါ ပျဉ်
ထောင်အိမ် ပေါ့နော် ကွက်ကွက် ရွက်ရွက် အိမ်က တော်တော် လေး အချို့
ကတာပေါ့ အဲဒီအိမ်ကို စိတ်ထဲဉာဏ်ထဲ ကသွပ်မိုးတွေ ခွါလိုက်တာ ပေါ့
နော် စုပုံထား မြားတန်းတွေ ဖြုတ်လိုက်တာပေါ့ ဒိုင်းတွေဖြုတ် လိုက်တာပေါ့
ယောက်တွေကို ဖြုတ်လိုက်တာပေါ့ ဖြုတ်ပြီးပြီ ဆိုတော့ ပျဉ်ထောင်ကို ခွါ
လိုက် ပျဉ်ထောင် ခွါ ပြီးပြီ ဆိုတော့ စုပုံထား တန်းတွေကို ဖြုတ်ပေါ့ ထုတ်
တွကိုဖြုတ်ပေါ့ ခါးပန်းကိုဖြုတ် ကြမ်းတွေကိုခွါ ဆင့်တွေကိုနှုတ် နောက်ယ
က်မကိုဖြုတ် တိုင်ကိုနှုတ် စုပုံထား အိမ်လား သစ်စုဝါးပုံလား သြော် သစ်စု
ဝါးပုံ ဘဲတွေတယ်နော် အိမ်တွေသေးရဲ့လား တော်တုန်းက မဖျက်ခင်က
အိမ်ကိုမြင်တာနော် အခုဖြုတ်ပြီးတော့ အကုန်ကြည့်တော့ စုပုံထားတော့
သစ်စုဝါးပုံ ဘဲတွေတယ် အိမ်ဘာဖြစ်လို့ မတွေတာလဲ မရှိရင် အိမ်စွဲဒိဋ္ဌ မ
ပျက်ဘူးလား ရွာကား တွေသေးရဲ့လား မတွေတာ ရှိလို့လား မရှိလို့လား
ရွာစွဲဒိဋ္ဌ မပြုတ်လား

ကဲ တစ်ခါ လူထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်နော် မာ
တဲ့သဘော မတွေလား ပျော့တဲ့သဘော မတွေလား မာတာ ပထဝီပေါ့ ဖ
ပျော့တာ ပထဝီပေါ့ မာတယ် ပျော့တယ် လို့ မပြောကြဘူးလား တွေတာ
ကလူလား မာတဲ့သဘောလား တွေတာက လူလား ပျော့တဲ့သဘောလား
မာတာနဲ့ပျော့တာ တွေတယ်နော် ဘာဖြစ်လို့လူမတွေတာလဲ မာတယ်ပျော့

www.dhammadownload.com

တယ် သိတာ သူငါလား ကာယဝိညာဏ်လား ကာယဝိညာဏ်က  နာမ်တရားမရလား မာတာပျော့တာက ရုပ်တရားမရလား လူလား နာမ်နှင့်ရုပ်လား ထင်တာကလူနော် တွေ့တာက နာမ်ရုပ် ဘဲတွေ့တယ် ဘာဖြစ်လို့ လူမတွေ့တာလဲ မရှိရင် ဘယ်လိုစွဲမလဲ အဲဒါယုံကြည်ရင် သက္ကာယဒိဋ္ဌိ ပြုတ်ပြီကွဲ့ စိစစ်ဖို့ မကောင်းလား

ကဲ တစ်ခါ မကြားစဖူး ကြားဖူးထပ်မံနော် နီးသပ်ကောင်းကောင်း တောင်းရက်ကောင်းကောင်း ပေါ့နော် တောင်းတစ်လုံး စာလောက် ပုံထားလိုက်တာပေါ့ အဲဒီမှာ အနားက ရပ်ကြည့်တဲ့လူက လေးငါးခြောက်ယောက် ခုနစ်ယောက်ပေါ့နော် အဲဒီနီးတွေကို ရေလေးဖြန်းလို့ ငါးမိနစ်ကြာတော့ခါ ဖျော့ဖျော့ပြင်းပြင်း မနေဘူးလား အဲ တောင်းပုံစံ ဖော်ပြီးခါမှ ရက်လိုက်တာပေါ့နော် သုံးချောင်းမ နှစ်ချောင်းချ နှစ်ချောင်းမ သုံးချောင်းမ ပေါ့ အဲလို နာရီဝက် ကြတော့ တောင်းတစ်လုံး ပြီးမသွားဘူးလား တောင်းပြီးသွားပြီနော် နီးတွေ့တာလား တောင်းတွေ့တာလား ပုံမဖော်ခင်တုန်းက နီးတွေ့တယ်နော် အဲဒီနီးက ဘယ်ဆီ ရောက်သွားသလဲ ဘယ်ရောက်သွားသလဲ

ဟင် ကဲဖြေကြစမ်း ကဲနီးဘယ်ရောက် သွားသလဲ ကဲထင်တာ မှားမှားမှန်မှန် ဖြေရတယ်ဟဲ့ မလျော်ရဘူး မလျော်ရဘူး ကြားလား ဖြေကြလေ အခုတွေ့တာ နီးတွေ့တာလား တောင်းတွေ့တာလား ဘာဖြစ်လို့ နီးမတွေ့တာလဲ အဲဒါနီးမရှိဘူးလို့ ယုံကြည်အောင်လို့ ဟောရတာ ထင်တာကနီး ကြားရဲ့လား ယုံကြည်ဖို့ ဟောရတာ အဲဒီတောင်းဘဲ တွေ့နေတယ်နော် အဲဒီတောင်းကို အစသတ်တဲ့ နေရာက အကုန်လုံး ပြန်ဖြုတ်ကြည့် အဲလိုဖြုတ် ကြည့်တဲ့ခါ တောင်းတွေ့မလား နီးတွေ့မလား ကဲတောင်းက ဘယ်ရောက်သွားသလဲ မရှိလို့နော်

www.dhammadownload.com

အဲဒါ တောင်း မရှိဘူးဆိုရင် တောင်းအနေနဲ့ စွဲစရာ လိုသေးရဲ့လား အဲဒါသိ ဖို့ လိုတာနော် ကဲခုတော့ တောင်းပျောက်တယ် ပြီးတော့ ဟိုလူမေး ဒီလူမေးပေါ့ ဒါတောင်းစွဲ မဟုတ်လား ခုတောင်း တွေ့သေးရဲ့လား မတွေ့တော့ ဘူးနော် ကဲ နီးလို့ မထင်ဘူးလား ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့့် နီးတွေ့တာလား မာတာတွေ့တာလား မာတာပထဝီ တောင်းထင်လို့ ကိုင်စမ်းကြည့့် တောင်းတွေ့တာလား မာတာတွေ့တာလား မာတာပထဝီ မာတယ်လို့သိတာ သူငါလား ကာယဝိညာဏ်လား သူက နာမ်တရား မရလား မာတာက ရုပ်တရားမရလား နာမ်ရုပ်နစ်ပါး နီးလား နာမ်နဲ့ရုပ်လား တောင်းလား နာမ်နဲ့ရုပ်လား ဟော နာမ်ရုပ်ဘဲ တွေ့တယ်နော် နီးလည်းမတွေ့ ဒေတာင်းလည်းမတွေ့ တွေ့တာ နာမ်ရုပ်ပေါ့ ဒါယုံကြည်ဖို့ မလိုလား ယုံကြည်ရင် စွဲစရာ လိုသေးရဲ့လား အဲလို စိစစ်ဖို့ မကောင်းလား

ကဲသမီးလေး ထင်လို့ နမ်းကြည့့်လိုက်နော် သားလေးထင်လို့ နမ်းကြည့့်လိုက်နော် သမီးတွေ့မလား အနံ့တွေ့မလား သားတွေ့မလား အနံ့တွေ့မလား အနံ့ကိုသာ သမီး အနံ့ကိုသာ သား ဆိုရင် အနံ့ဟူသမျှ သားလို့ သမီးလို့ ဒေခါ်ရမှာပေါ့ ဒီလိုကား ဖြစ်ပါ့မလား မဖြစ်ဘူး ကွဲနော် ကဲအနံ့လို့ နံသိတာ ဃာနဝိညာဏ်နော် နာမ်တရား မရဘူးလား အနံ့က ရုပ်တရားမရလား သမီးလား နာမ်နဲ့ရုပ်လား သားလား နာမ်နဲ့ရုပ်လား နာမ်ရုပ်ဘဲတွေ့တယ်

သမီးလည်းမတွေ့ သားလည်းမတွေ့ နာမ်ရုပ်ဘဲ တွေ့တယ်နော် တွေ့တဲ့နာမ်ရုပ်ကို ပြန်ပြီးတော့ စိစစ်ဖို့ မကောင်းလား ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား နာမ်တရားက သိပြီးတော့ မပျက်လား ပျက်တယ်ဆိုတော့ နိစ္စလား အနိစ္စလား ဟော နာမ်ရုပ် မတွေ့ တော့ဘူးနော် တွေ့တာ နာမ်ရုပ်လား အနိစ္စလား ကဲအနိစ္စ တွေ့တယ် နာမ်ရုပ် မတွေ့တော့ စွဲစရာ လိုသေးလို့လား အစွဲခံရဲ့လား အဲလို စိစစ်ဖို့ မကောင်းလား လေ့လာကြနော် အဲ

www.dhammadownload.com

လို ထိထိမိမိ သဘောပေါက်ဖို့ မလိုဘူးလား အဲဒါလိုရင်းအချက် တွေကွဲ
ကားလား

ဆက်ပြီးတော့ ကြည့်တော့ ဖောက်ပြန်ပြီးတော့ ပျက်နေတဲ့ တရားတွေပေါ့ ဖ
ဖစ်ပျက်လို့ မဟာဘူးလား ကဲ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရား
လား ဆင်းရဲတဲ့ တရားလို့ အမှန်သိ နောင်တစ်ဖန် ဒီခန္ဓာမျိုး ရချင်သေး
ရဲ့လား လက်ရှိခန္ဓာ မတွယ်တာဘူးနော် နောင်ခန္ဓာ တောင့်တဦးမလား
မတောင့်တဘူး အဲဒီခန္ဓာက ဘယ်ပုံဘယ်နည်း ရှိတာလဲ စိစစ်ဖို့ မကောင်း
လား အနိစ္စ အနေနှင့် ရှိတာပေါ့ ဒုက္ခ အနေနှင့် ရှိတာပေါ့ အနတ္တ အနေနှင့်
ရှိတယ်

ကဲ ရူပက္ခန္ဓာ ဘယ်သဘော ရှိသလဲ
  ဝေဒနာက္ခန္ဓာ ဘယ်သဘော ရှိသလဲ
သညာက္ခန္ဓာ ဘယ်သဘော ရှိသလဲ
သင်္ခါရက္ခန္ဓာ ဘယ်သဘော ရှိသလဲ
ဝိညာဏက္ခန္ဓာ  ဘယ်သဘော ရှိသလဲ

ဤခန္ဓာငါးပါးက မြင်ပြီးရင်ပျက် ကြားပြီးရင်ပျက် နံပြီးရင်ပျက် စားပြီးရင်ပျ
က် ထိပြီးရင်ပျက် သိပြီးရင်ပျက် ဆိုတော့ ခန္ဓာငါးပါး တွေ့သလား  မရှိတာ
တွေ့သလား မရှိတာ တွေ့တယ်နော် မရှိဘူးဆိုရင် ဘယ်လိုစွဲမလဲ လူနတ်ဗြ
ဟ္မာ သတ္တဝါက အစကတည် လို့ မရှိတာနော်  စွဲစရာ လိုသေးရဲ့လား ရှိတ
ယ်ဆိုတဲ့ ခန္ဓာကဖြစ်ပြီး တော့မပျက်လား အစွဲခံရဲ့လား ဒီလိုဆိုရင် သက္ကာ
ယဒိဋ္ဌ ပြုတ်တာပေါ့  အဲဒါလိုရင်း အချက်တွေနော်

 မြတ်စွာဘုရားရှိတုန်းက အရှင်သာရိပုတ္တရာ ရှိတုန်းက တရားတစ်ပွဲ တစ်ပွဲ
မှာ သောင်းချီ သိန်းချီ ကျွတ်တမ်းဝင်တာပေါ့  လူအရိယာ နတ်အရိယာဇ

www.dhammadownload.com

တွ ဖြစ်ကြတာနော် စိစစ်ဖို့ မကောင်းလား အားရပါးရ ကြီးကွဲနော် အဲလိုဇ လ့်လာဖို့ မကောင်းလား အဲဒါလိုရင်းအချက် တွေကွဲ ကြားလား ဒါကြောင့် ခန္ဓာဖွဲ့ အလေ့အကျင့်လုပ် သစ္စာဖွဲ့ အလေ့အကျင့်လုပ်နော်။

မရဃေးတဲ့ ပုဂ္ဂိုလ် ရလေအောင် ရပြီးသား ပုဂ္ဂိုလ် လိုရင်းကိစ္စ ပြီးအောင် သစ္စာဖွဲ့

ဝေဒနာကွန္ဓာ
*ဝေဒနာကွန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လို ချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝေဒနာကွန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သညာကွန္ဓာ
*သညာကွန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချ င်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သညာကွန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သင်္ခါရကွန္ဓာ
*သင်္ခါရကွန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ အနေနှင့် လိုချ င်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* သင်္ခါရကွန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။

www.dhammadownload.com

* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ဝိညာဏက္ခန္ဓာ
*ဝိညာဏက္ခန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောကျ်ားမိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ဝိညာဏက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

ရူပက္ခန္ဓာ
*ရူပက္ခန္ဓာ တရားပေါ်မှာ ငါ သူတစ်ပါး ယောကျ်ားမိန်းမ အနေနှင့် လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။
* ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။
* ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။
*သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ။

သစ္စာလေးပါးသိမှ သောတာပန် သစ္စာလေးပါးသိမှ သကဒါဂါမ် သစ္စာလေးပါးသိမှ အနာဂါမ် သစ္စာလေးပါး သိမှ ရဟန္တာနော် သစ္စာလေးပါးကို မသိရင် သောတာပန် ဖြစ်ပါ့မလား သောတာပန် မဖြစ်ရင် ဘုရား ရဟန္တာ ဖြစ်ပါ့မလား သောတာပန်က စရတယ်နော်

သစ္စာလေးပါးကို မသိတာ (အဝိဇ္ဇာပါဘုရား) ခန္ဓာငါးပါးကို မသိတာ (အဝိဇ္ဇာပါဘုရား) ခန္ဓာငါးပါး တပါးပါးပေါ်မှာ လူ နတ် ဗြဟ္မာ သတ္တဝါ လို့ နလုံးသွင်းမှားတာ (အဝိဇ္ဇာပါဘုရား) နလုံးသွင်း မှားတော့ လိုချင်တာ ဘယ်သူလဲ (တဏှာပါဘုရား) မရရင် မနေဘူးလို့ စွဲလန်းတာ (ဥပါဒါန်ပါဘုရား) အ

www.dhammadownload.com

ဝိဇ္ဇာ တဏှာ ဥပါဒါန် ဤသုံးခု သစ္စာဖွဲ့တော့ဘာသစ္စာလဲ (သမုဒယ သစ္စာ ပါဘုရား)

လူလား သမုဒယ သစ္စာလား နတ်လား သမုဒယသစ္စာလား ဗြဟ္မာလား သမုဒယသစ္စာလား သားတွေ သမီးတွေလား သမုဒယသစ္စာလား သမုဒယသစ္စာ လို့အမှန်သိတာ သူငါလား မဂ္ဂသစ္စာလား ဘယ်မဂ်ကသိတာလဲ (သမာဓိမဂ်က သိတာပါဘုရား) ဘယ်လောက်များ ထင်ရှားလဲနော်

သမုဒယအကြောင်း ရှိသမျှ အကျိုးခန္ဓာ မပေါ်လား ပေါ်နေတာ လူလား ခန္ဓာငါးပါး လား နတ်လား ခန္ဓာငါးပါးလား ဗြဟ္မာလား ခန္ဓာငါးပါးလား သားတွေ သမီးတွေလား ခန္ဓာငါးပါးလား ဘယ်လောက်များ ထင်ရှားလဲနော်

ခန္ဓာရတဲ့ ပုဂ္ဂိုလ် ဟူသရွေ့ အိုနာသေ လွတ်ကဲ့လား ဘာသစ္စာလဲ လူချမ်းသာလား ဒုက္ခသစ္စာလား နတ်ချမ်းသာလား ဒုက္ခသစ္စာလား ဗြဟ္မာ ချမ်းသာလား ဒုက္ခသစ္စာလား ဒုက္ခသစ္စာ အမှန် ပိုင်းခြားသိ သမ္မာဒိဋ္ဌလို့ မဂဟာဘူးလား သမ္မာဒိဋ္ဌ အလင်းရောင်ပေါ်တော့ မိစ္ဆာဒိဋ္ဌ အမှောင်မပျောက်လား အလင်းရောင် ပေါ်တော့ အမှောင် ပျောက်တယ်နော်

ကဲတဏှာ လာသေးရဲ့လား ဥပါဒါန် လာသေးလား ကံလာသေးရဲ့လား ပဋိစ္စသမုပ္ပါဒ် သုံးမျိုးမပြတ်လား တဏှာ ပဋိစ္စ သမုပ္ပါဒ် ဥပါဒါန်ပဋိစ္စ သမုပ္ပါဒ် ကံပဋိစ္စ သမုပ္ပါဒ် သုံးမျိုး ပြတ်တယ်နော် နောက်ခန္ဓာ ဇာတ်မသိမ်းလား အဲဒါ ကိလေသဝဋ်ချုပ် ကမ္မဝဋ် ချုပ်တာပေါ့ နောက်ခန္ဓာ ဇာတ်သိမ်းတယ် □ ကားလား ကိလေသာ ချုပ်တာ နိဗ္ဗာန်နော် ခန္ဓာချုပ်တာ နိဗ္ဗာန်နော် အဲလိုစိစစ်ဖို့ မကောင်းလား ဤ နှစ်ခုချုပ်ဖို့ အဓိက အဲဒါလိုရင်း အချက်တွေကွဲနော်

www.dhammadownload.com

မကြားစဖူး ကြားဖူးထပ်မံ ရှေးထက်ကျော် ကာရီက ဇမ္ဗူဒီပါ တောင်ကျွန်း သြဘာနိမိတ်ထွန်း အဲဒီမှာ တောင်ကျွန်းမှာ ဇောတိကသူဌေး ဆိုတာရှိတယ်နော် ဘဝအဆက်ဆက်က အတုလကာရီ နဲ့ကြင်ယာဖက် ဖြစ်ပြီးတော့ လာခဲ့တာ ဘဝဆက်တိုင်း ဘဝဆက်တိုင်း သူတို့ အကြင်လင် မယားဘဲ ဖြစ်သွား ကြတယ်နော် အဲဒါသူတို့ နောက်ဆုံးဘဝ အနေနဲ့ မြောက်ကျွန်းမှာသွား ပဋိသန္ဓေ တည်တယ် အတုလကာရီကနော် သူဌေးက တောင်ကျွန်းမှာ ပဋိသန္ဓေ တည်တယ်

ရှင်ဘုရင်နဲ့ သူဌေးဆိုတာ အကြင်လင်မယား ကဲ့သို့နော် ကိုင်းကိုကျွန်းမှီကျွန်းကိုကိုင်းမှီပေါ့ ရှင်ဘုရင်လိုတဲ့ ပစ္စည်းဟူသရွေ့ သူဌေးက အကုန်လုံး အကူအညီ အထောက်အပံ့ ပေးတယ်နော် သူဌေးကလည်း ဇိမ်ကျကျ နေရတယ် ရှင်ဘုရင်က အစောင့် အရှောက်တွေ ထားတာကိုး ဇိမ်ကျကျ မနေရဘူးလား ဒါကြောင့် ရှင်ဘုရင်နဲ့ သူဌေးက အကြင်လင်မယား ကဲ့သို့နော် ကျွန်းကိုကိုင်းမှီ ကိုင်းကိုကျွန်းမှီ ပေါ့ ။

အဲလို ... အဲဒါ တစ်နေ့တဲ့ ကြတော့ခါ ဖူးစာနတ်က မြောက်ကျွန်းသူ အတုလကာရီ ကို တောင်ကျွန်း ပို့လိုက်တယ် ကြားလား တောင်ကျွန်းမှာ နေတဲ့ခါ စားသုံးဖို့ မြခနောက်က သုံးလုံး ရွှေအိုးက တစ်လုံး ဆန်က တစ်ကွမ်းစား အဲလို သူ့အိမ်က ဇောတိက အိမ်ကလည်း ဘယ်လက်သမားမှ ဆောက်တာ မဟုတ်ဘူးနော် ရှေးဘုန်းရှေးကံ ကြောင့် မြေကြီးထဲက အလိုလို ဇေပါက်တာ ဆောက်ပြီးသားလေ ဘုံခုနစ်ဆင့်ကြားလား အဲ အလိုလို ပေါက်တယ်ဆိုတော့ ထူးဆန်းတာပေါ့ ဟိုရွာက လာကြည့် ဒီရွာက လာကြည့် ဟိုမြို့က လာကြည့် ဒီမြို့က လာကြည့် မကြည့်ကြဘူးလား

www.dhammadownload.com

အဲဒီဝင်းထဲမှာလည်းဘဲ ရွှေအိုးတွေ ငွေအိုးတွေပေါ့ အကုန်လုံး ဘယ်ကျောက်တွင်းမှ မသွားဘူးနော် ရှေးဘုန်းရှေးကံကြောင့် ရွှေအိုးတွေ ငွေအိုးတွေပေါ့ သေခွန့်ဘာနဲ့ ခတ်ထားတာ မဟုတ်ဘူးကြားလား အဲဒါမြင်တဲ့ ပုဂ္ဂိုလ် စိတ်ဆန်းပြားတဲ့ ပုဂ္ဂိုလ် က ခုနစ်ဦး ပေါ့နော် တိုင်ပင်ပြီးတော့မှ ဆိုင်းထမ်းတံပိုးနဲ့ သူငယ်အိပ်စက် ဆိုတာ နေဝင်မိုးချုပ်ပေါ့ ညီအကို မသိတသိပေါ့နော် အဲဒါဝင်ပြီးတော့မှ ရွှေအိုးတွေကို ကြိုးတွေ တုတ်ချည်ပြီးတော့ ထမ်းကတော့တာပေါ့ ရွှေထမ်းကြတာနော်

တစ်ညလုံး အပေါက်ရှာလို့ မတွေ့ဘူးကြားလား အဝင်တုန်းကတော့ တွေ့တယ်နော် အပြန်တော့ ထွက်ပေါက်ရှာလို့ မတွေ့ဘူး အိမ်ဝင်းထဲမှာ မျက်စိလည် နေတော့တာ  တစ်ညလုံး ခရီးသွား နေရတာ ကြားလား မနက်ဖြန်လေးနာရီ ကြတော့ခါ သူဌေးကြီး အိပ်ယာထ တော့တာပေါ့ လေးနာရီခွဲမှာ နိုးလို့ မျက်နှာသစ် အဲဒါ မြင်တော့တာ ပေါ့နော် ဟာ ဧည့်သည်တွေ စောစောစီးစီး ရောက်နေပြီ ဧည့်သည်တွေ လို့ပြောတာပေါ့

အဲဒီတော့ သူခိုးတွေက ကျွန်ပ်တို့ ဧည့်သည်မဟုတ်ဘူးတဲ့ သူခိုးတဲ့ကြားလား အင်း ဘုန်းကြီး သာ ဆိုရင်တော့ သံယောင် လိုက်ပြီးတော့ ဧည့်သည်တွေလို့ ပြောလိုက်တော့မှာ ကြားလားဟဲ့ မှန်အောင် ပြောနိုင်တယ်ကွာ ဒီလူတွေ တော်ပေသဟ သူခိုးတွေတဲ့နော် မင်းတို့ အစိုးရဆီပို့မယ် မပြောရဘူးလား အတန်ငယ် စဉ်းစားတော့ မင်းတို့ အစိုးရဆီပို့တာ ကြိုက်သလား သူဌေးကြီးပေးတဲ့ အပြစ်ကို ခံယူမလား မမေးရဘူးလား အစိုးရမင်းဆီတော့ မပို့ပါနဲ့ သူဌေးမင်းရယ် သူဌေးကြီး ပေးတဲ့အပြစ်ကိုဘဲ ခံယူပါမယ်တဲ့နော် မင်းတို့ စဉ်းစားဦးပေါ့

ငါပေးမယ့် အပြစ်က အခြားမဟုတ်ဘူး ပေါ့နော် ငါးပါးသီလ မကြောင်မကား မကျိုးမပေါက်အောင် ထိန်းသိမ်းမယ် ဆိုရင် ရှိတဲ့အပြစ်ကို ခွင့်လွှတ်

www.dhammadownload.com

မှာပေါ့ ခံယူပါမယ် တဲ့ကြားလား အဲဒီခါ သူဌေးကြီးက ပါဏာတိပါတာ ဝေရ မဏီ သိက္ခာပဒံ သမာဒိယာမိ ။ ပါဏာတိပါတာ အစ သုရာမေရယ အဆုံး ထိ သူဌေးကြီးက တိုင်တန်းပေးတယ် ကြားလား ပေးလိုက်တဲ့ အခါကြေ တာ့ အကုန်လုံး သုရာမေရယ ကြတော့ အာမဘန္တေ လို့ဝန်မခံလား

လူသာမုခေါ် နတ်သာမုခေါ်နော် ငါးပါးသီလ မကြောင်မကြား မကျိုးမပေါ က်အောင် ထိန်းသိမ်းမယ်လို့ ဝန်ခံတယ် ကြားလား ကဲ အဲလိုဆိုရင် မင်းတို့ ခိုးပြီးသား ရွှေတွေကို မင်းတို့သုံးဖို့ ယူသွားကြ လို့ ခွင့်မပြုဘူးလား လူခုန စ်ယောက် ဆိုတော့ ခုနစ်ထမ်းပေါ့ ကွ နည်းပါတယ် ဆိုရင်တောင် ဆယ့်ငါး ပိသာ အနည်းဆုံးပေါ့ ကြားလားဟဲ့ ကဲငါးပါးသီလ ရွှေတစ်ထမ်းစီ ရသွား တာကွယ် အားရပါးရပေါ့ ငါးပါးသီလ အဖိုးမတန်ဘူးလား တန်သလား အဲ ဒါ သီလ အဖိုးတန်တာကို သိစေချင်တာကွဲ့ ကြားလား

ရွှေတစ်ထမ်း ရသွားတယ်နော် ကဲသီလလည်း သူတော်ကောင်း စိတ်ခါ တ်တွေ ဖြစ်မသွားဘူးလား ဘယ်လောက်များ အားရစရာ ကောင်းသလဲဗ နာ် ဇောတိက အိမ်ကလည်း ဘယ်လက်သမားမှ ဆောက်တာ မဟုတ် ဘုံ ခုနစ်ဆင့် ကြားလား ရှေးဘုန်းရှေးကံ ကြားလား ဒါဘုန်းကြီးက အလိုလို ဗ ပါက်တယ်ဆိုတာ မယုံပါဘူး မယုံဘူး မယုံဘူး လက်သမား မဆောက်ဘဲဗ တာ့ ဖြစ်မယ်လို့မထင် နောက်တော့ပြောဘူးတယ် တစ်ယောက်က ကြား လား နတ်ပြည်မှာ ရောက်တဲ့ နတ်သမီး နတ်သားတွေ လူ့ပြည်က ဒါနကုသို လ် သီလကုသိုလ် မလုပ်ကြ ဘူးလား အဲဒီ ကုသိုလ်ကြောင့် နတ်ပြည်မှာ န တ်ဗိမာန် တွေ မပေါက်လား ဘယ်လက်သမားပဲ့ မပါပါကားကွဲ့ ဗိမာန်တွေ မပေါက်လား

အခုလည်း အဲဒီကုသိုလ် ရှေးဘုန်းရှေးကံကြောင့် ဗိမာန် ပေါက်ရတာ နော် အဲဒါနဲ့ သူဌေးကြီးက မြတ်စွာဘုရား ကျောင်းတော် ကိုသွားပြီးတော့ ဥပုသ်

www.dhammadownload.com

ရက်ရှည် လေးဆယ့်ငါးရက် ဥပုသ်ကြီး စောင့်တာပေါ့ လေးဆယ့်ငါးရက် ဒ လေးဆယ့်ငါးရက် အခုလူတွေက ဝါဝင် ဆိုတစ်ခါ အကျွတ်မှာ တစ်ခါ အဖုံး နဲ့အပိတ်တဲ့ ကြားလား ဟာ အင်းအဲဒီလိုက ရှိသေးတာ ဝါတွင်းပြည့်အောင် က ရှားတယ်ကွဲနော် ရက်ပျက်တာတွေက မများဘူးလား များနေတာ ရက် ပျက်က စဉ်းစားဖို့ မကောင်းလား ဇော်တိက ဥပုသ် စောင့်တယ် ကြားလား

အဲဒါနဲ့ အဇာတသတ်က ရှင်ဘုရင် ဖြစ်တော့ တိုင်းခန်းလှည့်တာပေါ့ လှည့် တဲ့အခါ ဆင်တပ် မြင်းတပ်တွေ စစ်သည်ဗိုလ်ပါတွေနဲ့ သူဌေးအိမ်ဖက်က သွားတာကိုး သူဌေးအိမ်နား ရောက်တဲ့ခါ အတုလကာရီ ကလည်း ရှင်ဘုရ င်ကို မြင်ချင်တာပေါ့ ပြတင်းပေါက်က ဖွင့်အကြည့် ဟိုကလည်း ဆင်ပေါ် ကမော့ပြီးတော့ ကြည့်တာနော် အတုလကာရီနဲ့ ရှင်ဘုရင်နဲ့ မျက်နှာဆုံမိ တာ ရှင်ဘုရင်က နန်းတော်မှာရှိတဲ့ မိဖုရားကို မျောက်အိုလို့ သဘောထား တော့တာပေ့

နန်းတော်မှာရှိတဲ့ မိဖုရားကိုလေ အတုလကာရီက မြောက်ကျွန်းကိုး မြော က်ကျွန်းဆိုတော့ တောင်ကျွန်းထက် လှတာပေါ့ မျောက်အိုလို့ သဘော ထား တော့တာ နန်းတော်မှာ ရှိတာ ကြားလား အဲဒါ တပ်ခေါက်ပြီးတော့ ပြ နှံသွား ဟိုရောက်တော့ ခုနစ်ရက် စဉ်းစားတယ် အတုလကာရီ ကို သိမ်း ဖို့လေ မိဖုရား မြောက်မှာပေါ့ သူတစ်ယောက်တည်း သိမ်းလို့မဖြစ် သေး ဘူးပေါ့နော် ဇော်တိက သူဌေးမှာရှိတဲ့ ရွှေငွေ ကျောက်သံပတ္တမြား တွေကို တိုင်းပြည် ဘဏ္ဍာတော် အဖြစ်သိမ်းမယ် အတုလကာရီ တောင်ညာစံ မိဖုရား မြောက်မှာပေါ့ အဲ တစ်ခါ တပ်ချီပြီးတော့ လာတော့တာနော်

အဲဒီမှာ ဇော်တိက နံရံတွေက ပတ္တမြားရောင် ကတောက်တော့ခါ သူ့အရိပ် နဲ့သူ တစ်ခါတည်း လန့်ပြီးတော့မှ တပ်ခေါက်သွား တော့တာ ကြားလား သူ့အရိပ်နဲ့သူ လန့်သွား တော့တာနော် ပြန်မယ့်အတူ မြတ်စွာဘုရား ကျော

www.dhammadownload.com

ငးတော် ကပြန်မယ် မြတ်စွာဘုရား ကျောင်းတော် ကပြန်သွားတာပေါ့ ဘုရားကျောင်းတော် ရောက်တော့ခါ ဇောတိကသူဌေး နဲ့သွားတွေ့တယ် ကြားလား သူဌေးနဲ့ ရှင်ဘုရင်က လင်မယား ကဲ့သို့နော် အသင်မင်းကြီးတဲ့ ဘယ်ကိုသွားဖို့ ဘယ်ကိုလာဖို့လဲ နှုတ်မဆက်ဘူးလား အခြားမဟုတ်ပါဘူး သူဌေးမင်းရယ် သူဌေးမင်းမှာရှိတဲ့ ပစ္စည်းနဲ့ အတုလကာရီ ကိုအသိမ်းလာတာတဲ့ ကြားလား နားခါးတာပေါ့ကွဲ့ စဉ်းစားဖို့ မကောင်းလား

ဘယ်ပုံ ဘယ်နည်း နဲ့ သိမ်းမှာလဲလို့ မမေးရဘူးလား ရေမြေသနင်း ပြည့်ရှင်မင်း တဲ့ကြားလား ငါရေမြေ ဦးဆံ ပိုင်တယ်တဲ့ အဲ သိမ်းပုံ သိမ်းနည်း ပြောတာ ကောင်းလိုက်တာကွယ် သိမ်းပုံ သိမ်းနည်းက ကြားလား ပိုင်ရှင်အခွင့်မပြု ဘယ်ပစ္စည်းမှ မသိမ်းနိုင်ဘူး တဲ့နော် အဲဒါပိုင်ရှင် အခွင့်ပြု မပြုကိုစဉ်းစား တဲ့ကြားလား အတုကလကာရီ နဲ့ရှိ ပစ္စည်းကို အသာထား ကျွန်ုပ်လက်မှာဝတ်တဲ့ ပတ္တမြား လက်စွပ်ကို ချွတ်လို့ ယူနိုင်ရင် ရှိတဲ့ပစ္စည်းနဲ့ အတုလကာရီကို သိမ်းပါတဲ့နော် ဖလားနဲ့ ဆပ်ပြာနဲ့ ရေနဲ့ ထည့်ပေးလိုက်တယ် ြကားလား

အဲဒါ တစ်ကြိမ်ချွတ် မရ ချွေးပြန် နှစ်ကြိမ်ချွတ် မရဘူး ကြားလား သုံးကြိမ်ချွတ် အသင်ဟာ ရိုးရိုးချွေး မဟုတ်တော့ဘူးတဲ့ အသင် သေတော့မှာ တဲ့ြကားလား ကဲချွတ်လို့ ရလား ဘယ်လိုပဲ့ါ ချွတ်လို့ မရဘူးနော် အသင်မင်းြကီးတဲ့ သတိထားတဲ့နော် ကျွန်ုပ် အဓိဋ္ဌာန်ပြုမယ်တဲ့ ကျွန်ုပ်ပစ္စည်းမှန်ကလက်ကနေ မကိုင်ဘဲနဲ့ အလိုလို ကျွတ်ပါစေသတည်း ဆိုတော့ ကျွတ်ကျသွားတော့တာ ကဲသူ့ပစ္စည်း မမှန်ဘူးလား သိမ်းနိုင်ပဲ့ါမလား

အခုဘုန်းကြီးတို့ ဒကာ ဒကာမတို့ ခဏလေးသိမ်းနိုင်တာပါ သီလက တစ်ပါးပဲ့ါ မရှိဘဲကို ကြားလားဟဲ့ သီလပြည့်ရင်တော့ သိမ်းနိုင်ရဲ့လား အဲလို စဉ်းစားဖို့ မကောင်းလား အဲဒါနဲ့ အတန်ငယ် ကြာတော့ စဉ်းစားတယ် ဇ

www.dhammadownload.com

ဇာတိက သူဌေးက စဉ်းစားတယ် ငါတို့သူဌေးတို့ မည်သည်မှာ ရှင်ဘုရင်ကို ကိုးကွယ် အားထားရတာကိုး ကိုယ်အားကိုးတဲ့ ပုဂ္ဂိုလ်ဟာ ဒီလိုလုပ်တယ် ဆိုရင် လူ့ပြည်မှာနေလို့ မသင့်တော် ဘူးပေါ့ ကိုယ်အားကိုးတဲ့ ပုဂ္ဂိုလ်က ကိုယ့်ကို ဒီလို လူ့ပြည်မှာ နေလို့ မသင့်တော်ဘူး ငါသာသနာ့ဘောင် တက်မယ်

အသင်မင်းကြီး ကျွန်ဆယ်ပါးမှာ တစ်ပါး အပါအဝင် ကျွန်ုပ်က ကျွန်ဆယ် ပါးထဲမှာ တစ်ပါး အပါအဝင် အသင်မင်းကြီးက ခွင့်ပြုမယ်ဆိုရင် အခု သာသနာ့ဘောင် တက်မယ် ခွင့်ပြုတယ်တဲ့ ကြားလား အခွင့်ပြုမှာပေါ့ သူ့ကြင် ယာဖက် အတုလကာရီ လိုချင်တာကိုး အခွင့်ပြုတာပေါ့ အဲဒါနဲ့ ခွင့်ပြုတာ သင်္ဘန်းမဝတ် ဘူးလားဟေ့ သင်္ဘန်းဝတ် တော့တာနော် အဲလိုသင်္ဘန်းဝ တ်ပြီး တော့မှခန္ဓာတို့ အာယတနတို့ ဓါတ်တို့ သစ္စာတို့ ပဋိစ္စ သမုပ္ပါဒ် တ ရားတွေ မသင်ရဘူးလား သင်လို့တတ်ပြီ ဆိုတဲ့ခါ ကျကျနန ဘုရားရှင် ကို ယ်တော်မြတ်က သူဌေး အသင်သူဌေးမင်းတဲ့

ဒကာကြီးတဲ့ ဝိဇ္ဇာမျက်မှန်ကို တပ်ပြီးတော့ အကြည့်မခိုင်း ရဘူးလား အတု လကာရီ ဆိုလို့ ဝိဇ္ဇာမျက်မှန် တပ်ကြည့် အတုလကာရီ ကိုမြင်တာလား အ ဆင်းကို မြင်တာလား အတုလကာရီ ထင်လို့ လက်နဲ့ပုတ်ကြည့် အတုလ ကာရီ တွေ့သလား အသံလား အတုလကာရီ ထင်လို့ နမ်းကြည့် ခိုင်းလို့ မ နမ်းရဘူးလား အတုလကာရီ လား အနံ့လား အတုလကာရီ ထင်လို့ လျှာ လေးနဲ့ လျက်ကြည့်လို့ မခိုင်းလား အတုလကာရီ တွေ့သလား ရသာမါတ် တွေ့သလား

ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ဆံဖျားကခြေဖျား ခြေဖျားကဆံဖျား အနုလုံ ပ ဋ္ဌိလုံ အဲသလိုလက်နဲ့ ကိုင်စမ်းကြည့် အတုလကာရီတွေ့မလား ပူတာအေး တာ တွေ့မလား ပူတာက ဉဏ္ဍတေဇော အေးတာက သီတတေဇော ပေါ့ ပူ

www.dhammadownload.com

တယ်အေးတယ်လို့သိတာ သူငါလား ကာယဝိညာဏ်လား သူကနာမ်
တရား မရလား ပူတာအေးတာက ရုပ်တရားမရလား နာမ်ရုပ်နှစ်ပါးပေါ့

အတုလကာရီလား နာမ်နှင့်ရုပ်လား  ကဲနာမ်ရုပ်ဘဲ တွေ့တယ်နော် အဲဒီနာ
မ်ရုပ် တရား နှစ်ပါးပေါ်မှာ ဌာနူပစာရ အားဖြင့် တင်စားပြီးတော့ အတုလ
ကာရီ လို့ မခေါ်ဘူးလား အတုလကာရီ လို့ မသမုတ်ဘူးလား လူလို့ မသမု
တ်ကြဘူးလား  နတ်လို့ မသမုတ်ဘူးလား  ဗြဟ္မာလို့ မခေါ်ကြ ဘူးလား မ
သမုတ် လည်းရှိ သမုတ် လည်းရှိ နာမ်နဲ့ရုပ် ပေါ့ အဲလိုလေ့လာဖို့ မကောင်း
လား  ကဲလူတွေ တွေ့သေးရဲ့လား အတုလကာရီ ကားတွေ့သေးလား မ
တွေ့ရင် ရှိလို့လား မရှိလို့လား မရှိရင် ဘယ်လိုစွဲမလဲ ဒိဋ္ဌိမပြုတ်လား ဝိစိကိ
စ္ဆာ မချုပ်လား ဆက်ပြီးတော့ ကြိုးစား

ရူပက္ခန္ဓာ ကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား ဝေဒနာ ခံစားပြီးတော့ မ
ပျက်လား  ကိုင်း ဖြစ်ပျက်လို့ မဟောဘူးလား ဘာသစ္စာလဲ ချမ်းသာတဲ့
တရားလား ဆင်းရဲတဲ့ တရားလား ဆင်းရဲတယ်လို့ အမှန်ပိုင်းခြားသိ သမ္မာ
ဒိဋ္ဌိ လို့ မဟောဘူးလား ကဲတဏှာ လာသေးရဲ့လား ဥပါဒါန် လာသေး
ရဲ့လား အာသဝအနေနဲ့ ကာမာသဝနဲ့ ဘဝါသဝ မချုပ်လား ရှေ့ပိုင်းက နာ
မ်ရုပ်ကို သိတော့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ မချုပ်လား အနိစ္စ လက္ခဏာ ဒုက္ခ
သစ္စာ ဒုက္ခ လက္ခဏာ ဒုက္ခသစ္စာ  အနတ္တ လက္ခဏာ ဒုက္ခသစ္စာ သိတော့
ကဲ ကာမာသဝနဲ့ ဘဝါသဝ မချုပ် ဘူးလား အာသဝေါ တရားလေးပါး မကု
နလား သမုဒယသစ္စာ မသေလား နောက်ခန္ဓာ ဇာတ်မသိမ်းလား နိရောဓ
သစ္စာ

အဲဒီမှာ သူဌေးကြီး သောတာပန် သကဒါဂါမ် အနာဂါမ် တည်သွားတယ် □
ကားလား အဇာတသတ်က အတုလကာရီ နဲ့ ရှိပစ္စည်းကို အသိမ်းသွား ေ
တာ့တာနော် ဖူးစာ နတ်တွေက မြောက်ကျွန်း ပို့လိုက်တော့ တာကွဲ့ ရွှေ

www.dhammadownload.com

တွင်ငေတွေ ပတ္တမြားအိုးတွေကလည်း မီးထဲအကုန် ဝင်တော့တာနော် ဘုံနန်းပြဿာဒ် အဆောက်အဦ ကလည်း မြစ်ထဲဝင် သွားတော့တာ ကဲ ဗလာနတ္ထိ သိမ်းလို့ရ ရဲ့လားဟဲ့ နန်းတော်ပြန် သွားတော့တာနော်

နန်းတော်ရောက် သူမွေးတဲ့ ကလေးလေး က အခါလည်လေး မပြည့်တတ် ပြည့်တတ် ပေါ့ ပွေ့ပြီးတော့မှ နမ်းနေတာပေါ့ ပွေ့နမ်းနေတဲ့ခါ မယ်တော်ကြီး ဖြစ်တဲ့ဟာက ငါ့သား အဲသလောက်ပါ့ ချစ်သလား ကိုယ့်ရင်သွေး ရင်သားကို ဘယ့်နယ်မချစ်ဘဲ နေမလဲ မင့်ချစ်တာ သာမန်ပါ တဲ့ကြားလား မင့်ဖခမည်းတော် ချစ်တာ မင့်လက်ညှိုးမှာ အမာရွက် ကို ကြည့်စမ်းလို့ မခိုင်းရဘူးလား အသားမာပေါက်တာ တငိုထဲ ငိုနေတာတဲ့ ကြားလား အဲဒါနဲ့ ငိုလွန်းအားကြီးလို့ လက်ညှိုးကို မင်းဖခမည်းတော် က ငုံထားတာ တဲ့နော် ငုံလို့ကာတဲ့ခါ အိပ်ပျော်သွား တော့တာကိုး ပြည်ကပါးစပ်ထဲမှာ ပေါက်တော့တာ ထွေးပစ်မယ်ဆို နိုးမှာစိုးလို့ မထွေးစကြောင့်ဘူး ပြည်ကို မျိုလိုက်ရတယ် ကြားလား မင့်အပေါ်မှာ အဲဒီလောက် ချစ်တာ

အဲလိုပြောတော့ခါ ထောင်သွင်း အကျဉ်းထားတာ လွတ်စေလို့ အမိန့်ချလိုက်တာ ကြားလား ဟိုမှာသေပြီးပြီ အမိန့်ချလိုက်တာ က နောက်ကျနေပြီ ဇသပြီးပြီ ကြားလား စိစစ်ဖို့ မကောင်းလား ကဲမိဘသတ်တဲ့ ကံတွေမထိုက်ပေဘူးလား အပါယ် သွားတော့မှာ အဇာတသတ် လေ ဒေဝဒတ် ကလည်း သွားတော့မှာနော် အဲလို ဘုရားပေါ်မှာ မှားတာလည်း မရှိဘူးလား ဟိုက မိဘ အပေါ်မှာ မှားတာ မရှိဘူးလား အဲ အဲဒီခါ မှားမှန်းသိတော့ မြတ်စွာဘုရားကို ကန်တော့ ကြတာပေါ့

ကန်တော့ တောင်းပန်တဲ့ခါ သဇ္ဇ သတ္တာ ကမ္မသကာ ငါက မေတ္တာပို့ဦးတော့ မင်းတို့ပြုတဲ့ ကံက လွဲ၍ ငါဘုရား မတတ်နိုင် ဘူးနော် မှားမှန်းသိလို့ ကန်တော့တာ အဲဒီ ကုသိုလ်ကံကြောင့် ငရဲက ကျွတ်တဲ့ခါ ပစ္စေကဗုဒ္ဓါ

www.dhammadownload.com

ဘုရားဖြစ်မယ် ဘုရားငယ်ဖြစ်မယ် ကြားလား အဇာတသတ် ဒေဝဒတ်တို့ ဗျာဒိတ် ရ ပြီးပြီနော် ။

ခု တရားနာ ပရိသတ် ဘုန်းကြီးတို့က မရသေးဘူး ဟိုက သူတို့က ဗျာဒိတ် ရ ပြီးပြီ ကြားလား ငရဲက ကျွတ်ခါ ပစ္စေကဗုဒ္ဓါ ဖြစ်မယ် ဘယ်လောက်များ အားရစရာ ကောင်းသလည်းနော် အဲလို စိစစ်ဖို့ မကောင်းလား အဲဒါလိုရင်း အချက်တွေ ကွဲ့ ကြားလား ဒီလိုလေ့လာဖို့ မကောင်းလားဗျား ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်နော်။

ကဲ ထိဆဲခန္ဓာ က ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) သိတာက (မဂ္ဂသစ္စာပါဘုရား) သေတာက (သမုဒယ သစ္စာ ပါဘုရား) နောက်ခန္ဓာ မလာတာက (နိရောဓ သစ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ (လေးကွက်ရှိ ပါတယ်ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား) ငါးလေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ် သည် သံသရာမှ လွတ်ကြောင်းတည်း)

ရေစက်ချ အမျှဝေ

ဘန္တေ အရှင်ဘုရား ။ မယံ တပည့်တော် တပည့်တော်မတို့သည် ။ ရာဂါဒီဟိ ရာဂ အစရှိကုန်သော။ ဇောဒသဂ္ဂိဟိ တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့် ။ ပတိပီဠိတံ အလွန်အကဲ ညှင်းဆဲ၍ နေထသော ။ သံသာရဘယံ ခြားရဟတ်ပမာ ချာချာပတ်၍ တဖြစ်တည်း ဖြစ်၍ နေသော သံသရာ ဘေးကြီးကို ။ အဘိဘာယိတ္တာ အလွန်တရာ ကြောက်ရွံ့ကြကုန်သည် ဖြစ်၍ ။ တတော ထိုသံသရာ ဘေးကြီးမှ ။ မုတ္တာ ကင်းလွတ်ကြကုန်သည် ။ ဟုတ္တာ ဖြစ်၍။ နိဗ္ဗာနံ နိဗ္ဗာန် ချမ်းသာမြတ်ကြီးကို။ သစ္ဆိကရဏတ္ထာယ မကြာမတင် ဆောလျင် ကူးမြောက် အပေါက်ရောက်၍ မျက်မှောက် ပြုရပါခြင်း အကျိုးငှာ။

www.dhammadownload.com

ဉာဏစက္ခုနာ ဉာဏ်ပညာ စက္ခုဖြင့် ။ ဂဝေသန္တော ငါဘုရား ရှာမှီးခဲ့သည် ရှိသော်။ ဘိက္ခဝေ သံသရာ ဘေးဘယ တွေးဆ ရှုမျှော် အို သူတော်ကောင်း အပေါင်းတို့။ ပုညံ ကောင်းမှု ကုသိုလ် ဟူသမျှသည်။ သုခံ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ။ ဇနေတိ ဖြစ်စေတတ်၏။ ဣတိ ဤသို့ ။ဝုတ္တာ သုံးလူ့ဆရာ စောသတ္တာသည် ဟောကြားအပ်သော စကားရပ်ကို။ မနသိကတွာ နှလုံး နှစ်ခြိုက် ပိုက်မိကြကုန်သည် ဖြစ်၍။ တိသရဏေန သရဏဂုမ် သုံးပါးနှင့် ။ သဟ တက္ခ။ အဌင်္ဂ သီလာနိ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော သီလတရားတော်မြတ်ကြီးကို။ သမာဒိယိတွာ ဂဏှိတွာ ကောင်းစွာ ခံယူ ဆောက်တည်ကြကုန်ပြီး၍ ။ ကတာနိ ပြုပြင်အပ်ကုန်သော။ ဒါတဗ္ဗာနိ ပေးလှူအပ်ကုန်သော။ ဝတ္ထူနိ စ  ခုနစ်ရက် ရှစ်ရက် တိုင်တိုင် ဆွမ်းခဲဖွယ် ဓ ဘာဇဉ် သင်္ဘန်း အစရှိသော လှူဖွယ် ဝတ္ထု အစုစုတို့ကို ။ သာသနဿ စ သာသနာတော်ကြီး ၏ ထောက်ရာ တည်ရာ ဖြစ်စေခြင်းငှာလည်းကောင်း။ သာသနဿ စ သာသနာတော်ကြီး ပြန့်ပွားစေခြင်း အကျိုးငှာ လည်းကောင်း။ မယံ ဘုရား တပည့်တော် တပည့်တော်မတို့သည်။ ဒေမ သဒ္ဓါ ရွှင်လန်းဆည်းကပ်ခြင်းဖြင့် လှူဒါန်းပါ၏။ ပူဇေမ ကပ်လှူ ပူဇော်ပါ၏ အရှင်မြတ် ဘုရား။

ဘန္တေ အရှင်ဘုရား ။ မယံ တပည့်တော် တပည့်တော်မတို့သည် ။ ဣမိနာ ဒါနပုညေန ဤကဲ့သို့ လှူဒါန်းကြရသော ဒါန ကုသိုလ်ကံ စေတနာတို့ကြောင့် လည်းကောင်း။ ဣမိနာ သီလပုညေန ဤကဲ့သို့ ဆောက်တည်ကြရသော သီလ ကုသိုလ်ကံ စေတနာတို့ကြောင့် လည်းကောင်း။ အညေဟိ တစ်ပါးကုန်သော။ ပုညေဟိ စ အနမတဂ္ဂ သံသရာမှ စ ယခုဘဝထိ ရောက်ဓ အာဉ ပြုလုပ် ဆည်းပူးအပ်သော ကုသိုလ်ကံ စေတနာ တို့ကြောင့်လည်းဓ ကောင်း။ မယံ တပည့်တော် တပည့်တော်မတို့သည်။ အဇာတိ ပဋိသန္ဓေ

www.dhammadownload.com

မနေရာ စင်စစ် ဖြစ်သော။ အဇရံ မအိုရာ စင်စစ် ဖြစ်သော။ သိဝံ ဇာတိ ဇရာ ဗျာဓိ မရဏ စသည် ထောင်သောင်း ဘေးအပေါင်းတို့၏ ကောင်းကြ ကောင်းကြီး ငြိမ်းချမ်းရာ ဖြစ်သော နိဗ္ဗာန် ချမ်းသာမြတ်ကြီးကို။ ကျွစ္ဆိတဝရေန အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်း နှင့်။ သစ္ဆိကရေယျာမ မငြိုမငြင်  ဆောလျင် ကူးမြောက် အပေါက်ရောက်၍ မျက်မှောက် ပြုရပါလို၏ အရှင်မြတ် ဘုရား။

ဘန္တေ အရှင်ဘုရား ။ မယံ တပည့်တော် တပည့်တော်မတို့သည် ။ ကျွမသ ပုညဘာဂသ ယနေ့ ယခု ပြုလုပ်ရတဲ့ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဆိုသည့်အတိုင်း ဓမ္မဒါန ကုသိုလ်ရဲ့ အဖို့ဘာဂကို။ မာတာပိတူန္စ မိခင် ဖခင်တို့အား လည်းကောင်း။ အာစရိယာန္စ ဆရာသမားတို့ အား လည်းကောင်း။ ကျွမာသံ ပရိသာန္စ တရားနာအစည်းဝေး သို့ကြွရောက် လာကြကုန်သော တရားနာပရိသတ် တို့အားဌင်း ရေမြေသနင်း ပြည့်ရှင်မင်း တို့အားဌင်း  ငရဲသနင်း ယမမင်းတို့အားဌင်း ကိုယ်စောင့်နတ် အိမ်စောင့်နတ် ကျောင်းစောင့်နတ်  ဓမ္မာရုံစောင့်နတ်  ဘုမ္မစိုးနတ် ရုက္ခစိုးနတ် အာကာသစိုးနတ် ဇတာစောင့်နတ် တောင်စောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် သာသနာတော်စောင့်နတ် စတုလောကပါလ နတ်မင်းကြီးမှစ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား ဘာဇေယျာမ ရေစက်သွန်းချ အမျှပေးဝေပါကုန်၏  ရေစက်သွန်းချ အမျှပေးဝေပါကုန်၏ အမှေဟိ အကျွန်ုပ်တို့နှင့် သမံ လဘန္တု ညီညာဖျဖျ ရကြပါစေသတည်း။

သုခိတာ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ ရှိကြကုန်သည်။ မုဒိတာ ပီတိမောက်လွှမ်း၍ ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်။ ဘဝန္တု ဖြစ်ကြပါစေကုန်သတည်း။

www.dhammadownload.com

ယနေ့ ယခု ပြုလုပ်ရတဲ့ ကုသိုလ်ရဲ့ အဖို့ဘာဂကို လူနတ်ဗြဟ္မာ သတ္တဝါ
အပေါင်းတို့၏ ချမ်းသာစေခြင်း ငှာ
ကုသိုလ် အမျှပေးဝေကြပါစို့

ကုသိုလ် ....
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု ။

ကုသိုလ် ....
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု ။

ကုသိုလ် ....
အမျှ....အမျှ....အမျှ...ယူတော်မူကြပါကုန်လော့...
သာဓု...သာဓု...သာဓု ။

www.dhammadownload.com

www.dhammadownload.com